၂၀၁၉ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းနည်းဥပဒေ

(ရောဝတီတိုင်းဒေသကြီးလွှတ်တော်

နည်းဥပဒေအမှတ်-၁/၂၀၁၉)

မာတိကာ

က

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း (၁)	
၁။	အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	၁
	အခန်း (၂)	
၂။	အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၄
	အခန်း(၃)	
၃။	နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၂
	အခန်း (၄)	
၄။	တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၆
	အခန်း(၅)	
၅။	ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၂၄
	အခန်း(၆)	
၆။	နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း	၂၉
	အခန်း(၇)	
၇။	မိတ္တူမှန် လျှောက်ထားခြင်း	၃၀
	အခန်း(၈)	
၈။	အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ	၃၁
	အခန်း(၉)	
၉။	တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ	၃၇
	အခန်း(၁၀)	
၁၀။	ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ	၃၉

မာတိကာ

ခ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း(၁၁)	
၁၁။	ဝန်ကြီး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၄၀
	အခန်း(၁၂)	
၁၂။	တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၄၁
	အခန်း(၁၃) (က)	
၁၃။	ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပယ်ဖျက်ခြင်း	၄၄
	အခန်း(၁၃) (ခ)	
၁၄။	ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်များနှင့် ကော်မတီဝင်များ၏ တာဝန်များ	၄၇
	အခန်း (၁၃) (ဂ)	
၁၅။	မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် တာဝန်များ	၄၉
	အခန်း (၁၄)	
၁၆။	ပြန်အမ်းငွေလျှော့ကော်ထားခြင်း၊ ထုတ်ပေးခြင်း	၅၂
	အခန်း(၁၅)	
၁၇။	ကြွေးကျန်များ ကောက်ခံခြင်း	၅၄
	အခန်း(၁၆)	
၁၈။	စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူခြင်း	၅၇
	အခန်း(၁၇)	
၁၉။	အထွေထွေ	၅၈

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးသည် ၂၀၁၈ခုနှစ်၊ ရေဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ (၇၈) ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)

အမည် နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ရေဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၈ခုနှစ်၊ ရေဝတီ တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ ၂၀၁၈ခုနှစ်၊ ရေဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကိုဆို သည်။

(ခ) **အခိုင်အမာအတားအဆီး** ဆိုသည်မှာ သဘာဝအလျောက် ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချိုငါးလုပ်ငန်းရေပြင်တွင် ရေစီး

ရေလာ အဟန့်အတားဖြစ်စေရန် လူတို့က အခိုင်အမာပြုလုပ်ထားသော အတားအဆီးတစ်ခုခုကို ဆိုသည်။

(ဂ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသောပုံစံကို ဆိုသည်။

(ဃ) **ဂရန်ပိုင်ရေနက်ကွင်း** ဆိုသည်မှာ ၁၉၉၁ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေ အတည်မပြုမီကာလ အင်းအိုင်ဇရိယာ နယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်နိမိတ်အတွင်းရှိ ရေပြင်များကို ဆိုသည်။ (သို့ရာတွင် ဂရန်ပိုင်ရေနက်ကွင်းမှအပ ဦးပိုင်ရှိသော အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်မြေယာ၊ မြေဥယျာဉ်ခြံမြေတို့ အကျုံးမဝင်ပါ။)

(င) **ရေလုပ်သားမှတ်ပုံတင်** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်နေသူများအား အသိအမှတ်ပြု ထုတ်ပေးထားသော လက်မှတ်ကို ဆိုသည်။

(စ) **ငါးဖမ်းဆည်** ဆိုသည်မှာ ငါးဖမ်းဆီးရန်အလို့ငှာ ငါးမထွက်စေရန် ယင်းများ၊ ပိုက်များ၊ သံဇကာများနှင့် မြေသားများဖြင့် ကာရံ ဆောင်ရွက်ထားရှိသော ကိရိယာကို ဆိုသည်။

(ဆ) **မြင်းဝန်းဆည်** သို့မဟုတ် လျှောဆည် ဆိုသည်မှာ ရေစီးအားနှင့် အတူပါလာသော ငါးများအား ယင်းပေါ်တွင် တင်ကျန်စေရန် ကာရံ စီမံထားရှိသည့် ငါးဖမ်းသည့် ကိရိယာကို ဆိုသည်။

(ဇ) **လက်ဆည်** ဆိုသည်မှာ လက်ဖြင့် မြေသားများကို ဆယ်ယူ၍ တမံ ပြုလုပ်ထားသော ဆည်တန်းကို ဆိုသည်။

(ဈ) **အဝချုပ်ဆည်** ဆိုသည်မှာ ငါးများကို ထွက်ပေါက်နေရာတစ်ခုတွင် စုစေပြီး ယင်းနေရာတွင် ငါးဖမ်းဆီးရသော ကိရိယာတစ်ခု တပ်ဆင်ထားသည့် ဆည်တန်းကို ဆိုသည်။

(ည) **တောချဆည်** ဆိုသည်မှာ မိုးကုန်သည့်အခါ၌ဖြစ်စေ၊ ရေဆုတ်ယုတ်သည့်အခါ၌ဖြစ်စေ၊ အိုင်မ၊ ချောင်းမြောင်းများ

သို့ဆင်းသော ငါးများကိုဖမ်းရန် ဝန်းများ၊ ထောင်ချောက်များပါသည့် ဆည်တန်းများကို ဆိုသည်။ (အထက်ကဖြစ်စေ ချထားသော လိုအပ်သည့် ကတစ်ဆည်၊ အချုပ်ဆည်၊ လျှောဆည်၊ သမန်ဦးဆည် မည်သည့်အမည်နှင့်မဆို ခေါ်ဝေါ်သည့်ဆည်များလည်း ပါဝင်သည်။)

(ဋ) **အကယ်ဆည်** ဆိုသည်မှာ ငါးများကို ဖမ်းဆီးရန်အတွက် မြေသားဖြင့်ဖြစ်စေ၊ ယင်းများ၊ ပိုက်များ၊ သံဇကာများဖြင့်ဖြစ်စေ ပြုလုပ်ကာရံထားသော ဆည်တန်းကို ဆိုသည်။

(ဌ) **ယင်း** ဆိုသည်မှာ ဝါးကိုဖြစ်စေ၊ အခြားပစ္စည်းများကိုဖြစ်စေ ကြိုးဖြင့် စနစ်တကျသီကာ ရေများထွက်ရှိစေနိုင်ပြီး၊ ငါးများ မထွက်စေရန် ကာရံအသုံးပြုသော ကိရိယာကို ဆိုသည်။

(ဍ) **ကျားပိုက်** ဆိုသည်မှာ ကျားပါးစပ်ပုံစံ အပေါက်ဝရှိသော ပိုက်အိတ်ပါသည့် ငါးဖမ်းကိရိယာကို ဆိုသည်။

(ဎ) **ဂျမ်း** ဆိုသည်မှာ ငါးများအား ယင်းများ၊ ပိုက်များဖြင့် ရွှေ့လျားစေကာ အောက်ခြေကြမ်းပြင်မှ သိမ်းကြုံးဆွဲယူဖမ်းဆီးသော ငါးဖမ်းနည်းစနစ်ကို ဆိုသည်။

(ဏ) **ဘဝန်း** ဆိုသည်မှာ မြစ်၊ ချောင်း၊ ကမ်းခြေတစ်လျှောက် သောင်ခုံများတွင် ရေတက်ချိန်၌ ပိုက် သို့မဟုတ် ယင်းကို စိုက်ထူကာရံထား၍ ရေကျချိန်တွင် ဖမ်းဆီးရသော ငါးဖမ်းကိရိယာကို ဆိုသည်။

(တ) **ကတက်တုံ** ဆိုသည်မှာ မြေသားတမံ တစ်ဖက်တစ်ချက်ကို ယင်း သို့မဟုတ် ဝါး စသည်တို့ဖြင့် ထိန်းထားသော ဆည်တန်းကို ဆိုသည်။

(ထ) **ငါးအထိအမိအခြေအနေ** ဆိုသည်မှာ ဂရန်အင်း၊ တင်ဒါချက်နှင့် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်တို့တွင် ငါးဖမ်းဆီးရမိမှုအခြေအနေကို ဆိုသည်။

(ဒ) **ငါးရစ်** ဆိုသည်မှာ ငါးများမျိုးပွားသည့်ရာသီတွင် မိတ်လိုက် ငါးသားပေါက်ရန် နေရာရှာနေသော ငါးထီး၊ ငါးမကို ဆိုသည်။

(ဓ) **ငါးသန်** ဆိုသည်မှာ သက်ကြီးကောင်အဆင့်သို့ မရောက်ရှိ သေးသော ပေါက်ဖွားပြီးခါစ သုံးလသားအရွယ်အောက် ငါး သားပေါက်ငယ်လေးများကို ဆိုသည်။

(န) **သုတေသနလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းများ ရေရှည် တည်တံ့နိုင်ရေးနှင့် နိုင်ငံတကာ ငါးလုပ်ငန်းများနှင့်အညီ ဖွံ့ဖြိုး တိုးတက်စေရေးတို့အတွက် စူးစမ်းလေ့လာခြင်း၊ လက်တွေ့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ စမ်းသပ်ခြင်း၊ မွေးမြူသားဖောက် ခြင်း၊ မှတ်တမ်းပြုစု ထိန်းသိမ်းထားရှိခြင်းနှင့် စာတမ်း ရေးသား ဖြန့်ဝေထုတ်ပြန်ခြင်းတို့ကို ဆိုသည်။

(ပ) **ဆည်၊ တာတမံ** ဆိုသည်မှာ ဆည်မြောင်းဦးစီးဌာနက ရေအသုံး ချရန်အလို့ငှာ ရေလှောင်ဆည်ကြီးများ၊ တာတမံများဖြင့် ပိတ် ဆို့ကာရံ တားဆီးဆောင်ရွက်သည့် အရာများကိုသာ ဆိုသည်။

အခန်း(၂)

အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို နှစ်စဉ် မတ်လ၊ ၁ ရက်မှ ဇူလိုင်လ၊ ၃၁ ရက်အတွင်း ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် လေလံတင် ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်-

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) ဂရန်အင်းတည်ရှိရာမြို့နယ်၏
မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်

(၃) တိုင်းဦးစီးဌာနမှူးမှ တာဝန်
ပေးအပ်ခြင်းခံရသည့်ဝန်ထမ်း ၁ ဦး အဖွဲ့ဝင်

(ခ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းထားသော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၅။ ဂရန်အင်း လေလံတင်ရောင်းချရေးအဖွဲ့သည်-

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများကို အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့် အင်းလုပ်ငန်းတစ်ရာသီ အချိန်ကာလအတွက် (ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က ဂရန်အင်းများ) လေလံတင်ရောင်းချမည့် အစီအစဉ်နှင့် စည်းကမ်းချက်များရေးဆွဲပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူးမှ ဝန်ကြီးထံတင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အတည်ပြုချက်ရရှိပါက ဂရန်အင်း လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ ပုံစံ(၁) (လေလံကြော်ငြာ)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။ ထိုသို့ ကြေညာရာတွင် ဝန်ကြီးထံ အတည်ပြုချက်ရယူထားသော လေလံစည်းကမ်းချက်များကို မပျက်မကွက် ထည့်သွင်းကြေညာရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချပါက ဂရန်အင်း လေလံတင် ရောင်းချမည့်ရက်မတိုင်မီ အနည်းဆုံး ၇ ရက်ကြိုတင်၍ ပုံစံ(၁) (လေလံကြော်ငြာ) ဖြင့် မြို့နယ်အတွင်း ကြေညာရမည်-

(၁) လေလံဆွဲဝယ်မည့်သူ မရှိခြင်း၊

(၂) ကြမ်းခင်းဈေး မပြည့်မီခြင်း၊

(၃) တိုင်းဒေသကြီး၏အကျိုးအတွက် ဖြစ်ခြင်း။

၆။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် ဂရန်အင်း လေလံ ဆွဲဝယ်ခွင့်လက်မှတ် ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ပုံစံ(၂) (ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ) တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံ လေလံရက် မတိုင်မီ ၂ ရက်အလို၌ နောက်ဆုံးထား၍ လျှောက် ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် ပုံစံ(၂)(လျှောက်လွှာ)လက်ခံရရှိသည့်အခါ အောက်ပါအချက်အလက်များနှင့် ညီညွတ်ခြင်း ရှိ/ မရှိ စိစစ်ရမည်-

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူ မဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃နှစ်အတွင်း ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူ မဟုတ်ခြင်း၊

(ဂ) ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန် အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် ဆွဲဝယ်မည့်ဂရန် အင်း၏ ယခင်နှစ် အင်းခွန်ဈေးနှုန်းကို ဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်ပေးသွင်းပြီးခြင်း၊

(ဃ) ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေချနေထိုင်သူ ဖြစ်ခြင်း။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ (၇) အရ စိစစ်ပြီးနောက် ၁ ရက် ကြိုတင်၍ ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးရန် သင့်/ မသင့်၊ မိမိ၏သဘောထားမှတ်ချက်များနှင့်အတူ ပုံစံ(၂)များကို ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၉။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ (၈) အရ တင်ပြလာသော လျှောက် လွှာများကို စိစစ်၍-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ပုံစံ(၃) (ဂရန်အင်းလေလံ ဆွဲဝယ်ခွင့်လက်မှတ်) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ပုံစံ(၃) (ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်)ကို လေလံပွဲမစမီ ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ရရှိသူသည်-

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့် ရှိသည်။

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဝင်ရောက်ဆွဲ ဝယ်မှု မရှိလျှင်သော်လည်းကောင်း၊ ဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့သို့ သတ်မှတ်သည့် လေလံကြေးငွေများကို တင်ပြမှုမရှိလျှင်သော်လည်းကောင်း အဆိုပါနှစ်မှတစ်ဆက် တည်း ၃ နှစ်အတွင်း ဂရန်အင်း လေလံဆွဲဝယ်ခွင့်ကို ပိတ်ပင် ခြင်းခံရမည်။

၁၂။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်း လေလံတင် ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ ဂရန်အင်းတစ်ခုစီ အတွက် လေလံကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည်-

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း ပျက်စီးတိမ်ကောခြင်း ရှိ/ မရှိ၊

(ဃ) သက်ဆိုင်ရာအင်း၏ ဒေသထူးခြားမှု အခြေအနေ။

၁၃။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်း လေလံတင် ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင် ရောင်းချခြင်း အမှုတွဲပုံစံ (၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) လေလံရောင်းချရာတွင် ဌာနမှသတ်မှတ်ထားသော လေလံစည်းကမ်းချက်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ အတည်ပြုချက် ရယူခြင်း၊

(ဂ) လေလံတင်ရောင်းချမည့် ဂရန်အင်းများ၏ ကြမ်းခင်းဈေးများကို သတ်မှတ်ရာတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြအတည်ပြုချက် ရယူခြင်း၊

(ဃ) ဂရန်အင်း လေလံတင်ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များ၊ ရောင်းချမည့် ဂရန်အင်းတစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြားကြေညာခြင်း၊

(င) ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း၊ အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုလျှင် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့် ရရှိသူက ဆွဲဝယ်မည့် ဂရန်အင်းအတွက် တိုးမြှင့်ပေးသည့်ငွေ(စားပွဲတင်ငွေ)အား ၎င်းတို့အဖွဲ့၏ ရှေ့မှောက်ထံဆွဲဝယ်မည့် ဂရန်အင်းအတွက် တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့် ပြုခြင်း၊

(ဇ) လေလံဆွဲဝယ်ခွင့် ရရှိသူများမှ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေးထက် များစွာကျော်လွန်ပြီး ဈေးနှုန်းပေးလာလျှင် လေလံဆွဲဝယ်ခွင့် ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီးနောက် နေ့ချင်းပြန်လည်ရောင်းချခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင် ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်း လေလံတင်ရောင်းချခြင်းကို

ရပ်ဆိုင်း၍ ယင်းနေ့တွင် အိတ်ဖွင့်တင်ဒါ သွင်းစေပြီး အငှားချထားခြင်း၊

(ဈ) ဂရန်အင်း လေလံတင်ရောင်းချရာတွင် ကြမ်းခင်းဈေးထက် ကျော်လွန်၍ ဈေးနှုန်းအမြင့်ဆုံး ပေးထားသူအား အငှားချထားခြင်း၊

(ည) လေလံဆွဲဝယ်ခွင့်ရရှိသူက လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချခြင်း၊ ထိုသို့ထပ်မံလေလံတင်ရောင်းချရာတွင် လျော့နည်းသောခြားနားငွေကို ပျက်ကွက်သူမှ ပေးလျော်စေခြင်း၊

(ဋ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲဝယ်သည့်ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင် ရောင်းချသည့်နေ့မှ ၇ ရက်အတွင်း မျဉ်းသားချက်လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်ဖြင့် ဒုတိယအကြိမ် ထပ်မံလေလံတင်ရောင်းချခြင်း၊ ထပ်မံလေလံတင်ရောင်းချရာတွင် လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအားပေးလျော်စေခြင်း၊

(ဌ) လေလံဆွဲဝယ်ခွင့်ရရှိသူက ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ ရှေ့မှောက်သို့ တင်ပြသည့်ငွေများကို ငင်းပိုင်ငွေများဟု မှတ်ယူ၍ သက်ဆိုင်ရာဘဏ်သို့ ဆောလျင်စွာ ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(ဍ) လေလံကြေးငွေများကို ဘဏ်သို့ ဆောလျင်စွာပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို ၅ ကြိမ်ထိသာ ဆောင်ရွက်ခြင်း၊

(ဏ) လေလံဆွဲဝယ်ခွင့်ရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန်အင်း လေလံတင်ရောင်းချသည့် ဈေးနှုန်းကို ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ဝင်များ လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၁၄။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများ လေလံတင်ရောင်းချခြင်း ပြီးသည့်အခါ ပုံစံ(၅)(ဂရန်အင်း လေလံတင်ရောင်းချခြင်း ပြီးစီးကြောင်းတင်ပြစာ)တွင် ပြည့်စုံစွာ ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက လုပ်ငန်းရာသီ မစတင်မီ ပုံစံ(၆)(အငှားဂရန်)ကို လေလံဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းကို အင်းဂရန်တွဲအဖြစ်လည်းကောင်း၊ အငြင်းပွားနိုင်သော ဂရန်အင်းနှင့် တင်ဒါပိုက်ချက်များကို အင်းနှင့် တင်ဒါဂရန်တွဲအဖြစ်လည်းကောင်း တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံမှ ကြိုတင်အတည်ပြုချက် ရယူ၍ ဂရန်အင်း တစ်ခုတည်းအနေဖြင့် သတ်မှတ်၍ ရောင်းချရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများကို ၃ ကြိမ်ထိ လေလံတင် ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေး မမီပါ က ကျိုးကြောင်းဖော်ပြလျက် အမြင့်ဆုံးပေးထားသည့် ဈေးနှုန်းကို တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ

တင်ပြ၍ အတည်ပြုချက်ရရှိပါက အဆိုပါဂရန်အင်းကို အမြင့်ဆုံးဈေး ပေးထားသူအား ရောင်းချရမည်။

(ဂ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုပါရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက် ချမှတ်ပေးနိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၁၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ဂရန်အင်းများအား အင်းလုပ်ငန်း တစ်ရာသီအတွက် အငှားချထားခြင်းကို အင်းများရောင်းချပြီးပါက ဝန်ကြီးထံ အတည်ပြုချက်တောင်းခံ၍ အတည်ပြုချက်ရရှိပါက ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ဂရန်အင်းရောင်းချမည့် ကြမ်းခင်းဈေးနှုန်းကို ဝန်ကြီးထံ တင်ပြ၍ အတည်ပြုချက် ရယူထားရမည်။

(ဂ) ပိတ်သိမ်းခွင့် ပြုသင့်သည့်အင်းများကို ခရိုင်ဦးစီးဌာနမှူးမှ စိစစ် တင်ပြလာပါက ဝန်ကြီးထံ ဆက်လက်ထောက်ခံတင်ပြ၍ ဝန်ကြီး၏ အတည်ပြုချက်ရရှိပါက မည်သူမျှ လုပ်ကိုင်ခြင်း မရှိစေရန် ပိတ်သိမ်းမိန့်ကို ခရိုင်ဦးစီးဌာနမှူးထံ ထုတ်ပြန်ရမည်။

(ဃ) လေလံရောင်းချပြီး ငွေကြေးပေးသွင်းပြီးသော လေလံအင်းများကို မည်သို့သော အကြောင်းပြချက်နှင့်မျှ ထပ်မံရောင်းချခြင်းမပြုရန် ကြီးကြပ်ဆောင်ရွက်ရမည်။

အခန်း(၃)

နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ ဝန်ကြီးသည် နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်းဂရန်) စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း မြို့နယ်အလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်
မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဃ) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန

(င) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန

(စ) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(ဆ) ငါးလုပ်ငန်းနားလည်သူ ရပ်မိရပ်ဖ ၂ ဦး အဖွဲ့ဝင်များ
(လက်ရှိအင်းသူကြီး/ လက်ရှိရေလုပ်သား မဖြစ်စေရ)

(ဇ) တောင်သူလယ်သမားကိုယ်စားလှယ် ၂ ဦး အဖွဲ့ဝင်များ

(ဈ) မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

၁၈။ နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို အင်းချောင်း တိမ်ကောခြင်းကြောင့်ဖြစ်စေ၊ ငါးထုတ်လုပ်မှု ကျဆင်းခြင်း ကြောင့်ဖြစ်စေ၊ နှစ်ရှည်အငှားဂရန်အဖြစ် သတ်မှတ်သင့်သည် ဟု သဘောရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်း ကို နှစ်ရှည်အငှားဂရန် ခွင့်ပြုရန် လျှောက်ထားလာလျှင်ဖြစ်စေ သက်ဆိုင်ရာဂရန်အင်းကို နှစ်ရှည် အငှားဂရန် (ကြေးတိုင်အင်း ဂရန်) စိစစ်ရေးကော်မတီဖြင့် ကွင်းဆင်းစစ်ဆေးပြီး ကျိုး ကြောင်း ဖော်ပြလျက် အောက်ပါအချက်များနှင့် ကိုက်ညီပါက အမှုတွဲ တည်ဆောက်၍ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်-

(၁) အင်းပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် အမှန်တကယ် လိုအပ်နေသည့် အင်းဖြစ်ရမည်။

(၂) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ငါးမျိုးချန် ခြင်း သို့မဟုတ် ငါးမျိုးစိုက်ထည့်ခြင်း၊ အင်းချောင်း ပြုပြင်ခြင်း ပြုလုပ်နိုင်သည့် အင်းဖြစ်ရမည်။

(၃) ယခင်နှစ် လေလံအောင်သော အင်းဖြစ်ရမည်။ သတ် မှတ်ကြမ်းခင်းဈေး မမီသဖြင့် ဈေးလျှော့ရောင်းချ ထားသောအင်းများ မဖြစ်စေရ။

(၄) စပါးစိုက်ပျိုးသူများနှင့် ရေပို/ ရေလိုပြဿနာ ဖြစ်ပွားမှု မရှိအောင် ဆောင်ရွက်ပေးနိုင်သော အင်းဖြစ်ရမည်။

(၅) ငါးလုပ်ငန်းဦးစီးဌာန၏ အင်းစည်းကမ်း၊ ကြေးတိုင် အင်းစည်းကမ်းနှင့် ပတ်သက်သော အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်နှင့်အညီ လိုက်နာ ဆောင်ရွက်နိုင်သည့် အင်းဖြစ်ရမည်။

(၆) အင်းလုပ်ကိုင်ခဲ့သည့် နှစ်အတွင်း ငါးလုပ်ငန်းဦးစီး ဌာနမှ တားမြစ်ထားသည့် ငါးဖမ်းကိရိယာနှင့် ငါးဖမ်း

နည်းများကို အသုံးပြု၍ ငါးဖမ်းဆီးခြင်းကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ အရေးယူခံရသူ မဖြစ်စေရ။

(၇) လျှောက်ထားသူသည် အင်းပြုပြင်ရန် သို့မဟုတ် ငါးမျိုးစိုက်ထည့်ရန်နှင့် ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အာမခံငွေအဖြစ် အင်းခွန်ငွေ၏ ၃၀ ရာခိုင်နှုန်းငွေကို သတ်မှတ်အင်းခွန်ငွေ ပေးသွင်းသည့်အခါ အာမခံအပ်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်သို့ တစ်ပါတည်းပေးသွင်းပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြနိုင်သူ ဖြစ်ရမည်။

(၈) ကြေးတိုင်အင်းဂရန် လျှောက်ထားသူသည် လျှောက်ထားသည့် အင်းအတွင်း ရေစီးရေလာ အဟန့်အတားဖြစ်စေသော ဒိုက်၊ ဇေဒါ၊ မှော်များ မပိတ်ဆို့အောင် စီမံဆောင်ရွက်ပေးနိုင်သူ ဖြစ်ရမည်။

(၉) ကြေးတိုင်အင်းဂရန် လျှောက်ထားသည့် အမှုတွဲတွင် အင်းပြုပြင်ရန်နှင့် ငါးမျိုးစိုက်ထည့်ရန်အတွက် နေရာ၊ အချိန်ကာလ၊ လုပ်ငန်းစဉ်အား တင်ပြနိုင်သူ ဖြစ်ရမည်။

(၁၀) နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်းဂရန်) လုပ်ကိုင်ခွင့်ရရှိပါက ကြေးတိုင်အင်းဂရန် လုပ်ကိုင်ခွင့်ရရှိသူများ လိုက်နာရမည့် စည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(၁၁) သတ်မှတ်စည်းကမ်းချက်များကို ဖောက်ဖျက်ပါက ကြေးတိုင်အင်းဂရန် လုပ်ကိုင်ခွင့် ပြန်လည်ရုတ်သိမ်းခြင်းကို လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၁၂) ကြေးတိုင်အင်းဂရန် ရရှိပြီး နောင်နှစ်များတွင် အကြောင်းအမျိုးမျိုးပြ၍ ပြန်အပ်မည့်သူများ မဖြစ်စေရ။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူး၏ ထောက်ခံတင်ပြချက်အပေါ် စိစစ်၍ ဝန်ကြီးထံဆက်လက်တင်ပြရမည်။

၁၉။ ဝန်ကြီးသည် နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်းဂရန်) ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိလျှင် တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ အကြောင်းကြားစာ ရရှိသည့်အခါ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်အကြောင်းကြားရမည်။

(ဂ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(ခ)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ အခွန်ငွေများ ပေးသွင်းစေ၍ ပုံစံ(၆) (အငှားဂရန်)ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၀။ ဝန်ကြီးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် ချထားသည့်ကိစ္စအတွက် အောက်ပါအချက်များဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးမှ စိစစ်တင်ပြလာခြင်းကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်-

(က) အငှားဂရန်ချထားသည့် ကာလ၊

(ခ) အင်းပြုပြင်ရန်နှင့် မျိုးစိုက်ထည့်ရန်အတွက် လိုအပ်သော နည်းစနစ်၊ အချိန်၊ ကာလ၊ နေရာနှင့် ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေးရမည့် ဂရန်အင်း တန်ဖိုးငွေရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ။

၂၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သဘာဝရေပြင်ငါးမျိုးစိုက်ရန် အတွက် ဖွင့်လှစ်ထားသော ရန်ပုံငွေမှ အောက်ပါလုပ်ငန်းများကို ဝန်ကြီးထံ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်-

(က) သဘာဝရေပြင်သို့ သယံဇာတတိုးပွားရေးအတွက် ငါးမျိုးစိုက် ထည့်ခြင်း၊

(ခ) ရေနေသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဟော ပြောခြင်း၊ လက်ကမ်းစာစောင် ဝေငှခြင်း၊ ပညာပေးကြော်ငြာ ပိုစတာများ ပြုလုပ်ခြင်း၊

(ဂ) သားငါးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးအတွက် သုတေသန ဆောင်ရွက်ခြင်း၊

(ဃ) ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးသင်တန်း များ ဆောင်ရွက်ခြင်း။

အခန်း(၄)

တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၂။ တင်ဒါငါးဖမ်းကွက်များကို ဈေးပြိုင်တင်ဒါရောင်းချခြင်းအား မတ်လ၊ ၁ ရက်မှ ဇူလိုင်လ၊ ၃၁ ရက်အတွင်း ဆောင်ရွက်ရမည်။

၂၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ တင်ဒါငါးဖမ်း ကွက်များကို ခရိုင်အလိုက် တင်ဒါလိုင်စင် ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) တင်ဒါငါးဖမ်းကွက် တည်ရှိရာမြို့နယ်၏

မြို့နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း ၁ ဦး — အဖွဲ့ဝင်

(ခ) နည်းဥပဒေခွဲ(က)အရဖွဲ့စည်းထားသော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၂၄။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ၏ သတ်မှတ်ကာလ လုပ်ငန်းတစ်ရာသီအတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် တင်ဒါချက်များကို ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ခ) တင်ဒါချက်များကို တင်ပြရာတွင် ခွင့်ပြုကိရိယာ၊ ခွင့်ပြုနေရာ၊ လားရာအရပ်ဒေသများကို သေချာဖော်ပြပြီး ကျားပိုက်တင်ဒါချက်ဖြစ်ပါ က နေရာတင်ဒါချက်နှင့် ဧရိယာတင်ဒါချက်ကို ခွဲခြားသတ်မှတ်၍ တင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(က)(ခ)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက် ရရှိပါက တင်ဒါငါးဖမ်းကွက် အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင် ချထားမည့်ရက်မတိုင်မီ ရက်ပေါင်း ၃ဂ ရက်ကြိုတင်၍ ပုံစံ(၇)(တင်ဒါကြော်ငြာ)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(ဃ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တင်ဒါချက်ကို ထပ်မံလေလံရောင်းချပါက လေလံရောင်းချရက်မတိုင်မီ အနည်းဆုံး ၇ ရက်ကြိုတင်၍ ကြေညာရမည်-

(၁) လေလံ/ တင်ဒါဆွဲဝယ်မည့်သူ မရှိခြင်း၊

(၂) ကြမ်းခင်းဈေး မပြည့်မီခြင်း၊

(၃) တိုင်းဒေသကြီး၏အကျိုးအတွက် ဖြစ်ခြင်း။

(င) တင်ဒါငါးဖမ်းကွက်အသစ်(စမ်းသပ်တင်ဒါ) ဖော်ထုတ်ရာတွင် တည်ရှိရာဒေသ၌ တင်ဒါငါးဖမ်းကွက်ဧရိယာ သတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ/ မရှိ တင်ဒါကြော်ငြာသည့်ရက် မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်ကြေညာရမည်။

၂၅။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ပုံစံ (၈)(တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ တင်ဒါရက် မတိုင်မီ ၂ ရက်ကြိုတင်၍ လျှောက်ထားရမည်။

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် ပုံစံ (၈)(တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ/ မရှိ စိစစ်ရမည်-

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွက်သူ မဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃ နှစ်အတွင်း ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူ မဟုတ်ခြင်း၊

(ဂ) တင်ဒါချက်များနှင့် ကျားပိုက်တင်ဒါချက်များအတွက် တင်ဒါချက်ဆွဲဝယ်ရန် ယခင်နှစ် သတ်မှတ်စျေးနှုန်းကို ဘဏ်တွင် စာရင်းဖွင့်လှစ် ပေးသွင်းပြီးခြင်း၊

(ဃ) ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေချနေထိုင်သူ ဖြစ်ခြင်း။

၂၇။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို နည်းဥပဒေ (၂၆) အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက် တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ရောင်းချမည့်ရက်ထက် ၁ ရက်ကြိုတင်၍ ထောက်ခံတင်ပြချက်များ။

၂၈။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ(၂၇)အရ တင်ပြလာသော လျှောက်လွှာများကိုစိစစ်၍-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ပုံစံ(၉)(တင်ဒါဆွဲဝယ်ခွင့်လက်မှတ်)ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၂၉။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ပုံစံ(၉)(တင်ဒါဆွဲဝယ်ခွင့်လက်မှတ်)ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၀။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသာလျှင် မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် တင်ဒါဆွဲဝယ်ခွင့် ရှိသည်။

၃၁။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားခြင်း မပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါကြမ်းခင်းဈေးနှင့် တင်ဒါစည်းကမ်းချက်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက် ရယူရမည်-

(က) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅ နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ် ဈေးနှုန်း၊

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိ အခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက်၏ ပျက်စီးတိမ်ကောခြင်း ရှိ/ မရှိ၊

(င) တင်ဒါငါးဖမ်းကွက်၏ ရေစီးရေလာပြောင်းလဲသွားမှု အခြေအနေ၊

(စ) မြို့ပြ၊ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်အတွင်း ကျရောက်သွားသော တင်ဒါချက်များ၏ အခြေအနေ၊

(ဆ) သက်ဆိုင်ရာဒေသ၏ တင်ဒါချက်ထူးခြားမှု အခြေအနေ။

၃၂။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းတို့ကို ရေးသွင်း၍ စာအိတ်အတွင်းထည့်သွင်းပြီး တင်ဒါလိုင်စင် ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက် အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့၏ ရှေ့မှောက်တွင် ကိုယ်တိုင်တင်သွင်းရမည်။

၃၃။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် ပုံစံ(၁၀) (တင်ဒါငါးဖမ်းကွက် ရောင်းချခြင်း)အမှတ်တွဲ ဖွင့်လှစ်ထားရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် သတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) အိတ်ဖွင့်တင်ဒါရောင်းချရာတွင် လေလံစနစ်ဖြင့်ရောင်းချရန် လိုအပ်ပါက လေလံရောင်းချရေးအဖွဲ့၏ သဘောထားဖြင့် ဆောင်ရွက်ခြင်း၊

(င) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(စ) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်းငွေပမာဏကို

တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြစေခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(ဆ) လုံလောက်သော အကြောင်းရှိပါက တင်ဒါဆွဲဝယ်သူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဇ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းသူများအမည်နှင့် ပေးထားသည့် ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးမမီပါက အမြင့်ဆုံးဈေးပေးသူကို ကြမ်းခင်းဈေးပြည့်မီအောင် ဈေးနှုန်းထပ်မံတိုးမြှင့်ပေးရန် တင်ပြစေခြင်း၊

(ည) တင်ဒါကြမ်းခင်းဈေးနှုန်းထက် ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံးပေးသူအား တင်ဒါလိုင်စင် ချထားခြင်း၊

(ဋ) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ ဆောလျင်စွာ ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဌ) တင်ဒါကြေးများကို ဘဏ်သို့ ဆောလျင်စွာ ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား ၃ ကြိမ်ထိ ချိတ်ပိတ်တင်ဒါ သွင်းစေခြင်း၊

(ဎ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ၃ ကြိမ် ထပ်မံတူညီနေပါက ဈေးပြိုင်လေလံစနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဏ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထားသည့် တင်ဒါဈေးနှုန်းကိုရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ဝင်များ လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(တ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်းမမီကြောင်း ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ဝင်များ လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် ထားခြင်း။

၃၄။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်း ပြီးသည့်အခါ ပုံစံ(၁၁)(တင်ဒါ လိုင်စင်ချထားခြင်းပြီးစီးကြောင်း တင်ပြစာ)တွင် ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ဝင်များ လက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက် ရရှိပါက တင်ဒါလိုင်စင်ချထားသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေပေးသွင်းစေပြီး ပုံစံ(၁၂)(တင်ဒါလိုင်စင်)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

(ဂ) နောက်ဆုံးအကြိမ်ရောင်းချပြီး ပိတ်သိမ်းရန်လိုအပ်သော တင်ဒါချက်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၅။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်း ဈေးနှုန်းမမီ

ပါ က အမြင့်ဆုံးဈေးပေးသူအား ကျိုးကြောင်းဖော်ပြလျက် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံတင်ပြပြီး ညွှန်ကြားချက်နှင့်အညီ အဆိုပါတင်ဒါငါးဖမ်းကွက်များကို အမြင့်ဆုံးဈေးပေးသူအား တင်ဒါလိုင်စင်ချထား ပေးရမည်။

(ခ) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုပါရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်နိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါချက်အဖြစ် ကန့်ကွက်ရန် မရှိ၍ ဖော်ထုတ်ရောင်းချခွင့်ပြုပါရန် တိုင်းဒေသကြီးဦးစီး ဌာနမှူးတစ်ဆင့် ဝန်ကြီးထံ ခွင့်ပြုချက်တောင်းခံရမည်။

(ဃ) တင်ဒါချက်အသစ်များအား ရောင်းချပြီး ၂ နှစ်အတွင်း ပြဿ နာဖြစ်ပွားခြင်း မရှိပါက တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ် ဆင့်ထံ အတည်ပြုချက် တောင်းခံရမည်။

၃၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ရောင်းမည့်တင်ဒါချက်များ ကြမ်းခင်းဈေးနှုန်းကို ဝန်ကြီးထံ တင်ပြ၍ အတည်ပြုချက် ရယူထားရမည်။

(ခ) ရောင်းချ၍မရသော တင်ဒါချက်များကို ပိတ်သိမ်းခွင့်ပြုနိုင်ရန် ဝန်ကြီးထံ တင်ပြရမည်။

(ဂ) တင်ဒါချက်အသစ်များအား ရောင်းချပြီးပါက ၂ နှစ်အတွင်း ပြဿနာဖြစ်ပွားခြင်းမရှိကြောင်း ခရိုင်ဦးစီးဌာနမှူးမှတင်ပြ လာပါက တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီးထံ တင်ပြ

၍ အတည်ပြုချက်ရယူပြီး တင်ဒါငါးဖမ်းကွက်အဖြစ် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

အခန်း(၅)

ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၇။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ဩဂုတ်လ၊ ၁ ရက်နေ့မှစ၍ ကြော်ငြာစာ ထုတ်ရမည်။

၃၈။ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင် ရရှိရန် နည်းဥပဒေ (၃၇) အရ သတ်မှတ်သည့်ရက်အတွင်း ပုံစံ (၁၃)(ငါးဖမ်းကိရိယာလိုင်စင် လျှောက်လွှာ)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ကြော်ငြာစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက်ထားသူများ၏ စာရင်းကို ပုံစံ(၁၄)(ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူစာရင်း)ဖြင့် ပြုစုရမည်။

(ခ) ပုံစံ(၁၄)တွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက် လုပ်ကိုင်လိုသူများ ပါဝင်ခြင်း ရှိ/ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်းအတာ မှန်/ မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်းမရှိဘဲ လုပ်ကိုင်နေသူများ ရှိ/ မရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

(ဂ) အငှားဂရန်အင်းနှင့် တင်ဒါလိုင်စင်ချက်တို့မှအပ ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ပုံသေစိုက် ငါးဖမ်းကိရိယာ လျှောက်ထားလာလျှင် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေး ကော်မတီမှ စိစစ်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးရမည်။

၄၀။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်ထားသော နေရာများတွင် အခွန်လွတ်ကိရိယာ၊ အတိုင်းအတာ၊ အရေအတွက်များမှလွဲ၍ ကျန်ငါးဖမ်းကိရိယာများအတွက် အခွန်အခရရှိစေရန် သတ်မှတ်သောလိုင်စင်ခ ကောက်ခံရမည်။

(ခ) တင်ဒါချက်များကို ဖျက်သိမ်း၍ ဘုံငါးဖမ်းကွက်အဖြစ် ပြောင်းလဲထားသော နေရာများတွင် အခိုင်အမာအတားအဆီးများ၊ ပုံသေစိုက်ကိရိယာများကို ဘုံငါးဖမ်းကွက်များအတွင်း လိုင်စင်ထုတ်ပေးခြင်းနှင့် ခွင့်ပြုငါးဖမ်းခြင်းမပြုလုပ်ရန် တားမြစ်ရမည်။

(ဂ) ကမ်းနီးငါးဖမ်းလုပ်ငန်းအတွက် ငါးဖမ်းကိရိယာလိုင်စင်ခများကို သတ်မှတ်ထားသော နှုန်းထားများဖြင့် ကောက်ခံရမည်။

(ဃ) ဥပဒေအခန်း (၃) ပုဒ်မ (၆) နှင့် (၇)တို့အရ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားလာပါ က ခရိုင်ဦးစီးဌာနမှူး၏ ထောက်ခံချက်နှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြလျှောက်ထားရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ပုံစံ (၁၄)စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေကောက်ခံပြီး ပုံစံ(၁၅)(ငါးဖမ်းကိရိယာလိုင်စင်)ကို ထုတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများ အမည်စာရင်းကို ပုံစံ(၁၆) (ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးထားသူများစာရင်း)ဖြင့် လစဉ်ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) နှင့် တိုင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီ ပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ် ထားရမည်။

၄၂။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ (၄၀) နည်းဥပဒေခွဲ(က)အရ ငါးဖမ်းကိရိယာ လိုင်စင်ခ ကောက်ခံရာတွင်-

(၁) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့်နှုန်းထားနှင့် အကျုံးမဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံးတူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်းအတိုင်း ကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲအသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင်ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာ လိုင်စင်ခများကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၄၃။ ဦးစီးဌာနသည် သတ်မှတ်ထားသည့် လိုင်စင်တန်းဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ပုံစံ (၁၅)(ငါးဖမ်းကိရိယာလိုင်စင်)ကို အသုံးပြုရမည်။

၄၄။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ (၄၂) အရ လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံ

လောက်လျှင် ယင်းလိုင်စင်တန်ဖိုးငွေ ပြည့်မီအောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ လိုင်စင်တန်ဖိုးကို ဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင် ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာအမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာအမျိုးအစားကို ပြောင်းလဲအသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခ ထပ်မံကောက်ခံရမည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းကို ပုံစံ(၁၇)(ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်)ဖြင့် စနစ်တကျ ထိန်းသိမ်းထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးသည့်အခါ ပုံစံ(၁၈)(ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးထားရှိမှု မှတ်ပုံတင်)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

၄၆။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ပုံစံ(၁၉)(ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း)ကို ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး၊ ခရိုင်ဦးစီးဌာနမှူးများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ် ထားရမည်။

၄၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာများဖြင့် လိုင်စင်ရယူလုပ်ကိုင်ခြင်း ရှိ/ မရှိကို ခရိုင်ဦးစီးဌာနမှူး သို့မဟုတ် ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးအား ကြီးကြပ်စစ်ဆေးရန် တာဝန်ပေးအပ်နိုင်သည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင်ခ နှုန်းထားများကို သတ်မှတ်ပြဋ္ဌာန်း ပေးရမည်။

(ဂ) ဥပဒေအခန်း(၃)ပုဒ်မ (၆) နှင့် (၇) အရ လုပ်ငန်းများကို လုပ်ကိုင်မည့်သူက လိုင်စင်လျှောက်ထားလာခြင်းကို စိစစ်၍ လိုင်စင် ထုတ်ပေးနိုင်သည်။

၄၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ယခင်လ လချုပ်စာရင်းမှ လက်ကျန်အဖြစ် ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့် လချုပ်စာရင်းတွင် ဖော်ပြထား သော စာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီ မှန်ကန်မှု ရှိ/ မရှိ စစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် တိုင်းဒေသကြီးရုံးသို့ ပေးပို့ထားသော လိုင်စင်ပုံစံများ ကိုက်ညီ မှန်ကန်မှု ရှိ/ မရှိ စစ်ဆေးရမည်။

(ဂ) လိုင်စင်ခများ ဘဏ်သို့ပေးသွင်းခြင်း ရှိ/ မရှိ တိုင်းဒေသကြီးရုံး ရှိ စာရင်းနှင့် တိုက်ဆိုင် စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြ ထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစား အလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ ပေးသွင်း ပြီးသည့် ငွေကိုလည်းကောင်း၊ တိုင်းရုံးရှိ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထား ရမည်။

(င) နည်းဥပဒေခွဲ(က)မှ နည်းဥပဒေခွဲ(ဂ)ပါ စစ်ဆေးရမည့် လုပ် ငန်းတာဝန်များကို ခရိုင်ဦးစီးဌာနမှူး သို့မဟုတ် ပြန်တမ်းဝင် အရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

အခန်း(၆)

နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၉။ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် ဂရန်အင်း သို့မဟုတ် တင်ဒါ ငါးဖမ်းကွက်တွင် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက နိုင်ငံတော်မှ ပြဋ္ဌာန်းသည့်ဥပဒေ နှင့်အညီ ဆောင်ရွက်ပြီး ပုံစံ(၂၀)(ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ) တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး တိုင်းဒေသကြီးဦးစီးဌာနမှူး ထံ လျှောက်ထားရမည်။

၅၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ (၄၉)အရ လျှောက်လွှာ လက်ခံရရှိပါက စိစစ်ပြီး ခွင့်ပြုသင့်သည်ဟု ယူဆလျှင် အောက်ပါအချက်များ အပေါ် အခြေခံ၍ ပေးဆောင်စေသင့်သည့် အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေအမျိုးအစားနှင့် ဈေးနှုန်းတို့ကို သတ်မှတ်ဖော်ပြပြီး မိမိသဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ တင်ပြရမည်-

(က) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ၏ လွန်ခဲ့သော ငါးနှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ၏ ယခင်နှစ် ဈေးနှုန်း၊

(ဂ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ၏ ငါးအထိအမိ အခြေအနေ၊

(ဃ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်း ရှိ/ မရှိ။

၅၁။ ဝန်ကြီးသည် နည်းဥပဒေ (၅၀)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် လျှောက်လွှာကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြု နိုင်သည်။

၅၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ (၅၁)အရ ဝန်ကြီး၏ ခွင့်ပြုချက်ရရှိလျှင် အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် ပေးသွင်းစေရန် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူအား ညွှန်ကြား ရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူထံမှ အင်းခွန် သို့မဟုတ် တင်ဒါ ကြေးနှင့် လိုင်စင်ခ လက်ခံရရှိလျှင် ပုံစံ(၆)(အငှားဂရန်) သို့မဟုတ် ပုံစံ(၁၂)(တင်ဒါလိုင်စင်)ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးသည့်အခါ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်း ချက်များကို သတ်မှတ်ပေးရမည်။

အခန်း (၇)

မိတ္တူမှန် လျှောက်ထားခြင်း

၅၃။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိတ္တူမှန်ရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၄။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် နည်းဥပဒေ (၅၃)အရ လျှောက်လွှာ လက်ခံရရှိလျှင် စိစစ်ပြီး မှန်ကန်ပါ က အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်း ကိရိယာ လိုင်စင်တို့အတွက် သက်မှတ်ထားသော ဒဏ်ကြေးငွေများကို ပေးသွင်း စေ၍ သက်ဆိုင်ရာမိတ္တူမှန်ကို ထုတ်ပေးရမည်။

၅၅။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေ (၅၄)အရ သက်ဆိုင်ရာမိတ္တူမှန် ရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်းပြန်လည်တွေ့ရှိ လျှင် မူရင်းကို သက်ဆိုင်ရာဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။

အခန်း(၈)

အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၅၆။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီးက အငှားဂရန်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလျှင်ဖြစ်စေ၊ အင်းခွန်ငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် ဖြစ်စေ၊ အငှားဂရန်အင်းနှင့် စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်း ရာသီအတွက် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့်တန်ဖိုး မပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုကို ပေးလျော်ရမည်။

(ခ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် အငှားဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူ တစ်ဦးတစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင် ဆောင်ရွက် သကဲ့သို့ တာဝန်ခံရမည်။

(ဂ) ငါးဖမ်းလုပ်ကိုင်ခွင့်ရှိသည့် အငှားဂရန်အင်း ဧရိယာအတွင်း၌သာ ငါးဖမ်းခွင့်ရှိသည်။

(ဃ) အငှားဂရန် စည်းကမ်းချက်ပါအတိုင်း ဆည်၊ ငါးဖမ်းကိရိယာ များ ပြုပြင်တည်ဆောက်ခြင်းကို ငါးဖမ်းခွင့်ပြုရက်မတိုင်မီ ၃၀ ရက်ကြိုတင်၍ ပြင်ဆင်နိုင်သည်။

(င) အငှားဂရန်စည်းကမ်းချက်များအား ပြောင်းလဲလုပ်ကိုင်လို ကြောင်း မြို့နယ်ဦးစီးဌာနမှူးထံ တင်ပြလာပါက မြို့နယ်ငါး လုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ သဘောထားဖြင့် ကျိုး ကြောင်းဖော်ပြချက် ပြည့်စုံစွာဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြပြီး ခွင့်ပြု ချက်ရရှိမှသာ လုပ်ကိုင်ခွင့်ရှိမည်။

(စ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သက်မှတ်ရက်မတိုင်မီ ချထားခြင်းမပြုရ။ အဆိုပါ ဆည်များကို ဧပြီလ၊ ၃၀ ရက်နေ့တွင် ကုန်စင်အောင် ဖယ်ရှားထားရမည်။

(ဇ) မြစ်များ၊ ချောင်းများ၊ မြောင်းများနှင့် အင်းများ၌ ငါးဖမ်းလုပ်ငန်းကို မထိခိုက်စေသည့် ဒေသအခြေအနေနှင့် ကိုက်ညီသော လှေ၊ မော်တော် သွားလာနိုင်သည့် လမ်းကို လုံလောက်စွာထားရှိရမည်။

(ဈ) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည် အောက်ပိုင်းရှိ ဂရန်အင်းအတွင်း စီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာဆက်စပ်နေပါ က အောက်အင်းလုပ်ငန်း ပြီးဆုံးချိန်အထိ ဆည်များ တားဆီး၍ ပိတ်ထားရမည်။

(ည) အထက်ပိုင်းရှိ ဂရန်အင်းနှင့် အောက်ပိုင်းရှိ ဂရန်အင်း ရေစီးရေလာဆက်စပ်နေပါက အထက်ပိုင်းမှ အောက်ပိုင်းသို့ လာသော ငါးများဖမ်းဆီးရန် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို အသုံးပြုခွင့်မရှိစေရန် ဆောင်ရွက်ရမည်။

(ဋ) ဂရန်အင်းအတွင်းမှ ဒိုက်၊ မှော်များအား အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ဖေဖော်ဝါရီလကုန်နေ့မတိုင်မီ အကုန်အစင် ရှင်းလင်းဖျက်ဆီး ဖယ်ရှားရမည်။

(ဌ) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် ဝါခေါင်လမတိုင်မီ အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းရမည်။

(ဆ) အထက်ပိုင်းဂရန်အင်းနှင့် အောက်ပိုင်းအင်း ရေစီးရေလာ ဆက်စပ်နေပါက အထက်ဂရန်အင်း၏ အင်းနယ်နိမိတ် အတွင်းရှိ နောက်ဆုံးဆည်ခြေရင်းရေပြင်ကို အောက်ပိုင်းဂရန် အင်းအငှားဂရန် ရရှိသူက ပိုင်ဆိုင်ခွင့် ရှိရမည်။

(ဇ) တောချဆည်နှင့် မြင်းဝန်ဆည်ကို အထက်ပိုင်းရှိ အငှားဂရန် ရရှိသူက နည်းဥပဒေ(၅၆)၊ နည်းဥပဒေခွဲ(ဈ)နှင့်အညီ ပိတ်ဆို့ ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက ပိတ်ဆို့ထားနိုင်ခြင်း၊ အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန် အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် အောက်ပိုင်းရှိ အငှား ဂရန်ရရှိသူက ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် အထက် ပိုင်းရှိ ဂရန်အင်းကို ကျသင့်သောအခွန်အခ ပေးဆောင်၍ လုပ်ကိုင်ခွင့် ရှိရမည်။

(ဈ) သီးသန့်အင်းနှင့် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ် ငန်းရေပြင် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို တန်ရူးလပြည့်နေ့အထိ အသုံးပြုခွင့် ရှိရမည်။

(ည) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကို အသုံးပြုခွင့်ရှိသော် လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာဆက်စပ်နေ ပါ က ဂရန်အင်းနှစ်ခုအကြား အမြဲတန်းတားဆီး၍ ပိတ်ထား သည့် ယင်းတန်းများ ချထားခွင့် မရှိစေရ။

(ဋ) ဂရန်အင်းများတွင် ဦးစီးဌာန၏ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် အညီ တောချဆည်နှင့် အဝချုပ်ဆည်များအပြင် အောက်ပါ ငါးဖမ်းကိရိယာများကို အသုံးပြုနိုင်သည်-

(၁) ထောင်ချောက်များ (ထောင်ချောက်၏ အစိတ်အကျဲ တစ်ခုနှင့်တစ်ခုသည် - လက်မအောက်လျော့နည်းပါက ဖမ်းဆီး ခွင့် မရရှိစေရ)၊

(၂) ဂျမ်းများ၊

(၃) ဘဝန်းများ (၄င်းဘဝန်းများအတွင်း ကိုင်းရိုးများကို ရေအောက်ရေပေါ်၌ စိုက်ထားနိုင်သည်၊ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့် ရာသီကုန်ဆုံးသည့်အခါ ဖယ်ရှားရမည်)၊

(၄) ပိုက်သီသောကြိုးတစ်လျှောက် တိုင်းတာ၍ အထုံးတစ်ခုနှင့်တစ်ခုအကြား - လက်မအောက်မလျော့သော ပိုက်ကွန်များ၊

(၅) ဆောင်းများ၊

(၆) ငါးမျှားချိတ်များ၊

(၇) ပုစွန်ဖောင်များ၊

(၈) မြင်းဝန်းဆည်များ။

(ဌ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ရေချိုငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် ဂရန်အင်းကို ဒေသဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်ရမည်။

(ဍ) ဂရန်အင်းများအတွင်း ရေချိုငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများတွင် သီးခြားပြဋ္ဌာန်းခြင်း မရှိသော်လည်း အင်းဧရိယာအတွင်း၌ ငါးဖမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် တည်နေရာ၊ ငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းစနစ်များသည် ၃ နှစ်ဆက်တိုက် လုပ်ကိုင်ခဲ့ရာတွင် ဒေသတွင်း ပြဿနာဖြစ်ပွားခြင်း မရှိခဲ့ပါက တိုင်းဒေသကြီး ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ အတည်ပြုချက်ရယူရမည်။

(ဎ) အင်းဂရန်စည်းကမ်းချက်တွင် ခွင့်ပြုသည့်ငါးဖမ်းရက်ထက် ကျော်လွန်ငါးဖမ်းခွင့် လျှောက်ထားခြင်းကို ကျိုးကြောင်းခိုင်လုံပါက သတ်မှတ်ကာလမကုန်ဆုံးမီ ၃၀ ရက် ကြိုတင်၍

တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြလျှောက်ထားရမည်။

(ဏ) တိုင်းဒေသကြီး၏အကျိုးငှာ လိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်သည်။

(တ) အင်းချောင်းနှင့် အင်းချောင်းဇရိယာ နယ်နိမိတ်အတွင်း ဘဲမွေးမြူခြင်း၊ ဘဲလွှတ်ကျောင်းခြင်းများအတွက် ဘဲကောင်ရေ ၁၀၀ အထိ တစ်ပိုင်တစ်နိုင် ခွင့်ပြုပေးရမည်။

အခန်း(၉)

တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၅၈။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီးက တင်ဒါလိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ တင်ဒါခွန်ငွေကို ပေးဆောင်ရန်ပျက်ကွက်လျှင်ဖြစ်စေ တင်ဒါချက်နှင့်စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့် တန်ဖိုး မပြည့်မီပါ က လျော့နည်းသွားသော အခွန်ငွေကို ပေးလျော်ရမည်။

(ခ) တင်ဒါချက် နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းရမည်။

(ဂ) တင်ဒါချက် လုပ်ကိုင်ခွင့်စည်းကမ်းချက်တွင် ဖော်ပြထားသည့် ငါးဖမ်းဆီးခွင့်ကာလအတွင်း ငါးဖမ်းရမည်။

(ဃ) တင်ဒါချက် လုပ်ကိုင်ခွင့်စည်းကမ်းချက်များအား ပြောင်းလဲလုပ်ကိုင်လိုကြောင်း မြို့နယ်ဦးစီးဌာနမှူးထံ တင်ပြလာပါက မြို့နယ်ငါး လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ သဘောထား

မှတ်ချက်ဖြင့် ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ပြောင်းလဲ လုပ်ကိုင်ခွင့်ရှိမည်။

(င) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ပြန်လည်ဖယ်ရှားရမည်။

(စ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်း ထားရှိပြီး ၎င်းအား နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့် လည်းကောင်း အချက်ပြထားရမည်။

(ဆ) ဘုန်းကြီးကျောင်းပရိဝုဏ်မှ ကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်း ကို ရှောင်ရှားရမည်။

(ဇ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက် များကို လိုက်နာရမည်။

၅၉။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တင်ဒါလိုင်စင်ရရှိသူ ကိုယ်တိုင်လုပ်ကိုင်နိုင်စွမ်း မရှိပါက ရက်ပေါင်း ၃၀ အတွင်း ၎င်း၏ အမွေဆက်ခံပိုင်သူက သက် ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။ လုပ် ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရေးအတွက် မြို့နယ်ဦးစီး ဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားရန် ဖြစ်ပြီး ခရိုင်ဦးစီးဌာနမှူးက စိစစ်ခွင့်ပြုရမည်။

(ခ) နိုင်ငံတော်၏အကျိုးငှာ လိုအပ်၍ တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းရသည့် တင်ဒါ ကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိသည်။

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာ အရေအတွက်ဖြင့် သတ်မှတ်ထားသောနေရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

အခန်း(၁၀)

ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၆၀။ ငါးဖမ်းကိရိယာလိုင်စင် ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားထားရမည်။

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်း ထားရှိပြီး ၎င်းအား နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း၊ ရေကြောင်းလမ်းကို အချက်ပြထားရမည်။

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာ အရေအတွက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

(ဃ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

အခန်း(၁၁)

ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆၁။ ဝန်ကြီး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် ညွှန်ကြားခြင်း၊

(ခ) မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းခြင်း၊

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ခြင်း၊

(င) ဝန်ကြီးသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော တာဝန်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးအား လွှဲအပ်ဆောင်ရွက်စေခြင်း။

၆၂။ ဝန်ကြီး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီးသည် ဥပဒေပုဒ်မ(၂၀)၊ ပုဒ်မခွဲ(က)အရ ရေချိုငါးလုပ်ငန်းရေပြင်တို့ကို အမျိုးအစားသတ်မှတ်ရာတွင်လည်းကောင်း၊ ပြောင်းလဲသတ်မှတ်ရာတွင်လည်းကောင်း ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရန် တိုင်းဒေသကြီးဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

(ခ) ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ(၂၀)၊ ပုဒ်မခွဲ(ဃ)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက အခြားသူတစ်ဦးဦးအား ထပ်မံအငှားချထားနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

(ဂ) ဝန်ကြီးသည် နည်းဥပဒေ(၁၆)၊ နည်းဥပဒေခွဲ(ဂ)အရ ပိတ်သိမ်းခွင့်ပြုရန် တင်ပြလာသော ဂရန်အင်းများကို တင်ပြသည့် ငါးဖမ်းတစ်ရာသီအတွက် ပိတ်သိမ်းခွင့်ပြုနိုင်သည်။

(ဃ) ဝန်ကြီးသည် နည်းဥပဒေ(၃၆)၊ နည်းဥပဒေခွဲ(ခ)အရ ပိတ်သိမ်းခွင့်ပြုရန် တင်ပြလာသော တင်ဒါငါးဖမ်းကွက်တို့ကို တင်ပြသည့် ငါးဖမ်းတစ်ရာသီအတွက် ပိတ်သိမ်းခွင့်ပြုနိုင်သည်။

အခန်း(၁၂)

တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ(၆၂)အရ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်း ရေပြင်အမျိုးအစားအသစ် သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပြီးပါက ဝန်ကြီးထံ ဆက်လက်၍ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုထားသည့် အချိန်ကာလ ကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

၆၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပိတ်သိမ်းခွင့်ပြုရန် တင်ပြလာသည့် ဂရန်အင်းနှင့် တင်ဒါချက်တို့ကို ပိတ်သိမ်းရန် သင့်/ မသင့် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ တင်ပြရမည်။

၆၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ(၂၄) ပုဒ်မခွဲ(က)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှား

ဂရန် ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ရရှိသူက ပေးသွင်းရန်ကျန်ရှိသည့် အခွန်အခများကို ဥပဒေပုဒ်မ(၂၅) ပုဒ်မခွဲ(င)အရ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးအား အပြေအကျေကောက်ခံရန် ညွှန်ကြားနိုင်သည်။

၆၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ(၂၄) ပုဒ်မခွဲ(ခ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထားလာပါက စိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း။

၆၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ(၂၄) ပုဒ်မခွဲ(ဂ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်၊ ယာဉ်နှင့် ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ ခွင့်ပြုပါက ခိုင်လုံသော ခံဝန်သူနှစ်ဦးအား ခံဝန်ငွေပမာဏ သတ်မှတ်၍ ခံဝန်ချုပ် ချုပ်ဆိုစေခြင်း၊

(ခ) ခံဝန်ချုပ် ချုပ်ဆိုပြီးပါက ငါးဖမ်းရေယာဉ် ၊ ယာဉ်နှင့်ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ယာယီထိန်းသိမ်း ခွင့်ပြုခြင်း။

၆၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ် ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများ မပျက်စီး မပြုန်းတီးစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများသည် တားမြစ်ငါးဖမ်းကိရိယာများဖြစ်ပါက ဖျက်ဆီးခွင့်ပြုခြင်း၊

(စ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤနည်းဥပဒေများအရ မိမိအား အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို မိမိကိုယ်တိုင်ဖြစ်စေ၊ ဦးစီးဌာနရှိ ပြန်တမ်းဝင် အရာရှိအဆင့်ထက် မနိမ့်သူတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း (၁၃) (က)

ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပယ်ဖျက်ခြင်း

၆၉။ ရပ်ရွာအတွင်း ငါးလုပ်ငန်းကို အစုအဖွဲ့ဖြင့် လုပ်ကိုင်လိုသူများသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းနိုင်သည်။ အစုအဖွဲ့၏ သင်းဖွဲ့စည်းမျဉ်းကို ရေးဆွဲနိုင်သည်။

၇၀။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့တွင် အသင်းဝင်အဖြစ် ပါဝင်မည့်သူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ ဖြစ်ရမည်-

(က) ငါးလုပ်ငန်းလုပ်ကိုင်မည့် ရေပြင်ဧရိယာနှင့် ဆက်စပ်သည့် နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်သူ ဖြစ်ရမည်။

(ခ) အသင်းဝင်အဖြစ် မိမိ၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ပါဝင်သူ ဖြစ်ရမည်။

(ဂ) အသင်းဝင်တစ်ဦးသည် အခြားရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့တွင် ပါဝင်သူ မဖြစ်စေရ။

(ဃ) မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတွင် ရေလုပ်သားအဖြစ် မှတ်ပုံတင်ထားသူ ဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်ပြီး အများနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသူ ဖြစ်ရမည်။

(စ) သင်းဖွဲ့စည်းမျဉ်းကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၇၁။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့တွင် ကော်မတီဝင်အဖြစ် ပါဝင်မည့်သူများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်-

(က) နည်းဥပဒေ(၇၀)ပါ အရည်အချင်းများနှင့်ပြည့်စုံသူ ဖြစ်ရမည်။

(ခ) အသက် ၂၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) မြန်မာစာကို ရေးတတ်ဖတ်တတ်ပြီး ဂဏန်းသင်္ချာအခြေခံရှိသူ ဖြစ်ရမည်။

(ဃ) ငါးလုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

(င) ကော်မတီတာဝန်ကို အချိန်မရွေးထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) လူမှုဆက်ဆံရေးပြေပြစ်သူ ဖြစ်ရမည်။

(ဆ) ငါးလုပ်ငန်းဥပဒေအရ အရေးယူအပြစ်ပေးခံရဖူးသူနှင့် ဥပဒေတစ်ရပ်ရပ်အရ ငွေကြေးနှင့်စပ်လျဉ်း၍ အရေးယူအပြစ်ပေးခြင်း ခံရဖူးသူ မဖြစ်စေရ။

(ဇ) အမည်ပျက်စာရင်းရှိသူ မဖြစ်စေရ။

၇၂။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ အသင်းဝင်အဖြစ်သော်လည်းကောင်း၊ ကော်မတီဝင်အဖြစ်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ရာတွင် နည်းဥပဒေအရ သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ ကျား/ မ မခွဲခြားဘဲ ပါဝင်ဆောင်ရွက်နိုင်သည်။

၇၃။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ကော်မတီဝင်များအား အသင်းဝင်ဦးရေကိုလိုက်၍ ကော်မတီဝင် ၇ ဦးမှ ၁၁ ဦးအထိ ဖွဲ့စည်းနိုင်သည်။

၇၄။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များသည် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒဖြင့် ကော်မတီဝင်များကို ရွေးချယ်ပေးရမည်။

၇၅။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းကော်မတီဝင်များထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်များအဖြစ် တာဝန်ပေးအပ်မည့်သူများကို ကော်မတီဝင်များ၏ သဘောဆန္ဒဖြင့် ရွေးချယ် တာဝန်ပေးရမည်။

၇၆။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနတွင် မှတ်ပုံတင်ခွင့်လျှောက်ထားရမည်-

(က) လျှောက်ထားသူအစုအဖွဲ့ဝင်များသည် ငါးလုပ်ငန်း လုပ်ကိုင်မည့် ရေပြင်ဧရိယာနှင့် ဆက်စပ်သည့် နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်ကြောင်း သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ခ) အစုအဖွဲ့လျှောက်ထားသည့် အဖွဲ့ဝင်များသည် အခြားအစုအဖွဲ့တွင် ပါဝင်ခြင်းမရှိကြောင်း ဝန်ခံချက်၊

(ဂ) ရေးဆွဲထားသည့် အသင်းအဖွဲ့စည်းမျဉ်းစည်းကမ်းများ၊

(ဃ) အစုအဖွဲ့ပိုင်ငွေစာရင်း သို့မဟုတ် ငွေစုစာအုပ်၊

(င) အစုအဖွဲ့ဝင်အားလုံး၏ ရေလုပ်သားကတ်။

၇၇။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီပါ က ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့ တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။

၇၈။ မှတ်ပုံတင်ပြီးသည့် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့သည် မိမိတို့အစုအဖွဲ့တွင် ကျင့်သုံးမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရေးဆွဲပြီး အတည်ပြုထားရမည်။ အတည်ပြုပြီးသောစည်းမျဉ်း၊ စည်းကမ်းများကို လိုအပ်ပါက အသင်းဝင်အများစု၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်နိုင်သည်။

၇၉။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ကော်မတီဝင်များ၏ သက်တမ်းသည် ဖွဲ့စည်းသည့်နေ့မှ ၃ နှစ်အထိ ဖြစ်သည်။ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အရည်အချင်း ပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊ မစွမ်းဆောင်နိုင်ခြင်းကြောင့်ဖြစ်စေ ကော်မတီဝင်တစ်ဦးဦး လစ်လပ်ပါက နည်းဥပဒေ(၇၃)၊ (၇၄)နှင့်အညီ ပြန်လည်ရွေးချယ်တင်မြှောက်ရမည်။ ရွေးချယ်တင်မြှောက်ခြင်းခံရသော ကော်မတီဝင်၏ သက်တမ်းသည် မူလကော်မတီ၏ ကျန်ရှိသော ကာလအတွက်သာ ဖြစ်သည်။

၈၀။ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ဥပဒေပုဒ်မ (၃၄) ပြဋ္ဌာန်းချက်ပါ အခြေအနေတစ်ရပ်ရပ်ကြောင့် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များကို ဖျက်သိမ်းရန်လိုအပ်ကြောင်း မြို့နယ်ဦးစီးမှူးမှ တင်ပြလာပါက မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရန် အတည်ပြုခြင်း၊ ငြင်းပယ်ခြင်းပြုနိုင်သည်။

အခန်း (၁၃) (ခ)

ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်များနှင့် ကော်မတီဝင်များ၏ တာဝန်များ

၈၁။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်များ၏ တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်အဖြစ် ဌာန၏ ပုံစံ (၂၁) ဖြင့် ပါဝင်လိုသော အစုအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့မှ သတ်မှတ်သော အဖွဲ့ဝင်ကြေးကို ထည့်ဝင်ရမည်။

(ဂ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်းကို လိုက်နာရမည်။

(ဃ) ဥပဒေ၊ နည်းဥပဒေ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၈၂။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ကော်မတီဝင်တစ်ဦးဦးသည် ကော်မတီဝင်အဖြစ် မှနုတ်ထွက်လိုပါက ကော်မတီသို့

ရက်ပေါင်း ၃၀ ကြိုတင်၍ တင်ပြရမည်။ ကော်မတီမှ အကျိုးအကြောင်း ညီညွတ်မှု ရှိ/ မရှိ ဦးစွာစိစစ်ရမည်။

(ခ) ကော်မတီဝင်တစ်ဦးဦးသည် ကော်မတီတာဝန်မှလည်းကောင်း၊ အစုအဖွဲ့ဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်လိုပါက မြို့နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ဂ) ကော်မတီဝင်တစ်ဦးချင်းသည် မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ငွေစာရင်းရှင်းတမ်းများကို လစဉ်ကျင်းပသည့်ကော်မတီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ဃ) ကော်မတီအစည်းအဝေးကို အနည်းဆုံးတစ်လတစ်ကြိမ် ပုံမှန်ကျင်းပ၍ အစည်းအဝေးမှတ်တမ်း ထားရှိရမည်။ လိုအပ်ပါက အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပနိုင်သည်။ အစည်းအဝေးမှတ်တမ်း၊ ငွေစာရင်းရှင်းတမ်းများနှင့် ဆုံးဖြတ်ချက်များကို အသင်းဝင်များမြင်သာသောနေရာတွင် ကပ်ထားရမည်။

(င) မိမိတို့ အစုအဖွဲ့အသင်းဝင်များ ငါးဖမ်းဆီးခွင့်ရရှိသော ဒေသ၏ သဘာဝပတ်ဝန်းကျင်အား မထိခိုက်စေရေးနှင့် ငါးလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစုအဖွဲ့ဝင်များအား အသိပညာပေးခြင်းနှင့် ဗဟုသုတပြန့်ပွားရေးတို့ကို ဆောင်ရွက်ပေးရမည်။

(စ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင် အချင်းချင်းကြားတွင် အငြင်းပွားမှု ဖြစ်ပေါ်လာလျှင် ဥပဒေပုဒ်မ(၃၃)အရ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ကော်မတီမှ ဖြေရှင်းဆောင်ရွက်ပေးရမည်။

(ဆ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ အချင်းချင်းကြားတွင် အငြင်းပွားမှုဖြစ်ပေါ်လာလျှင် ဥပဒေပုဒ်မ(၃၃)အရ ညှိနှိုင်း

ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် မြို့နယ်ဦးစီးဌာနမှူးသို့ တင်ပြရမည်။

(ဇ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုသော အင်း/ တင်ဒါချက်များအား မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားနိုင်သည်။

(ဈ) အစုအဖွဲ့ပိုင်ငွေများကို ဘဏ်တစ်ခုခုတွင် ငွေစုစာအုပ်သို့မဟုတ် ငွေစာရင်းဖွင့်လှစ်ထားရမည်။

(ည) ဘဏ်စာရင်းဖွင့်ရာတွင် ပူးတွဲငွေစာရင်းကို အနည်းဆုံးကော်မတီ အဖွဲ့ဝင် ၃ ဦး၏ အမည်ဖြင့် ဖွင့်လှစ်ရမည်။

၈၃။ ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့တစ်ဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုသော အစုအဖွဲ့လုပ်ပိုင်ခွင့်ပြုရန် သတ်မှတ်ထားသော ရေပြင်ရှိအင်း၊ တင်ဒါချက်ကို လျှောက်ထားနိုင်ပြီး တွဲ၍ရောင်းချထားသည့် အင်းအတွဲသို့မဟုတ် အင်းဂရန်တစ်ခုကိုသာ လုပ်ပိုင်ခွင့် ရနိုင်သည်။ (ခွင့်ပြုပြီး ကြေးတိုင်အင်း၊ သုတေသနအင်း၊ ဘေးမဲ့အင်း၊ သီးသန့်အင်းတို့အား လျှောက်ထားခွင့်မရှိ)

အခန်း(၁၃) (ဂ)

မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်များ

၈၄။ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်
မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ အဖွဲ့ဝင်များ
သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ

မှ အရပ်သားကိုယ်စားလှယ် ၂ ဦး

(ဃ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များမှ အဖွဲ့ဝင်များ ရွေးချယ်ပေးသော ရေလုပ်ငန်းကျွမ်းကျင်သည့် အများယုံကြည်လေးစားသူ ၂ ဦး (လက်ရှိအင်းလုပ်ငန်း လုပ်ကိုင်နေသူ မဖြစ်ရ)

(င) မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး ငါးလုပ်ငန်းဦးစီးဌာန

၈၅။ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ၏ လျှောက်ထားလာမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အောက်ပါအတိုင်း ကြီးကြပ်စစ်ဆေးရမည်-

(၁) ဒေသခံရေလုပ်သားများ ဟုတ်/ မဟုတ်၊

(၂) အင်းလုပ်ငန်းကို အစုအဖွဲ့ဖြင့် အမှန်တကယ်လုပ်ကိုင်သည့် အစုအဖွဲ့ ဟုတ်/ မဟုတ်၊

(၃) အစုအဖွဲ့စည်းမျဉ်းစည်းကမ်းရေးဆွဲထားရှိမှု ရှိ/ မရှိ၊

(၄) အစုအဖွဲ့ပိုင်စုဆောင်းငွေ ဟုတ်/ မဟုတ်၊

(၅) အင်းလုပ်ကိုင်ခွင့်ရရှိပါက မိမိအစုအဖွဲ့ဝင်များအား တာဝန်ခံနိုင်မှု ရှိ/ မရှိ၊

(၆) စပါးနှင့်ငါး ထိပ်တိုက်ပဋိပက္ခဖြစ်နိုင်သော အင်းများ ဟုတ်/ မဟုတ်၊

(၇) မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတွင် ရေလုပ်သားကတ်ပြုလုပ်ထားခြင်း ရှိ/ မရှိ၊

(၈) အင်းလျှောက်ထားသော အစုအဖွဲ့ဝင်များသည် ငါးလုပ်ငန်းလုပ်ကိုင်မည့် ရေပြင်ဧရိယာနှင့် ဆက်စပ်သည့် နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်မှုနှင့် စိုက်ပျိုးလုပ်ကိုင်မှု ရှိ/ မရှိ၊

(၉) အစုအဖွဲ့ပိုင် ငွေစာရင်းစာအုပ်တွင် အစုအဖွဲ့လျှောက်ထားမည့်အင်း၏ အင်းခွန်ငွေ ပြည့်/ မပြည့်၊

(၁၀) အစုအဖွဲ့လျှောက်ထားလာသော အင်းသည် တိုင်းဒေသကြီးမှ လျှောက်ထားခွင့်ပြုသော အင်း ဟုတ်/ မဟုတ်၊

(၁၁) အမည်ပျက်စာရင်းတွင် ပါဝင်သောအစုအဖွဲ့ ဟုတ်/ မဟုတ်။

(ခ) အင်းတစ်အင်းကို အစုအဖွဲ့ ၁ ဖွဲ့ထက်ပို၍ လျှောက်ထားလာပါ က ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ဝန်ခံကတိပြုသည့် အဖွဲ့များကို ဦးစားပေးဆောင်ရွက်ပေးရမည်။

(ဂ) ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းမှုမရရှိပါက မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ၎င်း၏သဘောထားမှတ်ချက်နှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

(ဃ) မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးမှ တင်ပြလာသော ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များကြားတွင် ဖြစ်ပေါ်လာသည့် အငြင်းပွားမှုများကို ခရိုင်ဦးစီးဌာနမှူးနှင့် ညှိနှိုင်းဆောင်ရွက်ဖြေရှင်းပေးရမည်။

(င) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များမှ ကော်မတီဝင်တစ်ဦးဦးသည် ၎င်း၏ ကော်မတီတာဝန်မှ လည်းကောင်း၊ အစုအဖွဲ့ဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်လိုကြောင်း မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် တင်ပြလာပါက ရရန်/ ပေးရန်စာရင်းရှင်းလင်းစေပြီးမှသာ နုတ်ထွက်ခွင့်ပြုရမည်။

အခန်း(၁၄)

ပြန်အမ်းငွေ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၈၆။ နိုင်ငံတော်နှင့် တိုင်းဒေသကြီး၏ အကျိုးငှာလိုအပ်၍ အငှားဂရန် ရရှိသူ၊ နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်းဂရန်) ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် ဥပဒေပုဒ်မ(၃၆)၊ ပုဒ်မခွဲ(က)အရ အကြောင်းကြားစာလက်ခံရရှိသည့် နေ့မှလည်းကောင်း၊ ဥပဒေပုဒ်မ(၃၆)၊ ပုဒ်မခွဲ(ခ)အရ ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာသည့် နေ့မှလည်းကောင်း ရက်ပေါင်း ၃၀ အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည်-

(က) အကြောင်းကြားစာ၊ (ရုံးအမိန့်စာမူရင်း သို့မဟုတ် မိတ္တူမှန်၊)

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်းအခြေအနေ တင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့် ထောက်ခံချက်များ။

၈၇။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ(၈၆)အရ မြို့နယ်ဦးစီးဌာနမှူးထံမှ တင်ပြလာသော ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်ထားသည့်အချက်

များ မှန်ကန်မှု ရှိ/ မရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှု စစ်ဆေးရမည်။

၈၈။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့် မရှိစေရ-

(က) သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ သာမန်ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း၊

(ခ) နုန်းမြေများတင်လာ၍ ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း)များ တိမ်ကောပျက်စီးခြင်း၊

(ဂ) ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း(ကြေးတိုင်အင်း) အတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများကို အသုံးပြု၍ အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း သို့မဟုတ် လုယက်ခံရခြင်း။

၈၉။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲကို စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ အဆင့်ဆင့်တင်ပြရမည်။

၉၀။ ဝန်ကြီးသည် နည်းဥပဒေ (၈၉)အရ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ စိစစ်ပြီး ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

၉၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီချက် ရရှိပါက ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

၉၂။ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ငြင်းပယ်ခံရလျှင် ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၉၃။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

အခန်း(၁၅)

ကြွေးကျန်များ ကောက်ခံခြင်း

၉၄။ ခရိုင်၊ မြို့နယ်၊ မြို့ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာ အခွန်ကြွေးကျန်နှင့်စပ်လျဉ်း၍ အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်နှင့် ဒဏ်ကြေးငွေများကို ဥပဒေပုဒ်မ (၂၅)ပုဒ်မခွဲ (င) အရ မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်စေရန် အကြောင်းကြားခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရ

မည့် အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်း ရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့်ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း။

၉၅။ ဦးစီးဌာနမှူးသည် နည်းဥပဒေ(၉၄)နည်းဥပဒေခွဲ(က)အရ ပျက်ကွက်သူထံ အကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည်-

(က) ပျက်ကွက်သူသို့ ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့် အတူတကွ နေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူတစ်ဦးဦးထံသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါ နည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် ပေးအပ်၍မရပါက ပျက်ကွက်သူနေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာ ကပ်ထားခြင်း။

၉၆။ အကြောင်းကြားစာတွင် အောက်ပါအချက်များကိုထည့်သွင်း ဖော်ပြရမည်-

(က) ပျက်ကွက်သူမှ ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှ နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူ့ထံ ပေးဆောင်ရမည်။

၉၇။ ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လေလံတင်ရောင်းချရာတွင်-

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး ၁၅ ရက် ကြိုတင်၍ လေလံကြော်ငြာစာဖြင့် ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်ဆိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည်စသည့် အချက်များနှင့်တကွ လေလံတင် ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြရမည်။

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်။

(ဃ) လေလံဆွဲဝယ်မည့်သူ မရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ မြေခွန်မပြေ ကျန်ငွေနှင့် ကုန်ကျစရိတ်အောက် လျော့နည်းလျှင်ဖြစ်စေ လေလံပွဲကိုရွှေ့ဆိုင်း၍ ထပ်မံလေလံတင်ရောင်းချရမည်။

(င) ရရှိသည့်ငွေမှ ရရန်ရှိသော မြေခွန်မပြေ ကျန်ငွေနှင့် ကုန်ကျစရိတ်ကို နုတ်ယူ၍ ဘဏ္ဍာသို့ ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည်ပေးအပ်ရမည်။

အခန်း(၁၆)

စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူခြင်း

၉၈။ ဦးစီးဌာနမှူးက ဖွဲ့စည်းထားသောအဖွဲ့တွင် လက်ထောက်ဦးစီးဌာနမှူး အဆင့် ထက်မနိမ့်သူက ဦးဆောင်၍ အနည်းဆုံးအဖွဲ့ဝင် ၂ ဦးပါဝင်ရမည်။

၉၉။ ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနမှူးက ဖွဲ့စည်းထားသော အဖွဲ့သည် စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရန် ဖြစ်သည်။

၁၀၀။ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကို နည်းဥပဒေ၏ နောက်ဆက်တွဲ ပုံစံ(၂၅)(၂၆)ပါ ပုံစံဖြင့် ရေးသွင်းမှတ်သား သိမ်းဆည်းရမည်။ မိတ္တူ တစ်စောင်ကို ရှာဖွေသိမ်းဆည်းခြင်းခံရသူက တောင်းဆိုပါက ပေးအပ်ရမည်။

၁၀၁။ ရှာဖွေရာတွင် အရပ်သားသက်သေ ၂ ဦး၏ ရှေ့မှောက်တွင် ရှာဖွေရမည်။ နေဝင်မှ နေထွက်ကြား ရှာဖွေခြင်းဖြစ်ပါက သက်ဆိုင်ရာနယ်မြေ၏ အုပ်ချုပ်ရေး အဖွဲ့ဝင် ၂ ဦး ပါရှိရမည်။

၁၀၂။ ဦးစီးဌာနမှူး သို့မဟုတ် အဆိုပါအဖွဲ့သည် စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းတို့ ပြုလုပ်ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာဦးစီးဌာနမှူး အဆင့်ဆင့်သို့ အစီရင်ခံ တင်ပြရမည်။

၁၀၃။ သိမ်းဆည်းခဲ့သော ပစ္စည်းများနှင့်ပတ်သက်၍ စီမံခန့်ခွဲမိန့်ကိုလည်း တင်ပြတောင်းခံရမည်ဖြစ်ပြီး အမိန့်၊ ညွှန်ကြားချက်နှင့်အညီ ဆောလျင်စွာ စီမံဆောင်ရွက်ရမည်။

၁၀၄။ ဘဏ္ဍာသိမ်းရမည့် ပစ္စည်းများအတွက် သက်ဆိုင်ရာဦးစီးဌာနမှူးများမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၁၀၅။ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းကိစ္စရပ်များအတွက် ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၇၀)၊ ပုဒ်မ(၇၃)တို့နှင့်အညီ ဆောင်ရွက်သွားရန် ဖြစ်သည်။

အခန်း(၁၇)

အထွေထွေ

၁၀၆။ ဝန်ကြီးသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်း ကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေပုဒ်မ(၂၀) ပုဒ်မခွဲ(ဂ)အရ အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင်-

(က) သက်ဆိုင်ရာအစိုးရအဖွဲ့၏ သဘောထားမှတ်ချက် ရယူရမည်။

(ခ) သက်ဆိုင်ရာအစိုးရအဖွဲ့မှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၁၀၇။ ဦးစီးဌာနသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းများနှင့် သက်ဆိုင်သော ဘုံငါးဖမ်းလုပ်ကွက်နှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင်ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၀၈။ ဦးစီးဌာနသည် နည်းဥပဒေ(၁၀၇)ပါ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင်ရာ၌ ရေချိုငါးလုပ်ငန်းနယ်နိမိတ် သတ်မှတ်ရာတွင် ဒေသဓလေ့ထုံးစံနှင့်အညီ အင်းချောင်း၊ အင်းအိုင်နှုတ်ခမ်း(ရေစစ်ချိန်)မှ အင်းချောင်းတစ်ဖက်လျှင် အင်းအိုင် ပတ်လည်ကုန်းတွင်းဘက်သို့ ၁ သံကြိုး ဖဖပေ ထည့်သွင်းသတ်မှတ် ဆောင်ရွက်ရမည်။

၁၀၉။ ရေချိုငါးလုပ်ငန်းရေပြင်အတွင်း တူးဖော်ထားသော ငါးမွေးကန်များသည် ရေချိုငါးလုပ်ငန်း ရေပြင်အတွင်းမှ သဘာဝငါးများ ဝင်ရောက်မှုမရှိစေရေး လုံခြုံစွာထားရှိ ဆောင်ရွက်ရမည်။

၁၁၀။ ငါးမွေးမြူရေးကန်အတွင်းသို့ ရေသွင်းရေထုတ်ပြုလုပ်ဆောင်ရွက်ရာတွင် သဘာဝငါးများ ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်ရမည်။

၁၁၁။ ရေချိုငါးလုပ်ငန်းရေပြင်အတွင်း ဒေသအလိုက် စိုက်ပျိုးရေးအတွက် လိုအပ်သောအနေအထားထက်ပိုပြီး ကန်သင်းဘောင်အမြင့်ပတ်၍ သဘာဝငါး ဝင်ရောက်စေရန် အစာကျွေးခြင်း၊ ငါးမြူဆွယ်ခြင်း မပြုရ။

၁၁၂။ ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၅၀)အရ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိသူမှအပ မည်သူမှ ဆည်၊ တမံ၊ ယင်းစသော အပိတ် အဆို့ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုရ ဟု ပြဋ္ဌာန်းထားသော်လည်း ဖျာပုံခရိုင်အတွင်း မိုးပုစွန်နွေအင်းများတွင် အောင်ရေထိန်းရန်နှင့် ရေငန်မဝင်ရောက်စေရေးအတွက် မိုးချိုး/ နွေပိတ်တမံများ ကို နှစ်စဉ် ကဆုန်လကုန်(မေလနှောင်းပိုင်း)တွင် ချိုးဖောက်ပြီး၊ တန်ဆောင်မုန်း လဆုတ် ၁၀ ရက်နေ့မတိုင်မီ ပြန်လည် ပိတ်ရမည်။

၁၁၃။ မြို့နယ်ဦးစီးဌာနမှူးသည် နှစ်စဉ်ငါးလုပ်ငန်းရာသီ ကုန်ဆုံးသည့်အခါ အောက်ပါအချက်များပါဝင်သော အစီရင်ခံစာတစ်စောင်ကို ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်-

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှား ချထားမှု အခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှု အခြေအနေ၊

(ဃ) ဥပဒေအရ အရေးယူဆောင်ရွက်မှု အခြေအနေ၊

(င) ဥပဒေအရအရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်း ဆည်းထားသော ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်းဆောင်ရွက်မှု အခြေအနေ၊

(စ) နောက်လာမည့် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ရေးဆွဲမှု အခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှု အခြေအနေ။

၁၁၄။ ဦးစီးဌာနသည် ငါးသယံဇာတထိန်းသိမ်းခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်းပညာ စာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊ သုတေသနစာတမ်းများ ဖတ်ကြားခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၁၁၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ဥပဒေပုဒ်မ(၂၀) ပုဒ်မခွဲ(ဃ)အရ ဝန်ကြီးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင် ယင်းသို့ ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာ လက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာဦးစီးဌာနမှူးထံ သက်ဆိုင်ရာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည် အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသမှ ၇ ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ(၄၆)အရ ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၁၁၆။ ဦးစီးဌာနသည် ဤရေချိုငါးလုပ်ငန်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင်သော ကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီ ခွင့်ပြုခြင်း ဆောင်ရွက်နိုင်သည်။

၁၁၇။ ဦးစီးဌာနသည် ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင် တိကျစွာ ဖော်ပြရမည်။

၁၁၈။ ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၇၅)အရ

၁၁၉။ ဦးစီးဌာနသည် ရေပေါ်ရေလျှံလုပ်သားများ ရှာဖွေစားသောက်ခွင့်ရှိသော အခွန်လွတ်ငါးဖမ်းကိရိယာများ အရေအတွက်ကို အောက်ပါအတိုင်း ခွင့်ပြု သတ်မှတ်ရမည်-

(က) ရေချိုဒေသအတွက် အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(၁)	လူတစ်ဦးလျှင် လက်ထွန်	၃ လက်
(၂)	လူတစ်ဦးလျှင် ကိုင်းထောက်	၂၀ ခု
(၃)	လူတစ်ဦးလျှင် ထောင်ကျဉ်း သို့မဟုတ် တိုင်ထောင်ငါးမျှား	၅ ခု
(၄)	လူတစ်ဦးလျှင် ငါးမျှားချိတ် ၂၀ ထက်မပိုသော ငါးမျှားတန်း	၁ တန်း
(၅)	လူတစ်ဦးလျှင် ဘူးမျှော	၁၀ ခု
(၆)	လူတစ်ဦးလျှင် (လှေအသုံးပြုခွင့်မရှိ) မျက်နှာဝ ၇ တောင် ထက်မပိုသော လက်ပစ်ကွန် သို့မဟုတ် ကွန်စိပ်	၁ လက်
(၇)	လူတစ်ဦးလျှင် အဝ(၃)တောင် ထက်မပိုသော ရင်တွန်း	၁ ခု
(၈)	လူတစ်ဦးလျှင် ၂တောင်ထက်မပိုသော ပေါ်ခပ် သို့မဟုတ် ရက်သဲ့အဝန်း	၁ ခု

(၉)	လူတစ်ဦးလျှင် မြှုးငယ်အမျိုးမျိုး (ပုစွန်မြှုး/ ခရာမြှုး) စသည့်	၃၀ လုံး
(၁၀)	လူတစ်ဦးလျှင် မြှုးကြီး(ရေချို)	၃ လုံး
(၁၁)	လူတစ်ဦးလျှင် တုပ် သို့မဟုတ် တုပ်ကတုံး	၃ ခု
(၁၂)	လူတစ်ဦးလျှင် တစ်စောင်း	၁ ခု
(၁၃)	လူတစ်ဦးလျှင် လှံထိုး	၁ ခု
(၁၄)	လူတစ်ဦးလျှင် ဂုတ်	၁ ခု
(၁၅)	လူတစ်ဦးလျှင် ယက်သဲ့	၁ ခု
(၁၆)	လူတစ်ဦးလျှင် ဆောင်း သို့မဟုတ် ဆောင်းအုပ်	၂ လက်

(ခ) ရေချိုရေငန်စပ်ဒေသအတွက် အောက်ပါအတိုင်းဖြစ်သည်-

(၁)	လူတစ်ဦးလျှင် ပေါ်ခပ် အဝန်း ၃ တောင်	၁ ခု
(၂)	လူတစ်ဦးလျှင် ယက်သဲ့ ထိပ်ဝ ၁ လံ	၁ ခု
(၃)	လူတစ်ဦးလျှင် တိုင်ထောင်မျှင်	၁ ဖောင်
(၄)	လူတစ်ဦးလျှင် ပိုက်ခမင်း	၁ လက်
(၅)	လူတစ်ဦးလျှင် ပိုက်စိမ်း	၁ ဖောင်
(၆)	လူတစ်ဦးလျှင် ခမင်းမြှုး	၅ လုံး

၁၂၀။ ရောဂါတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူ ဆောင်ရွက်ရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဤရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

တင်အောင်ဝင်း

ဝန်ကြီး

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပုံစံ(၁)

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------မြို့

လေလံကြော်ငြာ

[နည်းဥပဒေများ အပိုဒ် ၅ (ခ)]

ရက်စွဲ၊

အများသိစေရန်ကြော်ငြာလိုက်သည်။

-------------------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ၂၀ -၂၀ ခုနှစ်၊ ၁၃ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ဈေးပြိုင်စနစ်ဖြင့်လေလံရောင်းချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်)နေ့ နံနက် ( ) အချိန်တွင် အောက်ဖော်ပြပါ လေလံစည်းကမ်းချက်များနှင့်အညီတွင် လေလံရောင်းချမည် ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

လေလံစည်းကမ်းချက်များ

ပုံစံ(၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

[နည်းဥပဒေများ အပိုဒ် ၆]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-----------------မြို့။

ရက်စွဲ၊

အကြောင်းအရာ။

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ ဦး/ဒေါ်--------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

(ယခင်နှစ်ကအငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၅။ နေရပ်၊

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

ဆွဲဝယ်ခွင့်ရရှိသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ၊

နေ့စွဲ၊

ပုံစံ(၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

[နည်းဥပဒေများ အပိုဒ် ၉(က)၊ ၁၀]

အမှတ်စဉ်- /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့၊

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

------------------မြို့နယ်

နေ့စွဲ၊

ပုံစံ(၄)

ဂရန်အင်းလေလံတင်ရောင်းချခြင်းအမှုတွဲ

[နည်းဥပဒေများ အပိုဒ် ၁၃ (က)]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊

------------ခုနှစ်၊

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည်-

ဂရန်အင်း၏ တည်ရှိနေရာ-

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့-

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့်အင်းခွန်

နှစ်	အငှားဂရန်ရှိသူ	အင်းခွန်

ယခုနှစ်တွင်ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး လေလံဆွဲဝယ်ကြသူများ

စဉ်	လေလံဆွဲဝယ်ရရှိသူအမည်/ မှတ်ပုံတင်အမှတ်	ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်းဖြင့်)	(စာဖြင့်)

ယခုသတ်မှတ်သည့်အင်းခွန်-

အငှားဂရန်ရရှိသူအမည်-

မှတ်ချက် (ရှိလျှင်ဖော်ပြရန်)-

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ

ပုံစံ(၅)

ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ

[နည်းဥပဒေများ အပိုဒ် ၁၄(က)]

-------------------------ပြည်နယ်/တိုင်း

------------------ခရိုင်၊ ------------------မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့စွဲ ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ ၊

ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင်ပါဝင်သူများ ၊

စဉ်	ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ	၅နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်လေလံဈေး	မှတ်ချက်

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ

ပုံစံ(၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

အငှားဂရန်

[နည်းဥပဒေများ အပိုဒ် ၁၄(ခ)၊ အပိုဒ် ၁၉(ဂ)၊ အပိုဒ် ၅၃]

စိုက်ပျိုးရေး၊ မွေးမြူရေး ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ၏ --------------- နေ့စွဲပါစာအမှတ်၊ -------------ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ပါ ပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ အငှားဂရန်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည်၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ နေရပ်လိပ်စာ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊

၇။ အင်းခွန်--------------ကို-----------------မြို့ မြန်မာ့စီးပွားရေးဘဏ် ( )နေ့စွဲပါ ချလံအမှတ် ( )အရ ငွေပြေပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

---------------မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ(၇)

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------မြို့

တင်ဒါကြော်ငြာ

{ နည်းဥပဒေများ အပိုဒ် ၂၄(က)}

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အများသိစေရန်ကြော်ငြာလိုက်သည်။

--------------------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါငါးဖမ်းကွက်များ အား(၂၀ -၂၀)ခုနှစ်၊ (၁၃)ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်း ချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ၊ ရက်၊ (၁၃ ခုနှစ်၊ လ ရက်) နေ့ နံနက် ( )နာရီအချိန်တွင် အောက်ဖော်ပြပါတင်ဒါစည်းကမ်းချက်များနှင့်အညီ တွင် ချိတ်ပိတ်တင်ဒါဈေးနှုန်း တင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

တင်ဒါစည်းကမ်းချက်များ

ပုံစံ(၈)

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

[နည်းဥပဒေများ အပိုဒ် ၂၅၊ ၂၆]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-----------------မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ

ရက်

အကြောင်းအရာ။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ ဦး/ဒေါ်--------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါ ဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊

(ယခင်နှစ်ကတင်ဒါလိုင်စင်ရရှိခဲ့လျှင်
တင်ဒါငါးဖမ်းကွက်အမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၇။ တင်ဒါဆွဲဝယ်မည့်ရက်၊

လျှောက်ထားသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

နေ့စွဲ၊

ပုံစံ(၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

{ နည်းဥပဒေများ အပိုဒ် ၂၈ (က)၊ ၂၉ }

အမှတ်စဉ်- /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး (ဂဏန်းဖြင့်)
(စာဖြင့်)

လျှောက်ထားသူ

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို
ရွေးချယ်အတည်ပြုသည်/ရွေးချယ်ခြင်း မပြုပါ။

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၁၀)

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်းအမှုတွဲ

{ နည်းဥပဒေများအပိုဒ် ၃၃ (က)}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊

------------ခုနှစ်၊

တင်ဒါငါးဖမ်းကွက်အမည်-

တင်ဒါငါးဖမ်းကွက် တည်ရှိနေရာ-

တင်ဒါချထားသည့်နေ့-

ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့်တင်ဒါကြေး

နှစ်	တင်ဒါလိုင်စင်ရရှိသူ	တင်ဒါကြေး

ယခုနှစ်တွင်တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး တင်ဒါသွင်းကြသူများ

စဉ်	တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူအမည်/	တင်ဒါကြေး
မှတ်ပုံတင်အမှတ်	(ဂဏန်းဖြင့်)	(စာဖြင့်)

ယခုသတ်မှတ်သည့်တင်ဒါကြေး-

တင်ဒါလိုင်စင်ရရှိသူအမည်-

မှတ်ချက် (ရှိလျှင်ဖော်ပြရန်)-

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ

ပုံစံ(၁၁)

တင်ဒါလိုင်စင်ချထားပြီးစီးကြောင်းတင်ပြစာ

{ နည်းဥပဒေများ အပိုဒ် ၃၄(က)}

------------------------ပြည်နယ်/တိုင်း

------------------ခရိုင်၊ ------------------မြို့နယ်

တင်ဒါချထားသည့်နေ့စွဲ ။

တင်ဒါချထားချသည့်နေရာ ။

တင်ဒါချထားရေးအဖွဲ့တွင်ပါဝင်သူများ ။

စဉ်	တင်ဒါငါးဖမ်းကွက် အမည်နှင့် ဆွဲဝယ်သူ	၅နှစ် ပျမ်းမျှဈေး	ယခင်နှစ် ဈေး	ယခုနှစ် တင်ဒါဈေး	မှတ် ချက်

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ

ပုံစံ(၁၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
တင်ဒါလိုင်စင်
{ နည်းဥပဒေများ အပိုဒ် ၃၄(ခ)၊ အပိုဒ် ၅၃ }

လိုင်စင်အမှတ်၊

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ၏ --------------- နေ့စွဲပါစာအမှတ်၊ -------------ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ပါ ပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ တင်ဒါလုင်စင်ကို ပူးတွဲပါစည်းကမ်း ချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည်၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ နေရပ်လိပ်စာ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့် အတိုင်းအတာ၊
တင်ဒါကြေးလိုင်စင်ခ---------------ကို---------------နေ့စွဲပါ
ချလံအမှတ် ( )ဖြင့် ---------------ဘဏ်သို့ပေးသွင်းပြီး
ဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
---------------မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ(၁၃)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

{ နည်းဥပဒေများ အပိုဒ် ၃၈ }

သို့

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
---------------မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း

၁။ လျှောက်ထားသူအမည်၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊

၇။ လုပ်ကိုင်လိုသည့်ငါးဖမ်းကိရိယာများ

ငါးဖမ်းကိရိယာအမည် အရေအတွက်	အတိုင်းအတာ
	(က)အလျား
	(ခ)အနံ
	(ဂ)စောက်
	(ဃ)ထိပ်ဝ
	(င)အခြား

၈။ လုပ်ကိုင်လိုသည့်ခုနှစ်၊

လျှောက်ထားသူ၏လက်မှတ်

ပုံစံ(၁၄)

ငါးဖမ်းကိရိယာလျှောက်ထားသူများစာရင်း

{ နည်းဥပဒေများအပိုဒ် ၃၉ (က) (ခ) }

ပြည်နယ်/တိုင်း၊------------------------ခရိုင်၊ ---------------------------မြို့နယ်

လိုင်စင်လျှောက်ထားသူ အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	နေရပ်လိပ်စာ	ရုံးသုံးအမည်	ယခုနှစ်တင်ဒါများ					နေရာ	လိုင်စင်ခ	မှတ်ချက်
			ဖယားပါ အမှတ်စဉ်	ဒေသအခေါ်	ခွင့်ပြုသည့်အများဆုံး အတိုင်းအတာ					
					အလျား	အနံ	စောက်			

လျှောက်ထားသော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ငါးဖမ်းကိရိယာလိုင်စင်
{ နည်းဥပဒေများ အပိုဒ် ၄၁(က) }
(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်။)

မြို့နယ် ခုနှစ် အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -
အမျိုးသားမှတ်ပုံတင်အမှတ်/
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
နေရပ်လိပ်စာ -
ကိရိယာရုံးသုံးအမည် -
ဒေသအခေါ်အဝေါ် -
ကိရိယာအတိုင်းအတာ -
နေရာ
အထူးကန့်သတ်ချက်များ
မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါ ကိရိယာများ/ အထက်ဖော်ပြပါ ကိရိယာများ လုပ်ကိုင်သည့် လေ့တစ်စင်းအတွက် လိုင်စင် ဖြစ်သည်။
ဤလိုင်စင်သည် နေ့တွင်သက်တမ်းကုန်ဆုံးသည်။
နေ့စွဲ မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ငါးဖမ်းကိရိယာလိုင်စင်
{ နည်းဥပဒေများ အပိုဒ် ၄၁(က) }
(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်။)

မြို့နယ် ခုနှစ် အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -
အမျိုးသားမှတ်ပုံတင်အမှတ်/
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
နေရပ်လိပ်စာ -
ကိရိယာရုံးသုံးအမည် -
ဒေသအခေါ်အဝေါ် -
ကိရိယာအတိုင်းအတာ -
နေရာ
အထူးကန့်သတ်ချက်များ
မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါ ကိရိယာများ/ အထက်ဖော်ပြပါ ကိရိယာများလုပ်ကိုင်သည့် လေ့တစ်စင်းအတွက် လိုင်စင် ဖြစ်သည်။
ဤလိုင်စင်သည် နေ့တွင်သက်တမ်းကုန်ဆုံးသည်။
နေ့စွဲ မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၆)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

{ နည်းဥပဒေများ အပိုဒ် ၄၁ (ခ) }

-------------------ခရိုင်၊ ---------------------------မြို့နယ်

စဉ်	လိုင်စင်ရရှိသူ အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်	နေရပ် လိပ်စာ	လိုင်စင် အမှတ်စဉ် အမှတ်	လိုင်စင် ထုတ် ပေးသည့် အမှတ်	ငါးဖမ်း ကိရိယာ အမျိုးအစား နှင့် အမှတ်စဉ်	ငါးဖမ်း ကိရိယာ အတိုင်း အတာ	လိုင်စင် ခ	ထုတ်ပေးထား သည့် လိုင်စင်ပုံစံတန်ဖိုး နှင့် ရှက်ရေ

ပုံစံ (၁၇)

ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်

{ နည်းဥပဒေများ အပိုဒ် ၄၅ (က) }

--------------------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်တန်ဖိုး-

စဉ်	လက်ခံရရှိသည့်နေ့	ရှက်ရေ	တန်ဖိုး	အသုံးပြုသည့်နေ့	ရှက်ရေ	တန်ဖိုး	လက်ကျန်	မှတ်ချက်

ပုံစံ(၁၈)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုမှတ်ပုံတင်

{ နည်းဥပဒေများအပိုဒ် ၄၅ (ခ) }

--------------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန   -------------------- ခုနှစ်

စဉ်	လိုင်စင်ရရှိသူအမည်	အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	လိုင်စင်အမှတ်	လိုင်စင်ထုတ်ပေးသည့် နေ့စွဲ	ငါးဖမ်းကိရိယာအမျိုးအစား	ငါးဖမ်းကိရိယာအတိုင်းအတာ	ငါးဖမ်းကိရိယာလိုင်စင်ခနှုန်းထား	ထုတ်ပေးထားသည့်လိုင်စင်ပုံစံတန်ဖိုးနှင့်ရှက်ရေ	လိုင်စင်ခရရှိသည့်နေ့ရက်	ဘဏ်သို့ပေးသွင်းသည့်နေ့ရက်	ငါးဖမ်းခွင့်ပြုသည့်နေရာဒေသ

ပုံစံ (၁၉)

ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်း

(နည်းဥပဒေများ အပိုဒ် ၄၇)

-------------ခုနှစ်၊ -----------လ

-------------------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန လိုင်စင်တန်ဖိုး-

စဉ်	လက်ခံရရှိသည့်နေ့	ရှက်ရေ	တန်ဖိုး		စဉ်	ယခင်လလက်ကျန်	ယခုလအသုံးပြုသည့်နေ့	လိုင်စင်ရရှိသူ အမည်နှင့် အမျိုးသားမှတ်ပုံတင် အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ငါးဖမ်းကိရိယာအမျိုးအစားနှင့်အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေးသည့်လိုင်စင်ပုံစံရှက်ရေ	မှတ်ချက်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၂၀)

ပြည်ပနေ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြုပ်နှံမှု ဥပဒေနှင့် အညီ
ရေချိုငါးလုပ်ငန်းရေပြင်တွင်
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်လွှာ
(နည်းဥပဒေများ အပိုဒ် ၄၉)

သို့

တိုင်းဒေသကြီးဦးစီးဌာနမှူး
ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသူအမည်/အဖွဲ့အစည်းအမည်၊

၂။ နိုင်ငံကူးလက်မှတ်အမှတ်/ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံခြားရင်းနှီးမြုပ်နှံမှု
ကော်မရှင်၏ ခွင့်ပြုမိန့်အမှတ်၊

၃။ နေရပ်လိပ်စာ/အဖွဲ့အစည်းတည်နေရာ၊

၄။ လုပ်ကိုင်လိုသည့် ငါးလုပ်ငန်းအမျိုးအစား ၊
(က) ဂရန်အင်း၊ (ခ) တင်ဒါငါးဖမ်းကွက်၊ (ဂ) အခြား

၅။ လုပ်ကိုင်လိုသည့်နေရာဒေသ ၊---------------------------------------
----

၆။ လုပ်ကိုင်ရာတွင်အသုံးပြုမည့်ကိရိယာ (ရှိခဲ့လျှင်)
(က)အမျိုးအစား (ခ)ဦးရေ (ဂ) (ဃ)

၇။ နိုင်ငံခြားငွေရင်းနှီးမြုပ်နှံမှုပမာဏ၊

လျှောက်ထားသူ
တာဝန်/အဆင့်

ပုံစံ(၂၁)

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ အသင်းဝင် လျှောက်လွှာ
(နည်းဥပဒေများ အပိုဒ် ၈၁ (က))

၁။ အမည် ------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------

၃။ ရေလုပ်သားမှတ်ပုံတင်အမှတ် ------------------------------

၄။ မွေးဖွားရာဒေသ ------------------------------

၅။ မွေးသက္ကရာဇ်(အသက်) ------------------------------

၆။ ဖခင်အမည် ------------------------------

၇။ ပညာအရည်အချင်း ------------------------------

၈။ မိသားစုဝင်ဦးရေနှင့် လက်ရှိအလုပ်အကိုင်

(က) ခင်ပွန်း/ဇနီး

(အမည်နှင့် အလုပ်အကိုင်)------------------------------

(ခ) သား/ သမီးများ

(အမည်နှင့် အလုပ်အကိုင်)------------------------------

၉။ လက်ရှိအသုံးပြုနေသော ရေလုပ်ငန်းသုံး ပစ္စည်းများ ပိုင်ဆိုင်မှုအရေအတွက်နှင့် တန်ဖိုးခန့်မှန်းခြေ ------------------------------

၁၀။ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသည့်ကာလအပိုင်းအခြားနှင့်နေရာ------------------------------

၁၁။ လက်ရှိနေရပ်လိပ်စာ ------------------------------

အထက်ပါအချက်အလက်များ မှန်ကန်ကြောင်း အောက်တွင် လက်မှတ်ရေးထိုး လျှောက်ထားပါသည်။

ရေးထိုးမြဲလက်မှတ်

(လျှောက်ထားသူ)

ပုံစံ(၂၂)

နမူနာပုံစံ
ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကော်မတီဝင်များ ရွေးချယ်သည့်ဆန္ဒမဲလက်မှတ်

၁။ အမည် ---------------------------------

၂။ အမည် ---------------------------------

၃။ အမည် ---------------------------------

၄။ အမည် ---------------------------------

၅။ အမည် ---------------------------------

၆။ အမည် ---------------------------------

၇။ အမည် ---------------------------------

၈။ အမည် ---------------------------------

၉။ အမည် ---------------------------------

၁၀။ အမည် ---------------------------------

ကြီးကြပ်ရေးအဖွဲ့လက်မှတ်

၁။ ---------------	၂။ -----------------	၃။ --------------
၄။ ---------------	၅။ -----------------	၆။ --------------
၇။ ---------------	၈။ -----------------	၉။ --------------

ပုံစံ(၂၃)

နမူနာပုံစံ

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ * ဥက္ကဋ္ဌ/ * အတွင်းရေးမှူး/ *

ဘဏ္ဍာရေးမှူး/ *စာရင်းစစ်/

***အဖွဲ့ဝင်များ ရွေးချယ်သည့် ဆန္ဒမဲလက်မှတ်**

၁။ အမည် ---------------------------------

၂။ အမည် ---------------------------------

၃။ အမည် ---------------------------------

၄။ အမည် ---------------------------------

၅။ အမည် ---------------------------------

၆။ အမည် ---------------------------------

၇။ အမည် ---------------------------------

၈။ အမည် ---------------------------------

၉။ အမည် ---------------------------------

၁၀။ အမည် ---------------------------------

ကြီးကြပ်ရေးအဖွဲ့လက်မှတ်

၁။ --------------- ၂။ ------------------ ၃။ --------------

၄။ --------------- ၅။ ------------------ ၆။ --------------

၇။ --------------- ၈။ ------------------ ၉။ --------------

မှတ်ချက်။ * မလိုအပ်သည်များကို ပယ်ဖျက်ရန်။

နမူနာပုံစံ

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းပြီးကြောင်း အစီရင်ခံစာ

၁။ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းအမိန့် ------------------------------

စာအမှတ်နှင့် ရက်စွဲ ------------------------------

၂။ကြီးကြပ်ရေးအဖွဲ့ဝင်များ အမည်နှင့်တာဝန်(က) -------------------------

(ခ) -------------------------

(ဂ) -------------------------

(ဃ) -------------------------

(င) -------------------------

(စ) -------------------------

(ဆ) -------------------------

(ဇ) -------------------------

(ဈ) -------------------------

၃။ရွေးချယ်သည့် ရပ်ရွက်၊ ကျေးရွာအုပ်စုအမည် -------------------------

၄။မြို့နယ်အမည် -------------------------

၅။ရွေးချယ်သည့် နေရာ၊ ရက်စွဲနှင့် အချိန် -------------------------

----

၆။ရွေးချယ်ခံရသော ရပ်ရွာအခြေပြုငါးလုပ်ငန်း

အစုအဖွဲ့ကော်မတီဝင်များ အမည်စာရင်း

ပုံစံ (၂၅)

ငါးလုပ်ငန်းဦးစီးဌာန၏ ရှာဖွေသိမ်းဆည်းခြင်းပုံစံ

နည်းဥပဒေအပိုဒ် (၁၀၀)

ရှာဖွေ သည့် ရက်စွဲ/ အချိန်	ရှာဖွေ သည့် နေရာ	ကျူးလွန် သည့် ပုဒ်မ	ကျူးလွန်သူ နေထိုင်သည့် လိပ်စာ	ရှာဖွေသက်သေ အမည်များ အလုပ်အကိုင်၊နေရပ်	သက်သေ လက်မှတ် များ	ရှာဖွေသည့် အဖွဲ့ခေါင်း ဆောင် ရာထူး/လက်မှတ်	မှတ်ချက်

ရှာဖွေရာ၌ ဖမ်းဆီးရမိသည့်ပစ္စည်းအမျိုးစာရင်း

အမှတ်စဉ်	အမျိုးအမည် (အတိုင်း/အတာ)	အရေအတွက်	ရှာဖွေဖမ်းဆီးရသည့် ဖြစ်စဉ်အကျဉ်း	သက်သေများ၏ လက်မှတ်	သက်သေခံပစ္စည်းများအား အပ်နှံသူ အမည်/ လက်မှတ်

ပုံစံ (၂၆)

ဖမ်းဆီး/စစ်ဆေးခံရသူ၏ ရှေးဦးဝန်ခံထွက်ဆိုချက်

အမည် -

အသက် -

အဘအမည် -

နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် -

နေရပ်လိပ်စာ -

အလုပ်အကိုင် -

ကိုယ်၌ ထင်ရှားသည့် အမှတ်အသား -

ရှေးဦးဝန်ခံထွက်ဆိုသည်မှာ---

ဝန်ခံထွက်ဆိုသူ - လက်မှတ်

အမည် -

စစ်ဆေးရေးအဖွဲ့၏ လက်မှတ်

(အဖွဲ့ဝင်) (အဖွဲ့ခေါင်းဆောင်) (အဖွဲ့ဝင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပဲခူးမြို့

ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းနည်းဥပဒေများ

ရက်စွဲ၊ . . ၂၀၁၉

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း(၁)	
၁။	အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	၁
	အခန်း(၂)	
၂။	ရေချိုငါးလုပ်ငန်းရေပြင်များ ခွဲခြားသတ်မှတ်ခြင်း	၄
	အခန်း(၃)	
၃။	အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၄
	အခန်း(၄)	
၄။	နှစ်ရှည် အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၀
	အခန်း(၅)	
၅။	ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း	၁၂
	အခန်း(၆)	
၆။	တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၄
	အခန်း(၇)	
၇။	ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၂၀
	အခန်း(၈)	
၈။	မိတ္တူလျှောက်ထားခြင်း	၂၂
	အခန်း(၉)	
၉။	ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၂၃
	အခန်း(၁၀)	
၁၀။	တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၂၄
	အခန်း(၁၁)	
၁၁။	အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၂၈
	အခန်း(၁၂)	
၁၂။	တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၃၀
	အခန်း(၁၃)	
၁၃။	ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၃၁
	အခန်း(၁၄)	
၁၄။	ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၃၁
	အခန်း(၁၅)	
၁၅။	ကြွေးကျန်များ ကောက်ခံခြင်း	၃၃
	အခန်း(၁၆)	
၁၆။	ရေချိုငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေနေသယံဇာတထိန်းသိမ်းခြင်း	၃၄
	အခန်း(၁၇)	
၁၇။	ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းရောင်းချခွင့်လိုင်စင်၊ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရေလုပ်သား မှတ်ပုံတင်ကတ်များလျှောက်ထားခြင်း	၃၆
	အခန်း(၁၈)	
၁၈။	အထွေထွေ	၃၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပဲခူးမြို့
အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၁၉
ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းနည်းဥပဒေများ
၁၃၈၀-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၁၉-ခုနှစ်၊ မတ်လ ၂၉ ရက်)

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ-၉၄ ၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်း နည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **အခိုင်အမာအတားအဆီး** ဆိုသည်မှာ သဘာဝအလျောက်ပေါ်ပေါက်ခြင်း မဟုတ်ဘဲ ရေချိုငါးလုပ်ငန်းရေပြင်တွင် ရေစီးရေလာ အဟန့်အတားဖြစ်စေရန် လူတို့က ယာယီ သို့မဟုတ် အမြဲတမ်း အခိုင်အမာပြုလုပ်ထားသော အတား အဆီး တစ်ခုခုကိုဆိုသည်။

(ဇ) **ရေလုပ်သားမှတ်ပုံတင်** ဆိုသည်မှာ မည်သည့်ငါးလုပ်ငန်းကိုမဆို အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်းလုပ်ကိုင်သည့် ရေလုပ်သားများအား အသိအမှတ် ပြုထုတ်ပေးသော လက်မှတ် ကိုဆိုသည်။

(ဈ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေအရ သတ်မှတ်ထားသော ပုံစံကိုဆိုသည်။

(ည) **မြင်းဝန်းဆည် သို့မဟုတ် လျှောဆည်** ဆိုသည်မှာ ရေစီးအားနှင့် အတူပါ လာသော ငါးများအား ယင်းပေါ်တွင် တင်ကျန်စေရန် ကာရံစီမံထားရှိသည့် ငါးဖမ်းသည့်နည်းလမ်းကိုဆိုသည်။

(ဋ) **အဝချုပ်ဆည်** ဆိုသည်မှာ အင်းအိုင်တစ်ခုအတွင်း တစ်နေရာမှ တစ်နေရာသို့ သွားလာလှုပ်ရှားသည့် ငါးများကိုဖမ်းဆီးရန် မူလခွင့်ပြုထားသော ဆည်မကြီး၏ ရှေ့တွင် ပြုလုပ်ရသည့် ယင်းတန်းငါးဖမ်းကိရိယာကိုဆိုသည်။

(ဌ) **ဂျမ်း** ဆိုသည်မှာ အင်း သို့မဟုတ် ချောင်းရိုးများအတွင်းရှိ ငါးများအား ယင်းများဖြင့်လည်းကောင်း၊ ပိုက်များဖြင့် လည်းကောင်း ရွှေ့လျားစေကာ အောက်ခြေကြမ်းပြင်မှ သိမ်းကျုံးဆွဲယူဖမ်းဆီးသော ငါးဖမ်းနည်းစနစ်ကို ဆိုသည်။

(ဍ) **ဘဝန်း** ဆိုသည်မှာ ဒီရေအတက်အကျရှိသော ငါးလုပ်ငန်းရေပြင်အတွင်းရှိ ကမ်းခြေများတွင် ငါးများကို ဖမ်းဆီးရန် ယင်း သို့မဟုတ် ပိုက်များဖြင့် ချထား၍ ရေတက်ရေကျကို မူတည်ကာ ဖမ်းယူရသော ငါးဖမ်းကိရိယာကို ဆိုသည်။

(ဎ) **ငါးနေငါးထိုင်** ဆိုသည်မှာ ငါးများနေထိုင်ပေါက်ပွားကျက်စားကြီးပြင်းရာ ရေပြင်၊ ရေနေအပင်များ ပေါက်ပွားရာနေရာ၊ ငါးများခိုအောင်းကြီးပြင်း မျိုးပွား ရာနေရာကိုဆိုသည်။

(ဏ) **တောချဆည်** ဆိုသည်မှာ သက်ဆိုင်ရာအင်းဂရန်အတွင်း ငါးဖမ်းဆီးမှု လွယ်ကူစေရန်နှင့် ငါးမထွက်စေရန် မူလရေစီးရေလာကို ပျက်ပြား စေသော အခြေအနေများဖြစ်ပေါ်လာပါက အင်းဂရန်ကိုင်က မိမိ အင်းဂရန် အတွင်း လိုအပ်သောနေရာတွင် အသုံးပြုခွင့်ရှိသော ယင်း သို့မဟုတ် ပိုက်တန်းကို ဆိုသည်။

(တ) **အကယ်ဆည်** ဆိုသည်မှာ အင်းဂရန်များ၏ နယ်ခြားတွင် ကာရံထားသော ဆည်တန်းကိုဆိုသည်။

(ထ) **အင်းအိုင်ဧရိယာနယ်မြေ** ဆိုသည်မှာ မူလက အသိအမှတ်ပြု လုပ်ကိုင်ခွင့်ပြု ထားသည့် အကျယ်အဝန်း နယ်နိမိတ်ကိုဆိုသည်။

(ဒ) **ဦးပိုင်ရှိသော အစိုးရပိုင်မြေ** ဆိုသည်မှာ အစိုးရဌာနအဖွဲ့အစည်း တစ်ခုခုက တည်ဆဲမြေယာဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်ရှိသည့် အင်းအိုင်ဧရိယာနယ်မြေ နယ်နိမိတ်မှအပ အစိုးရပိုင်မြေကိုဆိုသည်။

(ဓ) **ဦးပိုင်ရှိသော ပုဂ္ဂလိကပိုင်မြေ** ဆိုသည်မှာ အင်းအိုင်ဧရိယာနယ်မြေ နယ်နိမိတ်မှအပ အမြဲဦးပိုင်ပေါက်သော မြေကိုဆိုသည်။

(န) **သက်ဆိုင်ရာမြို့နယ်အတွင်းမှ ဒေသခံ** ဆိုသည်မှာ ဂရန်အင်း၏ နယ်နိမိတ် များနှင့် ဆက်စပ်တည်ရှိရာ မြို့နယ်များအတွင်း နေထိုင်သူများကို ဆိုသည်။

(ပ) **ဒေသခံ** ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတွင် (၅) နှစ်ဆက်တိုက် အမှန် တကယ်နေထိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက အိမ်ထောင်စုစာရင်း၊ အထောက်အထားနှင့်တကွ ပြုစုတင်ပြနိုင်သူကို ဆိုသည်။

(ဖ) **လေလံတင်ရောင်းချမည့် မြို့နယ်** ဆိုသည်မှာ သက်ဆိုင်ရာခရိုင်/ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးစိုက်ရာမြို့ကို ဆိုသည်။

(ဗ) **ဈေးပြိုင်စနစ်** ဆိုသည်မှာ ဥပဒေနှင့်အညီ အင်းလေလံဆွဲဝယ်ခွင့် လက်မှတ် ရရှိထားသူများက အပြိုင်အဆိုင်ဖြင့် လေလံဆွဲ ဝယ်ရမည့် စနစ်ကိုဆိုသည်။

(ဘ) **လေလံအင်း** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ဒေသခံများအား ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချရန် ကြော်ငြာစာထုတ်ပြန်၍ ရောင်းချသော အင်းကို ဆိုသည်။

(မ) **အင်းလေလံကြော်ငြာ** ဆိုသည်မှာ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့် အင်းစာရင်း၊ ရောင်းချမည့်အစီအစဉ်၊ လေလံဆွဲဝယ်မည့်သူများ လိုက်နာရန် စည်းကမ်းချက်များပါရှိသည့် ကြော်ငြာစာကို ဆိုသည်။

(ယ) **ရက်တိုးငါးဖမ်းဆီးခွင့်** ဆိုသည်မှာ ဂရန်အင်း/ တင်ဒါချက်လုပ်ကိုင်ခွင့်ရရှိသူအား သတ်မှတ်ခွင့်ပြုထားသည့် ငါးဖမ်းကာလအတွင်း လုပ်ငန်းမပြီးဆုံးသဖြင့် ဥပဒေနှင့်အညီ ထပ်မံလုပ်ကိုင်ခွင့်ပြုထားသည့် ငါးဖမ်းကာလကို ဆိုသည်။

(ရ) **ငါးရစ်ငါးသန်တားမြစ်ကာလ** ဆိုသည်မှာ ကဆုန်၊ နယုန်၊ ဝါဆို(ပထမဝါဆို) လများကိုဆိုသည်။

(လ) **ရေနေရေထိုင်** ဆိုသည်မှာ ဂရန်အင်းဧရိယာနယ်နိမိတ်အတွင်း ငါးမျိုးစိုက်ထည့်မွေးမြူရန် လုံလောက်သည့် ရေထုထည်ပမာဏရှိပြီး ရေနေမှု ကာလကြာမြင့်မှုရှိသည့် ရေပြင်ကို ဆိုသည်။

(ဝ) **ငါးနေငါးထိုင်တော** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းနယ်နိမိတ်အတွင်း ပေါက်ရောက် လျက်ရှိသည့် ကုန်းနေ၊ ရေနေ အပင်များကို ဆိုသည်။

အခန်း(၂)
ရေချိုငါးလုပ်ငန်းရေပြင်များ ခွဲခြားသတ်မှတ်ခြင်း

၃။ ဦးစီးဌာနသည် **ရေချိုငါးလုပ်ငန်း ရေပြင်များကို** အောက်ပါအတိုင်းခွဲခြားသတ်မှတ်သည်-

(က) အငှားဂရန်အင်း၊
(ခ) သီးသန့်အင်း၊
(ဂ) ဘေးမဲ့အင်း၊
(ဃ) တင်ဒါငါးဖမ်းကွက်၊
(င) လိုင်စင်ဖြင့် ငါးဖမ်းခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်၊

အခန်း(၃)
အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အငှားဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ်ဧပြီလအတွင်းတွင် စတင်ဆောင်ရွက်ရမည်။

၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် -

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် လေလံတင်ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အဖွဲ့အား တာဝန်ပေးအပ်ရမည်-

ဂရန်အင်းများ လေလံတင်ရောင်းချမှု ကြီးကြပ်ရေးအဖွဲ့

(၁)	ဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ငါးလုပ်ငန်းဦးစီးဌာနကို စီမံခန့်ခွဲခွင့်ရသည့် ဝန်ကြီးဌာန	**ဥက္ကဋ္ဌ**
(၂)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	အဖွဲ့ဝင်
(၃)	တိုင်းဒေသကြီးဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန	အဖွဲ့ဝင်
(၄)	တိုင်းဒေသကြီးဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန	အဖွဲ့ဝင်
(၅)	တိုင်းဒေသကြီးဦးစီးဌာနမှူး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	အဖွဲ့ဝင်
(၆)	တိုင်းဒေသကြီးဦးစီးဌာနမှူး ငါးလုပ်ငန်းဦးစီးဌာန	အတွင်းရေးမှူး

ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့

(၁)	သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး ငါးလုပ်ငန်းဦးစီးဌာန	**ဥက္ကဋ္ဌ**
(၂)	ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၃)	ခရိုင်ဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန	အဖွဲ့ဝင်
(၄)	ခရိုင်ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန	အဖွဲ့ဝင်
(၅)	ခရိုင်ဦးစီးဌာနမှူး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	အဖွဲ့ဝင်

(၆) တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးက တာဝန် ပေးအပ်သူ အရာရှိ(၁)ဦး — အဖွဲ့ဝင်

(၇) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး ငါးလုပ်ငန်းဦးစီးဌာန — အတွင်းရေးမှူး

(ခ) အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းသောဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ဂရန်အင်းများလေလံတင်ရောင်းချရာတွင် စနစ်တကျဖြစ်စေရေးနှင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးအတွက် လိုအပ်သော အမိန့်ညွှန်ကြားချက်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၆။ ဂရန်အင်းများ လေလံတင်ရောင်းချရာတွင် -

(က) မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများ စာရင်းကို (၁)နှစ်ကာလအတွက် လေလံတင်ရောင်းချမည့် အစီအစဉ် ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်၊

(ခ) နည်းဥပဒေ ၆(က)အရ တင်ပြချက်ကို ရရှိသည့်အခါ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် လေလံတင် ရောင်းချမည့် ဂရန်အင်းများကို အစီအစဉ်ရေးဆွဲပြီး ဝန်ကြီးထံ အတည်ပြုချက်တောင်းခံရမည်၊

(ဂ) မြို့နယ်ဦးစီးဌာနမှူးသည် အတည်ပြုချက်ရရှိပါက ပထမအကြိမ်လေလံကြော်ငြာစာ ကို ဂရန်အင်းလေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရက်ပေါင်း (၃၀)ကြိုတင်၍ လေလံကြော်ငြာပုံစံ(၁)ဖြင့် မြို့နယ်အတွင်းနှင့် အင်းတည်ရှိရာ အရပ်ဒေသတွင် ပွင့်လင်း မြင်သာစွာ ကြေညာရမည်၊

(ဃ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချရပါက ဂရန်အင်းလေလံတင် ရောင်းချမည့်ရက်မတိုင်မီ (၁၅)ရက် ကြိုတင်၍ လေလံကြော်ငြာပုံစံ(၁)ဖြင့် မြို့နယ်အတွင်းနှင့် အင်းတည်ရှိရာ အရပ်ဒေသတွင် ကြေညာရမည် -

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊
(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊
(၃) တိုင်းဒေသကြီး၏ အကျိုးအတွက်ဖြစ်ခြင်း။

(င) ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို ပထမအကြိမ်အပါအဝင် စုစုပေါင်း (၃)ကြိမ် တတိယအကြိမ်အထိလေလံတင်ရောင်းချ နိုင်သည်၊

(စ) တတိယအကြိမ်အထိ လေလံတင်ရောင်းချရခြင်းမရှိသည့် အင်းများကို ဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူ၍ ကြင်းခင်းဈေးကို ပြင်ဆင်၍ ရောင်းချရမည်။

၇။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် လေလံဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် လေလံကြော်ငြာပါ ကာလအတွင်း လျှောက်လွှာပုံစံ(၂)တွင် ပြည့်စုံစွာ ရေးသွင်း၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၈။ နည်းဥပဒေ ၇ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ မြို့နယ်ဦးစီးဌာနမှူးသည် အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ရမည်-

(က) လွန်ခဲ့သည့် (၃)နှစ်အတွင်း တိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ဥပဒေပါ အောက်ဖော်ပြပါအချက်အလက်များအရ အရေးယူအပြစ်ပေးခံရသူ ဟုတ်၊ မဟုတ်-

(ကက) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်း နှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခြင်း၊

(ဂဂ) တားမြစ်ထားသော ငါးဖမ်းကိရိယာများ တီထွင်ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း။

(ခ) ငါးလုပ်ငန်းဦးစီးဌာနက အမည်ပျက်စာရင်း ကြေညာ ခြင်းခံထားရသူ ဟုတ်၊ မဟုတ်၊

(ဂ) အင်းလေလံကြော်ငြာပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဟုတ် ၊ မဟုတ်။

၉။ နည်းဥပဒေ(၈)ပါ အချက်များနှင့် ညီညွတ်ပါက မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၃)ကို ထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးထံ ထောက်ခံတင်ပြရမည်။ လျှောက်လွှာသည် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိသဖြင့် ငြင်းပယ်ရပါက ထိုသို့ငြင်းပယ်သည့် အကျိုးအကြောင်းကို အမှုတွဲတွင် ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၉ အရ တင်ပြလာသော လျှောက်လွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၃) ထုတ်ပေးရန် မြို့နယ်ဦးစီးမှူးထံ အကြောင်းကြားရမည်။

၁၁။ နည်းဥပဒေ ၁၀ အရ အကြောင်းကြားစာရရှိသည့်အခါ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၃)ကို လေလံပွဲမစမီ အနည်းဆုံး(၁)ရက် ကြိုတင်၍ ရုံးချိန်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၂။ ဂရန်အင်းဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည်-

(က) မိမိလျှောက်ထားသော ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်၊

(ခ) မိမိလျှောက်ထားသော ဂရန်အင်းအတွက် လေလံဝင်ရောက်ဆွဲဝယ်မှု မရှိလျှင် သော်လည်းကောင်း၊ ဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ရှေ့သို့ မိမိ အဆိုပြုသည့် အင်းတန်ဖိုး၏ လေလံကြေးငွေများကို တစ်ပါတည်း တင်ပြနိုင်

ခြင်း မရှိလျှင် သော်လည်းကောင်း၊ အဆိုပါနှစ်မှ တစ်ဆက်တည်း(၃)နှစ်အတွင်း ဂရန် အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည့်အပြင် အမည်ပျက်စာရင်းသွင်းခြင်း ကိုပါခံရမည်။

၁၃။ ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက် လေလံကြမ်းခင်းဈေးကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက သတ်မှတ်ပေးရမည်-

(က) လွန်ခဲ့သော (၅) နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်းပျက်စီးတိမ်ကောခြင်း ရှိ၊ မရှိ၊

(င) သက်ဆိုင်ရာအင်းတည်ရှိရာ ဒေသထူးခြားမှုအခြေအနေ။

၁၄။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင် ရောင်းချရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အင်းတစ်ခုစီအတွက် လေလံတင်ရောင်းချသည့် အမှုတွဲပုံစံ (၄)ဖွင့်လှစ်ထားရှိခြင်း၊

(ခ) နှစ်ရှည်အငှားဂရန်ချထားမည့် အင်းဖြစ်ပါက အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဂရန်အင်းလေလံတင် ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များကို ဖတ်ကြားခြင်း၊

(ဃ) ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ကြော်ငြာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ခွင့်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်း ဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံတင်ပြခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူများအား ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က သတ်မှတ်ထားသည့် ကြိုတင်ငွေကို တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း၊ ကြိုတင်ငွေထက် ပိုမိုဆွဲဝယ်လိုပါက ဆွဲဝယ်လိုသောတန်ဖိုး ငွေကို တင်ပြစေခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှ အပြိုင်အဆိုင် လေလံကြမ်းခင်းဈေးထက်များစွာ ကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ် ခွင့်ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်း လေလံတင် ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီးနောက်နေ့ချင်းပြီး ပြန်လည်ကျင်းပခြင်း၊

ထိန်းသိမ်းမရအောင် အပြိုင်အဆိုင် ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင်ပင် အိတ်ဖွင့်တင်ဒါ တင်သွင်းစေပြီး အငှားချထားခြင်း၊

(ဇ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် သတ်မှတ်ကြမ်းခင်းဈေးထက် ကျော်လွန်၍ ဈေးနှုန်းအမြင့်ဆုံး ပေးသူအား အငှားချထားခြင်း၊

(ဈ) လေလံဆွဲဝယ်ခွင့်ရရှိသူကို လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများအား အပြေအကျေပေးဆောင်စေခြင်း၊ ပေးဆောင်ရန်ပျက်ကွက်ပါက ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသောခြားနားငွေကို အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူက ပေးလျော်စေခြင်း၊

(ည) အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲဝယ်သည့်ကိစ္စ ဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင် ရောင်းချသည့်နေ့တွင်နေ့ချင်းပြီး ချက်လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန်ပျက်ကွက်ပါက ဒုတိယ အကြိမ် ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူက ပေးလျော်စေခြင်း၊

(ဋ) လေလံဆွဲဝယ်ရရှိသူကို ဂရန်အင်းတန်ဖိုးငွေများအား သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းဆောင်ရွက်စေခြင်း၊ ဘဏ်ဖွင့်ချိန် ကျော်လွန်သွားပါက အနီးဆုံး ဘဏ်ဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းစေခြင်း၊

(ဌ) လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) လေလံကြေးငွေများကို ဘဏ်သို့ အကြောင်းတစ်စုံတစ်ရာကြောင့် နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက လိုအပ်လျှင် ယင်းငွေများကို သေတ္တာထဲတွင် ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး ဂရန်အင်းများ လေလံတင် ရောင်းချ ရေးအဖွဲ့က သက်ဆိုင်ရာ ဘဏ် သို့မဟုတ် မြန်မာ နိုင်ငံရဲတပ်ဖွဲ့ စခန်းတွင် အပ်နှံခြင်း၊

(ဎ) ဂရန်အင်း လေလံတင် ရောင်းချသည့် ဈေးနှုန်းကိုရေးသွင်း၍ ဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့ အဖွဲ့ဝင် အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများ လေလံတင်ရောင်းချပြီး (၁၅) ရက်အတွင်း ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ ပုံစံ(၅)တွင် ပြည့်စုံစွာ ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့၊ အဖွဲ့ဝင် အားလုံးလက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီး

ဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(ခ) အတည်ပြုချက်ရရှိပြီး (၁၅)ရက်အတွင်း အငှားဂရန်ပုံစံ(၆)ကို လေလံဆွဲဝယ်ယူခွင့် ရရှိသူအား ထုတ်ပေးရမည်။

၁၆။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) ရေစီးရေလာဆက်စပ်ပြီးအပြောင်းပွားနိုင်သော ဂရန်အင်းများကို တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ အတည်ပြုချက်ရယူ၍ ဂရန်အင်းတစ်ခုတည်းအနေဖြင့် တွဲအင်းအဖြစ်သတ်မှတ်၍ ရောင်းချနိုင်သည်၊

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများကို (၃)ကြိမ်ထိ လေလံတင်ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေးမမီပါက လွန်ခဲ့သော(၅)နှစ်က ဈေးနှုန်းများ၊ မြေပြင်တွင်ဖြစ်ပေါ်နေသော အင်းအခြေအနေများ အပေါ်ကွင်းဆင်းလေ့လာ စိစစ်သုံးသပ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ အကျိုးအကြောင်းဖော်ပြလျက် တင်ပြအတည်ပြုချက်ရယူကာ ပြင်ဆင်သည့် ကြမ်းခင်းဈေးဖြင့် ရောင်းချနိုင်သည်၊

(ဂ) အထက်ပိုင်းရှိ ဂရန်အင်းကို လေလံတင်ရောင်းချ၍ မရပါက ဆက်စပ်မှုရှိသည့် အောက်အင်းဂရန်ကိုင်အား ဌာနမှသတ်မှတ်သည့် သင့်တော်သောဈေးနှုန်းဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်၊

(ဃ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိရောင်းချ၍ မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

အခန်း(၄)
နှစ်ရှည် အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို တိမ်ကောပျက်စီးမှုမှ ကာကွယ်ရန်နှင့် တစ်နှစ်ပတ်လုံးရေတည်ရှိသော သို့မဟုတ် ရေနေရေထိုင် ကောင်းသောအင်းများတွင် ငါးထုတ်လုပ်မှုရေရှည်ကောင်းမွန်စေရန် နှစ်ရှည်အငှား ဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘောရရှိလျှင်ဖြစ်စေ၊ အငှားဂရန် ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည် အငှားဂရန်လျှောက်ထားလာလျှင် ဖြစ်စေ သက်ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီး ကျိုးကြောင်းဖော်ပြလျက်

အောက်ပါအချက်များနှင့် ကိုက်ညီပါက အမှုတွဲ တည်ဆောက်၍ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်-

(၁) ဂရန်အင်းကို အမှန်တကယ်လုပ်ကိုင်သူဖြစ်ခြင်း၊
(၂) အမှန်တကယ်ပြုပြင်ရန် လိုအပ်သောအင်းဖြစ်ခြင်း၊
(၃) ငါးမျိုးချန်လုပ်ခြင်း၊ငါးမျိုးစိုက်ထည့်မွေးမြူနိုင်သော အင်းဖြစ်ခြင်း၊
(၄) ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခဲ့သူဖြစ်ခြင်း၊
(၅) သင့်တင့်မျှတသော အင်းဈေးနှုန်းဖြစ်ခြင်း။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၈။ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိသည့် အခါ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန်လျှောက် ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို စိစစ်ပြီး ဝန်ကြီးထံတင်ပြရမည်-

(က) ဂရန်အင်းကိုပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း၊
(ခ) ငါးထုတ်လုပ်မှုတိုးတက်စေရန် ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း၊
(ဂ) ငါးသယံဇာတထိန်းသိမ်းရန်လိုအပ်ခြင်း၊
(ဃ) လျှောက်ထားလာသော ဂရန်အင်း၏ အင်းခွန်နှုန်းထားမှာ သင့်တင့် မျှတသော ဈေးနှုန်းဖြစ်ခြင်း။

၁၉။ နှစ်ရှည်အငှားဂရန်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍-

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နှစ်ရှည် အငှားဂရန် ကို ခွင့်ပြုလျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊
(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ ခွင့်ပြုချက်ရရှိပါက ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်အကြောင်းကြားရမည်၊
(ဂ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(ခ)အရ အကြောင်းကြားစာရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ အခွန်ငွေများပေးသွင်းရန် မြို့နယ်ဦးစီးမှူးထံ အကြောင်းကြား၍ အငှားဂရန် ပုံစံ(၆)ကို လျှောက်ထားသူအား ထုတ်ပေးရမည်၊
(ဃ) ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်းကို ငြင်းပယ်လျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ယင်းဂရန်အင်းကို သတ်မှတ်ရာသီချိန်အတွင်း ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် လေလံစနစ်ဖြင့် ရောင်းချရမည်။

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် ချထားသည့်အခါ ဝန်ကြီး၏သဘောတူညီချက်ဖြင့် အောက်ပါအချက်များကို သတ်မှတ်ပေးရမည်-

(က) အငှားဂရန်ချထားသည့်ကာလ၊
(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ဂရန်အင်း မျိုးချန်၊ မျိုးစိုက်ရမည့် နည်းစနစ်၊
(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြှင့် ပေးရမည့် ဂရန်အင်းတန်ဖိုးငွေ၏ (၁၀)ရာခိုင်နှုန်း၊
(ဃ) လိုအပ်သော အခြားစည်းကမ်းချက်များ။

အခန်း(၅)
ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း

၂၁။ ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မြို့နယ်အဆင့်ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ စိစစ်ရေးကော်မတီနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီ

(၁)	မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	**ဥက္ကဋ္ဌ**
(၂)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန	အဖွဲ့ဝင်
(၃)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန	အဖွဲ့ဝင်
(၄)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	အဖွဲ့ဝင်
(၅)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန	အဖွဲ့ဝင်
(၆)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၇)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန	အတွင်းရေးမှူး

(ခ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေး 'မြို့နယ်' ကော်မတီ၏ လုပ်ငန်း တာဝန်များ

(၁) ရပ်ရွာအတွင်း ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စိစစ်ကြီးကြပ်ရန်၊

(၂) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ဒေသငါးမျိုးစိတ်များ ထိန်းသိမ်းရန်၊

(၃) ရေချိုငါးလုပ်ငန်းရေပြင်များနှင့် ရေချိုငါးလုပ်ငန်းကို အထောက်အကူ ပြုသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးခြင်းမှ ကာကွယ် စောင့်ရှောက်ရန်၊

(၄) ငါးလုပ်ငန်းလုပ်ကိုင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအကြား အငြင်းပွားမှုများ မဖြစ်ပေါ်စေရေးကြီးကြပ်ရန်၊

(၅) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲရန်နှင့် အရေးယူဆောင်ရွက် ရန်။

၂၂။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့များဖွဲ့စည်းခွင့်ပြုရန် ပုံစံ(၇)ဖြင့် တင်ပြလျှောက်ထားပါက အောက်ဖော်ပြပါအချက် များနှင့် ကိုက်ညီလျှင် အဖွဲ့၏ မှတ်ချက်နှင့်အတူ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးထံ ပုံစံ(၈)ဖြင့် တင်ပြရမည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့(၁)ဖွဲ့ကို အသက်(၁၈)နှစ်ပြည့်ပြီး အဖွဲ့ဝင်ဦးရေ အနည်းဆုံး(၃၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်၊

(ခ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့် တင်ပြလျှောက်ထားခြင်းအား ပထမအကြိမ် အင်းလေလံရောင်းချမည့်ရက်မတိုင်မီ (၁၅)ရက်ကြိုတင်၍ နောက်ဆုံးထား၍ လျှောက်ထားရမည်၊

(ဂ) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် ရေချိုငါးလုပ်ငန်းတို့ကို အမှန်တကယ် ဆောင်ရွက် နေသူဖြစ်ကြောင်း တင်ပြနိုင်ရမည်၊

(ဃ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်သည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်း ကွက်တည်ရှိရာ ကျေးရွာနယ်နိမိတ်အတွင်း နေထိုင်သူဖြစ်ကြောင်း အိမ်ထောင်စု စာရင်းတင်ပြနိုင်ရမည်။

(င) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်အနေဖြင့် ဂရန်အင်း သို့မဟုတ် တင်ဒါ ငါးဖမ်းကွက်တည်ရှိရာနေရာသည် ၎င်း၏လယ်ယာ မြေနှင့် ထိစပ်နေကြောင်း ခိုင်မာသည့် အထောက်အထားတင်ပြနိုင်ရမည်၊

(စ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များထဲမှ စည်းမျဉ်းစည်းကမ်း ခိုင်မာ၍ အမှန်တကယ် ညီညွတ်သော ဦးဆောင်ကော်မတီတစ်ရပ် ဖွဲ့စည်းတင်ပြရမည်၊

(ဆ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အလိုက် ကိုယ်တိုင်လိုက်နာဆောင်ရွက် မည့် စည်းမျဉ်းစည်းကမ်းများကို အစုအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းနှင့် အညီ တင်ပြရမည်၊

(ဇ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အလိုက် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်များ လုပ်ကိုင်ခွင့်လျှောက်ထားကြရာတွင် ဆောင်ရွက်မည့် အစီအမံများ တင်ပြရမည်၊

(ဈ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ပိုင် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်များ လုပ်ကိုင်ခွင့်ရရှိခဲ့ပါက ငါးသယံဇာတထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းအစီအမံများကို တင်ပြရမည်၊

(ည) အစုအဖွဲ့များအကြား လုပ်ပိုင်ခွင့်ရထားသော ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် အတွင်း ဖမ်းဆီးမှုနှင့် စပ်လျဉ်း၍ ပဋိပက္ခဖြစ်ပေါ်လာပါက ငါးလုပ်ငန်းဦးစီးဌာနမှ အဆိုပါ ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် လုပ်ပိုင်ခွင့်အား ပြန်လည်သိမ်းယူခြင်းကို သဘောတူကြောင်း အစုအဖွဲ့ အားလုံး၏ ခံဝန်ပါရှိရမည်။

၂၃။ ခရိုင်ဦးစီးဌာနမှူးသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီ၏ တင်ပြလာမှုအပေါ် စိစစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သက်ဆိုင်ရာရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့ ဖွဲ့စည်းခွင့်ကို အတည်ပြု၍ မြို့နယ်ဦးစီးဌာနမှူးမှ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဖွဲ့စည်းခွင့် မှတ်ပုံတင်ပုံစံ(၉)ဖြင့် မှတ်ပုံတင်ပေးရမည်။

၂၄။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီက ကြီးကြပ်စစ်ဆေးရမည်။

၂၅။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်းအငြင်းပွားမှု ပေါ်ပေါက်လာပါက ကော်မတီကတာဝန်ယူ ဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အငြင်းပွားမှုပေါ်ပေါက်လာပါက ခရိုင်ဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာရပ်ရွာအခြေပြု ငါးလုပ်ငန်းအစု အဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီမှ ညှိနှိုင်းဖြေရှင်းဆောင်ရွက် ပေးရမည်။

အခန်း(၆)
တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့်-

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ခရိုင်အလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချရမည်၊

(ခ) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချရာတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သော တင်ဒါ ငါးဖမ်းကွက်များ အိတ်ဖွင့်တင်ဒါ လိုင်စင်ချထားခြင်း အဖွဲ့များကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

တင်ဒါငါးဖမ်းကွက်များ အိတ်ဖွင့်တင်ဒါလိုင်စင်ချထားခြင်း ကြီးကြပ်ရေးအဖွဲ့

(၁)	ဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ငါးလုပ်ငန်းဦးစီးဌာနကို စီမံခန့်ခွဲရသည့် ဝန်ကြီးဌာန	ဥက္ကဋ္ဌ
(၂)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	အဖွဲ့ဝင်
(၃)	တိုင်းဒေသကြီးဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန	အဖွဲ့ဝင်
(၄)	တိုင်းဒေသကြီးဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန	အဖွဲ့ဝင်
(၅)	တိုင်းဒေသကြီးဦးစီးဌာနမှူး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	အဖွဲ့ဝင်
(၆)	တိုင်းဒေသကြီးဦးစီးဌာနမှူး ငါးလုပ်ငန်းဦးစီးဌာန	အတွင်းရေးမှူး

တင်ဒါငါးဖမ်းကွက်များအိတ်ဖွင့်တင်ဒါလိုင်စင်ချထားရေးအဖွဲ့

(၁)	သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး ငါးလုပ်ငန်းဦးစီးဌာန	ဥက္ကဋ္ဌ
(၂)	ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၃)	ခရိုင်ဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန	အဖွဲ့ဝင်
(၄)	ခရိုင်ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန	အဖွဲ့ဝင်
(၅)	ခရိုင်ဦးစီးဌာနမှူး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	အဖွဲ့ဝင်
(၆)	တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးမှ တာဝန်ပေးအပ်သူ အရာရှိ(၁)ဦး	အဖွဲ့ဝင်

(၇) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး
ငါးလုပ်ငန်းဦးစီးဌာန

(ဂ) အပိုဒ်ခွဲ (ခ) အရ ဖွဲ့စည်းသော တင်ဒါငါးဖမ်းကွက်များအိတ်ဖွင့် တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်၊

(ဃ) တင်ဒါငါးဖမ်းကွက်များ အိတ်ဖွင့်တင်ဒါလိုင်စင်ချထားရာတွင် စနစ်တကျဖြစ်စေရေးနှင့် မလိုလားအပ်သော ပြဿနာများမဖြစ်ပွားစေရေးအတွက် အိတ်ဖွင့်တင်ဒါလိုင်စင် ချထားခြင်း နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ လိုအပ်သောအမိန့်ညွှန်ကြားချက်များကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၂၇။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ ကို(၁)နှစ်ကာလအတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် အစီအစဉ်ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးတို့မှ တစ်ဆင့် ဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက် အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း(၃၀) ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ(၁၀)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်၊

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်သတ်မှတ်လိုပါက တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက်ဧရိယာ သတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ၊ မရှိ တင်ဒါကြော်ငြာသည့် ရက်မတိုင်မီ ရက်ပေါင်း (၃၀) ကြိုတင်ကြေညာရမည်၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်များအပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးတို့မှ တစ်ဆင့် ဝန်ကြီးထံတင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(င) နည်းဥပဒေခွဲ(ဃ)အရ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါ လိုင်စင်ချထားမည့် ရက်မတိုင်မီရက်ပေါင်း(၃၀)ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ(၁၀)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

၂၈။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာ ပုံစံ(၁၁)တွင် ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၉။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၁၁)လက်ခံရရှိသည့်အခါ အောက်ပါအချက်များကို စိစစ်ရမည် -

(က) လွန်ခဲ့သည့် (၃)နှစ်အတွင်း တိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ဥပဒေပါ အောက်ဖော်ပြပါအချက်အလက်များအရ အရေးယူအပြစ်ပေးခံရသူ ဟုတ်၊

မဟုတ်၊

(ကက) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဂဂ) တားမြစ်ထားသော ငါးဖမ်းကိရိယာများ တီထွင်ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊

(ခ) ငါးလုပ်ငန်းဦးစီးဌာနက အမည်ပျက်စာရင်း၌ ကြေညာခံထားရသူ ဟုတ်၊မဟုတ်၊

(ဂ) အိတ်ဖွင့်တင်ဒါကြော်ငြာပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဟုတ်၊မဟုတ်၊

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာကို နည်းဥပဒေ ၂၉ ပါ အချက်များနှင့်စိစစ်ပြီး အောက်ဖော်ပြပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် အကျိုးအကြောင်း ဖော်ပြ၍ အမှုတွဲတွင် ရေးသွင်းပြီး ဆက်လက်တင်ပြရမည်၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံ တင်ပြရမည်။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၃၀ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍-

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၁၂)ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သက်မှတ်ချက်များနှင့်မညီညွတ်သော လျှောက်လွှာများကို တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၁၂)ထုတ်ပေးခြင်း မပြုရန် မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၃၂။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၁၂)ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ အနည်းဆုံး(၁)ရက်ကြိုတင်၍ ရုံးချိန် အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၃။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသာလျှင် မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက် အတွက် တင်ဒါဆွဲဝယ်ခွင့်ရရှိသည်။

၃၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် တင်ဒါလိုင်စင်များချထားခြင်းမပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါကြမ်းခင်းဈေးကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်-

(က) အိတ်ဖွင့်တင်ဒါလိုင်စင်ချထားသည့် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော (၅) နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) အိတ်ဖွင့်တင်ဒါလိုင်စင်ချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက်၏ ပျက်စီးတိမ်ကောခြင်း ရှိ၊ မရှိ၊

(င) သက်ဆိုင်ရာ တင်ဒါငါးဖမ်းကွက်၏ ဒေသထူးခြားမှုအခြေအနေ။

၃၅။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၁၂)ပေါ်တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းစသည့်တို့ကို ပုံစံပါအတိုင်းရေးသွင်း၍ အိတ်ဖွင့်စာအိတ်အတွင်းထည့်သွင်းပြီး တင်ဒါလိုင်စင်ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ထံ ကိုယ်တိုင်တင်သွင်းရမည်။

၃၆။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက် ရောင်းချခြင်း အမှုတွဲပုံစံ(၁၃)ဖွင့်လှစ်ထားရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းကို တင်ဒါကြော်ငြာထားသည့် အစီအစဉ်အတိုင်း တင်ဒါရောင်းချခြင်း၊

(ဂ) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်း၊ ငွေပမာဏကို တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့တွင် မျက်နှာစုံညီစစ်ဆေးခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(ဃ) လုံလောက်သော အကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း၊ ခိုင်လုံသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(င) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းသူများအမည်နှင့် ပေးထားသည့် ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပွင့်လင်းမြင်သာစေရန် ပြသခြင်း၊

(စ) တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက အမြင့်ဆုံးဈေးနှုန်းပေးထားသူအား ကြမ်းခင်းဈေးပြည့်မီရန်အတွက် ဈေးနှုန်းတိုးမြှင့်တောင်းခံတင်သွင်းစေခြင်း၊

(ဆ) တင်ဒါကြမ်းခင်းဈေးနှုန်းထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံးပေးသူအား တင်ဒါလိုင်စင်ချထားခြင်း၊

(ဇ) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တင်ဒါကြေးများကို ပေးသွင်းရာတွင် တင်ဒါချက်အတွက် ပေးသွင်းရန် လိုအပ်သော ငါးဖမ်းကိရိယာလိုင်စင်ခွန်အပါအဝင် ဌာနက သတ်မှတ်ထားသော အခြားအခွန်အခများကို တစ်ပါတည်းပေးသွင်းစေခြင်း၊

(ည) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကို ဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက လိုအပ်လျှင် တင်ဒါကြေးကို သေတ္တာထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးမှ

လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဈ) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား ၃ ကြိမ်ထိ အိတ်ဖွင့်တင်ဒါတင်သွင်းစေခြင်း၊

(ည) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း ၃ ကြိမ်ထိထပ်မံတူညီနေပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဋ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထားသည့် တင်ဒါဈေးနှုန်းကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(ဌ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်း လျော့နည်းနေကြောင်း ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၃၇။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်းလုပ်ငန်းပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်း တင်ပြစာပုံစံ (၁၄)တွင် ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီး ဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(ခ) အတည်ပြုချက်ရရှိပါက (၇)ရက်အတွင်း တင်ဒါလိုင်စင်ပုံစံ(၁၅)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၃၈။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ၃ ကြိမ်ထိ တင်ဒါရောင်းချသော်လည်း သတ်မှတ်တင်ဒါ ကြမ်းခင်းဈေး မမီပါက လွန်ခဲ့သော (၅)နှစ်က ဈေးနှုန်းများ၊ မြေပြင်တွင် ဖြစ်ပေါ်နေသော တင်ဒါချက်အခြေအနေများအပေါ် ကွင်းဆင်းလေ့လာစိစစ်သုံးသပ်၍ တိုင်းဒေသကြီး ဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူကာ ပြင်ဆင်သည့်ကြမ်းခင်းဈေးဖြင့် တင်ဒါလိုင်စင်ချထားရမည်၊

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်နိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး ဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံတင်ပြရမည်။

အခန်း(၇)
ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင်ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကြေညာသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ဝါခေါင်လဆန်း(၁)ရက်နေ့မတိုင်မီ ကြော်ငြာစာထုတ်ရမည်။

၄၀။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင် ရရှိရန် နည်းဥပဒေ ၃၉ အရ သတ်မှတ်သည့် ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်လွှာပုံစံ (၁၆)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ကြော်ငြာစာတွင်ဖော်ပြထားသည့် သတ်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက်ထားသူများစာရင်းကို ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူများစာရင်း ပုံစံ(၁၇)ဖြင့် ပြုစုရမည်၊

(ခ) ပုံစံ(၁၇)စာရင်းတွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက် လုပ်ကိုင် လိုသူများပါဝင်ခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား၊ အတိုင်းအတာ မှန်၊ မမှန်ကိုလည်းကောင်း၊ လိုင်စင် လျှောက်ထားခြင်းမရှိဘဲ လုပ်ကိုင်နေသူများ ရှိ၊ မရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၄၂။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ပုံစံ(၁၇)စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေကောက်ခံပြီး ငါးဖမ်းကိရိယာ လိုင်စင်ပုံစံ(၁၈)ကိုထုတ်ပေး ရမည်၊

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများ၏ အမည်စာရင်းကို ငါးဖမ်း ကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း ပုံစံ(၁၉)ဖြင့် လစဉ်ပြုစု၍ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနများသို့ တင်ပြရမည်။

၄၃။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) နည်းဥပဒေ ၄၂ (က)အရ ငါးဖမ်းကိရိယာလိုင်စင်ခ ကောက်ခံရာတွင်-

(၁) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထား အတိုင်းကောက်ခံရမည်၊

(၂) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားနှင့်အကျုံးမဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံးတူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရမည်၊

(၃) ငါးဖမ်းကိရိယာတစ်ခုသည် ဌာန၏ခွင့်ပြုချက်ဖြင့် နည်းမျိုးစုံပြောင်းလဲ အသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင်ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာလိုင်စင်ခများကို နေ့ချင်းပြီး မပေးသွင်းနိုင်ပါက အနီးဆုံးဘဏ်ဖွင့်ရက်တွင် သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၄၄။ ဦးစီးဌာနသည် ၅ဝိ/-၊ ၁ဝဝိ/-၊ ၂ဝဝိ/-၊ ၅ဝဝိ/-၊ ၁ဝဝဝိ/- စသည့် သတ်မှတ်ထားသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်း ကိရိယာလိုင်စင် ပုံစံ(၁၈)ကို အသုံးပြုရမည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ ၄၂(က) အရ လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခ တန်ဖိုးငွေ ပြည့်မီအောင်လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်၊

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါကပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ ပူးတွဲဟု လိုင်စင်တန်ဖိုးကိုဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်၊

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာ အမျိုးအစားမှအပ ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားငါးဖမ်းကိရိယာအမျိုးအစားကို အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခကို ထပ်မံကောက်ခံရမည်။

၄၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးမှူးများအား ထုတ်ပေးရမည်။ စာရင်းမိတ္တူတစ်စောင်ကို ခရိုင်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

၄၇။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံသုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာ လိုင်စင်အရ၊ အသုံးမှတ်ပုံတင်ပုံစံ(၂ဝ)ဖြင့် စနစ်တကျထိန်းသိမ်း ထားရမည်၊

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးထားရှိမှု မှတ်ပုံတင်ပုံစံ(၂၁)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီးထိန်းသိမ်းထားရမည်။

၄၈။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာ လိုင်စင် လချုပ်စာရင်း ပုံစံ(၂၂) ကိုပြုစု၍ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနသို့ လစဉ်တင်ပြရမည်။

၄၉။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ယခင်လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့်လချုပ်စာရင်းတွင် ဖော်ပြထားသော စာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရမည်၊

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ ပေးပို့ထားသော လိုင်စင်ပုံစံများကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရမည်၊

(ဂ) လိုင်စင်ခများဘဏ်သို့ ပေးသွင်းခြင်း ရှိ၊ မရှိ၊ တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးရှိ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရမည်၊

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ပေးသွင်းပြီးသည့်ငွေကိုလည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်။

အခန်း(၈)
မိတ္တူလျှောက်ထားခြင်း

၅၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံ လျှောက်ထားလျှင် -

(က) သက်ဆိုင်ရာဦးစီးဌာနမှူးသည် လျှောက်လွှာကို လက်ခံ၍ စိစစ်ပြီးမှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ၅၀၀၀ိ/- (ငါးထောင်ကျပ်)ကိုလည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ၃၀၀၀ိ/- (သုံးထောင်ကျပ်) ကိုလည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ ၁၀၀၀ိ/- (တစ်ထောင်ကျပ်) ကိုလည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကိုထုတ်ပေးရမည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိတ္တူ ရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်းကိုပြန်လည်တွေ့ရှိလျှင် မိတ္တူကို သက်ဆိုင်ရာဦးစီးမှူးထံ ပြန်လည် အပ်နှံရမည်။

အခန်း(၉)
ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၁။ ဝန်ကြီးသည် နည်းဥပဒေ ၁၆ (ဃ) နှင့် နည်းဥပဒေ ၃၈ (ခ)အရ ရောင်းချ၍ မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တင်ပြလာသည့်ကိစ္စအား စိစစ်ပြီး ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သော ဈေးနှုန်းပြင်ဆင်သတ်မှတ်၍ ရောင်းချခြင်း သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်ခြင်းတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူ၍ ပြုလုပ်နိုင်သည်။

၅၂။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်း ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ၊ ၇၁ အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) မည်သည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်၊ လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်းဖြင့် အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာအငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့် ရေချိုငါးဖမ်းကွက်အား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်၊ လိုင်စင်ကိုမဆို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြင့် အရေးယူဆောင်ရွက်သည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက ကျန် ရှိသည့် ငါးဖမ်းရာသီအတွက် ထပ်မံအငှားချထားနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၅၃။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် ဥပဒေ ပုဒ်မ-၃၉၊ (က)အရ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများ၊ တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စများ ဆောင်ရွက်နိုင်ရန် သင့်လျော်သော ဂရန်အင်းတစ်ခုခုကို (၅)နှစ်ထက် မပိုသော ကာလအတွက် ခရိုင်တစ်ခုလျှင် တစ်အင်းထက်မပိုစေဘဲ သုတေသနအင်းအဖြစ် အောက်ပါအတိုင်းသတ်မှတ်ပေးနိုင်သည်-

(က) အင်းခွန်ကင်းလွတ်ခွင့်ပြုသော သုတေသနအင်း၊

(ခ) အင်းခွန်ကင်းလွတ်ခွင့်မပြုသော သုတေသနအင်း။

၅၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေနေသယံဇာတထိန်းသိမ်းရေးတို့အတွက် ဥပဒေပုဒ်မ-၄၄ (က)အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော ရေနေသယံဇာတထိန်းသိမ်းရေးလုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်-

(က)	ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူး	ဥက္ကဋ္ဌ
(ခ)	ခရိုင်/ မြို့နယ် ရဲတပ်ဖွဲ့မှူး	အဖွဲ့ဝင်

(ဂ) ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး အဖွဲ့ဝင်
(ဃ) ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး အဖွဲ့ဝင်
(င) ခရိုင်/ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး အတွင်းရေးမှူး

၅၅။ ဝန်ကြီးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅၆။ ဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းများဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးလုပ်ငန်း သုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်နှင့် အင်းငါးထုတ်လုပ်မှု တိုးတက်စေရန်တို့ အတွက် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အရ အင်းဂရန်များမှ ရရှိအခွန်ငွေ၏ သင့်လျော်သော ရာခိုင်နှုန်းကို ငါးသားပေါက်နှင့် ဒေသတွင်းတိုင်းရင်းမျိုးငါးများ ဝယ်ယူရန် သတ်မှတ်ခွင့်ပြုနိုင်သည်။

အခန်း(၁၀)
တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ-၅၂ အရ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ၊ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ၊ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များအား သတ်မှတ်ထုတ်ပြန်ပေးရမည် ၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲ သတ်မှတ်ခြင်းပြုရန်အတွက် ဝန်ကြီးထံတင်ပြဆောင်ရွက်ရမည်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲ သတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ် သည့်ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလ ကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ် ရမည်၊

(င) ရေချိုငါးလုပ်ငန်းရေပြင် အမျိုးအစားအဖြစ်မှ ပယ်ဖျက်ရာတွင် ပယ်ဖျက်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

၅၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်း ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၅၅ (က)အရ အရေးယူသည့် ကိစ္စတွင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို

ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ခွင့်ပြုပါက ခံဝန်ငွေပမာဏနှင့် ပေးသွင်းရမည့်နေရာဒေသ သတ်မှတ်ပေးခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကိုလျှောက်ထားသူအား ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း။

၅၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၅၅ (ဂ)အရ အရေးယူသည့်ကိစ္စတွင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို သင့်လျော်သောဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ခ) နည်းဥပဒေ ခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရန်ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီ ဆိုင်းငံ့ခြင်း၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံပေး ဆောင်စေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေးပေးသွင်းခြင်း မပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်းမရှိပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊ သက်ဆိုင်ရာဂရန်အငှား သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ၎င်း၏တာဝန်ဖြင့် ထပ်မံအငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက အယူခံဝင်ရောက်လျှင် အယူခံတွင်ချမှတ်သည့်အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

၆၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန်ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင်အခြေအနေများ မပျက်စီး

မပြုန်းတီးစေရန်အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှကာကွယ်ရန် တို့ကို စီမံချက်ရေးဆွဲပြီးအကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၆၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤနည်းဥပဒေများအရ မိမိအား အပ်နှင်းထားသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၆၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၅၅ (က)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ဥပဒေပုဒ်မ၆၄ အရ တရားရုံးသို့ တရားစွဲဆိုသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများအား မည်ကဲ့သို့စီမံထားသည်ကို စာရွက်စာတမ်း၊ ဓာတ်ပုံအထောက်အထားများဖြင့် ခရိုင်/မြို့နယ်ဦးစီးမှူးများအား တင်ပြစေခြင်း၊

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို ခရိုင်ဦးစီးမှူးဦးဆောင်သော လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်းပြီး အတည်ပြုသတ်မှတ်ထားသည့် ကြမ်းခင်းဈေးနှုန်းဖြင့် လေလံတင်ရောင်းချစေခြင်း၊ မီးရှို့ဖျက်ဆီးစေခြင်း၊

(ဂ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ ပေးသွင်းစေခြင်း။

၆၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၅၅ (ဂ)အရ အရေးယူသည့်ကိစ္စတွင် သတ်မှတ်ဒဏ်ကြေးငွေအား ဝန်ကြီး၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၆၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ရောင်းချ၍မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန်၊ လိုအပ်သော ညွှန်ကြားချက်များ ချမှတ်နိုင်ရန်အတွက် တင်ပြလာသည့်ကိစ္စတွင် အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ပြီး တင်ပြသည့် ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သော ဈေးနှုန်းပြင်ဆင်သတ်မှတ်၍ ရောင်းချခြင်း သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်ခြင်းတို့ကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြုလုပ်နိုင်သည်-

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန်ကျန်ရှိသည့် ကာလ၊

(ဃ) လွန်ခဲ့သော ၅ နှစ်ဈေးနှုန်း၊ ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ်ဈေးနှုန်း။

၆၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသန လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဦးစီး ဌာန၏ ဘဏ္ဍာငွေအရ၊ အသုံးစာရင်းတွင် ထည့်သွင်းတောင်းခံရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သဘာဝရေပြင်သို့ငါးသယံဇာတတိုးပွားရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း၊

(ခ) ရေနေသယံဇာတထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ပညာပေးကြော်ငြာပိုစတာများ ပြုလုပ်ခြင်း၊

(ဂ) သားငါးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် သုတေသနဆောင်ရွက်ခြင်း၊

(ဃ) ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း၊

(င) ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်ခြင်း။

၆၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းများ ဖွံ့ဖြိုး တိုးတက်စေရန်၊ ငါးလုပ်ငန်းသုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်နှင့် အင်းငါးထုတ် လုပ်မှုတိုးတက်စေရန်တို့အတွက် အင်းဂရန်များမှရရှိအခွန်ငွေ၏ သင့်လျော်သော ရာခိုင်နှုန်းကို ငါးသား ပေါက်နှင့် ဒေသတွင်းတိုင်းရင်းမျိုးငါးများ ဝယ်ယူရန် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၆၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၅၂ (ဂ)အရ ဝန်ကြီး၏ သဘောတူညီ ချက်ဖြင့် အောက်ဖော်ပြပါအချက်များကြောင့် (၅)နှစ်ဆက်တိုက် တင်ဒါရောင်းချ၍ မရသော တင်ဒါ ချက်များကို တင်ဒါချက်စာရင်းမှ ပယ်ဖျက်၍ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် သို့မဟုတ် ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်နိုင်သည်-

(က) တင်ဒါချက်နေရာ ပျက်စီးခြင်း၊

(ခ) ရေစီးရေလာပြောင်းလဲမှုကြောင့် ငါးအထိအမိနည်းပါးခြင်း၊

(ဂ) ပတ်ဝန်းကျင်လယ်သမားများ၊ ရေလုပ်သားများနှင့် ပြဿနာဖြစ်ပွားခြင်း၊

(ဃ) (၅)နှစ်ဆက်တိုက် ဆွဲဝယ်လုပ်ကိုင်သူမရှိခြင်း။

၆၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်/ ခရိုင်ဦးစီးဌာနမှူးတို့က ဥပဒေပုဒ်မ ၃၅အရ ရက်တိုးငါးဖမ်းဆီးခွင့် တင်ပြမှုအပေါ်စိစစ်၍ ငါးရစ်ငါးသန်တားမြစ်ကာလမတိုင်မီအတွင်း တစ်ကြိမ်လျှင်(၁၅)ရက်ထက်မပိုသော ကာလအတွက် ဂရန်အင်း၏ ငါးဖမ်းဆီးရက်အား တိုးမြှင့်ခွင့်ပြု ပေးနိုင်သည်။

အခန်း(၁၁)

အငှားဂရန်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၆၉။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် အင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ခြင်း၊

(ခ) ဂရန်အင်းများ ငါးဖမ်းခွင့်ကုန်ဆုံးသောရက်ဖြစ်သည့် တပေါင်းလပြည့် နေ့အထိ သို့မဟုတ် တန်ခူးလပြည့်နေ့အထိ အင်းလုပ်ငန်းများ ပြီးဆုံးခြင်းမရှိပါက

ငါးလုပ်ငန်းဦးစီးဌာနသို့ ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဂရန်အင်း၏ ငါးဖမ်းဆီးရက်တိုးမြှင့်ပေးရန် တင်ပြလျှောက်ထားခြင်း၊

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို ဝါခေါင်လဆန်း(၁)ရက်နေ့ မတိုင်မီ ဆည်ချခြင်း၊ ငါးဖမ်းခြင်းမပြုရ၊ သို့ရာတွင် ဖော်ပြပါဆည်များကို တန်ခူးလ ပြည့်ကျော်(၁)ရက်နေ့တွင် ဖယ်ရှားခြင်း၊

(ဃ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် လုပ်ကိုင်ရာတွင် ချောင်းမြောင်းများ၌ ဒေသခံပြည်သူများ၏ ဒေသသုံးရေယာဉ်များ သွားလာမှု အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည် အောက်ပိုင်းရှိ ဂရန်အင်းအတွင်း စီးဆင်းနေသဖြင့် ယင်းတို့ရေစီးရေလာဆက်စပ်နေပါက အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက မေတ္တာရပ်ခံလာလျှင် အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက အင်းစည်းကမ်းချက်ပေါ်မူတည်၍ တပေါင်းလပြည့်နေ့ သို့မဟုတ် တန်ခူးလပြည့်နေ့အထိ ဆည်များတားဆီး၍ ပိတ်ထားခြင်း၊

(စ) အထက်ပိုင်းရှိ ဂရန်အင်းနှင့် အောက်ပိုင်းရှိ ဂရန်အင်းရေစီးရေလာဆက်စပ်နေပါက အထက်ပိုင်းမှ အောက်ပိုင်းသို့ လာသောငါးများကို ဖမ်းဆီးရန် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို အသုံးပြုခွင့်မရှိခြင်း၊

(ဆ) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ်တန်ခူးလပြည့်ကျော်(၁)ရက်နေ့မတိုင်မီ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းခြင်း၊

(ဇ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်းမပြုရ-

(၁) ဆည်၊ တမံ၊ တာရိုးအမျိုးမျိုးဖြင့်လည်းကောင်း၊ ၄င်းအပြင် မြင်းဝန်းဆည် သို့မဟုတ် အခြားဆည်များတွင် ရေစီးရေလာကို အဟန့်အတားဖြစ်စေသော ဖျာ၊ ရှိုင်၊ ပလပ်စတစ်ပိတ်စ၊ ဇာပြာကဲ့သို့သော အလားတူပိုက်များကို ပိတ်ဆို့ခြင်း၊

(၂) ဆည်များတွင် အထက်ရေနှင့် အောက်ရေ၏ ထုထည်ပမာဏကွာခြားချက် (၆)လက်မထက် ပိုစေခြင်း၊

(၃) ပိုက်ကွက်ကြိုး တစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့် တစ်ခုအကြား (၃/၄)လက်မအောက်လျော့သည့်ပိုက်များကို အသုံးပြုခြင်း၊

(၄) လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းဆီးခြင်း၊ အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများအသုံးပြု၍ ငါးဖမ်းခြင်း၊

(ဈ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၇၀။ အငှားဂရန်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငှားဂရန်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင် ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦး ထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့် ရှိခြင်း၊

(ခ) တောချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်း ချထားနိုင်ခြင်း၊ မြင်းဝန်းဆည်ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီ ချထားခြင်း၊

(ဂ) အထက်ဆည်နှင့် အောက်ဆည် ရေစီးရေလာ ဆက်စပ်မှုရှိနေပါက အထက်ဆည်၏ အင်းနယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည်ခြေရင်း ရေပြင်ကို အောက်ဆည် အငှားဂရန်ရရှိသူက ပိုင်ဆိုင်ခွင့်ရှိခြင်း၊

(ဃ) တောချဆည်နှင့် မြင်းဝန်းဆည်ကို အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိအငှားဂရန်ရရှိသူက ပိတ်ဆို့ထားနိုင်ခြင်း၊

(င) သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်နှင့် ဆက်စပ်နေသော ဂရန်အင်းတွင် အဝချုပ်ဆည်ကို တန်ခူးလပြည့်ကျော်(၁) ရက်နေ့အထိ အသုံးပြုခွင့်ရှိခြင်း၊

(စ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကို အသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိဂရန်အင်းနှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန်အင်းနှစ်ခုအကြား အမြဲတန်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်းများချထားခြင်းကို ငါးလုပ်ငန်းဦးစီးဌာန၏ အထူးခွင့်ပြုချက်မရှိလျှင် မချရခြင်း၊

(ဆ) ဂရန်အင်းများတွင် တောချဆည်နှင့် အဝချုပ်ဆည်များအပြင် အောက်ပါ ငါးဖမ်းကိရိယာများကို အသုံးပြုနိုင်ခြင်း-

(၁) ထောင်ချောက်များ၊
(၂) ဂျမ်းများ၊
(၃) ဘဝန်းများ၊
(၄) ပိုက်သီသော ကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့်တစ်ခု အကြား ပိုက်ကွက်(၁/၄)လက်မအောက်မလျော့နည်းသည့်ပိုက်ကွန်များ၊
(၅) ဆောင်းများ၊
(၆) ငါးမျှားချိတ်များ၊
(၇) ဝန်းခံဆည်များ၊
(၈) မြင်းဝန်းဆည်များ၊

(ဇ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ဤနည်းဥပဒေများတွင် သီးခြားပြဋ္ဌာန်းထားခြင်း

မရှိလျှင် ဂရန်အင်းကို လွန်ခဲ့သော (၅)နှစ် ဆက်တိုက်လုပ်ကိုင်ခဲ့သော ဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ဈ) နိုင်ငံတော်၏ အကျိုးငှာလိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း။

၇၁။ အင်းလုပ်ကိုင်သူသည် အောက်ဖော်ပြပါအချက်များကြောင့် ငါးဖမ်းဆီးချိန် မလုံလောက်ပါက သက်ဆိုင်ရာ မြို့နယ်/ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြလျှောက်ထားနိုင်သည်-

(က) ငါးမျိုးချန်လုပ်ခြင်း၊ ယင်းတား သို့မဟုတ် ပိုက်လှောင်အိမ်ဖြင့် ငါးမွေးမြူထားခြင်း၊

(ခ) အင်းအတွင်းနှင့် အင်းပတ်ဝန်းကျင်တွင် စိုက်ပျိုးနေသော သီးနှံများ၏ အောင်ရေအတွက် စောင့်ဆိုင်းပေးရခြင်း၊

(ဂ) စိုက်ပျိုးရေးအတွက် ပေးဝေသည့်ဆည်ရေလွှတ်ချိန်နှင့် တိုက်ဆိုင်နေ၍ငါးဖမ်းဆီးချိန် မလုံလောက်ခြင်း၊

(ဃ) ရာသီဥတုအခြေအနေအရ သဘာဝရေကြီးရေလျှံမှုကြောင့် ငါးဖမ်းဆီးချိန် မလုံလောက်ခြင်း။

အခန်း(၁၂)
တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၇၂။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခိုင်အမာ အတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းဖြင့် အချက်ပြထားခြင်း၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၇၃။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစား အမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍

လျှောက်ထားလာလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ၎င်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့်ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း။

အခန်း(၁၃)
ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၇၄။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း၊ ရေကြောင်းလမ်းကို အချက်ပြထားရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

အခန်း(၁၄)
ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၇၅။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် ဥပဒေပုဒ်မ ၅၇ အရ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာ လက်ခံရရှိ သည့်နေ့ သို့မဟုတ် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည် ထုတ်ပေးရန် အောက်ပါအချက်များကိုပြည့်စုံစွာ ဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ကိုဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရသည့်ကိစ္စဖြစ်လျှင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ရုံးအမိန့်စာ မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် အခြားခိုင်လုံသော အထောက်အထားများ၊

(ဃ) ထောက်ခံချက်များ။

၇၆။ ခရိုင်ဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၅၈ အရ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာကို လက်ခံရရှိပါက အမှုတွဲ ဖွင့်လှစ်၍ လျှောက်ထားချက် မှန်ကန်ခြင်း ရှိ၊ မရှိ အတည်ပြုနိုင်ရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးရမည်။

၇၇။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိကြောင်း ပေါ်ပေါက်ပါက ပြန်အမ်းငွေကို ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ -

(က) ရေကြီးခြင်း၊ ရေတိုက်စားခြင်း တို့ကြောင့် ငါးဖမ်းကိရိယာများ ပျက်စီးခြင်း သို့မဟုတ် ရေထဲမျောပါသွားခြင်း၊
(ခ) နုံးမြေများတင်သဖြင့် ဂရန်အင်းများပျက်စီးခြင်း၊
(ဂ) ဂရန်အင်းကို ပေါက်ကွဲစေတတ်သောပစ္စည်း သို့မဟုတ် အဆိပ်အတောက် သို့မဟုတ် ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊
(ဃ) ငါးများခိုးယူခံရခြင်း။

၇၈။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာများကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၇၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ ၇၈ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်၍ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ ဆက်လက်တင်ပြရမည်။

၈၀။ ဝန်ကြီးသည် နည်းဥပဒေ ၇၉ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်အမ်းငွေကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

၈၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပြန်အမ်းငွေကိုထုတ်ပေးရန် ဝန်ကြီး၏ ခွင့်ပြုချက် ရရှိသည့်အခါ သတ်မှတ်ထားသော ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၁၅)
ကြွေးကျန်များ ကောက်ခံခြင်း

၈၂။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာနှင့် စပ်လျဉ်း၍ အကြောင်းတစ်စုံတစ်ရာကြောင့် ငွေပေးသွင်းရန် ပျက်ကွက်မှုရှိပါက အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် အချိန်ကာလအတွင်း

ပေးဆောင်စေရန် အကြောင်းကြားခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်သည့်အချိန်ကာလအတွင်း ပေးဆောင်ခြင်း မပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဥပဒေနှင့်အညီ ဝရမ်းကပ်သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) နည်းဥပဒေခွဲ (ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့်အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဥပဒေနှင့်အညီ ထပ်မံဝရမ်းကပ် သိမ်းဆည်းရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကိုနုတ်ယူ၍ ပိုငွေကိုပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့်အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့် အခွန်ငွေအတွက် အာမခံတင်သွင်းထားသူ၏ ပစ္စည်းရှိပါက ၎င်းပစ္စည်းကို ရောင်းချခြင်း၊ ပိုငွေရှိလျှင် အာမခံတင်သွင်းထားသူအား ပြန်လည် ပေးအပ်ခြင်း။

၈၃။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူထံအကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါ နည်းလမ်းအတိုင်း ပေးအပ်ရမည်-

(က) ပျက်ကွက်သူသို့ ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့် အတူတကွနေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့်အရွယ်ရောက်သူ တစ်ဦးဦးသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါနည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် ပေးအပ်၍ မရပါက ပျက်ကွက်သူ နေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာ ကပ်ထားခြင်း။

၈၄။ အကြောင်းကြားစာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-

(က) ပျက်ကွက်သူ ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူ ပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူ နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူ့ထံပေးဆောင်ရမည့်အကြောင်း ဖော်ပြချက်။

၈၅။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို အိတ်ဖွင့်လေလံ တင်ရောင်းချရာတွင် -

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး(၁၅)ရက် ကြိုတင်၍ အိတ်ဖွင့်လေလံ

ကြော်ငြာစာဖြင့် ကြော်ငြာရမည်၊

(ခ) နည်းဥပဒေခွဲ (က)အရ အိတ်ဖွင့်လေလံကြော်ငြာစာ၌ ရောင်းချမည့်ပစ္စည်းနှင့် စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်သည်၊ မည်သို့သောအခွင့်အရေးများရှိသည် စသည့်အချက်များနှင့်တကွ လေလံတင်ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြရမည်၊

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင်လည်း လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချနိုင်သည်၊

(ဃ) လေလံဆွဲဝယ်မည့်သူမရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ ကြွေးကျန်ငွေနှင့် ကုန်ကျစရိတ်အောက် လျော့နည်းလျှင်ဖြစ်စေ၊ လေလံပွဲကို ရွှေ့ဆိုင်း၍ ထပ်မံလေလံတင်ရောင်းချရမည်၊

(င) ပစ္စည်းလေလံရောင်းရငွေမှ ရရန်ရှိသောငွေနှင့် ကုန်ကျစရိတ်ကိုနုတ်ယူ၍ ဘဏ္ဍာသို့ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည်ပေးအပ်ရမည်၊

(စ) ကြွေးကျန်ငွေများ ကောက်ယူရာတွင် မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ယူရမည်။

အခန်း(၁၆)
ရေချိုငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေနေသယံဇာတထိန်းသိမ်းခြင်း

၈၆။ ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၅၄ အရ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ရေနေသယံဇာတထိန်းသိမ်းရေး၊ ရေချိုငါးလုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဘဏ္ဍာငွေအရ၊ အသုံးစာရင်းတွင် ထည့်သွင်းတောင်းခံ၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) နှစ်စဉ်ဆောင်ရွက်ရမည်ဖြစ်သော လုပ်ငန်းများကို ဝန်ကြီးထံတင်ပြဆောင်ရွက်ခြင်း၊

(ခ) သုတေသနလုပ်ငန်းတွင် သုံးစွဲမည့် ငွေကြေးပမာဏကို ဝန်ကြီးက သတ်မှတ်ခွင့်ပြုပေးခြင်း၊

(ဂ) သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များသို့ အကူအညီ တောင်းခံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) သုတေသနလုပ်ငန်းများမှ ရရှိသော မှတ်တမ်းများကို ဝန်ကြီး ထံတင်ပြအစီရင်ခံခြင်းနှင့် စနစ်တကျထိန်းသိမ်းထားရှိခြင်း၊

(င) ရေရှည်တွင် နိုင်ငံတကာရေချိုငါးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း၊

(စ) အင်း၊ သဘာဝရေပြင်အား ရေနေသယံဇာတထိန်းသိမ်းရန်အလို့ငှာ ကွင်းဆင်း

စစ်ဆေး၍ တိုင်းဒေသကြီးအစိုးရထံ ခွင့်ပြုချက်ရယူကာ သုတေသနရေချိုရေပြင် သို့မဟုတ် တားမြစ်ဇရိယာရေပြင်အဖြစ် သတ်မှတ်ခြင်း၊

(ဆ) မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် ငါးမျိုးစိတ် များကို စိစစ်ရွေးချယ် သတ်မှတ်ခြင်း၊ ငါးမျိုးသုဉ်း ပျောက်ကွယ်နိုင်သည့် ငါးဖမ်းကိရိယာများအား သတ်မှတ်တားမြစ်ခြင်း။

၈၇။ ရေချိုငါးလုပ်ငန်း ရေပြင်နယ်နိမိတ်အတွင်း ရေနေသယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် အောက်ပါဆောင်ရွက်ချက်များကို ကျူးလွန်ပါက ဥပဒေပုဒ်မ ၈၆ အရ အရေးယူဆောင်ရွက်ရမည်-

(က) အင်းနယ်နိမိတ်၊ တင်ဒါနယ်နိမိတ်အတွင်း မြစ်သဲကျောက်တူးခြင်း၊ ရွှေကျင်ခြင်း၊

(ခ) အင်းနယ်နိမိတ်၊ တင်ဒါနယ်နိမိတ်အတွင်းသို့ စက်ရုံများမှ ရေဆိုးများတိုက်ရိုက်စွန့်ပစ်ခြင်း၊

(ဂ) အင်းနယ်နိမိတ်၊ တင်ဒါနယ်နိမိတ်အတွင်း ဓာတုဗေဒ ဆေးများအသုံးပြုကာ ပေါင်းသတ်ခြင်း၊ အခြားနည်းဖြင့်အသုံးပြုခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်အတွင်းသို့ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေရေနံဆီ၊ ဒီဇယ် နှင့် အခြားစက်သုံးဆီများစွန့်ပစ်ခြင်း၊

(င) ရေချိုငါးလုပ်ငန်းရေပြင်တွင် ပိုးသတ်ဆေးဖြန်းပုံးနှင့် ပိုးသတ်ဆေး ဗူးခွံများရေဆေးခြင်း သို့မဟုတ် ယင်းတို့ကို စွန့်ပစ်ခြင်း။

၈၈။ အင်းနယ်နိမိတ်အတွင်း ငါးနေငါးထိုင်တောဖြစ်သော သစ်ပင်ချုံနွယ်များအား အင်းမပျက်စီးစေရန်နှင့် ငါးနေငါးထိုင်ကွင်းများ ကောင်းမွန်စေရန်အတွက် ဥပဒေပုဒ်မ ၃၄ (စ)အရ နှစ်ရှည်ကြေးတိုင်လုပ်ကိုင်ခွင့်ရရှိသော အင်းဂရန်ကိုင်မှ စိုက်ပျိုးထိန်းသိမ်းရမည်။

၈၉။ ရေချိုငါးလုပ်ငန်းရေပြင်ရှိ ရေစီးရေလာလမ်းကြောင်းများတွင် နိုင်ငံတော်က ဆည်၊ ရေထိန်းတမံ၊ ရေတံခါး၊ ရေအားလျှပ်စစ်ထုတ်ယူရန် အတားအဆီး ပြုလုပ်ရန် လိုအပ်ပါက ရေနေသယံဇာတများပြုန်းတီးမှုမရှိစေရန်၊ ငါးတက်ငါးဆင်းလမ်းကြောင်းများတွင် နိုင်ငံတော်က ဆည်၊ ရေထိန်းတမံ၊ ရေတံခါး၊ ရေအားလျှပ်စစ်ထုတ်ယူရန် အတားအဆီးပြုလုပ်ရန် လိုအပ်ပါက ရေနေသယံဇာတများ ပြုန်းတီးမှုမရှိစေရန် ငါးတက်ငါးဆင်းလမ်းကြောင်းများ (Fish Passage/ Fish Ladder) ထည့်သွင်း တည်ဆောက်ရန် ဝန်ကြီးထံ တင်ပြရမည်။

အခန်း(၁၇)
ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းရောင်းချခွင့်လိုင်စင်၊
ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊
ရေလုပ်သားမှတ်ပုံတင်ကတ်များလျှောက်ထားခြင်း

၉၀။ ငါးလုပ်ငန်းလုပ်ကိုင်သူမည်သူမဆို ဤဥပဒေအရ အပြစ်ပေးခံရဘူးသူ သို့မဟုတ် အမည်ပျက်စာရင်းသွင်းခံရသူမဟုတ်လျှင် ရေထွက်ပစ္စည်းဝယ်ယူစုဆောင်း ရောင်းချခွင့်လိုင်စင်နှင့် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရမည်။

၉၁။ ငါးလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ဤဥပဒေအရ အပြစ် ပေးခံရဘူးသူ သို့မဟုတ် အမည်ပျက်စာရင်းသွင်းခံရသူမဟုတ်လျှင် သတ်မှတ်ထားသော အခွန်အခ မှတ်ပုံတင်ကြေးပေးသွင်း၍ ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်ထားရမည်။

၉၂။ မြို့နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၉၀ နှင့် ၉၁ တို့အရ လျှောက်ထားသည့်အခါ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စိစစ်၍ ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြရမည်။

၉၃။ မြို့နယ်ဦးစီးဌာနမှူးသည် ရေလုပ်သားမှတ်ပုံတင်ကတ်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ရေလုပ်သားမှတ်ပုံတင်လျှောက်လွှာအား သတ်မှတ်ချက်များနှင့်အညီ စိစစ် လက်ခံခြင်း၊

(ခ) သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရေလုပ်သားမှတ်ပုံတင်ကတ်အတွက် သတ်မှတ်နှုန်းထားနှင့်အညီ အခွန်အခများ ပေးသွင်းစေခြင်း၊

(ဂ) ရေလုပ်သားမှတ်ပုံတင်ကတ် ပုံစံ(၂၃) ကို ထုတ်ပေးခြင်း၊

(ဃ) ရေလုပ်သားမှတ်ပုံတင်စာရင်းကို လစဉ်ပြုစုရေးဆွဲထားရှိပြီး လချုပ်များကို ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြခြင်း။

အခန်း(၁၈)
အထွေထွေ

၉၄။ ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းသူများသည် စီးပွားရေးအလို့ငှာ ရေထွက်ပစ္စည်းများကို နယ်ကျော်သယ်ယူလိုပါက သက်ဆိုင်ရာ ဥပဒေများနှင့်အညီ တရားဝင်သယ်ဆောင်ခွင့် မျှောစာပုံစံ(၂၄) ရရှိပြီးမှသာ သယ်ဆောင်ရမည်။

၉၅။ ဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန် သောကိစ္စတွင် အကျုံးဝင်သော ယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံ ပစ္စည်းများကို သက်သေများရှေ့မှောက်တွင် ရှာဖွေဖမ်းဆီးသည့်ပုံစံ(၂၅)ဖြင့် သိမ်းဆည်းရမည်။

၉၆။ ဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းကျရောက်သည့် ရေချို ငါးလုပ်ငန်းရေပြင်တွင် အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောထားမှတ်ချက်ရယူရမည်၊

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်း လိုသောအချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက် အဖြစ် ထည့်သွင်းပေးရမည်။

၉၇။ ဦးစီးဌာနသည် ဥပဒေပုဒ်မ-၉၂ အရ ၁၉၉၁-ခုနှစ်၊ ရေချိုငါးလုပ်ငန်းဥပဒေအတည်မပြုမီ ကာလတွင်တည်ရှိသော အင်းမြေပုံများအပေါ်တွင် အခြေခံပြီး ရေချိုငါးလုပ်ငန်းနယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ခေတ်နှင့်အညီ ပြန်လည်ပြုစုရေးဆွဲထားရှိရမည်။

၉၈။ ဦးစီးဌာနသည် နှစ်စဉ်ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များပါဝင်သော အစီရင်ခံစာ တစ်စောင်ကို ရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးထံ တင်ပြရမည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှားချထားမှု အခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှုအခြေအနေ၊

(ဂ) ဥပဒေအရ အရေးယူဆောင်ရွက်မှုအခြေအနေ၊

(ဃ) ဥပဒေအရအရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်းဆောင်ရွက်မှုအခြေအနေ၊

(င) ဂရန်အင်းနယ်နိမိတ်များသတ်မှတ်ဖော်ထုတ်မှုအခြေအနေ။

၉၉။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်းပညာပေးစာအုပ်စာတမ်းများဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသနစာတမ်းများ ဖတ်ကြားခြင်းတို့ကို အခါအားလျော်စွာဆောင်ရွက်ရမည်။

၁၀၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဥပဒေပုဒ်မ ၆၂ အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်လျှင်ဖြစ်စေ၊ ဥပဒေပုဒ်မ ၃၈ (က)အရ ဝန်ကြီးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ယင်းသို့ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာလက်ခံရရှိသည့် နေ့မှစ၍ လုပ်ငန်းကိုရပ်ဆိုင်းပြီး မြို့နယ်ဦးစီးဌာနမှူးထံ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုထားသည့်နေရာဒေသမှ (၁၅)ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၆၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူရမည်။

၁၀၁။ ဦးစီးဌာနသည် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင်-

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာ ဖော်ပြရမည်၊

(ခ) အစိုးရဌာနအဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ် ဖော်ပြရမည်၊

(ဂ) နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေ ခွဲ(ခ)အရ သတ်မှတ်ထားခြင်း မရှိလျှင် ယခင်က လုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် ဓလေ့ထုံးစံနယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၁၀၂။ တစ်ပိုင်တစ်နိုင် ရှာဖွေစားသောက်ရန် အခွန်ကင်းလွတ်ခွင့်ပြုထားသော ငါးဖမ်းကိရိယာ အမျိုးအစားများကို ပူးတွဲ(က)ဖြင့် သတ်မှတ်ရမည်။

၁၀၃။ အင်းနယ်နိမိတ်များကို တိုင်းတာရာတွင် သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် လက်မှတ်ရ ကျွမ်းကျင်သူများနှင့် ဆောင်ရွက်ရန် လိုအပ်သောကုန်ကျစရိတ်များကိုကျခံရန် ဝန်ကြီးသည်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံခြင်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီရယူ၍ ဆောင်ရွက်နိုင်သည်။

၁၀၄။ အင်းနယ်နိမိတ်အတွင်း ရေစီးရေလာပြောင်းလဲမှုကြောင့် ငါးဖမ်းကိရိယာ၊ အင်းစည်းကမ်း၊ အင်းနယ်နိမိတ်တို့ကိုလည်း လိုအပ်ပါက ခေတ်အခြေအနေနှင့်အညီ ပြုပြင်ပြောင်းလဲသတ်မှတ်ပေးရမည်။

၁၀၅။ သုတေသနလုပ်ငန်းပြုလုပ်ရန်အလို့ငှာ ဂရန်အင်းအား ဝန်ကြီး၏ ခွင့်ပြုချက်ရယူ၍ နှစ်ကာလ အပိုင်းအခြားသတ်မှတ်ကာ သုတေသနအင်းအဖြစ် ဆောင်ရွက်နိုင်သည်။

၁၀၆။ ၂၀၁၅ ခုနှစ် ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေများကို ဤနည်းဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) အောင်ဇော်နိုင်
ဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------မြို့

အင်းလေလံကြော်ငြာ

[နည်းဥပဒေများအပိုဒ်- ၆ (ဂ)]

စာအမှတ်၊--------------------

ရက်စွဲ ၊---------------------

အများသိစေရန် ကြော်ငြာလိုက်သည်။

----------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ၂၀ -၂၀ ခုနှစ်၊ ၁၃ -ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် လုပ်ငန်းအား ထင်သာမြင်သာဖြစ်စေရေး သက်ဆိုင်ရာ မြို့နယ်အတွင်းမှ ဒေသခံများသာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စျေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာမြို့နယ်အတွင်းမှ ဒေသခံမည်သူမဆို လေလံဆွဲဝယ်ယူ လိုပါက -----------မြို့နယ်အတွင်းရှိ ဂရန်အင်းများကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း လေလံစည်းကမ်းချက်များနှင့်အညီ ရောင်းချသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်-

<u>အစီအစဉ်</u>

နေ့ရက် -

အချိန် -

နေရာ -

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------မြို့

<u>ဖြန့်ဝေခြင်း</u>

မိတ္တူကို-

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေများအပိုဒ် ၇)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

--------------------မြို့။

ရက်စွဲ၊

အကြောင်းအရာ ။ ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း။

ကျွန်တော်/ ကျွန်မ ဦး/ ဒေါ် ------------------ သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်-

၁။ လျှောက်ထားသူအမည် ။

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ။

၃။ အဘအမည် ။

၄။ နေရပ် ။

၅။ အလုပ်အကိုင် ။

(ယခင်နှစ်က အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည် ။

၇။ လေလံတင်ရောင်းချမည့်ရက် ။

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့် အချက်များမှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

------------------ရပ်ကွက်/ ကျေးရွာအုပ်စု၊

---------------မြို့နယ်

ရက်စွဲ ။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

----------------မြို့

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

[နည်းဥပဒေများအပိုဒ် ၁၀]

အမှတ်စဉ် - /

၁။ လေလံဆွဲဝယ်ဆွဲရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည် ၊

၄။ အလုပ်အကိုင် ၊

၅။ နေရပ် ၊

၆။ လေလံဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည် ၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့ ၊

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-------------မြို့နယ်

ရက်စွဲ၊

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
--------------------မြို့

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊

[နည်းဥပဒေများအပိုဒ် ၁၄ (က)]

-------------ခုနှစ်

လေလံတင်ရောင်းချသည့် အင်းအမည် -
ဂရန်အင်း၏ တည်ရှိနေရာ -
ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ -
လေလံတင်ရောင်းချသည့်နေရာ -

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့် အင်းခွန်

နှစ်	အငှားဂရန်ရရှိသူ	အခွန်ငွေ

ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး လေလံဆွဲဝယ်ကြသူများ

စဉ်	လေလံဆွဲဝယ်ခွင့်ရရှိသူအမည်/ နိုင်ငံသားကတ်အမှတ်	ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်းဖြင့်)	(စာဖြင့်)

ယခုသတ်မှတ်သည့်အင်းခွန် -
အငှားဂရန်ရရှိသူအမည် -
မှတ်ချက်(ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင်	ဥက္ကဋ္ဌ	အတွင်းရေးမှူး

ရက်စွဲ၊

ပုံစံ(၅)

ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ

[နည်းဥပဒေများအပိုဒ် ၁၅ (က)]

--------------ခုနှစ်

ပဲခူးတိုင်းဒေသကြီး

-----------ခရိုင်၊ ------------မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ ၊

ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင် ပါဝင်သူများ ၊

စဉ်	ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ	(၅)နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်လေလံဈေး	မှတ်ချက်

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

ရက်စွဲ၊

ပုံစံ(၆)

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

---------ခရိုင်၊ -----------မြို့

အငှားဂရန်

(နည်းဥပဒေများအပိုဒ် ၁၅ (ခ))

ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ -----------------ရက်စွဲပါ၊ စာအမှတ်၊--------------------------------------ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ အငှားဂရန်ကို ပူးတွဲပါစည်းကမ်းချက်များ နှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ နေရပ်လိပ်စာ ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အင်းအမည်နှင့် မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား ၊

၇။ အင်းခွန် ---------------ကို ---------------မြို့၊ မြန်မာ့စီးပွားရေးဘဏ်၌( )ရက်စွဲပါ ချလံအမှတ်( )အရ ငွေပြေပေးသွင်းပြီး ဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

------------မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ (၇)

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းမှတ်ပုံတင်ခွင့်လျှောက်လွှာ

[နည်းဥပဒေများအပိုဒ် ၂၂]

သို့

ဥက္ကဋ္ဌ

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီ

------------------မြို့။

ရက်စွဲ၊

အကြောင်းအရာ။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုပါရန်တင်ပြခြင်း

အထက်ပါကိစ္စနှင့်ပတ်သက်၍ --------------မြို့နယ်၊ --------------ကျေးရွာအုပ်စု၊------------ ကျေးရွာရှိ ဒေသခံရေလုပ်သားများစုဖွဲ့၍ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လိုပါသဖြင့် ---------------ဦးဆောင်သော ပူးတွဲဖော်ပြပါ အဖွဲ့ဝင်( )ဦးဖြင့် ဖွဲ့စည်းခွင့်ပြုပါရန်နှင့် အဆိုပါအစုအဖွဲ့အား အတည်ပြုချက်ရရှိပါက မှတ်ပုံတင်ခွင့် ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်

----------------ကျေးရွာ

-----------------ကျေးရွာအုပ်စု

------------------မြို့နယ်

မိတ္တူ

လက်ခံ။

ပုံစံ(၈)

---------------မြို့နယ်ရှိ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များမှ အင်း/ တင်ဒါလုပ်ကိုင်ခွင့်လျှောက်ထားသည့် အပေါ် စစ်ဆေးတွေ့ရှိချက်

[နည်းဥပဒေများအပိုဒ် ၂၂]

စဉ်	အစုအဖွဲ့အမည်	ကော်မတီဥက္ကဋ္ဌ အဖွဲ့ခေါင်းဆောင်	အဖွဲ့ဝင်ဦးရေ	လျှောက်ထားသည့် အင်း/ တင်ဒါချက်အမည်	တည်ရှိရာဒေသ	အိမ်ထောင်စု		ပုံစံ(၇)		မှတ်ချက်
						ပါ	မပါ	ပါ	မပါ	

------------------မြို့နယ်ရှိ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များမှ အင်း/ တင်ဒါ လုပ်ကိုင်ခွင့်လျှောက်ထားသည့်အပေါ် စစ်ဆေးတွေ့ရှိချက်

အဖွဲ့ဝင် စိုက်ပျိုးရေး	အဖွဲ့ဝင် မွေး/ကု	အဖွဲ့ဝင် ကျေးလက်	ဥက္ကဋ္ဌ ထွေ/ အုပ်	အဖွဲ့ဝင် လယ်/စီ/ အင်း	အဖွဲ့ဝင် ဆည်မြောင်း	အတွင်းရေးမှူး ငါးလုပ်ငန်း

ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့်မှတ်ပုံတင်ပုံစံ

[နည်းဥပဒေများအပိုဒ် ၂၃]

စဉ်	အစုအဖွဲ့ အမည်	(၅)ဦး သို့မဟုတ် (၇)ဦး ဦးဆောင် ကော်မတီစာရင်း			အဖွဲ့ဝင်များစာရင်း			မှတ်ပုံတင် သည့်ရက်စွဲ	မှတ်ချက်
		အမည်	အဘ အမည်	နိုင်ငံသား ကတ်အမှတ်	အမည်	အဘ အမည်	နိုင်ငံသား ကတ်အမှတ်		

မြို့နယ်ဦးစီးဌာနမှူး

ငါးလုပ်ငန်းဦးစီးဌာန

-----------------မြို့

ပုံစံ(၁၀)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------မြို့

အိတ်ဖွင့်တင်ဒါကြော်ငြာ

[နည်းဥပဒေများအပိုဒ်- ၂၇ (ခ)]

စာအမှတ်၊-------------------

ရက်စွဲ ၊---------------------

အများသိစေရန် ကြော်ငြာလိုက်သည်။

----------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါငါးဖမ်းကွက်များအား ၂၀-၂၀ ခုနှစ်၊ ၁၃ -ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် လုပ်ငန်းအား ထင်သာမြင်သာဖြစ်စေရေးအတွက် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အိတ်ဖွင့် တင်ဒါရောင်းချမည်ဖြစ်ပါသဖြင့် မည်သူမဆို တင်ဒါဆွဲဝယ်ယူ လိုပါက --------------မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါရောင်းချသွားမည် ဖြစ်ကြောင်း ကြော်ငြာလိုက်သည်-

<u>အစီအစဉ်</u>

နေ့ရက် -

အချိန် -

နေရာ -

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------မြို့

<u>ဖြန့်ဝေခြင်း</u>

မိတ္တူကို-

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

[နည်းဥပဒေများအပိုဒ် ၂၈]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------------မြို့။

ရက်စွဲ၊

အကြောင်းအရာ ။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း။

ကျွန်တော်/ ကျွန်မ ဦး/ ဒေါ် ------------------ သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ အဘအမည် ၊

၄။ နေရပ် ၊

၅။ အလုပ်အကိုင် ၊

(ယခင်နှစ်က တင်ဒါလိုင်စင်ရရှိခဲ့လျှင် တင်ဒါငါးဖမ်းကွက်အမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည် ၊

၇။ တင်ဒါဆွဲဝယ်မည့်ရက် ၊

လျှောက်ထားသူလက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့်အချက်များ မှန်ကန်ကြောင်းထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

-------------------ရပ်ကွက်/ ကျေးရွာအုပ်စု၊

----------------မြို့နယ်

ရက်စွဲ ၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

----------------မြို့

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

[နည်းဥပဒေများအပိုဒ် ၃၁ (က)]

အမှတ်စဉ် - /

၁။ တင်ဒါဆွဲဝယ်ဆွဲရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ အဘအမည် ၊

၄။ နေရပ် ၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည် ၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူကပေးမည့် တင်ဒါကြေး(ဂဏန်းဖြင့်)
(စာဖြင့်)

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ ရွေးချယ်ခြင်းမပြုပါ။

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

ရက်စွဲ၊

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
----------------မြို့

[နည်းဥပဒေများအပိုဒ် ၃၆ (က)]

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊

--------------ခုနှစ်

တင်ဒါငါးဖမ်းကွက်အမည် -

တင်ဒါငါးဖမ်းကွက်တည်နေရာ -

တင်ဒါချထားသည့်နေ့ -

-

ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့် အင်းခွန်

နှစ်	တင်ဒါလိုင်စင်ရရှိသူ	တင်ဒါကြေး

ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီးတင်ဒါသွင်းကြသူများ

စဉ်	တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်/ နိုင်ငံသားကတ်အမှတ်	တင် ဒါ ကြေး (ဂဏန်းဖြင့်)	(စာဖြင့်)

ယခုသတ်မှတ်သည့်တင်ဒါကြေး -

တင်ဒါလိုင်စင်ရရှိသူအမည် -

မှတ်ချက်(ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

ရက်စွဲ၊

ပဲခူးတိုင်းဒေသကြီး

-----------ခရိုင်၊ ------------မြို့နယ်

တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

[နည်းဥပဒေများအပိုဒ် ၃၇ (က)]

တင်ဒါချထားသည့်နေ့ ၊

တင်ဒါချထားသည့်နေရာ ၊

တင်ဒါချထားရေးအဖွဲ့တွင် ပါဝင်သူများ၊

စဉ်	တင်ဒါငါးဖမ်းကွက် အမည်နှင့်ဆွဲဝယ်သူ	(၅)နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်တင်ဒါဈေး	မှတ်ချက်

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

ရက်စွဲ၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါလိုင်စင်

[နည်းဥပဒေများအပိုဒ် ၃၇ (ခ)]

လိုင်စင်အမှတ်၊

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး၏ -------------------ရက်စွဲပါ၊ စာအမှတ်၊ -----------------------ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ တင်ဒါလိုင်စင်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ နေရပ်လိပ်စာ ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်နှင့် မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့် အတိုင်းအတာ၊

တင်ဒါကြေးနှင့် လိုင်စင်ခ ------------------ကို ---------------------- ရက်စွဲပါ ချလံအမှတ်( )ဖြင့် ------------------ဘဏ်သို့ ပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

------------မြို့

ရုံးတံဆိပ်

ရက်စွဲ၊

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

[နည်းဥပဒေများအပိုဒ် ၄၀]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

------------------မြို့

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ အဘအမည် ၊

၄။ အလုပ်အကိုင် ၊

၅။ နေရပ် ၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ ၊

၇။ လုပ်ကိုင်လိုသည့် ငါးဖမ်းကိရိယာများ ၊

ငါးဖမ်းကိရိယာအမည်		အတိုင်းအတာ	အရေအတွက်
	(က)	အလျား	
	(ခ)	အနံ	
	(ဂ)	စောက်	
	(ဃ)	ထိပ်ဝ	
	(င)	အခြား	

၈။ လုပ်ကိုင်လိုသည့် ခုနှစ် ၊

လျှောက်ထားသူလက်မှတ်

ပုံစံ(၁၇)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူများစာရင်း

[နည်းဥပဒေများအပိုဒ် ၄၁ (က)]

----------------ခရိုင်၊ ------------------မြို့နယ်

စဉ်	လိုင်စင်ရရှိသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	နေရပ် လိပ်စာ	ရုံးသုံး အမည်	ငါးဖမ်းကိရိယာ					လုပ်ကိုင်သည့် နေရာ	လိုင်စင်ခ	မှတ်ချက်
				ဇယားပါ အမှတ်စဉ်	ဒေသ အခေါ်	ခွင့်ပြုသည့် အများဆုံး အတိုင်းအတာ					
						အလျား	အနံ	စောက်			

ရက်စွဲ၊

လိုင်စင်မလျှောက်ထားသော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်။

မြို့နယ်ဦးစီးဌာနမှူး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ငါးဖမ်းကိရိယာလိုင်စင်

[နည်းဥပဒေများအပိုဒ် ၄၂ (က)]

(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်)

မြို့နယ် - ခုနှစ်၊ အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

နေရပ်လိပ်စာ -

ကိရိယာရှုံးသုံးအမည် -

ဒေသအခေါ်အဝေါ် -

ကိရိယာအတိုင်းအတာ -

နေရာ -

အထူးကန့်သတ်ချက်များ -

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/ အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့် လှေတစ်စင်းအတွက်လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည် နေ့တွင်သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ငါးဖမ်းကိရိယာလိုင်စင်

[နည်းဥပဒေများအပိုဒ် ၄၂ (က)]

(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်)

ဂြို့နယ် - ခုနှစ်၊ အမှတ်စဉ်

ိုင်စင်ရရှိသူအမည် -

ိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

နေရပ်လိပ်စာ -

ကိရိယာရှုံးသုံးအမည် -

ဒေသအခေါ်အဝေါ် -

ကိရိယာအတိုင်းအတာ -

နေရာ -

အထူးကန့်သတ်ချက်များ -

မတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/ အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့် လှေတစ်စင်းအတွက်လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည် နေ့တွင်သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၁၉)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

[နည်းဥပဒေများအပိုဒ် ၄၂ (ခ)]

-----------------ခရိုင်၊ -------------------မြို့နယ်

စဉ်	လိုင်စင်ရရှိသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	နေရပ် လိပ်စာ	လိုင်စင် အမှတ်စဉ်	ငါးဖမ်းကိရိယာ အမျိုးအစား	ငါးဖမ်းကိရိယာ အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေးထားသည့် လိုင်စင်ပုံစံတန်ဖိုးနှင့် ရွက်ရေ
၁	၂	၃	၄	၅	၆	၇	၈

ပုံစံ(၂၀)

ငါးဖမ်းကိရိယာလိုင်စင်အရ ၊ အသုံးမှတ်ပုံတင်

[နည်းဥပဒေများအပိုဒ် ၄၇ (က)]

----------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန လိုင်စင်တန်ဖိုး -

စဉ်	လက်ခံရရှိသည့် ရက်စွဲ	ရွက်ရေ	တန်ဖိုး	အသုံးပြုသည့်			လက်ကျန်		မှတ်ချက်
				ရက်စွဲ	ရွက်ရေ	တန်ဖိုး	ရွက်ရေ	တန်ဖိုး	

ပုံစံ(၂၁)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုအသုံးမှတ်ပုံတင်

[နည်းဥပဒေများအပိုဒ် ၄၇ (ခ)]

----------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ----------------ခုနှစ်

စဉ်	လိုင်စင် ရရှိသူ အမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	လိုင်စင် အမှတ်စဉ်	လိုင်စင်ထုတ် ပေးသည့် ရက်စွဲ	ငါးဖမ်း ကိရိယာ အမျိုးအစား	ငါးဖမ်း ကိရိယာ အတိုင်းအတာ	ငါးဖမ်း ကိရိယာ လိုင်စင်ခနှင့် နှုန်းထား	ထုတ်ပေး ထားသည့် လိုင်စင် ပုံစံတန်ဖိုးနှင့် ရွက်ရေ	လိုင်စင်ခ ရရှိသည့် ရက်စွဲ	ဘဏ်သို့ ပေးသွင်း သည့်နေ့ရက်နှင့် ချလံအမှတ်	ငါးဖမ်းခွင့် ပြုသည့် နေရာ ဒေသ
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂

ပုံစံ(၂၂)

ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်း

[နည်းဥပဒေများအပိုဒ် ၄၈]

-----------------ခုနှစ်၊ ----------------လ

----------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်တန်ဖိုး -

စဉ်	လက်ခံရရှိသည့်နေ့	ရွက်ရေ	တန်ဖိုး		စဉ်	ယခင်လ လက်ကျန်	ယခုလ အသုံးပြုသည့်နေ့	လိုင်စင်ရရှိသူအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ	ငါးဖမ်းကိရိယာ အမျိုးအစားနှင့် အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေးသည့် လိုင်စင်ပုံစံ တန်ဖိုးနှင့်ရွက်ရေ	မှတ်ချက်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၂၃)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

-----------------မြို့

[နည်းဥပဒေများအပိုဒ် ၉၃ (ဂ)]

ရေလုပ်သားမှတ်ပုံတင်ကတ်

အမှတ်စဉ်(/ ၂၀)

အမည် --

အဘအမည် --

နိုင်ငံသားစိစစ်ရေးအမှတ်--

မွေးသက္ကရာဇ် --

ထင်ရှားသည့်အမှတ်အသား --

နေရပ်လိပ်စာ --

လုပ်ငန်းအမျိုးအစား --

မြို့နယ်ဦးစီးဌာနမှူး

ထုတ်ပေးသည့် ရက်စွဲ၊

ပုံစံ (၂၄)

PMD(01)

ငါးလုပ်ငန်းဦးစီးဌာန

ရေထွက်ပစ္စည်းသယ်ယူသည့်အထောက်အထား

(Product Movement Document)

၁(က)။	ရေချိုငါးလုပ်ငန်း	ရေငန်ငါးလုပ်ငန်း	ငါးမွေးမြူရေးလုပ်ငန်း	၁(ခ)။	ကုန်ကြမ်း	ပြုပြင်ရေး	အရှင်
၂။ စာအမှတ်				၃။ထုတ်ပေးသည့်ရက်စွဲ			
၄။ သယ်ယူသူအမည် မှတ်ပုံတင်အမှတ်				၅။ လက်မှတ်			
၆။နေရပ်လိပ်စာ							
၇။ သယ်ယူမည့်ယာဉ်အမျိုးအစား				၈။ ယာဉ်နံပါတ်			
၉။ သယ်ယူမည့်နေရာ/ဒေသ/လမ်းကြောင်း	မှ			သို့			
၁၀။ သယ်ယူမည့်ရက်စွဲ	မှ			ထိ			
၁၁(က)။ သယ်ယူမည့်ငါး/ ပုစွန်အမျိုးအစား/ ပုံစံ		၁၁(ခ)။ သိပ္ပံအမည်		၁၂။ အလေးချိန်(ပိဿာ/ကီလို/တန်)			
၁၃။ ငါး/ပုစွန်ထွက်ရှိ/ဖမ်းဆီးရာအရပ် အဝယ်ဒိုင်/ဘုံ/အင်း/ပင်လယ်/ငါးမွေးကန်)				၁၅။ ဖမ်းဆီးဝယ်ယူခဲ့သည့်နေ့စွဲ			
၁၄။ ငါးဖမ်းရေယာဉ်အမည် (ရေငန်ငါးဖမ်းလုပ်ငန်းအတွက်) (လိုအပ်ပါက နောက်ဆက်တွဲ ၀၂ ဖြင့်ပြရန်)							
၁၆။ ရောင်းချသူအမည် အလုပ်အကိုင်/ နေရပ်လိပ်စာ				လက်မှတ်			
၁၇။ ဝယ်ယူသူ/ ကုန်ပိုင်ရှင်/ ကုမ္ပဏီအမည်/ နေရပ်လိပ်စာ (ပြေစာပူးတွဲတင်ပြရန်)				လက်မှတ်			
၁၈။ **ဝန်ခံချက် - အထက်တွင် ဖော်ပြထားသောအချက်များ မှန်ကန်မှုရှိကြောင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ စစ်ဆေးသည့်အခါ ဤအထောက်အထားတွင်ပါရှိသည့် ကုန်အမျိုးအစားနှင့် ကုန်ချိန်မှန်ကန်မှုမရှိပါက ဥပဒေအရ အရေးယူခြင်းခံရမည်ကို သိရှိကြောင်း ဝန်ခံကတိပြုပါသည်။**				မျှော်စာထုတ်ယူသူအမည်နှင့် လက်မှတ်			
၁၉။ ဌာနမှဖြည့်စွက်ရန် စစ်ဆေးသူအမည်/ လက်မှတ် ရာထူး/ဌာနနှင့် ရုံးတံဆိပ်				၂၀။ အတည်ပြုသူအမည် လက်မှတ် ရာထူး/ဌာနနှင့် ရုံးတံဆိပ်			

တစ်ပိုင်တစ်နိုင် ရှာဖွေစားသောက်ရန် အခွန်ကင်းလွတ်ခွင့်ပြုထားသော ငါးဖမ်းကိရိယာ အမျိုးအစားများ

စဉ်	ရိုးသုံးအမည်	အကျယ်ဖော်ပြသည့် အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ်အဝေါ်များ	မှတ်ချက်
၁။	လက်ထွန်	(၁)လက်ထွန်၊ (၂)လက်သွပ်၊ လူတစ်ဦးလျှင်	(၃)လက်
၂။	ကိုင်းထောက်	ကိုင်းထောက်၊ လူတစ်ဦးလျှင်	တစ်ဦးလျှင်(၁၀)ခု
၃။	ထောင်ကျင်း	တိုင်ထောင်ငါးမျှား၊ လူတစ်ဦးလျှင်	တစ်ဦးလျှင်(၃)ခု
၄။	ငါးမျှားတန်း(ရေချို)	ငါးမျှားတန်း၊ လူတစ်ဦးလျှင်(ငါးမျှားချိန် ၂၀ ထက်မပိုရ)	(၁)တန်း
၅။	ဘူးမျှော	ဘူးမျှော၊ လူတစ်ဦးလျှင်	(၃)ခု
၆။	လက်ပစ်ကွန်	(၁)လက်ပစ်ကွန်၊ (၂)ကွန်စပ်၊ (၃)ကွန်ကြဲ၊ လူတစ်ဦးလျှင်	(၁)လက်
၇။	ရင်တွန်း	ရင်တွန်း၊ လူတစ်ဦးလျှင် အဝ(၃)တောင် ထက်မပိုရ	(၁)ခု
၈။	ပေါ်ခပ်	(၁)ဂေါ်ပိုက်၊ (၂)မျှင်ပိုက်(ငွေးထိုး)၊ လူတစ်ဦးလျှင်	(၁)ခု
၉။	ယက်သဲ့	ယက်သဲ့၊ လူတစ်ဦးလျှင်	(၁)ခု
၁၀။	မြှုံးငယ်အမျိုးမျိုး	(စိန်မြှုံး၊ (၂)ရင်ကွဲမြှုံး၊ (၃)သေန်မြှုံး၊ (၄)ပုစွန်မြှုံး၊ (၅)ဇလုံ့မြှုံး၊ (၆)ခရာမြှုံး၊ (၇)ပုံးမြှုံး၊ (၈)ငါးမွေးထိုးမြှုံး၊ (၉)ငါးဇင်ရိုင်းမြှုံး၊ (၁၀)တုံးလုံးမြှုံး၊ (၁၁)တိုင်ထောင်မြှုံး၊ (၁၂)ငုတ်တုတ်မြှုံး လူတစ်ဦးလျှင်	(၂၀)လုံး
၁၁။	မြှုံးကြီး(ရေချို)	မြှုံးကြီး(ရေချို)၊ လူတစ်ဦးလျှင်	(၃)လုံး
၁၂။	တုတ်	(၁)တုတ်၊ (၂)ကတုံး၊ (၃)ဇရိတ်၊ (၄)ဆင်လိမ်၊ လူတစ်ဦးလျှင်	(၃)ခု
၁၃။	တစောင်း	(၁)တဆောင်း၊ (၂)ရွှေလှေ၊ (၃)ငှက်ပျောဖက်တန်းပိုက်၊ (၄)ဖက်ထိုးလှေ၊ (၅)လှေစောင်းထိုး၊ လူတစ်ဦးလျှင်	(၁)ခု
၁၄။	ဆောင်း	(၁)ဆောင်း၊ (၂)ဆောင်းအုပ်၊ လူတစ်ဦးလျှင်	(၁)လက်
၁၅။	လှံထိုး	(၁)လှံထုံး၊ (၂)စူး၊ (၃)ခက်ရင်းခွ၊ (၄)မီးမောင်းထိုး၊ (၅)ငါးအင်း၊ လူတစ်ဦးလျှင်	(၁)ခု
၁၆။	ဂုတ်	(၁)ဂုတ်၊ (၂)ထူး၊ လူတစ်ဦးလျှင်	(၁)ခု

ပုံစံ(၂၅)

ငါးလုပ်ငန်းဦးစီးဌာန၏ ရှာဖွေဖမ်းဆီးသည့်ရှာဖွေပုံစံ

[နည်းဥပဒေများအပိုဒ် ၉၅]

၁။ ရှာဖွေဖမ်းဆီးသည့် ရက်စွဲ/ ပုဒ်မ --

၂။ ရှာဖွေဖမ်းဆီးသည့် နေရာ --

၃။ ရှာဖွေဖမ်းဆီးခံရသူ၏ အကြောင်းဖော်ပြချက်-

(က) အမည် ------------------------------၊ (ခ) အဘအမည် ------------------------

(ဂ) အသက် ----------------------------၊ (ဃ) နိုင်ငံသားကတ်အမှတ် ----------------

(င) အလုပ်အကိုင် ---

(စ) နေရပ်လိပ်စာအပြည့်အစုံ --

၄။ ရှာဖွေသိမ်းဆည်းသည့် ပစ္စည်း

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	မှတ်ချက်

၅။ ရှာဖွေတွေ့ရှိပုံ---

(သိမ်းဆည်းသူ) (ပေးအပ်သူ)

၆။ အောက်ပါသက်သေများရှေ့မှောက်တွင် သိမ်းဆည်းသည်။

လက်မှတ် -------------------------

အမည် -------------------------

အဘအမည် -------------------------

အသက် -------------------------

နိုင်ငံသားကတ်အမှတ်-------------------

အလုပ်အကိုင် ------------------------

နေရပ်လိပ်စာ -------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ချင်းပြည်နယ်အစိုးရအဖွဲ့

ရေချိုငါးလုပ်ငန်းနည်းဥပဒေ

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ချင်းပြည်နယ်အစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ်၊ ၄/၂၀၁၅
၁၃၇၇ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

နိဒါန်း

ချင်းပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနသည် ချင်းပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထား သော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် အောက်ပါရေချိုငါးလုပ်ငန်းဥဒေကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥဒေကို ချင်းပြည်နယ်ရေချိုငါးလုပ်ငန်းနည်းဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤနည်းဥဒေတွင်ပါရှိသော စကားရပ်များသည် ချင်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေတွင်ပါရှိသည့် အတိုင်း အဓိပ္ပါယ်တက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်တက် ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာချင်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကို ဆိုသည်။

(ခ) **ဝေးလံခေါင်ပါးသောဒေသ**ဆိုသည်မှာ အစိုးရအဖွဲ့က လမ်းပမ်းဆက်သွယ်ရေးခက်ခဲသော ဒေသ များအဖြစ် အခါအားလျော်စွာ သတ်မှတ်ထားသော ဒေသများကိုဆိုသည်။

(ဂ) **တင်ဒါငါးဖမ်းကွက်**ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ် ငန်းလုပ်ကိုင်ခွင့်ပြုသည့် ငါးဖမ်းကွက်ကို ဆိုသည်။

(ဃ) အခိုင်အမာအတားအဆီး ဆိုသည်မှာ သဘာဝအလျောက် ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချိုငါးလုပ် ငန်းရေပြင်တွင် ရေစီးရေလာအဟန့်အတားဖြစ်စေရန် လူတို့က အခိုင်အမာ ပြုလုပ်ထားသော အတားအဆီးတစ်ခုခုကို ဆိုသည်။

(င) ဆည်၊ တာတမံ ဆိုသည်မှာ ဆည်မြောင်းဦးစီးဌာနက ရေအသုံးချရန်အလို့ငှာ ရေလောင်ဆည် ကြီးများ၊ တာတမံများဖြင့် ပိတ်ဆို့ ကာရံ တာဆီးဆောင်ရွက်သည့်အရာများကို ဆိုသည်။

(စ) ပုံစံ ဆိုသည်မှာ ဤနည်းဥပဒေတွင် ပူးတွဲပါရှိသည့်ပုံစံကိုဆိုသည်။

(ဆ) (ငါးဖမ်း)ဆည် ဆိုသည်မှာ ငါးဖမ်းဆီးရန်အလို့ငှာ ငါးမထွက်စေ ရန် ယင်းများ၊ မြေသားများဖြင့် ကာရံဆောင်ရွက်ထားရှိသော အတားအဆီးကို ဆိုလိုသည်။

(ဇ) ယင်း ဆိုသည်မှာ ဝါးကိုဖြစ်စေ၊ အခြားပစ္စည်းများကိုဖြစ်စေ ကြိုးဖြင့်စနစ်တကျ သီကာရေများ ထွက်ရှိစေနိုင်ပြီး၊ ငါးများ မထွက်စေရန် ကာရံအသုံးပြုသောကိရိယာကို ဆိုလိုသည်။

(ဈ) ကျားပိုက် ဆိုသည်မှာ ကျားပါးစပ်ပုံစံ အပေါက်ရှိသော ငါးဖမ်းဆီး သည့်အိတ်ကို ဆိုလိုသည်။

(ည) တောချဆည် ဆိုသည်မှာ တောင်ကျချောင်းများတွင် ရေစီးအား နှင့် အတူပါလာသော ငါးများအား ဖမ်းဆီးသည့် ကိရိယာပါရှိ သော ယင်းများဖြင့် တည်ဆောက်ကာ အပေါက်ဖောက်ထားသည့် ဆည်တန်း သို့မဟုတ် ငါးဖမ်းသည့် နည်းလမ်းကို ဆိုလိုသည်။

(ဋ) မြင်းဝန်းဆည် သို့မဟုတ် လျှောဆည်ဆိုသည်မှာ ရေးစီးအားနှင့် အတူပါလာသော ငါးများအား ယင်းပေါ်တွင် တင်ကျန်စေရန် ကာရံ စီမံထားရှိသည့် ငါးဖမ်းသည့် နည်းလမ်းကို ဆိုလိုသည်။

(ဌ) အကယ်ဆည် ဆိုသည်မှာ ငါးများကိုဖမ်းဆီးရန်အတွက် မြေသားဖြင့်ဖြစ်စေ၊ ယင်းများဖြင့်ဖြစ်စေ ပြုလုပ်ကာရံထားသော ဆည်တန်းကို ဆိုလိုသည်။

(ဍ) လက်ဆည် ဆိုသည်မှာ လက်ဖြင့်မြေသားများကို ဆယ်ယူ၍ တမံပြုလုပ်ထားသော ဆည်တန်းကို ဆိုလိုသည်။

(ဎ) အဝချုပ်ဆည်ဆိုသည်မှာ ငါးများကို ထွက်ပေါက်နေရာတစ်ခုတွင် စုစေပြီး ယင်းနေရာတွင် ငါးဖမ်းဆီးရသော ကိရိယာတစ်ခု တပ်ဆင်ထားသည့် ဆည်တန်းကို ဆိုလိုသည်။

(ဏ) ဂျမ်း ဆိုသည်မှာ အင်း(သို့) ချောင်းရိုးများ၊ ငါးဖမ်းကွက်အတွင်းရှိ ငါးများအား ယင်းများဖြင့် ရွှေ့လျားစေကာ အောက်ခြေကြမ်းပြင်မှ သိမ်းကြုံးဆွဲယူဖမ်းဆီးသော ငါးဖမ်းနည်းစနစ်ကို ဆိုလိုသည်။

(တ) ဘဝန်း ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်တွင်းရှိ ငါးများကို ဖမ်းဆီး ရန်အတွက် ယင်း သို့မဟုတ် ပိုက်များဖြင့် တဖြည်းဖြည်းခြင်း ဝိုင်း၍ ဆွဲယူဖမ်းဆီးရသော ငါးဖမ်းကိရိယာကို ဆိုလိုသည်။

(ထ) ကတက်တုံး ဆိုသည်မှာ မြေသားတမံ တဖက်တချက်ကို ယင်း သို့မဟုတ် ဝါး စသည်တို့ဖြင့် ထိန်းထားသော ဆည်တန်းကို ဆိုလိုသည်။

အခန်း (၂)

အငှားဂရန်လျှောက်ထားခြင်း ၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို သာမန်အားဖြင့် နှစ်စဉ် ဧပြီလ (တန်ခူးလ)အတွင်းတွင် စတင်ဆောင်ရွက်ရမည်။

၄။ ပြည်နယ်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ချင်းပြည်နယ်အတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် လေလံတင်ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(၁)	သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး	ဥက္ကဌ
(၂)	ဂရန်အင်းတည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး	အဖွဲ့ဝင်
(၃)	ပြည်နယ်ဦးစီးဌာနမှူးမှ တာဝန်ပေးအပ်ခြင်း ခံရသည့် ဝန်ထမ်း ၁ ဦး	အဖွဲ့ဝင်

(ခ) အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းသောဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) မြို့နယ်အတွင်းရှိ မိမိစီမံခန့်ခွဲရသော ဂရန်အင်းများကို (၁)နှစ်ကာလအတွက်ဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့က လေလံတင်ရောင်းချမည့် အစီအစဉ်ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက် ရယူရမည်၊

(ခ) အပိုဒ်ခွဲ (က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက် ရရှိပါက ဂရန်အင်း လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရက်ပေါင်း(၃၀)ကြိုတင်၍ လေလံ ကြော်ငြာ ပုံစံ(၁)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်၊

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချပါက ဂရန်အင်း လေလံတင်ရောင်းချမည့်ရက်မတိုင်မီအနည်းဆုံး (၁၅)ရက်ကြိုတင်၍ လေလံကြော်ငြာပုံစံ(၁)ဖြင့် မြို့နယ် အတွင်း ကြေညာ ရမည်-

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း၊

၆။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ ပုံစံ(၂)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးထံလျှောက်ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာပုံစံ(၂) လက်ခံရရှိသည့်အခါ အောက်ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) အင်းခွန်ငွေပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် (၃)နှစ်အတွင်း ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ် ကျခံရသူ မဟုတ်ခြင်း။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို အပိုဒ် ၇ အရစိစစ်ပြီးအောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက် တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်းဖော် ပြချက်များ၊

(ခ) လျှောက်လွှာကိုလက်ခံလျှင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက် များ။

၉။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၈ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ (၃)ထုတ်ပေးရန် မြို့နယ် ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သောလျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီအကြောင်း ကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာရရှိသည့်အခါ ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၃)ကို လေလံပွဲ မစမီ အနည်းဆုံး(၁)ရက် ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည်-

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်။

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဝင်ရောက်ဆွဲဝယ်မှု မရှိ လျှင်သော်လည်းကောင်း၊ ဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ရှေ့သို့ သတ်မှတ်သည့် လေလံ ကြေးငွေများကို တင်ပြမှုမရှိလျှင်သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း (၃)နှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၂။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ အောက်ပါအချက်များ အပေါ် အခြေခံ၍ ဂရန်အင်း တစ်ခုစီအတွက် လေလံ ကြမ်းခင်းဈေး ကို သတ်မှတ်ပေးရမည်

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင်ရောင်းချခြင်း အမှုတွဲပုံစံ(၄) ဖွင့်လှစ် ထားရှိခြင်း၊

(ခ) နှစ်ရှည်အငှားဂရန်ချထားမည့် အင်းဖြစ်ပါက အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက် ခြင်း၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များ၊ ရောင်းချမည့်ဂရန်အင်း တစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြား ကြေညာခြင်း၊

(ဃ) ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ် အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ခွင့်ရရှိသူတစ်ဦးဦးကို သော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း အကြောင်းပြချက် မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့

ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့်ကျိုးကြောင်း ဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာန မှူးထံ တင်ပြခြင်း

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူများအား ဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ကသတ်မှတ်ထားသည့် ကြိုတင်ငွေကို တင်ပြပြီးမှသာ လေလံဆွဲဝယ် ခွင့်ပြု ခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှမိမိ၏ စိတ်ကိုထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေးထက်များစွာ ကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့်ရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီးနောက်နေ့ချင်းပြန်လည်ကျင်းပခြင်း၊
ထိန်းသိမ်းမရအောင်အပြိုင်အဆိုင်ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင် အိတ်ဖွင့်တင်ဒါတင်သွင်းစေပြီး အငှားချထားခြင်း၊

(ဇ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံး ပေးထားသူအား အငှားချထားခြင်း၊

(ဈ) လေလံဆွဲဝယ်ခွင့်ရရှိသူအား လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေ များကို အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းခြင်း၊ လျော့နည်းသောခြားနားငွေကို ပျက်ကွက် သူအား ပေးလျော်စေခြင်း၊

(ည) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲဝယ်သည့် ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေ များကို ဂရန်အင်းလေတင်ရောင့်ချသည့်နေ့မှ (၇)ရက်အတွင်း မျဉ်းသားချက်လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေပေးဆောင်စေခြင်း၊ ပေးဆောင်ရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်ဖြင့် ဒုတိယအကြိမ် ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်း သောခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဋ) လေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ တင်ပြသည့်ငွေများကို သက်ဆိုင် ရာ ဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဌ) လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ် ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) အကြောင်းတစ်စုံတစ်ရာကြောင့် လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ခြင်းမရှိပါက လေလံကြေးငွေများကို သေတ္တာထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး ဂရန်အင်းများ လေလံတင် ရောင်ချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဎ) လေလံဆွဲဝယ်ရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန်အင်းလေလံတင်ရောင်းချသည့် ဈေးနှုန်း ကို ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၁၃။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်ချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင်ရောင်းချခြင်းအမှုတွဲ ပုံစံ(၄)ဖွင့်လှစ်ထားရှိခြင်း

(ခ) နှစ်ရှည်အငှားဂရန်ချထားမည့် အင်းဖြစ်ပါက အစိုးရအဖွဲ့၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက် ခြင်း၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချခြင်း မပြုမည့်လေလံစည်းကမ်းချက်များ၊ ရောင်းချမည့် ဂရန်အင်းတစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြားကြေငြာခြင်း၊

(ဃ) ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ကြေငြာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံစွဲဝယ်ခွင့်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း အကြောင်းပြချက်မပေးဘဲ ငြင်းပယ်ခြင်းတားမြစ်ခြင်း၊ ထို့ကဲ့သို့ ငြင်းပယ်ခြင်းသို့မဟုတ်တားမြစ်ခြင်း ပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(စ) လေလံစွဲဝယ်ခွင့်ရရှိသူများအား ဂရန်အင်များလေလံတင်ရောင်းချရေးအဖွဲ့က သတ်မှတ်ထားသည့် ကြိုတင်ငွေကိုတင်ပြပြီး မှသာ လေလံစွဲဝယ်ခွင့်ပြုခြင်း၊

(ဆ) လေလံစွဲဝယ်ခွင့်ရရှိသူများမှ မိမိ၏ စိတ်ကိုထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေးထက် များစွာကျော်လွင်ပြီး ဈေးနှုန်းပေးပါက လေလံစွဲဝယ်ခွင့်ရရှိသူများကို သတိပေး၍သက်ဆိုင်သည့် ဂရန်အင်းလေလံတင် ရောင်းချခြင်းကိုခေတ္တာရပ်ဆိုင်းခြင်း၊ ထို့သို့ရပ်ဆိုင်းပြီးနောက် နေ့ချင်းပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင်ဆက်လက်စွဲဝယ်နေပါက ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင်အိတ်ဖွင့်တင်ဒါ တင်သွင်းစေပြီး အဌားချထားခြင်း၊

(ဇ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အဌားချထားခြင်း၊

(ဈ) လေလံစွဲဝယ်ခွင့်ရရှိသူအား လေလံစွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေပေးဆောင်စေခြင်း၊ ပေးဆောင်ရာပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ်ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းခြင်း၊ လျော့နည်းသောခြားနာငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ည) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လေလံစွဲဝယ်သည့် ကိစ္စဖြင့်လျှင်ပေးဆောင်ရန် ရှိသည့်အင်းခွန်ငွေများကို ဂရန်အင်းလေတင်ရောင်းချသည့် နေ့မှ(၇)ရက်အတွင်း မျဉ်းသားချက်လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေပေးဆောင်စေခြင်း၊ ပေးဆောင်ရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်ဖြင့် ဒုတိယအကြိမ်း ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသော ခြားနာငွေကို ပျက်ကွက်သူအားပေးလျော်စေခြင်း၊

၁၄။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများလေလံတင်ရောင်းချခြင်းပြီးသည့်အခါ ဂရန်အင်းလေလံ တင်ရောင်းချခြင်းပြီးစီးကြောင်း တင်ပြစာ ပုံစံ(၅)တွင်ပြည့်စုံစွာရေးသွင်း၍ ဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူး ထံတင်ပြရမည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက လေလံဆွဲဝယ်သည့်နေ့မှ (၁၅)ရက်အတွင်း အငှားဂရန် ပုံစံ(၆)ကို လေလံဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းကို ပြည်နယ်ဦးစီး ဌာနမှူး၏ အတည်ပြုချက်ရယူ၍ ဂရန်အင်းတစ်ခုတည်း အနေဖြင့် သတ်မှတ်၍ ရောင်းချရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများကို (၃)ကြိမ်ထိ လေလံတင်ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေးမမီပါက ကျိုးကြောင်းဖော်ပြလျှက် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက် ရရှိပါက အဆိုပါ ဂရန်အင်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရမည်။

(ဂ) အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် ယင်းဂရန်အင်းကို လေလံထပ်မံမပစ်ဘဲ ဂရန်အင်း ဆက်စပ်လျှက်ရှိသော အောက်ပိုင်းရှိ

အငှားဂရန်ရရှိသူအား သတ်မှတ်ဈေး ကို ပေးသွင်းစေပြီး ပြည်နယ်ဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြု နိုင်သည်။

(ဃ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍ မရနိုင်သော ဂရန်အင်းများ ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်ပေးနိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ် ဦးစီးဌာနမှူးမှ တဆင့် ဝန်ကြီးထံ တင်ပြရမည်။

အခန်း (၃)

နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၆။ (က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘောရရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည်အငှားဂရန် လျှောက်ထားလာလျှင် ဖြစ်စေ သက် ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီး ကျိုးကြောင်းဖော်ပြလျက် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီးသဘောထား မှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာန မှူးမှ တဆင့် ဝန်ကြီးထံ တင်ပြရမည်။

၁၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အောက်ပါ အချက်များကို စိစစ်ပြီး ဝန်ကြီးထံ တင်ပြရမည်-

(က) ဂရန်အင်းကိုပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန်လိုအပ်ခြင်း၊

(ခ) လျှောက်ထားသည့် ဂရန်အင်း၏ လွန်ခဲ့သော(၅)နှစ်က အင်းခွန်နှုန်းထား များတည်ငြိမ်မှုရှိခြင်း၊

(ဂ) ငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည့် အခြေအနေ ရှိခြင်း။

၁၈။ (က) နှစ်ရှည်အငှားဂရန်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးက ခွင့်ပြုလျှင် ပြည်နယ်ဦးစီးဌာနမှူး သည် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ(က)အရ ပြည်နယ်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ အငှားဂရန် <u>ပုံစံ (၆)</u> ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) ဝန်ကြီးသည် နိုင်ငံတော်၏ အကျိုးငှာလိုအပ်ပါက နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်းကို ငြင်းပယ်လျှင် ပြည်နယ်ဦးစီးဌာနမှူးသည် ယင်း ဂရန်အင်းကို နှစ်ရှည်အငှားဂရန် ချထားပေးမည်ဟု သတ်မှတ်ကြေညာ၍ အိတ်ဖွင့်ဈေးပြိုင်စနစ်ဖြင့် နှစ်ရှည်အငှားဂရန် ချထားနိုင်သည်။

၁၉။ ပြည်နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်ချထားသည့် အခါအောက်ပါအချက် များကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်-

(က) အငှားဂရန်ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ပြုပြင်ရမည့်အချိန်၊ ကာလ၊ နေရာနှင့် ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေးရမည့် ဂရန်အင်းတန်ဖိုးငွေ၏ ရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ။

အခန်း (၄)
တင် ဒါ လိုင် စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၀။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ပြည်နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ခရိုင်အလိုက် တင်ဒါလိုင်စင်ချထားနိုင်ရန် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော တင်ဒါ လိုင်စင်ချထားရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန် ပေးအပ်ရမည် -

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) တင်ဒါငါးဖမ်းကွက်တည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်

(၃) ပြည်နယ်ဦးစီးဌာနမှူးမှ တာဝန်ပေးအပ်ခြင်း ခံရသည့် ဝန်ထမ်း (၁)ဦး အဖွဲ့ဝင်

(ခ) အပိုဒ်ခွဲ (က)အရ ဖွဲ့စည်းသော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ် ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို (၁)နှစ်ကာလအတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါ လိုင်စင် ချထားမည့် အစီအစဉ်ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြု ချက်ရယူရမည်။

(ခ) အပိုဒ်ခွဲ (က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း(၃၀)ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ (၇) ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက် ဧရိယာသတ် မှတ်ချက်ကို ကန့်ကွက်ရန်ရှိ မရှိ တင်ဒါကြော်ငြာ သည့် ရက်မတိုင်မီရက်ပေါင်း (၃၀) ကြိုတင်ကြေညာရမည်၊

(ဃ) အပိုဒ်ခွဲ (ဂ) အရ ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်များအပေါ် စိစစ်ပြီးသဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြ၍ အဆုံးအ ဖြတ်ရယူရမည်။

(င) အပိုဒ်ခွဲ (က)အရ ခရိုင်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်း ကွက်အသစ်ကို တင်ဒါလိုင်စင် ချထားမည့်ရက် မတိုင်မီ ရက်ပေါင်း (၃၀) ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ(၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

၂၂။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း တင်ဒါ ဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာပုံစံ(၈)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေး သွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၃။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ (၈)လက်ခံ ရရှိသည့်အခါ အောက်ပါအချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည် -

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သော(၃)နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ် ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ် ကျခံရသူမဟုတ်ခြင်း။

၂၄။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာကို အပိုဒ် ၂၃ အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရ မည် -

(က) လျှောက်လွှာကိုငြင်းပယ်လျှင်ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကိုလက်ခံလျှင်တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ။

၂၅။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၂၄အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပုံစံ (၉) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီး ဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာရရှိသည့် အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၉)ကို တင်ဒါလိုင်စင် ချထားမည့်ရက် မတိုင်မီ အနည်းဆုံး(၁)ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၇။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသာလျှင် မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်း ကွက်အတွက် တင်ဒါဆွဲဝယ်ခွင့်ရှိသည်။

၂၈။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားခြင်းမပြုမီ အောက်ပါ အချက်များအပေါ် အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါကြမ်းခင်း ဈေးကို သတ်မှတ်ပေးရမည် -

(က) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော(၅)နှစ် ပျမ်းမျှ ဈေးနှုန်း၊

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်း ရှိ မရှိ။

၂၉။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် မိမိ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ပေးမည်းဈေးနှုန်းတို့ကို ရေးသွင်း၍ စာအိတ်အတွင်း ထည့်သွင်းချိတ်ပိတ်ပြီး တင်ဒါလိုင်စင်ချထားမည့်နေ့တွင် မိမိ ဆွဲဝယ်လိုသည့် တင်ဒါဖမ်းကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေး အဖွဲ့ထံ ကိုယ်တိုင်တင်သွင်းရမည်။

၃၀။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအ တိုင်း ဆောင်ရွက်ရမည်

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက် ရောင်းချခြင်း အမှုတွဲ ပုံစံ (၁၀)ဖွင့်လှစ်ထားခြင်း၊

(ခ) တင်ဒါလိုင်စင် ချထားခြင်းမပြုမီ တင်ဒါလိုင်စင်စည်းကမ်းချက်များ၊ တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် သတ်မှတ်ချက်များကို ဖတ်ကြား ကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် အိတ်ဖွင့် တင်ဒါဈေးနှုန်း တင်သွင်းကြရန် ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ယူထားသူဦးရေနှင့် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းထားသူ ဦးရေတို့ကို တိုက် ဆိုင်စစ်ဆေးခြင်း၊

(င) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိ တို့တင်သွင်းသည့် တင်ဒါဈေးနှုန်း၊ ငွေပမာဏကို တင်ဒါလိုင်စင်ချထား ရေးအဖွဲ့ရှေ့သို့ တင်ပြစေခြင်း၊ ငွေများစစ်ဆေးခြင်း၊

(စ) လုံလောက်သောအကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူတစ်ဦးဦးကို သော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း အကြောင်းပြချက်မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်း ဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူး ထံ တင်ပြခြင်း၊

(ဆ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းသူများ အမည်နှင့် ပေးထားသည့် ဈေးနှုန်းကို ဖတ်ကြားကြေညာခြင်း၊ ကျန် တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဇ) တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက တင်ဒါဆွဲဝယ်ရရှိသူအားလုံးကို ဈေး နှုန်းထပ်မံတိုးမြှင့်ပေးရန် ယင်းနေ့တွင်ပင် အိတ်ဖွင့်တင်ဒါ တင်သွင်း စေခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်းထက် ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံး ပေးသူအား တင်ဒါလိုင်စင်ချထားခြင်း၊

(ည) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာ ဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဋ) တင်ဒါကြေးကို ဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကို ဘဏ်သို့ နေ့ချင်းပြီး ပေးသွင်း နိုင်ခြင်းမရှိပါက တင်ဒါကြေးကို သေတ္တာထဲတွင် ထည့်၍ သော့ခတ်ချိတ်ပိတ် ပြီး တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးမှ လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း ၊ အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက် ခြင်း ၊

(ဍ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား (၃)ကြိမ်ထိ အိတ်ဖွင့်တင်ဒါတင်သွင်းစေခြင်း၊

(ဎ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း(၃)ကြိမ်ထိ ထပ်မံတူညီနေပါက ဈေးပြိုင် စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဏ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချ ထားသည့် တင်ဒါဈေးနှုန်းကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(တ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်း မမီကြောင်း ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချ ထားခြင်းပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်း ပြီးစီးကြောင်း တင်ပြစာ ပုံစံ(၁၁)တွင် ပြည့်စုံစွာ ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင် အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက် ရယူနိုင်ရန် ပြည်နယ်ဦးစီး ဌာနမှူးထံ တင်ပြရမည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါလိုင်စင်ချထားသည့် နေ့မှ ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေ ပေးသွင်းစေပြီး တင်ဒါလိုင်စင် ပုံစံ(၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူ အား ထုတ်ပေးရမည်။

၃၂။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလုင်စင်ချ ထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက ကျိုးကြောင်းဖော်ပြလျက် ပြည်နယ်ဦးစီး ဌာနမှူးထံ တင်ပြပြီး ညွှန်ကြားချက်နှင့်အညီ အဆိုပါတင်ဒါငါးဖမ်းကွက်များကို ထပ်မံ တင်ဒါခေါ်ယူ၍ တင်ဒါလိုင်စင်ချထားရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါ ငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်နိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံ တင်ပြရမည်။

အခန်း(၅)

ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၃။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင် ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုး အစား တစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကြေညာသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားရယူကြရန် ဩဂုတ်လ(၁) ရက်နေ့တွင် ကြော်ငြာစာထုတ်ရမည်။

၃၄။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူက ငါးဖမ်း ကိရိယာလိုင်စင်ရရှိရန် အပိုဒ် ၃၃ အရ သတ်မှတ်သည့်ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်လွှာ ပုံစံ (၁၃)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ကြော်ငြာစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက် ထားသူများ၏ စာရင်းကို ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထား သူများစာရင်း ကို ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထား စာရင်း ပုံစံ (၁၄)ဖြင့် ပြုစုရမည်။

(ခ) ပုံစံ(၁၄)တွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လို သူများ ပါဝင်ခြင်းရှိ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာ အမျိုးအစား၊ အတိုင်းအတာ မှန် မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထား ခြင်းမရှိဘဲ လုပ်ကိုင်နေသူများ ရှိ မရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ပုံစံ (၁၄) စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေ ကောက်ခံပြီး ငါးဖမ်းကိရိယာလိုင်စင် ပုံစံ (၁၅) ကို ထုတ်ပေး ရမည်။

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ထုတ်ပေးသူများအမည်စာရင်းကို ငါးဖမ်းကိရိယာ လိုင်စင်ထုတ်ပေးသူများစာရင်း ပုံစံ (၁၆)ဖြင့် လစဉ်ပြုစု၍ အစိုးရအဖွဲ့ဝန်ကြီး၊ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ငါးလုပ် ငန်းဦးစီးဌာနများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ် ထားရမည်။

၃၇။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) အပိုဒ် ၃၆ အပိုဒ်ခွဲ (က)အရ ငါးဖမ်းကိရိယာလိုင်စင်ခ ကောက်ခံရာတွင် -

(၁) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထား အတိုင်း ကောက်ခံရမည်။

(၂) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထား နှင့် အကြုံးမဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံးတူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်းအတိုင်း ကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲအသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင်ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံ ရမည်။

(ခ) အပိုဒ်ခွဲ (က) အရကောက်ခံရရှိသော ငါးဖမ်းကိရိယာ လိုင်စင်ခများကို ဦးစီးဌာန ၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၃၈။ ဦးစီးဌာနသည် ၅၀ိ/-၊ ၁၀၀ိ/-၊ ၂၀၀ိ/- ၊ ၅၀၀ိ/- ၊ ၁၀၀၀ိ/- စသည့် တန်ဖိုးနှုန်းထား အတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာလိုင်စင် ပုံစံ (၁၅)ကို အသုံးပြုရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို အပိုဒ်၃၈အရ လိုင်စင်ပုံစံ တစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခတန်ဖိုးငွေ ပြည့်မီ အောင် လိုင်စင်ပုံစံ များကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) အပိုဒ်ခွဲ(က) အရ တစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင် ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ လိုင်စင်တန်ဖိုးကို ဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာအမျိုး အစားမှအပ အခြားငါးဖမ်းကိရိယာအမျိုးအစားကို အသုံးပြုလျှင် ယင်းငါးဖမ်း ကိရိယာအတွက် လိုင်စင်ခကိုထပ်မံကောက်ခံရမည်။

၄၀။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးဌာနမှူးများအား ထုတ်ပေးရမည်။ စာရင်းမိတ္တူတစ်စောင်ကို ခရိုင်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင် ပုံစံသုံးစွဲမှုစရင်းများကို ငါးဖမ်းကိရိယာလိုင်စင် အရ/ အသုံးမှတ်ပုံတင် ပုံစံ(၁၇)ဖြင့် စနစ်တကျ ထိန်းသိမ်းထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာထုတ်ပေးထားရှိမှု မှတ်ပုံတင် ပုံစံ(၁၈)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

၄၂၊ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ယခင်လ လချုပ်စာရင်းမှလက်ကျန်အဖြစ်ဖော်ပြထားသည့်ငွေများနှင့် လက်ခံ ရရှိသည့် လချုပ်စာရင်းတွင် ဖော်ပြထားသောစာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီမှန်ကန်မှုရှိ မရှိစစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင်ဖော်ပြထားသောလိုင်စင်ပုံစံစာရင်း နှင့်ပြည်နယ်ဦးစီးဌာန မှူးရုံးမှပေးပို့ထားသောလိုင်စင်ပုံစံများကိုက်ညီမှန်ကန်မှုရှိ မရှိစစ်ဆေးရမည်။

(ဂ) လိုင်စင်ခများဘဏ်သို့ပေးသွင်းခြင်းရှိမရှိ ရုံးရှိစာရင်းနှင့်တိုက်ဆိုင် စစ်ဆေး ရမည်၊

(ဃ) သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်းဖိုးသင့်ငွေကိုလည်း ကောင်း၊ ဘဏ်သို့ပေးသွင်းပြီးသည့် ငွေကိုလည်းကောင်း၊ ပြည်နယ်ဦးစီး ဌာနမှူးရုံးရှိ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်။

(င) အပိုဒ်ခွဲ(က)မှ အပိုဒ်ခွဲ(ဂ)ပါ စစ်ဆေးရမည့်လုပ်ငန်းတာဝန်များကို ခရိုင်ဦးစီး ဌာနမှူး သို့မဟုတ် အရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

အခန်း (၆)
နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၄။ ဥပဒေပုဒ်မ ၂၁(ခ)၊ ပုဒ်မ ၂၆ (ခ)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သူသည် ဂရန်အင်း သို့မဟုတ်တင်ဒါငါးဖမ်းကွက်တွင် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ ပုံစံ (၂၀)တွင် အချက်အလက် များကို ပြည့်စုံစွာ ရေးသွင်းပြီး ဝန်ကြီးထံ လျှောက်ထားရမည်။

၄၅။ ဝန်ကြီးသည် အပိုဒ်(၄၄)အရ လျှောက်လွှာလက်ခံရရှိပါက စိစစ်ပြီးပြုသင့်သည်ဟု ယူဆလျှင်မိမိ၏သဘော ထားမှတ်ချက်နှင့်အတူ ပေးဆောင်စေသည့် နိုင်ငံခြားငွေအမျိုးအစားနှင့်ဈေးနှုန်းတို့ကို ဖော်ပြပြီး အစိုးရအဖွဲ့ထံ တင်ပြရမည်။

၄၆။ အစိုးရအဖွဲ့သည် အပိုဒ် ၄၅ အရ ဝန်ကြီးကတင်ပြလာသည့်လျှောက်လွှာကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၇။ အစိုးရအဖွဲ့က အပိုဒ် ၄၄ အရ လျှောက်ထားလာသည့် လျှောက်လွှာနှင့်စပ်လျဉ်း၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုလျှင် ဝန်ကြီးသည် အောက်ပါအချက်များအပေါ်အခြေခံ၍ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ပေးရမည် -

(က) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅နှစ်ပျမ်းမျှဈေးနှုန်း၊

(ခ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ယခင် နှစ်ဈေးနှုန်း၊

(ဂ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိ အခြေအနေ

(ဃ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ပျက်စီး တိမ်ကောခြင်းရှိ မရှိ၊

(င) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် အကျယ်အဝန်း၊ရေအတိမ်အနက်။

၄၈။ ဝန်ကြီးသည် -

(က) အပိုဒ် ၄၇အရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အတွက် သတ်မှတ်ထား သော အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် ပေးသွင်းစေ ရန် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား ညွှန်ကြားရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူထံမှ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင် ခ လက်ခံရရှိလျှင် သက်ဆိုင်ရာ အငှားဂရန် ပုံစံ(၆) သို့မဟုတ် တင်ဒါလိုင်စင် ပုံစံ (၁၂) ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

အခန်း(၇)

ဝေလံခေါင်းပါးသော ဒေသရှိ ဂရန်အင်းများကို ခံဝန်ဖြင့် အငှားချထားခြင်း

၄၉။ (က) ဝေးလံခေါင်းပါးသောဒေသရှိ ဂရန်အင်းများကို လေလံဆွဲဝယ်ရရှိသူသည် လေလံဆွဲဝယ်သည့်နေ့မှ (၇) ရက်အတွင်း မိမိဆွဲဝယ်သည့် ဈေးနှုန်းနှင့်ညီမျှသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို အာမခံပစ္စည်းအဖြစ် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံ တင်သွင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အာမခံပစ္စည်းအဖြစ် တင်သွင်းရာတွင် ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း ကင်းရှင်းကြောင်းကို လေလံဆွဲဝယ်ရရှိသူက ဝန်ခံချက် လက်မှတ်ရေးထိုး ရမည်။

၅၀။ မြို့နယ်ဦးစီးဌာနမှူးသည် အာမခံပစ္စည်းစာရင်း လက်ခံရရှိသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လယ်ယာမြေမှအပ အခြားမရွှေ့မပြောင်းနိုင်သောပစ္စည်းကို အာမခံပစ္စည်း အဖြစ် တင်သွင်းခြင်းဖြစ်ပါက အာမခံပစ္စည်းကို ကိုယ်တိုင်ကြည့်ရှုစစ်ဆေး ခြင်း၊ ကျေးရွာလူကြီးများအား တန်ဖိုးအတွက်လည်းကောင်း၊ ပိုင်ဆိုင်မှုအတွက် လည်းကောင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းစသည့် အရှုပ်အရှင်းများအတွက် လည်းကောင်းစစ်ဆေးမေးမြန်း၍ ထွက်ဆိုချက်များရယူခြင်း၊ ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများရယူခြင်း၊

(ခ) ဘိုးဘွားပိုင်အိမ်၊ ခြံ၊ မြေကို အာမခံပစ္စည်းအဖြစ် တင်သွင်းခြင်းဖြစ်ပါက တင်သွင်းသည့်မြေ၏ ကွင်းနံပါတ်၊ ဦးပိုင်နံပါတ်ကို ရည်ညွှန်းဖော်ပြသည့်ခုနှစ်၊ ကွင်းအမည်၊ ကျေးရွာအုပ်စုအမည်တို့ကို ပြည့်စုံစွာ ဖော်ပြ၍ ပေါင်နှံခြင်း၊ ရောင်းချခြင်း ရှိ မရှိ၊ လေလံဆွဲဝယ်ရရှိသူ ပိုင်ဆိုင်ခြင်း ရှိ မရှိတို့ကို မေးမြန်းစိစစ်၍ မှတ်တမ်းတင်ထားခြင်း၊ ပိုင်ဆိုင်မှုထောက်အထား စာရွက် စာတမ်းများ ရယူခြင်း၊

၅၁။ မြို့နယ်ဦးစီးဌာနမှူးသည် အာမခံပစ္စည်းများကို လက်ခံရာတွင် အောက်ပါအချက်များ အပေါ် အခြေခံ၍ တန်ဖိုးသတ်မှတ်ရမည် -

(က) ဘိုးဘွားပိုင်အိမ်၊ ခြံ၊ မြေဖြစ်လျှင် သာမန်အချိန်တွင် လွှဲပြောင်းရောင်းချနိုင် သည့် တန်ဖိုးငွေ၏ ထက်ဝက်၊

(ခ) သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်ဖြစ်ပါက လက်ရှိတန်ဖိုးငွေ၏ ထက်ဝက်၊

(ဂ) တိုက်အိမ်ဖြစ်ပါက လက်ရှိတန်ဖိုးငွေ၏ ထက်ဝက်။

၅၂။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) လေလံဆွဲဝယ်ရရှိသူက အာမခံပစ္စည်းအဖြစ် တင်သွင်းထားသော ပစ္စည်းများ နှင့် စပ်လျဉ်း၍ အင်းခွန်အတွက် လုံလောက်သည်ဟု ယူဆလျှင် အာမခံပေး ကတိခံဝန်ချုပ ပုံစံ(၂၁) ကို ချုပ်ဆိုရမည်။

(ခ) အပိုဒ်ခွဲ (က)အရ ကတိဝန်ခံချုပ် ချုပ်ဆိုခြင်းကို လေလံဆွဲဝယ်သည့် နေ့မှ ရက်ပေါင်း(၃၀)အတွင်း အပြီးဆောင်ရွက်ရမည်။

၅၃။ မြို့နယ်ဦးစီးဌာနမှူးသည် လေလံဆွဲဝယ်ရရှိသူက အပိုဒ်၅၂။ အပိုဒ်ခွဲ(ခ)အရ သတ်မှတ် ရက်အတွင်း ကတိခံဝန်ချုပ် ချုပ်ဆိုရန်ပျက်ကွက်သဖြင့် ဂရန်အင်းကို အသစ်တဖန်ပြန်လည်၍ လေလံတင်ရောင်းချရာတွင် နစ်နာဆုံးရှုံးမှုပေါ်ပေါက်လျှင် ယင်းသို့ နစ်နာဆုံးရှုံးမှုအတွက် မူလလေလံဆွဲဝယ်ရရှိသူက ပေးလျော်စေရန် တာဝန်ဖြင့် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချရမည်။

အခန်း (၈)

မိတ္တူ လျှောက်ထားခြင်း

၅၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည် မိမိ၏ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ပျောက်ဆုံးပါက ယင်းသို့ ပျောက်ဆုံးသည့် နေ့မှ ရက်ပေါင်း (၃၀)အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၅။ (က) သက်ဆိုင်ရာဦးစီးဌာနမှူးသည် အပိုဒ် ၅၄ အရ လျှောက်လွှာလက်ခံရရှိလျှင် စိစစ်ပြီးမှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ ၅၀၀၀ကျပ်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ ၃၀၀၀ကျပ်ကိုလည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ ၁၀၀၀ကိုလည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာမိတ္တူကို ထုတ်ပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ(က)အရ သက်ဆိုင်ရာမိတ္တူရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်းပြန်လည်တွေ့ရှိလျှင် မူရင်းကို သက်ဆိုင်ရာဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။

အခန်း (၉)

အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၆။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငှားဂရန်ကို မသမာသောနည်းဖြင့်လည်းကောင်း၊ တရားမဝင်သောနည်းဖြင့် လည်းကောင်း လေလံဆွဲဝယ်ခြင်း မပြုရခြင်း၊

(ခ) အငှားဂရန်ရရှိသူက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း ကြောင့် ဝန်ကြီးက အငှားဂရန်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလျှင်ဖြစ်စေ၊ အရစ်ကျအင်းခွန်ငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ ဂရန်အင်းနှင့် စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချရာတွင်း မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုကို ပေးလျော်ရန် တာဝန်ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် ဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီး ဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူ တစ်ဦးတစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ တာဝန်ခံခြင်း၊

(ဃ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ခြင်း၊

(င) ပြည်နယ်ဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရှိဘဲ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို ဇူလိုင်လ(၁)ရက်နေ့မတိုင်မီ ချထားခြင်းမပြုရ၊ မတ်လ (၃၁)ရက်နေ့တွင် ကုန်စင်အောင် ဖယ်ရှားထားခြင်း၊

(စ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည်များ လုပ်ကိုင်ရာတွင် ချောင်း၊ မြောင်းများ၌ လှေသွားလာနိုင်ရန် လမ်းထားရှိခြင်း၊

(ဆ) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည် အောက်ပိုင်းရှိ ဂရန်အင်းအတွင်း စီးဆင်းနေသဖြင့်ယင်းသို့ ရေစီးရေလာဆက်စပ်နေပါက အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက မေတ္တာရပ်ခံ လာလျှင် အငှားဂရန်ရရှိသူက မတ်လ(၃၁)ရက်နေ့အထိ ဆည်များတားဆီး၍ ပိတ်ထားခြင်း၊

(ဇ) အထက်ပိုင်းရှိဂရန်အင်းနှင့် အောက်ပိုင်းရှိဂရန်အင်း ရေစီးရေလာဆက်စပ်နေ ပါက အထက်ပိုင်းမှအောက်ပိုင်းသို့ လာသော ငါးများ ဖမ်းဆီးရန် အထက်ပိုင်း ရှိဂရန်အင်းတွင် အ၀ချုပ်ဆည်ကို အသုံးပြုခွင့်မရှိခြင်း၊

(ဈ) ဂရန်အင်းအတွင်းမှ ဒိုက်၊ မှော်တို့ကို ရှင်းလင်းဖယ်ရှားရာတွင် ဒီဇင်ဘာလ (၃၁)ရက်နေ့မတိုင်မီ ရေကြောင်းလမ်းမှ မျှောချရှင်းလင်းခြင်း၊ ကြွင်းကျန်ရှိနေ သည့် ဒိုက်၊ မှော်တို့ကို ဇန်နဝါရီလ(၁)ရက်နေ့မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ဖေဖော်ဝါရီလ (၁)ရက်နေ့မတိုင်မီ အကုန်အစင် ဖျက်ဆီးဖယ်ရှားခြင်း၊

(ည) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် မတ်လ(၃၁) ရက်နေ့မတိုင်မီ အနီးအနားရှိသစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းခြင်း၊

(ဋ) ဘုန်းကြီးကျောင်း ပရဝုဏ်မှ ကိုက်(၁၀၀)အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှား ခြင်း၊

(ဌ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာ သို့မဟုတ် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ငါးမဖမ်းရခြင်း -

(၁) လက်ဆည်နှင့်ကျားပိုက်များအပါအဝင်ဖြစ်သော ဆည်တမံ၊ တာရိုး အမျိုးမျိုး၊ ငှင်းပြင်မြင်းဝန်းဆည် သို့မဟုတ် အခြားဆည်များ၊ အောက်ခြေတွင် မြေနှင့်ဖြစ်စေ၊ ဖျာ၊ ရိုင်များနှင့်ဖြစ်စေ သို့မဟုတ် အခြားကိရိယာများနှင့်ဖြစ်စေ ပြုလုပ်ထားသော တမံများ

(၂) ထူးများ၊ တုတ်များဖြင့်ရေထုတ်ခြင်းမှတပါး တခြားနည်းဖြင့် ရေထုတ် ခြင်း၊

(၃) ငါးများခိုအောင်းနေစေရန် ဒိုက်၊ မှော်၊ ခြုံ၊ သစ်ကိုင်း၊ ဂတုံး၊ တောင်း ကဲ့သို့ အလားတူ အရာများ ချထားခြင်း၊

(၄) ပိုက်ကွက်ကြိုးတစ်လျှောက် တိုင်းတာလျှင် အထုံးတစ်ခုနှင့် တစ်ခု အကြား (၃/၄)လက်မအောက် လျော့သော ပိုက်ကွန်များ၊

(၅) ငါးကြီးတွင်းများ၊

(၆) ဂုန်နီ၊ ပိတ်စ၊ ပလပ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည်စသည်တို့ဖြင့် ရေလမ်းကြောင်းပိတ်၍ ဖမ်းဆီးခြင်း၊

(၇) လျှပ်စစ်ဓါတ်ဖြင့် ငါးဖမ်းခြင်း၊

(၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓါတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများ အသုံးပြု၍ ငါးဖမ်းခြင်း။

(ဍ) ဦးစီးဌာနကအခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၇။ အငှားဂရန်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှ အောက်ပါအတိုင်းဖြစ်သည် -

(က) ဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြား သူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း ထပ်ဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူက ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီး ဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက် ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ယင်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) တော်ချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်း ချထားခွင့်ရှိခြင်း၊ မြင်းဝန်းဆည်ဖြစ်ပါ က ခွင့်ပြုချက်နှင့်အညီ ချထားခြင်း၊

(ဃ) အထက်ဆည်နှင့်အောက်ဆည် ရေစီးရေလာ ဆက်စပ်နေပါက အထက်ဆည်၏ အင်းနယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည်ခြေရင်းရေပြင်ကို အောက်ဆည်အငှား ဂရန် ရရှိသူက ပိုင်ဆိုင်ခွင့်ရှိခြင်း၊

(င) တောချဆည်နှင့် မြင်း၀န်းဆည်ကို အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက အပိုဒ် ၅၆၊ အပိုဒ်ခွဲ (ဆ)နှင့်အညီ ပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန် ရရှိသူက ပိတ်ဆို့ထားနိုင်ခြင်း၊ အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် အထက်ပိုင်းရှိ ဂရန်အင်းကို ကျသင့်သော အခပေး ဆောင်၍ လုပ်ကိုင်ခွင့်ရှိခြင်း၊

(စ) သီးသန့်အင်းနှင့်လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်အထက် ပိုင်းရှိ ဂရန်အင်းတွင် အ၀ချုပ်ဆည်ကို မတ်လကုန်အထိ အသုံးပြုခွင့်ရှိခြင်း၊

(ဆ) မိမိဂရန်အင်းအတွင်း အ၀ချုပ်ဆည်ကို အသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာ ဆက်စပ်နေပါက ဂရန်အင်းနှစ်ခုအကြား အမြဲတမ်း တားဆီး၍ ပိတ်ထားသည့် ယင်းတန်းများ ချထားခွင့်မရှိခြင်း၊

(ဇ) ဂရန်အင်းများတွင် တောချဆည်နှင့် အ၀ချုပ်ဆည်များအပြင် အောက်ပါငါးဖမ်း ကိရိယာများကို အသုံးပြုနိုင်ခြင်း -

(၁) ထောင်ချောက်များ၊ (ထောင်ချောက်၏ အစိပ်အကွဲတစ်ခုနှင့်တစ်ခုသည် (၁/၂) လက်မအောက် လျော့နည်းပါက ဖမ်းဆီးခွင့် မရရှိစေရ)

(၂) ဂျမ်းများ၊

(၃) ဘ၀န်းများ၊ (၎င်းဘ၀န်းများအတွင်း ကိုင်းရိုးများကို ရေအောက်မြေပေါ် ၌ စိုက်ထားနိုင်သည်၊ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့် ရာသီဥတု ကုန်ဆုံးသည့်အခါ ဖယ်ရှားရမည်)

(၄) ပိုက်သီသောကြိုး တစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့်တစ်ခု အကြား ပိုက်ကွက်(၃/၄) လက်မအောက် မလျော့သော ပိုက်ကွန်များ၊

(၅) ဆောင်းများ၊

(၆) ငါးမျှားချိတ်များ၊

(၇) မြင်း၀န်းဆည်များ။

(ဈ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ဤနည်းဥပဒေတွင် သီးခြားပြဋ္ဌာန်းခြင်းမရှိလျှင် ဂရန်အင်းကို ဒေသဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ည) ပြည်နယ်၏အကျိုးငှာ လိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံ ရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့် ရှိခြင်း။

အခန်း(၁၀)

တင်ဒါလိုင်စင်ရရှိသူ၏ တာ၀န်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၈။ တင်ဒါလိုင်စင်ရရှိသူ၏ တာ၀န်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်များ သွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊

(ဂ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ၀န်ကြီးက တင်ဒါလိုင်စင် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင် ကျန်ရှိသည့် ငါးဖမ်းရာသီအတွင် တင်ဒါငါးဖမ်းကွက်ကို ပြန်လည်ချိတ်ပိတ် တင်ဒါချထားရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှု မှန်သမျှကို ပေးလျော်ရန် တာ၀န်ရှိခြင်း၊

(ဃ) ဘုန်းကြီးကျောင်းပရ၀ုဏ်မှ ကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(င) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာ ခြင်း။

၅၉။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်၏ အကျိုးငှာလိုအပ်၍ တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်း ခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထား နိုင်ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိပါက ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီး ဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလာလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ၎င်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း။

အခန်း(၁၁)

ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၆၀။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ် သွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင်မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ည အချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထား ရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ရရှိသည့်နေရာဒေသတွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

အခန်း (၁၂)

ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၆၁။ (က) ဝန်ကြီးသည် ဝေးလံခေါင်းပါးသော နေရာဒေသရှိ ဂရန်အင်းများအတွက် အင်းခွန်ကို အရစ်ကျပေးဆောင်စေရန် ခွင့်ပြုရာတွင် အောက်ပါအချက် များ အပေါ် အခြေခံ၍ သတ်မှတ်ပေးရမည် -

(၁) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော ၅နှစ် ပျမ်းမျှဈေး၊

(၂) လေလံတင်ရောင်းချသည့် ဂရန်၏ ယခင်နှစ်ဈေးနှုန်း၊

(၃) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(၄) ဂရန်အင်း ပျက်စီးတိမ်ကောခြင်း ရှိ မရှိ ၊

(၅) ဂရန်အင်း အကျယ်အဝန်း ၊ ရေ အတိမ်အနက်။

(ခ) ဝန်ကြီးသည် အရစ်ကျပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပေး ဆောင်ရမည့် ဒဏ်ကြေးနှင့် ရက်လွန်ကြေးကို သတ်မှတ်ပေးရမည်။

၆၂။ ဝန်ကြီးသည် ပြည်နယ်ဦးစီးဌာနမှူး၏ စိစစ်ချက်ကို လက်ခံရရှိလျှင် ဥပဒေပုဒ်မ ၂၆(ခ)အရ ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်ချထားရန် အစိုးရအဖွဲ့၏ သဘောတူ ညီချက်ကို ရယူ၍ ခွင့်ပြုနိုင်သည်။

၆၃။ ဝန်ကြီးသည် အပိုဒ် ၁၅ ၊ အပိုဒ်ခွဲ (ဃ)နှင့် အပိုဒ် ၃၂ ၊ အပိုဒ်ခွဲ (ခ) အရ ရောင်းချ၍ မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်း ခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်နိုင်ရန် တင်ပြလာသည့် ကိစ္စတွင် အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ပြီး တင်ပြသည့် ငါးဖမ်းရာသီ အတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော် သော ဈေးနှုန်း ပြင်ဆင်သတ်မှတ်၍ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ခြင်းတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူ၍ ပြုလုပ် နိုင်သည် -

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန် ကျန်ရှိသည့်ကာလ၊

(ဃ) လွန်ခဲ့သော ၅နှစ် ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ်ဈေးနှုန်း။

၆၄။ ဝန်ကြီးသည် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်းဖြင့် အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှားဂရန် ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့် ရေချို ငါးဖမ်းကွက်အား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြည်နယ်ဦးစီးဌာနမှူး နှင့် သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြင့် အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန် ဆုံးသေးပါက ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ထပ်မံအငှားချထားနိုင် ရန် ပြည်နယ်ဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၆၅။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၇ အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်းဖြင့် အရေး ယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာအငှား ဂရန် ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့် ရေချိုငါးဖမ်း ကွက်အား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးအား ညွှန်ကြားခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာသိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့ အစည်းတစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေး ရန် လျှောက်ထားလာပါက စိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်း သတ်မှတ်၍ ရောင်းချပေးခြင်း။

အခန်း(၁၃)
ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆၆။ ပြည်နယ်ဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၃၁ အရ ဝန်ကြီး၏ သဘောထားမှတ် ချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားအသစ် သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင် အမျိုးအစားပြောင်းလဲသတ်မှတ်ရာတွင် ငါး လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလ ကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

(ဂ) ရေချိုငါးလုပ်ငန်းရေပြင် အမျိုးအစားအဖြစ် ပယ်ဖျက်ရာတွင် ပယ်ဖျက် သည့် ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၆၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်း ကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကိုဆက်လက် လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင် ခွင့် ရရှိသူက လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ ခွင့်ပြုပါ က ခံဝန်ငွေပမာဏနှင့် ပေးသွင်းရမည့်နေရာဒေသ သတ်မှတ်ပေးခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို လျှောက် ထားသူအား ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ်လုပ်ငန်း ကို ပြန်လည် လုပ်ကိုင်ခွင့်ပြုခြင်း။

၆၈။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်း ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ (ခ)(ဂ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို သင့်လျော် သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါး လုပ်ငန်းလုပ်ကိုင် ခွင့်ရရှိသူအား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ခ) ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ် သည့် ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြား ကျသင့်ငွေများကို ပေး ဆောင်ရန် ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ် မှတ်သည့် ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံ ပေးဆောင်စေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူက ဒဏ်ကြေးပေး သွင်းခြင်း မပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်းမရှိပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊ သက်ဆိုင်ရာ ဂရန်အင်း သို့မဟုတ် တင်ဒါ ငါးဖမ်းကွက်ကို ၎င်း၏ တာဝန်ဖြင့် ထပ်မံ အငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက အယူခံဝင်ရောက် လျှင် အယူခံတွင် ချမှတ်သည့် အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

၆၉။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများ မပျက်စီး မပြုန်းတီးစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင် ရွက်ခြင်း။

၇၀။ ပြည်နယ်ဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤနည်းဥပဒေများအရ မိမိအား အပ်နှင်းထားသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကို ဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း (၁၄)

ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၇၁။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် ပြည်နယ်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာ လျှင်သော်လည်းကောင်း၊ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်း ခြင်းပြုသည့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့၊ ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာ သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါ ကြေးမှ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး မှတဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထား နိုင်သည်-

(က) နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန် သို့မဟုတ် တင်ဒါ လိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့်ကိစ္စဖြစ်လျှင် ရုံးအမိန့်စာမူရင်း သို့မဟုတ် မိတ္တူမှန်

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်းအခြေအနေ တင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့် ထောက်ခံချက်များ။

၇၂။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၇၁အရ ပြန်အမ်းငွေများ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာလက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့် အချက်များ မှန်ကန် မှုရှိ မရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်စစ်ဆေးရမည်။

၇၃။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည် ထုတ်ပေးရန် အလျှောက်ထားမှု မရှိစေရ -

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးဖမ်း ကိရိယာများ ရေမျောပါသွားခြင်း၊

(ခ) နုံးမြေများတင်လာ၍ ဂရန်အင်းများပျက်စီးခြင်း၊

(ဂ) ဂရန်အင်းအတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓါတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများ ခိုးယူခံရခြင်း။

၇၄။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်ထုတ်ပေးရန် လျှောက်လွှာများကို စိစစ်ပြီး -

(က) မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏဖြစ်လျှင် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

(ခ) မိမိထုတ်ပေးပိုင်ခွင့်မရှိသော ပြန်အမ်းငွေ ပမာဏဖြစ်လျှင် သဘော ထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှ တဆင့် ဝန်ကြီးနှင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

၇၅။ အစိုးရအဖွဲ့၊ ဝန်ကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၇၄၊ အပိုဒ်ခွဲ (ခ)အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ စိစစ်ပြီး ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရ မည်။

၇၆။ (က) ခရိုင် သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီ ချက်ရရှိပါက ပြန်အမ်းငွေပြန်လည်ထုတ်ပေးရမည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိပါက ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရမည်။

(ဂ) ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ငြင်းပယ် ခြင်းဖြစ်လျှင် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားရ မည်။

၇၇။ ခရိုင်နှင့် ပြည်နယ်ဦးစီးဌာနမှူး သို့မဟုတ် ဝန်ကြီးသည် ပြန်အမ်းငွေ ပြန်လည် ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို အစိုးရအဖွဲ့ထံ တင်ပြရမည်။

၇၈။ ဝန်ကြီးသည် ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့်ရှိသူများ၏ ပြန်အမ်းငွေ ထုတ်ပေး ပိုင်ခွင့်ပမာဏကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

အခန်း(၁၅)

ကြွေးကျန်များညှဉ်း ကောက်ခံခြင်း

၇၉။ ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာ နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အရစ်ကျပေးဆောင်ရန် အငှားချထားသည့် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို ဥပဒေပုဒ်မ ၇၅ အရ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်စေရန် အကြောင်းကြားခြင်း၊

(ခ) အပိုဒ်ခွဲ(က)အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင် ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာ ကို ဝရမ်းကပ်သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) အပိုဒ်ခွဲ(ဂ)အရ ရောင်းချရာတွင်ရရှိငွေသည် ပျက်ကွက်သူပေးသွင်း ရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေကို မပြည့်မီသေး ပါက ကျန်ရှိသည့် အခွန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့မပြောင်း နိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်းရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင်မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းမည့်အခွန်ငွေထက် ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေကို မပြည့်မီပေးပါက ကျန်ရှိသည် အခွန်ငွေအတွက် အာမခံတင်သွင်းထားသူ၏ ပစ္စည်းကို ရောင်းချခြင်း၊ ပိုငွေရှိလျှင် အာမခံတင်သွင်းထားသူအား ပြန်လည်ပေးအပ်ခြင်း။

၈၀။ ဦးစီးဌာနမှူးသည် အပိုဒ်၇၉၊ အပိုဒ်ခွဲ (က)အရ ပျက်ကွက်သူထံ အကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည်-

(က) ပျက်ကွက်သူသို့ ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့်သာမန်အားဖြင့် အတူတကွနေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူတစ်ဦးဦးသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါနည်းလမ်းများအနက်မှ တစ်နည်းနည်းအားဖြင့် ပေး အပ်၍ မရပါက ပျက်ကွက်သူနေထိုင်သော နေအိမ်ရှေ့တွင် အကြောင်း ကြားစာကပ်ထားခြင်း။

၈၁။ အကြောင်းကြားစာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) ပျက်ကွက်သူမှ ငွေပေးဆောင်ရမည့်အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှနောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန် ၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူ့ထံပေးဆောင်ရမည့် အကြောင်း ဖော်ပြ ချက်။

၈၂။ ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လေလံတင်ရောင်းချရာတွင် -

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး(၁၅)ရက် ကြိုတင်လေလံ ကြော်ငြာစာဖြင့် ကြေညာရမည်။

(ခ) အပိုဒ်ခွဲ (က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့်ပစ္စည်းနှင့် စပ်လျဉ်း၍ တည်နေရာ ၊ မည်သူပိုင်သည် ၊ မည်သို့သော အခွင့်အရေး

(ဂ) အာမခံပစ္စည်းအဖြစ် တင်သွင်းသည့် ပစ္စည်းသည် မိမိတာဝန်ခံရသော မြို့နယ် ပြင်ပတွင်ရှိပါက သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ အပိုဒ်ခွဲ (က) သို့မဟုတ် အပိုဒ်ခွဲ (ခ)ပါ ဖော်ပြချက်တို့ကို ဆောင်ရွက်ပြီး ပြန်ကြားရန် အကြောင်း ကြားခြင်း။

(ဃ) လေလံဆွဲဝယ်မည့်သူမရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေ မှာ မြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ်အောက် လျော့နည်းလျှင် ဖြစ်စေ၊ လေလံပွဲကို ရွှေ့ဆိုင်း၍ ထပ်မံလေလံတင်ရောင်းချရမည်။

(င) ရရှိသည့်ငွေမှရရန်ရှိသော မြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ်ကို နုတ်ယူ၍ ဘဏ္ဍာသို့ ပေးသွင်းပြီးပိုငွေကို ပျက်ကွက်သူသို့ ပြန်လည် ပေးအပ်ရမည်။

အခန်း (၁၆)

အထွေထွေ

၈၃။ ဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်း ကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချ ထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောထားမှတ်ချက် ရယူရ မည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသောအချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၈၄။ ဦးစီးဌာနသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အကူအညီ ရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင် ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၈၅။ ဦးစီးဌာနသည် နှစ်စဉ်ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက် များ ပါဝင်သော အစီရင်ခံစာတစ်စောင်ကို ရက်ပေါင်း(၉၀)အတွင်း အစိုးရအဖွဲ့ထံ တင်ပြရမည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင်အငှားချထားမှု အခြေအနေ

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်၊ အငှားချထားမှုအခြေအနေ၊

(ဂ) ငါးထုတ်လုပ်မှု အခြေအနေ၊

(ဃ) ဥပဒေအရ အရေးယူဆောင်ရွက်မှု အခြေအနေ၊

(င) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထား သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှုအခြေအနေ၊

(စ) နောက်လာမည့်နှစ် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်းလုပ်ကိုင်ဆောင် ရွက်မည့် လုပ်ငန်းစီမံချက်ရေးဆွဲမှု အခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှု အခြေအနေ။

၈၆။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ် များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ခေတ်မီနည်းပညာစာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသနစာတမ်းများ ဖတ်ကြားခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၈၇။ (က) ဥပဒေပုဒ်မ ၃၆နှင့် ဥပဒေပုဒ်မ ၄၂ပုဒ်မခွဲ (ခ)အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်လျှင်ဖြစ်စေ၊ ဝန်ကြီးက အငှားဂရန် သို့မဟုတ် တင်ဒါ လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ယင်းသို့ ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာလက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာဦးစီးဌာနမှူးထံ သက်ဆိုင်ရာအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြု သည့် နေရာဒေသ မှ (၇)ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ (က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၄၅၊ ဥပဒေပုဒ်မ ၅၂အရ ဖောက်ဖျက် ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၈၈။ ဦးစီးဌာနသည် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အကြုံးမဝင်သော များကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီ ခွင့်ပြုခြင်းဆောင်ရွက်နိုင်သည်။

၈၉။ ဦးစီးဌာနသည် ဂရန်အင်း သို့မဟုတ် တင်ဒါ ငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ် အတိုင်းအတာကို သတ်မှတ်ရာတွင်-

(က) နယ်နိမိတ်သတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကိုတိကျစွာဖော်ပြရမည်၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက ဥပဒေ ပုဒ်မ ၇၄ အရ သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) အပိုဒ်ခွဲ(က)သို့မဟုတ် အပိုဒ်ခွဲ (ခ) အရ သတ်မှတ်ထားခြင်းမရှိလျှင် ယခင်ကလုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၉၀။ ဥပဒေအရ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေ များတွင် သတ်မှတ်ထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

ဝန်ကြီး
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန

ပုံစံ (၁)

ချင်းပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

လေလံကြော်ငြာ

[နည်းဥပဒေအပိုဒ် ၅ အပိုဒ်ခွဲ (ခ)]

စာအမှတ် ၊ ------------------

ရက်စွဲ ၊ ---------------------

အများသိစေရန် ကြော်ငြာလိုက်သည်။

------------ မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား (၂၀ -၂၀) ခုနှစ်၊ (၁၃)ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ၊ ရက် (၁၃ ခုနှစ်၊ လ ရက်)နေ့ နံနက် ( ) နာရီ အချိန်တွင် ပူးတွဲဖော်ပြပါ လေလံစည်းကမ်းချက်များနှင့်အညီ တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

× × ×

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
--------------မြို့

<u>လေလံစည်းကမ်းချက်များ</u>

ပုံစံ (၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ
(နည်းဥပဒေ အပိုဒ် ၆)

သို့

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
---------------မြို့

ရက်စွဲ၊ -----------

အကြောင်းအရာ။ **ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မဦး/ဒေါ်----------သည်ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည် ၊ ----------------------
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ၊ ----------------------
အမျိုးသားမှတ်ပုံတင်အမှတ် ၊ ----------------------
၃။ အဘအမည် ၊ ----------------------
၄။ နေရပ် ၊ ----------------------
၅။ အလုပ်အကိုင် ၊ ----------------------
(ယခင်နှစ်က အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)
၆။ ဆွဲဝယ်လိုသည့် ဂရန်းအင်းအမည် ၊ ----------------------
၇။ လေလံတင်ရောင်းချမည့်ရက် ၊ ----------------------

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့်အချက်များ မှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး
ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး

နေ့စွဲ ၊

ပုံစံ (၃)

ချင်းပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်
[နည်းဥပဒေအပိုဒ် ၉ အပိုဒ်ခွဲ (က)]

အမှတ်စဉ်- /

၁။	လေလံဆွဲဝယ်ခွင့်ရရှိသူအမည်	။	----------------
၂။	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် /	။	----------------
	အမျိုးသားမှတ်ပုံတင်အမှတ်	။	----------------
၃။	အဘအမည်	။	----------------
၄။	အလုပ်အကိုင်	။	----------------
၅။	နေရပ်	။	----------------
၆။	လေလံဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည်	။	----------------
၇။	လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့	။	----------------
၈။	ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ	။	----------------

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
------------ မြို့

နေ့စွဲ ။

ပုံစံ (၄)

ဂရန်အင်းလေလံတင်ရောင်းချခြင်းအမှုတွဲ
[နည်းဥပဒေအပိုဒ် ၁၃အပိုဒ်ခွဲ (က)]
ချင်းပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊

-------------- ခုနှစ်၊

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည် -
ဂရန်အင်းတည်ရှိနေရာ -
ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ -
လေလံတင်ရောင်းချသည့်နေရာ -

(စာဖြင့်) ယခင်နှစ်များက အငှားဂရန်ရှိသူများ၏ အမည်နှင့် အင်းခွန်

နှစ် အငှားဂရန်ရှိသူ အင်းခွန် ယခုနှစ်တွင်
ဂရန်အင်းလေလံဆွဲဝယ်ခွင့်ရရှိပြီး
လေလံဆွဲဝယ်ကြသူများ
စဉ် လေလံဆွဲဝယ်ခွင့်ရရှိသူအမည်/
ပေးသွင်းသည့်အင်းခွန်ငွေ
မှတ်ပုံတင်အမှတ် (ဂဏန်းဖြင့်)
စာဖြင့်

ယခုသတ်မှတ်သည့်အင်းခွန် -
အငှားဂရန်ရှိသူအမည် -
မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ ၊

ပုံစံ (၅)

ဂရန်အင်းလေလံတင်ရောင်းချပြီးစီးကြောင်း တင်ပြစာ
[နည်းဥပဒေအပိုဒ် ၁၄အပိုဒ်ခွဲ (က)]
------------------ခုနှစ်၊
ချင်းပြည်နယ်
---------------ခရိုင် ၊ ---------------မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့စွဲ ၊
ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ ၊
ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင် ပါဝင်သူများ ၊

စဉ်	ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ	၅နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်လေလံဈေး	မှတ်ချက်

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ ၊

ပုံစံ (၆)

ချင်းပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

အငှားဂရန်

[နည်းဥပဒေအပိုဒ် ၁၄အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၁၈အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၈အပိုဒ်ခွဲ(ခ)]

စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး၏ စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ အငှား ဂရန်ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည် ၊ ------------------------------

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/ ၊ ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ------------------------------

၃။ နေရပ်လိပ်စာ ၊ ------------------------------

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ် ၊ ---------၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ ၊ ------------------------------

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား ၊ ------------------------၇။ အင်းခွန်ကို အရစ်ဖြင့်သတ်မှတ်ပါက သတ်မှတ်သည့် အရစ်၊ ၊--------------- ငွေပမာဏနှင့် ပေးဆောင်ရမည့်နေ့ ၊ ------------------------------

၈။ အင်းခွင်---------ကို --------- မြို့ မြန်မာ့စီးပွားရေးဘဏ် ( ) နေ့စွဲပါ ချလံအမှတ် ( ) အရ ငွေပြေပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
----------------မြို့

ရုံးတံဆိပ်
နေ့စွဲ ၊

ချင်းပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

အိတ် ဖွင့် တင် ဒါ ကြော် ငြာ

[နည်းဥပဒေအပိုဒ် ၂၁ အပိုဒ်ခွဲ (ခ)၊ (င)]

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အများသိစေရန်ကြော်ငြာလိုက်သည်။

-------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါငါးဖမ်းကွက် များအား (၂၀ - ၂၀)ခုနှစ်၊ (၁၃)ခုနှစ် ငါးလုပ်ငန်းရာသီအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ၊ ရက် (၁၃ ခုနှစ်၊ လ ရက်)နေ့ နံနက် ( )နာရီအချိန်တွင် အောက်ဖော်ပြပါ တင်ဒါစည်းကမ်းချက်များနှင့်အညီ တွင် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
-------------မြို့

<u>တင်ဒါစည်းကမ်းချက်များ</u>

ပုံစံ (၈)

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေ အပိုဒ် ၂၂)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------မြို့

ရက်စွဲ၊ -----------

အကြောင်းအရာ။ **တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မဦး/ဒေါ်---------သည်ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည် ၊ ----------------------၂။

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ၊ ----------------------

အမျိုးသားမှတ်ပုံတင်အမှတ် ၊ ----------------------

၃။ အဘအမည် ၊ ----------------------

၄။ နေရပ် ၊ ----------------------

၅။ အလုပ်အကိုင် ၊ ----------------------

(ယခင်နှစ်က တင်ဒါလိုင်စင်ရရှိခဲ့လျှင် တင်ဒါငါးဖမ်းကွက်အမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်

၇။ တင်ဒါဆွဲဝယ်မည့်ရက်

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့်အချက်များ မှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး

နေ့စွဲ ၊

ပုံစံ (၉)

ချင်းပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
တင်ဒါဆွဲဝယ်ခွင့်လက်မှတ်
[နည်းဥပဒေအပိုဒ် ၂၅အပိုဒ်ခွဲ (က)]

အမှတ်စဉ် - /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည် ၊ ---------------
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ၊ ---------------
အမျိုးသားမှတ်ပုံတင်အမှတ် ၊ ---------------
၃။ အဘအမည် ၊ ---------------
၄။ နေရပ် ၊ ---------------
၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ---------------
၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး(ဂဏန်းဖြင့်) ------------
(စာဖြင့်) --
၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ ရွေးချယ်ခြင်း မပြုပါ

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ ၊

ပုံစံ (၁၀)

ချင်းပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်းအမှုတွဲ
[နည်းဥပဒေအပိုဒ် ၃၀အပိုဒ်ခွဲ (က)]

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊

----------ခုနှစ်၊

တင်ဒါငါးဖမ်းကွက်အမည် -

တင်ဒါငါးဖမ်းကွက်တည်ရှိနေရာ -

တင်ဒါချထားသည့်နေ့ -

ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့် တင်ဒါကြေး

နှစ်	တင်ဒါလိုင်စင်ရရှိသူ	တင်ဒါကြေး

ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး တင်ဒါသွင်းကြသူများ

စဉ်	တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူအမည်/ မှတ်ပုံတင်အမှတ်	တင် ဒါ ကြေး (ဂဏန်းဖြင့်)	(စာဖြင့်)

ယခုသတ်မှတ်သည့်တင်ဒါကြေး -

တင်ဒါလိုင်စင်ရရှိသူအမည် -

မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ ၊

ပုံစံ (၁၁)

တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်း တင်ပြစာ

[နည်းဥပဒေအပိုဒ် ၃၁ အပိုဒ်ခွဲ (ခ)]

----------------ပြည်နယ်/ တိုင်း

----------------------ခရိုင်၊ -----------------မြို့နယ်

တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

တင်ဒါချထားသည့်နေ့စွဲ ။

တင်ဒါချထားသည့်နေရာ ။

တင်ဒါချထားရေးအဖွဲ့တွင် ပါဝင်သူများ ။

စဉ်	ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ	၅နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်လေလံဈေး	မှတ်ချက်

အဖွဲ့ဝင်　　　　ဥက္ကဋ္ဌ　　　　အဖွဲ့ဝင်

နေ့စွဲ

ပုံစံ (၁၂)

ချင်းပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
တင်ဒါလိုင်စင်
[နည်းဥပဒေအပိုဒ် ၃၁(ခ)၊ အပိုဒ် ၄၈ အပိုဒ်ခွဲ (ခ)]
လိုင်စင်အမှတ်

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ငါးလုပ်ငန်းဦးစီးဌာန၊ပြည်နယ်ဦးစီးဌာနမှူး၏---------- နေ့စွဲပါ စာအမှတ် ------------ ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ တင်ဒါလိုင်စင်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့်အညီ ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည် ၊ ---------------
၂။ အမျိုးသားမှတ်ပုံတင်အမှတ်/ ၊ ---------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊ ---------------
၃။ နေရပ်လိပ်စာ ၊ ---------------
၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ၊ ---------------
တင်ဒါငါးဖမ်းကွက်အမည်နှင့်မြို့နယ် ၊ ---------------
၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ ၊ ---------------
၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား ၊ --------------- အရေအတွက်နှင့် အတိုင်းအတာ ၊ ---------------

တင်ဒါကြေးနှင့် လိုင်စင်ခ---------ကို ( ) နေ့စွဲပါ ချလံအမှတ် ( )ဖြင့် -------------------ဘဏ်သို့ ပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

ရုံးတံဆိပ် ------------မြို့

ပုံစံ (၁၃)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ
(နည်းဥပဒေအပိုဒ် ၃၄)

သို့

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
——————မြို့ ။

ရက်စွဲ၊ ——————

အကြောင်းအရာ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း

၁။ လျှောက်ထားသူအမည် ၊ ——————
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/၊ —————— အမျိုးသားမှတ်ပုံတင်အမှတ် ၊ ——————၃။ အဘအမည် ၊ ——————၄။ အလုပ်အကိုင် ၊ ——————၅။ နေရပ်လိပ်စာ ၊ ——————၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ ၊ ——————၇။ လုပ်ကိုင်လိုသည့် ငါးဖမ်းကိရိယာများ ၊ ——————ငါးဖမ်းကိရိယာအမည် အတိုင်းအတာ အရေအတွက်

(က) အလျား
(ခ) အနံ
(ဂ) စောက်
(ဃ) ထိပ်ဝ
(င) အခြား

၈။ လုပ်ကိုင်လိုသည့်ခုနှစ် ၊ ——————

လျှောက်ထားသူလက်မှတ်

ပုံစံ (၁၄)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူစာရင်း
[နည်းဥပဒေအပိုဒ် ၃၅ အပိုဒ်ခွဲ (က)]

--------- ပြည်နယ်/တိုင်း၊ ------------- ခရိုင်၊ ---------------

စဉ်	လိုင်စင်လျှောက်ထားသူ အမည်နှင့်အမျိုးသား မှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	နေရပ် လိပ်စာ	ရုံးသုံး အမည်	ငါးဖမ်းကိရိယာ					နေရာ	လိုင်စင်ခ	မှတ်ချက်
				ဇယားပါ အမှတ်စဉ်	ဒေသ အခေါ်	ခွင့်ပြုသည့်အများဆုံး အတိုင်းအတာ					
						အလျား	အနံ	စောက်			

နေ့စွဲ၊
လိုင်စင်မလျှောက်ထားသော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါ ရေးသွင်းရန်

မြို့နယ်ဦးစီးဌာနမှူး

ချင်းပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ငါးဖမ်းကိရိယာလိုင်စင်

[နည်းဥပဒေအပိုဒ် ၃၆ အပိုဒ်ခွဲ (က)]

(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်။)

မြို့နယ်- ခုနှစ်၊ အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -

အမျိုးသားမှတ်ပုံတင်အမှတ်/

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

နေရပ်လိပ်စာ -

ကိရိယာရုံးသုံးအမည် -

ဒေသအခေါ်အဝေါ် -

ကိရိယာအတိုင်းအတာ -

နေရာ -

အထူးကန့်သတ်ချက်များ -

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/ အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့် လေလံတစ်စင်းအတွက် လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည် နေ့တွင် သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှ

ပုံစံ (၁၆)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း
[နည်းဥပဒေအပိုဒ် ၃၆ အပိုဒ်ခွဲ (ခ)]

------------ ခရိုင်၊ ------------------မြို့နယ်

စဉ်	လိုင်စင်ရရှိသူအမည်နှင့် အမျိုးသား မှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	နေရပ် လိပ်စာ	လိုင်စင် အမှတ် စဉ် အမှတ်	လိုင်စင် ထုတ်ပေး သည့် အမှတ်	ငါးဖမ်း ကိရိယာ အမျိုးအစား နှင့် အမှတ်စဉ်	ငါးဖမ်း ကိရိယာ အတိုင်း အတာ	လိုင်စင်ခ	ထုတ်ပေးထားသည့် လိုင်စင်ပုံစံတန်ဖိုးနှင့် ရွက်ရေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကချင်ပြည်နယ်လွှတ်တော်

ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းနည်းဥပဒေများ

ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းနည်းဥပဒေများ

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
၁။	အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်	၁
၂။	အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၂
၃။	နှစ်ရှည် အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၁
၄။	တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ထုတ်ပေးခြင်း	၁၃
၅။	ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၂၁
၆။	အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်း အတွက် လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၂၆
၇။	နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း	၂၇
၈။	ဝေးလံခေါင်းပါးသောဒေသရှိ ဂရန်အင်းများကို ခံဝန်ဖြင့် အငှားချထားခြင်း	၂၉
၉။	မိတ္တူလျှောက်ထားခြင်း	၃၂
၁၀။	အငှားဂရန်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ	၃၃

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
၁၁။	တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ	၄၀
၁၂။	ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ	၄၂
၁၃။	အအေးခန်းစက်ရုံတည်ထောင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ	၄၂
၁၄။	ပြည်နယ်ဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၄၃
၁၅။	ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၄၉
၁၆။	ကြွေးကျန်များကောက်ခံခြင်း	၅၂
၁၇။	အထွေထွေ	၅၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် (၂၇ / ၂၀၁၃)
၁၃၇၅ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
(၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနသည် ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်အောက်ပါနည်းဥပဒေများကိုထုတ်ပြန်လိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းနည်းဥပဒေများဟု ခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသောစကားရပ်များသည်ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကို ဆိုသည်။

(ခ) **ဝေးလံခေါင်းပါးသောဒေသ** ဆိုသည်မှာ ကချင်ပြည်နယ် အစိုးရကအခါအားလျော်စွာ လမ်းပန်းဆက်သွယ်ရေးခက်ခဲ သောဒေသများအဖြစ်သတ်မှတ်ထားသော ဒေသများကိုဆို သည်။

(ဂ) **တင်ဒါငါးဖမ်းကွက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်း ရေပြင် တွင်တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ငါးဖမ်းကွက်ကို ဆိုသည်။

(ဃ) **အနိုင်အမာအတားအဆီး** ဆိုသည်မှာ သဘာဝအလျောက် ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချိုငါးလုပ်ငန်း ရေပြင်တွင် ရေစီးရေလာ အဟန့်အတားဖြစ်စေရန် လူတို့ကအနိုင်အမာ ပြုလုပ်ထားသော အတားအဆီး တစ်ခုခုကို ဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည်။

အခန်း(၂)
အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ်ဧပြီလ(တန်ခူးလ) အတွင်းတွင်စတင် ဆောင်ရွက်ရမည်။

၄။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသောပြည်နယ်အတွင်းရှိဂရန်အင်းများကို ခရိုင် အလိုက် လေလံတင် ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဂရန်အင်းများ လေလံတင် ရောင်းချရေး အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(၁) သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး	ဥက္ကဋ္ဌ
(၂) ဂရန်အင်းတည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီး ဌာနမှူး	အဖွဲ့ဝင်
(၃) ပြည်နယ်ဦးစီးဌာနမှူးမှ တာဝန်ပေးအပ် ခြင်းခံရသည့် ဝန်ထမ်း (၁) ဦး	အဖွဲ့ဝင်
(၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှသတ်မှတ်ပေးသည့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြု ကော်မတီဝင် (၁) ဦး	အဖွဲ့ဝင်

(ခ) နည်းဥပဒေခွဲ(က)အရဖွဲ့စည်းသောဂရန်အင်းများလေလံတင် ရောင်းချရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ဂရန်အင်းတစ်ခုစီအတွက်လေလံကြမ်းခင်းဈေးကိုဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသောမြို့နယ်အတွင်းရှိဂရန်အင်းများကို ၁ နှစ် ကာလအတွက် ဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့က လေလံတင်ရောင်းချမည့်အစီအစဉ်ရေးဆွဲပြီး ခရိုင် ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက် ရရှိပါက ဂရန်အင်း လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရက်ပေါင်း၃၀ကြိုတင်၍လေလံကြော်ငြာပုံစံ(၁)ဖြင့်မြို့နယ် အတွင်း ကြေညာရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်ဂရန်အင်းကိုထပ်မံလေလံတင် ရောင်းချပါ က ဂရန်အင်းလေလံတင်ရောင်းချမည့် ရက်မတိုင်မီ အနည်းဆုံး၁၅ ရက်ကြိုတင်၍ လေလံကြော်ငြာပုံစံ(၁)ဖြင့် မြို့နယ် အတွင်း ကြေညာရမည်-

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်နှင့် ပြည်နယ်၏ အကျိုးအတွက်ဖြစ်ခြင်း။

၆။ ဂရန်အင်းတစ်ခုခုတွင်ငါးလုပ်ငန်းလုပ်ကိုင်သူသည်ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်းဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၂)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည်လျှောက်လွှာပုံစံ(၂)လက်ခံရရှိသည့် အခါအောက်ပါအချက်များနှင့် ညီညွတ်ခြင်းရှိ ၊ မရှိ စိစစ်ရမည်-

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃ နှစ်အတွင်း ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရဖူးသူမဟုတ်ခြင်း၊

(ဂ) အမှန်တကယ် အင်းလုပ်ငန်းလုပ်ကိုင်သူဖြစ်ခြင်း။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို နည်းဥပဒေ ၇ အရ စိစစ်ပြီး အောက်ပါအတိုင်း ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်သည့် ကျိုးကြောင်း ဖော်ပြချက်များ၊

(ခ) လျှောက်လွှာကို လက်ခံလျှင် ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ။

၉။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၈ အရတင်ပြလာသည့် လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၃)ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှ အကြောင်းကြားစာ ရရှိသည့်အခါ ဂရန်အင်း လေလံဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၃)ကို လေလံပွဲမစမီ အနည်းဆုံး ၁ ရက်ကြိုတင်၍လျှောက်ထားသူအားထုတ်ပေးရမည်။

၁၁။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် -

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်။

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဝင်ရောက် ဆွဲဝယ်မှုမရှိလျှင်သော်လည်းကောင်း၊ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ သတ်မှတ်သည့်လေလံကြေးငွေများကို တင်ပြမှုမရှိ လျှင်သော်လည်းကောင်း အဆိုပါ နှစ်မှ တစ်ဆက်တည်း ၃ နှစ်အတွင်းဂရန်အင်း လေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၂။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက်လေလံကြမ်းခင်းဈေးကို သတ်မှတ်နိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးထံ စိစစ်တင်ပြရမည်-

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ်ပျမ်းမျှ ဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်း ပျက်စီးတိမ်ကောခြင်း ရှိ မရှိ။

၁၃။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင် ရောင်းချခြင်း အမှုတွဲ ပုံစံ (၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ)—နှစ်ရှည်အငှားဂရန်ချထားမည့်အင်းဖြစ်ပါကဝန်ကြီး၏ညွှန်ကြား ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီလေလံစည်းကမ်း ချက်များ၊ ရောင်းချမည့်ဂရန်အင်းတစ်ခုစီ၏ စည်းကမ်း ချက်များကို ဖတ်ကြား ကြေညာခြင်း၊

(ဃ) ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ခွင့် ရရှိသူတစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်း ပေးထားခြင်းကို သော်လည်းကောင်း၊ အကြောင်း ပြချက်မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင်မှတ်တမ်းတင်ထား ပြီး ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူများအားဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့က သတ်မှတ်ထားသည့် ကြိုတင်ငွေကို တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှမိမိ၏စိတ်ကို ထိန်းသိမ်းနိုင်စွမ်း မရှိဘဲလေလံကြမ်းခင်းဈေးထက်များစွာကျော်လွန်ပြီးဈေးနှုန်း ပေးပါကလေလံဆွဲဝယ်ခွင့်ရရှိသူများကိုသတိပေး၍ သက်ဆိုင် သည့်ဂရန်အင်းလေလံတင် ရောင်းချခြင်းကိုခေတ္တရပ်ဆိုင်း ခြင်း၊ ထိုသို့ ရပ်ဆိုင်းပြီးနောက်နေ့ချင်းပြန်လည်ကျင်းပ ခြင်း၊ထိန်းသိမ်းမရအောင်အပြိုင်အဆိုင်ဆက်လက် ဆွဲဝယ်

နေ ပါက ဂရန်အင်းလေလံတင် ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင် အိတ်ဖွင့်တင်ဒါ တင်သွင်းစေပြီး အငှားချထားခြင်း၊

(ဓ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အငှားချထားခြင်း၊

(ဈ) လေလံဆွဲဝယ်ခွင့်ရရှိသူအား လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက်ပေးဆောင်ရန်ရှိသည့်အင်းခွန်ငွေများကို အပြေအကျေပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်ဖြင့် ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသောခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ည) လေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့တင်ပြသည့် ငွေများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဋ) လေလံကြေးငွေများကိုဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီးပေးသွင်း နိုင်ခြင်းမရှိပါက လေလံကြေးငွေများကိုသေတ္တာထဲတွင်ထည့်၍လုံခြုံစွာသော့ခတ် ချိတ်ပိတ်ပြီး ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံး ဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ပေးသွင်းနိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဍ) လေလံဆွဲဝယ်ရရှိသူ၏ လေလံဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် ဂရန်အင်းလေလံတင် ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၁၄။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိ စီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများ လေလံတင်ရောင်းချခြင်းပြီးသည့်အခါဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာပုံစံ(၅)တွင်ပြည့်စုံစွာ ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရ မည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက လေလံဆွဲဝယ်သည့် နေ့မှ ၁၅ ရက်အတွင်း အငှားဂရန် ပုံစံ(၆)ကို လေလံဆွဲဝယ်ရရှိ သူအား ထုတ်ပေးရမည်။

(ဂ) မြို့နယ်ဦးစီးဌာနမှူးအား အင်းလေလံဆွဲဝယ်ရရှိသူများကို ငါးရစ်ငါးသန်ရာသီချိန်တွင် အင်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးအပ်နိုင်သည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ရေစီးရေလာ ဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းကိုပြည်နယ်ဦးစီးဌာနမှူး၏အတည်ပြုချက်ရယူ၍ဂရန်အင်းတစ်ခုတည်းအနေဖြင့် သတ်မှတ်၍ ရောင်းချရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများကို ၃ ကြိမ်ထိလေလံရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေးမမီပါက ကျိုးကြောင်းဖော်ပြလျက် ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ အတည်ပြုချက်ရရှိပါက အဆိုပါဂရန်အင်းကိုချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချရမည်။

(ဂ) အထက်ပိုင်းရှိအငှားဂရန်ရရှိသူကဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိ လျှင်သော်လည်းကောင်း၊လေလံရောင်းချသော်လည်း ဆွဲဝယ်မည့်သူမရှိလျှင် သော်လည်းကောင်း၊ ယင်းဂရန်အင်းကို လေလံထပ်မံမပစ်ဘဲ ဂရန်အင်းနှင့်ဆက်စပ်လျက်ရှိသော အောက်ပိုင်းရှိအငှားဂရန်ရရှိသူအားသတ်မှတ်ဈေးကို ပေးသွင်းစေပြီး ပြည်နယ်ဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ဃ) မိမိ စီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍မရနိုင်သောဂရန်အင်းများကိုပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံတင်ပြ ရမည်။

အခန်း(၃)

နှစ်ရှည် အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၆။ (က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည် အငှားဂရန်အဖြစ် သတ်မှတ် သင့်သည်ဟု သဘောရရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူကမိမိဂရန်အင်းကို နှစ်ရှည် အငှားဂရန် လျှောက်ထားလာလျှင်ဖြစ်စေ သက်ဆိုင်ရာ ဂရန်အင်းကိုကွင်းဆင်းစစ်ဆေးပြီးကျိုးကြောင်းဖော်ပြလျက် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ မြို့နယ် ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၁၇။ ဝန်ကြီးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန် လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်-

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန်လိုအပ်ခြင်း၊

(ခ) လျှောက်ထားသည့် ဂရန်အင်းအခွန်ငွေသည် ပြည်နယ် အတွက် ရသင့်ရထိုက်သော အခွန်ငွေဖြစ်ခြင်း၊

(ဂ) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက်ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း။

၁၈။ (က) ဝန်ကြီးသည် နှစ်ရှည်အငှားဂရန်ကို ခွင့်ပြုလျှင် ပြည်နယ် ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ ပြည်နယ် ဦးစီးဌာနမှူးထံမှ အကြောင်းကြား စာရရှိသည့်အခါ သတ်မှတ်ချက်နှင့်အညီအငှားဂရန်ပုံစံ(၆)ကိုလျှောက်ထား သူအား ထုတ်ပေးရမည်။

(ဂ) ဝန်ကြီးသည် ပြည်နယ်၏အကျိုးငှာလိုအပ်ပါက နှစ်ရှည် အငှားဂရန် လျှောက်ထားခြင်းကို ငြင်းပယ်နိုင်သည်။

၁၉။ ဝန်ကြီးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်ချထားသည့် အခါ အောက်ပါအချက်များကို သတ်မှတ်ပေးရမည်-

(က) အငှားဂရန်ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့် နည်းစနစ်၊ ပြုပြင်ရမည့်အချိန်၊ ကာလ၊ နေရာနှင့် ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူကနှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ် တိုးမြှင့်ပေးရမည့် ဂရန်အင်းတန်ဖိုးငွေရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ။

အခန်း(၄)

တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၀။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) မိမိ စီမံခန့်ခွဲရသောပြည်နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက် များကိုခရိုင်အလိုက်တင်ဒါလိုင်စင်ချထားနိုင်ရန်အောက်ပါ

ပုဂ္ဂိုလ်များပါဝင်သော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(၁) သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) တင်ဒါငါးဖမ်းကွက်တည်ရှိရာမြို့နယ်၏ အဖွဲ့ဝင် မြို့နယ်ဦးစီးဌာနမှူး

(၃) ပြည်နယ်ဦးစီးဌာနမှူးမှ တာဝန်ပေးအပ်ခြင်း အဖွဲ့ဝင် ခံရသည့် ဝန်ထမ်း ၁ ဦး

(၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊အထွေထွေအုပ်ချုပ် အဖွဲ့ဝင် ရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ ဝင် ၁ ဦး

(ခ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းသော တင်ဒါလိုင်စင်ချထား ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) တင်ဒါကြမ်းခင်းဈေးကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း။

၂၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိ စီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက် များကို ၁ နှစ်ကာလအတွက် တင်ဒါလိုင်စင်ချထားရေး အဖွဲ့က တင်ဒါလိုင်စင်ချထားမည့် အစီအစဉ်ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးထံတင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရခရိုင်ဦးစီးဌာနမှူး၏အတည်ပြုချက် ရရှိပါက တင်ဒါငါးဖမ်းကွက်အဟောင်းဖြစ်လျှင် တင်ဒါ

လိုင်စင်ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ(၇)ဖြင့် မြို့နယ်အတွင်းကြေညာရမည်။

(ဂ) တင်ဒါ ငါးဖမ်းကွက်အသစ် တည်ရှိရာဒေသတွင် တင်ဒါ ငါးဖမ်းကွက်ဧရိယာသတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ၊မရှိ တင်ဒါကြော်ငြာသည့် ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင် ကြေညာရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရကန့်ကွက်ချက်များရရှိလျှင်ကန့်ကွက်ချက်အပေါ်စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့်ပြည်နယ်ဦးစီးဌာနမှူး ထံတင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

(င) နည်းဥပဒေခွဲ(ဃ)အရပြည်နယ်ဦးစီးဌာနမှူး၏ဆုံးဖြတ်ချက် ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း၃၀ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ(၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

၂၂။ တင်ဒါငါးဖမ်းကွက် တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၈)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၃။ မြို့နယ်ဦးစီးဌာနမှူးသည်တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ ပုံစံ(၈) လက်ခံရရှိသည့်အခါအောက်ပါအချက်များနှင့်ညီညွတ်ခြင်း ရှိ ၊မရှိ စိစစ်ရမည် -

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သော ၃ နှစ်အတွင်း ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရဖူးသူ မဟုတ်ခြင်း။

၂၄။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို နည်းဥပဒေ ၂၃ အရစိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်သည့် ကျိုးကြောင်း ဖော်ပြချက်များ၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့် လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံ တင်ပြချက်များ။

၂၅။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ၂၄ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၉) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပုံစံ (၉)ကို တင်ဒါလိုင်စင်

ချထားမည့်ရက်မတိုင်မီ အနည်းဆုံး ၁ ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၇။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ရရှိသူသာလျှင် မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် တင်ဒါဆွဲဝယ်ခွင့်ရှိသည်။

၂၈။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားခြင်းမပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် တင်ဒါကြမ်းခင်းဈေးကိုသတ်မှတ်နိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးထံ စိစစ်တင်ပြရမည်-

(က) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏လွန်ခဲ့သော ၅ နှစ်ပျမ်းမျှ ဈေးနှုန်း၊

(ခ) အငှားချထားသည့်တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိ အခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်း ရှိ၊ မရှိ။

၂၉။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်အပေါ်တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက် အမည်၊ ပေးမည့်ဈေးနှုန်းတို့ကို ရေးသွင်း၍ စာအိတ်အတွင်းထည့်သွင်း အိတ်ဖွင့်ပြီး တင်ဒါလိုင်စင်ချထားမည့်နေ့တွင်မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ထံကိုယ်တိုင်တင်သွင်းရမည်။

၃၀။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါ

ငါးဖမ်းကွက်ရောင်းချခြင်းအမှုတွဲပုံစံ(၁၀) ဖွင့်လှစ်ထားခြင်း၊

(ခ) တင်ဒါလိုင်စင် ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ၊တင်ဒါလိုင်စင်ချထားမည့်တင်ဒါငါးဖမ်းကွက်သတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကိုကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းကြရန် ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ထုတ်ယူထားသူ ဦးရေနှင့် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(င) အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့ တင်သွင်းသည့် တင်ဒါဈေးနှုန်း ငွေပမာဏကို တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြစေခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(စ) လုံလောက်သောအကြောင်းရှိပါကတင်ဒါဆွဲဝယ်ရရှိသူတစ်ဦးဦးကို သော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း၊အကြောင်းပြချက်မပေးဘဲငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့်ကိစ္စ်ကြောင်းဖော်ပြချက်ကိုအမှုတွဲတွင် မှတ်တမ်းတင်ထားပြီးပြည်နယ်ဦးစီးဌာနမှူးထံတင်ပြခြင်း၊

(ဆ) တင်ဒါငါးဖမ်းကွက်အလိုက်အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း

သူများအမည်နှင့် ပေးထားသည့်ဈေးနှုန်းတို့ကို ဖတ်ကြား ကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဇ) တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက တင်ဒါဆွဲဝယ်ရရှိသူများ အားလုံးကို ဈေးနှုန်းထပ်မံတိုးမြှင့်ပေးရန် ယင်းနေ့တွင်ပင် အိတ်ဖွင့်တင်ဒါ တင်သွင်းစေခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်းထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်း အများဆုံးပေးသူအား တင်ဒါလိုင်စင်ချထားခြင်း၊

(ည) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဋ) တင်ဒါကြေးကိုဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက် ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကို ဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ခြင်းမရှိပါ ကတင်ဒါကြေးကို သေတ္တာ ထဲတွင်ထည့်၍လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး တင်ဒါလိုင်စင် ချထားရေးအဖွဲ့ အဖွဲ့ဝင်များအားလုံးမှ လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း တွင် အပ်နှံထားခြင်း၊ အစောဆုံး ဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ ပေးသွင်းနိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊

(ဍ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်းတူညီနေပါက ထိုသူများ အား ၃ ကြိမ်ထိ အိတ်ဖွင့် တင်ဒါပေးသွင်းစေခြင်း၊

(ဃ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ၃ ကြိမ်ထိ ထပ်မံတူညီနေပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဏ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင်တင်ဒါလိုင်စင်ချထားသည့် တင်ဒါဈေးနှုန်းကိုရေးသွင်း၍တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(တ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်းမမီကြောင်းရေးသွင်း၍တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ အမှုတွဲတွင် တွဲထားခြင်း။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိ စီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များတင်ဒါလိုင်စင်ချထားခြင်းပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ ပုံစံ (၁၁)တွင် ပြည့်စုံစွာရေးသွင်း၍တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြ ရမည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါလိုင်စင်ချထားသည့်နေ့မှရက်ပေါင်း ၃၀ အတွင်းသက်ဆိုင်ရာငါးဖမ်းကိရိယာ လိုင်စင်ခကို အပြေအကျေ ပေးသွင်းစေပြီးတင်ဒါလိုင်စင်ပုံစံ(၁၂)ကိုတင်ဒါဆွဲဝယ်ရရှိသူအားထုတ်ပေးရမည်။

၃၂။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိ စီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက ကျိုးကြောင်းဖော်ပြလျက် ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြပြီးညွှန်ကြားချက်နှင့်အညီအဆိုပါ တင်ဒါငါးဖမ်းကွက်များကို ထပ်မံတင်ဒါခေါ်ယူ၍ တင်ဒါလိုင်စင်ချထားရမည်။

(ခ) မိမိ စီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကိုပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်နိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

အခန်း(၅)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၃။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင်ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကိုအသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ငါးဖမ်း

ကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ငါးရစ်ငါးသန် ကာလအပြီး ကြော်ငြာစာထုတ်ရမည်။

၃၄။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်း ဘုံရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာ လိုင်စင်ရရှိရန် နည်းဥပဒေ ၃၃ အရ သတ်မှတ်သည့်ရက်အတွင်းငါးဖမ်းကိရိယာလိုင်စင် လျှောက်လွှာ ပုံစံ(၁၃) တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်း ဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ကြော်ငြာစာတွင်ဖော်ပြထားသည့်သတ်မှတ်ရက်ကုန်ဆုံးသည့် အခါ လျှောက်ထားသူများ၏ စာရင်းကို ငါးဖမ်းကိရိယာ လိုင်စင်လျှောက်ထားသူစာရင်း ပုံစံ (၁၄)ဖြင့် ပြုစုရမည်။

(ခ) ပုံစံ(၁၄)တွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လိုသူများပါဝင်ခြင်း ရှိမရှိ ကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်း အတာ မှန်၊မမှန် ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထား ခြင်းမရှိဘဲ လုပ်ကိုင်နေသူများ ရှိ၊မရှိ ကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ပုံစံ(၁၄)စာရင်းအရလျှောက်ထားသူများထံမှငါးဖမ်းကိရိယာ လိုင်စင်ခကို အပြေအကျေ ကောက်ခံပြီး ငါးဖမ်းကိရိယာ

လိုင်စင် ပုံစံ(၁၅) ကို ထုတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများ အမည်စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးထားသူများစာရင်း ပုံစံ(၁၆)ဖြင့် လစဉ်ပြုစု၍ ပြည်နယ်နှင့်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနသို့တစ်စောင်စီပေးပို့ပြီးကျန်တစ်စောင်ကို ရုံးလက်ခံ အဖြစ်ထားရမည်။

၃၇။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ ၃၆၊ နည်းဥပဒေခွဲ(က) အရ ငါးဖမ်းကိရိယာလိုင်စင်ခကောက်ခံရာတွင် -

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက်သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက်သတ်မှတ်ထားသည့်နှုန်းထားနှင့်အကျုံးမဝင်သောငါးဖမ်းကိရိယာကိုအနီးစပ်ဆုံးတူညီသည့်ငါးဖမ်းကိရိယာ၏သတ်မှတ်နှုန်းအတိုင်းကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲအသုံးပြုနိုင်ပါကအမြင့်ဆုံးပေးဆောင်ရမည့်ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရကောက်ခံရရှိသော ငါးဖမ်းကိရိယာလိုင်စင်ခများကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီသက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၃၈။ ဦးစီးဌာနသည် သတ်မှတ်ထားသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာ လိုင်စင် ပုံစံ(၁၅)ကို အသုံးပြုရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာ လိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ ၃၈ အရ လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခတန်ဖိုးငွေ ပြည့်မီအောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့်လိုင်စင်ပုံစံတွင် အချက်အလက်များကိုထပ်မံရေးသွင်းရန် မလိုဘဲလိုင်စင်တန်ဖိုးကို ဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာ အမျိုးအစားမှအပအခြား ငါးဖမ်းကိရိယာ အမျိုးအစားကိုအသုံးပြုလျှင်ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခကို ထပ်မံ ကောက်ခံရမည်။

၄၀။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးဌာနမှူးများအား ထုတ်ပေးရမည်။ စာရင်းမိတ္တူတစ်စောင်ကို ခရိုင်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းများကို ငါးဖမ်း

ကိရိယာလိုင်စင်အရအသုံးမှတ်ပုံတင်ပုံစံ(၁၇) ဖြင့်စနစ်တကျ ထိန်းသိမ်းထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာ လိုင်စင်ထုတ်ပေးထားရှိမှုမှတ်ပုံတင်ပုံစံ(၁၈) တွင် အချက် အလက်များကိုပြည့်စုံစွာရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထား ရမည်။

၄၂။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာ လိုင်စင် လချုပ်စာရင်း ပုံစံ(၁၉) ကိုပြုစု၍ ဝန်ကြီးဌာန၊ ပြည်နယ်ဦးစီး ဌာနမှူးနှင့်ခရိုင်ဦးစီးဌာနမှူးထံသို့တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင် ကို ရုံးလက်ခံ အဖြစ်ထားရမည်။

၄၃။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ယခင်လ လချုပ်စာရင်းမှ လက်ကျန်အဖြစ် ဖော်ပြထား သည့် ငွေများနှင့်လက်ခံရရှိသည့်လချုပ်စာရင်းတွင် ဖော်ပြ ထားသော စာရင်းဖွင့် လက်ကျန်ငွေများ၊ ကောက်ခံ ရရှိငွေ များ ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် ပြည်နယ်ရုံးများမှ ပေးပို့ထားသော လိုင်စင်ပုံစံများကိုက်ညီ မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရမည်။

(ဂ) လိုင်စင်ခများဘဏ်သို့ ပေးသွင်းခြင်း ရှိ ၊မရှိ ပြည်နယ်ရုံး ရှိစာရင်းနှင့်တိုက်ဆိုင် စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌

ဖော်ပြထားသည့်ထုတ်ပေးထားသောလိုင်စင်ပုံစံ အမျိုးအစား အလိုက်တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ဘဏ်သို့ပေးသွင်း ပြီးသည့် ငွေကိုလည်းကောင်း၊ပြည်နယ်ရုံးသို့ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏မှတ်ပုံတင်စာအုပ်တွင်မှတ်တမ်း ပြုစုထားရမည်။

(င) နည်းဥပဒေခွဲ(က)မှ နည်းဥပဒေခွဲ(ဂ)ပါ စစ်ဆေးရမည့် လုပ်ငန်းတာဝန်များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန် ပေးအပ်နိုင်သည်။

အခန်း(၆)

အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်းအတွက် လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄၄။ အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ ပုံစံ (၂၀) တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး ပြည်နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်း အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက အောက်ပါအချက်အလက်များနှင့်အညီစစ်ဆေး၍ လိုင်စင်ထုတ်ပေးနိုင်ရန် ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် ပြည်နယ်ဦးစီးဌာနမှူးထံသို့ တင်ပြ လျှောက်ထားရမည်-

(က) လူနေအိမ်နှင့်နီးကပ်သောရပ်ကွက်နှင့်မနီးစေဘဲ သတ်မှတ် စက်မှုဇုန်အတွင်း တည်ဆောက်ခြင်း ရှိ ၊ မရှိ ၊

(ခ) စက်ရုံတစ်ရုံ၏ အင်္ဂါရပ်များနှင့်ညီညွတ်မှုရှိ ၊ မရှိ၊

(ဂ) ထုတ်လုပ်နိုင်မည့် ရေခဲတန်ချိန်နှင့်ပြုပြင်ထုတ်လုပ်နိုင်မည့် ရေထွက်ပစ္စည်းအမျိုးအစားနှင့်ကုန်တန်ချိန်တိကျမှန်ကန်မှု ရှိ၊ မရှိ။

၄၆။ ခရိုင်ဦးစီးဌာနမှူးသည်မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် လျှောက်ထားလာသည့် အအေးခန်းစက်ရုံကို လျှောက်ထားချက်နှင့် ညီညွတ်မှု ရှိ ၊ မရှိ ကွင်းဆင်းစစ်ဆေး၍ ပြည်နယ်ဦးစီးဌာနမှူးထံ အမှုတွဲဖွင့်လှစ်ထောက်ခံတင်ပြရမည်။

၄၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးမှ ထောက်ခံတင်ပြလာသည့်အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်းလိုင်စင်လျှောက်ထားချက်အပေါ်ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်(Good Manufacturing Practices)၊ သန့်ရှင်းရေးနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များ (Sanitation Standard Operation Procedures) နှင့်ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေး၍ ဝန်ကြီးထံ တင်ပြရမည်။

၄၈။ ဝန်ကြီးသည် နည်းဥပဒေ ၄၇ အရ ပြည်နယ်ဦးစီးဌာနမှူးကတင်ပြလာသည့် လျှောက်လွှာကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၉။ ဝန်ကြီးကအအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုလျှင် ပြည်နယ်ဦးစီးဌာနမှူးသည်ပေးဆောင်ရမည့်အခွန်အခကို သတ်မှတ်ပေးသွင်းစေပြီးလုပ်ငန်းလိုင်စင်ပုံစံ(၂၂) ကိုလျှောက်ထားသူအားထုတ်ပေးရမည်။

အခန်း(၇)

နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၅၀။ ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်သူသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တွင် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်အအေးခန်း စက်ရုံတည်ထောင်ခြင်း လုပ်ငန်းများလုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာပုံစံ (၂၁)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး ပြည်နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၁။ ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၅၀ အရ လျှောက်လွှာ လက်ခံရရှိပါကစိစစ်ပြီးခွင့်ပြုသင့်သည်ဟုယူဆလျှင်မိမိ၏ သဘောထား မှတ်ချက်နှင့်အတူ ပေးဆောင်စေသင့်သည့် ဈေးနှုန်းတို့ကိုဖော်ပြပြီး ဝန်ကြီးထံ တင်ပြရမည်။

၅၂။ ဝန်ကြီးသည် နည်းဥပဒေ ၅၁ အရပြည်နယ်ဦးစီးဌာနမှူးကတင်ပြလာ သည့်လျှောက်လွှာကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၃။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်းလုပ်ကိုင် ခွင့်ပြုလျှင် ပြည်နယ်ဦးစီးဌာနမှူးက ပေးဆောင်ရမည့် အခွန်အခကို ပေးသွင်းစေပြီး သတ်မှတ်ပုံစံ များကို လျှောက်ထားသူအားထုတ်ပေးရမည်။

၅၄။ ဝန်ကြီးသည် နည်းဥပဒေ၅၀ အရလျှောက်ထားလာသည့် လျှောက်လွှာ နှင့်စပ်လျဉ်း၍ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်အအေးခန်းစက်ရုံတည်ဆောက် ခြင်းများကို လုပ်ကိုင်ခွင့်ပြုလျှင် ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါ အချက်အလက်များအပေါ် အခြေခံ၍ ပေးဆောင်စေသင့်သည့် အင်းခွန်

သို့မဟုတ် တင်ဒါကြေးနှင့်လိုင်စင်အခွန်အခအသီးသီးတို့ကို သတ်မှတ်ပေးရမည်-

(က) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅ နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိ အခြေအနေ၊

(ဃ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်း ရှိ ၊ မရှိ ၊

(င) အအေးခန်းစက်ရုံမှထုတ်လုပ်နိုင်မည့် ကုန်ချိန်အခြေအနေ။

၅၅။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) နည်းဥပဒေ ၅၄ အရ သတ်မှတ်အခွန်အခအသီးသီးတို့ကို ပေးသွင်းစေရန် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား ညွှန်ကြားရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူထံမှ သတ်မှတ်အခွန်အခအသီးသီးကို လက်ခံရရှိလျှင် သက်ဆိုင်ရာ သတ်မှတ်ပုံစံများကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) သတ်မှတ်ပုံစံများကို ထုတ်ပေးသည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

အခန်း(၈)

ဝေးလံခေါင်းပါးသောဒေသရှိ ဂရန်အင်းများကို ခံဝန်ဖြင့် အငှားချထားခြင်း

၅၆။ (က) ဝေးလံခေါင်းပါးသော ဒေသရှိဂရန်အင်းများကို လေလံဆွဲဝယ်ရရှိသူသည်လေလံဆွဲဝယ်သည့် နေ့မှ၇ရက် အတွင်း မိမိဆွဲဝယ်သည့် ဈေးနှုန်းနှင့်ညီမျှသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုအာမခံပစ္စည်းအဖြစ် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူး ထံတင်သွင်းရမည်။

(ခ) နည်းဥပဒေခွဲ(က) အရ အာမခံပစ္စည်းအဖြစ် တင်သွင်းရာတွင် ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း ကင်းရှင်းကြောင်းကို လေလံဆွဲဝယ်ရရှိသူကဝန်ခံချက်လက်မှတ်ရေးထိုးရမည်။

၅၇။ မြို့နယ်ဦးစီးဌာနမှူးသည် အာမခံပစ္စည်းစာရင်း လက်ခံရရှိသည့် အခါအောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လယ်ယာမြေနှင့် အခြားမရွှေ့မပြောင်းနိုင်သော ပစ္စည်းကို အာမခံပစ္စည်းအဖြစ်တင်သွင်းခြင်းဖြစ်ပါက အာမခံပစ္စည်းကို ကိုယ်တိုင် ကြည့်ရှုစစ်ဆေးခြင်း၊ ကျေးရွာလူကြီးများအား တန်ဖိုးအတွက်လည်းကောင်း၊ ပိုင်ဆိုင်မှုအတွက်လည်းကောင်း၊ ပေါင်နှံခြင်း၊ရောင်းချခြင်းစသည့်အရှုပ်အရှင်းများအတွက်လည်းကောင်းစစ်ဆေးမေးမြန်း၍ထွက်ဆိုချက်များရယူခြင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ ရယူခြင်း၊

(ခ) ဘိုးဘွားပိုင် အိမ်၊ ခြံ၊ မြေကိုအာမခံပစ္စည်းအဖြစ် တင်သွင်းခြင်းဖြစ်ပါက တင်သွင်းသည့် မြေ၏ ဦးပိုင်နံပါတ်၊ ဦးပိုင်နံပါတ်ကို ရည်ညွှန်းဖော်ပြသည့်ခုနှစ်၊ကွင်းအမည်၊ ကျေးရွာအုပ်စုအမည်တို့ကို ပြည့်စုံစွာဖော်ပြ၍ ပေါင်နှံခြင်း၊ ရောင်းချခြင်း ရှိ၊ မရှိ လေလံဆွဲဝယ်ရရှိသူပိုင်ဆိုင်ခြင်း ရှိ၊ မရှိ တို့ကို မေးမြန်းစိစစ်၍မှတ်တမ်းတင်ထားခြင်း၊ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများရယူခြင်း၊

(ဂ) အာမခံပစ္စည်းအဖြစ် တင်သွင်းသည့် ပစ္စည်းသည် မိမိတာဝန်ခံရသော မြို့နယ်ပြင်ပတွင်ရှိပါက သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)ပါ ဖော်ပြချက်တို့ကို ဆောင်ရွက်ပြီး ပြန်ကြားရန် အကြောင်းကြားခြင်း။

၅၈။ မြို့နယ်ဦးစီးဌာနမှူးသည် အာမခံပစ္စည်းများကို လက်ခံရာတွင် အောက်ပါအချက်များအပေါ် အခြေခံ၍ တန်ဖိုးသတ်မှတ်ရမည် -

(က) လယ်ယာမြေနှင့် ဘိုးဘွားပိုင်အိမ်၊ ခြံ၊ မြေဖြစ်လျှင် သာမန်အချိန်တွင်လွှဲပြောင်းရောင်းချနိုင်သည့်တန်ဖိုးငွေ၏ထက်ဝက်၊

(ခ) သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နေအိမ်ဖြစ်ပါက လက်ရှိတန်ဖိုးငွေ၏ ထက်ဝက်၊

(ဂ) တိုက်အိမ်ဖြစ်ပါက လက်ရှိတန်ဖိုးငွေ၏ ထက်ဝက်။

၅၉။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) လေလံဆွဲဝယ်ရရှိသူက အာမခံပစ္စည်းအဖြစ် တင်သွင်းထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အင်းခွန်အတွက် လုံလောက်သည်ဟု ယူဆလျှင် အာမခံပေး ကတိခံဝန်ချုပ် ပုံစံ(၂၃) ကိုချုပ်ဆိုရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ကတိခံဝန်ချုပ် ချုပ်ဆိုခြင်းကို လေလံဆွဲဝယ်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း အပြီး ဆောင်ရွက်ရမည်။

၆၀။ မြို့နယ်ဦးစီးဌာနမှူးသည် လေလံဆွဲဝယ်ရရှိသူကနည်းဥပဒေ ၅၉၊ နည်းဥပဒေ ခွဲ(ခ) အရ သတ်မှတ်ရက်အတွင်း ကတိခံဝန်ချုပ်ချုပ်ဆိုရန် ပျက်ကွက်သဖြင့် ဂရန်အင်းကို အသစ်တဖန်ပြန်လည်၍ လေလံတင် ရောင်းချရာတွင် နစ်နာဆုံးရှုံးမှု ပေါ်ပေါက်လျှင် ယင်းသို့ နစ်နာဆုံးရှုံးမှု အတွက် မူလလေလံဆွဲဝယ်ရရှိသူကပေးလျော်စေရန်တာဝန်ဖြင့် ဂရန်အင်း ကို ထပ်မံလေလံတင် ရောင်းချရမည်။

အခန်း (၉)
မိတ္တူလျှောက်ထားခြင်း

၆၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏ အငှားဂရန်၊ တင်ဒါ လိုင်စင် သို့မဟုတ် ငါးဖမ်း ကိရိယာလိုင်စင်ပျောက်ဆုံးပါက ယင်းသို့ ပျောက်ဆုံးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၆၂။ (က) သက်ဆိုင်ရာဦးစီးဌာနမှူးသည်နည်းဥပဒေ၆၁အရလျှောက်လွှာ လက်ခံရရှိလျှင် စိစစ်ပြီးမှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ၁၀၀၀၀/-ကျပ်ကိုလည်းကောင်း၊ တင်ဒါလိုင်စင် အတွက် ဒဏ်ကြေးငွေ ၅၀၀၀/- ကျပ်ကိုလည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ၁၀၀၀/-ကျပ် ကိုလည်းကောင်းပေးသွင်းစေ၍သက်ဆိုင်ရာမိတ္တူကို ထုတ်ပေး ရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ(က)အရ သက်ဆိုင်ရာ မိတ္တူရရှိပြီးနောက်မိမိပျောက်ဆုံးသည့် မူရင်း ပြန်လည်တွေ့ရှိလျှင် မူရင်းကို သက်ဆိုင်ရာဦးစီး ဌာနမှူး ထံ ပြန်လည်အပ်နှံရမည်။

အခန်း(၁၀)

အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၆၃။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငှားဂရန်ကိုမသမာသောနည်းဖြင့်လည်းကောင်း၊ တရား မဝင်သောနည်းဖြင့်လည်းကောင်း လေလံဆွဲဝယ်ခြင်း မပြုရ၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ပြည်နယ်ဦးစီးဌာနမှူးက အငှားဂရန်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ အရစ်ကျ အင်းခွန် ငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ ဂရန်အင်းနှင့် စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ဂရန်အင်းကို

ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့် တန်ဖိုး မပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုကို ပေးလျော်ရန် တာဝန် ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသည့်ဂရန်အင်း၏အစိတ်အပိုင်း တစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်အခြားသူ တစ်ဦး တစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ လုပ်ကိုင် ဆောင်ရွက်ချက်များကိုမိမိကိုယ်တိုင်ဆောင်ရွက်ဘိသကဲ့သို့ တာဝန်ခံခြင်း၊

(ဃ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ဂျမ်း၊အဝချုပ် ဆည် သို့မဟုတ် ဘဝန်းကိုသတ်မှတ်ထားသည့် စည်းကမ်း ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) ပြည်နယ်ဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို ကချင်ပြည်နယ်တွင် ဝါဆိုလပြည့် ကျော် (၁)ရက်နေ့မတိုင်မီ ချထားခြင်းမပြုရ။ သို့ရာတွင် ဖော်ပြပါ ဆည်များကို တပေါင်းလပြည့်ကျော် (၁)ရက်နေ့ တွင် ကုန်စင်အောင်ဖယ်ရှားထားခြင်း၊

(စ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝ ချုပ်ဆည် သို့မဟုတ် ပုစွန်ဖောင်ဖြင့်လုပ်ကိုင်ရာတွင်ချောင်း၊ မြောင်းများ၌ လှေသွားလာနိုင်ရန် လမ်းထားရှိခြင်း၊

(ဆ) တောချဆည်၊ မြင်းဝန်းဆည်တို့ ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည် အောက်ပိုင်းရှိ ဂရန်အင်း

အတွင်း စီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာ ဆက်စပ်နေပါက အောက်ပိုင်းရှိ အင်္ဂါးဂရန်ရရှိသူက မေတ္တာရပ်ခံလာလျှင်အထက်ပိုင်းရှိအင်္ဂါးဂရန်ရရှိသူကတပေါင်းလကုန်အထိ ဆည်များ တားဆီး၍ ပိတ်ထားခြင်း၊

(ဇ) အထက်ပိုင်းရှိ ဂရန်အင်းနှင့် အောက်ပိုင်းရှိ ဂရန်အင်း ရေစီးရေလာ ဆက်စပ်နေပါက အထက်ပိုင်းမှ အောက်ပိုင်းသို့ လာသောငါးများ ဖမ်းဆီးရန် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို အသုံးပြု ခွင့်မရှိစေရ၊

(ဈ) ဂရန်အင်းအတွင်းမှ ဒိုက်၊ မြောင်တို့ကို ရှင်းလင်းဖယ်ရှားရာတွင် နတ်တော်လပြည့်နေ့ မတိုင်မီ ရေကြောင်းလမ်းမှ မြှောချရှင်းလင်းခြင်း၊ကြွင်းကျန်ရှိနေသည့် ဒိုက်၊ မြောင်တို့ကို ပြာသိုလပြည့်နေ့ မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ တပို့တွဲလပြည့်နေ့မတိုင်မီ အကုန်အစင်ဖျက်ဆီးဖယ်ရှားခြင်း၊

(ည) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် တပေါင်းလပြည့် ကျော် ၁ ရက်နေ့တွင် အနီးအနားရှိ သစ်ပင်များကို မထိ ခိုက်စေဘဲရှင်းလင်းခြင်း၊

(ဋ) ဘုန်းကြီးကျောင်းပရဝဏ်မှ ကိုက်၁၀၀ အတွင်းငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(ဌ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်းမပြုရ-

(၁) လက်ဆည်နှင့် ကတက်တုံးများအပါအဝင်ဖြစ်သော ဆည် တမံတာရိုး အမျိုးမျိုး၊ ၎င်းပြင် မြင်းဝန်ဆည် သို့မဟုတ်အခြားဆည်များ၊အောက်ခြေတွင် မြေနှင့် ဖြစ်စေ၊ ဖျာရိုင်များနှင့်ဖြစ်စေ သို့မဟုတ် အခြား ကိရိယာများနှင့်ဖြစ်စေ ပြုလုပ်ထားသော တမံများ၊

(၂) ထူးများ၊တုတ်များဖြင့်ရေထုတ်ခြင်းမှတပါး အခြား နည်းဖြင့် ရေထုတ်ခြင်း၊

(၃) ငါးများခိုအောင်းနေစေရန်ဒိုက်၊မှော်၊ချုံ၊ သစ်ကိုင်း၊ ကတုံး၊တောင်းကဲ့သို့အလားတူအရာများချထားခြင်း၊

(၄) ပိုက်ကွက်ကြိုးတစ်လျှောက်တိုင်းတာလျှင် ကတုံး တစ်ခုနှင့် တစ်ခုအကြား ½ လက်မအောက်လျော့ သည့် ပိုက်များ၊

(၅) ငါးကြီးတွင်းများ၊

(၆) ဂုန်နီ၊ ပိတ်စ၊ ပလပ်စတစ် သို့မဟုတ် နိုင်လွန် ရက်ထည် စသည်တို့ဖြင့် ရေလမ်းကြောင်း ပိတ်၍ ဖမ်းဆီးခြင်း၊

(၇) လျှပ်စစ်ဓာတ်ဖြင့်ငါးဖမ်းခြင်း၊လျှပ်စစ်မီးထောင်ချောက် ဖြင့် ငါးဖမ်းခြင်း၊

(၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ် ဖြစ်စေတတ်သော အခြားပစ္စည်းများအသုံးပြု၍ ငါးဖမ်းခြင်း၊

(ဍ) ဦးစီးဌာနကအခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၆၄။ အငှားဂရန်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဂရန်အင်း၏ အစိတ်အပိုင်း တစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူ တစ်ဦးသို့ဖြစ်စေ၊ အများသို့ ဖြစ်စေ၊ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းထပ်ဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူကွယ်လွန်ပါကယင်းလုပ်ငန်းကိုဆက်လက်လုပ်ကိုင်မည့်အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ယင်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့် ရှိခြင်း၊

(ဂ) တောချဆည်ဖြစ်ပါကလိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါကအင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်းချထားခွင့်ရှိခြင်း၊ မြင်းဝန်းဆည်ဖြစ်ပါကခွင့်ပြုချက်နှင့်အညီ ချထားခြင်း၊

(ဃ) အထက်ဆည်နှင့်အောက်ဆည်ရေစီးရေလာဆက်စပ်နေပါက အထက်ဆည်၏ အင်းနယ်နိမိတ်အတွင်းရှိ နောက်ဆုံး

ဆည်ခြေရင်းရေပြင်ကို အောက်ဆည်အငှားဂရန် ရရှိသူက ပိုင်ဆိုင်ခွင့်ရှိခြင်း၊

(င) တောချဆည်နှင့် မြင်းဝန်းဆည်ကို အထက်ပိုင်းရှိ အငှား ဂရန်ရရှိသူက နည်းဥပဒေ ၆၃၊ နည်းဥပဒေခွဲ(ဆ)နှင့်အညီ ပိတ်ဆို့ထားရန်ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန် ရရှိသူက ပိတ်ဆို့ထား နိုင်ခြင်း၊ အထက်ပိုင်းရှိ အငှားဂရန် ရရှိသူက ဂရန်အင်းကို ဆက်လက် လုပ်ကိုင်ခြင်းမရှိလျှင် အောက်ပိုင်းရှိအငှားဂရန်ရရှိသူကကျန်ရှိသော ငါးလုပ်ငန်း ရာသီအတွက် အထက်ပိုင်းရှိ ဂရန်အင်းကို ကျသင့်သော အခွန်အခပေးဆောင်၍ လုပ်ကိုင်ခွင့်ရှိခြင်း၊

(စ) သီးသန့်အင်းနှင့်လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါး လုပ်ငန်းရေပြင်အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ် ဆည်ကို တပေါင်းလကုန်အထိ အသုံးပြုခွင့်ရှိခြင်း၊

(ဆ) မိမိ ဂရန်အင်းအတွင်း အဝချုပ်ဆည်ကို အသုံးပြုခွင့် ရှိသော်လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာ ဆက်စပ်နေပါကဂရန်အင်းနှစ်ခုအကြားအမြဲတန်း တားဆီး၍ပိတ်ထားသည့်ယင်းတန်းများချထားခွင့်မရှိခြင်း၊

(ဇ) ဂရန်အင်းများတွင် တောချဆည်နှင့် အဝချုပ်ဆည်များ အပြင် အောက်ပါငါးဖမ်း ကိရိယာများကို အသုံးပြုခြင်း-

(၁) ထောင်ချောက်များ (ထောင်ချောက်၏ အစိပ်အကျဲ တစ်ခုနှင့်တစ်ခုသည် $\frac{၁}{၂}$ လက်မအောက်လျော့နည်း ပါက ဖမ်းဆီးခွင့်မရှိစေရ)၊

(၂) ဂျုမ်းများ၊

(၃) ဘဝန်းများ (၎င်းဘဝန်းများအတွင်း ကိုင်းရိုးများကို ရေအောက်မြေပေါ်၌ စိုက်ထားနိုင်သည်၊ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့် ရာသီဥတုကုန်ဆုံးသည့်အခါ ဖယ်ရှားရမည်)၊

(၄) ပိုက်သီသော ကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခု နှင့်တစ်ခုအကြား ပိုက်ကွက်နှံ့လက်မအောက်မလျော့သော ပိုက်ကွန်များ၊

(၅) ဆောင်းများ၊

(၆) ငါးမျှားချိတ်များ၊

(၇) ပုစွန်ဖောင်များ၊

(၈) မြင်းဝန်းဆည်များ။

(ဈ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ဤနည်းဥပဒေများတွင်သီးခြားပြဋ္ဌာန်း ထားခြင်းမရှိလျှင် ဂရန်အင်းကို ဒေသဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ည) ပြည်နယ်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်းသို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှော်ထားနိုင်ခွင့် ရှိခြင်း။

အခန်း (၁၁)

တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၆၅။ တင်ဒါလိုင်စင်ရရှိသူ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အခိုင်အမာ အတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာ တစ်ခုခုကိုအသုံးပြုပြီးပါက ရေစီးရေလာကိုအနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများမျှောချမှု နှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်း လမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့် လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားခြင်း၊

(ဂ) ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ပြည်နယ်ဦးစီးဌာနမှူးက တင်ဒါလိုင်စင် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင် ကျန်ရှိသည့်ငါးဖမ်းရာသီ အတွက် တင်ဒါငါးဖမ်းကွက်ကို ပြန်လည် ချိတ်ပိတ်တင်ဒါ ချထားရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်း နစ်နာ ဆုံးရှုံးမှုမှန်သမျှကို ပေးလျော်ရန် တာဝန်ရှိခြင်း၊

(ဃ) ဘုန်းကြီးကျောင်းပရဝဏ်မှ ကိုက်၁၀၀အတွင်း ငါးဖမ်း ခြင်းကို ရှောင်ရှားခြင်း၊

(င) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြား ချက်များ ကို လိုက်နာခြင်း။

၆၆။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်နယ်၏အကျိုးငှာလိုအပ်၍ တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင် မိမိပေးသွင်းထားသည့် တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင် ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစား အမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း၃၀ အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးကစိစစ်ပြီး ၎င်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ် ကိုင်ခွင့်ရှိခြင်း။

အခန်း(၁၂)

ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၆၇။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များမှာ အောက် ပါအတိုင်းဖြစ်ပါ သည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ၊ မျှောချမှုနှင့် ရေယာဉ်သွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားရှိခြင်း၊

(ဂ) မိမိ လုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနကအခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

အခန်း(၁၃)

အအေးခန်းစက်ရုံတည်ထောင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၆၈။ အအေးခန်းစက်ရုံတည်ထောင်ခွင့်ရရှိသူ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) အအေးခန်းစက်ရုံအား ဦးစီးဌာနမှ သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ တည်ထောင်ခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်း စေရေးအတွက် ကောင်းမွန်သော

ထုတ်လုပ်မှုကျင့်စဉ်(Good Manufacturing Practices)၊ သန့်ရှင်းရေးနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များ (Sanitation Standard Operation Procedures) များကို အထူးအလေးထား ဆောင်ရွက်ခြင်း၊

(ဂ) ဦးစီးဌာနကသတ်မှတ်သည့် အခွန်အခများကို အပြည့်အဝ ပေးသွင်းခြင်း၊

(ဃ) မိမိတည်ထောင်ခွင့်ရရှိသည့် အအေးခန်းစက်ရုံ တည်ထောင်ခြင်းကိုခွင့်ပြုထားသည့် ကာလအတွင်းလုပ်ကိုင်ခွင့်ပြုခြင်း၊

(င) ဦးစီးဌာနက ထုတ်ပေးသည့် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံလိုင်စင်ကို လျှောက်ထားရယူခြင်း၊

(စ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

အခန်း(၁၄)

ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆၉။ ပြည်နယ်ဦးစီးဌာနမှူးသည ဥပဒေပုဒ်မ၂၈အရ ပြည်နယ်အကျိုးငှာ လိုအပ်လျှင် ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် -

(က) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားအသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်း ပြုရာတွင်အသစ်သတ်မှတ်သည့်သို့မဟုတ်ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

(ခ) ရေချိုငါးလုပ်ငန်း ရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားအဖြစ်မှ ပယ်ဖျက်ရာတွင် ပယ်ဖျက်သည့်ဧရိယာကိုတစ်ပါတည်းသတ်မှတ်ပေးရမည်။

၇၀။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာအငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏တာဝန်ဖြင့် ထပ်မံအငှားချထားနိုင်ရန် သက်ဆိုင်ရာခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၇၁။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(ခ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်အခြားသက်သေခံပစ္စည်းများကို လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ္ဍာသို့ ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ်ရောင်းချပေးရန် လျှောက်ထားလာပါကစိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း။

၇၂။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဂ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်း ကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ရရှိသူက လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ခွင့်ပြုပါကခံဝန်ငွေ ပမာဏနှင့် ပေးသွင်းရမည့်နေရာဒေသ သတ်မှတ်ပေး ခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့် ပြုခြင်း။

၇၃။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဃ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြား သက်သေခံ ပစ္စည်းများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင်သို့မဟုတ်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအားပြန်လည် ရွေးယူခွင့်ပြုခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြား ကျသင့်ငွေများကို သတ်မှတ်သည့်ရက်အတွင်း ပေး ဆောင် ရန်ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြား ကျသင့်ငွေကို ပေးဆောင်ရန်ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီ ဆိုင်းငံ့ခြင်း၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြား ကျသင့်ငွေများကို သတ်မှတ်သည့် ရက်ကျော်လွန် ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကိုထပ်မံပေးဆောင် စေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေး ပေးသွင်းခြင်းမပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်း မရှိပါကအငှားဂရန်သို့မဟုတ်တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍

လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ၎င်း၏ တာဝန်ဖြင့် ထပ်မံအငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက အယူခံဝင်ရောက်လျှင် အယူခံတွင် ချမှတ်သည့် အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

၇၄။ ပြည်နယ်ဦးစီးဌာနမှူးသည် ဝေးလံခေါင်းပါးသော နေရာဒေသရှိ ဂရန်အင်းများအတွက် အင်းခွန်ကို အရစ်ကျပေးဆောင်စေရန်ခွင့်ပြုရာတွင် အောက်ပါအချက်များ အပေါ်အခြေခံ၍ သတ်မှတ်ပေးရမည်-

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ်ပျမ်းမျှဈေး နှုန်း၊

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်း ပျက်စီးတိမ်ကောခြင်း ရှိ၊ မရှိ။

၇၅။ ပြည်နယ်ဦးစီးဌာနမှူးသည် အရစ်ကျပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့် ဒဏ်ကြေးနှင့်ရက်လွန်ကြေးကို သတ်မှတ်ပေးရမည်။

၇၆။ ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၁၅ ၊ နည်းဥပဒေခွဲ(ဃ) နှင့် နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ(ခ) တို့အရ ရောင်းချ၍ မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်နိုင်ရန် တင်ပြလာသည့်ကိစ္စတွင် အောက်ပါအချက်များ အပေါ်အခြေခံ၍ စိစစ်ပြီး ဝန်ကြီး၏ခွင့်ပြုချက်

ဖြင့်တင်ပြသည့်ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သော ဈေးနှုန်းပြင်ဆင် သတ်မှတ်၍ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုအပ်သောညွှန်ကြား ချက်များ ချမှတ်ခြင်းတို့ကို ပြုလုပ်နိုင်သည်-

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန် ကျန်ရှိသည့်ကာလ၊

(ဃ) လွန်ခဲ့သော၅နှစ်ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ် ဈေးနှုန်း။

၇၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်မှငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာ စေရန်ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်အတွက် တရား မဝင် ငါးဖမ်းနည်းစနစ်များ၊ ငါးဖမ်းကိရိယာများကို ကြီးကြပ်ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင်အခြေ အနေများ မပျက်စီးမပြုန်းတီးစေရန် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များညစ်ညမ်းမှုမရှိစေရန်နှင့်ပျက်စီး ခြင်းမှ ကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင် အထည်ဖော်ဆောင်ရွက်ခြင်း။

၇၈။ ပြည်နယ်ဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤနည်းဥပဒေများအရ မိမိအား အပ်နှင်းထားသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်ကို -

(က) ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဦးစီးဌာနမှူးတစ်ဦးဦးဖြစ်စေ၊ ဦးစီးဌာနရှိ ပြန်တမ်းဝင် အရာရှိတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း (၁၅)
ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၇၉။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် နိုင်ငံတော်၏ အကျိုးငှာလိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကိုဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာလျှင်သော်လည်းကောင်း အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်ငံ့ခြင်းသို့မဟုတ်ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့၊ ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာ သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါလိုင်စင်ကြေးမှ ပြန်အမ်းငွေကိုပြန်လည်ထုတ်ပေးရန် အောက်ပါ အချက်များကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့်ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထား နိုင်သည်-

(က) နိုင်ငံတော်၏ အကျိုးငှာလိုအပ်၍ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရ သည့် ကိစ္စဖြစ်လျှင် ရုံးအမိန့်စာ မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှု အခြေအနေနှင့် လုပ်ငန်း အခြေအနေတင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့် ထောက်ခံချက်များ။

၈၀။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၇၉ အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာ လက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့်အချက်များ မှန်ကန်မှု ရှိ၊ မရှိကို ဖြစ်ပွားရာ ဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးရမည်။

၈၁။ အောက်ပါအချက် တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည် ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ -

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်းကြောင့် ငါးဖမ်းကိရိယာများ ရေမျောပါသွားခြင်း၊

(ခ) နုန်းမြေများတင်လာ၍ ဂရန်အင်းများပျက်စီးခြင်း၊

(ဂ) ဂရန်အင်းအတွင်းအဆိပ်အတောက်၊ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း။

၈၂။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲကို စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ အဆင့်ဆင့် တင်ပြရမည်။

၈၃။ ဝန်ကြီးသည် နည်းဥပဒေ ၈၂ အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲလက်ခံရရှိသည့်အခါ စိစစ်ပြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၈၄။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ဝန်ကြီး၏ ခွင့်ပြုချက်ရရှိပါက ခွင့်ပြုသည့်ပြန်အမ်းငွေ ပမာဏအလိုက် သတ်မှတ် သည့်ရုံးသို့ အကြောင်းကြား၍ ပြန်လည် ထုတ်ပေးရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် ငြင်းပယ် ခြင်းဖြစ်လျှင် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၈၅။ ပြည်နယ်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးပြီးပါ က ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကိုဝန်ကြီးထံ တင်ပြရမည်။

၈၆။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြန်အမ်းငွေ ထုတ်ပေး ပိုင်ခွင့်ရှိသူများ၏ ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့် ငွေပမာဏကို အခါအားလျော်စွာ ညွှန်ကြားချက်ထုတ်ပြန်၍ သတ်မှတ် ရမည်။

အခန်း (၁၆)

ကြွေးကျန်များကောက်ခံခြင်း

၈၇။ ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာ နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အရစ်ကျပေးဆောင်ရန် အငှားချထားသည့် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးကို ဥပဒေပုဒ်မ ၆၁ အရ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိ သကဲ့သို့ မှတ်ယူ၍ အရ ကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေး တို့ကို သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင် စေရန် အကြောင်းကြားခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်သည့်အချိန်ကာလအတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူ အဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတစ်စုံ တစ်ရာကို ဝရမ်းကပ်သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် အခွန်ငွေထက် ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေကို မပြည့်မီသေးပါက

ကျန်ရှိသည့်အခွန်ငွေအတွက်ပျက်ကွက်သူပိုင်မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်းရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းရောင်းချရာတွင်ရရှိငွေသည်ပျက်ကွက်သူပေးသွင်းရမည့်အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ် များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေကို မပြည့်မီသေးပါကကျန်ရှိသည့် အခွန်ငွေအတွက်အာမခံတင်သွင်းထားသူ၏ ပစ္စည်းကိုရောင်းချခြင်း၊ ပိုငွေရှိလျှင်အာမခံတင်သွင်းထားသူအား ပြန်လည်ပေးအပ်ခြင်း။

၈၈။ ဦးစီးဌာနမှူးသည် နည်းဥပဒေ ၈၇ ၊ နည်းဥပဒေခွဲ(က)အရ ပျက်ကွက်သူထံအကြောင်းကြားရာတွင်အကြောင်းကြားစာကိုအောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည်-

(က) ပျက်ကွက်သူသို့ ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့် အတူတကွ နေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူ တစ်ဦးဦးသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါ နည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် ပေးအပ်၍မရပါက ပျက်ကွက်သူ နေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာကပ်ထားခြင်း။

၈၉။ အကြောင်းကြားစာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-

(က) ပျက်ကွက်သူမှ ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှနောက်ဆုံးပေးဆောင်ရမည့်နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူ့ထံပေးဆောင်ရမည်။

၉၀။ ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လေလံတင်ရောင်းချ ရာတွင် -

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး ၁၅ ရက်ကြို တင်၍ လေလံကြော်ငြာ စာဖြင့် ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လေလံကြော်ငြာစာ၌ရောင်းချမည့် ပစ္စည်းနှင့်စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်ဆိုင်သည်၊ မည်သို့သောအခွင့်အရေးများရှိသည် စသည့်အချက်များနှင့် တကွ လေလံတင် ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် စည်းကမ်းချက် များကို ဖော်ပြရမည်။

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရ မည်။

(ဃ) လေလံဆွဲဝယ်မည့်သူမရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ မြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ် အောက်လျော့နည်းလျှင်ဖြစ်စေ လေလံပွဲကို ရွှေ့ဆိုင်း၍ ထပ်မံလေလံတင်ရောင်းချရမည်။

(င) ရရှိသည့် ငွေမှ ရရန်ရှိသောမြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ်ကို နုတ်ယူ၍ဘဏ်သို့ပေးသွင်းပြီးပိုငွေကို ပျက်ကွက်သူသို့ ပြန်လည် ပေးအပ်ရမည်။

အခန်း(၁၇)

အထွေထွေ

၉၁။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်း ကျရောက်သည့် ရေချိုငါးလုပ်ငန်း ရေပြင်တွင် ဥပဒေပုဒ်မ ၂၀ ၊ ပုဒ်မခွဲ(က) အရ အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် ဦးစီးဌာနသည် -

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောထားမှတ်ချက်ရယူရမည်။

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသောအချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၉၂။ ဦးစီးဌာနသည် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင် ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၉၃။ ဦးစီးဌာနသည်နှစ်စဉ်ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များပါဝင်သော အစီရင်ခံစာတစ်စောင်ကို ရက်ပေါင်း ၉၀အတွင်း ဝန်ကြီးဌာနသို့ တင်ပြရမည်-

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှားချထားမှု အခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှုအခြေအနေ၊

(ဃ) ဥပဒေအရ အရေးယူဆောင်ရွက်မှုအခြေအနေ၊

(င) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသောပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှု အခြေအနေ၊

(စ) နောက်လာမည့်နှစ် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ရေးဆွဲမှု အခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များသတ်မှတ်ဖော်ထုတ်မှုအခြေအနေ။

၉၄။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်းပညာစာအုပ်စာတမ်းများဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသနစာတမ်းများ ဖတ်ကြားခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၉၅ (က) ဥပဒေပုဒ်မ ၃၀အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်လျှင်
။ ဖြစ်စေ၊ ဥပဒေပုဒ်မ ၂၅ ၊ ပုဒ်မခွဲ (က)အရ ပြည်နယ်ဦးစီးဌာနမှူးက အငှားဂရန်သို့မဟုတ်တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ယင်းသို့ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာလက်ခံရရှိသည့်နေ့မှစ၍လုပ်ငန်းကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ သက်ဆိုင်ရာ အငှားဂရန် သို့မဟုတ်တင်ဒါလိုင်စင်ကိုပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့်နေရာဒေသမှ ၇ ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည် နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၃၅ အရ ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၉၆ ။ ဝန်ကြီးသည် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင်သောကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ပေးခြင်းသို့မဟုတ် ဓလေ့ထုံးစံနှင့်အညီ ခွင့်ပြုခြင်းဆောင်ရွက်နိုင်သည်။

၉၇ ။ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင် ဦးစီးဌာနသည် -

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကိုတိကျစွာဖော်ပြရမည်။

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက ဥပဒေပုဒ်မ ၆၂ အရ သက်ဆိုင်ရာအစိုးရဌာနနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ထားခြင်းမရှိလျှင် ယခင်ကလုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၉၈။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများတွင်သတ်မှတ်ထားခြင်း မရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

ဦးဘိထောဇောင်း

ဝန်ကြီး

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ကချင်ပြည်နယ်အစိုးရအဖွဲ့

ပုံစံ (၁)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
________ မြို့

လေလံကြော်ငြာ

[နည်းဥပဒေ ၅ (ခ)]

ရက်စွဲ၊

အများသိစေရန်ကြော်ငြာလိုက်သည်။

________ မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား (၂၀ - ၂၀) ခုနှစ်၊ ( ) ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ၊ ရက် (ခုနှစ်၊ လ ရက်)နေ့ နံနက် ( )နာရီအချိန်တွင် အောက်ဖော်ပြပါ လေလံစည်းကမ်းချက်များနှင့်အညီ ________တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>လေလံစည်းကမ်းချက်များ</u>

ပုံစံ(၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေ ၆)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

__________ မြို့။

ရက်စွဲ၊

အကြောင်းအရာ။ <u>ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း</u>

ကျွန်တော်/ကျွန်မ ဦး/ဒေါ် __________ သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်လိပ်စာ၊

၅။ အလုပ်အကိုင်၊
(ယခင်နှစ်က အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏ လက်မှတ်သို့မဟုတ် လက်မပုံစံ
လျှောက်ထားသည့်အချက်များ မှန်ကန်ကြောင်းထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး
ရပ်ကွက်/ ကျေးရွာ

ရက်စွဲ၊

ပုံစံ (၃)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်
(နည်းဥပဒေ ၉ (က))

အမှတ်စဉ် - /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ လေလံဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည်၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့၊

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
__________ မြို့နယ်

နေ့စွဲ၊

ပုံစံ (၄)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊
(နည်းဥပဒေ ၁၃(က))

________ ခုနှစ်၊

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည်-

ဂရန်အင်း၏တည်ရှိနေရာ-

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့-

လေလံတင်ရောင်းချသည့်နေရာ-

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့် အင်းခွန်

ခုနှစ်	အငှားဂရန်ရရှိသူ	အင်းခွန်

ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး
လေလံဆွဲဝယ်ကြသူများ

စဉ်	လေလံဆွဲဝယ်ခွင့်ရရှိသူအမည်/ မှတ်ပုံတင်အမှတ်	ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်းဖြင့်) (စာဖြင့်)

ယခုသတ်မှတ်သည့် အင်းခွန် -

အငှားဂရန်ရရှိသူအမည် -

မှတ်ချက်(ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင်(၁)   ဥက္ကဋ္ဌ   အဖွဲ့ဝင်(၂)   အဖွဲ့ဝင်(၃)

နေ့စွဲ၊

ပုံစံ (၅)

ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ

(နည်းဥပဒေ ၁၄ (က))

______ ခုနှစ်

______ ပြည်နယ်

______ ခရိုင်၊ ______ မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့စွဲ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ၊

ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင် ပါဝင်သူများ၊

စဉ်	ဂရန်အင်း အမည် နှင့်ဆွဲဝယ်သူ	၅ နှစ် ပျမ်းမျှဈေး	ယခင်နှစ် ဈေး	ယခုနှစ် လေလံဈေး	မှတ်ချက်

အဖွဲ့ဝင်(၁) ဥက္ကဋ္ဌ အဖွဲ့ဝင်(၂) အဖွဲ့ဝင်(၃)

နေ့စွဲ၊

ပုံစံ(၆)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

အငှားဂရန်

(နည်းဥပဒေ ၁၄(ခ) ၊ နည်းဥပဒေ ၁၈(ခ)၊ နည်းဥပဒေ ၅၂(ခ))

ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး၏ __________ နေ့စွဲပါစာအမှတ်၊ ______________________ ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်း ဥပဒေအရ အငှားဂရန်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည်၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ နေရပ်လိပ်စာ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ဂရန်အင်း၊ အမည်နှင့် မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊

၇။ အင်းခွန်ကို အရစ်ဖြင့် သတ်မှတ်ပါက သတ်မှတ်သည့် အရစ်၊ ငွေပမာဏနှင့် ပေးဆောင်ရမည့်နေ့၊

၈။ အင်းခွန်_______________ကို ___________ မြို့ မြန်မာ့စီးပွားရေးဘဏ်(   )

နေ့စွဲပါချယ်လံအမှတ်(   ) အရ ငွေပြေပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
___________ မြို့နယ်

ရုံးတံဆိပ်၊

နေ့စွဲ၊

ပုံစံ (၇)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
__________ မြို့

တင်ဒါကြော်ငြာ
(နည်းဥပဒေ ၂၁ (ခ)၊ (င))

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အများသိစေရန်ကြော်ငြာလိုက်သည်။

__________ မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါ ငါးဖမ်းကွက်များအား (၂၀ - ၂၀) ခုနှစ်၊ ( ) ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ၊ ရက် (ခုနှစ်၊ လ ရက်)နေ့ နံနက် ( )နာရီ အချိန်တွင် အောက်ဖော်ပြပါလေလံစည်းကမ်းချက်များနှင့်အညီ__________ တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>တင်ဒါစည်းကမ်းချက်များ</u>

ပုံစံ(၈)

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေ ၂၂)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

____________မြို့။

ရက်စွဲ၊

အကြောင်းအရာ။ **တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မ ဦး/ဒေါ်____________သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်လိပ်စာ၊

၅။ အလုပ်အကိုင်၊

(ယခင်နှစ်က တင်ဒါလိုင်စင်ရရှိခဲ့လျှင် တင်ဒါငါးဖမ်းကွက်အမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏ လက်မှတ်သို့မဟုတ် လက်မပုံစံ
လျှောက်ထားသည့်အချက်များ မှန်ကန်ကြောင်းထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး
ရပ်ကွက်/ ကျေးရွာ

ရက်စွဲ၊

ပုံစံ(၉)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

[နည်းဥပဒေ ၂၅ (က)၊ နည်းဥပဒေ (၂၆)]

အမှတ်စဉ် - /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး (ဂဏန်းဖြင့်)
(စာဖြင့်)

မြို့နယ်ဦးစီးဌာနမှူး

၇။ ဤတင်ဒါဆွဲဝယ်ခွင့် လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ ရွေးချယ်ခြင်းမပြုပါ။

အဖွဲ့ဝင်(၁) ဥက္ကဋ္ဌ အဖွဲ့ဝင်(၂) အဖွဲ့ဝင်(၃)

နေ့စွဲ၊

ပုံစံ(၁၀)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊
(နည်းဥပဒေ ၃၀(က))

______ ခုနှစ်၊

တင်ဒါငါးဖမ်းကွက်အမည်-

တင်ဒါငါးဖမ်းကွက်တည်ရှိနေရာ-

တင်ဒါချထားသည့်နေ့-

ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့် တင်ဒါကြေး

ခုနှစ်	တင်ဒါလိုင်စင်ရရှိသူ	တင်ဒါကြေး

ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး တင်ဒါသွင်းကြသူများ

စဉ်	<u>တင်ဒါလိုင်စင်ရရှိသူအမည်/ မှတ်ပုံတင်အမှတ်</u>	<u>တင်ဒါကြေး</u> (ဂဏန်းဖြင့်)	(စာဖြင့်)

ယခုသတ်မှတ်သည့် တင်ဒါကြေး -

တင်ဒါလိုင်စင်ရရှိသူအမည် -

မှတ်ချက်(ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင်(၁) ဥက္ကဋ္ဌ အဖွဲ့ဝင်(၂) အဖွဲ့ဝင်(၃)

နေ့စွဲ၊

ပုံစံ(၁၁)

တင်ဒါလိုင်စင်ချထားပြီးစီးကြောင်းတင်ပြစာ
(နည်းဥပဒေ ၃၁ (က))
________ ပြည်နယ်
________ ခရိုင်၊ ________ မြို့နယ်
တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

တင်ဒါချထားသည့်နေ့စွဲ၊
တင်ဒါချထားသည့်နေရာ၊
တင်ဒါချထားရေးအဖွဲ့တွင် ပါဝင်သူများ၊

စဉ်	တင်ဒါငါးဖမ်းကွက်အမည်နှင့်ဆွဲဝယ်သူ	၅ နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်လေလံဈေး	မှတ်ချက်

အဖွဲ့ဝင်(၁) ဥက္ကဋ္ဌ အဖွဲ့ဝင်(၂) အဖွဲ့ဝင်(၃)
နေ့စွဲ၊

ပုံစံ(၁၂)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
တင်ဒါလိုင်စင်

[နည်းဥပဒေ ၃၁(ခ) ၊ နည်းဥပဒေ ၄၈(ခ)]

လိုင်စင်အမှတ်၊ __________

ရက်စွဲ၊

ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး၏ __________ နေ့စွဲပါစာအမှတ်၊ ______________________ ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်း ဥပဒေအရ တင်ဒါလိုင်စင်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည်၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ နေရပ်လိပ်စာ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ အမည်နှင့်မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့်အတိုင်းအတာ၊

တင်ဒါကြေးနှင့်လိုင်စင်ခ ____________ ကို __________ မြို့ မြန်မာ့စီးပွားရေးဘဏ်(   ) နေ့စွဲပါချလံအမှတ်( )အရ ငွေပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
__________ မြို့နယ်

ရုံးတံဆိပ်၊

နေ့စွဲ၊

ပုံစံ(၁၃)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

(နည်းဥပဒေ ၃၄)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

__________ မြို့

ရက်စွဲ၊

အကြောင်းအရာ။ <u>ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း</u>

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄၊ အလုပ်အကိုင်

၅။ နေရပ်၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊

၇။ လုပ်ကိုင်လိုသည့် ငါးဖမ်းကိရိယာများ၊

ငါးဖမ်းကိရိယာအမည်	အတိုင်းအတာ	အရေအတွက်
(က) အလျား		
(ခ) အနံ		
(ဂ) စောက်		
(ဃ) ထိပ်ဝ		
(င) အခြား		

၈။ လုပ်ကိုင်လိုသည့်ခုနှစ်၊

လျှောက်ထားသူလက်မှတ်

ပုံစံ(၁၄)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူစာရင်း
(နည်းဥပဒေ ၃၅ (က))

ကချင်ပြည်နယ်၊ __________ ခရိုင်၊ ____________ မြို့နယ်

စဉ်	လိုင်စင်လျှောက်ထားသူအမည်နှင့်အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်	နေရပ်လိပ်စာ	ရုံးသုံးအမည်	ငါးဖမ်း ကိရိယာ					နေရာ	လိုင်စင်ခ	မှတ်ချက်
				ဇယားပါအမှတ်စဉ်	ဒေသအခေါ်	ခွင့် ပြု သည့် အများဆုံး အတိုင်းအတာ					
						အလျား	အနံ	စောက်			

ရက်စွဲ၊

လိုင်စင် မလျှောက်သော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၁၅)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ငါးဖမ်းကိရိယာလိုင်စင်
(နည်းဥပဒေ ၃၆ (က))
(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်။)

မြို့နယ် - ခုနှစ်၊ အမှတ်စဉ်

လိုင်စင်ရရှိသူအမည်-
အမျိုးသားမှတ်ပုံတင်အမှတ်/
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-
နေရပ်လိပ်စာ-
ကိရိယာရုံးသုံးအမည်-
ဒေသအခေါ်အဝေါ်
ကိရိယာအတိုင်းအတာ-
နေရာ
အထူးကန့်သတ်ချက်များ
မှတ်ချက်- ဤလိုင်စင်သည် အထက်ဖော်ပြပါ ကိရိယာ/အထက်ဖော်ပြပါ ကိရိယာများလုပ်ကိုင်သည့်လှေတစ်စင်းအတွက်လိုင်စင်ဖြစ်သည်။
ဤလိုင်စင်သည် ____________ နေ့တွင် သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၁၆)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

(နည်းဥပဒေ ၃၆ (ခ))

__________ ခရိုင်၊ ______________ မြို့နယ်

စဉ်	လိုင်စင် ရရှိသူ အမည်နှင့် အမျိုးသား မှတ်ပုံတင် အမှတ်/နိုင်ငံသား စိစစ်ရေး ကတ်ပြားအမှတ်	နေရပ် လိပ်စာ	လိုင်စင် အမှတ်စဉ် အမှတ်	လိုင်စင် ထုတ်ပေး သည့် အမှတ်	ငါးဖမ်း ကိရိယာ အမျိုး အစားနှင့် အမှတ်စဉ်	ငါးဖမ်း ကိရိယာ အတိုင်း အတာ	လိုင်စင်ခ	ထုတ်ပေး ထားသည့် လိုင်စင် ပုံစံ တန်ဘိုး နှင့် ရွက်ရေ
၁	၂	၃	၄	၅	၆	၇	၈	၉

ပုံစံ(၁၇)

ငါးဖမ်းကိရိယာလိုင်စင်အရ အသုံးမှတ်ပုံတင်

(နည်းဥပဒေ ၄၁ (က))

________ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန　　　　　　　　လိုင်စင်တန်ဖိုး-

စဉ်	လက်ခံရရှိသည့်နေ့	ရွက်ရေ	တန်ဖိုး	အသုံးပြုသည့်နေ့	ရွက်ရေ	တန်ဖိုး	လက်ကျန်	မှတ်ချက်

ပုံစံ(၁၈)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှု မှတ်ပုံတင်
(နည်းဥပဒေ ၅၁ (ခ))

________ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန　　　　________ ခုနှစ်

စဉ်	လိုင်စင်ရရှိသူအမည်	အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	လိုင်စင်အမှတ်စဉ်	လိုင်စင်ထုတ်ပေးသည့်နေ့စွဲ	ငါးဖမ်းကိရိယာအမျိုးအစား	ငါးဖမ်းကိရိယာအတိုင်းအတာ	ငါးဖမ်းကိရိယာလိုင်စင်ခနှုန်းထား	ထုတ်ပေးထားသည့်လိုင်စင် ပုံစံ၊ တန်ဘိုး နှင့် ရွက်ရေ	လိုင်စင်ခရရှိသည့်နေ့ရက်	ဘဏ်သို့ပေးသွင်းသည့်နေ့ရက်နှင့်ချလန်	ငါးဖမ်းခွင့်ပြုနေရာဒေသ
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂

ပုံစံ(၁၉)

ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်း

(နည်းဥပဒေ ၄၂)

__________ ခုနှစ်၊ ____________ လ

__________ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန   လိုင်စင်တန်ဖိုး-

စဉ်	လက်ခံရရှိသည့်နေ့	ရွက်ရေ	တန်ဖိုး	စဉ်	ယခင်လလက်ကျန်	ယခုလအသုံးပြုသည့်နေ့	လိုင်စင်ရှိသူအမည်၊အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်နေရပ်လိပ်စာ	ငါးဖမ်းကိရိယာ အမျိုးအစားနှင့်အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေးသည့်လိုင်စင်ပုံစံရွက်ရေ	မှတ်ချက်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၂၀)

အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်းလိုင်စင်လျှောက်လွှာ
(နည်းဥပဒေ ၄၄)

သို့

ပြည်နယ်ဦးစီးဌာနမှူး

ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

ရက်စွဲ၊

အကြောင်းအရာ။ **အအေးခန်းစက်ရုံ တည်ထောင်ခြင်း လုပ်ငန်း လိုင်စင်လျှောက် ထားခြင်း။**

ကျွန်တော်/ကျွန်မ ဦး/ဒေါ်__________ သည် အအေးခန်းစက်ရုံတည်ထောင်ခြင်း လုပ်ငန်း လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းလိုင်စင်ချမှတ် ပေးနိုင်ပါရန်လျှောက်ထားအပ်ပါသည်-

၁။ လျှောက်ထားသူအမည် / အဖွဲ့အစည်းအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ် ၊

၃၊ အဘအမည် ၊

၄။ နေရပ်လိပ်စာ / အဖွဲ့အစည်းတည်နေရာ ၊

၅။ အလုပ်အကိုင် ၊

၆။ လုပ်ကိုင်လိုသည့်နေရာဒေသ ၊

၇။ ထုတ်လုပ်မည့်ရေခဲတန်ချိန် ၊

၈။ ပြုပြင်ထုတ်လုပ်မည့်ရေထွက်ပစ္စည်းအမျိုးအစား၊

၉။ ပြုပြင်ထုတ်လုပ်မည့်ကုန်ပမာဏ(တန်ချိန်)၊

၁၀။ လျှောက်ထားသည့်ခုနှစ် ၊

လျှောက်ထားသူ

တာဝန် / အဆင့်

ပုံစံ(၂၁)

ပြည်ပနေ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် အအေးခန်းစက်ရုံတည်ဆောက်ခွင့် ခွင့်ပြုရန်လျှောက်လွှာ

(နည်းဥပဒေ ၅၀)

သို့

ပြည်နယ်ဦးစီးဌာနမှူး

ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

ရက်စွဲ၊

၁။ လျှောက်ထားသူအမည် / အဖွဲ့အစည်းအမည်၊

၂။ နိုင်ငံကူးလက်မှတ်အမှတ်/ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ်၊

၃။ နေရပ်လိပ်စာ / အဖွဲ့အစည်းတည်နေရာ၊

၄။ လုပ်ကိုင်လိုသည့် ငါးလုပ်ငန်းအမျိုးအစား၊

(က) ဂရန်အင်း၊ (ခ) တင်ဒါငါးဖမ်းကွက်၊

(ဂ) အအေးခန်းစက်ရုံတည်ဆောက်ခြင်း

၅။ လုပ်ကိုင်လိုသည့်နေရာဒေသ၊

၆။ လုပ်ကိုင်ရာတွင် အသုံးပြုမည့် ပစ္စည်းကိရိယာ (ရှိခဲ့လျှင်)၊

(က) အမျိုးအစား၊ (ခ) ဦးရေ၊ (ဂ) (ဃ)

၇။ နိုင်ငံခြားငွေ ရင်းနှီးမြှုပ်နှံမှု ပမာဏ

လျှောက်ထားသူ

တာဝန် / အဆင့်

ပုံစံ(၂၂)

ကချင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်းလိုင်စင်
(နည်းဥပဒေ ၄၈ ၊ ၄၉)

လိုင်စင်အမှတ်၊

ရက်စွဲ၊

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန၊ဝန်ကြီး၏ ________ ရက်စွဲပါ စာအမှတ်၊________ဖြင့်စိစစ်ခွင့်ပြုချက်အရအောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ အအေးခန်းစက်ရုံတည်ထောင် ခြင်းလုပ်ငန်းလိုင်စင်ကို ပူးတွဲပါစည်းကမ်းချက်များနှင့်ထုတ်ပေးလိုက်သည်-

၁။ လိုင်စင်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ် ၊

၃။ နေရပ်လိပ်စာ ၊

၄။ လုပ်ကိုင်ခွင့်ပြုသည့်နေရာဒေသ ၊

၅။ ပြုပြင်ထုတ်လုပ်မည့်ရေထွက်ပစ္စည်းအမျိုးအစား၊

၆။ ပြုပြင်ထုတ်လုပ်မည့်ကုန်ပမာဏ(တန်ချိန်)၊

၇။ ဤလိုင်စင်သက်တမ်းမှာ ၂၀ ခုနှစ်၊ __________ နေ့မှစတင်၍ ၂၀ ခုနှစ်၊ __________ နေ့တွင် သက်တမ်းကုန်ဆုံးမည်။

ပြည်နယ်ဦးစီးဌာနမှူး
ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန
မြစ်ကြီးနားမြို့

လိုင်စင်ထုတ်ပေးသည့်နေ့စွဲ၊ __________

ပုံစံ(၂၃)

ကတိခံဝန်ချုပ်
(နည်းဥပဒေ ၅၆)

__________ ရပ်ကွက် /ကျေးရွာအုပ်စုနေ ဦး/ဒေါ် __________
(အမျိုးသား မှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ______) က ခုနှစ်အတွက် ဂရန်အင်းတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် အငှားဂရန်ရရှိပါသည်။

အငှားဂရန်အတွက်အင်းခွန်ငွေကိုအောက်ဖော်ပြပါအတိုင်း အရစ်ကျ ပေးဆောင်ရန် ကတိပြုပါသည်။

	ပေးဆောင်မည့်နေ့	ပေးဆောင်ရမည့်ငွေကြေးပမာဏ
ပထမအရစ်-		
ဒုတိယအရစ်-		
တတိယအရစ်-		
စတုတ္ထအရစ်-		

အရစ်ကျပေးဆောင်ရမည့် အင်းခွန်ငွေများကို သတ်မှတ်သည့်ရက် အတိုင်း ပေးဆောင်ရန် ပျက်ကွက်ပါက ကျွန်တော်/ ကျွန်မ __________ အာမခံအဖြစ် တင်သွင်းထားသော အောက်ပါပစ္စည်းများကို ငါးလုပ်ငန်း ဦးစီးဌာနမှ မြေခွန်မပြေ ကျန်ငွေအဖြစ် သတ်မှတ်၍ ထုခွဲရောင်းချခြင်း ကို ခံယူမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

ကျွန်တော်/ ကျွန်မ ____________ အာမခံအဖြစ် တင်သွင်းထားသော အောက်ပါခံဝန်ပစ္စည်းများသည် ပေါင်နှံခြင်း၊လွှဲပြောင်း ရောင်းချခြင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုပါသည်။

စဉ်	ပစ္စည်း အမျိုးအမည်	ဦးပိုင် အမှတ်နှင့် မြေပုံ ဆိုင်ရာနှစ်	ဧရိယာ		ဦးရေ	တန်ဖိုး	ပစ္စည်း တည်ရှိရာအရပ်
			ဧက	ဒသမ			

အသိသက်သေများ

ခံဝန်ချုပ်ဆိုသူ

၁။

၂။

ကျွန်ုပ်၏ ရှေ့မှောက်တွင် ဤကတိခံဝန်ချုပ်ကို ချုပ်ဆိုပါသည်။

ဦးစီးဌာနမှူး

ကရင်ပြည်နယ်အစိုးရအဖွဲ့
ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၀၁ /၂၀၁၆
ဘားအံမြို့၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကရင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၇(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရေချိုငါးလုပ်ငန်းနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေများကို ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေ များဟု ခေါ်တွင်စေရမည်။

၂။ ဤရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေများတွင် ပါဝင်သောစကားရပ်များသည် ရေချိုငါးလုပ်ငန်းဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပါယ် သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေကိုဆိုသည်။

(ခ) တင်ဒါငါးဖမ်းကွက် ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်းလုပ်ကိုင်ခင့်ပြုသည့် ငါးဖမ်းကွက်ကိုဆိုသည်။

(ဂ) တင်ဒါချက် ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါငါးဖမ်းကွက်အဖြစ်သတ်မှတ်ပြီး ငါးဖမ်းကိရိယာတစ်မျိုးမျိုးချထားရာ နေရာနှင့် တင်ဒါငါးဖမ်းကွက်အတွင်း ငါးဖမ်းလုပ်ကိုင်သည့်နေရာကိုဆိုသည်။

(ဃ) တင်ဒါလိုင်စင် ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါငါးဖမ်းကွက်သတ်မှတ်၍ ရောင်းချပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကိုဆိုသည်။

(င) နှစ်ရှည်အငှားဂရန် ဆိုသည်မှာ အင်းများပျက်စီးခြင်းမှ ကာကွယ်ရန်နှင့် အင်းများရေရှည် ငါးထုတ်လုပ်မှုကောင်းမွန်စေရန်အတွက် အင်းများကို ပြင်ဆင်ပြီး ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးချနလုပ်ခြင်းများကို ၃ နှစ် ၆ နှစ် နှစ်ရှည်လုပ်ကိုင်ခွင့်ပြုခြင်းကိုခေါ်သည်။

(စ) အခိုင်အမာအတားအဆီး ဆိုသည်မှာ သဘာဝအလျောက် ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချို ငါးလုပ်ငန်းရေပြင်တွင် ရေစီးရေလာအဟန့်အတားဖြစ်စေရန် လူတို့ကအခိုင်အမာပြုလုပ်ထား သော အတားအဆီး တစ်ခုခုကိုဆိုလိုသည်။

(ဆ) ပုံစံ ဆိုသည်မှာ ဤနည်းဥပဒေတွင် ပူးတွဲပါရှိသည့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ် ထားသော ပုံစံကို ဆိုလိုသည်။

အခန်း (၂)
အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ် ဧပြီလ(၁)ရက်နေ့မှ ဇူလိုင်လ (၁၅)ရက်အတွင်း ဆောင်ရွက်ရမည်။

၄။ ပြည်နယ်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ပြည်နယ်အတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက်လေလံတင် ရောင်းချ နိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သောဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ကိုဖွဲ့စည်း၍တာဝန်ပေးအပ်ရမည်-

(၁)	သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး	ဥက္ကဋ္ဌ
(၂)	ဂရန်အင်းတည်ရှိရာ မြို့နယ်ဦးစီးဌာနမှူး	အဖွဲ့ဝင်
(၃)	ပြည်နယ်ဦးစီးဌာနမှူးမှ တာဝန်ပေးအပ်ခြင်း ခံရသည့် ဝန်ထမ်း ၁ ဦး	အဖွဲ့ဝင်

(ခ) ကရင်ပြည်နယ်၏ လက်ရှိအခြေအနေအရ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးအား ဂရန်အင်း များလေလံတင်ရောင်းချရေးအဖွဲ့ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်၍ အောက်ပါ လေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်-

(၁) ပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဥက္ကဋ္ဌ

(၂) ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး အဖွဲ့ဝင်

(၃) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်ဦးစီးဌာနမှူး အဖွဲ့ဝင်

စာရင်းအင်းဦးစီးဌာနမှူး

(၄) ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး အဖွဲ့ဝင်

(၅) ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှူး အဖွဲ့ဝင်

(၆) ပြည်နယ်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး အဖွဲ့ဝင်

(၇) ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး အတွင်းရေးမှူး

(ဂ) ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးသည် ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို အခြေအနေပေါ်မူတည်၍ ကြီးကြပ်တာဝန်ယူဆောင်ရွက်ရမည်၊

(ဃ) အပိုဒ်ခွဲ(က)၊(ခ)အရဖွဲ့စည်းပေးသောဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ကို ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးထံတင်ပြ၍ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ လေလံတင်ရောင်းချရေးအဖွဲ့သည်– [illegible]

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများကို ၁ နှစ်ကာလအတွက် ဂရန်အင်းများ လေလံတင်ရောင်းချမည့်အစီအစဉ်ရေးဆွဲပြီး ပြည်နယ်ဦးစီးဌာနမှူးမှ ဝန်ကြီးထံ တင်ပြ၍ အတည်ပြု ချက်ရယူရမည်၊

(ခ) အပိုဒ်ခွဲ(က)အရ အတည်ပြုချက်ရရှိပါက ဂရန်အင်းလေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ လေလံကြော်ငြာ ပုံစံ (၁) ဖြင့် ပြည်နယ်အတွင်း မြို့နယ်များသို့ ကြေညာရမည်၊

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချပါက ဂရန် အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီအနည်းဆုံး ၇ ရက်ကြိုတင်၍ လေလံကြော်ငြာ ပုံစံ (၁) ဖြင့် ပြည်နယ်အတွင်း မြို့နယ်များသို့ ကြေညာရမည်–

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏အကျိုးအတွက်ဖြစ်ခြင်း။

၆။ ဂရန်အင်းတစ်ခုခုတွင်ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် လေလံကြော်ငြာတွင်သတ်မှတ်ထားသည့်ကာလအတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာ ပုံစံ(၂)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာပုံစံ(၂) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညညတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃ နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူမဟုတ်ခြင်း၊

(ဂ) ကရင်ပြည်နယ်အတွင်း အခြေချနေထိုင်သူဖြစ်ခြင်း။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာကို အပိုဒ် ၇ အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာများကိုလက်ခံလျှင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ၊

(ဂ) အင်းလေလံရက်မတိုင်မီ ၃ ရက်ကြိုတင်၍ ခရိုင်ဦးစီးဌာနမှူးထံ အင်းလေလံဆွဲဝယ်ခွင့် လျှောက်လွှာများကို စိစစ်တင်ပြရမည်။

၉။ ခရင်ဦးစီးဌာနမှူးသည် အပိုဒ် ၈ အရ တင်ပြလာသောလျှောက်လွှာကို စိစစ်၍-

(က) သတ်မှတ်ချက်များနှင့်ညီညတ်ပါက ဂရန်အင်းလေလဆွဲဝယ်လက်မှတ် ပုံစံ(၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့်မညီညတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှအကြောင်းကြားစာရရှိသည့်အခါ ဂရန်အင်းလေလ ဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၃)ကို လေလံပွဲမစမီအနည်းဆုံး ၁ ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေး ရမည်။

၁၁။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည်-

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်၊

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဝင်ရောက်ဆွဲဝယ်မှုမရှိလျှင် သော်လည်းကောင်း၊ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ သတ်မှတ်သည့်လေလံကြေးငွေများကို တင်ပြမှုမရှိလျှင်သော် လည်းကောင်း၊ အဆိုပါနှစ်မှ တစ်ဆက်တည်း ၃ နှစ် အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၂။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည်ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ အောက်ပါ အချက်များအပေါ်အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက် လေလံကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည်-

(က) လေလံတင်ရောင်းချသည့်ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ်ပျှမ်းမျှဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့်ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်းပျက်စီး တိမ်ကောခြင်း ရှိ မရှိ။

၁၃။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချရာတွင် အောက်ပါ အတိုင်း ဆောင်ရက်ရမည်-

(က) ရောင်းချသည့်ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင်ရောင်းချခြင်း အမှုတွဲ ပုံစံ(၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) လေလံရောင်းချရာတွင် ဌာနမှသတ်မှတ်ထားသော လေလံစည်းကမ်းချက်များကို ပြည်နယ် ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံတင်ပြအတည်ပြုချက်ရယူခြင်း၊

(ဂ) လေလံတင်ရောင်းချမည့် ဂရန်အင်းများ၏ကြမ်းခင်းဈေးများကိုသတ်မှတ်ရာတွင် ပြည်နယ် ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံတင်ပြ အတည်ပြုချက်ရယူခြင်း၊

(ဃ) ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များ၊ ရောင်းချမည့်ဂရန်အင်း တစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြားကြေညာခြင်း၊

(င) ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်းဆောင်ရွက်ခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူ တစ်ဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်း အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ တားမြစ်ခြင်း၊ ထိုကဲ့သို့ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထား ပြီး ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများသည်ဂရန်အင်းလေလံအပြိုင်ဆွဲရာတွင် အင်းသူကြီးများမှတိုးမြှင့် ပေးသည့်ငွေ (စားပွဲတင်ငွေ) အား ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့ထံ ဆွဲဝယ်မည့် ဂရန်အင်း အတွက် တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း၊

(ဇ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှ မိမိ၏စိတ်ကိုထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေး ထက် များစွာကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့်ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်း ပြီးနောက် နေ့ချင်းပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆင်ဆက်လက် ဆွဲဝယ်နေပါက ဂရန်အင်းလေလံရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင်ပင် ချိတ်ပိတ် တင်ဒါတင်သွင်းစေပြီး အငှားချထားခြင်း၊

(ဈ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အငှားချထားခြင်း၊

(ည) လေလံဆွဲဝယ်ခွင့်ရရှိသူအား လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေပေးဆောင်စေသော်လည်း ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဋ) အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုမှ လေလံဆွဲဝယ်သည့်ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့မှ ၇ ရက်အတွင်း မျဉ်းသားချက် လက်မှတ်ဖြင့်
တစ်ကြိမ်တည်းအပြေအကျေပေးဆောင်စေသော်လည်းပေးဆောင်ရန်ပျက်ကွက် ပါက ပေးဆောင်ရန်ပျက်ကွက်သူ၏တာဝန်ဖြင့် ဒုတိယအကြိမ်ထပ်မံ လေလံတင်ရောင်းချ ခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဍ) လေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ရေသို့တင်ပြသည့်ငွေများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် ဆောင‌ရက်ခြင်း။

(ဍ) လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရက်ခြင်း၊

(ဎ) အကြောင်းတစ်စုံတစ်ရာကြောင့် လေလံကြေးငွေများကို နေ့ချင်းပြီးဘဏ်သို့ပေးသွင်းနိုင်ခြင်းမရှိပါက သေတာထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာ နိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို ပေးသွင်း နိုင်ရေးအတွက်ဆောင‌ရက်ခြင်း၊

(ဏ) ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို (၅)ကြိမ်အထိသာ ဆောင်ရွက်ခြင်း၊

(တ) လေလံဆွဲဝယ်ရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန်အင်းလေလံတင်ရောင်းချသည့်ဈေးနှုန်းကိုရေးသွင်း၍ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်များအားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲ တွဲထားခြင်း။

၁၄။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများလေလံတင်ရောင်းချခြင်း ပြီးစီးသည့်အခါ ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ ပုံစံ(၅) တွင် ပြည့်စုံစွာရေးသွင်း၍ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အတည်ပြု ချက် ရယူနိုင်ရန် ပြည်နယ် ဦးစီးဌာနမှူးထံတင်ပြရမည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက လေလံဆွဲဝယ်သည့်နေ့မှ ၁၅ ရက်အတွင်း အငှားဂရန် ပုံစံ(၆) ကို လေလံဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းကို အင်းဂရန်တွဲအဖြစ် ပြည်နယ်ဦးစီး ဌာနမှူး၏ကြိုတင်အတည်ပြုချက်ရယူ၍ ဂရန်အင်းတစ်ခုတည်းအနေဖြင့် သတ်မှတ်ရောင်းချ ရမည်၊

(ခ) မိမိစီမံခန့်ခွဲရသောခရင်အတွင်းရှိဂရန်အင်းများကို ၃ ကြိမ်ထလေလံတင်ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေးမမီပါက ကျိုးကြောင်းဖော်ပြလျှက် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြ ၍ အတည်ပြုချက်ရရှိပါက အဆိုပါဂရန်အင်းကို နီးစပ်ရာလေလံတွင်အပြီးအပြတ် ရောင်းချ ရမည်၊

(ဂ) အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်း မရှိလျှင် ယင်းဂရန်အင်းကိုလေလံထပ်မံမပစ်ဘဲ ဂရန်အင်းဆက်စပ်လျှက်ရှိသော အောက်ပိုင်းရှိ အငှားဂရန်ရရှိသူအား သတ်မှတ်ဈေးကိုပေးသွင်းစေပြီး ပြည်နယ်ဦးစီးဌာနမှူး၏ သဘော တူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်၊

(ဃ) မိမိစီမံခန့်ခွဲရသောခရင်အတွင်းရှိ ရောင်းခ၍မရနိုင်သောဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညန်ကြားချက်များချမှတ်ပေးနိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့် အတူ လေလံနောက်ဆုံးရောင်းချရက်မှ (၇)ရက်အတွင်း ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံ တင်ပြရမည်။

၁၆။ ပြည်နယ်ဦးစီးဌာနမှူးသည်–

(က) ဂရန်အင်းများအား (၁) နှစ်အငှားချထားခြင်းကို အင်းများရောင်းချပြီးပါက ဝန်ကြီးထံ အတည်ပြုချက်တောင်းခံ၍ အတည်ပြုချက်ရရှိပါက ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) ပိတ်သိမ်းခွင့်ပြုသည့်အင်းများကို ခရိုင်ဦးစီးဌာနမှူးမှ စိစစ်တင်ပြလာပါက ဝန်ကြီးထံဆက် လက်ထောက်ခံတင်ပြ၍ ဝန်ကြီး၏အတည်ပြုချက်ရရှိပါက မည်သူမျှလုပ်ကိုင်ခြင်းမရှိစေရန် ပိတ်သိမ်းမိန့်ကို ခရိုင်ဦးစီးဌာနမှူးထံ ထုတ်ပြန်ရမည်၊

(ဂ) လေလံရောင်းချပြီးငွေကြေးပေးသွင်းပြီးသော လေလံအင်းများကို မည်သို့သောအကြောင်း ပြချက်နှင့်မျှ ထပ်မံရောင်းချခြင်းမပြုရန် ကြီးကြပ်ဆောင်ရွက်ရမည်။

အခန်း (၃)
နှစ်ရှည် အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ (က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို အင်းချောင်းတိမ်ကောခြင်းကြောင့်ဖြစ်စေ၊ ငါးထုတ်လုပ်မှုကျဆင်းခြင်းကြောင့်ဖြစ်စေ၊ နှစ်ရှည်အငှားဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘောရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်းကို

နှစ်ရှည်အငှားဂရန်ခွင့်ပြုရန် လျှောက်ထားလာလျှင်ဖြစ်စေ၊ သက်ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီး ကျိုးကြောင်း ဖော်ပြလျက် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(ဂ) ပြည်နယ်စီးဌာနမှူးသည် ဝန်ကြီးမှတဆင့် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ရရှိပါက ခရိုင် ဦးစီးဌာနမှူးထံအကြောင်းကြားရမည်၊

(ဃ) ပြည်နယ်ဦးစီးဌာနမှူးသည် နှစ်ရှည်ဂရန် ရရှိသူများလိုက်နာရမည့် ဆောင်ရွက်ရမည့် စည်းကမ်း ချက်များကို သတ်မှတ်ပေးရမည်။

၁၈။ ဝန်ကြီးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန်လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်-

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ခ) လျှောက်ထားသည့်ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ်က အင်းခွန်နှုန်းထားများ တည်ငြိမ်မှု ရှိခြင်း၊

(ဂ) ငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ဆောင်ရက်နိုင်သည့်အခြေအနေရှိခြင်း။

၁၉။ (က) ဝန်ကြီးသည် နှစ်ရှည်အငှားဂရန်ကို ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ရရှိလျှင် ပြည်နယ် ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ(က)အရအကြောင်းကြားစာရရှိသည့်အခါ သတ်မှတ်ချက် များနှင့်အညီ အငှားဂရန် ပုံစံ(၆)ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၀။ ဝန်ကြီးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် ချထားသည့်ကိစ္စအတွက် ပြည်နယ်ဦးစီး ဌာနမှူးမှ စိစစ်တင်ပြလာခြင်းကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များ ကိုခွင့်ပြုနိုင်သည်-

(က) အငှားဂရန်ချထားသည့် ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့် နည်းစနစ်၊ ပြုပြင်ရမည့် အချိန်၊ ကာလ၊ နေရာနှင့်ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်းနှစ်စဉ်တိုးမြှင့်ပေးရမည့် ဂရန်အင်းငွေ ရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ၊

အခန်း (၄)

တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၁။ တင်ဒါငါးဖမ်းကွက်များကို ဈေးပြိုင်တင်ဒါရောင်းချခြင်းအား နှစ်စဉ်ဧပြီလ (၁) ရက်နေ့မှ ဇူလိုင် လ (၁၅) ရက်နေ့အတွင်းဆောင်ရွက်ရပါမည်။

၂၂။ ပြည်နယ်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသောပြည်နယ်အတွင်းရှိတင်ဒါငါးဖမ်းကွက်များကို ခရင်အလိုက်တင်ဒါလိုင်စင် ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော တင်ဒါလိုင်စင်ချထားရေး အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(၁) သက်ဆိုင်ရာ ခရင်ဦးစီးဌာနမှူး	ဥက္ကဋ္ဌ
(၂) တင်ဒါငါးဖမ်းကွက်တည်ရှိရာ မြို့နယ်ဦးစီးဌာနမှူး	အဖွဲ့ဝင်
(၃) ပြည်နယ်ဦးစီးဌာနမှူးမှ တာဝန်ပေးအပ်ခြင်း ခံရသည့် ဝန်ထမ်း ၁ ဦး	အဖွဲ့ဝင်

(ခ) အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းပေးသော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၂၃။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ၁ နှစ်ကာလအတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် တင်ဒါချက်များကို ခရင်ဦးစီး ဌာနမှူးမှတဆင့်ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) တင်ဒါချက်များကိုဖော်ပြရာတွင် ခွင့်ပြုကိရိယာ၊ ခွင့်ပြုနေရာ၊ လားရာအရပ်ဒေသများကို သေချာစွာဖော်ပြပြီး ကျားပိုက်တင်ဒါချက်ဖြစ်ပါက နေရာတင်ဒါချက်နှင့်ဇရိယာတင်ဒါချက် ကို ခွဲခြားသတ်မှတ်၍ တင်ပြရမည်၊

(ဂ) အပိုဒ်ခွဲ(က)(ခ)အရ ခရင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက ငါးဖမ်းကွက်အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ၁၅ ရက် ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ (၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်၊

(ဃ) တင်ဒါငါးဖမ်းကွက်အသစ်တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက်၏ ဧရိယာသတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ မရှိ တင်ဒါကြော်ငြာသည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင် ကြေညာရမည်၊

(င) အပိုဒ်(ဂ)အရကန့်ကွက်ခကျ်များရှိလျှင် ကန့်ကွက်ချက်အပေါ်စိစစ်ပြီး သဘောထားမှတ်ချက် နှင့်အတူ ခရင်ဦးစီးဌာနမှူးထံ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(စ) အပိုဒ်ခွဲ(ဃ)အရ ခရင်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့်ရက်မတိုင်မီ ၁၅ ရက်ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ(၇) ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

၂၄။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင်သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ (၈)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရပါမည်။

၂၅။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၈) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွကသူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သော ၃ နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူမဟုတ်ခြင်း၊

(ဂ) ကရင်ပြည်နယ်အတွင်း အခြေချနေထိုင်သူဖြစ်ခြင်း။

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာက အပိုဒ် ၂၅ အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကိုငြင်းပယ်လျှင် ယင်းသို့ငြင်းပယသည့် ကျိုးကြောင်းဖော်ပြချက်ခြင်း၊

(ခ) လျှောက်လွှာကိုလက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် တင်ဒါရောင်းချမည့်ရက်မတိုင်မီ (၃) ရက်ကြိုတင် ထောက်ခံတင်ပြခြင်း။

၂၇။ ခရင်ဦးစီးဌာနမှူးသည် အပိုဒ် ၂၆ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍-

(က) သတ်မှတ်ချက်များနှင့်ညညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၉) ကို ထုတ်ပေးရန် မြို့နယ်ဉးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့်မညီညတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၂၈။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ (၉) ကို တင်ဒါလိုင်စင်ချထားမည့်ရက်မတိုင်မီ အနည်းဆုံး ၁ ရက်ကြိုတင်၍ လျှောက်ထားသူအားထုတ်ပေးရမည်။

၂၉။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ရရှိသူသာလျှင် မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် တင်ဒါဆွဲဝယ်ခွင့်ရှိသည်။

၃၀။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားခြင်းမပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် ကြမ်းခင်းဈေးနှင့်တင်ဒါစည်းကမ်းချက်များကို ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြခွင့်ပြုချက်ရယူ၍ သတ်မှတ်ပေးရမည်-

(က) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅ နှစ် ပျှမ်းမျှဈေးနှုန်း၊

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်း ရှိ မရှိ။

၃၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါး ဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်း တို့ကို ရေးသွင်း၍ စာအိတ်အတွင်းထည့်သွင်း ချိတ်ပိတ်ပြီး တင်ဒါ လိုင်စင်ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင် ချထားရေးအဖွဲ့ထံ အိတ်ကိုဖွင့်၍ ကိုယ်တိုင်တင်သွင်းရမည်။

၃၂။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) ရောင်းချမည့်တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက်ရောင်းချသည့်အမှုတွဲ ပုံစံ(၁၀)ဖွင့်လှစ်ထားရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် သတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကို ကြေညာထားသည့် အစီစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) အိတ်ဖွင့်တင်ဒါရောင်းချရာတွင် လေလံစနစ်ဖြင့်ရောင်းချရန်လိုအပ်ပါက ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(င) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် အတဖွင့်တင်ဒါဈေးနှုန်း တင်သွင်းကြရန်ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ထုတ်ယူထားသူဦးရေနှင့် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းထားသူဦးရေ တို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(စ) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်းပမာဏကို တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြစေခြင်းများ၊ ငွေများကို စစ်ဆေးခြင်း၊

(ဆ) လုံလောက်သောအကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူ တစ်ဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း၊ အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကိုအမှုတွဲတွင်မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြခြင်း၊

(ဇ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းသူများအမည်နှင့် ပေးထားသောဈေးနှုန်းတို့ကိုဖတ်ကြားကြေငြာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်း မမီပါက တင်ဒါဆွဲဝယ်သူများအားလုံးကို ဈေးနှုန်းထပ်မံတိုးမြှင့် ၍တင်သွင်းစေခြင်း၊

(ည) တင်ဒါကြမ်းခင်းဈေးထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံးပေးသူအား တင်ဒါလိုင်စင် ချထားခြင်း၊

(ဋ) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက်ဆောင်ရက်ခြင်း၊

(ဌ) တင်ဒါကြေးကိုဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောငရက်ခြင်း၊

(ဍ) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကို ဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါကြေးငွေများကိုသေတ္တာထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး တင်ဒါချထားရေး အဖွဲ့ဝင်အားလုံးမှလက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားပြီး အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ပေးသွင်းနိုင်ရေး အတွက် ဆောင်ရက်ခြင်း၊

(ဎ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်းတူညီနေပါက တူညီသူများအား ချိတ်ပိတ်တင်ဒါတင်သွင်း စေခြင်း၊

(ဏ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ထပ်မံတူညီနေပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(တ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် လိုင်စင်ချထားသည့်တင်ဒါဈေးနှုန်းကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲတွင်တွဲထားခြင်း၊

(ထ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်းမမီကြောင်းရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထးပြီး အမှုတွဲတွင် တွဲထားခြင်း။

၃၃။ ခရိုင်ဦးစီးဌာနမှူးသည်–

(က) မိမိစီမံခန့်ခွဲသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်းပြီးသည့် အခါတင်ဒါလိုင်စင်ချထားပြီးစီးကြောင်း တင်ပြစာ ပုံစံ (၁၁)တွင် ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်များအားလုံးလက်မှတ်ရေးထိုးပြီး အတည်ပြုချက် ရယူနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါလိုင်စင်ချထားနေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကြေပေးသွင်းစေပြီး တငဒါ လိုင်စင်ပုံစံ (၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်၊

(ဂ) နောက်ဆုံးအကြိမ်ရောင်းချပြီး ပိတ်သိမ်းရန်လိုအပ်သော တင်ဒါချက်များကို ၇ ရက်အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြရမည်။

၃၄။ ခရင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက ကျိုးကြောင်းဖော်ပြလျှက် ပြည်နယ် ဦးစီးဌာနမှူးထံ တင်ပြပြီး ညန်ကြားချက်နှင အညီအဆိုပါတင်ဒါငါးဖမ်းကွက်ကို ထပ်မံတင်ဒါခေါ်ယူ၍ တင်ဒါလိုင်စင်ချထားရမည်၊

(ခ) မိမိစီမံခန့်ခွဲရသောခရင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညန်ကြားချက်များချမှတ်နိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီး ထံတင်ပြရမည်၊

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်အဖြစ်ဖော်ထုတ်ပါက တင်ဒါချက်အဖြစ် ကန့်ကွက်ရန်မရှိလျှင် ဖော်ထုတ်ရောင်းချခွင့်ပြုရန် ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံခွင့်ပြုချက်တောင်းခံရမည်၊

(ဃ) တင်ဒါချက်အသစ်များအားရောင်းချပြီး ၂ နှစ်အတွင်းပြဿနာဖြစ်ပွားခြင်းမရှိပါက ပြည်နယ် ဦးစီးဌာနမှူးထံ အတည်ပြုချက်တောင်းခံရမည်။

၃၅။ ပြည်နယ်ဦးစီးဌာနမှူးသည်-

(က) ရောင်းချမည့်တင်ဒါချက်များကြမ်းခင်းဈေးနှုန်းကို ဝန်ကြီးထံတင်ပြ၍ အတည်ပြုချက်ရယူထားရမည်၊

(ခ) ရောင်းချ၍မရသော တင်ဒါပိုက်ချက်များကိုဝန်ကြီးထံတင်ပြ၍ ပိတ်သိမ်းခွင့်ပြုနိုင်ပါရန် တင်ပြရမည်၊

(ဂ) တင်ဒါချက်အသစ်များအားရောင်းချပြီးပါက ၂ နှစ်အတွင်း ပြဿနာဖြစ်ပွားခြင်းမရှိကြောင်း ခရိုင်ဦးစီးဌာနမှူးမှတင်ပြလာပါက ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီးထံတင်ပြ၍ အတည် ပြုချက်ရယူပြီး တင်ဒါငါးဖမ်းကွက်အဖြစ် အတည်ပြုကြောင်း ခရိုင်ဦးစီးဌာနမှူးထံအကြောင်း ကြားရမည်၊

(ဃ) ရောင်းချပြီးသောတင်ဒါချက်များကို ဝန်ကြီးထတင်ပြ၍ အတည်ပြုချက်ရယူရမည်။

အခန်း (၅)
ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသောရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရယာအမျိုးအစားတစ်ခုခုကိုအသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကြေငြာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ဩဂုတ်လ ၁ ရက်နေ့တွင် ကြော်ငြာစာထုတ်ရမည်။

၃၇။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင် ရရှိရန် အပိုဒ် ၃၆ အရ သတ်မှတ်သည့် ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ ပုံစံ (၁၃) တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထား ရမည်။

၃၈။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ကြော်ငြာစာတွင်ဖော်ပြထားသည့် သတ်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက်ထားသူများ၏ စာရင်းကို ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူစာရင်း ပုံစံ (၁၄)ဖြင့် ပြုစုရမည်၊

(ခ) ပုံစံ (၁၄) တွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လိုသူများ ပါဝင်ခြင်း ရှိ မရှိ ကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်းအတာ မှန် မမှန် ကိုလည်းကောင်း၊ လိုင်စငလျှောက်ထားခြင်းမရှိဘဲ လုပ်ကိုင်နေသူ များရှိမရှိကိုလည်းကောင်း ကျေးရာများသို့ကွင်းဆင်းစစဆေးရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်ထားသော နေရာများတွင် အခွန်လွတ်ကိရိယာများမှလွဲ၍ ကျန်ငါးဖမ်းကိရိယာများအတွက် အခွန်အခရရှိစေရန် သတ်မတ်ထားသော လိုင်စင်ခ ကောက်ခံရမည်၊

(ခ) **အ**ခိုင်အမာအတားအဆီးများ၊ ပုံသေစိုက်ကိရိယာများကို ဘုံငါးဖမ်းကွက်အတွင်း လိုင်စင် ထုတ်ပေးခြင်း၊ ခွင့်ပြုငါးဖမ်းခြင်းမပြုလုပ်ရန် တားမြစ်ရမည်၊

(ဂ) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်ကို လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားလာပါက ခရိုင်ဦးစီးဌာနမှူး၏ ထောက်ခံချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြလျှောက်ထား ရမည်။

၄၀။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ပုံစံ (၁၄) စာရင်းအရလျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကြေ ကောက်ခံပြီး၊ ငါးဖမ်းကရိယာလိုင်စင်ပုံစံ (၁၅) ထုတ်ပေးရမည်၊

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများ အမည်စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် ထုတပေးသူများစာရင်းပုံစံ(၁၆)ဖြင့် လစဉ်ပြုစ၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံ အဖြစ်ထားရှိ ရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) အပိုဒ် (၃၉) အပိုဒ်ခွဲ(က)အရ ငါးဖမ်းကိရယာလိုင်စင်ခကောက်ခံရာတွင်-

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံ ရမည်၊

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတမှတ်ထားသည့်နှုန်းထားနှင့် အကျုံးမဝင် သောငါဖမ်းကိရိယာကို အနီးစပ်ဆုံးတူသည့် ငါဖမ်းကိရိယာ၏ သတ်မှတ်နှုန်းအတိုင်း ကောကခံရမည်၊

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲအသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင် ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်၊

(ခ) အပိုဒ်ခွဲ(က)အရကောက်ခံရရှိသောငါးဖမ်းကိရိယာလိုင်စင်ခများကို ဦးစီးဌာနမှူး၏ ညန်ကြား ချက်မ႑ားနှင့်အညီ သက်ဆိုင်ရာဘဏ္ဍာသို့ ပေးသွင်းရမည်။

၄၂။ ဦးစီးဌာနသည် ၅၀၀ိ/-၊ ၁၀၀၀ိ/- စသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာလိုင်စင်ပုံစံ (၁၅)ကို အသုံးပြုရမည်။

၄၃။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို အပိုဒ် ၄၂ အရ လိုင်စင်ပုံစံတစ်ခု၏တန်ဖိုးငွေဖြင့်မလုံလောက်လျှင် ယင်းလိုင်စင်ခငွေတန်ဖိုးငွေပြည့်မီအောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်၊

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ပုံစံကိုတစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ လိုင်စင်တန်ဘိုးကိုဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်၊

(ဂ) ငါးဖမ်းကရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာအမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာအမျိုးအစားကို အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခ ကို ထပမံကောက်ခံရမည်၊

(ဃ) ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းခွင့်လိုင်စင်ကို ခွင့်ပြုချက်ရရှိပါက သတ်မှတ်သောနှုန်းထားနှင့်အညီ ကောက်ခံရမည်။

၄၄။ (က) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက်စာရင်းပြုစုပြီး မြို့နယ်ဦးစီးဌာနမှူးများအားထုတ်ပေးရမည်။ စာရင်းမိတ္တူတစ်စောင်ကို ခရင်ဦးစီးဌာနမှူးထံပေးပို့ရမည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်များဖြင့်ရေလုပ်သားများလိုင်စင်ရယူခြင်း ရှိ မရှိ ကို ခရိုင်ဦးစီးဌာနမှူးအား ကြီးကြပ်စစ်ဆေးရန်တာဝန် ပေးအပ်နိုင်သည်၊

(ဂ) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ခနှုန်းထားများကို သတ်မှတ်ပြဌာန်းပေးရမည်၊

(ဃ) ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းခွင့်လိုင်စင် လျှောက်ထားလာခြင်းကိုစိစစ်၍ ပြည်နယ်ဦးစီးဌာနမှူးမှ လိုင်စင်ထုတ်ပေးနိုင်သည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်သုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာလိုင်စင် အရ၊အသုံးမှတ်ပုံတင် ပုံစံ(၁၇)ဖြင့် စနစ်တကျထိန်းသိမ်းထားရမည်၊

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုမှတ်ပုံ တင်ပုံစံ(၁၈)တင် အချက်အလက်များကိုပြည့်စုံစွာရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

၄၆။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်း ပုံစံ (၁၉) ကို ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီ ပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၄၇။ ပြည်နယ်ဦးစီးဌာနမှူးသည်-

(က) ယခင်လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့် လချုပ် စာရင်းတွင် ဖော်ပြထားသော စာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီ မှန်ကန်မှု ရှိ မရှိ စစ်ဆေးရမည်၊

(ခ) လချုပ်စာရင်းတွင်ဖော်ပြထားသော လင်စင်ပုံစံစာရင်းနှင့် ပြည်နယ်ရုံးများမှ ပေးပို့ထား သော လိုင်စင်ပုံစံများကိုက်ညီမှန်ကန်မှု ရှိ မရှိ စစ်ဆေးရမည်၊

(ဂ) လိုင်စင်ခများ ဘဏ်သို့ပေးသွင်းခြင်း ရှိ မရှိ၊ ပြည်နယ်ရုံးရှိစာရင်းနှင့် တိုက်ဆိုင် စစ်ဆေး ရမည်၊

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်းတွင်ဖော်ပြထားသည့် ထုတ်ပေးထား သော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ပေးသွင်း ပြီးသည့်ငွေကိုလည်းကောင်း၊ ပြည်နယ်ရုံးရှိ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်၊

(င) အပိုဒ်(က)(ခ)(ဂ)ပါ စစ်ဆေးရမည့်လုပ်ငန်းတာဝန်များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန်ပေး အပ် နိုင်သည်။

အခန်း (၆)
နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၈။ ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၁၃ ပါပြဌာန်းချက်များနှင့်ညီညွတ်သူသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တွင် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီဆောင်ရွက်ပြီး ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် ပုံစံ (၂၀)တွင် အချက်အလက် များကိုပြည့်စုံစွာ ရေးသွင်းပြီး ပြည်နယ်ဦးစီးဌာနမှူးထံလျှောက်ထားရမည်။

၄၉။ ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၄၈ အရ လျှောက်လွှာလက်ခံရရှိပါက စိစစ်ပြီးခွင့်ပြုသင့် သည်ဟုယူဆလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပေးဆောင်စေသင့်သည့်နိုင်ငံခြားငွေအမျိုးအစား နှင့် ဈေးနှုန်းတို့ကိုဖော်ပြပြီး ဝန်ကြီးထံတင်ပြရမည်။

၅၀။ ဝန်ကြီးသည် အပိုဒ် ၄၉ အရ ပြည်နယ်ဦးစီးဌာနမှူးက တင်ပြလာသည့်လျှောက်လွှာကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၁။ ဝန်ကြီးက အပိုဒ် ၄၈ အရ လျှောက်ထားလာသည့် လျှောက်လွှာနှင့်စပ်လျဉ်း၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုလျှင် ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါအချက်များအပေါ်အခြေခံ၍ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့်သတ်မှတ်ပေးရမည်-

(က) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅ နှစ် ပျမ်းမျှ ဈေးနှုန်း၊

(ခ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ၊

(ဃ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ပျက်စီးတိမ်ကောခြင်း ရှိ မရှိ။

၅၂။ ပြည်နယ်ဦးစီးဌာနမှူးသည်-

(က) အပိုဒ် ၅၁ အရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အတွက် သတ်မှတ်ထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် ပေးသွင်းစေရန် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ညွှန်ကြားရမည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူထံမှ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခ လက်ခံရ ရှိလျှင် သက်ဆိုင်ရာအငှားဂရန် ပုံစံ (၆) သို့မဟုတ် တင်ဒါလိုင်စင် ပုံစံ (၁၂) ကို လျှောက်ထားသူအား ထုတ်ပေးရမည်၊

(ဂ) အငှားဂရန် သို့မဟတ် တင်ဒါလိုင်စင်ထုတ်ပေးသည့်အခါငါးလုပ်ငန်းလပ်ကိုင်ခွင့်ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များသတ်မှတ်ပေးရမည်၊

(ဃ) အင်းဂရန် သို့မဟုတ် တင်ဒါငါးဖမ်းကွက် လေလံဆွဲဝယ်ရရှိသူက အာမခံပစ္စည်းအဖြစ် တင်သွင်းထားသော ပစ္စည်းများနှင့်စပ်လျဥ်း၍ ပေးဆောင်ရမည့် အခွန်ငွေများအတွက် လုံလောက်သည်ဟု ယူဆလျှင် အာမခံပေး ကတိခံဝန်ချုပ် ပုံစံ (၂၁) ကို ချုပ်ဆိုရမည်၊

(င) အပိုဒ်ခွဲ(က)အရ ကတခံဝန်ချုပ် ချုပ်ဆိုခြင်းကို လေလံဆွဲဝယ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အပြီးဆောင်ရွက်ရမည်။

အခန်း(၇)
မိတ္တူလျှောက်ထားခြင်း

၅၃။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၄။ (က) သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် အပိုဒ် ၅၃ အရ လျှောက်လွှာလက်ခံရရှိလျှင် စိစစ်ပြီး မှန်ကန်ပါက အငှားဂရန်အတွက်ဒဏ်ကြေးငွေ ၅၀၀၀ ကျပ်ကိုလည်းကောင်း၊ တင်ဒါလိုင်စင် အတွက်ဒဏ်ကြေးငွေ ၁၀၀၀ ကျပ်ကိုလည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ ၅၀၀ ကျပ်ကိုလည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကို ထုတ်ပေး ရမည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ(က)အရ သက်ဆိုင်ရာမိတ္တူရရှိပြီးနောက် မိမိ ပျောက်ဆုံးသည့်မူရင်းပြန်လည်တွေ့ရှိလျှင် မူရင်းကို သက်ဆိုင်ရာဦးစီးဌာနမှူးထံ ပြန်လည် အပ်နှံရမည်။

အခန်း (၈)
အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရက်ပိုင်ခွင့်များ

၅၅။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းသတ်မှတ်သည်-

(က) အငှားဂရန်ကို အမှန်တကယ်လုပ်ကိုင်လိုသူ မည်သူမဆို လေလံဆွဲဝယ်ခွင့်ရှိခြင်း၊

(ခ) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီးက အငှားဂရန်ကို ရပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ အရစ်ကျအင်းခွန်ငွေကို ပေးဆောင်ရန် ပျက်ကွက် သည်ဖြစ်စေ၊ တင်ဒါငါးဖမ်းကွက်နှင့်စပ်လျဥ်း၍

ကျန်ရှိသည့်ငါးဖမ်းရာသီအတွက် ဂရန်အင်း ကို ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့်တန်ဖိုးမပြည့်မီပါက ယင်း နစ်နာ ဆုံးရှုံးမှုကို ပေးလျော်ရန်တာဝန်ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏အစိတ်အပိုင်း တစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အားလုပ်ကိုင်ခွင့်ပြုပါက ၄င်းတို့၏လုပ်ကိုင်ဆောင်ရက်ချက်များကို မိမိကိုယ်တိုင်ဆောင်ရက်သကဲ့သို့တာဝန်ခံခြင်း၊

(ဃ) ငါးဖမ်းလုပ်ကိုင်ခွင့်ရှိသည့် အငှားဂရန်အင်းနှင့် တင်ဒါငါးဖမ်းကွက်နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းဆီးခွင့်ရှိခြင်း၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ဂရန်အင်းနှင့် တင်ဒါငါးဖမ်းကွက်စည်းကမ်းချက်တွင် ဖော်ပြထားသည့် ငါးဖမ်းဆီးခွင့် ကာလအတွင်း ငါးဖမ်းဆီးခွင့်ရခြင်း၊

(စ) အငှားဂရန်စည်းကမ်းချက်ပါအတိုင်း ဆည်၊ ငါးဖမ်းကိရိယာများ ပြုပြင်တည်ဆောက်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို ငါးဖမ်းခွင့်ပြုသည့်ရက်မတိုင်မီ (၃၀)ရက် ကြိုတင်၍ ခရိုင်ဦးစီးဌာန မှူးထံခွင့်ပြုချက်တောင်းခံပြီး ခရိုင်ဦးစီးဌာနမှူးမှ ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက် ရရှိမှသာ လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဆ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီဆောင်ရက်ခြင်း၊

(ဇ) ပြည်နယ်ဦးစီးမှူး၏ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ် ဆည်၊ သို့မဟုတ် ဘဝန်းကို စက်တင်ဘာလ ၁ ရက် မတိုင်မီ ချထားခြင်းမပြုရ။ သို့ရာတွင် ဖော်ပြပါဆည်များကို ဧပြီလ ၃၀ ရက်နေ့တွင် ကုန်စင်အောင်ဖယ်ရှားထားခြင်း၊

(ဈ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ပုစွန် ဖောင်ဖြင့် လုပ်ကိုင်ရာတွင် ချောင်းမြောင်းများ၌ သွားလာနိုင်ရန် မြစ်ချောင်းအင်းများ၌ လှေ၊ မော်တော်လမ်း လုံလောက်စွာထားရှိခြင်း၊

(ည) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်းရှိတင်ဒါငါးဖမ်းကွက်မှရေစီးရေလာ သည် အောက်ပိုင်းရှိ တင်ဒါငါးဖမ်းကွက်အတွင်းစီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာ ဆက်စပ်နေပါက

အောက်ပိုင်းရှိ တင်ဒါငါးဖမ်းကွက်ရရှိသူက မေတာရပ်ခံလာလျှင် အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဧပြီလ (၃၀) ရက်နေ့အထိ၊ ဆည်များ တားဆီး၍ ပိတ်ထားခြင်း၊

(ဋ) အထက်ပိုင်းရှိတင်ဒါငါးဖမ်းကွက်နှင့် အောက်ပိုင်ရှိတင်ဒါငါးဖမ်းကွက် ရေစီးရေလာဆက်စပ် နေပါက အထက်ပိုင်းမှအောက်ပိုင်းသို့လာသော ငါးများဖမ်းဆီးရန် အထက်ပိုင်းရှိတင်ဒါ ငါးဖမ်းကွက်တွင် အ၀ချုပ်ဆည် ကို အသုံးပြုခွင့်မရှိစေရ၊

(ဌ) ဂရန်အင်းအတွင်းမှ ဒိုက်မှော်တို့ကို ရှင်းလင်းဖယ်ရှားရာတွင် ဒီဇင်ဘာ (၃၁) ရက်နေ့မတိုင်မီ ရေကြောင်းလမ်းမှ မျှောချရှင်းလင်းခြင်း၊ ကြင်းကျန်ရှိနေသည့် ဒိုက်၊ မှော် တို့ကို ဇန်နဝါရီ လ(၃၁)ရက်နေ့မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးနားရှိသစ်ပင်များကို မထိခိုက်စေဘဲ တပို့တွဲ ဖေဖော်ဝါရီလကုန်ရက်မတိုင်မီ အကုန်အစင်ဖျက်ဆီးဖယ်ရှားခြင်း၊

(ဍ) ဂရန်အင်းအတွင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် ဧပြီလ (၁) ရက်နေ့ တွင် အနီးနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းခြင်း၊

(ဎ) ဘုန်းကြီးကျောင်းပရဝုဏ်မှ ကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(ဏ) ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းခြင်း သို့မ ဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကိုအသုံးပြု၍ ငါးဖမ်းခြင်းမပြုရ-

(၁) လက်ဆည်နှင့် ကတက်တုန်းများအပါအဝင်ဖြစ်သော ဆည်တမံတာရေးအမျိုးမျိုး၊ ၄င်း အပြင် မြင်းဝန်းဆည် သို့မဟုတ် အခြားဆည်များ၊ အောက်ခြေတွင် မြေနှင့်ဖြစ်စေ ဖျာရင်များနှင့်ဖြစ်စေ ပြုလုပ်ထားသောတမံများဖြင့်ဖမ်းဆီးခြင်း၊

(၂) ထူးများ၊ တုတ်များဖြင့်ရေထုတ်ခြင်းမှတစ်ပါး အခြားနည်းဖြင့်ရေထုတ်ခြင်း၊

(၃) ငါးများခိုအောင်းနိုင်စေရန် ဒိုက်၊ မှော်၊ ချုံ၊ သစ်ကိုင်း၊ ဂတုံး၊ တောင်းကဲ့သို့ အလားတူ အရာများချထားခြင်း၊

(၄) ပိုက်ကွက်ကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့်တစ်ခုအကြား ၁/၂ လက်မ အောက်လျော့သည့်ပိုက်များ၊

(၅) ငါးကြီးတွင်းများဖြင့်ဖမ်းဆီးခြင်း၊

(၆) ဂုန်နီ၊ ပိတ်စ၊ ပလပ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည် စသည်တို့ဖြင့် ရေလမ်းကြောင်း ပိတ်၍ ဖမ်းဆီးခြင်း၊

(၇) လျှပ်စစ်ဓါတ်ဖြင့် ငါးဖမ်းခြင်း၊

(၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများအသုံးပြု၍ ငါးဖမ်းခြင်း၊

(တ) ဦးစီးဌာနကအခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၆။ အငှားဂရန်ရရှိသူ၏ ဆောင်ရက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရက်သောလည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း တဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကိုဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ တို့၏သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူး မှတဆင့် ခရိုင်ဦးစီးဌာနမှူးထံဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍လျှောက်ထားလာလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ယင်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) ငါးဖမ်းဆီးလုပ်ကိုင်ခွင့်ရရှိထားသူသည် အင်းဂရန်စည်းကမ်းသတ်မှတ်သည့် ကာလအတွင်း ငါးဖမ်းဆီးခွင့်ရှိခြင်း။

(ဃ) တောချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်းချထားခြင်း၊ မြင်းဝန်းဆည်ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီချထားခြင်း၊

(င) အထက်ဆည်နှင့်အောက်ဆည် ရေစီးရေလာဆက်စပ်နေပါက အထက်ဆည်၏ နယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည်ခြေရင်း ရေပြင်ကို အောက်ဆည်အငှားဂရန်ရရှိသူက ပိုင်ဆိုင်ခွင့် ရှိခြင်း၊

(စ) တောချဆည်နှင့်မြင်းဝန်းဆည်ကို အထက်ပိုင်ရှိအငှားဂရန်ရရှိသူက အပိုဒ် ၅၅၊ အပိုဒ်ခွဲ (ဋ)နှင့်အညီ ပိတ်ဆို့ထားရန်ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက

ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ဆက်လက်လုပ်ကိုင်ခြင်းမရလျှင်အောက်ပိုင်းရှိအငှားဂရန် ရရှိသူကကျန်ရှိသောငါးလုပ်ငန်းရာသီအတွက် အထက်ပိုင်းရှိတင်ဒါငါးဖမ်းကွက်ကို ကျသင့် သော အခွန်အခ ပေးဆောင်၍ လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဆ) သီးသန့်အင်းနှင့် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရပြင် အထက်ပိုင်းရှိ တင်ဒါငါးဖမ်းကွက်တွင် အဝချုပ်ဆည်ကို တန်ခူးလပြည့်နေ့အထိ အသုံးပြုခွင့်ရှိခြင်း၊

(ဇ) မိမိတင်ဒါငါးဖမ်းကွက်အတွင်း အဝချုပ်ဆည်ကိုအသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ တင်ဒါငါးဖမ်းကွက်နှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်း ကွက်နှစ်ခုအကြား အမြဲတမ်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်းများ ချထားခွင့်မရှိခြင်း၊

(ဈ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်များအတွင်း တောချဆည်နှင့်အဝချုပ်ဆည်များ အပြင် အောက်ပါငါးဖမ်း ကိရိယာများကို အသုံးပြုနိုင်ခြင်း-

(၁) ထောင်ချောက်များ၊ (ထောင်ချောက်၏ အစိပ်အကျဲတစ်ခုနှင့်တစ်ခုသည် ၁/၂ လက်မ အောက် လျော့နည်းပါက ဖမ်းဆီးခွင့်မရှိစေရ)၊

(၂) ဂျမ်းများ၊

(၃) ဘဝန်းများ (၎င်းဘဝန်းများအတွင်း ကိုင်းရှးများကို ရေအောက်မြေပေါ်တွင် စိုက်ထား နိုင်သည်၊ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့်ရာသီကုနဆုံးသည့်အခါ ဖယ်ရှား ရမည်)၊

(၄) ပိုက်သီသောကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့်တစ်ခုအကြား ပိုက်ကွက် ၃/၄ လက်မအောက်မလျော့သော ပိုက်ကကများ၊

(၅) ဆောင်းများ၊

(၆) ငါးမျှားချိတ်များ၊

(၇) ပုစွန်ဖောင်များ၊

(၈) မြင်းဝန်းဆည်များ၊

(ည) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်လုပ်ကိုင်ခွင့်ကို ဤနည်းဥပဒေများတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် တင်ဒါငါးဖမ်းကွက်ကို ဒေသဓလေ့ထုံးစံနှင့်အညီဆောင်ရွက်နိုင်ခြင်း၊

(ဋ) အင်းဂရန်စည်းကမ်းချက်တွင် ခွင့်ပြုငါးဖမ်းရက်ထက်ကျော်လွန်ငါးဖမ်းဆီးခွင့်လျှောက်ထား ခြင်းကို ကျိုးကြောင်းခိုင်လုံပါက သတ်မှတ်ကာလမကုန်ဆုံးမီ (၃၀) ရက်ကြိုတင်၍ ပြည်နယ် ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံ တင်ပြလျှောက်ထားခွင့်ရှိခြင်း၊

(ဌ) နိုင်ငံတော်၏အကျိုးငှာ လိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း၊ သို့မဟုတ် ရပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း။

အခန်း (၉)
တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရက်ပိုင်ခွင့်များ

၅၇။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တင်ဒါလိုင်စင်ကို အမှန်တကယ်လုပ်ကိုင်လိုသူ မည်သူမဆိုတင်ဒါဆွဲဝယ်ခြင်းပြုခြင်း၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်တရပ်ရပ်ကိုဖေါက်ဖျက်သဖြင့် ဝန်ကြီးကတင်ဒါလိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင်ကျန်ရှိသည့် ငါးဖမ်းရာသီအတက် တင်ဒါငါးဖမ်းကွက်ကို ပြန်လည်တင်ဒါချထားရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုမှန်သမျှကို ပေးလျှော်ရန်တာဝန်ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါချက်၏အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားတစ်ဦးတစ်ယောက်အားလုပ်ကိုင်ခွင့်ပြုပါက ၄င်း၏လုပ်ကိုင်ဆောင်ရွက်ချက် များကို မိမိကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ တာဝန်ခံရခြင်း၊

(ဃ) ငါးဖမ်းလုပ်ကိုင်ခွင့်ရှိသည့် တင်ဒါချက်နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းခွင့်ရှိခြင်း၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် တင်ဒါစည်းကမ်းချက်တွင်ဖော်ပြထားသည့် ငါးဖမ်းဆီး ခွင့်ကာလအတွင်း ငါးဖမ်းဆီးခွင့်ရှိခြင်း၊

(စ) တင်ဒါလိုင်စင်စည်းကမ်းချက်ပါအတိုင်း ငါးဖမ်းကိရိယာများ ပြုပြင်တည်ဆောက်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို ငါးဖမ်းခွင့်ပြုရက်မတိုင်မီ (၃၀)ရက် ကြိုတင်၍ ခရိုင်ဦးစီးဌာနမှူးထံ ခွင့်ပြုချက်တောင်းခံပြီး ခရိုင်ဦးစီးဌာနမှူးမှ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဆ) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကိုအနှောက်အယှက်မဖြစ်စေရန်ဖယ်ရှားရခြင်း၊

(ဇ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့ ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင်မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားခြင်း၊

(ဈ) ဘုန်းကြီးကျောင်း ပရဝုဏ်မှ ကိုက် ၁၀၀ အတွင်းငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(ည) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညန်ကြားချက်များကို လိုက်နာခြင်း။

၅၈။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တင်ဒါချက်အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထပ်ဆင့်အငှားချထားပိုင်ခွင့်ရှိခြင်း၊

(ခ) နိုင်ငံတော်၏အကျိုးငှါလိုအပ်၍တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ဂ) တင်ဒါလိုင်စင်ရရှိသူကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစား အမွေခံ သို့မဟုတ် အမွေစား အမွေခံတို့၏သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီး ဌာနမှူးမှတဆင့် ခရင်ဦးစီးဌာနမှူးထံ ဆက်လက်၍ လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍လျှောက်ထားလာလျှင် ခရင်ဦးစီး ဌာနမှူးက စိစစ်ပြီး ၎င်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့်ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း။

အခန်း (၁၀)
ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရက်ပိုင်ခွင့်

၅၉။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏တာဝန်နှင့်ဆောင်ရက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့ ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင်မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့်နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျှော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

အခန်း (၁၁)
ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆၀။ ဝန်ကြီးသည် ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)အရ-

(က) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာပြောင်းလဲသတ်မှတ်ရမည်၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အဖြစ်မှပယ်ဖျက်ရာတွင် ပယ်ဖျက်သည့်ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၆၁။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွငရရှိသူတစ်ဦးက ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)အရ အရေးယူသည့်ကိစတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက သက်ဆိုင်ရာအငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့်ထပ်မံ အငှားချထားနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၆၂။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ) အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ္ဍာသို့ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသောငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်အခြားသက်သေခံ ပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့စည်းတစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထားလာပါက စိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း။

၆၃။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ် ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို ထိန်းသိမ်း ခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင်သို့မဟုတ် ငါးလုပ် ငန်းလုပ်ကိုင်ခွင့်ရရသူကလျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ခွင့်ပြုပါက ခံဝန် ငွေပမာဏနှင့် ပေးသွင်းရမည့်နေရာဒေသ သတ်မှတ်ပေးခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း။

၆၄။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ် ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်အခြားသက်သေခပစ္စည်းများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား ပြန်လည် ရေးယူခွင့်ပြုခြင်း၊

(ခ) အပိုဒ်ခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ်သည့် ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) အပိုဒ်ခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့်ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို ပေးဆောင်ရန် ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) အပိုဒ်ခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့်ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ်သည့် ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံပေးဆောင်းစေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေးပေးသွင်းခြင်းမပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်းမရှိပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုပယ်ဖျက်ခြင်း၊ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကိုဌာန၏တာဝန်ဖြင့် ထပ်မံ အငှားချ ထားခြင်း။

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူက အယူခံဝင်ရောက်လျှင် အယူခံတွင် ချမှတ် သည့်အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

အခန်း (၁၂)
ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆၅။ ပြည်နယ်ဦးစီးဌာနမှူးသည် အရစ်ကျပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့် ဒဏ်ကြေးနှင့် ရက်လွန်ကြေးကို သတ်မှတ်ပေးရမည်။

၆၆။ ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၁၅၊ အပိုဒ်ခွဲ(ဃ) နှင့် အပိုဒ် ၃၃၊ အပိုဒ်ခွဲ(ဂ) တို့အရ ရောင်းချ ၍မရနိုင်သော တင်ဒါငါးဖမ်းကွက် သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် တင်ပြလာသည့်ကိစ္စတွင် အောက်ပါအချက်များအပေါ် အခြေခံ၍စိစစ်ပြီး တင်ပြသည့်ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သောဈေးနှုန်းပြင်ဆင်သတ်မှတ်၍ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များချမှတ်ခြင်းတို့ကို ပြုလုပ်နိုင်သည်-

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန် ကျန်ရှိသည့်ကာလ၊

(ဃ) လွန်ခဲ့သော ၅ နှစ်ပျမ်းမ ဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ်ဈေးနှုန်း။

၆၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကိုကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစများကို ကြီးကြပ်ထိန်းသိမ်းရန် ဆောင်ရက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင်အခြေအနေများမပျက်စီးမပြုန်းတီးစေရန် အစီအမံများချမှတ်ဆောင်ရက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရက်ခြင်း၊

(င) ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်တွင်ခင့်ပြုသည့်ငါးဖမ်းရက်ကိုကျော်လွန်၍ ရာသီဉတုကြောင့် ဖြစ်စေ၊ သီးနှံစိုက်ပျိုးခြင်းကြောင့်ဖြစ်စေ၊ ကြေးတိုင်အင်းများ ငါးမျိုးချန်လုပ်ရန်ဖြစ်စေ ငါးဖမ်းရနခွင့်ပြုခြင်းကို စိစစ်၍ ဝန်ကြီးထံတင်ပြပြီး အတည်ပြုချက်ရယူခြင်း။

၆၈။ ပြည်နယ်ဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤလုပ်ထုံးလုပ်နည်းများအရ မိမိအားအပ်နှင်းသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကို-

(က) ကိုယ်တိုင်ကျင့်သုံးဆောင်ရက်နိုင်သည်၊

(ခ) အစိုးရအဖွဲ့နှင့်ဝန်ကြီး၏သဘောတူညီချက်ဖြင့် ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနရှိ ပြန်တမးဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ လွှအပ်ဆောင်ရက်နိုင်သည်။

အခန်း (၁၃)
ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၆၉။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် နိုင်ငံတော်၏အကျိုးငှာလိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း၊ သဘာဝဘေး

အန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာစေလျှင်သော်လည်းကောင်း အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရပ်သိမ်းခြင်းပြုသည့်အကြောင်းကြားစာ လက်ခံရရှိသည့်နေ့၊ ငါးထုတ်လုပ်မှုကိုနစ်နာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှတဆင့် ပြည်နယ်ဦးစီးဌာနမှူးထံသို့အဆင့်ဆင့် လျှောက်ထားနိုင်သည်-

(က) နိုင်ငံတော်အကျိုးငှာ လိုအပ်၍ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရပ်သိမ်းခြင်းခံရသည့် ကိစ္စဖြစ်လျှင် ရုံးအမိန့်စာ မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်းအခြေအနေတင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့် ထောက်ခံချက်များ။

၇၀။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၆၉ အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန်လျှောက်လွှာလက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့်အချက်များမှန်ကန်မှု ရှိ မရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးရမည်။

၇၁။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ-

(က) ရေကြီးခြင်း၊ရေလွှမ်းမိုးခြင်း၊ရေတိုက်စားခြင်းကြောင့်ငါးဖမ်းကိရိယာများရေမျောပါသွားခြင်း၊

(ခ) နုံးမြေများတင်လာ၍ တင်ဒါငါးဖမ်းကွက်များပျက်စီးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက်အတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက် ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း။

၇၂။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေထုတ်ပေးရန်လျှောက်လွှာအမှုတွဲကိုစိစစ်ပြီး မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံတင်ပြရမည်-

(က) မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏဖြစ်လျှင် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်၊

(ခ) မိမိထုတ်ပေးပိုင်ခွင့်မရှိသော ပြန်အမ်းငွေပမာဏဖြစ်လျှင် သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်စီးဌာနမှူးမှတဆင့် ဝန်ကြီးထံ အဆင့်ဆင့် တင်ပြရမည်။

၇၃။ ဝန်ကြီး၏စိစစ်ခွင့်ပြုချက်ဖြင့် ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ ၇၂ အရ ပြန်အမ်းငွေ ပြန်လည် ထုတ်ပေးရန်လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၇၄။ (က) ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ရရှိပါက ပြန်အမ်းငွေပြန်လည်ထုတ် ပေးရန် ခရင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) ခရင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန်ငြင်းပယ်ခြင်းခံရလျှင် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၇၅။ ခရင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံ စာကို ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

အခန်း (၁၄)
ကြွေးကျန်များကောက်ခံခြင်း

၇၆။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာနှင့် စပ်လျဉ်း၍လည်းကောင်း၊ အရစ်ကျပေးဆောင်ရန် အငှားချထားသည့် ဂရန်အင်း တင်ဒါငါးဖမ်းကွက်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အင်းခွန်တင်ဒါကြေး၊ လိုင်စင်ခနှင့်ဒဏ်ကြေးများကို ဥပဒေပုဒ်မ ၄၅ အရ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါ အတိုင်းဆောင်ရက်ရမည်-

(က) ငါးလုပ်ငန်းလုပ်ကင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သိမဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့်အချိန်ကာလအတွင်းပေးဆောင်စေရန် အကြောင်း ကြားခြင်း၊

(ခ) အပိုဒ်ခွဲ(က)အရ သတ်မှတ်သည့်အချိန်ကာလအတွင်းပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ်မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်း ၍ ရောင်းချခြင်း၊

(ဃ) အပိုဒ်ခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့်ကုန်ကျစရိတ်များကိုနုတ်ယူ၍ ပိုငွေကိုပျက်ကွက်သူအားပြန်လည် ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့်အခွန်ငွေမပြည့်မီပါက ကျန်ရှိသည် အခွန်ငွေအတွက် ပျက်ကွက်သူပိုင်မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ် သိမ်းဆည်းရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းရောင်းချရာတွင် ရရှိသည့်ငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့်ကုန်ကျစရိတ်မ|ားကို နုတ်ယူ၍ ပိုငွေကိုပျက်ကွက်သူအားပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေမပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် အာမခံတင်သွင်းထားသူ၏ပစ္စည်း ကို ရောင်းချခြင်း၊ ပိုငွေရှိလျှင် အာမခံတင်သွင်းထားသူအား ပြန်လည်ပေးအပ်ခြင်း။

၇၇။ ပြည်နယ်ဦးစီးဌာနမှူးသည် အပိုဒ် ၇၆၊ အပိုဒ်ခွဲ(က)အရ ပျက်ကွက်သူထံ အကြောင်းကြားစာကို အောက်ပါ နည်းလမ်းအတိုင်း ပေးအပ်ရမည်–

(က) ပျက်ကွက်သူသို့ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ကိုယ်စားလှယ်သို့ပေးအပ်ခြင်း၊

(ဂ) ပျကကွက်သူနှင့်သာမန်အားဖြင့် အတူတကွနေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူ တစ်ဦးဦးသို့ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါနည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့်ပေးအပ်၍မရပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးထံအကြောင်းကြား၍ပျက်ကွက်သူနေထိုင်သောနေအိမ်ရှေ့တွင်အကြောင်းကြားစာကပ်ထားခြင်း။

၇၈။ အကြောင်းကြားစာတွင် အောက်ပါအချက်များထည့်သွင်းဖော်ပြရမည်–

(က) ပျက်ကွက်သူမှ ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူကပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှနောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူထံပေးဆောင်ရမည်။

၇၉။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို လေလံတင်ရောင်းချ ရာတွင်-

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး ၁၅ ရက်ကြိုတင်၍ လေလံကြော်ငြာစာဖြင့် ကြေညာရမည်၊

(ခ) အပိုဒ်ခွဲ(က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့်ပစ္စည်းနှင့်စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်ဆိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည် စသည့်အချက်များနှင့်တကွ လေလံတင်ရောင်းချမည့်နေ့ရက်၊ အချိန်၊ နေရာနှင့်စည်းကမ်းချက်များကိုဖော်ပြရမည်၊

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်၊

(ဃ) လေလံဆွဲဝယ်မည့်သူမရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ မြေခွန်မပြေကျန်ငွေ နှင့် ကုန်ကျစရိတ်အောက် လျော့နည်းနေလျှင်ဖြစ်စေ လေလံပွဲကိုရွှေ့ဆိုင်း၍ ထပ်မံလေလံ တင်ရောင်းချရမည်၊

(င) ရရှိသည့်ငွေမှရရှိရန်ရှိသော မြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ်ကိုနှုတ်ယူ၍ ဘဏ္ဍာသို့ ပေးသွင်းပြီး ပိုငွေကို ပျက်ကက်သူသို့ ပြန်လည်ပေးအပ်ရမည်။

အခန်း (၁၅)
အထွေထွေ

၈၀။ ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေပုဒ်မ ၇ နှင့် ၉ အရ အငှားဂရန် ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပြုခြင်းတို့ကို ဆောင်ရက်ရာတွင်-

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖအစည်း၏ သဘောထားမှတ်ချက်ရယူရမည်၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှလုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသောအချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၈၁။ ပြည်နယ်ဦးစီးဌာနမှူးသည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင်ထိန်းသိမ်းထားခြင်းတို့ကို ဆောင်ရက်ရမည်။

၈၂။ ပြည်နယ်ဦးစီးဌာနမှူးသည် နှစ်စဉ်ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များ ပါဝင်သော အစီရင်ခံစာတစ်စောင်ကို ရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးသို့တင်ပြရမည်-

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှားချထားမှုအခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှုအခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှုအခြေအနေ၊

(ဃ) ဥပဒေအရအရေးယူဆောင်ရက်မှုအခြေအနေ၊

(င) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသောပစ္စည်းများနှင စပ်လျဉ်း၍ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရက်မှုအခြေအနေ၊

(စ) ဂရန်အင်း တင်ဒါငါးဖမ်းကွက်နယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှုအခြေအနေ၊

(ဆ) နောင်လာမည့်ငါးဖမ်းရာသီတွင် ငါးဖမ်းလုပ်ငန်းဆောင်ရွက်မည့်စီမံချက်။

၈၃။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့်ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်း ပညာစာအုပ်စာတမ်းများဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသနစာတမ်းများဖတ်ကြားခြင်း တို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၈၄။ (က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)အရ ဝန်ကြီးက တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင် ယင်းသို့ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာလက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကိုရပ်ဆိုင်းပြီး သက်ဆိုင်ရာဦးစီး

ဌာန မှူးထံ သက်ဆိုင်ရာအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့် ပြုသည့်နေရာဒေသမှ ၇ ရက်အတွင်း ထွက်ခွာပေးရမည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ(က)အရ ဆောင်ရက်ရန် ပျက်ကွက်ပါက ဥပဒေ ပုဒ်မ ၁၅ (ခ) အရ ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၈၅။ ပြည်နယ်ဦးစီးဌာနမှူးသည် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင်သောကိစ္စရပ်များ ကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများသတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီခွင့်ပြုခြင်း ဆောင်ရွက်နိုင်သည်။

၈၆။ ပြည်နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ် အတိုင်းအတာ ကို သတ်မှတ်ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာဖော်ပြရမည်၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက ဥပဒေပုဒ်မ ၁၇ (ခ) အရ သက်ဆိုင်ရာအစိုးရဌာနနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြရပါမည်၊

(ဂ) အပိုဒ်ခွဲ(က) သို့မဟုတ် အပိုဒ်ခွဲ(ခ)အရသတ်မှတ်ထားခြင်းမရှိလျှင် ယခင်ကလုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်းဖြစ်စေရမည်။

၈၇။ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် သာမန်လုပ်သားပြည်သူများ ဝမ်းစာရှာဖွေစားသောက်ရန် အခွန်လွတ်ငါးဖမ်းကိရိယာအဖြစ် အောက်ပါတို့ကို ခွင့်ပြုသတ်မှတ်ပေးမည်–

(က)	လက်ထွန် လူတစ်ဦးလျှင်	(၃) လက်
(ခ)	ကိုင်းထောက် လူတစ်ဦးလျှင်	(၁၀) ခု
(ဂ)	ထောင်ကျင်း (သို့မဟုတ်) တိုင်ထောင်ငါးမျှား လူတစ်ဦးလျှင်	(၃) ခု
(ဃ)	ငါးမျှားတန်း လူတစ်ဦးလျှင်(ငါးမျှားချိတ် ၂၀ ထက်မပိုရ)	(၁) တန်း
(င)	ဘူးမျှော လူတစ်ဦးလျှင်	(၃) ခု
(စ)	လက်ပစ်ကွန်(သို့မဟုတ်)ကွန်စိပ် လူတစ်ဦးလျှင်	(၁)လက်

မျက်နှာ၁၀ (၇)တောင်ထက်မပိုရ၊(လေ့မသုံးရ)

(ဆ) ရင်တွန်း လူတစ်ဦးလျှင် အဝ(၃)တောင်ထက်မပိုရ (၁) ခု

(ဇ) ဂေါ်ခပ်(သို့မဟုတ်) ယက်သဲ့ အဝန်း ၂ တောင်ထက်မပိုရ (၁) ခု

(ဈ) မြှုးငယ်အမျိုးမျိုး(ပုစွန်မြှုး/ခရာမြှုး စသည်) လူတစ်ဦးလျှင် (၂၀) လုံး

(ည) မြှုးကြီး(ရေချို) လူတစ်ဦးလျှင် (၃) လုံး

(ဋ) တုပ်(သို့မဟုတ်) ကုပ်ကတုံး လူတစ်ဦးလျှင် (၃) ခု

(ဌ) လုံ့ထိုး လူတစ်ဦးလျှင် (၁) ခု

(ဍ) ဆောင်း(သို့မဟုတ်)ဆောင်းအုပ် လူတစ်ဦးလျှင် (၁) လက်

(ဎ) ပေါ်ခပ် အဝန်း ၃ တောင် လူတစ်ဦးလျှင် (၁) ခု

၈၈။ ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့်စပ်လျှဉ်း၍ ဤရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

(စောမြင့်ဦး)
ပြည်နယ်ဝန်ကြီး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စာအမှတ်၊ /စိုက်-မွေး/၂၀၁၆-၂၀၁၇
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ လ ( ) ရက်

မိတ္တူကို-

၁။ ဝန်ကြီးချုပ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဘားအံမြို့။

၂။ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်၊ ဘားအံမြို့။

၃။ ပြည်နယ်ဥပဒေချုပ်၊ ဘားအံမြို့။

၄။ ရုံးလက်ခံ/မျှောစာတွဲ။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မကွေးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်း နည်းဥပဒေများ

၂၀၁၇ ခုနှစ်၊ ဇူလိုင် လ (၄) ရက်

(အမိန့်ကြော်ငြာစာအမှတ်၊၃၆/၂၀၁၇)

၁၃၇၉ခုနှစ် ဝါဆိုလဆန်း (၁၁)ရက်

(၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၄)ရက်)

နိဒါန်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၆၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)

အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေများဟု ခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေကို ဆိုသည်။

(ခ) **တင်ဒါငါးဖမ်းကွက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်း ရေပြင်တွင် တင်ဒါလိုင်စင် ချထား၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ပြုသည့် ငါးဖမ်းကွက် ကိုဆိုသည်။

(ဂ) **အခိုင်အမာအတားအဆီး**ဆိုသည်မှာသဘာဝအလျောက်ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချိုငါးလုပ်ငန်းရေပြင်တွင်ရေစီးရေလာအဟန့်အတားဖြစ်စေရန်လူတို့ကအခိုင်အမာ ပြုလုပ်ထားသော အတားအဆီး တစ်ခုခုကိုဆိုသည်။

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့်ပုံစံ ကိုဆိုသည်။

အခန်း (၂)

အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ်ဧပြီလ(တန်ခူးလ)အတွင်းတွင် စတင်ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် လေလံတင်ရောင်းချနိုင်ရန်အောက်ပါပုဂ္ဂိုလ်များပါဝင်သောဂရန်အင်းများ လေလံတင် ရောင်းခရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(၁)	သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး	ဥက္ကဋ္ဌ
(၂)	ဂရန်အင်းတည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး	အဖွဲ့ဝင်
(၃)	တိုင်းဒေသကြီးဦးစီးဌာနမှူး က တာဝန်ပေးအပ်ခြင်းခံရသည့်ဝန်ထမ်းတစ်ဦး	အဖွဲ့ဝင်

(ခ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းထားသောဂရန်အင်းများလေလံတင်ရောင်းချရေး အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများကို တစ်နှစ်ကာလ အတွက် ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က လေလံတင် ရောင်းချမည့် အစီအစဉ် ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက ဂရန်အင်း လေလံ တင် ရောင်းချမည့် ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ လေလံ ကြော်ငြာ ပုံစံ (၁) ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချပါက ဂရန်အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီအနည်းဆုံး၁၅ရက် ကြိုတင်၍ လေလံ ကြော်ငြာ ပုံစံ (၁) ဖြင့် မြို့နယ်အတွင်း ကြေညာရမည် -

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း။

၆။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်းလေလံ ဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ ပုံစံ(၂) တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၂) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ရမည် -

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့်သုံးနှစ်အတွင်းရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရဖူးသူ မဟုတ်ခြင်း။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ ပုံစံ (၂) ကို နည်းဥပဒေ ၇ အရစိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူး ထံ ဆက်လက်တင်ပြရမည် -

(က) လျှောက်လွှာကိုငြင်းပယ်လျှင်ယင်းသို့ငြင်းပယ်သည့်ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကိုလက်ခံလျှင်ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ။

၉။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၈ အရ တင်ပြလာသော လျှောက်လွှာ ကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သောလျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၃)ကို လေလံပွဲမစမီ အနည်းဆုံးတစ်ရက် ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် -

(က) မိမိ လျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့် ရှိသည်။

(ခ) မိမိလျှောက်ထားသည့်ဂရန်အင်းအတွက် လေလံဝင်ရောက် ဆွဲဝယ်မှုမရှိလျှင် သော်လည်းကောင်း၊ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ သတ်မှတ်

သည့် လေလံကြေးငွေများကို တင်ပြမှုမရှိလျှင် သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း သုံးနှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်း ခံရမည်။

- ၄ -

၁၂။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင် ရောင်းချခြင်း မပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ ဂရန်အင်းတစ်ခုစီ အတွက် လေလံကြမ်းခင်း ဈေးကို သတ်မှတ် ပေးရမည် -

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ်ပျမ်းမျှဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်း ပျက်စီးတိမ်ကောခြင်းရှိ မရှိ။

၁၃။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချ ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင် ရောင်းချ ခြင်း အမှုတွဲ <u>ပုံစံ (၄)</u> ဖွင့်လှစ် ထားရှိခြင်း၊

(ခ) နှစ်ရှည်အငှားဂရန်ချထားမည့် အင်းဖြစ်ပါကအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များ၊ရောင်းချမည့် ဂရန်အင်း တစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဃ) ဂရန်အင်း လေလံတင် ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ယူခွင့်ရရှိသူတစ်ဦးဦးကိုသော်လည်းကောင်း၊ဈေးနှုန်း ပေးထားခြင်း ကို သော်လည်းကောင်း အကြောင်းပြချက်မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ငြင်းပယ်ခြင်းသို့မဟုတ်တားမြစ်ခြင်းပြုသည့်ကျိုးကြောင်း ဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူများအား ဂရန်အင်းများ လေလံတင် ရောင်းချရေး အဖွဲ့က သတ်မှတ်ထားသည့် ကြိုတင်ငွေကို တင်ပြပြီးမှသာ လေလံဆွဲ ဝယ်ခွင့်ပြုခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေးထက်များစွာကျော်လွန်ပြီးဈေးနှုန်းပေးပါကလေလံဆွဲဝယ်ခွင့်ရရှိသူများကိုသတိပေး၍ သက်ဆိုင်သည့် ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ထိုသို့ရပ်ဆိုင်းပြီးနောက်နေ့ချင်း ပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင်အပြိုင်အဆိုင်ဆက်လက်ဆွဲဝယ်နေပါကဂရန်အင်းလေလံတင် ရောင်းချခြင်းကိုရပ်ဆိုင်း၍ယင်းနေ့တွင်အိတ်ဖွင့်တင်ဒါတင်သွင်းစေပြီး အငှားချထားခြင်း၊

(ဇ) ဂရန်အင်းလေလံတင်ရောင်းချရာတွင်ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အငှားချထားခြင်း၊

(ဈ) လေလံဆွဲဝယ်ခွင့်ရရှိသူအားလေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေပေးဆောင်စေခြင်း၊ ပေးဆောင်ရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့်ဂရန်အင်းကို ဒုတိယအကြိမ် ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ည) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကလေလံဆွဲဝယ်သည့်ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင် ရောင်းချသည့်နေ့မှ ခုနှစ်ရက်အတွင်း မျဉ်းသားချက် လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ် ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသောခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဋ) လေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ရှေ့သို့ တင်ပြသည့် ငွေများကို သက်ဆိုင်ရာဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဌ) လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဍ) အကြောင်းတစ်စုံတစ်ရာကြောင့် လေလံကြေးငွေများကိုဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက လေလံကြေးငွေများကို သေတ္တာထဲတွင် ထည့်၍လုံခြုံစွာ

သော့ခတ်ချိတ်ပိတ်ပြီး ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံးဘဏ်ဖွင့်ရက်တွင်ဘဏ်သို့ ပေးသွင်းနိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဃ) လေလံဆွဲဝယ်ယူရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန်အင်း လေလံတင် ရောင်းချသည့်ဈေးနှုန်းကိုရေးသွင်း၍ ဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင်တွဲထားခြင်း။

၁၄။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိဂရန်အင်းများလေလံရောင်းချခြင်း ပြီးသည့်အခါ ဂရန်အင်းလေလံတင် ရောင်းချခြင်း ပြီးစီးကြောင်း တင်ပြစာ ပုံစံ(၅)တွင် ပြည့်စုံစွာရေးသွင်း၍ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက် ရယူနိုင်ရန် တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက လေလံဆွဲဝယ် သည့်နေ့မှ ၁၅ရက် အတွင်း အငှားဂရန် ပုံစံ(၆)ကို လေလံဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းကိုတိုင်းဒေသကြီး ဦးစီးဌာနမှူး၏ အတည်ပြုချက်ရယူ၍ ဂရန်အင်းတစ်ခုတည်း အနေဖြင့် သတ်မှတ်၍ ရောင်းချရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိဂရန်အင်းများကို သုံးကြိမ်ထိ လေလံတင် ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်း ဈေးမမီပါက ကျိုးကြောင်းဖော်ပြလျက် တိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြ၍ အတည်ပြုချက်ရရှိပါက အဆိုပါ ဂရန်အင်းကို ချိတ်ပိတ်တင်ဒါ စနစ်ဖြင့် ရောင်းချရမည်။

(ဂ) အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် ယင်းဂရန်အင်းကို လေလံထပ်မံမပစ်ဘဲ ဂရန်အင်းနှင့် ဆက်စပ်လျက် ရှိသော အောက်ပိုင်းရှိ အငှားဂရန်ရရှိသူအား သတ်မှတ်ဈေးကိုပေးသွင်းစေပြီး တိုင်းဒေသကြီးဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ဃ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍ မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူတိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြရမည်။

အခန်း(၃)

နှစ်ရှည် အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၆။ (က) မြို့နယ်ဦးစီးဌာနမှူးသည်ဂရန်အင်းတစ်ခုခုကိုနှစ်ရှည်အငှားဂရန်အဖြစ်သတ်မှတ်သင့်သည်ဟုသဘောရရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည်အငှားဂရန်လျှောက်ထားလာလျှင်ဖြစ်စေ သက်ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီးကျိုးကြောင်းဖော်ပြလျက်ခရိုင်ဦးစီးဌာနမှူးထံတင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည်အပိုဒ်ခွဲ(က)အရမြို့နယ်ဦးစီးဌာနမှူး၏တင်ပြချက်အပေါ် စိစစ်ပြီးသဘောထားမှတ်ချက်နှင့်အတူတိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြရမည်။

၁၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန်လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍စိစစ်ပြီး အစိုးရအဖွဲ့ထံတင်ပြရမည် -

(က) ဂရန်အင်းကိုပျက်စီးတိမ်ကောခြင်းမှကာကွယ်ထိန်းသိမ်းရန်လိုအပ်ခြင်း၊

(ခ) လျှောက်ထားသည့်ဂရန်အင်း၏ လွန်ခဲ့သောငါးနှစ်က အင်းခွန်နှုန်းထားများ တည်ငြိမ်မှုရှိခြင်း၊

(ဂ) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည့် အခြေအနေ ရှိခြင်း။

၁၈။ (က) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နှစ်ရှည်အငှားဂရန်ကို ခွင့်ပြုလျှင် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က) အရ တိုင်းဒေသကြီးဦးစီး ဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ အငှားဂရန် <u>ပုံစံ(၆)</u>ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နိုင်ငံတော်၏အကျိုးငှာလိုအပ်ပါက နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်းကို ငြင်းပယ်ပြီး ယင်းဂရန်အင်းကို နှစ်ရှည်အငှားဂရန် ချထားမည်ဟု သတ်မှတ်ကြေညာ၍ ဈေးပြိုင်စနစ်ဖြင့် နှစ်ရှည်အငှားဂရန် ချထားနိုင်သည်။

၁၉။ တိုင်းဒေသကြီးဦးစီးမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် ချထားသည့်အခါ အောက်ပါ အချက်များကို သတ်မှတ်ပေးရမည် -

(က) အငှားဂရန်ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ပြုပြင်ရမည့်အချိန်၊ကာလ၊နေရာနှင့် ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေး ရမည့် ဂရန်အင်း တန်ဖိုးငွေ ရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ။

- ၈ -

အခန်း(၄)

တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိတင်ဒါငါးဖမ်းကွက်များကို ခရိုင်အလိုက် တင်ဒါလိုင်စင်ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တင်ဒါလိုင်စင်ချထားရေး အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(၁)	သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး	ဥက္ကဋ္ဌ
(၂)	တင်ဒါငါးဖမ်းကွက်တည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး	အဖွဲ့ဝင်
(၃)	တိုင်းဒေသကြီးဦးစီးဌာနမှူးက တာဝန် ပေးအပ်ခြင်းခံရသည့်ဝန်ထမ်းတစ်ဦး	အဖွဲ့ဝင်

(ခ) အပိုဒ်ခွဲ(က)အရဖွဲ့စည်းသောတင်ဒါလိုင်စင်ချထားရေးအဖွဲ့ကိုလိုအပ်ပါကပြင်ဆင် ဖွဲ့စည်း နိုင်သည်။

၂၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တစ်နှစ်ကာလ အတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် အစီအစဉ် ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးထံတင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့်ရက်မတိုင်မီ ရက်ပေါင်း၃၀ကြိုတင်၍တင်ဒါကြော်ငြာပုံစံ(၇)ဖြင့်မြို့နယ်အတွင်းကြေညာရမည်။

(ဂ) တင်ဒါငါးဖမ်းကွက် အသစ်တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက်ရေယာ သတ်မှတ်ချက်ကို ကန့်ကွက်ရန်ရှိမရှိ တင်ဒါကြော်ငြာသည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင် ကြေညာရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူးထံတင်ပြ၍ အဆုံးအဖြတ် ရယူရမည်။

(င) နည်းဥပဒေခွဲ(ဃ)အရ ခရိုင်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါ ငါးဖမ်းကွက် အသစ်ကို တင်ဒါလိုင်စင် ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း၃၀ ကြိုတင်၍ တင်ဒါ ကြော်ငြာပုံစံ(၇)ဖြင့် မြို့နယ်အတွင်းကြေညာ ရမည်။

၂၂။ တင်ဒါငါးဖမ်းကွက် တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာပုံစံ(၈)တွင် အချက်အလက်များကိုပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၃။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာပုံစံ(၈) လက်ခံ ရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ရမည် -

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သောသုံးနှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရဖူးသူ မဟုတ်ခြင်း။

၂၄။ မြို့နယ်ဦးစီးဌာနမှူးသည်တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို နည်းဥပဒေ၂၃အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည် -

(က) လျှောက်လွှာကိုငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့်ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကိုလက်ခံလျှင်တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးနိုင်ရန် ထောက်ခံ တင်ပြချက်များ၊

၂၅။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ၂၄အရတင်ပြလာသော လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါကတင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၉) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သောလျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီအကြောင်းကြားရမည်။

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၉)ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ အနည်းဆုံး တစ်ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၇။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသာလျှင် မိမိလျှောက်ထားသည့်တင်ဒါငါးဖမ်းကွက် အတွက် တင်ဒါဆွဲဝယ်ခွင့်ရှိသည်။

၂၈။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည်တင်ဒါလိုင်စင်ချထားခြင်းမပြုမီအောက်ပါအချက်များ အပေါ်အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါကြမ်းခင်းဈေးကို သတ်မှတ် ပေးရမည် -

(က) အငှားချထားသည့်တင်ဒါငါးဖမ်းကွက်၏လွန်ခဲ့သောငါးနှစ်ပျမ်းမျှဈေးနှုန်း၊

(ခ) အငှားချ ထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိ အခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်းရှိ မရှိ။

၂၉။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် မိမိ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်း တို့ကို ရေးသွင်း၍ စာအိတ်အတွင်း ထည့်သွင်းပြီး တင်ဒါလိုင်စင်ချ ထားမည့် နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည် ခေါ်သည့် အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ထံ ကိုယ်တိုင်တင်သွင်းရမည်။

၃၀။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက် ရောင်းချခြင်း အမှုတွဲ ပုံစံ (၁၀) ဖွင့်လှစ်ထားခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင် ချထားမည့် တင်ဒါငါးဖမ်းကွက် သတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကိုကြေညာထားသည့်အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းကြရန်ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ယူထားသူဦးရေနှင့် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(င) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်းငွေပမာဏကို တင်ဒါလိုင်စင်ချထားရေး အဖွဲ့ရှေ့သို့ တင်ပြစေခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(စ) လိုလေ ာက်သေ ာအကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူတစ်ဦးဦးကို သော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း အကြောင်းပြချက်မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီးတိုင်းဒေသကြီး ဦးစီးဌာနမှူးထံတင်ပြခြင်း၊

(ဆ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းသူများအမည်နှင့်ပေးထားသည့်ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဇ) တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက တင်ဒါဆွဲဝယ်ရရှိသူအားလုံးကိုဈေးနှုန်း ထပ်မံတိုးမြှင့် ပေးရန် ယင်းနေ့တွင်ပင် ချိတ်ပိတ် တင်ဒါတင်သွင်းစေခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်းထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံး ပေးသူ အားတင်ဒါလိုင်စင်ချထားခြင်း၊

(ည) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့သို့ တင်ပြသည့် တင်ဒါကြေးများကိုသက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဋ) တင်ဒါကြေးကို ဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက် ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကိုဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါကြေးကို သေတ္တာထဲတွင်ထည့်၍ လုံခြုံစွာ သော့ခတ် ချိတ်ပိတ်ပြီး တင်ဒါလိုင်စင် ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးကလက်မှတ် ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံး ဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ ပေးသွင်းနိုင်ရေး အတွက် ဆောင်ရွက်ခြင်း၊

(ဍ) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား သုံးကြိမ်ထိ ချိတ်ပိတ် တင်ဒါတင်သွင်းစေခြင်း၊

(ဎ) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း သုံးကြိမ်ထိထပ်မံတူညီနေပါက ဈေးပြိုင်စနစ် ကို ကျင့်သုံးခြင်း၊

(ဏ) တင်ဒါဝယ်ယူရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထား သည့်တင်ဒါဈေးနှုန်းကိုရေးသွင်း၍တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(တ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်း မမီကြောင်းရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကိုတင်ဒါလိုင်စင် ချထား ခြင်းပြီးသည့်အခါတင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်း တင်ပြစာပုံစံ(၁၁) တွင်

ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြ ရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါလိုင်စင် ချထား သည့်နေ့မှ ရက်ပေါင်း၃၀အတွင်း သက်ဆိုင်ရာ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေပေးသွင်းစေပြီး တင်ဒါလိုင်စင် ပုံစံ(၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၃၂။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင် ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက ကျိုးကြောင်းဖော်ပြလျက် တိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြပြီး ညွှန်ကြားချက်နှင့်အညီ အဆိုပါ တင်ဒါငါးဖမ်းကွက်များကို ထပ်မံတင်ဒါခေါ်ယူ၍ တင်ဒါလိုင်စင်ချထားရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍မရနိုင်သော တင်ဒါ ငါးဖမ်းကွက်များကိုပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်နိုင်ရန်မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

အခန်း (၅)
ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၃။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသောမြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင် ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုကိုအသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကြေညာသည့်နေ့မှရက်ပေါင်း၃၀အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ဝါခေါင်လပြည့်ကျော်၁၀ရက်နေ့တွင် ကြော်ငြာစာ ထုတ်ရမည်။

၃၄။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင် လိုသူသည် ငါးဖမ်း ကိရိယာလိုင်စင်ရရှိရန် နည်းဥပဒေ၃၃အရ သတ်မှတ်သည့်ရက်အတွင်း ငါးဖမ်းကိရိယာ လိုင်စင်လျှောက်လွှာ <u>ပုံစံ(၁၃)</u>တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၅။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ကြော်ငြာစာတွင်ဖော်ပြထားသည့် သက်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက်ထား သူများ၏ စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူစာရင်း <u>ပုံစံ(၁၄)ဖြင့်</u> ပြုစုရမည်။

(ခ) ပုံစံ(၁၄)တွင်ယခင်နှစ်ကငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လိုသူများ ပါဝင်ခြင်းရှိမရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်းအတာမှန်မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်းမရှိဘဲလုပ်ကိုင် နေသူများရှိမရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ပုံစံ(၁၄)စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေကောက်ခံပြီး ငါးဖမ်းကိရိယာလိုင်စင် ပုံစံ(၁၅)ကို ထုတ်ပေးရမည်။

(ခ) အပိုဒ်ခွဲ(က)အရလိုင်စင်ထုတ်ပေးထားသူများ အမည်စာရင်းကို ငါးဖမ်းကိရိယာ လိုင်စင်ထုတ်ပေးထားသူများ စာရင်းပုံစံ(၁၆)ဖြင့် လစဉ်ပြုစု၍ ငါးလုပ်ငန်း ဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီ ပေးပို့ပြီးကျန် တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၃၇။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ၃၆နည်းဥပဒေခွဲ(က)အရ ငါးဖမ်းကိရိယာလိုင်စင်ခကောက်ခံရာတွင်-

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက်သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားနှင့် အကျုံးမဝင်သောငါးဖမ်းကိရိယာကိုအနီးစပ်ဆုံးတူညီသည့်ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်းအတိုင်း ကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲ အသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင်ရမည့် ငါးဖမ်းကိရိယာ နှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာ လိုင်စင်ခ များကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာ ဘဏ်သို့ ပေးသွင်းရမည်။

၃၈။ ဦးစီးဌာနသည် ၅/-၊၁၀/-၊၅၀/-၊ ၁၀၀/- ၊ ၂၀၀/- ၊ ၅၀၀/- စသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာ လိုင်စင်ပုံစံ (၁၅) ကို အသုံးပြုရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ၃၈အရ လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခ တန်ဖိုးငွေ ပြည့်မီအောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရလိုင်စင်ပုံစံကိုတစ်ခုထက်ပို၍အသုံးပြုပါကပူးတွဲ ထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ လိုင်စင် တန်ဖိုးကို ဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာ အမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာအမျိုးအစားကို အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခကို ထပ်မံကောက်ခံရမည်။

၄၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစား အလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးဌာနမှူးများအားထုတ်ပေးရမည်။ စာရင်းမိတ္တူတစ်စောင် ကို ခရိုင်ဦးစီးဌာနမှူးထံပေးပို့ရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံသုံးစွဲမှုစာရင်းများကိုငါးဖမ်းကိရိယာလိုင်စင်အရအသုံး မှတ်ပုံတင် ပုံစံ(၁၇)ဖြင့် စနစ်တကျ ထိန်းသိမ်း ထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေး ထားရှိမှု မှတ်ပုံတင်ပုံစံ(၁၈)တွင် အချက်အလက်များကိုပြည့်စုံစွာ ရေးသွင်း ဖော်ပြပြီး ထိန်းသိမ်းထားရမည်။

၄၂။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း ပုံစံ(၁၉)ကိုပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး၊ခရိုင်ဦးစီးဌာနသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင် ကို ရုံးလက်ခံအဖြစ် ထားရမည်။

၄၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) ယခင်လလချုပ်စာရင်းမှ လက်ကျန်အဖြစ် ဖော်ပြထားသည့်ငွေများ နှင့်လက်ခံရရှိသည့် လချုပ်စာရင်းတွင်ဖော်ပြထားသော စာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီမှန်ကန်မှုရှိမရှိ စစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် တိုင်းဒေသကြီးရုံးမှ ပေးပို့ ထားသော လိုင်စင်ပုံစံများ ကိုက်ညီမှန်ကန်မှုရှိမရှိစစ်ဆေးရမည်။

(ဂ) လိုင်စင်ခများဘဏ်သို့ပေးသွင်းခြင်းရှိမရှိ၊တိုင်းဒေသကြီးရုံးရှိစာရင်းနှင့်တိုက်ဆိုင် စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကို လည်းကောင်း၊ ဘဏ်သို့ပေးသွင်းပြီးသည့်ငွေကိုလည်းကောင်း၊ တိုင်းဒေသကြီးရုံး ရှိ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစု ထားရမည်။

(င) နည်းဥပဒေခွဲ(က) မှ နည်းဥပဒေခွဲ (ဂ)ပါ စစ်ဆေးရမည့် လုပ်ငန်းတာဝန် များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန်ပေးအပ်နိုင်သည်။

အခန်း (၆)

နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၄။ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာပုံစံ(၂၁)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းပြီး တိုင်းဒေသကြီးဦးစီးမှူးထံ လျှောက်ထားရမည်။

၄၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ၄၄အရလျှောက်လွှာ လက်ခံရရှိပါက စိစစ်ပြီး ခွင့်ပြုသင့်သည်ဟုယူဆလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပေးဆောင်စေသင့်သည့် နိုင်ငံခြားငွေအမျိုးအစားနှင့်ဈေးနှုန်းတို့ကိုဖော်ပြပြီး ဝန်ကြီးထံတင်ပြရမည်။

၄၆။ ဝန်ကြီးသည် နည်းဥပဒေ၄၅အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် လျှောက်လွှာကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၇။ ဝန်ကြီးက နည်းဥပဒေ၄၄အရ လျှောက်ထားလာသည့် လျှောက်လွှာနှင့် စပ်လျဉ်း၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုလျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အင်းခွန် သို့အဟုတ် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ပေးရမည်-

(က) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သောငါးနှစ်ပျမ်းမျှဈေးနှုန်း၊

(ခ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ယခင်နှစ်ဈေးနှုန်း၊

(ဂ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ၊

(ဃ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ပျက်စီးတိမ်ကောခြင်း ရှိမရှိ။

၄၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ၄၇အရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အတွက် သတ်မှတ်ထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် ပေးသွင်းနိုင်စေရန် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ညွှန်ကြားရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူထံမှ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့်လိုင်စင်ခ လက်ခံရရှိလျှင် သက်ဆိုင်ရာအငှားဂရန်ပုံစံ(၆) သို့မဟုတ် တင်ဒါလိုင်စင် ပုံစံ(၁၂) ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးသည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

အခန်း(၇)

ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄၉။ ဦးစီးဌာနကခွင့်ပြုထားသည့် မည်သည့်ငါးလုပ်ငန်းတွင်မဆို အချိန်ပိုင်း၊ အချိန်ပြည့် လုပ်ကိုင်မည့်ရေလုပ်သားသည် သက်ဆိုင်ရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများတွင် ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်လွှာ ပုံစံ(၂၀) ဖြင့် လျှောက်ထားရမည်။

၅၀။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ ၄၉အရ လျှောက်လွှာလက်ခံရရှိလျှင် ကိုယ်ရေးအချက်အလက်များကို စစ်ဆေး ပြီး ခရိုင်ဦးစီးမှူး၏ အတည်ပြုချက်ဖြင့် ရေလုပ်သားမှတ်ပုံတင်ကတ် ထုတ်ပေးရမည်။

(ခ) ရေလုပ်သားမှတ်ပုံတင်ကတ်များကိုသုံးနှစ်တစ်ကြိမ် အသစ်လျှောက်ထားလဲလှယ်ပေးရမည်။

(ဂ) အသစ်လဲလှယ်လျှောက်ထားခြင်းမရှိသည့် ရေလုပ်သားမှတ်ပုံတင်ကတ်များကို ဦးစီးဌာနသို့ ပြန်လည်အပ်နှံစေရမည်။

(ဃ) ရေလုပ်သားမှတ်ပုံတင်ထုတ်ပေးသည့်စာရင်းကို ခရိုင်နှင့် တိုင်းဒေသကြီးရုံးများ သို့ လစဉ်ပေးပို့တင်ပြရမည်။

အခန်း (၈)

မိတ္တူ လျှောက်ထားခြင်း

၅၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်၊ ရေလုပ်သားမှတ်ပုံတင်ကတ် ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့် နေ့မှ ရက်ပေါင်း၃၀ အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၂။ (က) သက်ဆိုင်ရာဦးစီးဌာနမှူးသည် နည်းဥပဒေ၄၉အရ လျှောက်လွှာလက်ခံရရှိလျှင် စိစစ်ပြီးမှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ ၃၀၀၀၀ကျပ်ကို လည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ ၂၀၀၀၀ကျပ်ကို လည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက်ဒဏ်ကြေးငွေ ၅၀၀၀ကျပ်ကို လည်းကောင်း၊ ရေလုပ်သားမှတ်ပုံတင်ကတ်အတွက် ဒဏ်ကြေးငွေ ၂၀၀၀ကျပ်ကို လည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကို ထုတ်ပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူသည် နည်းဥပဒေခွဲ(က)အရ သက်ဆိုင်ရာ မိတ္တူကို ရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်းပြန်လည်တွေ့ရှိလျှင် မူရင်းကို သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။

အခန်း (၉)

အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၃။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငှားဂရန်ကို မသမာသောနည်းဖြင့်လည်းကောင်း၊ တရားမဝင်သောနည်းဖြင့်လည်းကောင်း လေလံဆွဲဝယ်မှုမပြုခြင်း၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက အငှားဂရန်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ ဂရန်အင်းနှင့် စပ်လျဉ်း၍ ကျန်ရှိသည့်ငါးဖမ်းရာသီအတွက် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုများကို ပေးလျော်ရန် တာဝန်ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့်ဂရန်အင်း၏အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင်ဆောင်ရွက် သကဲ့သို့ တာဝန်ခံခြင်း၊

(ဃ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို ဝါဆိုလပြည့်ကျော်ဒရက်နေ့ မတိုင်မီ

ချထားခြင်းမပြုရ။ သို့ရာတွင် ဖော်ပြပါဆည်များကို တပေါင်းလပြည့်ကျော် ၁ရက်နေ့တွင် ကုန်စင်အောင် ဖယ်ရှားထားခြင်း၊

(စ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည်ဖြင့် လုပ်ကိုင်ရာတွင် ချောင်း၊ မြောင်းများ၌ လှေသွားလာနိုင်ရန် လမ်းထားရှိခြင်း၊

(ဆ) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည် အောက်ပိုင်းရှိ ဂရန်အင်းအတွင်းစီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာဆက်စပ်နေပါက အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက မေတ္တာရပ်ခံလာလျှင် အထက်ပိုင်းရှိအငှားဂရန်ရရှိသူက တပေါင်းလကုန်အထိ ဆည်များ တားဆီး၍ ပိတ်ထားခြင်း၊

(ဇ) အထက်ပိုင်းရှိ ဂရန်အင်းနှင့်အောက်ပိုင်းရှိဂရန်အင်း ရေစီးရေလာဆက်စပ်နေပါက အထက်ပိုင်းမှအောက်ပိုင်းသို့လာသောငါးများဖမ်းဆီးရန်အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို အသုံးပြုခွင့်မရှိခြင်း၊

(ဈ) ဂရန်အင်းအတွင်းမှဒိုက်၊မှော်တို့ကို ရှင်းလင်းဖယ်ရှားရာတွင် နတ်တော်လပြည့်နေ့ မတိုင်မီ ရေကြောင်းလမ်းမှ မျှောချရှင်းလင်းခြင်း၊ ကြွင်းကျန်နေသည့် ဒိုက်၊ မှော်တို့ကို ပြာသိုလပြည့်နေ့ မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ တပို့တွဲ လပြည့်နေ့မတိုင်မီ အကုန်အစင် ဖျက်ဆီး ဖယ်ရှားခြင်း၊

(ည) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက် စသည်တို့ကို နှစ်စဉ် တပေါင်းလပြည့်ကျော် ၁ရက်နေ့တွင် အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းခြင်း၊

(ဋ) ဘုန်းကြီးကျောင်းပရဝုဏ်မှ ကိုက် ၁၀၀ အတွင်းငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(ဌ) ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများ၊ နည်းလမ်းများဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်း မပြုရ -

(၁) လက်ဆည်နှင့်ကတက်တုံးများ အပါအဝင်ဖြစ်သော

ဆည်တမံတာရိုးအမျိုးမျိုး၊ ၎င်းပြင်မြင်းဝန်းဆည်သို့မဟုတ်အခြားဆည်များ၊ အောက်ခြေတွင်မြေနှင့်ဖြစ်စေ၊ ဖျာရိုင်များနှင့်ဖြစ်စေသို့မဟုတ် အခြားကိရိယာများနှင့်ဖြစ်စေ ပြုလုပ်ထားသော တမံများ၊

(၂) ထူးများ၊တုတ်များဖြင့်ရေထုတ်ခြင်းမှတပါး အခြားနည်းဖြင့် ရေထုတ်ခြင်း၊

(၃) ငါးများခိုအောင်းနေစေရန် ဒိုက်၊ မှော်၊ ချုံ၊ သစ်ကိုင်း၊ ဂတုံး၊ တောင်း ကဲ့သို့ အလားတူ အရာများချထားခြင်း၊

(၄) ပိုက်ကွက်ကြိုးတစ်လျှောက်တိုင်းတာလျှင်အထုံးတစ်ခု နှင့် တစ်ခုအကြား ၄လက်မ အောက်လျော့သည့်ပိုက်များ၊

(၅) ငါးကြီးတွင်းများ၊

(၆) ဂုန်နီ၊ ပိတ်စ၊ ပလပ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည်၊ စသည်တို့ဖြင့် ရေလမ်း ကြောင်း ပိတ်၍ ဖမ်းဆီးခြင်း၊

(၇) လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းခြင်း၊

(၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေ တတ်သော အခြားပစ္စည်းများ အသုံးပြု၍ငါးဖမ်းခြင်း။

(ဍ) ဦးစီးဌာနကအခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၄။ အငှားဂရန်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဂရန်အင်းအစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦး သို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်း ကောင်း ထပ်ဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း၃၀အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီးယင်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) တောချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်း ချထားခွင့်ရှိခြင်း၊ မြင်းဝန်းဆည် ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီချထားခြင်း၊

(ဃ) အထက်ဆည်နှင့် အောက်ဆည် ရေစီးရေလာ ဆက်စပ်နေပါက အထက်ဆည်၏ အင်းနယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည်ခြေရင်းရေပြင်ကို အောက်ဆည် အငှားဂရန် ရရှိသူကပိုင်ဆိုင်ခွင့်ရှိခြင်း၊

(င) တောချဆည်နှင့် မြင်းဝန်းဆည်ကို အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက နည်းဥပဒေ၅၆၊ နည်းဥပဒေခွဲ(ဆ)နှင့်အညီ ပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိအငှားဂရန်ရရှိသူက ပိတ်ဆို့ထားနိုင်ခြင်း၊ အထက်ပိုင်းရှိ အငှားဂရန် ရရှိသူက ဂရန်အင်းကိုဆက်လက် လုပ်ကိုင်ခြင်းမရှိလျှင် အောက်ပိုင်းရှိအငှားဂရန် ရရှိသူက ကျန်ရှိသောငါးလုပ်ငန်း ရာသီ အတွက် အထက်ပိုင်းရှိဂရန်အင်းကို ကျသင့်သောအခွန်အခ ပေးဆောင်၍ လုပ်ကိုင်ခွင့် ရှိခြင်း၊

(စ) သီးသန့်အင်းနှင့် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် အထက်ပိုင်းရှိ ဂရန်အင်းတွင်အဝချုပ်ဆည်ကို တပေါင်းလကုန်အထိ အသုံးပြုခွင့် ရှိခြင်း၊

(ဆ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကို အသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန်အင်းနှစ်ခုအကြား အမြဲတန်း တားဆီး၍ ပိတ်ထား သည့် ယင်းတန်းများ ချထားခွင့် မရှိခြင်း၊

(ဇ) ဂရန်အင်းများတွင် တောချဆည်နှင့် အဝချုပ်ဆည်များအပြင် အောက်ပါ ငါးဖမ်းကိရိယာများကို အသုံးပြုနိုင်ခြင်း -

(၁) ထောင်ချောက်များ(ထောင်ချောက်၏အစိပ်အကျဲတွင်တစ်ခု နှင့်တစ်ခုသည် ၂လက်မ အောက်လျော့နည်းပါက ဖမ်းဆီးခွင့်မရှိစေရ)

(၂) ဂျမ်းများ

(၃) ဘဝန်းများ (၎င်းဘဝန်းများအတွင်း ကိုင်းရိုးများကို ရေအောက်မြေပေါ်၌ စိုက်ထားနိုင်သည်၊ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့် ရာသီဥတု ကုန်ဆုံးသည့်အခါ ဖယ်ရှား ရမည်)

(၄) ပိုက်သီသောကြိုးတစ်လျှောက် တိုင်းတာလျှင် အထုံး တစ်ခု နှင့်တစ်ခုကြား ပိုက်ကွက် ၃/၄ လက်မအောက် မလျော့သော ပိုက်ကွန်များ၊

(၅) ဆောင်းများ၊

(၆) ငါးမျှားချိတ်များ၊

(၇) မြင်းဝန်းဆည်များ၊

(ဈ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ဤနည်းဥပဒေများတွင်သီးခြား ပြဋ္ဌာန်းထားခြင်း မရှိလျှင် ဂရန်အင်းကို ဒေသဓလေ့ထုံးစံ နှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ည) တိုင်းဒေသကြီး၏အကျိုးငှာ လိုအပ်၍အငှားဂရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း။

-၂၃-

အခန်း (၁၀)

တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၅။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာ တစ်ခုခုကို အသုံးပြုပြီးပါက ရေစီး ရေလာကို အနှောက်အယှက် မဖြစ်စေရန် ဖယ်ရှားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များ သွားလာမှုကို အနှောက်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်းရေကြောင်းလမ်းကို အချက်ပြထားခြင်း၊

(ဂ) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ဒါလိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင် ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် တင်ဒါငါးဖမ်းကွက်ကို ချိတ်ပိတ်တင်ဒါ ပြန်လည်ချ ထားရာတွင် မူလချထားသည့်တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှု မှန်သမျှကို ပေးလျော်ရန် တာဝန်ရှိခြင်း၊

(ဃ) ဘုန်းကြီးကျောင်းပရဝုဏ်မှကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(င) ဦးစီးဌာနကအခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၆။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းဒေသကြီး၏အကျိုးငှာ လိုအပ်၍တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက် လုပ်ကိုင်မည့် အမွေစားအမွေခံသို့မဟုတ် အမွေစားအမွေခံ တို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း၃၀အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလာလျှင် ခရိုင်ဦးစီးဌာနမှူးကစိစစ်ပြီး ၎င်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့် ရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း။

အခန်း (၁၁)

ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၇။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောက်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်သွားလာမှုကို အနှောက်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင်မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနကအခါအားလျော်စွာထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

အခန်း (၁၂)

တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်ဥပဒေပုဒ်မ၂၀၊ပုဒ်မခွဲ(က)ပါလုပ်ပိုင်ခွင့်အရအောက်ပါ တို့ကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်း ရေပြင်အမျိုးအစားအသစ်သတ်မှတ်ခြင်း၊ သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကိုတစ်ပါတည်း သတ်မှတ်ပေးခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ခြင်း၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင် အမျိုးအစားအဖြစ် ပယ်ဖျက်ရာတွင် ပယ်ဖျက်သည့် ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးခြင်း။

၅၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၁၊ပုဒ်မခွဲ(က)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏တာဝန်ဖြင့် ထပ်မံအငှားချထားနိုင်ရန် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၆၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ၂၁၊ပုဒ်မခွဲ(ခ)အရ အရေးယူ သည့်ကိစ္စတွင် ဝန်ကြီးထံတင်ပြ၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင် သည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင် ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထား လာပါက စိစစ်ပြီးလွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချ ပေးခြင်း။

၆၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ဂ) အရ အရေးယူသည့်ကိစ္စတွင် ဝန်ကြီးထံတင်ပြ၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကလျှောက်ထားလာပါက စိစစ်ခွင့်ပြု ခြင်း၊ ယင်းသို့ခွင့်ပြုပါကခံဝန်ငွေပမာဏနှင့်ပေးသွင်းရမည့်နေရာဒေသ သတ်မှတ် ပေးခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါကငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ထားခြင်းသို့မဟုတ်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း။

-၂၆-

၆၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဃ)အရ အရေးယူသည့်ကိစ္စတွင် ဝန်ကြီးထံတင်ပြ၍ အောက်ပါအတိုင်း ဆောင်ရွက် နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ငါးဖမ်းကိရိယာနှင့်အခြားသက်သေခံပစ္စည်းများကိုသင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့်အခြား ကျသင့်ငွေများ ကို ပေးဆောင်ရန်ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့်အခြား ကျသင့်ငွေများ ကို သတ်မှတ်သည့်ရက် ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံ ပေးဆောင် စေခြင်း၊

(င) ပိုင်ရှင်သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေး ပေးသွင်းခြင်း မပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်းမရှိပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ၎င်း၏တာဝန်ဖြင့် ထပ်မံအငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကအယူခံဝင်ရောက်လျှင် အယူခံတွင် ချမှတ်သည့်အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

၆၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ၁၅၊ နည်းဥပဒေခွဲ(ဃ)နှင့် နည်းဥပဒေ၃၂၊ နည်းဥပဒေခွဲ(ခ) တို့အရ ရောင်းချ၍မရသော ဂရန်အင်းသို့မဟုတ် တင်ဒါ ငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်နိုင်ရန် တင်ပြလာသည့်

ကိစ္စတွင် အောက်ပါအချက်များအပေါ်အခြေခံ၍စိစစ်ပြီး တင်ပြသည့် ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သော ဈေးနှုန်း ပြင်ဆင်သတ်မှတ်၍ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များချမှတ် ခြင်းတို့ကို ပြုလုပ်နိုင်သည် -

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန် ကျန်ရှိသည့်ကာလ၊

(ဃ) လွန်ခဲ့သော ၅ နှစ်ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ် ဈေးနှုန်း၊ ယခုနှစ် ဈေးနှုန်း။

၆၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါ တို့ကို ဆောင်ရွက်ရမည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်မှငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြန့်ပွားတိုးပွားမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ် ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများမပျက်စီး၊ မပြုန်းတီးစေရန် အစီအမံများချမှတ် ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှကာကွယ်ရန် တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၆၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်ဥပဒေနှင့် ဤနည်းဥပဒေများအရ မိမိအား အပ်နှင်းထား သော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှူးတစ်ဦးဦးကို ဖြစ်စေ၊ ဦးစီးဌာနရှိ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း (၁၃)
ပြန်အမ်းငွေလျှော့ထားခြင်း၊ ထုတ်ပေးခြင်း

၆၆။ အငှားဂရန်သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် တိုင်းဒေသကြီး၏အကျိုးငှာ လိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာလျှင်သော်လည်းကောင်း အငှားဂရန်၊ တင်ဒါလိုင်စင်ကိုဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ သို့မဟုတ် ငါးထုတ်လုပ်မှုကိုထိခိုက်နစ်နာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိမိပေးသွင်းထားသောအင်းခွန် သို့မဟုတ် တင်ဒါကြေးများပြန်အမ်းငွေကိုပြန်လည်ထုတ်ပေးရန်

အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည် -

(က) တိုင်းဒေသကြီး၏အကျိုးငှာလိုအပ်၍ အငှားဂရန်သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့်ကိစ္စဖြစ်လျှင် ရုံးအမိန့်စာမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့်ငါးဖမ်းရရှိမှုအခြေအနေနှင့်လုပ်ငန်းအခြေအနေတင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့်ထောက်ခံချက်များ။

၆၇။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ၆၆အရ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာကိုလက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့်အချက်များ မှန်ကန်မှု ရှိမရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှု စစ်ဆေးရမည်။

၆၈။ အငှားဂရန်သို့မဟုတ် တင်ဒါလိုင်စင် ရရှိသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ -

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးဖမ်းကိရိယာများ ရေမျောပါသွားခြင်း၊

(ခ) နုံးမြေများတင်လာ၍ ဂရန်အင်းများပျက်စီးခြင်း၊

(ဂ) ဂရန်အင်းအတွင်းအဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒ ပစ္စည်း သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း။

၆၉။ ခရိုင်ဦးစီးဌာနမှူးသည်ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲကို စိစစ်ပြီး -

(က) မိမိထုတ်ပေးပိုင်ခွင့်ရှိသောပြန်အမ်းငွေပမာဏဖြစ်လျှင် ပြန်အမ်းငွေ ပြန်လည် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

(ခ) မိမိထုတ်ပေးပိုင်ခွင့်မရှိသောပြန်အမ်းငွေပမာဏဖြစ်လျှင် သဘောထားမှတ်ချက် နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူး သို့မဟုတ် ဝန်ကြီးထံ အဆင့်ဆင့် တင်ပြ ရမည်။

၇၀။ ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ၆၉၊ နည်းဥပဒေခွဲ(ခ) အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၇၁။ (က) ခရိုင် သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီချက် ရရှိပါက ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ငြင်းပယ်လျှင် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၇၂။ ခရိုင် သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးသည်ပြန်အမ်းငွေပြန်လည်ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနနှင့် ဝန်ကြီးထံ အဆင့်ဆင့် တင်ပြရမည်။

၇၃။ ဝန်ကြီးသည် ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့်ရှိသူများ၏ ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့် ငွေပမာဏကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

အခန်း(၁၄)

အထွေထွေ

၇၄။ ဦးစီးဌာနသည်အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်း ကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေပုဒ်မ၆အရ အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း တို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏သဘောထားမှတ်ချက် ရယူရမည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို အငှားဂရန်နှင့်တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၇၅။ ဦးစီးဌာနသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက် မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင် ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၇၆။ ဦးစီးဌာနသည် နှစ်စဉ်ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များပါဝင်သော အစီရင်ခံစာတစ်စောင်ကို ဝန်ကြီးဌာနသို့ ရက်ပေါင်း ၉၀ အတွင်း တင်ပြရမည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင်အငှားချထားမှုအခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှုအခြေအနေ၊

(ဃ) ဥပဒေအရအရေးယူဆောင်ရွက်မှုအခြေအနေ၊

(င) ဥပဒေအရအရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများနှင့် စပ်လျဉ်း၍ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှုအခြေအနေ၊

(စ) နောင်လာမည့်နှစ် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် ရေးဆွဲမှုအခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှုအခြေအနေ။

၇၇။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ခေတ်မီနည်းပညာစာအုပ်စာတမ်းများဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသန စာတမ်းများ ဖတ်ကြားခြင်း တို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၇၈။ (က) ဥပဒေပုဒ်မ၃၀အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်လျှင်ဖြစ်စေ၊ ဥပဒေပုဒ်မ၂၄၊ ပုဒ်မခွဲ(က)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုလျှင်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ယင်းသို့ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာ လက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ သက်ဆိုင်ရာအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသမှ ခုနစ်ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ၃၆အရ ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်း ခံရမည်။

၇၉။ ဦးစီးဌာနသည် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင် သောကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန်နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့် အညီခွင့်ပြုခြင်း ပြုနိုင်သည်။

၈၀။ ဦးစီးဌာနသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ် အတိုင်းအတာ သတ်မှတ်ရာတွင် -

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာ ဖော်ပြရမည်။

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက ဥပဒေပုဒ်မ ၆၄ အရ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အစိုးရဌာနများနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ထားခြင်း မရှိလျှင် ယခင်က လုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်းဖြစ်ရမည်။

၈၁။ ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ရာဇဝတ် ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

ဝန်ကြီး

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

စာအမှတ်၊

ရက် စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ (၄) ရက်

ပုံစံ (၁)

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------------မြို့

လေလံကြော်ငြာ

[နည်းဥပဒေ ၅ (ခ)]

ရက်စွဲ၊

အများသိစေရန်ကြေညာလိုက်သည်။

--------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသောဂရန်အင်းများအား ( ) ခုနှစ်၊ (၁၃) ခုနှစ် ငါးလုပ်ငန်းရာသီ အတွက် ဈေးပြိုင် စနစ်ဖြင့် လေလံတင် ရောင်းချမည် ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ခုနှစ်၊ လ၊ ရက် (၁၃ ခုနှစ် ၊ လ ၊ ရက်) နေ့ နံနက် ( ) နာရီ အချိန်တွင် ပူးတွဲဖော်ပြပါ လေလံ စည်းကမ်းချက်များ နှင့်အညီ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

------------------------- မြို့နယ်

ပုံစံ (၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

[နည်းဥပဒေ ၆]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

------------------------- မြို့

ရက်စွဲ၊

အကြောင်းအရာ။ ။**<u>ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း</u>**

ကျွန်တော်/ကျွန်မဦး/ဒေါ်---------------------သည်ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေး ပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်

၃။ အဘအမည်၊

၄။ နေရပ် ၊

၅။ အလုပ်အကိုင်
(ယခင်နှစ်ကအငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့်အချက်များမှန်ကန်ကြောင်းထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စု

နေ့စွဲ၊

ပုံစံ (၃)

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

--------------------မြို့

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

[နည်းဥပဒေ ၉(က)]

အမှတ်စဉ် - /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ လေလံဆွဲဝယ်ယူခွင့်ပြုသည့် ဂရန်အင်းအမည်၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

--------------------- မြို့နယ်

နေ့စွဲ၊

ဂရန်အင်းလေလံတင်ရောင်းချခြင်းအမှုတွဲ

[နည်းဥပဒေ ၁၃(က)]

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊

------------------- ခုနှစ်၊

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည် -

ဂရန်အင်း၏တည်ရှိနေရာ -

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ -

လေလံတင်ရောင်းချသည့်နေရာ -

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့် အင်းခွန်

နှစ်	အငှားဂရန်ရရှိသူ	အင်းခွန်

ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး
လေလံဆွဲဝယ်ကြသူများ

စဉ်	လေလံဆွဲဝယ်ခွင့်ရရှိသူအမည်/ **မှတ်ပုံတင်အမှတ်**	ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏာန်းဖြင့်)	(စာဖြင့်)

ယခုသတ်မှတ်သည့်အင်းခွန် -

အငှားဂရန်ရရှိသူအမည် -

မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင်　　　　ဥက္ကဋ္ဌ　　　　အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ (၅)

ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ

[နည်းဥပဒေ ၁၄(က)]

----------------- ခုနှစ်

------------------------ ပြည်နယ်/တိုင်း

----------------------ခရိုင်၊ ------------------------- မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့စွဲ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ၊

ဂရန်အင်းလေလံတင်ရောင်းရေးအဖွဲ့တွင် ပါဝင်သူများ၊

စဉ်	ဂရန်အင်းအမည်နှင့်ဆွဲဝယ်သူ	၅ နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်လေလံဈေး	မှတ်ချက်

အဖွဲ့ဝင်　　　　ဥက္ကဋ္ဌ　　　　အဖွဲ့ဝင်

နေ့စွဲ၊

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
အငှားဂရန်

[နည်းဥပဒေ ၁၄(ခ)၊ ၁၈(ခ)၊ ၄၈(ခ)]

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ၏ -------------- နေ့စွဲပါစာအမှတ် ------------------ ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ အငှားဂရန်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့်အညီ ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည် ၊
၂။ အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
၃။ နေရပ်လိပ်စာ၊
၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့် မြို့နယ်၊
၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊
၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊
၇။ အင်းခွန်ကို အရစ်ဖြင့် သတ်မှတ်ပါက သတ်မှတ်သည့် အရစ်၊
ငွေပမာဏနှင့်ပေးဆောင်ရမည့်နေ့၊
၈။ အင်းခွန် ------------- ကို ------------- မြို့ မြန်မာ့စီးပွားရေးဘဏ်( )နေ့စွဲပါ
ချလံအမှတ်( ) အရငွေပြေ ပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
------------------- မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ (၇)

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

--------------------- မြို့

တင် ဒါ ကြော် ငြာ

[နည်းဥပဒေ ၂၁ (ခ)၊ (င)]

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက် အများသိစေရန်ကြေညာလိုက်သည်။

-------------------မြို့အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါ ငါးဖမ်းကွက်များအား (၂၀ - ၂၀)ခုနှစ်၊ (၁၃) ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ် ၊ လ ရက်) နေ့နံနက် ( ) နာရီ အချိန်တွင် ဖော်ပြပါ တင်ဒါစည်းကမ်းချက်များ နှင့်အညီ တွင်အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း ရမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------------- မြို့နယ်

ပုံစံ (၈)

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေ ၂၂)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------------- မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။**<u>တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း</u>**

ကျွန်တော်/ကျွန်မ ဦး/ဒေါ် --------------------------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်

၃။ အဘအမည်၊

၄။ နေရပ် ၊

၅။ အလုပ်အကိုင်
(ယခင်နှစ်ကတင်ဒါလိုင်စင်ရရှိခဲ့လျှင် တင်ဒါငါးဖမ်းကွက် အမည် ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၇။ တင်ဒါဆွဲဝယ်မည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့်အချက်များမှန်ကန်ကြောင်းထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စု

နေ့စွဲ၊

ပုံစံ (၉)

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

[နည်းဥပဒေ ၂၅(က)]

အမှတ်စဉ် - /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး (ဂဏန်းဖြင့်)
(စာဖြင့်)

မြို့နယ်ဦးစီးဌာနမှူး

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ ရွေးချယ်ခြင်း မပြုပါ။

အဖွဲ့ဝင်　　　　　ဥက္ကဌ　　　　　အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ (၁၀)

တင်ဒါငါးဖမ်းကွက်ရောင်းခြင်းအမှုတွဲ

[နည်းဥပဒေ ၃၀(က)]

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊

--------------- ခုနှစ်၊

တင်ဒါငါးဖမ်းကွက်အမည်　　-

တင်ဒါငါးဖမ်းကွက်တည်ရှိနေရာ　-

တင်ဒါချထားသည့်နေ့　　-

ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့် တင်ဒါကြေး

နှစ်　　　　တင်ဒါလိုင်စင်ရရှိသူ　　　တင်ဒါကြေး

ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီးတင်ဒါသွင်းကြသူများ

စဉ် **တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူအမည်/** **တင်ဒါကြေး**
မှတ်ပုံတင်အမှတ် (ဂဏာန်းဖြင့်) (စာဖြင့်)

ယခုသတ်မှတ်သည့်တင်ဒါကြေး -
တင်ဒါလိုင်စင်ရရှိသူအမည် -
မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ (၁၁)

တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

[နည်းဥပဒေ ၃၁(က)]

------------------------ ပြည်နယ်/တိုင်းဒေသကြီး

-----------------------ခရိုင်၊ ------------------------ မြို့နယ်

တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

တင်ဒါချထားသည့်နေ့စွဲ ၊
တင်ဒါချထားသည့်နေရာ ၊
တင်ဒါချထားရေးအဖွဲ့တွင်ပါဝင်သူများ ၊

စဉ်	တင်ဒါငါးဖမ်းကွက် အမည်နှင့်ဆွဲဝယ်သူ	၅ နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်တင်ဒါဈေး	မှတ်ချက်

အဖွဲ့ဝင်　　　　　　　　　　ဥက္ကဋ္ဌ　　　　　　　　　　အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ (၁၂)

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါလိုင်စင်

[နည်းဥပဒေ ၃၁(ခ)၊ ၁၈(ခ)၊ ၄၈(ခ)]

လိုင်စင်အမှတ်

ရက်စွဲ၊ ၂၀　　ခုနှစ်၊　　　လ　　ရက်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ -----------------နေ့စွဲပါစာအမှတ် ------------------- ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ တင်ဒါလိုင်စင်ကို ပူးတွဲပါ စည်းကမ်း ချက်များနှင့်အညီ ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည် ၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ နေရပ်လိပ်စာ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်တင်ဒါငါးဖမ်းကွက်အမည်နှင့် မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့် အတိုင်းအတာ၊တင်ဒါကြေးနှင့် လိုင်စင်ခ ------------------ကို --------------- နေ့စွဲပါချလံအမှတ် ( ) ဖြင့် ------------------ဘဏ်သို့ ပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

-------------------- မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ (၁၃)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

[နည်းဥပဒေ ၃၄]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------------- မြို့

ရက်စွဲ ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။<u>ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း</u>

၁။ လျှောက်ထားသူအမည်

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊

၇။ လုပ်ကိုင်လိုသည့်ငါးဖမ်းကိရိယာများ၊

ငါးဖမ်းကိရိယာအမည် အတိုင်းအတာ အရေအတွက်

(က) အလျား

(ခ) အနံ

(ဂ) စောက်

(ဃ) ထိပ်ဝ

(င) အခြား

၈။ လုပ်ကိုင်လိုသည့်ခုနှစ်၊

လျှောက်ထားသူလက်မှတ်

ပုံစံ (၁၄)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူစာရင်း

[နည်းဥပဒေ ၃၅ (က)]

ပြည်နယ်/ တိုင်း၊ ------------------------ ခရိုင်၊------------------------ မြို့နယ်

စဉ်	လိုင်စင်လျှောက်ထားသူ အမည်နှင့်အမျိုးသား မှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	နေရပ် လိပ်စာ	ရုံး သုံး အမည်	ငါးဖမ်းကိရိယာ					နေရာ	လိုင်စင်ခ	မှတ်ချက်
				ဇယားပါ အမှတ်စဉ်	ဒေသ အခေါ်	ခွင့်ပြုသည့်အများဆုံး အတိုင်းအတာ					
						အလျား	အနံ	စောက်			

ရက်စွဲ၊

လိုင်စင်မလျှောက်ထားသော်လည်းလုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်

ပုံစံ (၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ငါးဖမ်းကိရိယာလိုင်စင်

[နည်းဥပဒေ ၃၆(က)]

(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်။)

မြို့နယ်- ခုနှစ်၊ အမှတ်စဉ်

လိုင်စင်ရရှိသူအမည်-

အမျိုးသားမှတ်ပုံတင်အမှတ်-

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

နေရပ်လိပ်စာ-

ကိရိယာရုံးသုံးအမည် -

ဒေသအခေါ်အဝေါ် -

ကိရိယာအတိုင်းအတာ -

နေရာ -

အထူးကန့်သတ်ချက်များ -

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ / အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့်လှေတစ်စင်း အတွက် လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည် **နေ့တွင်သက်တမ်းကုန်ဆုံးသည်။**

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ငါးဖမ်းကိရိယာလိုင်စင်

- [နည်းဥပဒေ ၃၆(က)]

(လိုင်စင်တန်ဖိုးသည် ကျပ်ဖြစ်သည်။)

မြို့နယ်- ခုနှစ်၊ အမှတ်စဉ်

လိုင်စင်ရရှိသူအမည်-

အမျိုးသားမှတ်ပုံတင်အမှတ်-

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

နေရပ်လိပ်စာ-

ကိရိယာရုံးသုံးအမည် -

ဒေသအခေါ်အဝေါ် -

ကိရိယာအတိုင်းအတာ -

နေရာ -

အထူးကန့်သတ်ချက်များ -

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ / အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့်လှေတစ်စင်း အတွက် လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည် **နေ့တွင်သက်တမ်းကုန်ဆုံးသည်။**

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၆)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

[နည်းဥပဒေ ၃၆ (ခ)]

-------------------- ခရိုင်၊ ------------------ မြို့နယ်

စဉ်	လိုင်စင်ရရှိသူအမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ် ပြားအမှတ်	နေရပ် လိပ်စာ	လိုင်စင် အမှတ်စဉ် အမှတ်	လိုင်စင် ထုတ်ပေး သည့် အမှတ်	ငါးဖမ်းကိရိယာ အမျိုးအစားနှင့် အမှတ်စဉ်	ငါးဖမ်းကိရိယာ အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေးထားသည့် လိုင်စင်ပုံစံတန်ဖိုး နှင့်ရှက်ရေ
၁	၂	၃	၄	၅	၆	၇	၈	၉

ပုံစံ (၁၇)

ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်

[နည်းဥပဒေ ၄၁ (က)]

----------------------- မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန လိုင်စင်တန်ဖိုး -

စဉ်	လက်ခံရရှိသည့်နေ့	ရွက်ရေ	တန်ဖိုး	အသုံးပြုသည့်နေ့	ရွက်ရေ	တန်ဖိုး	လက်ကျန်	မှတ်ချက်

ပုံစံ (၁၈)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

[နည်းဥပဒေ ၃၆ (ခ)]

------------------------- မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

စဉ်	လိုင်စင်ရရှိသူအမည်	အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	လိုင်စင်အမှတ်စဉ်	လိုင်စင်ထုတ်ပေးသည့်နေ့စွဲ	ငါးဖမ်းကိရိယာအမျိုးအစား	ငါးဖမ်းကိရိယာအတိုင်းအတာ	ငါးဖမ်းကိရိယာလိုင်စင်ခနှုန်းထား	ထုတ်ပေးထားသည့်လိုင်စင်ပုံစံတန်ဖိုးနှင့်ရွက်ရေ	လိုင်စင်ခရရှိသည့်နေ့ရက်	ဘဏ်သို့ပေးသွင်းသည့်နေ့ရက်နှင့်ချလံ	ငါးဖမ်းခွင့်ပြုသည့်နေရာဒေသ
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂

ပုံစံ (၁၉)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

[နည်းဥပဒေ ၄၂]

------------------------- မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန   လိုင်စင်တန်ဖိုး -

စဉ်	လက်ခံရရှိသည့်နေ့	ရွက်ရေ	တန်ဖိုး		စဉ်	ယခင်လလက်ကျန်	ယခုလအသုံးပြုသည့်နေ့	လိုင်စင်ရရှိသူအမည်၊ အမျိုးသားမှတ်ပုံတင် / နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ	ငါးဖမ်းကိရိယာအမျိုးအစားနှင့် အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေးသည့်လိုင်စင်ပုံစံရွက်ရေ	မှတ်ချက်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၂၀)

ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်လွှာ

[နည်းဥပဒေ ၄၉]

ဓါတ်ပုံ

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-------------------------မြို့

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။ **<u>ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်ထားခြင်း</u>**

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ မွေးသက္ကရာဇ်၊

၅။ အလုပ်အကိုင်၊

၆။ ကိုယ်တွင်ထင်ရှားသည့်အမှတ်အသား၊

၇။ နေရပ်လိပ်စာ၊

၈။ ကျွန်တော်/ကျွန်မသည် ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်ထား လုပ်ကိုင်ရာတွင် ငါးလုပ်ငန်းဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာလုပ်ကိုင်မည် ဖြစ်ပါသည်။

မှတ်ချက်။ ဤရေလုပ်သားမှတ်ပုံတင်ကတ်သည် ရေလုပ်သားအဖြစ် အသိအမှတ်ပြုခြင်းသာ ဖြစ်ပြီး ငါးဖမ်းဆီးခွင့်လိုင်စင် ခွင့်ပြုပေးခြင်းမဟုတ်ပါ။

လျှောက်ထားသူလက်မှတ်

ပုံစံ (၂၁)

ပြည်ပနေ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ

ရေချိုငါးလုပ်ငန်းရေပြင်တွင်

ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်လွှာ

[နည်းဥပဒေ ၄၄]

သို့

တိုင်းဒေသကြီးဦးစီးဌာနမှူး

ငါးလုပ်ငန်းဦးစီးဌာန

ရက်စွဲ၊

၁။ လျှောက်ထားသူအမည် / အဖွဲ့အစည်းအမည်၊

၂။ နိုင်ငံကူးလက်မှတ်အမှတ်/ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံခြား
ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ်၊

၃။ နေရပ်လိပ်စာ/ အဖွဲ့အစည်းတည်နေရာ၊

၄။ လုပ်ကိုင်လိုသည့်ငါးလုပ်ငန်းအမျိုးအစား၊
(က) ဂရန်အင်း၊ (ခ) တင်ဒါငါးဖမ်းကွက်၊ (ဂ) အခြား

၅။ လုပ်ကိုင်လိုသည့်နေရာဒေသ၊ --------------------------------
- --------------------------------

၆။ လုပ်ကိုင်ရာတွင် အသုံးပြုမည့်ကိရိယာ (ရှိခဲ့လျှင်)၊
(က) အမျိုးအစား၊ (ခ) ဦးရေ ၊ (ဂ) (ဃ)

၇။ နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုပမာဏ၊

လျှောက်ထားသူ

တာဝန်/အဆင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်

မွန်ပြည်နယ်ငါးလုပ်ငန်းနည်းဥပဒေ

(၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့နည်းဥပဒေအမှတ် ၈/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	နိဒါန်း	၁-၁
၂	အခန်း (၁)	
	အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်	၁-၃
၃	အခန်း (၂)	
	အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၃-၁၂
၄	အခန်း (၃)	
	နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၂-၁၄
၅	အခန်း (၄)	
	တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၄-၂၃
၆	အခန်း (၅)	
	ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၂၃-၂၉
၇	အခန်း (၆)	
	မိတ္တူလျှောက်ထားခြင်း	၂၉-၂၉
၈	အခန်း (၇)	
	အငှားဂရန်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ	၃၀-၃၇
၉	အခန်း (၈)	
	တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၃၇-၄၀
၁၀	အခန်း (၉)	
	ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၄၀-၄၁
၁၁	အခန်း (၁၀)	
	ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၄၁-၄၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂	အခန်း (၁၁)	
	ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၄၆-၄၈
၁၃	အခန်း (၁၂)	
	ကြွေးကျန်များ ကောက်ခံခြင်း	၄၈-၅၁
၁၄	အခန်း (၁၃)	
	အထွေထွေ	
၁၅	နောက်ဆက်တွဲပုံစံများ	၅၂-၅၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မွန်ပြည်နယ်အစိုးရအဖွဲ့

နည်းဥပဒေအမှတ်၊ ၈/ ၂၀၁၅

အမိန့်ကြော်ငြာစာအမှတ်၊ ၂၃ / ၂၀၁၅

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

မွန်ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄၊ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၆၃ ၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မွန်ပြည်နယ်ငါးလုပ်ငန်းနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ဥပဒေ ဆိုသည်မှာ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ ကိုဆိုသည်။

(ခ) နည်းဥပဒေ ဆိုသည်မှာ ဤမွန်ပြည်နယ်ငါးလုပ်ငန်း နည်းဥပဒေ

များကို ဆိုသည်။

(ဂ) တင်ဒါငါးဖမ်းကွက် ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ငါးဖမ်းကွက်ကို ဆိုသည်။

(ဃ) တင်ဒါလိုင်စင် ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်တွင် အထိအမိကောင်းသော ငါးဖမ်းကွက်များကို တင်ဒါငါးဖမ်းကွက်များ သတ်မှတ်၍ ရောင်းချပြီး လုပ်ကိုင်ခွင့်ပြုခြင်း ကိုဆိုသည်။

(င) တင်ဒါချက် ဆိုသည်မှာ ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကွက်သတ်မှတ်ပြီး ငါးဖမ်းကိရိယာ တစ်မျိုးမျိုးဖြင့် ဈေးပြိုင်ဝယ်ယူလုပ်ကိုင်ခွင့်ပြုထားသော ငါးဖမ်းလုပ်ငန်းကိုဆိုသည်။

(စ) အထူးတင်ဒါချက် ဆိုသည်မှာ သံလွင်မြစ်၊ အတ္တရံမြစ်၊ ဂျိုင်းမြစ်အတွင်းရှိ ငါးအထိအမိ ကောင်းသော ငါးဖမ်းကွက်များအား ကော်မတီမှ သီးခြားရောင်းချနိုင်ရန် သတ်မှတ်ထားသော ငါးဖမ်းကွက်ကို ဆိုသည်။

(ဆ) နှစ်ရှည်အငှားဂရန် သို့မဟုတ် ကြေးတိုင်အင်း ဆိုသည်မှာ အင်းများ ငါးထုတ်လုပ်မှု ရေရှည်ကောင်းမွန်စေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် အင်းများကို ပြင်ဆင်ခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးချန်လုပ်ခြင်းများကို (၃)နှစ်၊ (၆)နှစ်၊ (၉)နှစ် နှစ်ရှည်လုပ်ကိုင်ခွင့် ပြုခြင်းကိုဆိုသည်။

(ဇ) အငှားဂရန် ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။

(ဈ) အခိုင်အမာအတားအဆီး ဆိုသည်မှာ သဘာဝအလျောက်ပေါ်ပေါက်ခြင်း မဟုတ်ဘဲ ငါးလုပ်ငန်းရေပြင်တွင် ရေစီးရေလာအဟန့်အတားဖြစ်စေရန် လူတို့က အခိုင်အမာပြုလုပ်ထားသော အတားအဆီး တစ်ခုခုကို ဆိုသည်။

(ည) ပုံစံ ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသော ပုံစံကိုဆိုသည်။

(ဋ) ဂရန်ပိုင်ရေနက်ကွင်း ဆိုသည်မှာ ၁၉၉၁ ခုနှစ်၊ ငါးလုပ်ငန်းဥပဒေအတည်မပြုမီကာလ အင်းအိုင်ဇရိယာနယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်နိမိတ်အတွင်းရှိ ရေပြင်များကိုဆိုသည်။

အခန်း (၂)

အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းတစ်ခုခုအတွက် အငှားဂရန် လျှောက်ထားခြင်း၊ အငှားဂရန်ထုတ်ပေးခြင်း ဆောင်ရွက်နိုင်ရန်အတွက် ဂရန်အင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို နှစ်စဉ် ဧပြီလ (၁)ရက်မှ ဇူလိုင်လ (၁၅)ရက် အတွင်း ဆောင်ရွက်ရမည်။

၄။ ကော်မတီသည် -

(က) မိမိစီမံခန့်ခွဲရသော ပြည်နယ်အတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဌ

(၂) ကော်မတီမှတာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း (၁) ဦး အဖွဲ့ဝင်

(၃) ဂရန်အင်းတည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး

(ခ) နည်းဥပဒေခွဲ(က)အရဖွဲ့စည်းသော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၅။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများကို (၁)နှစ် ကာလအတွက် ဂရန်အင်းများ လေလံတင် ရောင်းချမည့် အစီအစဉ် ရေးဆွဲပြီး ပြည်နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ကော်မတီထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အတည်ပြုချက်ရရှိပါက ဂရန်အင်းများ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ (၁၅)ရက် ကြိုတင်၍ လေလံကြော်ငြာ ပုံစံ(၁)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံ လေလံတင် ရောင်းချရပါက လေလံတင်ရောင်းချမည့်ရက်မတိုင်မီ အနည်းဆုံး (၇) ရက် ကြိုတင်၍ လေလံကြော်ငြာ ပုံစံ(၁)ဖြင့် မြို့နယ်အတွင်း ကြေညာရမည် -

(၁) လေလံဆွဲဝယ်မည့်သူ မရှိခြင်း၊

(၂) ကြမ်းခင်းဈေး မပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း။

၆။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်း လေလံဆွဲ

ဝယ်ခွင့်လက်မှတ် ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ (၂)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၆ အရ လျှောက်လွှာပုံစံ (၂) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည် -

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူ မဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် (၃)နှစ်အတွင်း ငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူ မဟုတ်ခြင်း၊

(ဂ) လေလံသတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဃ) မွန်ပြည်နယ်အတွင်း အခြေချနေထိုင်သူ ဖြစ်ခြင်း၊

၈။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့် လက်မှတ် လျှောက်လွှာ ပုံစံ (၂) ကို နည်းဥပဒေ ၇ အရ စိစစ်ပြီး အောက်ပါအတိုင်း ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည် -

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် အကျိုးအကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကို လက်ခံလျှင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြချက်များ၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီ (၃)ရက် ကြိုတင်၍ စိစစ်တင်ပြရမည်။

၉။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၈ အရ စိစစ်တင်ပြလာသော

လျှောက်လွှာများကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ် ပုံစံ (၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီအကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ (၃)ကို လေလံပွဲမစမီ အနည်းဆုံး (၃)ရက် ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် -

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့် ရှိသည်။

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်မှု မရှိလျှင်သော်လည်းကောင်း၊ ဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့ရှေ့သို့ သတ်မှတ်သည့်လေလံကြေးငွေများကို တင်ပြမှုမရှိလျှင်သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း (၃)နှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၂။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင် ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ ဂရန်အင်းတစ်ခုစီ အတွက် လေလံကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည် -

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော (၅)နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိ အခြေအနေ၊

(ဃ) ဂရန်အင်း ပျက်စီးတိမ်ကောခြင်း ရှိ မရှိ ။

၁၃။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင် ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လေလံရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှ ဂရန်အင်းလေလံတင်ရောင်းချခြင်း အမှုတွဲ ပုံစံ (၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) လေလံရောင်းချရာတွင် ဌာနမှသတ်မှတ်ထားသော လေလံ စည်းကမ်းချက်များကို ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီ ထံ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဂ) လေလံတင်ရောင်းချမည့်ဂရန်အင်းများ၏ ကြမ်းခင်းဈေးများကို သတ်မှတ်ရာတွင် ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ တင်ပြ အတည်ပြုချက်ရယူခြင်း၊

(ဃ) ဂရန်အင်းလေလံတင်ရောင်းချခြင်း မပြုမီ လေလံစည်းကမ်းချက် များ၊ ရောင်းချမည့်ဂရန်အင်း တစ်ခုစီ၏စည်းကမ်းချက်များကို ဖတ်ကြားကြေညာခြင်း၊

(င) ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ် အတိုင်းဆောင်ရွက်ခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူတစ်ဦးဦးကိုလည်းကောင်း၊ ဈေးနှုန်း ပေးထားခြင်းကိုသော်လည်းကောင်း အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း

သို့မဟုတ် တားမြစ်ခြင်းပြုသည့် အကျိုးအကြောင်းဖေါ်ပြချက်ကို အမှုတွဲပုံစံ(၄)တွင် မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဆ) ဂရန်အင်းလေလံအပြိုင်ဆွဲဝယ်ရာတွင် ဆွဲဝယ်မည့် ဂရန်အင်း အတွက် အင်းသားကြီးများမှ တိုးမြှင့်ပေးသည့်ငွေ(စားပွဲတင်ငွေ) အား ဂရန်အင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ ရေးအဖွဲ့ထံ ဂရန်အင်း လေလံဆွဲဝယ်ခွင့်ရရှိသူက တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း။

(ဇ) ဂရန်အင်း လေလံဆွဲဝယ်ခွင့်ရရှိသူများမှ မိမိ၏စိတ်ကို ထိန်းသိမ်း နိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်း ဈေးထက်များစွာ ကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့်ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ခေတ္တ ရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီးနောက်၊ နေ့ချင်း ပြန်လည် ကျင်းပ ခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင် ဆက်လက်ဆွဲဝယ် နေပါ က ဂရန်အင်းလေလံတင် ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင် ချိတ်ပိတ်တင်ဒါတင်သွင်းစေပြီး အငှားချထားခြင်း၊

(ဈ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ကြမ်းခင်းဈေးထက် ကျော်လွန်၍ ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အငှားချထားခြင်း၊

(ည) ဂရန်အင်း လေလံဆွဲဝယ်ခွင့်ရရှိသူအား လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေ ပေးဆောင်စေသော်လည်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်ဖြင့် ဂရန်အင်းကို

ဒုတိယအကြိမ် ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဋ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲဝယ်သည့်ကိစ္စ ဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်း လေလံတင်ရောင်းချသည့်နေ့မှ(၇)ရက်အတွင်း မျဉ်းသားချက် လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဂရန် အင်းကို ဒုတိယအကြိမ် ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော် စေခြင်း၊

(ဌ) ဂရန်အင်းလေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများ ဈေးပြိုင်စနစ် ဖြင့် လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ တင်ပြသည့်ငွေများကို ၄င်းပိုင်ငွေများဟု မှတ်ယူ၍ သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဍ) ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို (၅) ကြိမ်အထိသာ ဆောင်ရွက်ခြင်း၊

(ဎ) ဂရန်အင်းလေလံဆွဲဝယ်ရရှိသူ၏ လေလံဆွဲဝယ်ခွင့် လက်မှတ် ပေါ်တွင် ဂရန်အင်းလေလံတင် ရောင်းချသည့် ဈေးနှုန်းကို ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင် အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲ ပုံစံ (၄)တွင် တွဲထားခြင်း၊

(ဏ) ဂရန်အင်းများလေလံရောင်းချရေးအဖွဲ့သည် ပထမအကြိမ်နှင့် ဒုတိယအကြိမ်လေလံများတွင် သတ်မှတ် ကြမ်းခင်းဈေး ကျော်လွန်

မှ ရောင်းချရမည်။

(တ) တတိယအကြိမ်၌ ငါးနှစ်ပျှမ်းမျှဈေး (၁၀%) သို့မဟုတ် ယခင်နှစ်ဈေးထက် (၁၀%) ကျော်လွန်ခြင်း၊ စတုတ္ထအကြိမ်တွင် ၊ ငါးနှစ်ပျှမ်းမျှဈေး သို့မဟုတ် ယခင်နှစ်ဈေးထက် ကျော်လွန်ခြင်း၊ နောက်ဆုံးအကြိမ်၌ လေလံဆွဲဝယ်သူ၏ အများဆုံးပေးသည့် ဈေးနှုန်းကို မှတ်တမ်းတင်၍ ရောင်းချနိုင်ရေး ကော်မတီထံ အတည်ပြုချက်ရယူပြီးမှ ရောင်းချရမည်။

၁၄။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်းအတွင်းရှိ ဂရန်အင်းများ လေလံတင်ရောင်းချခြင်းပြီးသည့်အခါ ဂရန်အင်းလေလံတင် ရောင်းချခြင်းပြီးစီးကြောင်း တင်ပြစာ ပုံစံ(၅) တွင် ပြည့်စုံစွာရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး ပြည်နယ်ဦးစီးဌာနမှူးထံမှတစ်ဆင့် ကော်မတီ၏ ခွင့်ပြုချက်ရယူနိုင်ရန် တင်ပြရမည်။

(ခ) ကော်မတီ၏ ခွင့်ပြုချက်ရရှိပါက လေလံဆွဲဝယ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း အငှားဂရန် ပုံစံ(၆)ကို လေလံဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ရေစီးရေလာ ဆက်စပ်ပြီး အငြင်းပွားနိုင်သောဂရန်အင်းကို ဂရန်အင်းတွဲအဖြစ် ပြည်နယ်ဦးစီးဌာနမှူး၏ ကြိုတင်အတည်ပြုချက်ရယူ၍ ဂရန်အင်းတစ်ခုတည်းအနေဖြင့် သတ်မှတ်၍ ရောင်းချရမည်။

(ခ) အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် ယင်းဂရန်အင်းကို ထပ်မံလေလံတင်ခြင်းမပြုဘဲ ဂရန်အင်းဆက်စပ်လျက်ရှိသော အောက်ပိုင်းရှိ အငှားဂရန် ရရှိသူအား သတ်မှတ်ဈေးကို ပေးသွင်းစေပြီး ပြည်နယ်ဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ဂ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍ မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့် အတူ နောက်ဆုံးလေလံတင်ရောင်းချသည့်ရက်မှ (၇) ရက် အတွင်း ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီထံ တင်ပြရမည်။

၁၆။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ဂရန်အင်းများအား (၁)နှစ်အငှားချထားခြင်းကို ဂရန်အင်းများ လေလံတင်ရောင်းချပြီးပါက ကော်မတီထံ ခွင့်ပြုချက်တောင်းခံ၍ ခွင့်ပြုချက်ရရှိပါက အငှားဂရန်ထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ဂရန်အင်းလေလံတင်ရောင်းချမည့်ကြမ်းခင်းဈေးနှုန်းကို ကော်မတီထံတင်ပြ၍ အတည်ပြုချက်ရယူထားရမည်။

(ဂ) ပိတ်သိမ်းသင့်သည့် ဂရန်အင်းများကို ခရိုင်ဦးစီးဌာနမှူးမှ စိစစ်တင်ပြလာပါက ကော်မတီထံ ဆက်လက်ထောက်ခံတင်ပြ၍ ကော်မတီ၏ ခွင့်ပြုချက်ရရှိပါက မည်သူမျှ လုပ်ကိုင်ခြင်းမရှိစေရန် ပိတ်သိမ်းမိန့်ထုတ်ပြန်ရန် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ဃ) ဂရန်အင်းများ လေလံရောင်းချပြီး ငွေကြေးပေးသွင်းပြီးသော ဂရန်အင်းများစာရင်းကို ကော်မတီထံတင်ပြရမည်။

အခန်း (၃)

နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ (က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို အင်းချောင်း တိမ်ကောခြင်းကြောင့် ဖြစ်စေ၊ ငါးထုတ်လုပ်မှု ကျဆင်းခြင်းကြောင့် ဖြစ်စေ နှစ်ရှည်အငှားဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘော ရရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည် အငှားဂရန် ခွင့်ပြုရန် လျှောက်ထားလာလျှင်ဖြစ်စေ သက်ဆိုင်ရာ ဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီး အကျိုးအကြောင်း ဖော်ပြလျှက် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က) အရ မြို့နယ်ဦးစီး ဌာနမှူး၏ တင်ပြချက်အပေါ်စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီ၏ ခွင့်ပြုချက်နှင့် အစိုးရအဖွဲ့၏ သဘောတူညီချက် ရယူနိုင်ရေးတင်ပြရမည်။

(ဂ) ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ ခရိုင်ဦးစီး ဌာနမှူး၏ တင်ပြချက်အပေါ် အောက်ပါအချက်များကို စိစစ်ပြီး ကော်မတီထံတင်ပြရမည် -

(ဂ-၁) အငှားဂရန်ချထားသည့်ကာလ၊

(ဂ-၂) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ပြုပြင်ရမည့်အချိန်၊ ကာလ၊ နေရာနှင့် ငွေပမာဏ

(ဂ-၃) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေးရမည့် အင်းခွန်တန်ဖိုးငွေရာခိုင်နှုန်း၊

(ဃ) ပြည်နယ်ဦးစီးဌာနမှူးသည် ကော်မတီ၏ခွင့်ပြုချက်နှင့် အစိုးရ အဖွဲ့၏ သဘောတူညီချက် ရရှိပါက ဂရန်အင်း နှစ်ရှည် အငှါးဂရန် ထုတ်ပေးနိုင်ရေးအတွက် ဂရန်အင်းနှစ်ရှည်အငှါးဂရန် ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို သတ်မှတ်ပေး ရမည်။

၁၈။ ကော်မတီသည် ဂရန်အင်း တစ်ခုခုအတွက် နှစ်ရှည်အငှားဂရန် လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ် ရမည် -

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ခ) လျှောက်ထားသည့် ဂရန်အင်း၏ လွန်ခဲ့သော (၅)နှစ်က အင်းခွန် နှုန်းထားများ တည်ငြိမ်မှုရှိခြင်း၊

(ဂ) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း၊

၁၉။ ကော်မတီသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်ချထားသည့် ကိစ္စအတွက် အောက်ပါအချက်များဖြင့် ပြည်နယ်ဦးစီးဌာနမှူးမှ စိစစ်တင်ပြ လာခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည် -

(က) အငှားဂရန် ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ပြုပြင်ရမည့်အချိန်၊ ကာလ၊

နေရာနှင့် ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ် တိုးမြှင့်ပေးရမည့် ဂရန်အင်းတန်ဖိုးငွေ ရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ။

၂၀။ (က) ကော်မတီသည် ဂရန်အင်းနှစ်ရှည်အငှားဂရန်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိလျှင် ကော်မတီ၏ခွင့်ပြုချက်ကို ပြည်နယ် ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ အကြောင်း ကြားစာရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စည်းကမ်းချက် များပါရှိသော ဂရန်အင်း နှစ်ရှည်အငှားဂရန် ပုံစံ (၆) ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

အခန်း (၄)
တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၁။ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း၊ ငါးဖမ်းကွက်တစ်ခုခုအတွက် တင်ဒါ လိုင်စင်ချထားပေးခြင်းဖြစ်ပါက ဈေးပြိုင်တင်ဒါရောင်းချခြင်းကို နှစ်စဉ် ဧပြီ (၁)ရက်မှ ဩဂုတ်လ (၃၁)ရက်အတွင်း ဆောင်ရွက်ရမည်။

၂၂။ ကော်မတီသည် -

(က) မိမိစီမံခန့်ခွဲရသော ပြည်နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ခရိုင်အလိုက် တင်ဒါလိုင်စင်ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည် -

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး — ဥက္ကဋ္ဌ

(၂) ကော်မတီမှ တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း (၁) ဦး — အဖွဲ့ဝင်

(၃)တင်ဒါငါးဖမ်းကွက်တည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး — အတွင်းရေးမှူး

(ခ) အထူးတင်ဒါချက်များ ရောင်းချရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင် သော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ ကို ဖွဲ့စည်းတာဝန်ပေးအပ် ရမည် -

(၁)	ဝန်ကြီး	ဥက္ကဋ္ဌ
(၂)	ကော်မတီအဖွဲ့ဝင် (၁)ဦး	အဖွဲ့ဝင်
(၃)	သထုံခရိုင်ဦးစီးဌာနမှူး	အဖွဲ့ဝင်
(၄)	မော်လမြိုင်ခရိုင်ဦးစီးဌာနမှူး	အဖွဲ့ဝင်
(၅)	ပြည်နယ်ဦးစီးဌာနမှူး	အတွင်းရေးမှူး

(ဂ) နည်းဥပဒေခွဲ (က)၊ (ခ)အရ ဖွဲ့စည်းသော တင်ဒါလိုင်စင် ချထားရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြောင်းလဲ ဖွဲ့စည်းခြင်း ဆောင်ရွက်နိုင်သည်။

၂၃။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရေး အဖွဲ့က (၁)နှစ်ကာလအတွက် တင်ဒါ လိုင်စင်ချထားမည့် တင်ဒါချက်များကို ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ်ဦးစီးဌာနမှူးနှင့် ကော်မတီ၏ အတည်ပြုချက်ရယူရမည်၊

(ခ) တင်ဒါချက်များကို စိစစ်တင်ပြရာတွင် ခွင့်ပြုကိရိယာ၊ ခွင့်ပြုနေရာ၊

လားရာအရပ်ဒေသများကို သေချာစွာဖော်ပြပြီး ကျားပိုက်တင်ဒါချက်ဖြစ်ပါက နေရာတင်ဒါချက်နှင့် ဧရိယာတင်ဒါချက်ကို ခွဲခြားသတ်မှတ်၍ တင်ပြရမည်၊

(ဂ) နည်းဥပဒေခွဲ(က)၊ (ခ) အရ တင်ပြပြီး အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ (၁၅)ရက် ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ (၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်၊

(ဃ) တင်ဒါငါးဖမ်းကွက်အသစ် ဖော်ထုတ်ရာတွင် တည်ရှိရာဒေသ၌ တင်ဒါငါးဖမ်းကွက် ဧရိယာ သတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ မရှိ ကြိုတင်ကြေညာရမည်၊

(င) နည်းဥပဒေခွဲ(ဃ)အရ ကြေညာပြီး ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

(စ) နည်းဥပဒေခွဲ(င)အရ ကော်မတီ၏ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ (၁၅)ရက်ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ (၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

၂၄။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၈)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၅။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ (၈) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ရမည် -

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွက်သူ မဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့်(၃)နှစ်အတွင်း ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူ မဟုတ်ခြင်း၊

(ဂ) အထူးတင်ဒါချက်ဆွဲဝယ်နိုင်ရန် ယခင်နှစ်သတ်မှတ်ဈေးနှုန်း၏ (၅၀%)ကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် Payment Order(PO) စာရင်းဖွင့်လှစ်ပေးသွင်းပြီးခြင်း၊

(ဃ) မွန်ပြည်နယ်အတွင်း အခြေချနေထိုင်သူဖြစ်ခြင်း၊

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာကို နည်းဥပဒေ ၂၅ အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည် -

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် အကြိုးအကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ထုတ်ပေးနိုင်ရန် ရောင်းချမည့်ရက်မတိုင်မီ (၃)ရက်ကြိုတင်၍ ထောက်ခံတင်ပြချက်များ။

၂၇။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၂၆ အရတင်ပြလာသော လျှောက်လွှာများကိုစိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၉)ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံအကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို

မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီအကြောင်းကြားရမည်။

၂၈။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၉)ကို တင်ဒါလိုင်စင်ချထားမည့်ရက် မတိုင်မီ အနည်းဆုံး(၃)ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၉။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၉)ရရှိသူသာလျှင် မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် တင်ဒါဆွဲဝယ်ခွင့်ရှိသည်။

၃၀။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားခြင်းမပြုမီ အောက်ပါ အချက်များအပေါ် အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါကြမ်းခင်းဈေးနှင့် တင်ဒါစည်းကမ်းချက်များကို ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြ၍ ခွင့်ပြုချက်ရယူရမည် -

(က) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော (၅)နှစ် ပျမ်းမျှဈေးနှုန်း

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ

(ဃ) တင်ဒါငါးဖမ်းကွက်၏ ပျက်စီးတိမ်ကောခြင်း ရှိ မရှိ အခြေအနေ။

၃၁။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပေါ်တွင် မိမိဆွဲဝယ်လိုသည့်တင်ဒါ ငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းတို့ကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်း ကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့၏ ရှေ့မှောက်တွင်၍ မိမိဆွဲဝယ်လိုသည့်တင်ဒါ ငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းတို့ကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်း ကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့၏ ရှေ့မှောက်တွင် ကိုယ်တိုင် တင်သွင်းရမည်။

၃၂။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲ ပုံစံ(၁၀) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်း မပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင်ချထားမည့် တင်ဒါ ငါးဖမ်းကွက်သတ်မှတ်ချက် များကို ဖတ်ကြားကြေငြာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကို ကြေညာထားသည့် အစီအစဉ် အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) အိတ်ဖွင့်တင်ဒါရောင်းချရာတွင် လေလံစနစ်ဖြင့် ရောင်းချရန် လိုအပ်ပါက ကော်မတီထံတင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(င) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းကြရန်ခေါ်ယူခြင်း၊ တင်ဒါဆွဲ ဝယ်ခွင့်လက်မှတ် ထုတ်ယူထားသူဦးရေနှင့် အိတ်ဖွင့်တင်ဒါ ဈေးနှုန်း တင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(စ) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများ အား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်းငွေပမာဏကို တင်ဒါ လိုင်စင်ချထားရေးအဖွဲ့ ရှေ့သို့ တင်ပြစေခြင်း၊ ငွေများကို စစ်ဆေး ခြင်း၊

(ဆ) လုံလောက်သောအကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူတစ်ဦးဦး ကိုသော်လည်းကောင်း၊ ဈေးနှုန်း ပေးထားခြင်းကိုသော် လည်းကောင်း အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း ပြုသည့် အကျိုးအကြောင်း ဖော်ပြချက်ကို အမှုတွဲ ပုံစံ (၁၀)

တွင် မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ တင်ပြခြင်း၊

(ဇ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်းသူများ အမည်နှင့်ပေးထားသည့်ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေး မမီပါက တင်ဒါဆွဲဝယ်ရရှိသူအားလုံးကို ဈေးနှုန်းထပ်မံတိုးမြှင့်ပေးရန် တင်ပြစေခြင်း၊

(ည) တင်ဒါကြမ်းခင်းဈေးနှုန်း ထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံးပေးသူအား တင်ဒါလိုင်စင်ချထားခြင်း၊

(ဋ) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဌ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား ချိတ်ပိတ်တင်ဒါ တင်သွင်းစေခြင်း၊

(ဍ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ထပ်မံတူညီနေပါက ဈေးပြိုင်လေလံစနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဎ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထားသည့် တင်ဒါဈေးနှုန်းကိုရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ် ရေးထိုးပြီး အမှုတွဲ ပုံစံ (၁၀) တွင် တွဲထားခြင်း၊

(ဏ) ပထမအကြိမ်နှင့် ဒုတိယအကြိမ်လေလံများတွင် သတ်မှတ်ကြမ်းခင်းဈေးကျော်လွန်မှ ရောင်းချရမည်၊

(တ) တတိယအကြိမ်၌ ငါးနှစ်ပျမ်းမျှဈေး (၁၀%) သို့မဟုတ် ယခင်နှစ်၏ဈေးထက် (၁၀%) ကျော်လွန်ခြင်း၊ စတုတ္ထအကြိမ်တွင် ငါးနှစ်ပျမ်းမျှဈေး သို့မဟုတ် ယခင်နှစ်ဈေးထက်ကျော်လွန်ခြင်း၊ နောက်ဆုံးအကြိမ်၌ လေလံဆွဲဝယ်သူ၏ အများဆုံးပေးသည့်ဈေးနှုန်းကို မှတ်တမ်းတင်၍ ရောင်းချနိုင်ရေး ကော်မတီထံ အတည်ပြုချက်ရယူပြီးမှ ရောင်းချရမည်။

၃၃။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်းပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်း တင်ပြစာ ပုံစံ (၁၁)တွင် ပြည့်စုံစွာ ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး ပြည်နယ်ဦးစီးဌာနမှူး ထံမှတစ်ဆင့် ကော်မတီ၏ ခွင့်ပြုချက်ရယူရန် တင်ပြရမည်။

(ခ) ကော်မတီ၏ ခွင့်ပြုချက်ရရှိပါက တင်ဒါလိုင်စင်ချထားသည့်နေ့မှ ရက်ပေါင်း(၇)ရက်အတွင်း သက်ဆိုင်ရာ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေပေးသွင်းစေပြီး တင်ဒါလိုင်စင် ပုံစံ(၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

(ဂ) နောက်ဆုံးအကြိမ် ရောင်းချပြီး ပိတ်သိမ်းရန် လိုအပ်သော တင်ဒါချက်များကို (၇)ရက်အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၄။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို

တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက အကျိုးအကြောင်းဖော်ပြလျက် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြပြီး ညွှန်ကြားချက်နှင့်အညီ အဆိုပါတင်ဒါငါးဖမ်းကွက်များကို ထပ်မံ တင်ဒါ ခေါ်ယူ၍ တင်ဒါလိုင်စင်ချထားပေးရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီထံ တင်ပြရမည်။

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါချက်အဖြစ် ကန့်ကွက်ရန် မရှိ၍ ဖော်ထုတ်ရောင်းချခွင့်ပြုရန် ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ ခွင့်ပြုချက်တောင်းခံရမည်။

(ဃ) တင်ဒါချက်အသစ်များအား ရောင်းချပြီး (၁)နှစ်အတွင်း ပြဿနာ ဖြစ်ပွားဖြင်း မရှိပါက ပြည်နယ်ဦးစီးဌာနမှူးထံ အတည်ပြုချက် တောင်းခံရမည်။

၃၅။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ရောင်းချမည့် တင်ဒါချက်များအတွက် ကြမ်းခင်းဈေးနှုန်းကို ကော်မတီထံတင်ပြ၍ အတည်ပြုချက်ရယူထားရမည်။

(ခ) ရောင်းချ၍မရသော တင်ဒါပိုက်ချက်များကို ကော်မတီထံ တင်ပြ ၍ပိတ်သိမ်းခွင့်ပြုနိုင်ပါရန် တင်ပြရမည်။

(ဂ) တင်ဒါချက်အသစ်များအား ရောင်းချပြီးပါက (၁)နှစ်အတွင်း ပြဿနာဖြစ်ပွားခြင်း မရှိကြောင်း ခရိုင်ဦးစီးဌာနမှူးမှ တင်ပြ

လာပါက ပြည်နယ်ဦးစီးဌာနမှူးသည် ကော်မတီထံတင်ပြ၍ အတည်ပြုချက်ရယူပြီး တင်ဒါငါးဖမ်းကွက်အဖြစ် အတည်ပြု ကြောင်း ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ဃ) ရောင်းချပြီးသော တင်ဒါချက်များကို ကော်မတီထံတင်ပြ၍ အတည်ပြုချက် ရယူရမည်။

အခန်း (၅)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်း ကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်း လုပ်ကိုင်သူများအား ကြေညာသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထား ရယူကြရန် ဩဂုတ်လ(၁)ရက်နေ့တွင် ကြော်ငြာစာထုတ်ရမည်။

၃၇။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင်ရရှိရန် နည်းဥပဒေ ၃၆ အရ သတ်မှတ် သည့်ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ ပုံစံ (၁၃)တွင် အချက် အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၈။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ကြော်ငြာစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက် ကုန်ဆုံးသည့်

အခါ လျှောက်ထားသူများ၏စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူစာရင်း ပုံစံ (၁၄) ဖြင့် ပြုစုရမည်။

(ခ) ပုံစံ (၁၄) တွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လိုသူများပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်းအတာ မှန် မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်း မရှိဘဲ လုပ်ကိုင်နေသူများ ရှိ မရှိ ကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ဘုံငါးဖမ်းလုပ်ကွက်အဖြစ် သတ်မှတ်ထားသော နေရာများတွင် အခွန်လွတ်ကိရိယာ/ အတိုင်းအတာ / အရေအတွက်များ မှလွဲ၍ ကျန်ငါးဖမ်းကိရိယာများအတက် အခွန်အခရရှိစေရန် သတ်မှတ်ထားသော လိုင်စင်ခကောက်ခံရမည်။

(ခ) အခိုင်အမာအတားအဆီးများ၊ ပုံသေစိုက် ကိရိယာများကို ဘုံငါးဖမ်းကွက်များအတွင်း လိုင်စင်ထုတ်ပေးခြင်း၊ ခွင့်ပြုငါးဖမ်းခြင်းမပြုလုပ်ရန် တားမြစ်ရမည်၊ (တင်ဒါချက်များကို ဖျက်သိမ်း၍ ဘုံငါးဖမ်းကွက်အဖြစ် ပြောင်းလဲထားသော နေရာများကိုသာ ဆိုသည်)။

(ဂ) ကမ်းနီးငါးဖမ်းလုပ်ငန်းအတွက် ငါးဖမ်းကိရိယာလိုင်စင်ခများကို သတ်မှတ်ထားသော နှုန်းထားများဖြင့်ကောက်ခံရမည်။

(ဃ) ရေပေါ်ရေလျှံလုပ်သားများအား ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသော အခွန်လွတ် ကိရိယာ/ အတိုင်းအတာ / အရေအတွက်

ဖြင့် ငါးဖမ်းခြင်းကို ကြေးတိုင်အင်း၊ ဂရန်အင်း၊ သီးသန့်အင်း၊ ဘောမဲ့အင်းနှင့် တင်ဒါချက်များမှအပ ဖော်ပြပါဧရိယာများ၏ လွတ်ကင်းရာ နေရာဖြစ်သော မည်သည့်ရေချိုငါးလုပ်ငန်း ရေပြင်တွင်မဆို အခွန်လွတ်ကိရိယာ(၁၆)မျိုးဖြင့် ဖမ်းဆီးရှာစား ခွင့်ကို စီးပွားဖြစ်မဟုတ်လျှင် ခွင့်ပြုနိုင်သည်။

(င) လိုင်စင်ထုတ်ပေးမှုကို လစဉ် ပြည်နယ်ဦးစီးဌာနမှူးနှင့် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၄၀။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ပုံစံ (၁၄) စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာ လိုင်စင်ခကို အပြေအကျေကောက်ခံပြီး ငါးဖမ်းကိရိယာလိုင်စင် ပုံစံ (၁၅)ကို ထုတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ လိုင်စင်ထုတ်ပေးထားသူများအမည် စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးထားသူများစာရင်း ပုံစံ (၁၆) ဖြင့် လစဉ်ပြုစု၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က)အရ ငါးဖမ်းကိရိယာလိုင်စင်ခ ကောက်ခံရာတွင် -

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့်

နှုန်းထားနှင့် အကျုံးမဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံး တူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်း အတိုင်းကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲ အသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင်ရမည့် ငါးဖမ်းကိရိယာ နှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာ လိုင်စင်ခများကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၄၂။ ဦးစီးဌာနသည် ၅၀ဝိ/- ၊ ၁၀၀ဝိ/- ၊ ၁၅၀ဝိ/- စသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာလိုင်စင် ပုံစံ (၁၅)ကို အသုံးပြုရမည်။

၄၃။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ ၄၂ အရ လိုင်စင်ပုံစံ တစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခတန်ဖိုးငွေ ပြည့်မီအောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါ က ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန် မလိုဘဲ လိုင်စင်တန်ဖိုးကို ဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာ အမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာ အမျိုးအစားကို

အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခကို ထပ်မံကောက်ခံရမည်။

(ဃ) ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းခွင့်လိုင်စင်ခကို ကော်မတီ၏ ဆုံးဖြတ်ချက်ရရှိပါက သတ်မှတ်ထားသော နှုန်းထားနှင့် အညီကောက်ခံရမည်။

၄၄။ (က) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးဌာနမှူးများအား ထုတ်ပေးရမည်။ စာရင်းမိတ္တူတစ်စောင်ကို ခရိုင်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာများဖြင့် လိုင်စင်ရယူလုပ်ကိုင်ခြင်းရှိမရှိကို ခရိုင်ဦးစီးဌာနမှူးအား ကြီးကြပ်စစ်ဆေးရန်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာ လိုင်စင်ခနှုန်းထားများကို ကော်မတီ၏ဆုံးဖြတ်ချက်အရ သတ်မှတ်ပေးရမည်။

(ဃ) ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းခွင့်လိုင်စင် လျှောက်ထားလာခြင်းကို စိစစ်၍ ပြည်နယ်ဦးစီးဌာနမှူးမှလိုင်စင် ထုတ်ပေးနိုင်သည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာလိုင်စင်အရအသုံးမှတ်ပုံတင် ပုံစံ (၁၇)ဖြင့် စနစ်တကျ ထိန်းသိမ်းထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာ

လိုင်စင် ထုတ်ပေးထားရှိမှု မှတ်ပုံတင်ပုံစံ(၁၈)တွင်အချက် အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး ထိန်းသိမ်း ထားရမည်။

၄၆။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း ပုံစံ(၁၉)ကို ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ် ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၄၇။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ယခင်လ လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့် ငွေများနှင့်လက်ခံရရှိသည့်လချုပ် စာရင်းတွင်ဖော်ပြထားသော စာရင်းဖွင့် လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီ မှန်ကန်မှုရှိ မရှိ စစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် ပြည်နယ်ရုံးသို့ပေးပို့ထားသော လိုင်စင်ပုံစံများ ကိုက်ညီမှန်ကန်မှု ရှိမရှိ စစ်ဆေးရမည်။

(ဂ) လိုင်စင်ခများ ဘဏ်သို့ပေးသွင်းခြင်း ရှိ မရှိ ပြည်နယ်ရုံးရှိ စာရင်း နှင့်တိုက်ဆိုင်စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ဖော်ပြ ထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ပေးသွင်းပြီးသည့် ငွေကို လည်းကောင်း၊ ပြည်နယ်ရုံးရှိ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး ၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်။

(င) နည်းဥပဒေခွဲ(က)၊(ခ)၊(ဂ)ပါစစ်ဆေးရမည့်လုပ်ငန်းတာဝန်များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန်ပေးအပ်နိုင်သည်။

အခန်း (၆)
မိတ္တူလျှောက်ထားခြင်း

၄၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ လျှောက်ထား ရမည်။

၄၉။ (က) သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် နည်းဥပဒေ ၄၈ အရ လျှောက်လွှာလက်ခံရရှိလျှင် စိစစ်ပြီးမှန်ကန်ပါက အငှားဂရန် အတွက် ဒဏ်ကြေးငွေ (၅၀၀၀)ကျပ်ကိုလည်းကောင်း၊ တင်ဒါ လိုင်စင်အတွက် ဒဏ်ကြေးငွေ (၁၀၀၀) ကျပ် ကိုလည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ (၅၀၀)ကျပ်ကို လည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာမိတ္တူကို ထုတ်ပေး ရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ (က) အရ သက်ဆိုင်ရာမိတ္တူရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်း ပြန်လည်တွေ့ရှိလျှင် မူရင်းကို သက်ဆိုင်ရာဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။

အခန်း (၇)
အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၀။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အငှားဂရန်ကို ငါးလုပ်ငန်းအမှန်တကယ်လုပ်ကိုင်လိုသူ မည်သူမဆို လေလံဆွဲဝယ်ခွင့်ရှိသည်၊

(ခ) ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖေါက်ဖျက်သဖြင့် ကော်မတီက အငှားဂရန်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင် အငှားဂရန်အင်းနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီ အတွက် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုကို ပေးလျော်ရမည်၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် အငှားဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၄င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ တာဝန်ခံရမည်၊

(ဃ) ငါးဖမ်းခြင်းလုပ်ကိုင်ခွင့်ရှိသည့် အငှားဂရန်အင်း၏ နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းခွင့်ရှိသည်၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၏ စည်းကမ်းချက်တွင်ဖော်ပြထားသည့် ငါးဖမ်းဆီးခွင့် ကာလအတွင်း ငါးဖမ်းဆီးရမည်၊

(စ) အငှားဂရန်၏ စည်းကမ်းချက်ပါအတိုင်း ဆည်၊ ငါးဖမ်းကိရိယာများ ပြုပြင်တည်ဆောက်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို ငါးဖမ်းခွင့်ပြုရက်မတိုင်မီ (၁၅) ရက် ကြိုတင်၍ ခရိုင်ဦးစီးဌာနမှူးထံ ခွင့်ပြုချက်တောင်းခံပြီး ခရိုင်ဦးစီးဌာနမှူးမှ ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်ခွင့်ရှိမည်၊

(ဆ) အင်းလုပ်ကိုင်သူသည် မိမိအင်း၏ ဧရိယာနယ်နိမိတ်အတွင်းတွင် ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ငါး၊ပုစွန် ဝင်ရောက်ရှာဖွေသူများအား တားမြစ်ခြင်း၊ သက်သေခံ ငါးဖမ်းကိရိယာ ပစ္စည်းတို့ကို သိမ်းဆည်းဆောင်ရွက်ရာတွင်သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် ဆယ်အိမ်မှူး တို့ပါဝင်သည့် အသိသက်သေများဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနသို့ (၃၆) နာရီအတွင်း သွားရောက်အပ်နှံရမည်၊

(ဇ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီဆောင်ရွက်ရမည်၊

(ဈ) ပြည်နယ်ဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို စက်တင်ဘာလ (၁)ရက်နေ့မတိုင်မီ ချထားခြင်းမပြုရ။ အဆိုပါ ဆည်များကို ဧပြီလ (၃၀) ရက်နေ့တွင် ကုန်စင်အောင် ဖယ်ရှားထားရမည်၊

(ည) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ပုစွန်ဖေါင်ဖြင့် လုပ်ကိုင်ရာတွင် ချောင်း၊ မြောင်းများ၌ သွားလာနိုင်ရန် မြစ်၊ ချောင်းများ၊ အင်းများ၌ ငါးဖမ်းလုပ်ငန်းကို မထိခိုက်စေသည့် ဒေသအခြေအနေနှင့် ကိုက်ညီသော လှေ၊

မော်တော်လမ်း လုံလောက်စွာ ထားရှိရမည်၊

(ဋ) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်ရှိဂရန်အင်းမှ ရေစီးရေလာသည့် အောက်ပိုင်ရှိ ဂရန်အင်းအတွင်း စီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာ ဆက်စပ်နေပါက အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက မေတ္တာရပ်ခံလာလျှင် အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဧပြီလ(၃၀)ရက်နေ့ အထိ ဆည်များတားဆီး၍ ပိတ်ထားရမည်၊

(ဌ) အထက်ပိုင်းရှိ ဂရန်အင်းနှင့် အောက်ပိုင်းရှိ ဂရန်အင်း ရေစီးရေလာဆက်စပ်နေပါက အထက်ပိုင်းမှ အောက်ပိုင်းသို့လာသော ငါးများဖမ်းဆီးရန် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို အသုံးပြုခွင့် မရှိစေရန် ဆောင်ရွက်ရမည်၊

(ဍ) ဂရန်အင်းအတွင်းမှ ဒိုက်၊ မှော်တို့ကို ရှင်းလင်းဖယ်ရှားရာတွင် ဒီဇင်ဘာလ (၃၁) ရက်နေ့ မတိုင်မီ ရေကြောင်းလမ်းမှ မျှောချ ရှင်းလင်းခြင်း၊ ကြွင်းကျန်ရှိနေသည့် ဒိုက်၊ မှော် တို့ကို ဇန်နဝါရီ လ(၃၁)ရက်နေ့မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးအနားရှိ သစ်ပင် များကို မထိခိုက်စေဘဲ ဖေဖော်ဝါရီလကုန်နေ့မတိုင်မီ အကုန် အစင် ဖျက်ဆီးဖယ်ရှားရမည်၊

(ဎ) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် ဧပြီလ(၁)ရက်နေ့တွင် အနီးအနားရှိ သစ်ပင်များကို မထိခိုက် စေဘဲ ရှင်းလင်းရမည်၊

(ဏ) ဘုန်းကြီးကျောင်း ပရဝုဏ်မှ ကိုက်(၁၀၀) အတွင်း ငါးဖမ်းခြင်းကို

ရှောင်ရှားရမည်၊

(တ) ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာ များဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်းမပြုရ -

(တ-၁) လက်ဆည်နှင့် ကတက်တုံးများအပါအဝင်ဖြစ်သော ဆည်တမံတာရိုး အမျိုးမျိုး၊ ၄င်းပြင် မြင်းဝန်းဆည် သို့မဟုတ် အခြားဆည်များ၊ ဆောက်ခြေတွင် မြေနှင့် ဖြစ်စေ၊ ဖျာရိုင်များနှင့်ဖြစ်စေ သို့မဟုတ် အခြားကိရိယာ များနှင့်ဖြစ်စေ ပြုလုပ်ထားသော တမံများဖြင့်ဖမ်းဆီးခြင်း၊

(တ-၂) ထူးများ၊ တုတ်များဖြင့်ရေထုတ်ခြင်းမှတစ်ပါး အခြားနည်း ဖြင့် ရေထုတ်ခြင်း၊

(တ-၃) ငါးများခိုအောင်းနေစေရန် ဒိုက်၊ မှော်၊ ချုံ၊ သစ်ကိုင်း၊ ဂတုံး၊ တောင်းကဲ့သို့ အလားတူအရာများချထားခြင်း၊

(တ-၄) ပိုက်ကွက်ကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့် တစ်ခုအကြား (၁) လက်မ အောက်လျော့သည့် ပိုက်များ ဖြင့်ဖမ်းဆီးခြင်း၊

(တ-၅) ငါးကြီးတွင်းများဖြင့် ဖမ်းဆီးခြင်း၊

(တ-၆) ဂုန်နီ၊ ပိတ်စ၊ ပလပ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည် စသည်တို့ဖြင့် ရေလမ်းကြောင်းပိတ်၍ ဖမ်းဆီးခြင်း၊

(တ-၇) လျှပ်စစ်ဓါတ်ဖြင့် ငါးဖမ်းခြင်း၊

(တ-၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေ

တတ်သော အခြားပစ္စည်းများ အသုံးပြု၍ ငါးဖမ်းခြင်း၊

(ထ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၅၁။ အငှားဂရန်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထပ်ဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးကစိစစ်ပြီးယင်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိရမည်၊

(ဂ) ငါးဖမ်းဆီးလုပ်ကိုင်ခွင့် ရရှိသူသည် ဂရန်အင်းစည်းကမ်းပါ သတ်မှတ်သည့်ကာလအတိုင်း ငါးဖမ်းဆီးခွင့်ရှိရမည်၊

(ဃ) တောချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ် ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်း ချထားခွင့်ရှိခြင်း၊ မြင်းဝန်းဆည်ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီချထားရမည်၊

(င) အထက်ဆည်နှင့် အောက်ဆည် ရေစီးရေလာ ဆက်စပ်နေပါက အထက်ဆည်၏အင်းနယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည်ခြေရင်း ရေပြင်ကို အောက်ဆည်အငှားဂရန်ရရှိသူက ပိုင်ဆိုင်ခွင့်ရှိရမည်။

(စ) တောချဆည်နှင့်မြင်းဝန်းဆည်ကို အထက်ပိုင်းရှိ အငှားဂရန် ရရှိသူကပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန် ရရှိသူက ပိတ်ဆို့ထားနိုင်ခြင်း၊ အထက်ပိုင်းရှိ အငှားဂရန် ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်း မရှိလျှင် အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် အထက်ပိုင်းရှိ ဂရန်အင်းကိုကျသင့်သော အခွန်အခပေးဆောင်၍ လုပ်ကိုင်ခွင့်ရှိရမည်၊

(ဆ) သီးသန့်အင်းနှင့် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်း ရေပြင်အထက်ပိုင်းရှိဂရန် အင်းတွင် အဝချုပ်ဆည်ကို တန်ခူးလပြည့်နေ့အထိ အသုံးပြုခွင့်ရှိရမည်၊

(ဇ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကိုအသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာ ဆက်စပ်နေပါက ဂရန်အင်း နှစ်ခုအကြား အမြဲတန်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်းများချထားခွင့်မရှိစေရ၊

(ဈ) ဂရန်အင်းများတွင် ဦးစီးဌာန၏ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ တောချဆည်နှင့် အဝချုပ်ဆည်များအပြင် အောက်ပါငါးဖမ်းကိရိယာများကို အသုံးပြုနိုင်မည် -

(၁) ထောင်ချောက်များ၊ (ထောင်ချောက်၏အစိပ်အကျဲတစ်ခုနှင့်တစ်ခုသည် (၁) လက်မအောက် လျော့နည်းပါက ဖမ်းဆီးခွင့်မရှိစေရ)

(၂) ဂျမ်းများ

(၃) ဘဝန်းများ (၄င်းဘဝန်းများအတွင်း ကိုင်းရိုးများကို ရေအောက်မြေပေါ်၌ စိုက်ထားနိုင်သည်။ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့်ရာသီကုန်ဆုံးသည့်အခါ ဖယ်ရှား ရမည်)

(၄) ပိုက်သီသောကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခု နှင့် တစ်ခုအကြား (၁) လက်မအောက်မလျော့သော ပိုက်ကွန်များ၊

(၅) ဆောင်များ၊

(၆) ငါးမျှားချိတ်များ၊

(၇) ပုစွန်ဖေါင်များ၊

(၈) မြင်းဝန်းဆည်များ၊

(ည) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ရေချိုငါးလုပ်ငန်းဆိုင်ရာ နည်းဥပဒေ များတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် ဂရန်အင်းကို ဒေသ ဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်ရမည်၊

(ဋ) ဂရန်အင်းများအတွင်း ရေချိုငါးလုပ်ငန်းဆိုင်ရာနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများတွင် သီးခြားပြဋ္ဌာန်းထားခြင်း မရှိ သော်လည်း အင်းဧရိယာအတွင်း၌ ငါးဖမ်းလုပ်ကိုင်ဆောင်ရွက် လျှက်ရှိသည့်တည်နေရာ ငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းစနစ် များသည် ပြဿနာဖြစ်ပွားမှု မရှိလျှင် (၃)နှစ် ဆက်တိုက် လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါက ဓလေ့ထုံးစံအဖြစ် မှတ်ယူရမည်၊

(ဌ) အင်းဂရန်စည်းကမ်းချက်တွင် ခွင့်ပြုသည့် ငါးဖမ်းရက်ထက်

ကျော်လွန်ငါးဖမ်းခွင့်လျှောက်ထားခြင်းကို ကျိုးကြောင်းခိုင်လုံပါက သတ်မှတ်ကာလမကုန်ဆုံးမီ (၃၀)ရက် ကြိုတင်၍ ပြည်နယ် ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံတင်ပြလျှောက်ထားရမည်၊

(ဍ) နိုင်ငံတော်၏အကျိုးငှာ လိုအပ်၍ အငှားဂရန် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့်အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားရမည်၊

အခန်း (၈)

တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၂။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တင်ဒါလိုင်စင်ကို အမှတ်တကယ်လုပ်ကိုင်လိုသူ မည်သူမဆို တင်ဒါဆွဲဝယ်ခွင့်ရှိသည်၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်သဖြင့် ကော်မတီ ဥက္ကဋ္ဌကတင်ဒါလိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံရလျှင် ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် တင်ဒါငါးဖမ်းကွက်ကို ပြန်လည်တင်ဒါချထားရာ တွင် မူလချထားသည့် တန်ဖိုးမပြည့်မီ ပါ က ယင်းနစ်နာဆုံးရှုံးမှုမှန်သမျှကို ပေးလျော်ရန်တာဝန်ရှိရမည်၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါချက်၏အစိတ်အပိုင်း တစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦး တစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၄င်းတို့၏လုပ်ကိုင်ဆောင် ရွက်ချက်များကို မိမိကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ တာဝန်ခံ

ရမည်၊

(ဃ) ငါးဖမ်းလုပ်ကိုင်ခွင့်ရှိသည့် တင်ဒါချက်နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းခွင့်ရှိရမည်၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် တင်ဒါစည်းကမ်းချက်တွင် ဖော်ပြထားသည့် ငါးဖမ်းဆီးခွင့်ကာလအတွင်း ငါးဖမ်းဆီးခွင့်ရှိရမည်၊

(စ) တင်ဒါလိုင်စင်စည်းကမ်းချက်ပါအတိုင်း ငါးဖမ်းကိရိယာများ ပြုပြင်တည်ဆောက်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို ငါးဖမ်းခွင့်ပြုရက် မတိုင်မီ (၃၀)ရက် ကြိုတင်၍ ခရိုင်ဦးစီးဌာနမှူးထံ ခွင့်ပြုချက် တောင်းခံပြီးခရိုင်ဦးစီးဌာနမှူးမှ ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်ခွင့်ရှိရမည်၊

(ဆ) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားရမည်၊

(ဇ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များ သွားလာမှုကို အနှောင့်အယှက် မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားရမည်၊

(ဈ) ဘုန်းကြီးကျောင်းပရိဝုဏ်မှ ကိုက်(၁၀၀)အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားရမည်၊

(ည) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

၅၃။ အထူးတင်ဒါလုပ်ကိုင်ခွင့်ရရှိသူ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်

(က) သတ်မှတ်နယ်နိမိတ်အတွင်းမှ ကျော်လွန်လုပ်ကိုင်ခွင့်မပြုရ၊

(ခ) နယ်နိမိတ်အတွင်း ရောင်းချရေးအဖွဲ့၏ခွင့်ပြု ကျားချက် အရေအတွက် အတိုင်းသာ လုပ်ပိုင်ခွင့်ရှိသည်၊

(ဂ) ငါးဖမ်းခွင့်ကာလအား ဩဂုတ်လ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့အထိ လုပ်ကိုင်ခွင့်ပြုသည်၊

(ဃ) နိုင်ငံတော်အကျိုးငှာ တင်ဒါချက်ဖျက်သိမ်းခံရပါက နစ်နာကြေးအဖြစ် ပြန်အမ်းငွေ လျှောက်ထားခွင့်ရှိသည်။

၅၄။ တင်ဒါလိုင်စင်ရရှိသူ၏ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တင်ဒါချက်၏အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း ထပ်ဆင့်အငှားချထားနိုင်ခွင့်ရှိရမည်၊

(ခ) တင်ဒါလိုင်စင်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစား၊ အမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက် ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ၄င်း၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိရမည်၊

(ဂ) ငါးဖမ်းဆီးလုပ်ကိုင်ခွင့်ရရှိသူသည် တင်ဒါလိုင်စင် စည်းကမ်းသတ်မှတ်သည့်ကာလအတိုင်း ငါးဖမ်းဆီးခွင့်ရှိရမည်၊

(ဃ) နိုင်ငံတော်အကျိုးငှာ လိုအပ်၍ တင်ဒါလိုင်စင် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိ ပေးသွင်းထားသည့် တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိရမည်၊

(င) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် သတ်မှတ်ထားသောနေရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိရမည်၊

အခန်း (၉)
ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၅။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားထားရမည်၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်များ သွားလာမှုကို အနှောင့်အယှက် မဖြစ်စေရန် ရေကြောင်း လမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြ ထားရမည်၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလ

အတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရှိရမည်၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

အခန်း (၁၀)
ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၆။ ကော်မတီသည် -

(က) ငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

(ခ) ငါးလုပ်ငန်းရေပြင် အမျိုးအစားအဖြစ်မှ ပယ်ဖျက်ရာတွင် ပယ်ဖျက်သည့် ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၅၇။ ကော်မတီသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့် ထပ်မံအငှားချထားနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၅၈။ ကော်မတီသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်း

ကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံ ပစ္စည်းများကို လေလံတင် ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ္ဍာသို့ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးနောက် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထားလာပါက စိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း၊

၅၉။ ကော်မတီသည် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ ခွင့်ပြုပါက ခံဝန်ငွေ ပမာဏ နှင့် ပေးသွင်းရမည့်နေရာဒေသ သတ်မှတ်ပေးခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

၆၀။ ကော်မတီသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖေါက်ဖျက် ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည် ရွေးယူခွင့်ပြုခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ် သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရန် ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါ က ရက်လွန်ကြေးကို ထပ်မံပေးဆောင်စေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေးပေးသွင်းခြင်းမပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်း မရှိပါ က အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်း၍ လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ၎င်း၏တာဝန်ဖြင့် ထပ်မံအငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက အယူခံဝင်ရောက်လျှင် အယူခံတွင် ချမှတ်သည့်အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

၆၁။ ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ(ဂ)နှင့် နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ခ)တို့အရ ရောင်းချ၍ မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် တင်ပြလာသည့်ကိစ္စတွင် အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ပြီးတင်ပြသည့် ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သောဈေးနှုန်း ပြင်ဆင်သတ်မှတ်၍ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ကော်မတီထံ တင်ပြရမည် -

(က) ရာသီဥတု အခြေအနေ

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန်ကျန်ရှိသည့်ကာလ၊

(ဃ) လွန်ခဲ့သော (၅)နှစ်ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ်ဈေးနှုန်း။

၆၂။ ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန်ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများ မပျက်စီးမပြုန်းတီးစေရန် အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကိုစီမံချက် ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) အင်းစည်းကမ်းချက်တွင် ခွင့်ပြုသည့် ငါးဖမ်းရက်ကျော်လွန်၍ ရာသီဥတုကြောင့်ဖြစ်စေ၊ သီးနှံစိုက်ပျိုးခြင်းများကြောင့်ဖြစ်စေ၊ ကြေးတိုင်စိုက်အင်းများငါးမျိုးချန်လုပ်ရန်ဖြစ်စေ ငါးဖမ်းရန် ခွင့်ပြုစေခြင်းကို စိစစ်၍ ဝန်ကြီးထံတင်ပြပြီး အတည်ပြုချက်ရယူခြင်း၊

(စ) ပြည်နယ်ဦးစီးဌာနမှူးသည် မွန်ပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဆ) ခရိုင်ဦးစီးဌာနမှူးသည် ခရိုင်အတွင်းရှိ ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဇ) မြို့နယ်ဦးစီးဌာနမှူးသည် မြို့နယ်အတွင်းရှိ ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

၆၃။ ကော်မတီသည် ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ အရ လိုင်စင်ထုတ်ပေးရာတွင် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို -

(က) ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများအား လုပ်ပိုင်ခွင့်များ လွှဲအပ်နိုင်သည်။

အခန်း (၁၁)
ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၆၄။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာလျှင်သော်လည်းကောင်း၊ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့၊ ငါး ထုတ်လုပ်မှုကိုထိခိုက်နစ်နာသည့် နေ့မှရက်ပေါင်း(၃၀)အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည် ထုတ်ပေးရန်အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည် -

(က) နိုင်ငံတော်၏အကျိုးငှာ လိုအပ်၍ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့်ကိစ္စဖြစ်လျှင် ရုံးအမိန့်စာမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်းအခြေအနေတင်ပြချက်

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့် ထောက်ခံချက်များ။

၆၅။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၆၄ အရ ပြန်အမ်းငွေ ပြန်လည်

ထုတ်ပေးရန်လျှောက်လွှာ လက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့် အချက်များမှန်ကန်မှု ရှိမရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှု စစ်ဆေးရမည်။

၆၆။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် ထိခိုက်နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ -

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးဖမ်းကိရိယာများ ရေမျောပါသွားခြင်း၊

(ခ) နုံးမြေများ တင်လာ၍ ဂရန်အင်းများ ပျက်စီးခြင်း၊

(ဂ) ဂရန်အင်းအတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ သို့မဟုတ် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများ ခိုးယူခံရခြင်း။

၆၇။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာ အမှုတွဲကိုစိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူး မှတစ်ဆင့် ကော်မတီထံ အဆင့်ဆင့်တင်ပြရမည်။

၆၈။ ကော်မတီသည် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုကြောင်း ဆုံးဖြတ်ရမည်။

၆၉။ (က) ပြည်နယ်ဦးစီးဌာနမှူးသည် ကော်မတီ၏ ပြန်အမ်းငွေပြန်လည် ထုတ်ပေးရန် ခွင့်ပြုချက် သို့မဟုတ် ငြင်းပယ်ခြင်းကို သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရန်နှင့် ကော်မတီ၏ ခွင့်ပြုချက်အရ သက်ဆိုင်ရာ လျှောက်ထားသူထံ ပြန်အမ်းငွေ

ပြန်လည်ထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားခြင်း နှင့် ကော်မတီ၏ ခွင့်ပြုချက်အရ သက်ဆိုင်ရာ လျှောက်ထားသူထံ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးခြင်းပြုရမည်။

၇၀။ ခရိုင်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ လျှောက်ထားသူထံ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးပြီးပါက အကျိုးအကြောင်း ဖော်ပြချက် အစီရင်ခံစာကို ပြည်နယ် ဦးစီးဌာနမှူးထံ တင်ပြရမည်။

အခန်း (၁၂)
ကြွေးကျန်များကောက်ခံခြင်း

၇၁။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အရစ်ကျပေးဆောင်ရန် အငှား ချထားသည့် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် စပ်လျဉ်း၍ လည်းကောင်း အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးငွေများ၏ ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်စေရန် အကြောင်း

ကြားခြင်း၊

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်သည့် အချိန်ကာလ အတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း တစ်စုံ တစ်ရာကို ဝရမ်းကပ်သိမ်းဆည်း၍ လေလံတင်ရောင်းချခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ လေလံတင်ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် ငွေထက်ပိုနေပါက ပျက်ကွက်သူ ပေးသွင်းရမည့်ငွေနှင့် လေလံတင် ရောင်းချရာတွင် ကုန်ကျ စရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည် ပေးအပ်ခြင်း၊ လေလံတင်ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက် သူ ပေးသွင်းရမည့်ငွေကို မပြည့်မီသေးပါက ကျန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ် သိမ်းဆည်းပြီး လေလံတင်ရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင် ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် ငွေထက် ပိုနေပါက ပျက်ကွက်သူပေးသွင်းရမည့်ငွေနှင့် လေလံ တင်ရောင်းချရာတွင် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊

(စ) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင် ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့်ငွေကို မပြည့်မီသေးပါက ကျန်ငွေအတွက် ပျက်ကွက်သူအတွက်

အာမခံတင်သွင်းထားသူ၏ ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ် သိမ်းဆည်းပြီး လေလံတင်ရောင်းချခြင်း၊ လေလံတင်ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် ကျန်ငွေထက် ပိုနေပါက ပျက်ကွက်သူပေးသွင်းရမည့်ကျန်ငွေနှင့် လေလံတင်ရောင်းချရာတွင် ကုန်ကျစရိတ် များကိုနုတ်ယူ၍ ပိုငွေကို အာမခံတင်သွင်းထားသူအား ပြန်လည်ပေးအပ်ခြင်း၊

၇၂။ မြို့နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၇၁ နည်းဥပဒေခွဲ (က)အရ ပျက်ကွက်သူထံ အကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည် -

(က) ပျက်ကွက်သူသို့ ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့် အတူတကွ နေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူတစ်ဦးဦးထံသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါ နည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် ပေးအပ်၍မရပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးထံ အကြောင်းကြား၍ ပျက်ကွက်သူ၏ နေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာ ကပ်ထားခြင်း။

၇၃။ နည်းဥပဒေခွဲ ၇၁ ၊ နည်းဥပဒေခွဲ (က)အရ အကြောင်းကြားစာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) ပျက်ကွက်သူမှ ကြွေးကျန်ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူ ပေးဆောင်ရမည့် ကြွေးကျန်ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှ နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ကြွေးကျန်ငွေကို မည်သူထံ ပေးဆောင်ရမည်။

၇၄။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကိုလေလံတင် ရောင်းချရာတွင် -

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး (၁၅) ရက်ကြိုတင်၍ လေလံကြော်ငြာစာဖြင့် ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်ဆိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည် စသည့်အချက်များနှင့်တကွ လေလံတင်ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြရမည်။

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်။

(ဃ) လေလံဆွဲဝယ်မည့်သူ မရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ ကြွေးကျန်ငွေနှင့် လေလံတင်ကုန်ကျစရိတ်အောက် လျော့နည်းလျှင်ဖြစ်စေ လေလံပွဲကိုရွှေ့ဆိုင်း၍ ထပ်မံ လေလံတင်ရောင်းချရမည်။

(င) လေလံတင်ရောင်းချရရှိသည့်ငွေမှ ရရန်ရှိသော ကြွေးကျန်ငွေနှင့် လေလံတင် ကုန်ကျစရိတ်ကို နုတ်ယူ၍ ဘဏ္ဍာသို့ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည်ပေးအပ်ရမည်။

အခန်း (၁၃)

အထွေထွေ

၇၅။ ကော်မတီသည် ဦးစီးဌာနမှ အစီရင်ခံတင်ပြလာမှုအပေါ် လိုအပ်ပါက ကော်မတီ ဆုံးဖြတ်ချက်ဖြင့် ရယူဆောင်ရွက်နိုင်သည်။

၇၆။ ကော်မတီသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏နယ်မြေအတွင်း ကျရောက်သည့်ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေ ပုဒ်မ ၇ အရ အငှားဂရန် ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာ အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူရမည်။

(ခ) သက်ဆိုင်ရာ အစိုးရအဖွဲ့မှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသောအချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၇၇။ ကော်မတီသည် ဥပဒေအရပေးအပ်သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကော်မတီ၏ ကိုယ်စားဆောင်ရွက်ရန် ကော်မတီ၏ အတွင်းရေးမှူးအား လွှဲအပ်နိုင်သည်။

၇၈။ ဦးစီးဌာနသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင်ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၇၉။ မြို့နယ်ဦးစီးဌာနမှူးသည် နှစ်စဉ်ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များ ပါဝင်သော အစီရင်ခံစာတစ်စောင်ကို ရက်ပေါင်း (၆၀) အတွင်း ခရိုင်ဦးစီးဌာနမှူး မှတစ်ဆင့် ပြည်နယ်ဦးစီးဌာနမှူးထံ အဆင့်ဆင့်

တင်ပြရမည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှားချထားမှု အခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှု အခြေအနေ၊

(ဃ) ဥပဒေအရ အရေးယူဆောင်ရွက်မှု အခြေအနေ၊

(င) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသောပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှု အခြေအနေ၊

(စ) နောက်လာမည့်နှစ် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ရေးဆွဲမှု အခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှုအခြေအနေ၊

၈၀။ မြို့နယ်ဦးစီးဌာနမှူးသည် အရေးပေါ်စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် စစ်ဆေးရေးအဖွဲ့အား အကြောင်းကြားသော်လည်း အချိန်မီလာရောက်နိုင်ခြင်းမရှိကြောင်းနှင့် ဆောင်ရွက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ရရှိပါက မိမိကိုယ်တိုင် ဆောင်ရွက်ပြီး စစ်ဆေးရေးအဖွဲ့ထံ ပြန်လည်အစီရင်ခံနိုင်သည်။

၈၁။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီ နည်းပညာစာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသနစာတမ်းများ

ဖတ်ကြားခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၈၂။ (က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ကော်မတီက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင် ယင်းသို့ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုသည့်နေ့ သို့မဟုတ် အမိန့်စာ လက်ခံရရှိသည့်နေ့ မှစ၍ ငါးလုပ်ငန်းကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာ ဦးစီးဌာနမှူးထံ သက်ဆိုင်ရာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသမှ (၇) ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ (က) အရ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၈၃။ ဦးစီးဌာနသည် ဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အကြုံးမဝင်သော ငါးလုပ်ငန်း ဆိုင်ရာကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီ ခွင့်ပြုခြင်း ဆောင်ရွက်နိုင်သည်။

၈၄။ ဦးစီးဌာနသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင် -

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာ ဖော်ပြရမည်၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်

ဖော်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ထားခြင်းမရှိလျှင် ယခင်က လုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၈၅။ ဦးစီးဌာနသည် ရေပေါ်ရေလျှံလုပ်သားများ ရှာဖွေစားသောက်ခွင့်ရှိသော အခွန်လွတ်ငါးဖမ်းကိရိယာ များအရေအတွက်ကို အောက်ပါအတိုင်း ခွင့်ပြုသတ်မှတ်ရမည် -

(က) ရေချိုဒေသအတွက် အောက်ဖော်ပြပါအတိုင်းဖြစ်သည် -

(၁) လက်ထွန် လူတစ်ဦးလျှင် (၃)လက်

(၂) ကိုင်းထောက် လူတစ်ဦးလျှင် (၁၀)ခု

(၃) ထောင်ကျင်း သို့မဟုတ် တိုင်ထောင်ငါးမျှား လူတစ်ဦးလျှင် (၃)ခု

(၄) ငါးမျှားတန်း လူတစ်ဦးလျှင် (၁)တန်း (ငါးမျှားချိတ် ၂၀ ထက်မပိုရ)

(၅) ဘူးမျှော လူတစ်ဦးလျှင် (၃)ခု

(၆) လက်ပစ်ကွန် သို့မဟုတ် ကွန်စိပ် လူတစ်ဦးလျှင် (၁)လက်

(၇) ရင်တွန်း လူတစ်ဦးလျှင် အဝ(၃)တောင်ထက်မပိုရ (၁)ခု

(၈) ပေါ်ခပ် သို့မဟုတ် ရက်သဲ့ အဝန်း ၂ တောင် ထက်မပိုရ လူတစ်ဦးလျှင် (၁)ခု

(၉) မြှုံးငယ်အမျိုးမျိုး (ပုစွန်မြှုံး/ ခရာမြှုံးစသည်) လူတစ်ဦးလျှင် (၂၀)လုံး

(၁၀) မြဲးကြီး (ရေချို)လူတစ်ဦးလျှင် (၃)လုံး

(၁၁) တုပ် သို့မဟုတ် တုပ်ကတုံး လူတစ်ဦးလျှင် (၃)ခု

(၁၂) တစ်စောင်း လူတစ်ဦးလျှင် (၁)ခု

(၁၃) လုံ့ထိုး လူတစ်ဦးလျှင် (၁)ခု

(၁၄) ဂုတ် လူတစ်ဦးလျှင် (၁)ခု

(၁၅) ယက်သဲ့ လူတစ်ဦးလျှင် (၁)ခု

(၁၆) ဆောင်း သို့မဟုတ် ဆောင်အုပ် လူတစ်ဦးလျှင် (၁)လက်

(ခ) ရေချိုရေငန်စပ်ဒေသအတွက် အောက်ပါအတိုင်းဖြစ်သည် -

(၁) ပေါ်ခပ် အဝန်း ၃ တောင် လူတစ်ဦးလျှင် (၁)ခု

(၂) ယက်သဲ့ ထပ်ဝ(၁)လံ လူတစ်ဦးလျှင် (၁)ခု

(၃) ဓမင်းမြဲး လူတစ်ဦးလျှင် (၅)လုံး

အမိန့်အရ

(ပုံ) မျိုးညွန့်
ဝန်ကြီး
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
မွန်ပြည်နယ်အစိုးရအဖွဲ့

ပုံစံ (၁)

မွန်ပြည်နယ်အစိုးရ
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး
......................မြို့

လေလံကြော်ငြာ
နည်းဥပဒေ ၅ (ခ)

ရက်စွဲ၊

အများသိစေရန် ကြော်ငြာလိုက်သည်။

မွန်ပြည်နယ်၊ ....မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ၂၀ - ၂၀ ခုနှစ်၊ ၁၃ ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်) ရက်နေ့ နံနက် ( )နာရီအချိန်တွင် အောက်ဖော်ပြပါ လေလံစည်းကမ်းချက်များနှင့် အညီ .... နေရာတွင် လေလံရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>လေလံစည်းကမ်းချက်များ</u>

ပုံစံ (၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

နည်းဥပဒေ ၆

သို့

မြို့နယ်ဦးစီးဌာနမှူး

.....................မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

......................မြို့။

ရက်စွဲ၊

အကြောင်းအရာ။ **ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မ ဦး/ဒေါ် ....သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊...

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ....
....

၃။ အဘအမည်၊ ....

၄။ အလုပ်အကိုင်၊ ....
(ယခင်နှစ်က အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၅။ နေရပ်လိပ်စာ၊ ....

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊ ....

၇။ လေလံတင်ရောင်းချမည့်ရက်၊ ....

လျှောက်ထားသူ၏ လက်မှတ်(သို့မဟုတ်)လက်ဝဲလက်မပုံစံ

ပုံစံ (၃)

မွန်ပြည်နယ်အစိုးရ

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး

.....................မြို့

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

နည်းဥပဒေ ၉ (က)

အမှတ်စဉ်- /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊...

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ....
....

၃။ အဘအမည်၊ ....

၄။ အလုပ်အကိုင်၊ ....

၅။ နေရပ်၊ ....

၆။ လေလံဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည်၊ ....

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့၊ ....

၈။ လေလံဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊ ....

မြို့နယ်ဦးစီးဌာနမှူး

..................မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

...................မြို့နယ်

ပုံစံ (၄)

မွန်ပြည်နယ်အစိုးရ

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး

…………………မြို့

နည်းဥပဒေ ၁၃ (က)

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊ …….. / ………ခုနှစ်၊

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည် ……………………………………….

ဂရန်အင်း၏တည်ရှိနေရာ ……………………………………….

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ ……………………………………….

လေလံတင်ရောင်းချသည့်နေရာ ……………………………………….

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့်အင်းခွန်

နှစ်	အငှားဂရန်ရရှိသူ	အင်းခွန်
……	……………………	……
……	……………………	……

ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး

လေလံဆွဲဝယ်ကြသူများ

စဉ်	လေလံဆွဲဝယ်ရရှိသူအမည် / နိုင်ငံသား / မှတ်ပုံတင်အမှတ်	ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်းဖြင့်)(စာဖြင့်)
……	……………………	……
……	……………………	……
……	……………………	……

ယခုသတ်မှတ်သည့်အင်းခွန် ……………………………………….

အငှားဂရန်ရရှိသူအမည် ……………………………………….

မှတ်ချက် (ရှိလျှင်ဖော်ပြရန်) ……………………………………….

(အဖွဲ့ဝင်) **(ဥက္ကဋ္ဌ)** **(အဖွဲ့ဝင်)**

ပုံစံ (၆)

မွန်ပြည်နယ်အစိုးရ

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး

…………………မြို့

အငှားဂရန် / နှစ်ရှည်အငှားဂရန်

နည်းဥပဒေ ၁၄(ခ) / နည်းဥပဒေ ၂၀(ခ)

ပြည်နယ်ငါးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား အငှားဂရန် / နှစ်ရှည်အငှားဂရန် ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန် ရရှိသူအမည်၊……………………………………………

၂။ အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊……………

၃။ နေရပ်လိပ်စာ၊ ……………………………………………………

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ဂရန်အင်းအမည်နှင့်မြို့နယ်၊ ……………
……………………………………………………………………

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊ ……………………………………

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ ……………………………

၇။ အင်းခွန်ကို အရစ်ဖြင့် သတ်မှတ်ပါက သတ်မှတ်သည့်အရစ်၊ …………….
ငွေပမာဏနှင့် ပေးဆောင်ရမည့်နေ့၊ ……………………………………

၈။ အင်းခွန် ………………………ကို ……………………………မြို့ မြန်မာ့စီးပွားရေးဘဏ် ( )နေ့စွဲပါ ချလံအမှတ် ( ) အရ ငွေပြေပေးသွင်းပြီးဖြစ်ပါသည်။

ရုံးတံဆိပ်

ခရိုင်ဦးစီးဌာနမှူး

……………ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

……………..မြို့

ပုံစံ (၆)

မွန်ပြည်နယ်အစိုးရ

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး

.....................မြို့

အငှားဂရန် / နှစ်ရှည်အငှားဂရန်

နည်းဥပဒေ ၁၄ (ခ) / နည်းဥပဒေ ၂၀(ခ)

ပြည်နယ်ငါးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား အငှားဂရန် / နှစ်ရှည်အငှားဂရန် ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည်၊..

၂။ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊................

၃။ နေရပ်လိပ်စာ၊...

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ်၊.......................

....

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊..

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊......................................

၇။ အင်းခွန်ကို အရစ်ဖြင့် သတ်မှတ်ပါက သတ်မှတ်သည့်အရစ်၊..................

ငွေပမာဏနှင့်ပေးဆောင်ရမည့်နေ့၊...

၈။ အင်းခွန်.................. ကို ....မြို့ မြန်မာ့စီးပွားရေးဘဏ် ( ) နေ့စွဲပါ ချလံအမှတ် ( )အရ ငွေပေးသွင်းပြီး ဖြစ်ပါသည်။

ရုံးတံဆိပ်

ခရိုင်ဦးစီးဌာနမှူး

..................ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

ပုံစံ (၇)

မွန်ပြည်နယ်အစိုးရ

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး

.....................မြို့

တင်ဒါကြော်ငြာ

နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (ဂ)၊ (စ)

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အများသိစေရန် ကြော်ငြာလိုက်သည်။

မွန်ပြည်နယ်၊ ....မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါငါးဖမ်းကွက်များအား (၂၀ - ၂၀) ခုနှစ်၊ ၁၃ ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်) ရက်နေ့ နံနက် ( )နာရီအချိန်တွင် အောက်ဖော်ပြပါ တင်ဒါစည်းကမ်းချက်များနှင့် အညီ .... နေရာတွင် ချိတ်ပိတ်တင်ဒါဈေးနှုန်းတင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>တင်ဒါစည်းကမ်းချက်များ</u>

ပုံစံ (၈)

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

နည်းဥပဒေ ၂၄

သို့

မြို့နယ်ဦးစီးဌာနမှူး

....................မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

......................မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း**

ကျွန်တော် / ကျွန်မ ဦး / ဒေါ် .... သည် ငါးလုပ်ငန်း လုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊...

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ....
....

၃။ အဘအမည်၊ ....

၄။ နေရပ်လိပ်စာ၊ ....

၅။ အလုပ်အကိုင်၊ ....
(ယခင်နှစ်ကတင်ဒါလိုင်စင်ရရှိခဲ့လျှင် တင်ဒါငါးဖမ်းကွက်အမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ....

၇။ တင်ဒါဆွဲဝယ်မည့်ရက်၊ ....

လျှောက်ထားသူ၏ လက်မှတ်(သို့မဟုတ်)လက်ဝဲလက်မပုံစံ

ပုံစံ (၉)

မွန်ပြည်နယ်အစိုးရ

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး

.....................မြို့

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

နည်းဥပဒေ ၂၇ (က)

အမှတ်စဉ်- ..../ ....

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်၊..

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ....

၃။ အဘအမည်၊ ....

၄။ နေရပ်လိပ်စာ၊ ....

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ....

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး(ဂဏန်းဖြင့်)၊ ....
(စာဖြင့်)...

မြို့နယ်ဦးစီးဌာနမှူး

..................မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

..................မြို့နယ်

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ ရွေးချယ်ခြင်း မပြုပါ။

(အဖွဲ့ဝင်) **(ဥက္ကဋ္ဌ)** **(အဖွဲ့ဝင်)**

မွန်ပြည်နယ်အစိုးရ
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး
.....................မြို့
တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊ ..../ ....
နည်းဥပဒေ ၃၂ (က)

တင်ဒါငါးဖမ်းကွက်အမည် ....
တင်ဒါငါးဖမ်းကွက် တည်ရှိတည်နေရာ..
တင်ဒါချထားသည့်နေ့..

<u>ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့်တင်ဒါကြေး</u>

နှစ်	တင်ဒါလိုင်စင်ရရှိသူ	တင်ဒါကြေး
....	....	....
....	....	....
....	....	....

<u>ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး တင်ဒါသွင်းကြသူများ</u>
လေလံဆွဲဝယ်ကြသူများ

စဉ်	တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူအမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ မှတ်ပုံတင်အမှတ်	တင်ဒါကြေး (ဂဏန်းဖြင့်)(စာဖြင့်)
....	....	....
....	....	....

ယခုသတ်မှတ်သည့်တင်ဒါကြေး ....
တင်ဒါလိုင်စင်ရရှိသူအမည် ....
မှတ်ချက် (ရှိလျှင်ဖော်ပြရန်) ....

(အဖွဲ့ဝင်) **(ဥက္ကဋ္ဌ)** **(အဖွဲ့ဝင်)**

မွန်ပြည်နယ်အစိုးရ
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး
.....................မြို့
တင်ဒါလိုင်စင်
နည်းဥပဒေ ၃၃ (ခ)

လိုင်စင်အမှတ်၊ ....

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

ပြည်နယ်ငါးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား တင်ဒါလိုင်စင်ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည်၊ ....
၂။ အမျိုးသားမှတ်ပုံတင်အမှတ် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ....
၃။ နေရပ်လိပ်စာ၊ ....
၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်တင်ဒါငါးဖမ်းကွက်အမည်နှင့်မြို့နယ်၊ ......
....
၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊ ....
၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာ၊ အမျိုးအစား၊ လုံးရေနှင့်အတိုင်းအတာ၊ ......
....
၇။ တင်ဒါကြေးနှင့်လိုင်စင်ခ .... ကို ....နေ့စွဲပါ ချလံအမှတ် ( )ဖြင့် ....ဘဏ်သို့ပေးသွင်းပြီး ဖြစ်ပါသည်။

ရုံးတံဆိပ်

ခရိုင်ဦးစီးဌာနမှူး
..................ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
.... မြို့

ပုံစံ (၁၃)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

နည်းဥပဒေ ၃၇

သို့

မြို့နယ်ဦးစီးဌာနမှူး

…………………မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

…………………မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း

၁။ လျှောက်ထားသူအမည်၊ ………………………………………………….

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊ ……………

၃။ အဘအမည်၊ ……………………………………………………………..

၄။ နေရပ်လိပ်စာ၊ ………………………………………………………….

၅။ အလုပ်အကိုင်၊ ………………………………………………………...

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊ ………………………………………..

၇။ လုပ်ကိုင်လိုသည့်ငါးဖမ်းကိရိယာများ……………………………………

ငါးဖမ်းကိရိယာအမည်	အတိုင်းအတာ	အရေအတွက်
……………………………..	(က)အလျား	………………………………….
……………………………..	(ခ) အနံ	…………………………………….
……………………………..	(ဂ) စောက်	………………………………….
……………………………..	(ဃ) ထိပ်ဝ	………………………………….
……………………………..	(င) အခြား	…………………………………

၈။ လုပ်ကိုင်လိုသည့်ခုနှစ်၊ ………………………………………………..

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် ဝဲလက်မလက်ဗွေ

ပုံစံ (၁၅)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး

………………မြို့

ငါးဖမ်းကိရိယာလိုင်စင်

(နည်းဥပဒေအပိုဒ် ၄၀ (က))

(လိုင်စင်ခတန်ဖိုးသည် ကျပ်ဖြစ်သည်။)

မြို့နယ်- ခုနှစ်၊ အမှတ်စဉ်

လိုင်စင်ရရှိသူအမည်	-
အမျိုးသားမှတ်ပုံတင်အမှတ်/	-
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	-
နေရပ်လိပ်စာ	-
ကိရိယာရုံးသုံးအမည်	-
ဒေသအခေါ်အဝေါ်	-
ကိရိယာအတိုင်းအတာ	-
နေရာ	-
အထူးကန့်သတ်ချက်များ	-

မှတ်ချက် ဤလိုင်စင်သည် အထက်ဖော်ပြပါ ကိရိယာ/ အထက်ဖော်ပြပါ ကိရိယာများ လုပ်ကိုင်သည့် လေ့တစ်စင်း အတွက်လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည် နေ့တွင် သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

နေ့စွဲ၊

ပုံစံ (၅)

ဂရန်အင်းလေလံတင်ရောင်းချပြီးစီးကြောင်းတင်ပြစာ

(နည်းဥပဒေအပိုဒ် ၁၄ (က))

ပြည်နယ်

................ခရိုင်၊ ....မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့စွဲ ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ ၊

ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင်ပါဝင်သူများ၊

စဉ်	ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ	၅ နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်လေလံဈေး	မှတ်ချက်

(အဖွဲ့ဝင်) (ဥက္ကဋ္ဌ) (အဖွဲ့ဝင်)

နေ့စွဲ၊

ပုံစံ (၁၁)

တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

(နည်းဥပဒေအပိုဒ် ၃၃ (က))

.........................ပြည်နယ်

................ခရိုင်၊ ....မြို့နယ်

တင်ဒါလိုင်စင်ချထားခြင်း ပြီးစီးကြောင်းတင်ပြစာ

တင်ဒါချထားသည့်နေ့စွဲ ၊

တင်ဒါချထားသည့်နေရာ ၊

စဉ်	တင်ဒါအင်းအမည်နှင့် ဆွဲဝယ်သူ	၅ နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်တင်ဒါများ	မှတ်ချက်

(အဖွဲ့ဝင်) (ဥက္ကဋ္ဌ) (အဖွဲ့ဝင်)

နေ့စွဲ၊

ပုံစံ (၁၄)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူစာရင်း

(နည်းဥပဒေအပိုဒ် ၃၈ (က))

ပြည်နယ်/တိုင်း၊ ....ခရိုင်၊ ....မြို့နယ်

<table>
<tr><th rowspan="3">စဉ်</th><th rowspan="3">လိုင်စင်လျှောက်ထားသူ
အမည်နှင့်</th><th rowspan="3">နေရပ်
လိပ်စာ</th><th rowspan="3">ရုံးသုံး
အမည်</th><th colspan="5">ယခုတင်ဒါ</th><th rowspan="3">နေရာ</th><th rowspan="3">လိုင်စင်ခ</th><th rowspan="3">မှတ်ချက်</th></tr>
<tr><th rowspan="2">ဇယားပါ
အမှတ်စ</th><th rowspan="2">ဒေသ
အခေါ်</th><th colspan="3">ခွင့်ပြုသည့်</th></tr>
<tr><th>အလျား</th><th>အနံ</th><th>စောက်</th></tr>
<tr><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

ရက်စွဲ၊

လိုင်စင်မလျှောက်ထားသော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၆)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

(နည်းဥပဒေအပိုဒ် ၄၀ (ခ))

................ခရိုင်၊ ....မြို့နယ်

စဉ်	လိုင်စင်ရရှိသူအမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်	နေရပ်လိပ်စာ	လိုင်စင်အမှတ်စဉ် အမှတ်	ငါးဖမ်းကိရိယာ အမျိုးအစားနှင့် အမှတ်စဉ်	ငါးဖမ်းကိရိယာ အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေးထားသည့် လိုင်စင်ပုံစံတန်ဖိုးနှင့် ရွက်ရေ

ပုံစံ (၁၇)

ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်

(နည်းဥပဒေအပိုဒ် ၄၅ (က))

..................မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန   လိုင်စင်တန်ဖိုး ....

စဉ်	လက်ခံ ရရှိသည့်နေ့	ရွက်ရေ	တန်ဖိုး	အသုံး ပြုသည့်နေ့	ရွက်ရေ	တန်ဖိုး	လက်ကျန်	မှတ်ချက်

ပုံစံ (၁၈)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုမှတ်ပုံတင်

(နည်းဥပဒေအပိုဒ် ၄၅ (ခ))

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန   .... ခုနှစ်

စဉ်	လိုင်စင် ရရှိသူ အမည်	အမျိုးသားမှတ်ပုံတင် အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်	လိုင်စင် အမှတ်	လိုင်စင် ထုတ်ပေး သည့်နေ့စွဲ	ငါးဖမ်း ကိရိယာ အမျိုး အစား	ငါးဖမ်း ကိရိယာ အတိုင်း အတာ	ငါးဖမ်း ကိရိယာ လိုင်စင်ခ နှုန်းထား	ထုတ်ပေး ထားသည့် လိုင်စင်ပုံစံ တန်ဖိုးနှင့်ရွက်ရေ	လိုင်စင်ခ ရရှိသည့် နေ့ရက်	ဘဏ်သို့ ပေးသွင်း သည့် နေ့ရက်	ငါးဖမ်းခွင့် ပြုသည့် နေရာ ဒေသ

ပုံစံ (၁၉)

ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း
(လုပ်ထုံးလုပ်နည်းများအပိုဒ် ၄၆)
......................ခုနှစ်၊ .... လ

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန လိုင်စင်တန်ဖိုး ....

စဉ်	လက်ခံ ရရှိသည့် နေ့	ရွက်ရေ	တန်ဖိုး	စဉ်	ယခင်လ လက်ကျန်	ယခုလ အသုံးပြုသည့် နေ့	လိုင်စင်ရရှိသူ အမည် အမျိုးသားမှတ်ပုံတင် အမှတ် / နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် နှင့်နေရပ်လိပ်စာ	ငါးဖမ်းကိရိယာ အမျိုးအစားနှင့် အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေး သည့် လိုင်စင်ပုံစံ ရွက်ရေ	မှတ်ချက်

မြို့နယ်ဦးစီးဌာနမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းနည်းဥပဒေ

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	အခန်း(၁)အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်	၁	၂
၂	အခန်း(၂)အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၂	၉
၃	အခန်း(၃)နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၀	၁၁
၄	အခန်း(၄)တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၁	၁၈
၅	အခန်း(၅)ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၈	၂၂
၆	အခန်း(၆)နိုင်ငံခြားငွေဖြင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်	၂၂	၂၄
၇	အခန်း(၇)ဝေးလံခေါင်းပါးသောဒေသရှိဂရန်အင်းများကို ခံဝန်ဖြင့် အငှားချထားခြင်း	၂၄	၂၆
၈	အခန်း(၈)မိတ္တူလျှောက်ထားခြင်း	၂၇	၂၇
၉	အခန်း(၉)အငှားဂရန်ရရှိသူ၏တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၂၇	၃၃
၁၀	အခန်း(၁၀)တင်ဒါလိုင်စင်ရရှိသူ၏တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၃၃	၃၅
၁၁	အခန်း(၁၁)ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ	၃၅	၃၆
၁၂	အခန်း(၁၂)ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၃၆	၄၁
၁၃	အခန်း(၁၃)ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၄၁	၄၃
၁၄	အခန်း(၁၄)ကြွေးကျန်များကောက်ခံခြင်း	၄၃	၄၆
၁၅	အခန်း(၁၅)အထွေထွေ	၄၆	၄၉

ရှမ်းပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် – ၁/၂၀၁၄
၁၃၇၆ခုနှစ်၊ နတ်တော်လဆန်း (၁၄)ရက်
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်

ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနသည် ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ–၅၉(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းနည်းဥပဒေများ ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော စကားရပ်များသည် ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်း နည်းဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်–

(က) ဥပဒေ ဆိုသည်မှာ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေကို ဆိုသည်။

(ခ) ဝန်ကြီး ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်။

(ဂ) ဝေးလံခေါင်းပါးသောဒေသ ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရက အခါအားလျော်စွာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများအဖြစ် သတ်မှတ်ထားသော ဒေသများကိုဆိုသည်။

(ဃ) တင်ဒါငါးဖမ်းကွက် ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ငါးဖမ်းကွက်ကိုဆိုသည်။

(င) အခိုင်အမာအတားအဆီး ဆိုသည်မှာ သဘာဝအလျောက် ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချိုငါးလုပ်ငန်းရေပြင်တွင် ရေစီးရေလာ အဟန့်အတား ဖြစ်စေရန် လူတို့က အခိုင်အမာ ပြုလုပ်ထားသော အတားအဆီး တစ်ခုခုကိုဆိုသည်။

(စ) ပုံစံဆိုသည်မှာ ဤနည်းဥပဒေတွင်ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည်။

အခန်း(၂)
အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ်တန်ခူးလအတွင်းတွင် စတင် ဆောင်ရွက်ရမည်။

၄။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ပြည်နယ်အတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် လေလံတင် ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို

ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(၁)	သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး	ဥက္ကဋ္ဌ
(၂)	ဂရန်အင်းတည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး	အဖွဲ့ဝင်
(၃)	ပြည်နယ်ဦးစီးဌာနမှူးမှတာဝန် ပေးအပ်ခြင်းခံရသည့်ဝန်ထမ်း(၁)ဦး	အဖွဲ့ဝင်

(ခ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းသော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) မိမိ စီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများကို တစ်နှစ်ကာလအတွက် ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က လေလံတင် ရောင်းချမည့် အစီအစဉ်ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက ဂရန်အင်းလေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရက်ပေါင်း(၃၀) ကြိုတင်၍ လေလံကြော်ငြာ ပုံစံ(၁)ဖြင့် မြို့နယ်အတွင်း ကြော်ငြာရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချပါက ဂရန်အင်းလေလံတင်ရောင်းချမည့် ရက်မတိုင်မီ အနည်းဆုံး(၁၅)ရက်ကြိုတင်၍ လေလံကြော်ငြာ ပုံစံ(၁)ဖြင့် မြို့နယ်အတွင်းကြော်ငြာရမည်-

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း၊

၆။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာပုံစံ(၂)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာပုံစံ(၂)လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ရမည်-

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃ နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူမဟုတ်ခြင်း၊

၈။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို နည်းဥပဒေ(၇) အရစိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကိုလက်ခံလျှင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးနိုင်ရန်ထောက်ခံတင်ပြချက်များ၊

၉။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ(၈)အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၃)ကို လေလံပွဲမစမီ အနည်းဆုံး(၁)ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် -

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့် ရှိသည်။

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဝင်ရောက် ဆွဲဝယ်မှု မရှိလျှင်သော်လည်းကောင်း၊ ဂရန်အင်းများ လေလံတင် ရောင်းချရေး အဖွဲ့ရှေ့သို့ သတ်မှတ်သည့် လေလံကြေးငွေများကို တင်ပြမှုမရှိလျှင် သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း ၃ နှစ်အတွင်း ဂရန်အင်း လေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၂။ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင် ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ ဂရန်အင်း တစ်ခုစီ အတွက် လေလံကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည်-

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်းပျက်စီးတိမ်ကောခြင်း ရှိ/မရှိ၊

၁၃။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်း လေလံတင်ရောင်းချရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင်ရောင်းချခြင်း အမှုတွဲပုံစံ(၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) နှစ်ရှည်အငှားဂရန်ချထားမည့် အင်းဖြစ်ပါက ဝန်ကြီး၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များ ၊ရောင်းချမည့် ဂရန်အင်းတစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြား ကြေငြာခြင်း၊

(ဃ) ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ကြေငြာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ခွင့်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း အကြောင်းပြချက်မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူများအား ဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့က သတ်မှတ်ထားသည့်ကြိုတင်ငွေကို တင်ပြပြီးမှသာ လေလံဆွဲဝယ် ခွင့်ပြုခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေးထက် များစွာကျော်လွန်ပြီးဈေးနှုန်း

ပေးပါက လေလံဆွဲ ဝယ်ခွင့်ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်း လေလံတင် ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီးနောက် နေ့ချင်းပြန်လည် ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင် ဆက်လက် ဆွဲဝယ်နေပါက ဂရန်အင်း လေလံတင်ရောင်းချခြင်းကိုရပ်ဆိုင်း၍ ယင်းနေ့တွင် ချိတ်ပိတ်တင်ဒါ တင်သွင်းစေပြီး အငှားချထားခြင်း၊

(ဇ) ဂရန်အင်းလေလံရောင်းချရာတွင် စျေးနှုန်းအမြင့်ဆုံး ပေးထားသူအား အငှားချထားခြင်း၊

(ဈ) လေလံဆွဲဝယ်ခွင့်ရရှိသူအားလေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်ဖြင့် ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချခြင်း၊လျော့နည်းသောခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ည) အစိုးရဌာန၊အဖွဲ့အစည်းတစ်ခုခုကလေလံဆွဲဝယ်သည့် ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်း လေလံတင်ရောင်းချသည့် နေ့မှ(၇)ရက်အတွင်း မျဉ်းသား ချက်လက်မှတ်ဖြင့် တစ်ကြိမ်တည်းအပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ်ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ဍ) လေလံဆွဲဝယ်ရရှိသူကဂရန်အင်းများ လေလံတင် ရောင်းချရေး အဖွဲ့ရှေ့သို့ တင်ပြသည့်ငွေများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဎ) လေလံကြေးငွေများကိုဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေး အတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဏ) အကြောင်းတစ်စုံတစ်ရာကြောင့် လေလံကြေးငွေများကိုဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ခြင်းမရှိပါက လေလံကြေးငွေများကို သေတ္တာ ထဲတွင်ထည့်၍ လုံခြုံစွာ သော့ခတ်ချိတ်ပိတ်ပြီး ဂရန်အင်းများ လေလံတင် ရောင်းချရေး အဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ပေးသွင်း နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(တ) လေလံဆွဲဝယ်ရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန် အင်းလေလံတင်ရောင်းချသည့်ဈေးနှုန်းကိုရေးသွင်း၍ ဂရန်အင်း များ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

၁၄။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိဂရန်အင်းများ လေလံတင် ရောင်းချခြင်းပြီးသည့်အခါ ဂရန်အင်းလေလံတင်ရောင်းချခြင်း ပြီးစီး ကြောင်းတင်ပြစာ ပုံစံ (၅)တွင် ပြည့်စုံစွာရေးသွင်း၍ ဂရန်အင်းများ လေလံတင် ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး

လက်မှတ်ရေးထိုးပြီးအတည်ပြုချက်ရယူနိုင်ရန် ပြည်နယ် ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက လေလံဆွဲ ဝယ်သည့်နေ့မှ ၁၅ရက်အတွင်းအငှားဂရန် ပုံစံ(၆)ကို လေလံ ဆွဲဝယ်ရရှိသူ အားထုတ်ပေးရမည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းကို ပြည်နယ်ဦးစီးဌာနမှူး ၏အတည်ပြုချက်ရယူ၍ ဂရန်အင်း တစ်ခုတည်းအနေဖြင့် သတ်မှတ်၍ရောင်းချရမည်။

(ခ) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ ဂရန်အင်းများကို ၃ ကြိမ်ထိ လေလံတင်ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေးမမီပါက ကျိုးကြောင်း ဖော်ပြလျက်ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြ၍ အတည်ပြုချက်ရရှိပါက အဆိုပါ ဂရန်အင်းကို ချိတ်ပိတ်တင်ဒါ စနစ်ဖြင့် ရောင်းချရမည်။

(ဂ) အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက် လုပ်ကိုင်ခြင်းမရှိလျှင် ယင်းဂရန်အင်းကို လေလံထပ်မံမပစ်ဘဲ ဂရန်အင်းဆက်စပ်လျက်ရှိသော အောက်ပိုင်းရှိ အငှားဂရန် ရရှိသူအား သတ်မှတ်ဈေးကိုပေးသွင်းစေပြီး ပြည်နယ်ဦးစီးဌာနမှူး ၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြု နိုင်သည်။

(ဃ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍မရနိုင်သော ဂရန်အင်း များကို ပိတ်ခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန် မိမိ၏ သဘောထား မှတ်ချက်နှင့်အတူ ပြည်နယ် ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

အခန်း(၃)
နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊ထုတ်ပေးခြင်း

၁၆။ (က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် အဖြစ်သတ်မှတ်သင့်သည်ဟု သဘောရရှိလျှင်ဖြစ်စေ၊ အငှား ဂရန်ရရှိသူက မိမိဂရန်အင်းကိုနှစ်ရှည် အငှားဂရန် လျှောက်ထား လာလျှင်ဖြစ်စေ သက်ဆိုင်ရာ ဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီး ကျိုးကြောင်းဖော်ပြလျက် ခရိုင်ဦးစီး ဌာနမှူးထံ တင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည်နည်းဥပဒေခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူး ၏ တင်ပြချက်အပေါ်စိစစ်ပြီး သဘောထားမှတ်ချက်နှင့် အတူ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံတင်ပြရမည်။

၁၇။ ဝန်ကြီးသည် ဂရန်အင်းတစ်ခုခုအတွက်နှစ်ရှည်အငှားဂရန်လျှောက်ထား လာခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကိုအခြေခံ၍ စိစစ်ရမည်-

(က) ဂရန်အင်းကိုပျက်ဆီးတိမ်ကောခြင်းမှကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း ၊

(ခ) လျှောက်ထားသည့်ဂရန်အင်း၏လွန်ခဲ့သော ၅ နှစ်ကအင်းခွန် နှုန်းထားများ တည်ငြိမ်မှုရှိခြင်း ၊

(ဂ) ငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း၊

၁၈။ (က) ဝန်ကြီးသည်နှစ်ရှည်အငှားဂရန်ကိုခွင့်ပြုလျှင် ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ ဝန်ကြီးထံမှ အကြောင်းကြားစာရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ အငှားဂရန်ပုံစံ(၆)ကို လျှောက်ထားသူအားထုတ်ပေးရမည်၊

(ဂ) ဝန်ကြီးသည် ရှမ်းပြည်နယ်၏အကျိုးဌာလိုအပ်ပါက နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်းကိုငြင်းပယ်ပြီးယင်းဂရန်အင်းကို နှစ်ရှည်အငှားဂရန်ချထားမည်ဟု သတ်မှတ်ကြေညာ၍ ဈေးပြိုင်စနစ်ဖြင့် နှစ်ရှည်အငှားဂရန် ချထားနိုင်သည်။

၁၉။ ဝန်ကြီးသည်ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်ချထားသည့်အခါ အောက်ပါအချက်များကို သတ်မှတ်ပေးရမည် -

(က) အငှားဂရန်ချထားသည့်ကာလ ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ပြုပြင်ရမည့်အချိန်၊ကာလ၊ နေရာနှင့်ငွေပမာဏ

(ဂ) အငှားဂရန်ရရှိသူသည် နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြင့်ပေးရမည့် ဂရန်အင်းတန်ဖိုးငွေရာခိုင်နှုန်း ၊

(ဃ) စည်းကမ်းချက်များ၊

အခန်း(၄)

တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ထုတ်ပေးခြင်း

၂၀။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ပြည်နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက် များကို ခရိုင်အလိုက်တင်ဒါလိုင်စင်ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ

ပါဝင်သော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(၁)	သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး	ဥက္ကဋ္ဌ
(၂)	တင်ဒါငါးဖမ်းကွက်တည်ရှိရာမြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူး	အဖွဲ့ဝင်
(၃)	ပြည်နယ်ဦးစီးဌာနမှူးမှတာဝန် ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း ၁ ဦး	အဖွဲ့ဝင်

၂၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသောမြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ၁ နှစ်ကာလအတွက်တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် အစီအစဉ်ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက် ရရှိပါက တင်ဒါငါးဖမ်းကွက် အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင် ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ(၇) ဖြင့် မြို့နယ်အတွင်း ကြော်ငြာရမည်၊

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်တည်ရှိရာဒေသတွင် တင်ဒါ ငါးဖမ်းကွက် ဇေယျာသတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ/မရှိ တင်ဒါကြော်ငြာသည့် ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင် ကြေညာမည်၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက် အပေါ်စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူး ထံတင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(င) နည်းဥပဒေခွဲ(ဃ)အရ ခရိုင်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါ ငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ (၇)ဖြင့် မြို့နယ် အတွင်းကြေငြာရမည်၊

၂၂။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန်တင်ဒါကြော်ငြာတွင်တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာပုံစံ (၈) တွင်အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံလျှောက်ထားရမည်။

၂၃။ မြို့နယ်ဦးစီးဌာနမှူးသည်တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာပုံစံ(၈) လက်ခံရရှိသည့် အခါအောက်ပါအချက်များနှင့်ညီညွတ်ခြင်းရှိ /မရှိ စိစစ်ရမည်-

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သော(၃) နှစ်အတွင်းရေချိုငါးလုပ်ငန်းဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူ မဟုတ်ခြင်း၊

၂၄။ မြို့နယ်ဦးစီးဌာနမှူးသည်တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို နည်းဥပဒေ၂၃အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကိုငြင်းပယ်လျှင်ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်း ဖော်ပြချက်များ၊

(ခ) လျှောက်လွှာကိုလက်ခံလျှင်တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန်ထောက်ခံတင်ပြချက်များ၊

၂၅။ ခရိုင်ဦးစီးဌာနမှူးသည်နည်းဥပဒေ ၂၄ အရတင်ပြလာသော လျှောက်လွှာကို စိစစ်၍-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါကတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၉) ထုတ်ပေးရန်မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သောလျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံအချိန်မီအကြောင်းကြားရမည်၊

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည်ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားစာ ရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၉)ကို တင်ဒါလိုင်စင် ချထားမည့် ရက်မတိုင်မီ အနည်းဆုံး ၁ ရက်ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၇။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ရရှိသူသာလျှင်မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက်ဆွဲဝယ်ခွင့်ရှိသည်။

၂၈။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားခြင်းမပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည်-

(က) အငှားချထားသည့်တင်ဒါငါးဖမ်းကွက်၏လွန်ခဲ့သော၅ နှစ်ဈေးနှုန်း

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ဈေးနှုန်း

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်းရှိ/မရှိ။

၂၉။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည်တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းတို့ကိုရေးသွင်း၍

စာအိတ်အတွင်းထည့်သွင်းပြီးတင်ဒါလိုင်စင်ချထားမည့်နေ့တွင်မိမိဆွဲ ဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ထံ ကိုယ်တိုင်တင်သွင်းရမည်။

၃၀။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ရောင်းချသည့်တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက်ရောင်းချခြင်းအမှုတွဲပုံစံ (၁၀)ဖွင့်လှစ်ထားခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ တင်ဒါလိုင်စင်ချထားမည့်တင်ဒါငါးဖမ်းကွက်သတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကိုကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းကြရန်ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ထုတ်ယူထားသူဦးရေနှင့် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(င) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါ ဆွဲဝယ်သူများအား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်း ငွေပမာဏကို တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့တင်သွင်းစေခြင်း ၊ ငွေများကို စစ်ဆေးခြင်း

(စ) လုံလောက်သောအကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း၊ အကြောင်းပြချက်မပေးဘဲငြင်းပယ်ခြင်း

သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း (သို့မဟုတ်) တားမြစ်ခြင်းပြုသည့်ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး ပြည်နယ်ဦးစီးဌာနမှူးထံတင်ပြခြင်း၊

(ဆ) တင်ဒါငါးဖမ်းကွက်အလိုက်အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းသူများ အမည် နှင့်ပေးထားသည့် ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲ ဝယ်သူများအားပြသခြင်း၊

(ဇ) တင်ဒါကြမ်းခင်းဈေးမမီပါက တင်ဒါဆွဲဝယ်ရရှိသူ အားလုံးကို ဈေးနှုန်း ထပ်မံတိုးမြှင့်ပေးရန် ယင်းနေ့တွင်ပင် အိတ်ဖွင့်တင်ဒါ တင်သွင်းစေခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်းထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်း အများဆုံး ပေးသူအားတင်ဒါလိုင်စင်ချထားခြင်း၊

(ည) တင်ဒါဆွဲဝယ်ရရှိသူသည် တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့်တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေး အတွက်ဆောင်ရွက်ခြင်း၊

(ဋ) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကိုဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါကြေးကို သေတ္တာထဲတွင် ထည့်၍လုံခြုံစွာ သော့ခတ်ချိတ်ပိတ်ပြီး တင်ဒါ လိုင်စင်ချထားရေးအဖွဲ့၊အဖွဲ့ဝင်အားလုံးမှ လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း

(ဌ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း တူညီနေပါကတူညီသူများအား ၃ကြိမ် အထိ အိတ်ဖွင့်တင်ဒါတင်သွင်းစေခြင်း၊

(ဉ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ၃ ကြိမ်ထိ ထပ်မံတူညီနေပါက ဈေးပိုင်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဎ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင် ချထားသည့် တင်ဒါဈေးနှုန်းကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင်တွဲထားခြင်း၊

(ဏ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါ ဈေးနှုန်းမမီကြောင်းရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေး အဖွဲ့ အဖွဲ့ဝင် အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

၃၁။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင် ချထားခြင်းပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်း ပြီးစီးကြောင်း တင်ပြစာပုံစံ (၁၁)တွင်ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင် အားလုံး၊ လက်မှတ်ရေးထိုးပြီး အတည်ပြုချက် ရယူနိုင်ရန် ပြည်နယ်ဦးစီးဌာနမှူး ထံတင်ပြရမည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါလိုင်စင်ချ ထားသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ငါးဖမ်းကိရိယာ လိုင်စင်ခကို အပြေအကျေ ပေးသွင်းစေပြီး တင်ဒါ လိုင်စင်ပုံစံ(၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေး ရမည်။

၃၂။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်း မမီပါက ကျိုးကြောင်း ဖော်ပြလျှက် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြပြီး ညွှန်ကြားချက်နှင့်အညီ အဆိုပါ တင်ဒါငါးဖမ်းကွက်များကို ထပ်မံတင်ဒါခေါ်ယူ၍ တင်ဒါလိုင်စင်ချထားရမည်။

(ခ) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များချမှတ်နိုင်ရန် မိမိ၏သဘောထား မှတ်ချက်နှင့် အတူ ပြည်နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံတင်ပြရမည်။

အခန်း(၅)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ထုတ်ပေးခြင်း

၃၃။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်း လုပ်ကိုင်သူများအား ကြေငြာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ငါးဖမ်းကိရိယာ လိုင်စင်လျှောက်ထားရယူကြရန် ဝါခေါင်လပြည့်ကျော် ၁၀ ရက်နေ့တွင် ကြော်ငြာစာထုတ်ရမည်။

၃၄။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစား တစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာ လိုင်စင်ရရှိရန် နည်းဥပဒေ

၃၃ အရ သတ်မှတ်သည့် ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်လွှာ ပုံစံ(၁၃)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၅။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ကြော်ငြာစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက်ကုန်ဆုံးသည့် အခါ လျှောက်ထားသူများ၏စာရင်းကို ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူ စာရင်း ပုံစံ(၁၄)ဖြင့် ပြုစုရမည်။

(ခ) ပုံစံ(၁၄)တွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက် လုပ်ကိုင်လိုသူများ ပါဝင်ခြင်း ရှိ/မရှိ ကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်းအတာ မှန်/မမှန်ကိုလည်းကောင်း၊ လိုင်စင် လျှောက်ထားခြင်းမရှိဘဲ လုပ်ကိုင်နေသူများ ရှိ/မရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ပုံစံ(၁၄) စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာ လိုင်စင်ခကိုအပြေ အကျေကောက်ခံပြီး ငါးဖမ်းကိရိယာလိုင်စင် ပုံစံ(၁၅)ကို ထုတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများ အမည် စာရင်းကို ငါးဖမ်း ကိရိယာလိုင်စင် ထုတ်ပေးထားသူများ စာရင်း ပုံစံ(၁၆)ဖြင့် လစဉ် ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်၊ ခရိုင်များသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ် ထားရမည်။

၃၇။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ(၃၆) နည်းဥပဒေခွဲ(က)အရ ငါးဖမ်းကိရိယာလိုင်စင်ခ ကောက်ခံရာတွင်-

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားနှင့် အကျုံးမဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံးတူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်း အတိုင်းကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံ ပြောင်းလဲ အသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင်ရမည့် ငါးဖမ်း ကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာ လိုင်စင်ခများကို ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက် များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၃၈။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် တန်ဖိုးနှုန်းထားများ ရိုက်နှိပ် ထားသည့် ငါးဖမ်းကိရိယာလိုင်စင် ပုံစံ(၁၅)ကိုအသုံးပြုရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ (၃၈) အရ လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခတန်ဖိုးငွေ ပြည့်မီအောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန် မလိုဘဲ လိုင်စင်တန်ဖိုးကိုဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာ အမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာအမျိုးအစားကို အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခကို ထပ်မံကောက်ခံရမည်။

၄၀။ ပြည်နယ်ဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးဌာနမှူးများအား ထုတ်ပေးရမည်။စာရင်းမိတ္တူတစ်စောင်ကို ခရိုင်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာလိုင်စင်အရ ၊ အသုံးမှတ်ပုံတင်ပုံစံ(၁၇)ဖြင့် စနစ်တကျ ထိန်းသိမ်းထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှု မှတ်ပုံတင်ပုံစံ(၁၈)တွင် အချက်အလက်များက ပြည့်စုံစွာရေးသွင်းဖော်ပြပြီး ထိန်းသိမ်း ထားရမည်။

၄၂။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်းပုံစံ(၁၉) ကိုပြုစု၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်၊ ခရိုင်ဦးစီးဌာနများသို့ တစ်စောင်စီ ပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၄၃။ ပြည်နယ်ဦးစီးဌာနမှူးသည် -

(က) ယခင်လ လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့် လချုပ်စာရင်းတွင် ဖော်ပြထားသော စာရင်းဖွင့် လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများကိုက်ညီ မှန်ကန်မှုရှိ/မရှိ စစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် ပြည်နယ်ရုံးမှ ပေးပို့ထားသော လိုင်စင်ပုံစံများ ကိုက်ညီမှန်ကန်မှု ရှိ/မရှိ စစ်ဆေးရမည်။

(ဂ) လိုင်စင်ခများ ဘဏ်သို့ပေးသွင်းခြင်း ရှိ/မရှိ ပြည်နယ်ရုံးရှိ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစား အလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ပေးသွင်း ပြီးသည့်ငွေကိုလည်းကောင်း၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးရှိ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်။

(င) နည်းဥပဒေခွဲ(က)မှ နည်းဥပဒေခွဲ (ဂ)ပါ စစ်ဆေးရမည့် လုပ်ငန်းတာဝန် များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန်ပေးအပ် နိုင်သည်။

အခန်း(၆)

နိုင်ငံခြားငွေဖြင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၄။ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်သူသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တွင် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက ပြည်ထောင်စု

သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာပုံစံ (၂၀)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး ဝန်ကြီးထံ လျှောက်ထားရမည်။

၄၅။ ဝန်ကြီးသည် နည်းဥပဒေ ၄၄ အရ လျှောက်လွှာလက်ခံရရှိပါက စိစစ်ပြီး ခွင့်ပြုသင့်သည်ဟု ယူဆလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပေးဆောင် စေသင့်သည့် နိုင်ငံခြားငွေ အမျိုးအစားနှင့် စျေးနှုန်းတို့ကို ဖော်ပြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြရမည်။

၄၆။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ ၄၅ အရ ဝန်ကြီးက တင်ပြလာသည့် လျှောက်လွှာကို စိစစ်၍ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၇။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က နည်းဥပဒေ ၄၄ အရ လျှောက်ထားလာသည့် လျှောက်လွှာနှင့် စပ်လျဉ်း၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုလျှင် ဝန်ကြီးသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခများကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ပေးရမည်-

(က) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅ နှစ် ပျမ်းမျှစျေးနှုန်း ၊

(ခ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်စျေးနှုန်း ၊

(ဂ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိအခြေအနေ ၊

(ဃ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်း ရှိ/မရှိ ၊

၄၈။ ဝန်ကြီးသည်-

(က) နည်းဥပဒေ(၄၇)အရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အတွက် သတ်မှတ်ထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြား ငွေဖြင့် ပေးသွင်းစေရန် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူအား ညွှန်ကြားရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူထံမှ အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခ လက်ခံရရှိရန် သက်ဆိုင်ရာအဌား ဂရန် ပုံစံ(၆) သို့မဟုတ် တင်ဒါလိုင်စင်ပုံစံ (၁၂)ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးသည့်အခါ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

အခန်း(၇)

ဝေးလံခေါင်းပါးသောဒေသရှိဂရန်အင်းများကိုခံဝန်ဖြင့်အငှားချထားခြင်း

၄၉။ (က) ဝေးလံခေါင်းပါးသောဒေသရှိ ဂရန်အင်းများကို လေလံဆွဲဝယ်ရရှိသူသည် လေလံဆွဲဝယ်သည့်နေ့မှ ၇ ရက်အတွင်း မိမိဆွဲဝယ်သည့် ဈေးနှုန်းနှင့်ညီမျှသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို အာမခံပစ္စည်းအဖြစ် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ တင်သွင်းရမည်။

(ခ) နည်းဥပဒေခွဲ (က)အရ အာမခံပစ္စည်းအဖြစ်တင်သွင်းရာတွင် ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်း လွှဲပြောင်းခြင်း ကင်းရှင်းကြောင်းကို လေလံဆွဲဝယ်ရရှိသူက ဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၅၀။ မြို့နယ်ဦးစီးဌာနမှူးသည် အာမခံပစ္စည်းစာရင်း လက်ခံရရှိသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လယ်ယာမြေမှအပ အခြားမရွှေ့မပြောင်းနိုင်သောပစ္စည်းကို အာမခံပစ္စည်းအဖြစ် တင်သွင်းခြင်းဖြစ်ပါက အာမခံပစ္စည်းကို ကိုယ်တိုင်ကြည့်ရှု စစ်ဆေးခြင်း၊ ကျေးရွာလူကြီးများအား တန်ဖိုးအတွက်လည်းကောင်း၊ ပိုင်ဆိုင်မှု အတွက်လည်းကောင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းစသည့် အရှုပ်အရှင်းများ အတွက်လည်းကောင်း စစ်ဆေးမေးမြန်း၍ ထွက်ဆိုချက်များ ရယူခြင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ ရယူခြင်း၊

(ခ) ဘိုးဘွားပိုင် အိမ်၊ ခြံ၊မြေကို အာမခံပစ္စည်းအဖြစ် တင်သွင်းခြင်း ဖြစ်ပါက တင်သွင်းသည့်မြေ၏ ဦးပိုင်နံပါတ်၊ ဦးပိုင်နံပါတ်ကို ရည်ညွှန်းဖော်ပြသည့် ခုနှစ်၊ ကွင်းအမည်၊ ကျေးရွာအုပ်စု အမည်တို့ကို ပြည့်စုံစွာဖော်ပြ၍ ပေါင်နှံခြင်း၊ ရောင်းချခြင်း ရှိ/မရှိ၊ လေလံဆွဲဝယ်ရရှိသူ ပိုင်ဆိုင်ခြင်း ရှိ/မရှိတို့ကို မေးမြန်းစိစစ်၍ မှတ်တမ်းတင်ထားခြင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာရွက် စာတမ်းများရယူခြင်း၊

(ဂ) အာမခံပစ္စည်းအဖြစ် တင်သွင်းသည့် ပစ္စည်းသည် မိမိတာဝန်ခံ ရသော မြို့နယ်ပြင်ပတွင်ရှိပါက သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူး ထံ နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)ပါ ဖော်ပြချက်တို့ကို ဆောင်ရွက်ပြီး ပြန်ကြားရန် အကြောင်းကြား ခြင်း။

၅၁။ မြို့နယ်ဦးစီးဌာနမှူးသည် အာမခံပစ္စည်းများကို လက်ခံရာတွင် အောက်ပါအချက်များအပေါ် အခြေခံ၍ တန်ဖိုးသတ်မှတ်ရမည်-

(က) ဘိုးဘွားပိုင်အိမ်၊ ခြံ၊ မြေဖြစ်လျှင် သာမန်အချိန်တွင် လွှဲပြောင်းရောင်းချနိုင်သည့် တန်ဖိုးငွေ၏ထက်ဝက်၊

(ခ) သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ နေအိမ်ဖြစ်ပါက လက်ရှိတန်ဖိုးငွေ၏ ထက်ဝက်၊

(ဂ) တိုက်အိမ်ဖြစ်ပါက လက်ရှိတန်ဖိုးငွေ၏ ထက်ဝက်။

၅၂။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) လေလံဆွဲဝယ်ရရှိသူက အာမခံပစ္စည်းအဖြစ် တင်သွင်းထားသောပစ္စည်းများနှင့် စပ်လျဉ်း၍ အင်းခွန်အတွက် လုံလောက်သည်ဟု ယူဆလျှင် အာမခံပေးကတိခံဝန်ချုပ်ပုံစံ (၂၁) ကို ချုပ်ဆိုရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကတိခံဝန်ချုပ် ချုပ်ဆိုခြင်းကို လေလံဆွဲဝယ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အပြီးဆောင်ရွက်ရမည်။

၅၃။ မြို့နယ်ဦးစီးဌာနမှူးသည် လေလံဆွဲဝယ်ရရှိသူက နည်းဥပဒေ ၅၂၊ နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ရက်အတွင်း ကတိခံဝန်ချုပ် ချုပ်ဆိုရန်ပျက်ကွက်သဖြင့် ငါးရန်အင်းကို အသစ်တဖန်ပြန်လည်၍ လေလံတင်ရောင်းချရာတွင် နစ်နာဆုံးရှုံးမှု ပေါ်ပေါက်လျှင် ယင်းသို့နစ်နာဆုံးရှုံးဆုံးမှုအတွက် မူလလေလံ ဆွဲဝယ်ရရှိသူက ပေးလျော်စေရန် တာဝန်ဖြင့် ငါးရန်အင်းကို ထပ်မံလေလံတင်ရောင်းချရမည်။

အခန်း(၈)
မိတ္တူလျှောက်ထားခြင်း

၅၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏ အငှားဂရန်၊ တင်ဒါလိုင်စင်သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၅။ (က) သက်ဆိုင်ရာဦးစီးဌာနမှူးသည် နည်းဥပဒေ ၅၄ အရ လျှောက်လွှာ လက်ခံရရှိလျှင် စိစစ်ပြီး မှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ ၁၀၀၀၀ကျပ်ကို လည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ ၅၀၀၀ ကျပ်ကိုလည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ ၁၀၀၀ ကျပ်ကိုလည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကို ထုတ်ပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ (က) အရ သက်ဆိုင်ရာ မိတ္တူရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်း ပြန်လည် တွေ့ရှိလျှင် မူရင်းကို သက်ဆိုင်ရာဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံ ရမည်။

အခန်း(၉)
အငှားဂရန်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၆။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငှားဂရန်ကို မသမာသောနည်းဖြင့် လည်းကောင်း၊ တရားမဝင်သော နည်းဖြင့်လည်းကောင်း လေလံဆွဲဝယ်ခြင်းမပြုရ၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီးက အငှားဂရန်ကို ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလျှင် ဖြစ်စေ၊ အင်းခွန်ငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် ဖြစ်စေ ဂရန်အင်းနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုကို ပေးလျော်ရန် တာဝန် ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသည့် ဂရန်အင်း၏ အစိတ်အပိုင်း တစ်ခုခုကို ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦး တစ်ယောက်အား လုပ်ကိုင်ခွင့် ပြုပါက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင် ဆောင်ရွက် သကဲ့သို့ တာဝန်ခံခြင်း၊

(ဃ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) ပြည်နယ်ဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ဘဝန်းကို ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ မတိုင်မီ ချထားခြင်း မပြုရ။ သို့ရာတွင် ဖော်ပြပါ ဆည်များကို တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ကုန်စင်အောင် ဖယ်ရှား ထားခြင်း၊

(စ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် သို့မဟုတ် ပုစွန်ဖောင်ဖြင့်လုပ်ကိုင်ရာတွင် ချောင်း၊ မြောင်းများ၌ သွားလာနိုင်ရန် လမ်းထားရှိခြင်း၊

(ဆ) တောချဆည်၊ မြင်းဝန်းဆည်တို့ ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည့် အောက်ပိုင်းရှိ ဂရန်အင်းအတွင်း စီးဆင်းနေသဖြင့် ယင်းသို့ရေစီးရေလာ ဆက်စပ်နေပါက အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက မေတ္တာရပ်ခံလာလျှင် အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက တပေါင်းလကုန်အထိ ဆည်များတားဆီး၍ ပိတ်ထားခြင်း၊

(ဇ) အထက်ပိုင်းရှိ ဂရန်အင်းနှင့်အောက်ပိုင်းရှိ ဂရန်အင်း ရေစီးရေလာ ဆက်စပ်နေပါက အထက်ပိုင်းမှအောက်ပိုင်းသို့ လာသော ငါးများဖမ်းဆီးရန် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို အသုံးပြုခွင့်မရှိစေရ၊

(ဈ) ဂရန်အင်းအတွင်းမှ ဒိုက်၊မျော် တို့ကို ရှင်းလင်းဖယ်ရှားရာတွင် နတ်တော်လပြည့်နေ့မတိုင်မီရေကြောင်းလမ်းမှ မျှောချ ရှင်းလင်းခြင်း၊ ကြွင်းကျန် ရှိနေသည့် ဒိုက်၊ မျော်တို့ကို ပြာသိုလပြည့်နေ့မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ တပို့တွဲလပြည့်နေ့မတိုင်မီ အကုန်အစင် ဖျက်ဆီးဖယ်ရှားခြင်း၊

(ည) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့်အမှိုက်စသည်တို့ကို နှစ်စဉ်တွင် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းခြင်း၊

(ဋ) ဘုန်ကြီးကျောင်း ပရဝုဏ်မှ ကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်း ကိုရှောင်ရှားခြင်း၊

(ဌ) ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်းမပြုရ၊

(၁) လက်ဆည်နှင့် ကတက်တုံးများအပါအဝင်ဖြစ်သော ဆည်တမံ တာရိုးအမျိုးမျိုး၊ ၎င်းပြင် မြင်းဝန်းဆည် သို့မဟုတ် အခြားဆည်များ၊ အောက်ခြေတွင် မြေနှင့် ဖြစ်စေ ဖျာရိုင်များနှင့်ဖြစ်စေ သို့မဟုတ် အခြားကိရိယာ များနှင့်ဖြစ်စေ ပြုလုပ်ထားသောတမံများ ၊

(၂) ထူးများ၊ တုတ်များဖြင့် ရေထုတ်ခြင်းမှတပါး အခြားနည်း ဖြင့် ရေထုတ်ခြင်း၊

(၃) ငါးများခိုအောင်းနေစေရန် ဒိုက်၊မှော်၊ ချုံ၊ သစ်ကိုင်း ၊ဂတုံး ၊ တောင်းကဲ့သို့ အလားတူအရာများချထားခြင်း၊

(၄) ပိုက်ကွက်ကြိုးတစ်လျှောက် တိုင်းတာလျှင် အထုံးတစ်ခု နှင့် တစ်ခုအကြား ၃/၄ လက်မအောက် လျော့သည့် ပိုက်များ၊

(၅) ငါးကြီးတွင်းများ၊

(၆) ဂုန်နီ၊ ပိတ်စ ၊ ပလပ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည် စသည်တို့ဖြင့် ရေလမ်းကြောင်းပိတ်၍ ဖမ်းဆီးခြင်း၊

(၇) လျှပ်စစ်ဓါတ်ဖြင့် ငါးဖမ်းခြင်း၊

(၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓါတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ် ဖြစ်စေတတ်သော အခြား ပစ္စည်းများအသုံးပြု၍ ငါးဖမ်းခြင်း။

(ဍ) ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက် များကိုလိုက်နာခြင်း။

၅၇။ အငှားဂရန်ရရှိသူသည် ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ရှမ်းပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ၊ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း ထပ်ဆင့်အငှား ချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစား အမွေခံ သို့မဟုတ် အမွေစား အမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ယင်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) တောချဆည်ဖြစ်ပါက လိုအပ်သော အရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်း ချထားခွင့်ရှိခြင်း၊ မြင်းဝန်းဆည်ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီ ချထားခြင်း၊

(ဃ) အထက်ဆည်နှင့် အောက်ဆည် ရေစီးရေလာဆက်စပ်နေပါက အထက်ဆည်၏ အင်းနယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည် ခြေရင်းရေပြင်ကို အောက်ဆည် အငှားဂရန်ရရှိသူက ပိုင်ဆိုင်ခွင့် ရှိခြင်း၊

(င) တောချဆည်နှင့်မြင်းဝန်းဆည်ကို အထက်ပိုင်းရှိ အငှားဂရန် ရရှိသူက နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ(ဆ) နှင့်အညီ ပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန် ရရှိသူက ပိတ်ဆို့ ထားနိုင်ခြင်း၊ အထက်ပိုင်းရှိ အငှားဂရန် ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်း မရှိလျှင် အောက်ပိုင်းရှိ အငှားဂရန် ရရှိသူက ကျန်ရှိသော ငါးလုပ်ငန်း ရာသီအတွက် အထက်ပိုင်းရှိ ဂရန်အင်းကို ကျသင့်သော အခွန်အခပေးဆောင်၍ လုပ်ကိုင်ခွင့် ရှိခြင်း၊

(စ) သီးသန့်အင်းနှင့်လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်း ရေပြင်အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို တပေါင်း လကုန်အထိ အသုံးပြုခွင့်ရှိခြင်း ၊

(ဆ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကို အသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန်အင်း နှစ်ခုအကြား အမြဲတမ်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်းများ ချထားခွင့်မရှိခြင်း၊

(ဇ) ဂရန်အင်းများတွင် တောချဆည်နှင့် အဝချုပ်ဆည်များအပြင် အောက်ပါငါးဖမ်းကိရိယာ များကိုအသုံးပြုနိုင်ခြင်း-

(၁) ထောင်ချောက်များ၊ (ထောင်ချောက်၏အစိပ်အကျဲ တစ်ခုနှင့် တစ်ခုသည် ၁/၂ လက်မအောက် လျော့နည်း ပါက ဖမ်းဆီးခွင့် မရရှိစေရ)၊

(၂) ဂျမ်းများ ၊

(၃) ဘဝန်းများ၊ (၎င်းဘဝန်းများအတွင်း ကိုင်းရိုးများကို ရေအောက်မြေပေါ်၌ စိုက်ထားနိုင်သည်၊ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့် ရာသီဥတုကုန်ဆုံးသည့်အခါ ဖယ်ရှားရမည်)၊

(၄) ပိုက်သီသောကြိုးတစ်လျှောက် တိုင်းတာလျှင် အထုံး တစ်ခုနှင့်တစ်ခုအကြား ပိုက်ကွက် ၃/၄ လက်မအောက် မလျော့သော ပိုက်ကွန်များ ၊

(၅) ဆောင်းများ၊

(၆) ငါးမျှားချိတ်များ၊

(၇) ပုစွန်ဖောင်များ၊

(၈) မြင်းဝန်းဆည်များ၊

(ဈ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ဤလုပ်ထုံးလုပ်နည်းများတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် ဂရန်အင်းကို ဒေသဓလေ့ထုံးစံ နှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ည) ရှမ်းပြည်နယ်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

အခန်း(၁၀)

တင်ဒါလိုင်စင်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၅၈။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာ တစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားခြင်း၊၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက် ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်များ သွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်း ထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့် လည်းကောင်း၊ ညအချိန်တွင် မီးဖြင့် လည်းကောင်း ရေကြောင်းလမ်းကိုအချက်ပြထားခြင်း၊

(ဂ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီးက တင်ဒါ လိုင်စင်ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင် ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် တင်ဒါငါးဖမ်းကွက်ကို ပြန်လည် ချိတ်ပိတ်တင်ဒါချထားရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှု မှန်သမျှကို ပေးလျော်ရန် တာဝန်ရှိခြင်း၊

(ဃ) ဘုန်းကြီးကျောင်းပရဝုဏ်မှ ကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း

(င) ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန် သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

၅၉။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ရှမ်းပြည်နယ်၏ အကျိုးဌာ လိုအပ်၍ တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက် လုပ်ကိုင်မည့် အမွေစား အမွေခံ သို့မဟုတ် အမွေစား အမွေခံ တို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ

ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလာလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ၎င်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက် လုပ်ကိုင်ခွင့် ရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရှိခြင်း၊

အခန်း(၁၁)
ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၆၀။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက် ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်သွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်း လမ်း ထားရှိခြင်း၊ နေ့အချိန်တွင်မြင်သာသော အမှတ်အသား များဖြင့်လည်းကောင်း ၊ ညအချိန်တွင် မီးဖြင့် လည်းကောင်း ရေကြောင်းလမ်းကိုအချက်ပြထားရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့်ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကိုထုတ်ပြန်ခြင်း၊

အခန်း(၁၂)
ဝန်ကြီး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆၁။ ဝန်ကြီးသည် နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ(ခ)အရ-

(က) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားအသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင် အမျိုးအစားပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလ ကျော်လွန်ပြီးမှသာ ပြောင်းလဲ သတ်မှတ်ရမည်။

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားအဖြစ်မှ ပယ်ဖျက်ရာတွင် ပယ်ဖျက်သည့်ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

၆၂။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(က) အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့် ထပ်မံအငှားချထားနိုင်ရန်သက်ဆိုင်ရာပြည်နယ်(သို့မဟုတ်) ခရိုင်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၆၃။ ဝန်ကြီးသည်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်သဖြင့် နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ခ)အရ အရေးယူသည့်ကိစ္စတွင်အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်အခြားသက်သေခံပစ္စည်းများကို လေလံတင် ရောင်းချရေး အဖွဲ့ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသောငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခု ကဖြစ်စေ၊ အဖွဲ့စည်းတစ်ရပ်ရပ်ကဖြစ်စေ၊ လွှဲပြောင်းပေးရန်သို့မဟုတ် ရောင်းချပေးရန် လျှောက်ထားလာပါကစိစစ်ပြီးလွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း။

၆၄။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ဂ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကို ဆက်လက်လုပ်ကိုင် ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လျှောက်ထား လာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ခွင့်ပြုပါက ခံဝန်ငွေပမာဏနှင့် ပေးသွင်းရမည့် နေရာဒေသ သတ်မှတ်ပေးခြင်း၊

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာ များကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

၆၅။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ဂ) အရ အရေးယူသည့်ကိစ္စတွင် အောက်ပါ အတိုင်းဆောင်ရွက်နိုင်သည်-

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံ ပစ္စည်းများကို သင့်လျော်သောဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ ပေးသွင်းရန်ရှိသည့်ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရန်ပျက်ကွက်ပါက အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကိုသတ်မှတ်သည့် ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံပေးဆောင်စေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေး ပေးသွင်းခြင်းမပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်း မရှိပါက အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုပယ်ဖျက်ခြင်း၊

သက်သေခံပစ္စည်းများကို ပြည်သူ့ ဘဏ္ဍာအဖြစ်သိမ်းဆည်း၍ လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ၎င်း၏တာဝန်ဖြင့် ထပ်မံအငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက အယူခံ ဝင်ရောက်လျှင် အယူခံတွင် ချမှတ်သည့်အမိန့်အတိုင်း ဆောင်ရွက်ခြင်း၊

၆၆။ ဝန်ကြီးသည် ဝေးလံခေါင်းပါးသောနေရာဒေသရှိ ဂရန်အင်းများအတွက် အင်းခွန်ကို အရစ်ကျပေးဆောင်စေရန် ခွင့်ပြုရာတွင် အောက်ပါအချက်များ အပေါ်အခြေခံ၍ သတ်မှတ်ပေးရမည်-

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ်ပျမ်းမျှ ဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်း ပျက်စီးတိမ်ကောခြင်း ရှိ/မရှိ၊

၆၇။ ဝန်ကြီးသည် အရစ်ကျပေးဆောင်ရန်ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့် ဒဏ်ကြေးနှင့် ရက်လွန်ကြေးကိုသတ်မှတ်ပေးရမည်။

၆၈။ ဝန်ကြီးသည် နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (ဃ)နှင့် နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ (ခ)တို့အရ ရောင်းချ၍ မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် တင်ပြလာသည့်ကိစ္စတွင် အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ပြီး တင်ပြသည့် ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာ လိုင်စင် ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သောဈေးနှုန်း ပြင်ဆင်သတ်မှတ်၍

လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်ခြင်းတို့ကို ပြုလုပ်နိုင်သည်-

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန် ကျန်ရှိသည့်ကာလ၊

(ဃ) လွန်ခဲ့သော ၅ နှစ်ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ်ဈေးနှုန်း။

၆၉။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများမပျက်စီး မပြုန်းတီးစေရန် အစီအမံများချမှတ် ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၇၀။ ဝန်ကြီးသည် ဥပဒေနှင့် ဤလုပ်ထုံးလုပ်နည်းများအရ မိမိအား အပ်နှင်းထားသော ငါးလုပ်ငန်း လုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကို-

(က) ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဦးစီးဌာနမှူး တစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနရှိ ပြန်တမ်းဝင် အရာရှိ တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း(၁၃)

ပြန်အမ်းငွေလျှောက်ထားခြင်း၊ထုတ်ပေးခြင်း

၇၁။ အဌားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် ရှမ်းပြည်နယ်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုတ်သိမ်းခံရလျှင်သော်လည်းကောင်း၊ သဘာဝဘေး အန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာလျှင်သော်လည်းကောင်း၊ အဌားဂရန်၊ တင်ဒါလိုင်စင်ကိုဆိုင်းငံ့ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့၊ ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်း ငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထား နိုင်သည်-

(က) ရှမ်းပြည်နယ်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းခံရသည့် ကိစ္စဖြစ်လျှင် ရုံးအမိန့်စာ မူရင်း သို့မဟုတ် မိတ္တူမှန် ၊

(ခ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်းအခြေအနေတင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့် ထောက်ခံချက်များ၊

၇၂။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၇၁ အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာလက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့် အချက်များ မှန်ကန်မှု ရှိ/မရှိကို ဖြစ်ပွားရာ ဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးရမည်။

၇၃။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ-

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးဖမ်းကိရိယာများ ရေမျောပါသွားခြင်း၊

(ခ) နုန်းမြေများတင်လာ၍ ဂရန်အင်းများပျက်စီးခြင်း၊

(ဂ) ဂရန်အင်းအတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓါတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း။

၇၄။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲကို စိစစ်ပြီး-

(က) မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏဖြစ်လျှင် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

(ခ) မိမိထုတ်ပေးပိုင်ခွင့်မရှိသော ပြန်အမ်းငွေပမာဏဖြစ်လျှင် သဘောထား မှတ်ချက်နှင့်အတူ ပြည်နယ်ဦးစီးဌာနမှူး၊ ဝန်ကြီး သို့မဟုတ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံ အဆင့်ဆင့် တင်ပြရမည်။

၇၅။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၇၄၊ နည်းဥပဒေခွဲ(ခ)အရ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ စိစစ်ပြီး ပြန်အမ်းငွေ ပြန်လည် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

၇၆။ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန်ခွင့်ပြုလာပါက-

(က) ခရိုင် သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘော တူညီချက်ရရှိပါက ပြန်အမ်းငွေပြန်လည်ထုတ်ပေးရမည်။

(ခ) ဝန်ကြီးသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက် ရရှိပါက ပြန်အမ်းငွေပြန်လည် ထုတ်ပေးရမည်။

၇၇။ ပြန်အမ်းငွေထုတ်ပေးရန် ငြင်းပယ်သည့်ကိစ္စတွင် ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ငြင်းပယ်ခြင်းဖြစ်လျှင် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၇၈။ ခရိုင်နှင့်ပြည်နယ်ဦးစီးဌာနမှူး သို့မဟုတ် ဝန်ကြီးသည်ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံ အဆင့်ဆင့်တင်ပြရမည်။

၇၉။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့်ရှိသူများ၏ ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့် ငွေပမာဏကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

အခန်း(၁၄)

ကြွေးကျန်များကောက်ခံခြင်း

၈၀။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာနှင့် စပ်လျဉ်း၍လည်းကောင်း၊ အငှားချထားသည့်

ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် စပ်လျဉ်း၍လည်းကောင်း အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို နည်းဥပဒေ ၅၄ အရ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် အချိန်ကာလ အတွင်း ပေးဆောင်စေရန် အကြောင်းကြားခြင်း၊

(ခ) နည်းဥပဒေခွဲ(ဃ)အရ သတ်မှတ်သည့်အချိန်ကာလအတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူ ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ် သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့် အခွန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ် သိမ်းဆည်း၍ ရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက် ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို

ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် အာမခံတင်သွင်းထားသူ၏ ပစ္စည်းကိုရောင်းချခြင်း၊ ပိုငွေရှိလျှင် အာမခံတင်သွင်းထားသူအား ပြန်လည် ပေးအပ်ခြင်း။

၈၁။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးသည် နည်းဥပဒေ ၇၉၊ နည်းဥပဒေခွဲ (က)အရ ပျက်ကွက်သူထံအကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါ နည်းလမ်းအတိုင်း ပေးအပ်ရမည်-

(က) ပျက်ကွက်သူသို့ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့်သာမန်အားဖြင့် အတူတကွနေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူတစ်ဦးဦးသို့ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါနည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် ပေးအပ်၍မရပါက ပျက်ကွက်သူနေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာ ကပ်ထားခြင်း။

၈၂။ အကြောင်းကြားစာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-

(က) ပျက်ကွက်သူမှ ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှ နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူထံ ပေးဆောင်ရမည်။

၈၃။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လေလံတင် ရောင်းချရာတွင် -

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး ၁၅ ရက်ကြိုတင်၍ လေလံကြော်ငြာစာဖြင့် ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်ဆိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည် စသည့်အချက်များ နှင့်တကွ လေလံတင်ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြရမည်။

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်။

(ဃ) လေလံဆွဲဝယ်မည့်သူ မရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ မြေခွန်မပြေ ကျန်ငွေနှင့် ကုန်ကျစရိတ်အောက် လျော့နည်းလျှင် ဖြစ်စေ လေလံပွဲကို ရွှေ့ဆိုင်း၍ ထပ်မံ လေလံတင်ရောင်းချရမည်။

(င) ရရှိသည့်ငွေမှ ရရန်ရှိသော မြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ် ကိုနုတ်ယူ၍ ဘဏ်သို့ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည် ပေးအပ်ရမည်။

အခန်း(၁၅)

အထွေထွေ

၈၄။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခု၏ နယ်မြေအတွင်း ကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် နည်းဥပဒေ ၅၂ အရ အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ်

ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် –

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောထားမှတ်ချက် ရယူရမည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၈၅။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက် မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင်ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၈၆။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် နှစ်စဉ်ငါးလုပ်ငန်းရာသီ ကုန်ဆုံးသည့်အခါ အောက်ပါအချက်များပါဝင်သော အစီရင်ခံစာတစ်စောင်ကို ရက်ပေါင်း ၉၀ အတွင်း ဌာနသို့တင်သွင်းရမည်–

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာ လိုင်စင်အငှား ချထားမှုအခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှုအခြေအနေ၊

(ဃ) ဥပဒေအရအရေးယူဆောင်ရွက်မှုအခြေအနေ၊

(င) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာ

အဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှု အခြေအနေ၊

(စ) နောက်လာမည့်နှစ် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရမည့်လုပ်ငန်းစီမံချက် ရေးဆွဲမှုအခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များသတ်မှတ်ဖော်ထုတ်မှုအခြေအနေ။

၈၇။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်းပညာစာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသန စာတမ်းများ ဖတ်ကြားခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၈၈။ အငှားဂရန်(သို့မဟုတ်)တင်ဒါလိုင်စင်ပြန်လည်အပ်နှံသည့်ကိစ္စတွင်-

(က) နည်းဥပဒေ ၃၀ အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်လျှင်ဖြစ်စေ၊ နည်းဥပဒေ ၂၄ ၊ နည်းဥပဒေခွဲ(က)အရ ဝန်ကြီးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုလျှင်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူသည် ယင်းသို့ ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာ လက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာဦးစီးဌာနမှူးထံ သက်ဆိုင်ရာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသမှ ၇ ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ(က)အရ ဆောင်ရွက် ရန်ပျက်ကွက်ပါက နည်းဥပဒေ ၃၃ အရ ဖောက်ဖျက် ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၈၉။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် ဤလုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့် အကြုံးမဝင်သော ကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီ ခွင့်ပြုခြင်း ဆောင်ရွက်နိုင်သည်။

၉၀။ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသည် ဂရန်အင်း သို့မဟုတ် တင်ဒါ ငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင် -

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာ ဖော်ပြရမည် ။

(ခ) အစိုးရဌာန၊အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက နည်းဥပဒေ ၅၃ အရ သက်ဆိုင်ရာအစိုးရဌာနနှင့်ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ သတ်မှတ် ထားခြင်းမရှိလျှင် ယခင်က လုပ်ကိုင်ခဲ့ပြီး အသိအမှတ် ပြုထားသည့် နယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၉၁။ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

ပုံ/စိုင်းဆာလူ
ဝန်ကြီး
ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ(၅)ရက်

ပုံစံ(၁)

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------------- မြို့

လေလံကြော်ငြာ

နည်းဥပဒေ(၅)၊ နည်းဥပဒေခွဲ(ခ)

ရက်စွဲ၊

အများသိစေရန်ကြော်ငြာလိုက်သည်။

------------------ မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား (၂၀ -၂၀)ခုနှစ်၊ (၁၃)ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက်(၁၃ ခုနှစ်၊ လ ရက်) နေ့နံနက် ( )နာရီအချိန်တွင် အောက်ဖော်ပြပါ လေလံစည်းကမ်းချက်များနှင့်အညီ တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>လေလံစည်းကမ်းချက်များ</u>

ပုံစံ (၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

နည်းဥပဒေ(၆)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------------------မြို့။

ရက်စွဲ၊

အကြောင်းအရာ။ ။ ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ် လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ ဦး/ဒေါ်___________________သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ် ၊

၅။ အလုပ်အကိုင်
(ယခင်နှစ်အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည် ၊

၇။ လေလံတင်ရောင်းချမည့်ရက် ၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့်အချက်များမှန်ကန်ကြောင်းထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စု

ပုံစံ(၃)

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

နည်းဥပဒေ(၉)၊ နည်းဥပဒေခွဲ(က)

အမှတ်စဉ် - /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်

၂။ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင် ၊

၅။ နေရပ် ၊

၆။ လေလံဆွဲဝယ်ခွင့်ပြုသည့်ဂရန်အင်းအမည် ၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့ ၊

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏လက်မှတ်

သို့မဟုတ် လက်မပုံစံ ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------------မြို့နယ်

နေ့စွဲ၊

ပုံစံ(၄)

ဂရန်အင်းလေလံတင်ရောင်းချခြင်းအမှုတွဲ

နည်းဥပဒေ(၁၃)၊ နည်းဥပဒေခွဲ(က)

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊

-----------ခုနှစ်၊

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည် -

ဂရန်အင်း၏တည်ရှိနေရာ -

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ -

လေလံတင်ရောင်းချသည့်နေရာ -

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့် အင်းခွန်

နှစ်	**အငှားဂရန်ရရှိသူ**	**အင်းခွန်**

ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး

လေလံဆွဲဝယ်ကြသူများ

စဉ်	**လေလံဆွဲဝယ်ခွင့်ရရှိသူအမည်/ မှတ်ပုံတင်အမှတ်**	**ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်းဖြင့်)**	**(စာဖြင့်)**

ယခုသတ်မှတ်သည့်အင်းခွန် -

အငှားဂရန်ရရှိသူအမည် -

မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင်	ဥက္ကဋ္ဌ	အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၅)

ဂရန်အင်းလေလံတင်ရောင်းချပြီးစီးကြောင်းတင်ပြစာ

နည်းဥပဒေ(၁၃)၊ နည်းဥပဒေခွဲ(က)

----------------------ခုနှစ်

ရှမ်းပြည်နယ်

------------------ခရိုင်၊----------------မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့စွဲ ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ ၊

ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင်ပါဝင်သူများ၊

စဉ်	ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ	၅ နှစ်ပျမ်းမျှဈေး	ယခင်နှစ် ဈေး	ယခုနှစ် လေလံဈေး	မှတ် ချက်

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၆)

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

အငှားဂရန်

နည်းဥပဒေ(၁၄) နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေ(၁၈) နည်းဥပဒေခွဲ(ခ)၊

နည်းဥပဒေ(၄၈) နည်းဥပဒေခွဲ(ခ)

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီး/---------------------- ပြည်နယ်ဦးစီးဌာနမှူး၏----------------------------နေ့စွဲပါစာအမှတ်----------------------------ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော် ပြပါပုဂ္ဂိုလ်အား ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေအရ အငှားဂရန်ကို ပူးတွဲပါစည်းကမ်း ချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည်

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ။

၃။ နေရပ်လိပ်စာ ။

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ် ။

၅။ လုပ်ကိုင်ခွင့်ပြုသည့်အချိန်ကာလ ။

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား ။

၇။ အင်းခွန်----------------ကို----------------မြို့ မြန်မာ့စီးပွားရေးဘဏ်( )နေ့စွဲပါချလံအမှတ်( ) အရငွေပေးသွင်းပြီး ဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

------------------မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ(၇)

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-------------------မြို့

တင်ဒါကြော်ငြာ

နည်းဥပဒေ(၂၁) နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲ(င)

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အများသိစေရန်ကြော်ငြာလိုက်သည်။

------------------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါ ငါးဖမ်းကွက်များအား (၂၀ -၂၀)ခုနှစ်၊ (၁၃)ခုနှစ် ငါးလုပ်ငန်း ရာသီအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ မည်သူမဆို ဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်)နေ့ နံနက်( ) နာရီအချိန်တွင် အောက်ဖော်ပြပါ တင်ဒါစည်းကမ်းချက်များနှင့်အညီတွင် အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>တင်ဒါစည်းကမ်းချက်များ</u>

ပုံစံ(၈)

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

နည်းဥပဒေ(၂၂)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------------------မြို့

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ ဦး/ဒေါ်-------------------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်

၂။ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ် ၊

၅။ အလုပ်အကိုင် ၊
(ယခင်နှစ်ကတင်ဒါလိုင်စင်ရရှိခဲ့လျှင်တင်ဒါငါးဖမ်းကွက်အမည် ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည် ၊

၇။ တင်ဒါဆွဲဝယ်မည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့် အချက်များ မှန်ကန်ကြောင်းထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

ရပ်ကွက်/ကျေးရွာအုပ်စု

နေ့စွဲ၊

ပုံစံ(၉)

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

နည်းဥပဒေ(၂၅)၊ နည်းဥပဒေခွဲ(က)

အမှတ်စဉ် - /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ် ၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူကပေးမည့်တင်ဒါကြေး(ဂဏန်းဖြင့်)
(စာဖြင့်)

မြို့နယ်ဦးစီးဌာနမှူး

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွှေ့ချယ်အတည်ပြုသည်။ ရွှေ့ချယ်ခြင်းမပြုပါ။

အဖွဲ့ဝင် ဥက္ကဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၁၀)

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်းအမှုတွဲ

နည်းဥပဒေ(၃၀)၊ နည်းဥပဒေခွဲ(က)

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊

--------------------ခုနှစ်၊

တင်ဒါငါးဖမ်းကွက်အမည် -

တင်ဒါငါးဖမ်းကွက်တည်နေရာ -

တင်ဒါချထားသည့်နေ့ -

ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့် တင်ဒါကြေး

နှစ်	**တင်ဒါလိုင်စင်ရရှိသူ**	**တင်ဒါကြေး**

ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး တင်ဒါသွင်းကြသူများ

စဉ်	**တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူအမည်/ မှတ်ပုံတင်အမှတ်**	**တင်ဒါကြေး (ဂဏန်းဖြင့်)**	**(စာဖြင့်)**

ယခုသတ်မှတ်သည့်တင်ဒါကြေး-

တင်ဒါလိုင်စင်ရရှိသူအမည် -

မှတ်ချက် (ရှိလျှင်ဖော်ပြရန်)

အဖွဲ့ဝင် ဥက္ကဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၁၁)

တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

နည်းဥပဒေ(၃၁)၊ နည်းဥပဒေခွဲ(က)

ရှမ်းပြည်နယ်

-----------------ခရိုင်၊-----------------မြို့နယ်

တင်ဒါလိုင်စင်ချထားပြီးစီးကြောင်းတင်ပြစာ

တင်ဒါချထားသည့်နေ့စွဲ ၊

တင်ဒါချထားသည့်နေရာ ၊

တင်ဒါချထားရေးအဖွဲ့တွင်ပါဝင်သူများ၊

စဉ်	ဂရန်အင်းငါးဖမ်းကွက် အမည်နှင့်ဆွဲဝယ်သူ	၅ နှစ်ပျမ်းမျှဈေး	ယခင်နှစ် ဈေး	ယခုနှစ် လေလံဈေး	မှတ် ချက်

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၁၂)

ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါလိုင်စင်

နည်းဥပဒေ(၃၁)၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေ(၄၈)၊ နည်းဥပဒေခွဲ(ခ)

လိုင်စင်အမှတ်

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ဝန်ကြီး/---------------------- ပြည်နယ်ဦးစီးဌာနမှူး၏------------------------------- နေ့စွဲပါစာအမှတ်------------------------------------ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ တင်ဒါလိုင်စင်ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည်၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ၊

၃။ နေရပ်လိပ်စာ ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်တင်ဒါငါးဖမ်းကွက်အမည်နှင့်မြို့နယ် ၊

၅။ လုပ်ကိုင်ခွင့်ပြုသည့်အချိန်ကာလ ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား ၊လုံးရေနှင့်အတိုင်းအတာ

တင်ဒါကြေးနှင့်လိုင်စင်ခ________________ကို_____________နေ့စွဲပါ ချလန်အမှတ်( )ဖြင့် ___________________________ဘဏ်သို့ပေးသွင်းပြီး ဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

-------------------မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ (၁၃)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

နည်းဥပဒေ(၃၄)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

------------------မြို့

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း

၁။ လျှောက်ထားသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင် ၊

၅။ နေရပ် ၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ ၊

၇။ လုပ်ကိုင်လိုသည့်ငါးဖမ်းကိရိယာများ ၊

ငါးဖမ်းကိရိယာအမည်	အတိုင်းအတာ	အရေအတွက်
	(က) အလျား	
	(ခ) အနံ	
	(ဂ) စောက်	
	(ဃ) ထိပ်ဝ	
	(င) အခြား	

၈။ လုပ်ကိုင်လိုသည့်ခုနှစ် ၊

ပုံစံ(၁၄)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူစာရင်း

နည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ(က)

ရှမ်းပြည်နယ်၊ _______________ ခရိုင်၊ ____________________ မြို့နယ်

စဉ်	လိုင်စင်လျှောက်ထားသူ အမည်နှင့်အမျိုးသား မှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	နေရပ် လိပ်စာ	ရုံးသုံး အမည်	ငါးဖမ်းကိရိယာ					နေရာ	လိုင်စင်ခ	မှတ်ချက်
				ဇယားပါ အမှတ်စဉ်	ဒေသ အခေါ်	ခွင့်ပြုသည့်အများဆုံး အတိုင်းအတာ					
						အလျား	အနံ	စောက်			

ရက်စွဲ၊

လိုင်စင်မလျှောက်ထားသော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၁၅)

ရှမ်းပြည်နယ်
ငါးလုပ်ငန်းဦးစီးဌာန
ငါးဖမ်းကိရိယာလိုင်စင်
နည်းဥပဒေ(၃၆)၊ နည်းဥပဒေခွဲ(က)

(လိုင်စင်တန်ဖိုးသည်   ကျပ်ဖြစ်သည်။)
မြို့နယ် -   ခုနှစ်၊   အမှတ်စဉ်
လိုင်စင်ရရှိသူအမည် ။
အမျိုးသားမှတ်ပုံတင်အမှတ်/
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
နေရပ်လိပ်စာ ။
ကိရိယာ၊ ရုံးသုံးအမည်၊
ဒေသအခေါ်အဝေါ် ။
ကိရိယာအတိုင်းအတာ ။
နေရာ ။
အထူးကန့်သတ်ချက်များ ။
မှတ်ချက် - ဤလိုင်စင်သည်အထက်ဖော်ပြပါ ကိရိယာ/ အထက် ဖော်ပြပါ ကိရိယာများ လုပ်ကိုင်သည့်လှေတစ်စင်းအတွက် လိုင်စင်ဖြစ်သည်။
ဤလိုင်စင်သည်   နေ့တွင် သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၁၆)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

နည်းဥပဒေ(၃၆)၊ နည်းဥပဒေခွဲ(ခ)

---------------ခရိုင်၊ -------------မြို့နယ်

စဉ်	လိုင်စင်ရရှိသူ အမည်နှင့်အမျိုးသား မှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	နေရပ် လိပ်စာ	လိုင်စင် အမှတ်စဉ် အမှတ်	လိုင်စင် ထုတ်ပေး သည့် အမှတ်	ငါးဖမ်း ကိရိယာ အမျိုးအစား နှင့် အမှတ်စဉ်	ငါးဖမ်း ကိရိယာ အတိုင်း အတာ	လိုင် စင် ခ	ထုတ်ပေး ထားသည့် လိုင်စင်ပုံစံ တန်ဖိုးနှင့် ရှက်ရေ
၁	၂	၃	၄	၅	၆	၇	၈	၉

ပုံစံ(၁၇)

ငါးဖမ်းကိရိယာလိုင်စင်အရေအသုံးမှတ်ပုံတင်

နည်းဥပဒေ(၄၀)၊ နည်းဥပဒေခွဲ(က)

-----------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်တန်ဖိုး -

စဉ်	လက်ခံရရှိသည့်နေ့	ရွက်ရေ	တန်ဖိုး	အသုံးပြုသည့်နေ့	ရွက်ရေ	တန်ဖိုး	လက်ကျန်	မှတ်ချက်

ပုံစံ(၁၈)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုမှတ်ပုံတင်

နည်းဥပဒေ(၄၁)၊ နည်းဥပဒေခွဲ(ခ)

--------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ---------------- ခုနှစ်

စဉ်	လိုင်စင်ရရှိသူအမည်	အမျိုးသား မှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	လိုင်စင် အမှတ် စဉ်	လိုင်စင် ထုတ် ပေး သည့် နေ့စွဲ	ငါးဖမ်း ကိရိယာ အမျိုး အစား	ငါးဖမ်း ကိရိယာ အတိုင်း အတာ	ငါးဖမ်း ကိရိယာ လိုင်စင်ခ နှုန်းထား	ထုတ်ပေး ထားသည့် လိုင်စင် ပုံစံ တန်ဖိုးနှင့် ရှက်ရေ	လိုင် စင် ခ ရရှိ သည့် နေ့ ရက်	ဘဏ်သို့ ပေး သွင်း သည့် နေ့ရက် နှင့်ချလံ	ငါးဖမ်း ခွင့်ပြု သည့် နေရာ ဒေသ
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂

ပုံစံ(၁၉)

ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်း

နည်းဥပဒေ(၄၂)

____________________ခုနှစ်၊ ____________________လ

_______________မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန လိုင်စင်တန်ဖိုး -

စဉ်	လက်ခံရရှိသည့်နေ့	ရွှက်ရေ	တန်ဖိုး		စဉ်	ယခင်လ လက်ကျန်	ယခုလ အသုံးပြုသည့်နေ့	လိုင်စင်ရရှိသူ အမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်/ နိုင်ငံသား စိစစ်ရေး ကတ်ပြား အမှတ် နှင့် နေရပ်လိပ်စာ	ငါးဖမ်း ကိရိယာ အမျိုး အစား နှင့် အတိုင်း အတာ	လိုင်စင် ခ	ထုတ်ပေး သည့် လိုင်စင် ပုံစံ ရွှက်ရေ	မှတ်ချက်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၂၀)

ပြည်ပနေနိုင်ငံခြားသား သို့မဟုတ်
နိုင်ငံခြားမတည်ငွေဖြင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ
ရေချိုငါးလုပ်ငန်းရေပြင်တွင်
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်လွှာ
နည်းဥပဒေ(၄၄)

သို့

ဝန်ကြီး
ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ၊

၁။ လျှောက်ထားသူအမည်/အဖွဲ့အစည်းအမည် ၊

၂။ နိုင်ငံကူးလက်မှတ်အမှတ်/
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်အမှတ် ၊

၃။ နေရပ်လိပ်စာ/အဖွဲ့အစည်းတည်နေရာ၊

၄။ လုပ်ကိုင်လိုသည့်ငါးလုပ်ငန်းအမျိုးအစား(က)ဂရန်အင်း၊
(ခ)တင်ဒါငါးဖမ်းကွက်၊ (ဂ) အခြား

၅။ လုပ်ကိုင်လိုသည့်နေရာဒေသ၊ ---------------------

၆။ လုပ်ကိုင်ရာတွင်အသုံးပြုမည့်ကိရိယာ(ရှိခဲ့လျှင်)၊
(က) အမျိုးအစား၊ (ခ) ဦးရေ၊ (ဂ) ၊(ဃ)

၇။ နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုပမာဏ၊

လျှောက်ထားသူ
တာဝန်/အဆင့်

ပုံစံ (၂၁)

ကတိခံဝန်ချုပ်

နည်းဥပဒေ(၅၂)၊ နည်းဥပဒေခွဲ(က)

---------------ရပ်ကွက်/ကျေးရွာအုပ်စုနေဦး/ဒေါ် -------------------

(အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-) က ၂၀ / ၂၀ ခုနှစ်အတွက် ဂရန်အင်းတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် အငှားဂရန်ရရှိပါသည်။

အငှားဂရန်အတွက် အင်းခွန်ငွေကို အောက်ဖော်ပြပါအတိုင်း အရစ်ကျ ပေးဆောင်ရန် ကတိပြုပါသည်။

ပေးဆောင်ရမည့်ငွေကြေးပမာဏ

အရစ်ကျပေးဆောင်ရမည့် အင်းခွန်ငွေများကို သတ်မှတ်သည့်ရက်အတိုင်း ပေးဆောင်ရန် ပျက်ကွက်ပါက ကျွန်တော်/ကျွန်မ --------------------------- က အာမခံအဖြစ် တင်သွင်းထားသော အောက်ပါ ပစ္စည်းများကို ငါးလုပ်ငန်းဦးစီးဌာနမှ မြေခွန်မပြေကျန်ငွေအဖြစ် သတ်မှတ်၍ ထုခွဲ ရောင်းချခြင်းကို ခံယူမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

ကျွန်တော်/ကျွန်မ---------------------------- က အာမခံအဖြစ် တင်သွင်းထားသော အောက်ပါခံဝန်ပစ္စည်းများသည် ပေါင်နှံခြင်း၊ လွှဲပြောင်းရောင်းချခြင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုပါသည်။

စဉ်	ပစ္စည်း အမျိုး အမည်	ဦးပိုင် အမှတ်နှင့် မြေပုံ ဆိုင်ရာနှစ်	ဧရိယာ		ဦးရေ	တန်ဖိုး	ပစ္စည်း တည်ရှိရာ အရပ်
			ဧက	ဒသမ			

အသိသက်သေများ ခံဝန်ချုပ်ဆိုသူ

၁။

၂။

ကျွန်ုပ်၏ရှေ့မှောက်တွင် ဤကတိခံဝန်စာချုပ်ကို ချုပ်ဆိုပါသည်။

ဦးစီးဌာနမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

တနင်္သာရီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းနည်းဥပဒေ

အမိန့်ကြော်ငြာစာအမှတ် – ၁/၂၀၁၉

၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ထားဝယ်မြို့

တနင်္သာရီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်း နည်းဥပဒေ

ပူးတွဲ (က)

တစ်ပိုင်တစ်နိုင် ရှာဖွေစားသောက်ရန် အခွန်ကင်းလွတ်ခွင့်ပြုထားသော ငါးဖမ်းကိရိယာ အမျိုးအစား

စဉ်	ရုံးသုံးအမည်	အကျယ်ဖော်ပြသည့် အမျိုးအစား ဖော်ပြချက်နှင့် မြန်မာအခေါ်အဝေါ်များ	မှတ်ချက်
၁။	လက်ထွန်	(၁)လက်ထွန်၊ (၂)လက်သွပ်၊ လူတစ်ဦးလျှင်	(၃)လက်
၂။	ကိုင်းထောက်	ကိုင်းထောက်၊ လူတစ်ဦးလျှင်	တစ်ဦးလျှင်(၁၀)ခု
၃။	ထောင်ကျင်း	တိုင်ထောင်ငါးမျှား၊ လူတစ်ဦးလျှင်	တစ်ဦးလျှင်(၃)ခု
၄။	ငါးမျှားတန်း(ရေချို)	ငါးမျှားတန်း၊ လူတစ်ဦးလျှင်(ငါးမျှားချိတ် ၂၀ ထက်မပိုရ)	(၁)တန်း
၅။	ဘူးမျှော	ဘူးမျှော၊ လူတစ်ဦးလျှင်	(၃)ခု
၆။	လက်ပစ်ကွန်	(၁)လက်ပစ်ကွန်၊ (၂)ကွန်စေ၊ (၃)ကွန်ကြဲ၊ လူတစ်ဦးလျှင်	(၁)လက်
၇။	ရင်တွန်း	ရင်တွန်း။ လူတစ်ဦးလျှင် အဝ(၃)တောင် ထက်မပိုရ	(၁)ခု
၈။	ပေါ်ခပ်	(၁)ကော်ပိုက်၊ (၂)မျှင်ပိုက်(ခွေးထိုး)၊ လူတစ်ဦးလျှင်	(၁)ခု
၉။	ယက်သဲ့	ယက်သဲ့၊ လူတစ်ဦးလျှင်	(၁)ခု
၁၀။	မြှုံးငယ်အမျိုးမျိုး	(၁)စိန်မြှုံး၊ (၂)ရင်ကွဲမြှုံး၊ (၃)သေနံမြှုံး၊ (၄)ပုစွန်မြှုံး၊ (၅)ဖလုံမြှုံး၊ (၆)ခရုမြှုံး၊ (၇)ပုံးမြှုံး၊ (၈)ငါးမွေး၊ ထိုးမြှုံး၊ (၉)ငါးစင်ရိုင်းမြှုံး၊ (၁၀)တုံးလုံးမြှုံး၊ (၁၁) တိုင်ထောင်မြှုံး၊ (၁၂)ငုတ်တုတ်မြှုံး၊ လူတစ်ဦးလျှင်	(၂၀)လုံး
၁၁။	မြှုံးကြီး(ရေချို)	မြှုံးကြီး(ရေချို)၊ လူတစ်ဦးလျှင်	(၃)လုံး
၁၂။	တုတ်	(၁)တုတ်၊ (၂)ကတုံး၊ (၃)ဓနုတ်၊ (၄)ဆင်လိမ်၊ လူတစ်ဦးလျှင်	(၃)ခု
၁၃။	တခောင်း	(၁)တခေါင်း၊ (၂)မြှေလှော၊ (၃)ငှက်ပျောဖက်တန်း ပိုက်၊ (၄)ဖက်ထိုးလှေ၊ (၅)လှေစောင်းထိုး၊ လူတစ်ဦးလျှင်	(၁)ခု
၁၄။	ဆောင်း	(၁)ဆောင်း၊ (၂)ဆောင်းအုပ်၊ လူတစ်ဦးလျှင်	(၁)လက်
၁၅။	လှံထိုး	(၁)လှံထိုး၊ (၂)စူး၊ (၃)ခက်ရင်းခွ၊ (၄)ဓါးမောင်းထိုး၊ (၅)ငါးအင်း၊ လူတစ်ဦးလျှင်	(၁)ခု
၁၆။	ပုယ်	(၁)ဂုတ်၊ (၂)ထူး၊ လူတစ်ဦးလျှင်	(၁)ခု

မာတိကာ-၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း (၁)	
၁။	အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	၁
	အခန်း (၂)	
၂။	ရေချိုငါးလုပ်ငန်းရေပြင်များ ခွဲခြားသတ်မှတ်ခြင်း	၃
	အခန်း (၃)	
၃။	အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၄
	အခန်း (၄)	
၄။	နှစ်ရှည် အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၁
	အခန်း (၅)	
၅။	ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း	၁၄
	အခန်း (၆)	
၆။	တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၇
	အခန်း (၇)	
၇။	ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၂၅
	အခန်း (၈)	
၈။	မိတ္တူလျှောက်ထားခြင်း	၂၈
	အခန်း (၉)	
၉။	ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၂၉
	အခန်း (၁၀)	
၁၀။	တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၃၁
	အခန်း (၁၁)	
၁၁။	အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၃၆
	အခန်း (၁၂)	
၁၂။	တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၃၈
	အခန်း (၁၃)	
၁၃။	ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ	၄၀

မာတိကာ-၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း (၁၄)	
၁၄။	ပြန်အမ်းငွေလျှော့ကျထားခြင်း၊ ထုတ်ပေးခြင်း	၄၀
	အခန်း (၁၅)	
၁၅။	ကြွေးကျန်များ ကောက်ခံခြင်း	၄၂
	အခန်း (၁၆)	
၁၆။	ရေချိုငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း နှင့် ရေနေသယံဇာတထိန်းသိမ်းခြင်း	၄၅
	အခန်း (၁၇)	
၁၇။	ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းရောင်းချခွင့်လိုင်စင်၊ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရေလုပ်သား မှတ်ပုံတင် ကတ်များ လျှော့ကျထားခြင်း	၄၇
	အခန်း (၁၈)	
၁၈။	အထွေထွေ	၄၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉
၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆုတ် ၈ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ-၆၈ ၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ဥပဒေ ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ရေချိုနှင့်ငါးလုပ်ငန်း ဥပဒေ ကိုဆိုသည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ငါးလုပ်ငန်းရေပြင် ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ရေပြင်ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေချိုငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ရေလုပ်သားမှတ်ပုံတင်** ဆိုသည်မှာ မည်သည့်ငါးလုပ်ငန်းကိုမဆို အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း လုပ်ကိုင်သည့် ရေလုပ်သားများအား အသိအမှတ်ပြု ထုတ်ပေးသော လက်မှတ်ကိုဆိုသည်။

(ဇ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေအရ သတ်မှတ်ထားသော ပုံစံကိုဆိုသည်။

(ဈ) **ငါးနေငါးထိုင်** ဆိုသည်မှာ ငါးများနေထိုင်ပေါက်ပွား ကျက်စားကြီးပြင်းရာ ရေပြင်၊ ရေနေအပင်များ ပေါက်ပွားရာနေရာ၊ ငါးများ နိုအောင်းကြီးပြင်း မျိုးပွားရာ နေရာကိုဆိုသည်။

(ည) **ဒေသခံ** ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတွင် (၅) နှစ်ဆက်တိုက် အမှန်တကယ် နေထိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက အိမ်ထောင်စုစာရင်းနှင့်တကွ ထောက်ခံချက် တင်ပြနိုင်သူကိုဆိုသည်။

(ဋ) **လေလံတင်ရောင်းချမည့် မြို့နယ်** ဆိုသည်မှာ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးစိုက်ရာမြို့ကို ဆိုသည်။

(ဌ) **ဈေးပြိုင်စနစ်** ဆိုသည်မှာ ဥပဒေနှင့်အညီ အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ရရှိထားသူများက အပြိုင်အဆိုင်ဖြင့် လေလံဆွဲဝယ်ရမည့် စနစ်ကိုဆိုသည်။

(ဍ) **လေလံအင်း** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ဒေသခံများအား ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချရန် ကြော်ငြာစာထုတ်ပြန်၍ ရောင်းချသော အင်းကိုဆိုသည်။

(ဎ) **အင်းလေးလံကြော်ငြာ** ဆိုသည်မှာ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့် အင်းစာရင်း၊ ရောင်းချမည့်အစီအစဉ်၊ လေလံဆွဲဝယ်မည့်သူများ လိုက်နာရန် စည်းကမ်းချက်များ ပါရှိသည့် ကြော်ငြာစာကို ဆိုသည်။

(ဏ) ငါးနေငါးထိုင်တော ဆိုသည်မှာ ရေချိုငါးလုပ်ငန်းနယ်နိမိတ်အတွင်း ပေါက်ရောက်လျက်ရှိသည့် ကုန်းနေ၊ ရေနေ အပင်များကို ဆိုသည်။

အခန်း (၂)

ရေချိုငါးလုပ်ငန်းရေပြင်များ ခွဲခြားသတ်မှတ်ခြင်း

၃။ ဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းရေပြင်များကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်သည်-

(က) အငှားဂရန်အင်း၊

(ခ) သီးသန့်အင်း၊

(ဂ) ဘေးမဲ့အင်း၊

(ဃ) တင်ဒါငါးဖမ်းကွက်၊

(င) လိုင်စင်ဖြင့် ငါးဖမ်းခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်၊

အခန်း (၃)

အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အငှားဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို နှစ်စဉ်ဧပြီလအတွင်းတွင် စတင်ဆောင်ရွက်ရမည်။

၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် -

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် လေလံတင်ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့အား တာဝန်ပေးအပ်ရမည် -

ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့

(၁) သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး ငါးလုပ်ငန်းဦးစီးဌာန	ဥက္ကဋ္ဌ
(၂) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၃) ခရိုင်ဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန	အဖွဲ့ဝင်
(၄) ခရိုင်ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန	အဖွဲ့ဝင်
(၅) ခရိုင်ဦးစီးဌာနမှူး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	အဖွဲ့ဝင်
(၆) တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးက တာဝန်ပေးအပ်သူ အရာရှိ (၁)ဦး	အဖွဲ့ဝင်
(၇) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး	အတွင်းရေးမှူး

(ခ) အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းသောဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ဂရန်အင်းများ လေလံတင်ရောင်းချရာတွင် စနစ်တကျဖြစ်စေရေး နှင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးအတွက်

လိုအပ်သော အမိန့်ညွှန်ကြားချက်များကို ဝန်ကြီး၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၆။ ဂရန်အင်းများ လေလံတင်ရောင်းချရာတွင် -

(က) မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများ စာရင်းကို (၁)နှစ်ကာလအတွက် လေလံတင် ရောင်းချမည့် အစီအစဉ် ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ တင်ပြချက်ကို ရရှိသည့်အခါ တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် လေလံတင်ရောင်းချမည့် ဂရန်အင်းများကို အစီအစဉ်ရေးဆွဲပြီး ဝန်ကြီးထံ အတည်ပြုချက်တောင်းခံရမည်၊

(ဂ) မြို့နယ်ဦးစီးဌာနမှူးသည် အတည်ပြုချက်ရရှိပါက ပထမအကြိမ် လေလံကြော်ငြာစာကို ဂရန်အင်း လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရက်ပေါင်း(၃၀)ရက် ကြိုတင်၍ လေလံကြော်ငြာ ပုံစံ(၁)ဖြင့် မြို့နယ်အတွင်း ပွင့်လင်းမြင်သာစွာ ကြေညာရမည်၊

(ဃ) အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံ လေလံတင်ရောင်းချရပါက ဂရန်အင်းလေလံတင် ရောင်းချမည့် ရက်မတိုင်မီ (၁၅)ရက် ကြိုတင်၍ လေလံကြော်ငြာပုံစံ(၁) ဖြင့် မြို့နယ်အတွင်း ကြေညာရမည်-

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) တိုင်းဒေသကြီး၏ အကျိုးအတွက်ဖြစ်ခြင်း။

(င) ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို ပထမအကြိမ်အပါအဝင် စုစုပေါင်း (၃)ကြိမ် တတိယအကြိမ်အထိ လေလံတင်ရောင်းချ နိုင်သည်။

(စ) တတိယအကြိမ်အထိလေလံတင်ရောင်းချရခြင်းမရှိသည့် အင်းများ ကို ဝန်ကြီးထံတင်ပြ အတည်ပြုချက်ရယူ၍ ကြမ်းခင်းဈေးကို ပြင်ဆင်၍ ရောင်းချရမည်။

၇။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် လေလံဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် လေလံကြော်ငြာပါ ကာလအတွင်း လျှောက်လွှာပုံစံ(၂)တွင် ပြည့်စုံစွာ ရေးသွင်း၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၈။ နည်းဥပဒေ ၇ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ မြို့နယ်ဦးစီးဌာနမှူးသည် အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ရမည် -

(က) လွန်ခဲ့သည့် (၃)နှစ်အတွင်း တိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ဥပဒေပါ အောက်ဖော်ပြပါ အချက်အလက်များအရ အရေးယူအပြစ်ပေး ခံရသူ ဟုတ်၊ မဟုတ် -

(ကက) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတု ပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော ပစ္စည်းဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဂဂ) တားမြစ်ထားသော ငါးဖမ်းကိရိယာများ တီထွင်ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း။

(ခ) ငါးလုပ်ငန်းဦးစီးဌာနက အမည်ပျက်စာရင်း ကြေညာ ခြင်းခံထားရသူ ဟုတ်၊ မဟုတ်၊

(ဂ) အင်းလေလံကြော်ငြာပါ စည်းကမ်းချက်များနှင့် ကိုက်ညီသူ ဟုတ်၊ မဟုတ်။

၉။ နည်းဥပဒေ ၈ ပါ အချက်များနှင့် ညီညွတ်ပါက မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ပုံစံ (၃) ကိုထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးထံ ထောက်ခံတင်ပြရမည်။ လျှောက်လွှာသည် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း မရှိသဖြင့် ငြင်းပယ်ရပါက ထိုသို့ငြင်းပယ်သည့် အကျိုးအကြောင်းကို အမှုတွဲတွင် ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၉ အရ တင်ပြလာသော လျှောက်လွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းဆွဲဝယ်ခွင့် လက်မှတ်ပုံစံ(၃) ထုတ်ပေးရန် မြို့နယ်ဦးစီးမှူးထံ အကြောင်းကြားရမည်။

၁၁။ နည်းဥပဒေ ၁၀ အရ အကြောင်းကြားစာရရှိသည့်အခါ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၃)ကို လေလံပွဲမစမီ အနည်းဆုံး (၁)ရက် ကြိုတင်၍ ရုံးချိန်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၂။ ဂရန်အင်းဆွဲဝယ်ခွင့်လက်မှတ်ရရှိသူသည် -

(က) မိမိလျှောက်ထားသော ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်၊

(ခ) မိမိလျှောက်ထားသောဂရန်အင်းအတွက်လေလံဝင်ရောက်ဆွဲဝယ်မှုမရှိလျှင် သော်လည်းကောင်း၊ ဂရန်အင်းများလေလံတင်ရောင်းချရေး အဖွဲ့ရှေ့သို့ မိမိအဆိုပြုသည့်အင်းတန်ဖိုး၏ လေလံကြေးငွေများကို တစ်ပါတည်းတင်ပြနိုင်ခြင်းမရှိလျှင် သော်လည်းကောင်း၊ အဆိုပါနှစ်မှတစ်ဆက်တည်း (၃)နှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည့်အပြင် အမည်ပျက်စာရင်းသွင်းခြင်းကိုပါ ခံရမည်။

၁၃။ ဂရန်အင်း လေလံတင်ရောင်းချခြင်း မပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက်လေလံကြမ်းခင်းဈေးကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက သတ်မှတ်ပေးရမည် -

(က) လွန်ခဲ့သော (၅) နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း၏ ငါးအထိအမိအခြေအနေ၊

(ဃ) ဂရန်အင်းပျက်စီးတိမ်ကောခြင်း ရှိ၊ မရှိ၊

(င) သက်ဆိုင်ရာအင်းတည်ရှိရာ ဒေသထူးခြားမှုအခြေအနေ။

၁၄။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အင်းတစ်ခုစီအတွက် လေလံတင်ရောင်းချသည့် အမှတ်စဉ်ပုံစံ (၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) နှစ်ရှည်အငှားဂရန်ချထားမည့် အင်းဖြစ်ပါက အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဂရန်အင်းလေလံတင် ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များကိုဖတ်ကြားခြင်း၊

(ဃ) ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ကြော်ငြာထားသည့် အစီအစဉ် အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ယူခွင့်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်း ပေးထားခြင်းကိုသော်လည်းကောင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူးမှ တဆင့် ဝန်ကြီးထံတင်ပြခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူများအား ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က သတ်မှတ်ထားသည့် ကြိုတင်ငွေကို တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း၊ ကြိုတင်ငွေထက် ပိုမိုဆွဲဝယ်လိုပါက ဆွဲဝယ်လိုသော တန်ဖိုးငွေကို တင်ပြစေခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့်ရရှိသူများမှ အပြိုင်အဆိုင် လေလံကြမ်းခင်းဈေးထက် များစွာ ကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့်ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်းလေလံတင် ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီး နောက်နေ့ချင်းပြီး ပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင် ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်းလေလံတင် ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင်ပင် အိတ်ဖွင့်တင်ဒါ တင်သွင်းစေပြီး အငှားချထားခြင်း၊

(ဇ) ဂရန်အင်း လေလံတင်ရောင်းချရာတွင် သတ်မှတ်ကြမ်းခင်းဈေးထက် ကျော်လွန်၍ ဈေးနှုန်းအမြင့်ဆုံးပေးသူအား အငှားချထားခြင်း၊

(ဈ) လေလံဆွဲ ဝယ်ယူခွင့်ရရှိသူကို လေလံဆွဲဝယ်သည့် ဂရန်အင်း အတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများအား အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန်ပျက်ကွက်ပါက ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူက ပေးလျော် စေခြင်း၊

(ည) အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲ ဝယ်သည့် ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်း လေလံတင်ရောင်းချသည့် နေ့တွင်နေ့ချင်းပြီး ချက်လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ဒုတိယအကြိမ် ထပ်မံလေလံတင်ရောင်းချခြင်း၊ လျော့နည်းသောခြားနားငွေကို အင်းခွန်ပေးဆောင်ရန် ပျက်ကွက် သူက ပေးလျော်စေခြင်း၊

(ဋ) လေလံဆွဲဝယ်ရရှိသူကို ဂရန်အင်းတန်ဖိုးငွေများအား သက်ဆိုင် ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းဆောင်ရွက်စေခြင်း၊ ဘဏ်ဖွင့်ချိန် ကျော်လွန်သွားပါက အနီးဆုံး ဘဏ်ဖွင့်သည့်ရက်တွင် အပြေ အကျေ ပေးသွင်းစေခြင်း၊

(ဌ) လေလံကြေးငွေများကို ဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ရေး အတွက် သက်ဆိုင်ရာ ဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဍ) လေလံကြေးငွေများကို ဘဏ်သို့ အကြောင်းတစ်စုံတစ်ရာကြောင့် နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက လိုအပ်လျှင် ယင်းငွေများကို သေတ္တာထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး ဂရန်အင်း များ လေလံတင် ရောင်းချရေးအဖွဲ့က သက်ဆိုင်ရာ ဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံခြင်း၊

(ဎ) ဂရန်အင်း လေလံတင်ရောင်းချသည့် ဈေးနှုန်းကိုရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများ လေလံတင် ရောင်းချပြီး (၁၅)ရက်အတွင်း ဂရန်အင်း လေလံတင်ရောင်းချပြီးစီးကြောင်း တင်ပြစာ ပုံစံ(၅)တွင် ပြည့်စုံစွာ ရေးသွင်း၍ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့၊ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(ခ) အတည်ပြုချက်ရရှိပြီး (၁၅)ရက်အတွင်း အငှားဂရန် ပုံစံ(၆)ကို လေလံဆွဲဝယ်ယူခွင့် ရရှိသူအား ထုတ်ပေးရမည်။

၁၆။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းများကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက် ရယူ၍ ဂရန်အင်းတစ်ခုတည်းအနေဖြင့် တွဲအင်းအဖြစ် သတ်မှတ်၍ ရောင်းချနိုင်သည်၊

(ခ) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်း ဂရန်အင်းများကို (၃)ကြိမ်ထိ လေလံတင်ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေးမမီပါကလွန်ခဲ့သော (၅)နှစ်က ဈေးနှုန်းများ၊ မြေပြင်တွင်ဖြစ်ပေါ်နေသော အင်းအခြေအနေများ အပေါ် ကွင်းဆင်း လေ့လာစိစစ်သုံးသပ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ အကျိုးအကြောင်း ဖော်ပြလျက် တင်ပြအတည်ပြုချက်ရယူကာ ပြင်ဆင်သည့် ကြမ်းခင်းဈေးဖြင့် ရောင်းချနိုင်သည်၊

(ဂ) အထက်ပိုင်းရှိ ဂရန်အင်းကို လေလံတင်ရောင်းချ၍ မရပါက ဆက်စပ်မှုရှိသည့် အောက်အင်းဂရန်ကိုင်အား ဌာနမှ သတ်မှတ်သည့် သင့်တော်သော ဈေးနှုန်းဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်၊

(ဃ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍ မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ပေးနိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

အခန်း (၄)

နှစ်ရှည် အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို တိမ်ကောပျက်စီးမှုမှ ကာကွယ်ရန်နှင့် တစ်နှစ်ပတ်လုံး ရေတည်ရှိသော သို့မဟုတ် ရေနေရေထိုင် ကောင်းသော အင်းများတွင် ငါးထုတ်လုပ်မှု ရေရှည်ကောင်းမွန်စေရန် နှစ်ရှည်အငှား ဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘောရရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည်အငှားဂရန် လျှောက်ထားလာလျှင်ဖြစ်စေ သက်ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီး ကျိုးကြောင်းဖော်ပြလျက် အောက်ပါအချက်များနှင့် ကိုက်ညီပါက အမှတ်ပြုတည်ဆောက်၍ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်-

(၁) ဂရန်အင်းကို အမှန်တကယ်လုပ်ကိုင်သူဖြစ်ခြင်း၊

(၂) အမှန်တကယ်ပြုပြင်ရန် လိုအပ်သော အင်းဖြစ်ခြင်း၊

(၃) ငါးမျိုးချန်လုပ်ခြင်း၊ ငါးမျိုးစိုက်ထည့်မွေးမြူနိုင်သော အင်းဖြစ်ခြင်း၊

(၄) ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခဲ့သူဖြစ်ခြင်း၊

(၅) သင့်တင်မျှတသော အင်းဈေးနှုန်းဖြစ်ခြင်း။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၈။ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(ခ)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန် လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို စိစစ်ပြီး ဝန်ကြီးထံ တင်ပြရမည် -

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ခ) ငါးထုတ်လုပ်မှုတိုးတက်စေရန် ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း၊

(ဂ) ငါးသယံဇာတထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ဃ) လျှောက်ထားလာသော ဂရန်အင်း၏ အင်းခွန်နှုန်းထားမှာ သင့်တင်မျှတသော ဈေးနှုန်းဖြစ်ခြင်း။

၁၉။ နှစ်ရှည်အငှားဂရန်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍-

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နှစ်ရှည် အငှားဂရန်ကို ခွင့်ပြုလျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ ခွင့်ပြုချက်ရရှိပါက ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်အကြောင်းကြားရမည်၊

(ဂ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(ခ)အရ အကြောင်းကြားစာ ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ အခွန်ငွေများပေးသွင်း ရန် မြို့နယ်ဦးစီးမှူးထံ အကြောင်းကြား၍ အငှားဂရန် ပုံစံ(၆)ကို လျှောက်ထားသူအား ထုတ်ပေးရမည်၊

(ဃ) ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာနှစ်ရှည်အငှားဂရန် လျှောက် ထားခြင်းကို ငြင်းပယ်လျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ယင်းဂရန်အင်းကို သတ်မှတ်ရာသီချိန်အတွင်း ဝန်ကြီး၏ ခွင့်ပြု ချက်ဖြင့် လေလံစနစ်ဖြင့် ရောင်းချရမည်။

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် ချထားသည့်အခါ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအချက်များကို သတ်မှတ်ပေးရမည် -

(က) အငှားဂရန်ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ဂရန်အင်း မျိုးချန်၊ မျိုးစိုက် ရမည့် နည်းစနစ်၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ် တိုးမြှင့်ပေးရမည့် ဂရန်အင်းတန်ဖိုးငွေ၏ (၁၀)ရာခိုင်နှုန်း၊

(ဃ) လိုအပ်သော အခြားစည်းကမ်းချက်များ။

၂၁။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက ငါးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအချက် များကို သတ်မှတ်ပေးရမည်-

(က) ခွင့်ပြုသည့်လုပ်ငန်းအမျိုးအစား

(ခ) ကာလ

(ဂ) ပေးသွင်းရမည့်အခွန်အခ

(ဃ) လိုအပ်သောစည်းကမ်းချက်များ

အခန်း (၅)

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း

၂၂။ ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော မြို့နယ်အဆင့်ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ စိစစ်ရေးကော်မတီနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီ

(၁)	မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဥက္ကဋ္ဌ
(၂)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန	အဖွဲ့ဝင်
(၃)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီဌာန	အဖွဲ့ဝင်
(၄)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန	အဖွဲ့ဝင်
(၅)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန	အဖွဲ့ဝင်
(၆)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန	အဖွဲ့ဝင်
(၇)	မြို့နယ်ဦးစီးဌာနမှူး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန	အတွင်းရေးမှူး

(ခ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေး မြို့နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) ရပ်ရွာအတွင်း ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စိစစ်ကြီးကြပ်ရန်၊

(၂) ငါးမျိုးပြုန်းတီးမှုကို ကာကွယ် တားဆီးရန်နှင့် ဒေသ ငါးမျိုးစိတ်များ ထိန်းသိမ်းရန်၊

(၃) ရေချိုငါးလုပ်ငန်းရေပြင်များနှင့် ရေချို ငါးလုပ်ငန်းကို အထောက်အကူပြုသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(၄) ငါးလုပ်ငန်း လုပ်ကိုင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအကြား အငြင်းပွားမှုများ မဖြစ်ပေါ်စေရေး ကြီးကြပ်ရန်၊

(၅) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲရန်နှင့် အရေးယူ ဆောင်ရွက်ရန်။

၂၃။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီသည် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရန် ပုံစံ(၇)ဖြင့် တင်ပြလျှောက်ထားပါက အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီလျှင်အဖွဲ့၏ မှတ်ချက်နှင့်အတူ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးထံ ပုံစံ(၈)ဖြင့် တင်ပြရမည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့(၁)ဖွဲ့ကို အသက်(၁၈)နှစ်ပြည့်ပြီး အဖွဲ့ဝင်ဦးရေအနည်းဆုံး (၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်၊

(ခ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့် တင်ပြ လျှောက်ထားခြင်းအား ပထမအကြိမ် အင်းလေလံရောင်းချမည့်ရက်မတိုင်မီ (၁၅)ရက်ကြို့တင်၍ နောက်ဆုံးထား၍ လျှောက်ထားရမည်၊

(ဂ) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် ရေချိုငါးလုပ်ငန်းတို့ကို အမှန်တကယ် ဆောင်ရွက်နေသူဖြစ်ကြောင်း တင်ပြနိုင်ရမည်၊

(ဃ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်သည် ဂရန်အင်း၊ တင်ဒါ ငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်း ရေပြင်တည်ရှိရာ ကျေးရွာ

နယ်နိမိတ်အတွင်း နေထိုင်သူဖြစ်ကြောင်း အိမ်ထောင်စုစာရင်း တင်ပြနိုင်ရမည်၊

(င) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်အနေဖြင့် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင် တည်ရှိရာနေရာသည် ၎င်း၏ လယ်ယာမြေနှင့် ထိစပ်နေကြောင်း နိုင်မာသည့် အထောက်အထားတင်ပြနိုင်ရမည်၊

(စ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များထဲမှ စည်းမျဉ်းစည်းကမ်း နိုင်မာ၍ အမှန်တကယ် ညီညွတ်သော ဦးဆောင်ကော်မတီ တစ်ရပ် ဖွဲ့စည်းတင်ပြရမည်၊

(ဆ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အလိုက် ကိုယ်တိုင်လိုက်နာဆောင်ရွက်မည့် စည်းမျဉ်းစည်းကမ်းများကို အစုအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းနှင့်အညီ တင်ပြရမည်၊

(ဇ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အလိုက် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင် လုပ်ကိုင်ခွင့်လျှောက်ထားကြရာတွင် ဆောင်ရွက်မည့် အစီအစဉ်များ တင်ပြရမည်၊

(ဈ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ပိုင် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင် လုပ်ကိုင်ခွင့်ရရှိခဲ့ပါက ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းအစီအစဉ်များကို တင်ပြရမည်၊

(ည) အစုအဖွဲ့များအကြား လုပ်ပိုင်ခွင့်ရထားသော ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင်အတွင်း ဖမ်းဆီးမှုနှင့် စပ်လျဉ်း၍ ပဋိပက္ခဖြစ်ပေါ်လာပါက ငါးလုပ်ငန်းဦးစီးဌာနမှ အဆိုပါ ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်၊ ရေချိုငါးလုပ်ငန်းရေပြင် လုပ်ပိုင်ခွင့်အား ပြန်လည်သိမ်းယူခြင်းကို သဘောတူကြောင်း အစုအဖွဲ့အားလုံး၏ ခံဝန်ပါရှိရမည်။

၂၄။ ခရိုင်ဦးစီးဌာနမှူးသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေး မြို့နယ်ကော်မတီ၏ တင်ပြလာမှုအပေါ် စိစစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သက်ဆိုင်ရာ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့်ကို တိုင်းဒေသကြီး ဦးစီးဌာနမှူးထံမှ အတည်ပြု၍ မြို့နယ်ဦးစီးဌာနမှူးမှ ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့ ဖွဲ့စည်းခွင့် မှတ်ပုံတင်ပုံစံ(၉)ဖြင့် မှတ်ပုံတင်ပေးရမည်။

၂၅။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီက ကြီးကြပ်စစ်ဆေးရမည်။

၂၆။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်းအငြင်းပွားမှု ပေါ်ပေါက်လာပါက ကော်မတီကတာဝန်ယူ ဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အငြင်းပွားမှုပေါ်ပေါက်လာပါက ခရိုင်ဦးစီး ဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး မြို့နယ်ကော်မတီနှင့်အတူ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရမည်။

အခန်း (၆)
တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့်-

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ တင်ဒါငါးဖမ်းကွက် များကို ခရိုင်အလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချ ရမည်၊

(ခ) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချရာတွင် အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော တင်ဒါငါးဖမ်းကွက်များ အိတ်ဖွင့်တင်ဒါ လိုင်စင်ချထားခြင်း အဖွဲ့များကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်

ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

တင်ဒါငါးဖမ်းကွက်များအိတ်ဖွင့်တင်ဒါလိုင်စင်ချထားရေးအဖွဲ့

(၁)	သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး ငါးလုပ်ငန်းဦးစီးဌာန	ဥက္ကဋ္ဌ
(၂)	ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၃)	ခရိုင်ဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန	အဖွဲ့ဝင်
(၄)	ခရိုင်ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန	အဖွဲ့ဝင်
(၅)	ခရိုင်ဦးစီးဌာနမှူး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန	အဖွဲ့ဝင်
(၆)	တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူးမှ တာဝန်ပေးအပ်သူ အရာရှိ(၁)ဦး	အဖွဲ့ဝင်
(၇)	သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး ငါးလုပ်ငန်းဦးစီးဌာန	အတွင်းရေးမှူး

(ဂ) နည်းဥပဒေခွဲ(ခ)အရ ဖွဲ့စည်းသော တင်ဒါငါးဖမ်းကွက်များ အိတ်ဖွင့် တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်၊

(၁၁) တင်ဒါငါးဖမ်းကွက်များ အိတ်ဖွင့်တင်ဒါလိုင်စင်ချထားရာတွင် စနစ်တကျ ဖြစ်စေရေးနှင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွား

စေရေးအတွက် အိတ်ဖွင့်တင်ဒါလိုင်စင်ချထားခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ လိုအပ်သော အမိန့်ညွှန်ကြားချက်များကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၂၈။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို (၁)နှစ်ကာလအတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် အစီအစဉ်ရေးဆွဲပြီး ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူး တို့မှတစ်ဆင့် ဝန်ကြီးထံ တင်ပြ အတည်ပြုချက် ရယူရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း(၃၀) ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ(၁၀)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်၊

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်သတ်မှတ်လိုပါက တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက်ဧရိယာ သတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ၊ မရှိ တင်ဒါကြော်ငြာသည့် ရက်မတိုင်မီ ရက်ပေါင်း(၃၀) ကြိုတင် ကြေညာရမည်၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်များအပေါ်စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးတို့မှ တစ်ဆင့် ဝန်ကြီးထံ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(င) နည်းဥပဒေခွဲ(ဃ)အရ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီရက်ပေါင်း(၃၀) ကြိုတင်၍ တင်ဒါကြော်ငြာပုံစံ(၁၀)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

၂၉။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာပုံစံ(၁၁)တွင် ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၁၁) လက်ခံရရှိသည့်အခါ နည်းဥပဒေ ၈ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ဖော်ပြပါအတိုင်း ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် အကျိုးကြောင်း ဖော်ပြ၍ အမှုတွဲတွင် ရေးသွင်းပြီး ဆက်လက်တင်ပြရမည်၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြရမည်။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၃၀ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၁၂) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သော လျှောက်လွှာများကို တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ (၁၂) ထုတ်ပေးခြင်း မပြုရန် မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၃၂။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၉)ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ အနည်းဆုံး (၁)ရက်ကြိုတင်၍ ရုံးချိန်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၉။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာပုံစံ(၁၁)တွင် ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ ပုံစံ(၁၁) လက်ခံရရှိသည့်အခါ နည်းဥပဒေ ၈ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ဖော်ပြပါအတိုင်း ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် အကျိုးကြောင်း ဖော်ပြ၍ အမှတ်တွဲတွင် ရေးသွင်းပြီး ဆက်လက်တင်ပြရမည်၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ထောက်ခံတင်ပြရမည်။

၃၁။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၃၀ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ(၁၂) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်၊

(ခ) သတ်မှတ်ချက်များနှင့်မညီညွတ်သော လျှောက်လွှာများကို တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပုံစံ (၁၂) ထုတ်ပေးခြင်း မပြုရန် မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၃၂။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၉)ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ အနည်းဆုံး (၁)ရက်ကြိုတင်၍ ရုံးချိန်အတွင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့ တင်သွင်းသည့် တင်ဒါဈေးနှုန်း၊ ငွေပမာဏကို တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့တွင် မျက်နှာစုံညီစစ်ဆေးခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(ဃ) လုံလောက်သော အကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူ တစ်ဦးဦးကို သော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း၊ ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးမှူးထံ တင်ပြခြင်း၊

(င) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းသူများအမည်နှင့် ပေးထားသည့် ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပွင့်လင်းမြင်သာစေရန် ပြသခြင်း၊

(စ) တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက အမြင့်ဆုံးဈေးနှုန်း ပေးထားသူအား ကြမ်းခင်းဈေးပြည့်မီရန်အတွက် ဈေးနှုန်းတိုးမြှင့်တောင်းခံ တင်သွင်းစေခြင်း၊

(ဆ) တင်ဒါကြမ်းခင်းဈေးနှုန်းထက်ကျော်လွန်ပြီး တင်ဒါဈေးနှုန်း အများဆုံး ပေးသူအား တင်ဒါလိုင်စင်ချထားခြင်း၊

(ဇ) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တင်ဒါကြေးများကို ပေးသွင်းရာတွင် တင်ဒါချက်အတွက် ပေးသွင်းရန် လိုအပ်သော ငါးဖမ်းကိရိယာလိုင်စင်ခွန်အပါအဝင် ဌာနက

သတ်မှတ်ထားသော အခြားအခွန်အခများကို တစ်ပါတည်း ပေးသွင်းစေခြင်း၊

(ည) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကို ဘဏ်သို့နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက လိုအပ်လျှင် တင်ဒါကြေးကို သေတ္တာထဲတွင်ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး တင်ဒါလိုင်စင် ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးမှ လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားခြင်း၊ အစောဆုံး ဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဋ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား ၃ ကြိမ်ထိ အိတ်ဖွင့်တင်ဒါတင်သွင်းစေခြင်း၊

(ဌ) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း ၃ ကြိမ်ထိထပ်မံတူညီနေပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဍ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထားသည့် တင်ဒါဈေးနှုန်းကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(ဎ) တင်ဒါဈေးနှုန်းမမီသည့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်းလျော့နည်းနေကြောင်းရေးသွင်း၍ တင်ဒါလိုင်စင် ချထားရေး အဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၃၇။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်းလုပ်ငန်းပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်း

ပြီးစီးကြောင်း တင်ပြစာပုံစံ(၁၄)တွင် ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီး ဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(ခ) အတည်ပြုချက်ရရှိပါက (၇)ရက်အတွင်း တင်ဒါလိုင်စင်ပုံစံ(၁၅)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၃၈။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ၃ကြိမ်ထိ တင်ဒါရောင်းချသော်လည်း သတ်မှတ်တင်ဒါ ကြမ်းခင်းဈေးမမီပါက လွန်ခဲ့သော (၅)နှစ်က ဈေးနှုန်းများ၊ မြေပြင်တွင် ဖြစ်ပေါ်နေသော တင်ဒါချက်အခြေအနေများအပေါ်ကွင်းဆင်းလေ့လာစိစစ်သုံးသပ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြအတည်ပြုချက်ရယူကာ ပြင်ဆင်သည့် ကြမ်းခင်းဈေးဖြင့် တင်ဒါလိုင်စင်ချထားရမည်၊

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်နိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

အခန်း (၇)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကြေညာသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ဝါခေါင်လဆန်း(၁)ရက်နေ့ မတိုင်မီ ကြော်ငြာစာထုတ်ရမည်။

၄၀။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင်ရရှိရန် နည်းဥပဒေ ၄၉ အရ သတ်မှတ်သည့်ရက်အတွင်း ငါးဖမ်းကိရိယာလိုင်စင် လျှောက်လွှာပုံစံ(၁၆)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ကြော်ငြာစာတွင်ဖော်ပြထားသည့် သတ်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက်ထားသူများစာရင်းကို ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူများစာရင်း ပုံစံ(၁၇)ဖြင့် ပြုစုရမည်၊

(ခ) ပုံစံ(၁၇)စာရင်းတွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင် လိုသူများပါဝင်ခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား၊ အတိုင်းအတာမှန်၊ မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်း မရှိဘဲ လုပ်ကိုင်နေသူများ ရှိ၊ မရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၄၂။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ပုံစံ(၁၇)စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာ လိုင်စင်ခကို အပြေအကျေကောက်ခံပြီး ငါးဖမ်းကိရိယာ လိုင်စင် ပုံစံ(၁၈)ကို ထုတ်ပေးရမည်။

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများ၏ အမည်စာရင်းကို ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း ပုံစံ(၁၉)ဖြင့် လစဉ်ပြုစု၍ သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနများသို့ တင်ပြရမည်။

၄၃။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) နည်းဥပဒေ ၄၂ နည်းဥပဒေခွဲ(က)အရ ငါးဖမ်းကိရိယာလိုင်စင်ခ ကောက်ခံရာတွင် -

(၁) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်၊

(၂) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားနှင့်အကျုံးမဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံးတူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ် နှုန်းထား အတိုင်း ကောက်ခံရမည်၊

(၃) ငါးဖမ်းကိရိယာတစ်ခုသည် ဌာန၏ခွင့်ပြုချက်ဖြင့် နည်းမျိုးစုံ ပြောင်းလဲအသုံးပြုနိုင်ပါက အမြင့်ဆုံး ပေးဆောင်ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ ကောက်ခံရရှိသောငါးဖမ်းကိရိယာ လိုင်စင်ခများကို နေ့ချင်းပြီး မပေးသွင်းနိုင်ပါက အနီးဆုံးဘဏ်ဖွင့်ရက်တွင် သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၄၄။ ဦးစီးဌာနသည် ၅ဝိ/-၊ ၁ဝဝိ/-၊ ၂ဝဝိ/-၊ ၅ဝဝိ/-၊ ၁ဝဝဝိ/- စသည့် သတ်မှတ်ထားသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာလိုင်စင် ပုံစံ (၁၈) ကို အသုံးပြုရမည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ ၄၃(က)အရ လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခတန်ဖိုးငွေ ပြည့်မီအောင်လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်၊

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန် မလိုဘဲ ပူးတွဲဟု လိုင်စင်တန်ဖိုးကို ဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

၄၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးဖမ်းကိရိယာလိုင်စင်ပုံစံများကို အမျိုးအစားအလိုက် စာရင်းပြုစုပြီး မြို့နယ်ဦးစီးမှူးများအား ထုတ်ပေးရမည်။ စာရင်းမိတ္တူ တစ်စောင်ကို ခရိုင်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

၄၇။ မြို့နယ်ဦးစီးဌာနမှူးသည် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင် ပုံစံ(၂ဝ)ဖြင့် စနစ်တကျထိန်းသိမ်းထားရမည်၊

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှု မှတ်ပုံတင်ပုံစံ(၂၁)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

၄၈။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း ပုံစံ(၂၂)ကိုပြုစု၍ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနသို့ လစဉ်တင်ပြရမည်။

၄၉။ ခရိုင်ဦးစီးဌာနမှူးသည် -

(က) ယခင်လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့် လချုပ်စာရင်းတွင် ဖော်ပြထားသော စာရင်းဖွင့် လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရမည်၊

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ ပေးပို့ထားသော လိုင်စင်ပုံစံများ ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရမည်၊

(ဂ) လိုင်စင်ခများဘဏ်သို့ ပေးသွင်းခြင်း ရှိ၊ မရှိ၊ တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးရှိ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရမည်၊

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ ပေးသွင်းပြီးသည့်ငွေကိုလည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်။

အခန်း (၈)
မိတ္တူလျှောက်ထားခြင်း

၅၀။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း မိတ္တူရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံ လျှောက်ထားလျှင်-

(က) သက်ဆိုင်ရာဦးစီးဌာနမှူးသည် လျှောက်လွှာကို လက်ခံ၍ စိစစ်ပြီး မှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ ၅၀၀၀ိ/-

(ငါးထောင်ကျပ်)ကိုလည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ ၃၀၀၀ိ/- (သုံးထောင်ကျပ်)ကိုလည်းကောင်း၊ ငါးဖမ်းကိရိယာလိုင်စင်အတွက် ဒဏ်ကြေးငွေ ၁၀၀၀ိ/-(တစ်ထောင်ကျပ်)ကိုလည်းကောင်း ပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကိုထုတ်ပေးရမည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်မိတ္တူရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်းကိုပြန်လည်တွေ့ရှိလျှင် မိတ္တူကို သက်ဆိုင်ရာဦးစီးမှူးထံ ပြန်လည်အပ်နှံရမည်။

အခန်း (၉)
ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၁။ ဝန်ကြီးသည် နည်းဥပဒေ ၁၆ နည်းဥပဒေခွဲ (ဃ)နှင့် နည်းဥပဒေ ၃၈ နည်းဥပဒေခွဲ(ခ)အရ ရောင်းချ၍ မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ်နိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တင်ပြလာသည့်ကိစ္စအား စိစစ်ပြီး ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သော ဈေးနှုန်းပြင်ဆင်သတ်မှတ်၍ ရောင်းချခြင်း သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ခြင်းတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူ၍ ပြုလုပ်နိုင်သည်။

၅၂။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၆၂ အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) မည်သည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်၊ လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်းဖြင့် အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်

ရရှိသူ၏ တာဝန်ဖြင့် ရေချိုငါးဖမ်းကွက်အား ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်၊ လိုင်စင်ကိုမဆို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြင့် အရေးယူဆောင်ရွက်သည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ထပ်မံအငှားချထားနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၅၃။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် ဥပဒေ ပုဒ်မ -၁၈ အရ ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ တိုင်းဒေသကြီး၏ အကျိုးငှာ လိုအပ်သော ငါးလုပ်ငန်းများကို အောက်ပါအတိုင်းသတ်မှတ်ပေးနိုင်သည် -

(က) အင်းခွန်ကင်းလွတ်ခွင့်ပြုသော သုတေသနလုပ်ငန်း

(ခ) တိုင်းဒေသကြီးအကျိုးငှာအင်းခွန်ကင်းလွတ်ခွင့်ပြုသောငါးလုပ်ငန်း အမျိုးအစား

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေနေသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်း

၅၄။ ဝန်ကြီးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅၅။ ဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးလုပ်ငန်းသုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်နှင့် အင်းငါးထုတ်လုပ်မှု တိုးတက်စေရန်တို့အတွက် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အရ အင်းဂရန်များမှ ရရှိအခွန်ငွေ၏ သင့်လျော်သော ရာခိုင်နှုန်းကို ငါးသားပေါက်နှင့် ဒေသတွင်း တိုင်းရင်းမျိုးငါးများဝယ်ယူရန် သတ်မှတ်ခွင့်ပြုနိုင်သည်။

အခန်း (၁၀)

တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ-၁၉ အရ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ၊ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ၊ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ၊ လိုင်စင်ပါစည်းကမ်းချက်များအား သတ်မှတ်ထုတ်ပြန်ပေးရမည်၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရန်အတွက် ဝန်ကြီးထံတင်ပြဆောင်ရွက်ရမည်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလ ကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်၊

(င) ရေချိုငါးလုပ်ငန်းရေပြင် အမျိုးအစားအဖြစ်မှ ပယ်ဖျက်ရာတွင် ပယ်ဖျက်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။

၅၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၅၅ အရ

အရေးယူသည့်ကိစ္စတွင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ခ) နည်းဥပဒေ ခွဲ(က)အရ ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရန် ပျက်ကွက်ပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ယာယီဆိုင်းငံ့ခြင်း၊

(ဃ) နည်းဥပဒေခွဲ(ခ)အရ ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံပေးဆောင်စေခြင်း၊

(င) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက ဒဏ်ကြေးပေးသွင်းခြင်းမပြုသည့်အပြင် အယူခံဝင်ရောက်ခြင်းလည်းမရှိပါက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊ သက်ဆိုင်ရာ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ၎င်း၏တာဝန်ဖြင့် ထပ်မံအငှားချထားခြင်း၊

(စ) ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက အယူခံဝင်ရောက်လျှင် အယူခံတွင်ချမှတ်သည့် အမိန့်အတိုင်း ဆောင်ရွက်ခြင်း။

၅၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများ မပျက်စီးမပြုန်းတီးစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၅၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤနည်းဥပဒေများအရ မိမိအား အပ်နှင်းထားသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၆၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၅၅ အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) တရားရုံးသို့ တရားစွဲဆိုသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ ဆိမ်းဆည်းရမိသော သက်သေခံပစ္စည်းများအား မည်ကဲ့သို့ စီမံထားသည်ကို စာရွက်စာတမ်း၊ ဓာတ်ပုံအထောက်အထားများဖြင့် ခရိုင်/မြို့နယ် ဦးစီးမှူးအား တင်ပြစေခြင်း၊

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို ခရိုင်ဦးစီးမှူး ဦးဆောင်သော လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်းပြီး အတည်ပြု သတ်မှတ်ထားသည့်ကြမ်းခင်းဈေးနှုန်းဖြင့် လေလံတင်ရောင်းချ

စေခြင်း၊ မီးရှို့ဖျက်ဆီးစေခြင်း၊

(ဂ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ ပေးသွင်းစေခြင်း။

၆၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ တစ်ဦးဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၅၅ အရ အရေးယူသည့်ကိစ္စတွင် သတ်မှတ်ဒဏ်ကြေးငွေအား ဝန်ကြီး၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၆၂။ တိုင်ဒေသကြီးဦးစီးဌာနမှူးသည် ရောင်းချ၍မရနိုင်သော ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်ကို ပိတ်သိမ်းခွင့်ပြုရန်၊ လိုအပ်သော ညွှန်ကြားချက်များ ချမှတ်နိုင်ရန်အတွက် တင်ပြလာသည့်ကိစ္စတွင် အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ပြီး တင်ပြသည့် ငါးဖမ်းရာသီအတွက် ပိတ်သိမ်းခွင့်ပြုခြင်း၊ ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ သင့်လျော်သော ဈေးနှုန်းပြင်ဆင်သတ်မှတ်၍ ရောင်းချခြင်း သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များ ချမှတ်ခြင်းတို့ကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြုလုပ်နိုင်သည် -

(က) ရာသီဥတုအခြေအနေ၊

(ခ) ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အခြေအနေ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ရန်ကျန်ရှိသည့် ကာလ၊

(ဃ) လွန်ခဲ့သော ၅ နှစ်ဈေးနှုန်း၊ ပျမ်းမျှဈေးနှုန်း၊ ယခင်နှစ်ဈေးနှုန်း၊ ယခုနှစ်ဈေးနှုန်း။

၆၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဦးစီးဌာန၏ ဘဏ္ဍာငွေအရ အသုံးစာရင်းတွင် ထည့်သွင်းတောင်းခံရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) သဘာဝရေပြင်သို့ ငါးသယံဇာတ တိုးပွားရေးအတွက် ငါးမျိုး စိုက်ထည့်ခြင်း၊

(ခ) ရေနေသယံဇာတထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကွင်းဆင်း စစ်ဆေးခြင်း၊ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ပညာပေးကြော်ငြာပိုစတာများ ပြုလုပ်ခြင်း၊

(ဂ) သားငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သုတေသန ဆောင်ရွက်ခြင်း၊

(ဃ) ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း၊

(င) ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ခြင်း။

၆၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းစခန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးလုပ်ငန်းသုတေသနလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်နှင့် အင်းငါးထုတ်လုပ်မှုတိုးတက်စေရန်တို့အတွက် အင်းဂရန် များမှရရှိအခွန်ငွေ၏ သင့်လျော်သော ရာခိုင်နှုန်းကို ငါးသားပေါက်နှင့် ဒေသတွင်း တိုင်းရင်းမျိုးငါးများ ဝယ်ယူရန် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၆၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၂၇ အရ ဝန်ကြီး၏ သဘော တူညီချက်ဖြင့် အောက်ဖော်ပြပါအချက်များကြောင့် (၅)နှစ်ဆက်တိုက် တင်ဒါ ရောင်းချ၍ မရသော တင်ဒါချက်များကို တင်ဒါချက်စာရင်းမှ ပယ်ဖျက်၍ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် သို့မဟုတ် ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ် နိုင်သည် -

(က) တင်ဒါချက်နေရာ ပျက်စီးခြင်း၊

(ခ) ရေစီးရေလာပြောင်းလဲမှုကြောင့် ငါးအထိအမိနည်းပါးခြင်း၊

(ဂ) ပတ်ဝန်းကျင်လယ်သမားများ၊ ရေလုပ်သားများနှင့် ပြဿနာ ဖြစ်ပွားခြင်း၊

(ဃ) (၅)နှစ်ဆက်တိုက် ဆွဲဝယ်လုပ်ကိုင်သူမရှိခြင်း။

၆၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သက်ဆိုင်ရာ မြို့နယ်/ ခရိုင်ဦးစီးဌာနမှူး တို့က ဥပဒေပုဒ်မ ၁၉ အရ ရက်တိုးငါးဖမ်းခွင့် တင်ပြမှုအပေါ်စိစစ်၍ ငါးရစ်ငါးသန် တားမြစ်ကာလ မပတိုင်မီအတွင်း တစ်ကြိမ်လျှင်(၁၅)ရက်ထက်မပိုသော ကာလ အတွက် ဂရန်အင်း၏ ငါးဖမ်းဆီးရက်အား တိုးမြှင့်ခွင့်ပြုပေးနိုင်သည်။

အခန်း (၁၁)
အငှားဂရန်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များ

၆၇။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဂရန်အင်းငါးဖမ်းခွင့်ကုန်ဆုံးသောရက်ဖြစ်သည့် တပေါင်းလပြည့် နေ့အထိ သို့မဟုတ် တန်ခူးလပြည့်နေ့အထိ အင်းလုပ်ငန်းများ ပြီးဆုံးခြင်းမရှိပါကငါးလုပ်ငန်းဦးစီးဌာနသို့ နိုင်လုံသော အကြောင်း ပြချက်ဖြင့် ဂရန်အင်း၏ ငါးဖမ်းဆီးရက်တိုးမြှင့်ပေးရန် တင်ပြ လျှောက်ထားခြင်း၊

(ခ) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် တန်းခူးလပြည့်ကျော် (၁)ရက်နေ့မတိုင်မီ သစ်ပင်များကို မထိခိုက် စေဘဲ ရှင်းလင်းခြင်း၊

(ဂ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာ ဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်းမပြုရ -

(၁) ပိုက်ကွက်ကြိုး တစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခု နှင့် တစ်ခုအကြား (၃/၄)လက်မအောက်လျော့သည့် ပိုက် များကို အသုံးပြုခြင်း၊

(၂) လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းဆီးခြင်း၊ အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြား ပစ္စည်းများအသုံးပြု၍ ငါးဖမ်းခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြား ချက်များကို လိုက်နာခြင်း။

၆၈။ အငှားဂရန်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငှားဂရန်ရရှိသူ ကွယ်လွန်ခြင်းနှင့် ပြစ်မှုတစ်ခုခုကျူးလွန်၍ ထောင်ဒဏ်ကျခံနေရပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင် မည့် အမွေစားအမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘော တူညီချက်ရရှိသူက ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက် လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ခ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကို အသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိဂရန်အင်းနှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန် အင်းနှစ်ခုအကြား အမြဲတမ်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်း များချထားခြင်းကို ငါးလုပ်ငန်းဦးစီးဌာန၏ အထူးခွင့်ပြုချက်မရှိ လျှင် မချရခြင်း၊

(ဂ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ဤနည်းဥပဒေများတွင် သီးခြားပြဋ္ဌာန်း ထားခြင်းမရှိလျှင် ဂရန်အင်းကို လွန်ခဲ့သော (၅)နှစ်ဆက်တိုက် လုပ်ကိုင်ခဲ့သော ဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်နိုင်ခြင်း။

(ဃ) နိုင်ငံတော်၏ အကျိုးငှာလိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း။

၆၉။ အင်းလုပ်ကိုင်သူသည် အောက်ဖော်ပြပါအချက်များကြောင့် ငါးဖမ်းဆီးချိန် မလုံလောက်ပါက သက်ဆိုင်ရာမြို့နယ်/ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြလျှောက်ထားနိုင်သည် -

(က) ငါးမျိုးချန်လုပ်ခြင်း၊ ယင်းတား သို့မဟုတ် ပိုက်လှောင်အိမ်ဖြင့် ငါး မွေးမြူထားခြင်း၊

(ခ) အင်းအတွင်းနှင့် အင်းပတ်ဝန်းကျင်တွင် စိုက်ပျိုးနေသော သီးနှံ များ၏ အောင်ရေအတွက် စောင့်ဆိုင်းပေးရခြင်း၊

(ဂ) စိုက်ပျိုးရေးအတွက် ပေးဝေသည့်ဆည်ရေလွှတ်ချိန်နှင့် တိုက်ဆိုင် နေ၍ ငါးဖမ်းဆီးချိန်မလုံလောက်ခြင်း၊

(ဃ) ရာသီဥတုအခြေအနေအရ သဘာဝရေကြီးရေလျှံမှုကြောင့် ငါး ဖမ်းဆီးချိန် မလုံလောက်ခြင်း။

အခန်း (၁၂)

တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၇၀။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အခိုင်အမာ အတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေးစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက် ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက် မဖြစ်စေရန် ရေ

ကြောင်း လမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသား များဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း၊ ရေကြောင်းလမ်းဖြင့် အချက်ပြထားခြင်း၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၇၁။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတော်၏ အကျိုးငှာလိုအပ်၍ တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစား အမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အကယ်၍ [illegible]ဦးထက်ပို၍ လျှောက်ထားလာလျှင် ခရိုင်ဦးစီး[illegible]က စိစစ်ပြီး ၎င်း၏ ခွင့်ပြုချက်နှင့်အညီ [illegible]ဆက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) မိမိ[illegible]ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရှိခြင်း။

အခန်း (၁၃)
ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၇၂။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

အခန်း (၁၄)
ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၇၃။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် ဥပဒေပုဒ်မ ၄၂ အရ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့ သို့မဟုတ် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြ၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည်-

၇၆။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာများကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၇၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ ၇၆ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်၍ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ ဆက်လက် တင်ပြရမည်။

၇၈။ ဝန်ကြီးသည် နည်းဥပဒေ ၇၇ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြန်အမ်းငွေကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၇၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပြန်အမ်းငွေကိုထုတ်ပေးရန် ဝန်ကြီး၏ ခွင့်ပြုချက် ရရှိသည့်အခါ သတ်မှတ်ထားသော ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

အခန်း (၁၅)
ကြွေးကျန်များ ကောက်ခံခြင်း

၈၀။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာနှင့်စပ်လျဉ်း၍ အကြောင်းတစ်စုံတစ်ရာကြောင့် ငွေပေးသွင်းရန် ပျက်ကွက်မှုရှိပါက အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးငွေတို့ကို သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်စေရန် အကြောင်းကြားခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဥပဒေနှင့်အညီ ဝရမ်းကပ်သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့်အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဥပဒေနှင့်အညီ ထပ်မံဝရမ်းကပ် သိမ်းဆည်းရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကိုပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့်အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် အာမခံတင်သွင်းထားသူ၏ ပစ္စည်းရှိပါက ၎င်းပစ္စည်းကိုရောင်းချခြင်း၊ ပိုငွေရှိလျှင် အာမခံတင်သွင်းထားသူအား ပြန်လည်ပေးအပ်ခြင်း။

၈၁။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူထံအကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည် -

(က) ပျက်ကွက်သူသို့ ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့်အတူတကွနေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူ တစ်ဦးဦးသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါ နည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် ပေးအပ်၍ မရပါက ပျက်ကွက်သူနေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာ ကပ်ထားခြင်း။

၈၂။ အကြောင်းကြားစာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) ပျက်ကွက်သူ ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူ ပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူ နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူ့ထံ ပေးဆောင်ရမည့်အကြောင်း ဖော်ပြချက်။

၈၃။ ခရိုင်ဦးစီးဌာနမှူးသည် ပျက်ကွက်သူအပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို အိတ်ဖွင့်လေလံ တင်ရောင်းချရာတွင် -

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး(၁၅)ရက် ကြိုတင်၍ အိတ်ဖွင့်လေလံကြော်ငြာစာဖြင့် ကြော်ငြာရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ အိတ်ဖွင့်လေလံကြော်ငြာစာ၌ ရောင်းချမည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည် စသည့်အချက်များနှင့်တကွ လေလံတင် ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြရမည်၊

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင်လည်း လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချနိုင်သည်၊

(ဃ) လေလံဆွဲဝယ်မည့်သူမရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ ကြွေးကျန်ငွေနှင့် ကုန်ကျစရိတ်အောက် လျော့နည်းလျှင်ဖြစ်စေ၊ လေလံပွဲကို ရွှေ့ဆိုင်း၍ ထပ်မံလေလံတင်ရောင်းချရမည်၊

(င) ပစ္စည်းလေလံရောင်းရငွေမှ ရရန်ရှိသောငွေနှင့် ကုန်ကျစရိတ်ကို နုတ်ယူ၍ ဘဏ္ဍာသို့ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည်ပေးအပ်ရမည်၊

(စ) ကြွေးကျန်ငွေများ ကောက်ယူရာတွင် မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ယူရမည်။

အခန်း (၁၆)

ရေချိုငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေနေသယံဇာတထိန်းသိမ်းခြင်း

၈၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၁၉ အရ ရေနေသယံဇာတထိန်းသိမ်းရေး၊ ရေချိုငါးလုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဘဏ္ဍာငွေအရ၊ အသုံးစာရင်းတွင် ထည့်သွင်းတောင်းခံ၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) နှစ်စဉ်ဆောင်ရွက်ရမည်ဖြစ်သော လုပ်ငန်းများကို ဝန်ကြီးထံတင်ပြဆောင်ရွက်ခြင်း၊

(ခ) သုတေသနလုပ်ငန်းတွင် သုံးစွဲမည့် ငွေကြေးပမာဏကို ဝန်ကြီးက သတ်မှတ်ခွင့်ပြုပေးခြင်း၊

(ဂ) သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များသို့ အကူအညီ တောင်းခံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) သုတေသနလုပ်ငန်းများမှ ရရှိသော မှတ်တမ်းများကို ဝန်ကြီးထံတင်ပြအစီရင်ခံခြင်းနှင့် စနစ်တကျထိန်းသိမ်းထားရှိခြင်း၊

(င) ရေရှည်တွင် နိုင်ငံတကာရေချိုငါးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခြင်း။

(စ) အင်း၊ သဘာဝရေပြင်အား ရေနေသယံဇာတထိန်းသိမ်းရန်အလို့ငှာ ကွင်းဆင်းစစ်ဆေး၍ တိုင်းဒေသကြီးအစိုးရထံ ခွင့်ပြုချက်ရယူကာ သုတေသနရေချို ရေပြင် သို့မဟုတ် တားမြစ်ဇရိယာရေပြင်အဖြစ် သတ်မှတ်ခြင်း၊

(ဆ) မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် ငါးမျိုးစိတ်များကို စိစစ်ရွေးချယ်သတ်မှတ်ခြင်း၊ ငါးမျိုးသုဉ်း ပျောက်ကွယ်နိုင်သည့် ငါးဖမ်းဇရိယာများအား သတ်မှတ်တားမြစ်ခြင်း။

၈၅။ ရေချိုငါးလုပ်ငန်း ရေပြင်နယ်နိမိတ်အတွင်း ရေနေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် ဥပဒေပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရမည်။

၈၆။ အင်းနယ်နိမိတ်အတွင်း ငါးနေငါးထိုင်တောဖြစ်သော သစ်ပင်ချုံနွယ်များအား အင်းမပျက်စီးစေရန်နှင့် ငါးနေငါးထိုင်ကွင်းများ ကောင်းမွန်စေရန်အတွက် ဥပဒေပုဒ်မ ၂၄(ခ)အရ နှစ်ရှည်ကြေးတိုင်လုပ်ကိုင်ခွင့်ရရှိသော အင်းဂရန်ကိုင်မှ စိုက်ပျိုးထိန်းသိမ်းရမည်။

၈၇။ ရေချိုငါးလုပ်ငန်းရေပြင်ရှိ ရေစီးရေလာလမ်းကြောင်းများတွင် နိုင်ငံတော်က ဆည်၊ ရေထိန်းတမံ၊ ရေတံခါး၊ ရေအားလျှပ်စစ်ထုတ်ယူရန် အတားအဆီးပြုလုပ်ရန်

လိုအပ်ပါက ရေနေသယံဇာတများ ပြုန်းတီးမှုမရှိစေရန်၊ ငါးတက်ငါးဆင်း လမ်းကြောင်းများတွင် နိုင်ငံတော်က ဆည်၊ ရေထိန်းတမံ၊ ရေတံခါး၊ ရေအားလျှပ်စစ် ထုတ်ယူရန် အတားအဆီးပြုလုပ်ရန် လိုအပ်ပါက ရေနေသယံဇာတများ ပြုန်းတီးမှု မရှိစေရန် ငါးတက်ငါးဆင်းလမ်းကြောင်းများ (Fish Passage/ Fish Ladder) ထည့်သွင်းတည်ဆောက်ရန် ဝန်ကြီးထံ တင်ပြရမည်။

အခန်း (၁၇)
ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းရောင်းချခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရေလုပ်သားမှတ်ပုံတင်ကတ်များလျှောက်ထားခြင်း

၈၈။ ငါးလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ဤဥပဒေအရ အပြစ်ပေးခံရဘူးသူ သို့မဟုတ် အမည်ပျက် စာရင်းသွင်းခံရသူမဟုတ်လျှင် ရေထွက်ပစ္စည်းဝယ်ယူ စုဆောင်း ရောင်းချခွင့်လိုင်စင်နှင့် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရမည်။

၈၉။ ငါးလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ဤဥပဒေအရ အပြစ်ပေးခံရဘူးသူ သို့မဟုတ် အမည်ပျက်စာရင်း တင်သွင်းခံရသူမဟုတ်လျှင် သတ်မှတ်ထားသော အခွန်အခ မှတ်ပုံတင်ကြေးပေးသွင်း၍ ရေလုပ်သားမှတ်ပုံတင်ကတ် လျှောက်ထားရမည်။

၉၀။ မြို့နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၈၈ နှင့် ၈၉ တို့အရ လျှောက်ထားသည့်အခါ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စိစစ်၍ ခရိုင်ဦးစီးဌာနမှူးမှ တစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၉၁။ မြို့နယ်ဦးစီးဌာနမှူးသည် ရေလုပ်သားမှတ်ပုံတင်ကတ်လျှောက်ထားခြင်း၊ ယုပယ်ပေးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရေလုပ်သား မှတ်ပုံတင်လျှောက်လွှာအား သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊

(ခ) သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရေလုပ်သားမှတ်ပုံတင်ကတ်အတွက် သတ်မှတ်နှုန်းထားနှင့်အညီ အခွန်အခများ ပေးသွင်းစေခြင်း၊

(ဂ) ရေလုပ်သားမှတ်ပုံတင်ကတ် ပုံစံ(၂၃)ကို ထုတ်ပေးခြင်း၊

(ဃ) ရေလုပ်သား မှတ်ပုံတင်စာရင်းကို လစဉ်ပြုစုရေးဆွဲထားရှိပြီး လချုပ်များကို ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း။

အခန်း (၁၈)

အထွေထွေ

၉၂။ ရေထွက်ပစ္စည်းဝယ်ယူစုဆောင်းသူများသည် စီးပွားရေးအလို့ငှာ ရေထွက်ပစ္စည်းများကို နယ်ကျော်သယ်ယူလိုပါက သက်ဆိုင်ရာ ဥပဒေများနှင့်အညီ တရားဝင် သယ်ဆောင်ခွင့် မြှောစာပုံစံ(၂၄)ရရှိပြီးမှသာ သယ်ဆောင်ရမည်။

၉၃။ ဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖေါက်ဖျက်ကျူးလွန်သောကိစ္စတွင် အကျုံးဝင်သော ယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်းများကို သက်သေများရှေ့မှောက်တွင် ရှာဖွေဖမ်းဆီးသည့်ပုံစံ(၂၅)ဖြင့် သိမ်းဆည်းရမည်။

၉၄။ ဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်း၏ နယ်မြေအတွင်းကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောထားမှတ်ချက် ရယူရမည်၊

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၉၅။ ဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းနယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြုစုရေးဆွဲထားရှိရမည်။

၉၆။ ဦးစီးဌာနသည် နှစ်စဉ်ငါးလုပ်ငန်းရာသီ ကုန်ဆုံးသည့်အခါ အောက်ပါအချက်များပါဝင်သော အစီရင်ခံစာ တစ်စောင်ကို ရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးထံ တင်ပြရမည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှားချထားမှု အခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေအနေ၊

(ဂ) ဥပဒေအရ အရေးယူဆောင်ရွက်မှု အခြေအနေ၊

(ဃ) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှုအခြေအနေ၊

(င) ဂရန်အင်းနယ်နိမိတ်များသတ်မှတ်ဖော်ထုတ်မှု အခြေအနေ။

၉၇။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူများအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်းပညာပေးစာအုပ်စာတမ်းများဖြန့်ဝေခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သုတေသန စာတမ်းများ ဖတ်ကြားခြင်းတို့ကို အခါ အား လျော်စွာ ဆောင်ရွက်ရမည်။

၉၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဥပဒေပုဒ်မ ၆၂ အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်လျှင်ဖြစ်စေ၊ ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ(ခ)အရ ဝန်ကြီးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင် ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ယင်းသို့ပယ်ဖျက်သည့် နေ့ သို့မဟုတ် အမိန့်စာလက်ခံရရှိသည့် နေ့မှစ၍ လုပ်ငန်းကို ရပ်ဆိုင်းပြီး မြို့နယ်ဦးစီးဌာနမှူးထံ အငှားဂရန် သို့မဟုတ် တင်ဒါ လိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုထားသည့် နေရာဒေသ မှ (၁၅)ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ(က)အရ ဆောင် ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက် ကို ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူရမည်။

(ဂ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီးက တင်ဒါလိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရလျှင် ငါးဖမ်းရာသီအတွက် တင်ဒါငါးဖမ်းကွက်ကို ပြန်လည်ချိတ်ပိတ် တင်ဒါချထားရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ယင်း နစ်နာဆုံးရှုံးမှုမှန်သမျှကို ပေးလျော်ရန် တာဝန်ရှိခြင်း။

၉၉။ ဦးစီးဌာနသည် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာ တွင် -

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာ ဖော်ပြရမည်၊

(ခ) အစိုးရဌာနအဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအပိုင်းဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာနနှင့်ညှိနှိုင်း၍နယ်နိမိတ်ကိုသတ်မှတ်ဖော်ပြရမည်၊

(ဂ) နည်းဥပဒေခွဲ (က) သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ထားခြင်း မရှိလျှင် ယခင်ကလုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် ဓလေ့ ထုံးစံနယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၁၀၀။ တစ်ပိုင်တစ်နိုင် ရှာဖွေစားသောက်ရန် အခွန်ကင်းလွတ်ခွင့်ပြုထားသော ငါးဖမ်းကိရိယာအမျိုးအစားများကို ပူးတွဲ(က)ဖြင့် သတ်မှတ်ရမည်။

၁၀၁။ အင်းနယ်နိမိတ်များကို တိုင်းတာရာတွင် သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် လက်မှတ်ရကျွမ်းကျင်သူများနှင့် ဆောင်ရွက်ရန် လိုအပ်သောကုန်ကျစရိတ်များကို ကျခံရန် ဝန်ကြီးသည်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံခြင်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီရယူ၍ ဆောင်ရွက်နိုင်သည်။

၁၀၂။ အင်းနယ်နိမိတ်အတွင်း ရေစီးရေလာပြောင်းလဲမှုကြောင့် ငါးဖမ်းကိရိယာ၊ အင်းစည်းကမ်း၊ အင်းနယ်နိမိတ်တို့ကိုလည်း လိုအပ်ပါက ခေတ်အခြေအနေနှင့်အညီ ပြုပြင်ပြောင်းလဲသတ်မှတ်ပေးရမည်။

၁၀၃။ သုတေသနလုပ်ငန်းပြုလုပ်ရန်အလို့ငှာ ဂရန်အင်းအား ဝန်ကြီး၏ ခွင့်ပြုချက်ရယူ၍ နှစ်ကာလ အပိုင်းအခြားသတ်မှတ်ကာ သုတေသနအင်းအဖြစ် ဆောင်ရွက်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်စန်း
ဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
ထားဝယ်မြို့

ပုံစံ (၁)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

__________ မြို့

အင်းလေလံကြော်ငြာ

[နည်းဥပဒေများအပိုဒ်– ၆ (ဂ)]

စာအမှတ်၊__________

ရက်စွဲ ၊__________

အများသိစေရန် ကြော်ငြာလိုက်သည်။

________ မြို့နယ်အတွင်းသို့ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ၂၀ -၂၀ ခုနှစ်၊ ၁၃ - ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် လုပ်ငန်းအား ထင်သာမြင်သာဖြစ်စေရေး သက်ဆိုင်ရာ မြို့နယ်အတွင်းမှ ဒေသခံများသာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာမြို့နယ်အတွင်းမှ ဒေသခံမည်သူမဆို လေလံဆွဲဝယ်ယူလိုပါက ________ မြို့နယ်အတွင်းရှိ ဂရန်အင်းများကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း လေလံစည်းကမ်းချက်များနှင့်အညီ ရောင်းချသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည် -

<u>အစီအစဉ်</u>

နေ့ရက် -

အချိန် -

နေရာ -

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

________ မြို့

<u>ဖြန့်ဝေခြင်း</u>

____

____

မိတ္တူကို -

____

____

ပုံစံ (၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေများအပိုဒ် – ၇)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

______________ မြို့။

ရက်စွဲ၊

အကြောင်းအရာ ။ ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း။

ကျွန်တော်/ ကျွန်မ ဦး/ ဒေါ် ______________ သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ အဘအမည် ၊

၄။ နေရပ် ၊

၅။ အလုပ်အကိုင် ၊

(ယခင်နှစ်က အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည် ၊

၇။ လေလံတင်ရောင်းချမည့်ရက် ၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့် အချက်များမှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

______________ ရပ်ကွက်/ ကျေးရွာအုပ်စု၊

______________ မြို့နယ်

ရက်စွဲ ၊

ပုံစံ (၃)

နိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
—————— မြို့

ဂရန်အင်းလေလံဝယ်ခွင့်လက်မှတ်

[နည်းဥပဒေများအပိုဒ် ၁၀]

အမှတ်စဉ် -   /

၁။ လေလံဆွဲဝယ်ဆွဲရရှိသူအမည် ၊
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊
၃။ အဘအမည် ၊
၄။ အလုပ်အကိုင် ၊
၅။ နေရပ် ၊
၆။ လေလံဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည် ၊
၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့ ၊

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ ၊

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
—————— မြို့နယ်

ရက်စွဲ ၊

ပုံစံ (၄)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
______________ မြို့

ဂရန်အင်းလေလံတင်ရောင်းချမှု အမှတ်တွဲအမှတ်စဉ်၊
[နည်းဥပဒေများအပိုဒ် ၁၄ (က)]

______________ ခုနှစ်

လေလံတင်ရောင်းချမည့် အင်းအမည် -

ဂရန်အင်း၏ တည်ရှိနေရာ -

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ -

လေလံတင်ရောင်းချသည့်နေရာ -

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့် အင်းခွန်

နှစ်	အငှားဂရန်ရရှိသူ	အခွန်ငွေ

ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး
လေလံဆွဲဝယ်ကြသူများ

စဉ်	လေလံဆွဲဝယ်ခွင့်ရရှိသူအမည်/ နိုင်ငံသားကတ်အမှတ်	ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်းဖြင့်)	(စာဖြင့်)

ယခုသတ်မှတ်သည့်အင်းခွန် -

အငှားဂရန်ရရှိသူအမည် -

မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

ရုံးတံဆိပ်

ပုံစံ (၅)

ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ

[နည်းဥပဒေများအပိုဒ် ၁၅ (က)]

__________ ခုနှစ်

တနင်္သာရီတိုင်းဒေသကြီး

__________ ခရိုင်၊ __________ မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ ၊

ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင် ပါဝင်သူများ ၊

စဉ်	ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ	(၅)နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်လေလံဈေး	မှတ်ချက်

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

ရက်စွဲ ၊

ပုံစံ (၆)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
______________ ခရိုင်၊ ______________ မြို့

အငှားဂရန်

[နည်းဥပဒေများအပိုဒ် ၁၅ (ခ)]

ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ______________ ရက်စွဲပါ စာအမှတ်၊ ______________________________ ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ အငှားဂရန်ကို ပူးတွဲပါစည်းကမ်းချက်များ နှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ နေရပ်လိပ်စာ ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အင်းအမည်နှင့် မြို့နယ် ၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား ၊

၇။ အင်းခွန် ____________ ကို ____________ မြို့၊ မြန်မာ့စီးပွားရေးဘဏ်၌ (   )ရက်စွဲပါ ချလံအမှတ်(   )အရ ငွေပြေပေးသွင်းပြီး ဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
____________ မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ (၇)

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းပုံတင်ခွင့်လျှောက်လွှာ

[နည်းဥပဒေများအပိုဒ် ၂၃]

သို့

ဥက္ကဋ္ဌ

ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စိစစ်ရေးမြို့နယ်ကော်မတီ

__________ မြို့။

ရက်စွဲ၊

အကြောင်းအရာ။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုပါရန်တင်ပြခြင်း

အထက်ပါကိစ္စနှင့်ပတ်သက်၍ ________ မြို့နယ်၊ ________ ကျေးရွာအုပ်စု၊ ________ ကျေးရွာရှိ ဒေသခံရေလုပ်သားများစုဖွဲ့၍ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လိုပါသဖြင့် ________ ဦးဆောင်သော ပူးတွဲဖော်ပြပါ အဖွဲ့ဝင် (   )ဦးဖြင့် ဖွဲ့စည်းခွင့်ပြုပါရန်နှင့် အဆိုပါအစုအဖွဲ့အား အတည်ပြုချက်ရရှိပါက မှတ်ပုံတင်ခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်

________ ကျေးရွာ

________ ကျေးရွာအုပ်စု

________ မြို့နယ်

မိတ္တူ

လက်ခံ။

__________မြို့နယ်ရှိ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့မှ အင်း/တင်ဒါလုပ်ကိုင်ခွင့်လျှောက်ထားသည့် အပေါ် စစ်ဆေးတွေ့ရှိချက်

(နည်းဥပဒေများအပိုဒ် ၂၃)

စဉ်	အစုအဖွဲ့အမည်	ကော်မတီဥက္ကဋ္ဌ အဖွဲ့ခေါင်းဆောင်	အဖွဲ့ဝင်ဦးရေ	လျှောက်ထားသည့် အင်း/ တင်ဒါချက်အမည်	တည်ရှိရာဒေသ	အိမ်ထောင်စု		ပုံစံ(၇)		မှတ်ချက်
						ပါ	မပါ	ပါ	မပါ	

__________မြို့နယ်ရှိ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များမှ အင်း/တင်ဒါ လုပ်ကိုင်ခွင့်လျှောက်ထားသည့်အပေါ် စစ်ဆေးတွေ့ရှိချက်

____

____

____

____

____

အဖွဲ့ဝင်	အဖွဲ့ဝင်	အဖွဲ့ဝင်	ဥက္ကဋ္ဌ	အဖွဲ့ဝင်	အဖွဲ့ဝင်	အတွင်းရေးမှူး
စိုက်ပျိုးရေး	မွေး/ကု	ကျေးလက်	ထွေ/အုပ်	လယ်/စီ/အင်း	ဆည်မြောင်း	ငါးလုပ်ငန်း

ပုံစံ (၉)

ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့်မှတ်ပုံတင်ပုံစံ

[နည်းဥပဒေများအပိုဒ် ၂၄]

စဉ်	အစုအဖွဲ့ အမည်	(၅)ဦး သို့မဟုတ် (၇)ဦး ဦးဆောင် ကော်မတီစာရင်း			အဖွဲ့ဝင်များစာရင်း			မှတ်ပုံတင် သည့်ရက်စွဲ	မှတ်ချက်
		အမည်	အဘ အမည်	နိုင်ငံသား ကတ်အမှတ်	အမည်	အဘ အမည်	နိုင်ငံသား ကတ်အမှတ်		

မြို့နယ်ဦးစီးဌာနမှူး
ငါးလုပ်ငန်းဦးစီးဌာန
____________ မြို့

ပုံစံ (၁၀)

နိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

__________ မြို့

အိတ်ဖွင့်တင်ဒါကြော်ငြာ

[နည်းဥပဒေများအပိုဒ်- ၂၈ (ခ)]

စာအမှတ်၊ __________

ရက်စွဲ ၊ __________

အများသိစေရန် ကြော်ငြာလိုက်သည်။

• ______ မြို့နယ်အတွင်းသို့ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ၂၀ -၂၀ ခုနှစ်၊ ၁၃ - ခုနှစ်၊ ငါးလုပ်ငန်းရာသီအတွက် လုပ်ငန်းအား သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အိတ်ဖွင့်တင်ဒါရောင်းချမည်ဖြစ်ပါသဖြင့် မည်သူမဆိုတင်ဒါဝယ်ယူလိုပါက ______ မြို့နယ် အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း တင်ဒါစည်းကမ်းချက်နှင့်အညီ ကြော်ငြာလိုက်သည် -

<u>အစီအစဉ်</u>

နေ့ရက် -

အချိန် -

နေရာ -

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

______ မြို့

<u>ဖြန့်ဝေခြင်း</u>

____

____

မိတ္တူကို -

____

____

ပုံစံ (၁၁)

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေများအပိုဒ် - ၂၉)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

______________ မြို့။

ရက်စွဲ၊

အကြောင်းအရာ ။ <u>တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း။</u>

ကျွန်တော်/ ကျွန်မ ဦး/ ဒေါ် ______________ သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည် -

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊

(ယခင်နှစ်က အငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ

လျှောက်ထားသည့် အချက်များမှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

______________ ရပ်ကွက်/ ကျေးရွာအုပ်စု၊

______________ မြို့နယ်

ရက်စွဲ၊

ပုံစံ (၁၂)

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
——————မြို့

တင်ဒါဝယ်ခွင့်လက်မှတ်

[နည်းဥပဒေများအပိုဒ် ၃၁ (က)]

အမှတ်စဉ် - /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူကပေးမည့် တင်ဒါကြေး (ဂဏန်းဖြင့်)
(စာဖြင့်)

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ ရွေးချယ်ခြင်းမပြုပါ။

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

ရက်စွဲ၊

ပုံစံ (၁၃)

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
—————— မြို့
[နည်းဥပဒေများအပိုဒ် ၃၆ (က)]

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊

—————— ခုနှစ်

တင်ဒါငါးဖမ်းကွက်အမည် -
တင်ဒါငါးဖမ်းကွက်တည်နေရာ -
တင်ဒါချထားသည့်နေ့ -

ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့် အင်းခွန်

နှစ်	တင်ဒါလိုင်စင်ရရှိသူ	တင်ဒါကြေး

ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီးတင်ဒါသွင်းကြသူများ

စဉ်	တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်/ နိုင်ငံသားကတ်အမှတ်	တင်ဒါကြေး (ဂဏန်းဖြင့်)	တင်ဒါကြေး (စာဖြင့်)

ယခုသတ်မှတ်သည့်တင်ဒါကြေး-
တင်ဒါလိုင်စင်ရရှိသူအမည် -
မှတ်ချက် (ရှိလျှင်ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အတွင်းရေးမှူး

လက်မှတ်ရေး။

ပုံစံ (၁၄)

တနင်္သာရီတိုင်းဒေသကြီး

_______________ ခရိုင်၊ _______________ မြို့နယ်

တင်ဒါလိုင်စင်ချထားခြင်းပြီးစီးကြောင်းတင်ပြစာ

[နည်းဥပဒေများအပိုဒ် ၃၇ (က)]

တင်ဒါချထားသည့်နေ့ ၊

တင်ဒါချထားသည့်နေရာ ၊

တင်ဒါချထားရေးအဖွဲ့တွင် ပါဝင်သူများ။

စဉ်	တင်ဒါငါးဖမ်းကွက် အမည်နှင့်ဆွဲဝယ်သူ	(၅)နှစ်ပျမ်းမျှဈေး	ယခင်နှစ်ဈေး	ယခုနှစ်တင်ဒါဈေး	မှတ်ချက်

အဖွဲ့ဝင်   ဥက္ကဋ္ဌ   အတွင်းရေးမှူး

ရက်စွဲ ၊

ပုံစံ (၁၅)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါလိုင်စင်

[နည်းဥပဒေများအပိုဒ် ၃၇ (ခ)]

လိုင်စင်အမှတ်၊

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး၏ ______________ ရက်စွဲပါစာအမှတ်၊ ____________________ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်း ဥပဒေအရ တင်ဒါလိုင်စင်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည် ၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၊

၃။ နေရပ်လိပ်စာ ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်နှင့် မြို့နယ် ၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့် အတိုင်းအတာ၊

တင်ဒါကြေးနှင့် လိုင်စင်ခ ____________ ကို ______________ ရက်စွဲပါ ချလံအမှတ် ( ) ဖြင့် ____________ ဘဏ်သို့ ပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
__________ မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ (၁၆)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

[နည်းဥပဒေများအပိုဒ် ၄၀]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

________________ မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊

၇။ လုပ်ကိုင်လိုသည့် ငါးဖမ်းကိရိယာများ၊

ငါးဖမ်းကိရိယာအမည်	အတိုင်းအတာ	အရေအတွက်
	(က) အလျား	
	(ခ) အနံ	
	(ဂ) စောက်	
	(ဃ) ထိပ်ဝ	
	(င) အခြား	

၈။ လုပ်ကိုင်လိုသည့် ခုနှစ်၊

လျှောက်ထားသူလက်မှတ်

ပုံစံ (၁၇)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားသူများစာရင်း

[နည်းဥပဒေများအပိုဒ် ၄၁ (က)]

______________ ခရိုင်၊ ______________ မြို့နယ်

စဉ်	လိုင်စင်ရရှိသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	နေရပ် လိပ်စာ	ရုံးသုံး အမည်	ငါးဖမ်းကိရိယာ					လုပ်ကိုင်သည့် နေရာ	လိုင်စင်ခ	မှတ်ချက်
				ဓာတ်ပုံ အမှတ်စဉ်	ဒေသ အခေါ်	ခွင့်ပြုသည့် အများဆုံးအတိုင်းအတာ					
						အလျား	အနံ	စောက်			

ရက်စွဲ၊

လိုင်စင်မလျှောက်ထားသော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၈)

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ငါးဖမ်းကိရိယာလိုင်စင်

[နည်းဥပဒေများအပိုဒ် ၄၂ (က)]

(လိုင်စင်တန်ဖိုးသည်　　　ကျပ်ဖြစ်သည်)

မြို့နယ် -　　　ခုနှစ်　　　အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

နေရပ်လိပ်စာ -

ကိရိယာအုံးသုံးအမည် -

ဒေသအခေါ်အဝေါ် -

ကိရိယာအတိုင်းအတာ -

နေရာ -

အထူးကန့်သတ်ချက်များ -

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/ အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့် လေလံစင်းအတွက်လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည်　　　နေ့တွင်သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၈)

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ငါးဖမ်းကိရိယာလိုင်စင်

[နည်းဥပဒေများအပိုဒ် ၄၂ (က)]

(လိုင်စင်တန်ဖိုးသည်　　　ကျပ်ဖြစ်သည်)

မြို့နယ် -　　　ခုနှစ်　　　အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

နေရပ်လိပ်စာ -

ကိရိယာအုံးသုံးအမည် -

ဒေသအခေါ်အဝေါ် -

ကိရိယာအတိုင်းအတာ -

နေရာ -

အထူးကန့်သတ်ချက်များ -

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/ အထက်ဖော်ပြပါကိရိယာများ လုပ်ကိုင်သည့် လေလံစင်းအတွက်လိုင်စင်ဖြစ်သည်။

ဤလိုင်စင်သည်　　　နေ့တွင်သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၉)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

[နည်းဥပဒေများအပိုဒ် ၄၁ (ခ)]

______ ခရိုင်၊ ______ မြို့နယ်

စဉ်	လိုင်စင်ရရှိသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	နေရပ် လိပ်စာ	လိုင်စင် အမှတ်စဉ်	ငါးဖမ်းကိရိယာ အမျိုးအစား	ငါးဖမ်းကိရိယာ အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေးထားသည့် လိုင်စင်ပုံစံတန်ဖိုးနှင့် ရှက်ရေ
၁	၂	၃	၄	၅	၆	၇	၈

ပုံစံ (၂၀)

ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်

[နည်းဥပဒေများအပိုဒ် ၄၇ (က)]

____________ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်တန်ဖိုး -

စဉ်	လက်ခံရရှိသည့် ရက်စွဲ	ရွက်ရေ	တန်ဖိုး	အသုံးပြုသည့်			လက်ကျန်		မှတ်ချက်
				ရက်စွဲ	ရွက်ရေ	တန်ဖိုး	ရွက်ရေ	တန်ဖိုး	

ပုံစံ (၂၁)

ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုအသုံးမှတ်ပုံတင်

[နည်းဥပဒေများအပိုဒ် ၄၇ (ခ)]

______________ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

စဉ်	လိုင်စင်ရရှိသူအမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	လိုင်စင်အမှတ်စဉ်	လိုင်စင်ထုတ်ပေးသည့်ရက်စွဲ	ငါးဖမ်းကိရိယာအမျိုးအစား	ငါးဖမ်းကိရိယာအတိုင်းအတာ	ငါးဖမ်းကိရိယာလိုင်စင်ခနှုန်းထား	ထုတ်ပေးထားသည့်လိုင်စင်ပုံစံတန်ဖိုးနှင့်ချက်ရေ	လိုင်စင်ခရရှိသည့်ရက်စွဲ	ဘဏ်သို့ပေးသွင်းသည့်နေ့ရက်နှင့်ချလံအမှတ်	ငါးဖမ်းခွင့်ပြုသည့်နေရာဒေသ
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂

ပုံစံ (၂)

ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း *

[နည်းဥပဒေများအပိုဒ် ၄၈]

__________ ခုနှစ်၊ __________ လ

__________ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန   လိုင်စင်တန်ဖိုး -

စဉ်	လက်ခံရရှိသည့်နေ့	ရက်ရေ	တန်ဖိုး	စဉ်	ယခင်လ လက်ကျန်	ယခုလ အသုံးပြုသည့်နေ့	လိုင်စင်ရရှိသူအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ	ငါးဖမ်းကိရိယာ အမျိုးအစားနှင့် အတိုင်းအတာ	လိုင်စင်ခ	ထုတ်ပေးသည့် လိုင်စင်ပုံစံ တန်ဖိုးနှင့်ရှတ်ရေ	မှတ်ချက်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၂၃)

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

______________ မြို့

[နည်းဥပဒေများအပိုဒ် ၉၁ (ဂ)]

ရေလုပ်သားမှတ်ပုံတင်ကတ်

အမှတ်စဉ် (/ ၂၀   )

အမည် ______________________________

အဘအမည် ______________________________

နိုင်ငံသားစိစစ်ရေးအမှတ် ______________________________

မွေးသက္ကရာဇ် ______________________________

ထင်ရှားသည့်အမှတ်အသား ______________________________

နေရပ်လိပ်စာ ______________________________

လုပ်ငန်းအမျိုးအစား ______________________________

မြို့နယ်ဦးစီးဌာနမှူး

ထုတ်ပေးသည့် ရက်စွဲ

ပုံစံ (၂၄)

AMD(01)

ငါးလုပ်ငန်းဦးစီးဌာန

ရေထွက်ပစ္စည်းသယ်ယူသည့်အထောက်အထား

(Product Movement Document)

၁(က)။	ရေချိုငါးလုပ်ငန်း	ရေငန်ငါးလုပ်ငန်း	ငါးမွေးမြူရေးလုပ်ငန်း	၁(ခ)	ကုန်ကြမ်း	ပြုပြင်ရေး	အချော

၂။ စာအမှတ်			၃။ ထုတ်ပေးသည့်ရက်စွဲ	
၄။ သယ်ယူသူအမည် မှတ်ပုံတင်အမှတ်			၅။ လက်မှတ်	

၆။ နေရပ်လိပ်စာ	

၇။ သယ်ယူမည့်ယာဉ်အမျိုးအစား		၈။ ယာဉ်နံပါတ်	

၉။ သယ်ယူမည့်နေရာ/ဒေသ/လမ်းကြောင်း	မှ		သို့	
၁၀။ သယ်ယူမည့်ရက်စွဲ	မှ		ထိ	

၁၁(က)။ သယ်ယူမည့်ငါး/ပုစွန် အမျိုးအစား/ပုံစံ	၁၁(ခ)။ သိပ္ပံအမည်	၁၂။ အလေးချိန်(ပိဿာ/ကီလို/တန်)

၁၃။ ငါး/ပုစွန်ထွက်ရှိ/ဖမ်းဆီးရာအရပ် အဝယ်ဒိုင်/ဘုံ/အင်း/ပင်လယ်/ငါးမွေးကန်)		၁၄။ ဖမ်းဆီးဝယ်ယူခဲ့သည့်နေ့စွဲ
၁၅။ ငါးဖမ်းရေယာဉ်အမည် (ရေငန်ငါးဖမ်းလုပ်ငန်းအတွက်) (လိုအပ်ပါက နောက်ဆက်တွဲ ၁၂ ဖြင့်ပြရန်)		

၁၆။ ရောင်းချသူအမည် အလုပ်အကိုင်/ နေရပ်လိပ်စာ		လက်မှတ်
၁၇။ ဝယ်ယူသူ/ကုန်ပိုင်ရှင်/ ကုမ္ပဏီအမည်/နေရပ်လိပ်စာ (ပြေစာပူးတွဲတင်ပြရန်)		လက်မှတ်

၁၈။ ဝန်ခံချက် - အထက်တွင် ဖော်ပြထားသောအချက်များ မှန်ကန်မှုရှိကြောင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ စစ်ဆေးသည့်အခါ ဤအထောက်အထားတွင်ပါရှိသည့် ကုန်အမျိုးအစားနှင့် ကုန်ချိန်မှန်ကန်မှုမရှိပါက ဥပဒေအရ အရေးယူခြင်းခံရမည်ကို သိရှိကြောင်း ဝန်ခံကတိပြုပါသည်။	မှာစာထုတ်ယူသူအမည်နှင့် လက်မှတ်

ဌာနမှဖြည့်စွက်ရန် ၁၉။ စစ်ဆေးသူအမည်/ လက်မှတ် ရာထူး/ဌာနနှင့် ရုံးတံဆိပ်		၂၀။ အတည်ပြုသူအမည် လက်မှတ် ရာထူး/ဌာနနှင့် ရုံးတံဆိပ်	

ပုံစံ (၂၅)

ငါးလုပ်ငန်းဦးစီးဌာန၏ ရှာဖွေဖမ်းဆီးသည့်ရှာဖွေပုံစံ

[နည်းဥပဒေများအပိုဒ် ၆၃]

၁။ ရှာဖွေဖမ်းဆီးသည့်ရက်စွဲ/ပုဒ်မ ______________________

၂။ ရှာဖွေဖမ်းဆီးသည့် နေရာ ______________________

၃။ ရှာဖွေဖမ်းဆီးခံရသူ၏ အကြောင်းဖော်ပြချက် -

(က) အမည် ______________ ၊ (ခ) အဘအမည် ______________

(ဂ) အသက် ______________ ၊ (ဃ) နိုင်ငံသားကတ်အမှတ် ______________

(င) အလုပ်အကိုင် ______________________

(စ) နေရပ်လိပ်စာအပြည့်အစုံ ______________________

၄။ ရှာဖွေသိမ်းဆည်းသည့် ပစ္စည်း

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	မှတ်ချက်

၅။ ရှာဖွေတွေ့ရှိပုံ ______________________

____

____

(သိမ်းဆည်းသူ) (ပေးအပ်သူ)

၆။ အောက်ပါသက်သေများရှေ့မှောက်တွင် သိမ်းဆည်းသည်။

လက်မှတ် ______________

အမည် ______________

အဘအမည် ______________

အသက် ______________

နိုင်ငံသားကတ်အမှတ် ______________

အလုပ်အကိုင် ______________

နေရပ်လိပ်စာ ______________

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းနည်းဥပဒေများ

၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၊ (၅) ရက် ။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အခန်း(၁)	
၁။	အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်	၁
	အခန်း(၂)	
၂။	ရေချိုငါးလုပ်ငန်းရေပြင်များခွဲခြားသတ်မှတ်ခြင်း	၃
	အခန်း(၃)	
၃။	အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၃
	အခန်း(၄)	
၄။	နှစ်ရှည်အငှားဂရန်များလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၀
	အခန်း(၅)	
၅။	တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၁
	အခန်း(၆)	
၆။	ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း	၁၇
	အခန်း(၇)	
၇။	ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်	၂၀
	ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်	
	ရေလုပ်သားမှတ်ပုံတင်ကတ်များလျှောက်ထားခြင်း၊ထုတ်ပေးခြင်း	
	အခန်း(၈)	
၈။	အခွန်အခပေးဆောင်ခြင်း	၂၂
	အခန်း(၉)	
၉။	နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း	၂၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် - ၁၈ /၂၀၁၅

ရန်ကုန်မြို့၊ ၁၃၇၇ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၊ ၅ ရက်

(၂၀၁၅ခုနှစ်၊ ဩဂုတ် လ ၅ ရက်)

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၇၂ ၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကိုရန်ကုန်တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းနည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသည့် စကားရပ်များသည် ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေတွင်ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေကို ဆိုသည်။

(ခ) **တင်ဒါငါးဖမ်းကွက်(သို့မဟုတ်) တင်ဒါချက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုသည့်ငါးဖမ်းကွက်ကိုဆိုသည်။

(ဂ) **အခိုင်အမာအတားအဆီး** ဆိုသည်မှာ သဘာဝအလျောက်ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချိုငါးလုပ်ငန်းရေပြင်တွင် ရေစီးရေလာအဟန့်အတားဖြစ်စေရန် လူတို့က အခိုင်အမာပြုလုပ်ထားသော အတားအဆီး တစ်ခုခုကို ဆိုသည်။

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေတွင် ပူးတွဲပါရှိသည့် ပုံစံကိုဆိုသည်။

(င) **နှစ်ရှည်အငှားဂရန်အင်း** ဆိုသည်မှာ အငှားဂရန်အင်းများ၊ မပျက်စီးစေရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်စေရန် အငှားချထားသူသို့ ဦးစီးဌာနက စည်းကမ်းချက် သတ်မှတ်၍ နှစ်ကာလအကန့်အသတ်ဖြင့် သင့်လျော်သော အင်းခွန်ငွေသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုသော အငှားဂရန်အင်းကို ဆိုသည်။

(စ) **ဒဏ်ကြေးငွေ** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ပေးဆောင်ရသည့် ငွေကိုလည်းကောင်း၊ သတ်မှတ် အခွန်ငွေကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန်ပျက်ကွက်သဖြင့် ထပ်မံပေးဆောင် ရသည့် ငွေကိုလည်းကောင်းဆိုသည်။

(ဆ) **အခွန်လွတ်ငါးဖမ်းကိရိယာ** ဆိုသည်မှာ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း တင်ဒါငါးဖမ်းကွက်တို့မှအပ ဦးစီးဌာနက ငါးဖမ်းဆီးခွင့်သတ်မှတ်ထားသော ရေချိုငါး လုပ်ငန်းရေပြင်များတွင် အခွန်ပေးဆောင်ရန်မလိုဘဲ ငါးဖမ်းဆီးခွင့်ရှိသည့် ငါးဖမ်း ကိရိယာကို ဆိုသည်။

(ဇ) **ငါးရစ်** ဆိုသည်မှာ ငါးများမျိုးပွားသည့်ရာသီတွင် မိတ်လိုက်ငါးသားပေါက်ရန် နေရာ ရှာနေသော ငါးထီး ၊ ငါးမ ကိုဆိုသည်။

(ဈ) **ငါးသန်** ဆိုသည်မှာ သက်ကြီးကောင်အဆင့်သို့ မရောက်ရှိသေးသော ပေါက်ဖွါးပြီးခါစ သုံးလသားအရွယ်အောက် ငါးသားပေါက်ငယ်လေးများကို ဆိုသည်။

(ည) **သုတေသနလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေးနှင့် နိုင်ငံတကာ ငါးလုပ်ငန်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စူးစမ်းလေ့လာခြင်း၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း၊ စမ်းသပ်ခြင်း၊ မှတ်တမ်းပြုစုထိန်းသိမ်းထားရှိခြင်း နှင့် စာတမ်းရေးသားဖြန့်ဝေထုတ်ပြန်ခြင်းတို့ကို ဆိုသည်။

အခန်း(၂)

ရေချိုငါးလုပ်ငန်းရေပြင်များခွဲခြားသတ်မှတ်ခြင်း

၃။ ဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၂)ပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ငါးများနေထိုင်ပေါက်ဖွားကြီးပြင်းရာ ရေချိုငါးလုပ်ငန်းရေပြင်များကို အောက်ပါအတိုင်းခွဲခြားသတ်မှတ်သည်-

(က) အငှားဂရန်အင်း၊

(ခ) သီးသန့်အင်း၊

(ဂ) ဘေးမဲ့အင်း၊

(ဃ) တင်ဒါငါးဖမ်းကွက်၊

(င) လိုင်စင်ဖြင့် ငါးဖမ်းခွင့်ပြုထားသော ရေချိုငါးလုပ်ငန်းရေပြင်၊

(စ) ငါးဖမ်းခွင့်ပြုထားခြင်းမရှိသော ရေချိုငါးလုပ်ငန်းရေပြင်၊

အခန်း(၃)

အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ်ဧပြီလတွင်စတင်ဆောင်ရွက်ရမည်။

၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) လေလံတင်ရောင်းချမည့်အစီအစဉ်ကို ဝန်ကြီးထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) မိမိစီမံခန့်ခွဲရသော . တိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက်လေလံတင်ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) ဂရန်အင်းတည်ရှိရာ မြို့နယ်၏

မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး

(၃) တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်

ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း ၃ ဦး အဖွဲ့ဝင်

(ဂ) အပိုဒ်ခွဲ(ခ)အရဖွဲ့စည်းသောဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အဌားဂရန်အင်းများလေလံတင်ရောင်းချခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသောမြို့နယ်အတွင်းရှိဂရန်အင်းများကို ၁ နှစ်ကာလအတွက် လေလံတင်ရောင်းချနိုင်ရန် ရောင်းချမည့်အင်းစာရင်း၊ ရောင်းချမည့် နေ့ရက် အချိန်နှင့်နေရာတို့ကို ခရိုင်ဦးစီးဌာနမှူးထံတင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူးမှတင်ပြလာသည့် အင်းများ လေလံတင်ရောင်းချမည့်အစီအစဉ်ကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အင်းများလေလံတင်ရောင်းချမည့် အစီအစဉ်ကို ဝန်ကြီးထံတင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဂ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်၅(က)ပါအတိုင်း တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အကြောင်းကြားချက်ရရှိပါက ဂရန်အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ လေလံကြော်ငြာ ပုံစံ(၁) ဖြင့်မြို့နယ်အတွင်း ကြော်ငြာရမည်။

(ဃ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချရန် လိုအပ်ပါက ဂရန်အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီ အနည်းဆုံး ၁၀ရက်ကြိုတင်၍လေလံကြော်ငြာပုံစံ (၁)ဖြင့် မြို့နယ်အတွင်းကြော်ငြာရမည် -

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း။

၇။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ် လျှောက်လွှာပုံစံ (၂)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာပုံစံ(၂) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) အင်းခွန်ငွေပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံသူ မဟုတ်ခြင်း၊

(ဂ) ဆွဲဝယ်သည့်ဂရန်အင်း၏ ယခင်နှစ်အင်းခွန်ဈေးနှုန်းကို ဘဏ်တွင် စာရင်းဖွင့်လှစ် ပေးသွင်းပြီးဖြစ်ခြင်း၊

၉။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း၊ လေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို အပိုဒ် ၈ အရစိစစ်ပြီး ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။ လျှောက်လွှာကို ငြင်းပယ်လျှင်ယင်းသို့ ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များကိုသက်ဆိုင်ရာ အင်းအမှုတွဲတွင် ရေးသွင်းထားရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၉ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ (၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။ တင်ပြလာသောလျှောက်လွှာသည် သတ်မှတ်ချက်များနှင့်မညီညွတ်ပါက လျှောက်လွှာကို ငြင်းပယ်သည့်ကျိုးကြောင်းဖော်ပြချက်များကို သက်ဆိုင်ရာ အင်းအမှုတွဲတွင် ရေးသွင်းထားရမည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ဂရန်အင်း လေလံဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၃)ကို လေလံပွဲမစမီ အနည်းဆုံး ၁ရက် ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည် -

၁၂။ ဂရန်အင်းလေလံ ဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည်-

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်။

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက်လေလံ ဝင်ရောက်ဆွဲဝယ်မှု မရှိလျှင်သော်လည်းကောင်း၊ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ ဆွဲဝယ်သည့် လေလံကြေးငွေများကို တင်ပြမှု မရှိလျှင်သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း ၃နှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၃။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက်လေလံ ကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည် -

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော (၅)နှစ် ပျမ်းမျှဈေးနှုန်း

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ် အင်းခွန်

(ဂ) ဂရန်အင်း၏ ယခင်နှစ်ငါးအထိအမိ အခြေအနေနှင့် ဝင်ငွေရရှိမှု

(ဃ) ဂရန်အင်း ပျက်စီးတိမ်ကောမှုအခြေအနေ

၁၄။ ဂရန်အင်းများလေလံတင် ရောင်းချရေးအဖွဲ့သည် ဂရန်အင်း လေလံတင်ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင်ရောင်းချခြင်း အမှုတွဲပုံစံ(၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) နှစ်ရှည် အငှားဂရန်ချထားမည့် အင်းဖြစ်ပါက တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ညွှန်ကြားချက် နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချခြင်း မပြုမီ လေလံစည်းကမ်းချက်များ ၊ ရောင်းချမည့် ဂရန်အင်းတစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြားကြေငြာခြင်း၊

(ဃ) ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ကြေငြာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ခွင့် ရရှိသူ တစ်ဦးဦးကို သော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း၊ ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်လျှင်(သို့မဟုတ်) တားမြစ်လျှင် (ထိုကဲ့သို့ ငြင်းပယ်ခြင်း (သို့မဟုတ်) တားမြစ်ခြင်းပြုသည့်) ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာန မှူးထံ တင်ပြခြင်း၊

(စ) လေလံဆွဲဝယ်ခွင့် ရရှိသူများအား ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က သတ်မှတ်ထားသည့် ကြိုတင်ငွေကို ပေးသွင်းပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့် ရရှိသူများမှ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်း ဈေးထက် များစွာကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့် ရရှိသူများကို သတိ ပေး၍ သက်ဆိုင်သည့် ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ ရပ်ဆိုင်းပြီးနောက် နေ့ချင်း ပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင် အဆိုင်ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင် အိတ်ဖွင့် တင်ဒါတင်သွင်းစေပြီး အငှားချထားခြင်း၊

(ဇ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အငှားချ ထားခြင်း၊

(ဈ) လေလံဆွဲဝယ်ခွင့် ရရှိသူအား လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန် ရှိသည့်အင်းခွန်ငွေများကို အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက် ပါက ပျက်ကွက်သူ၏ တာဝန်အဖြစ် ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ည) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲဝယ်သည့် ကိစ္စဖြစ်လျှင် ပေးဆောင်ရန် ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့တွင် ငွေသားဖြင့် သော်လည်းကောင်း မျဉ်းသားချက် လက်မှတ်ဖြင့်သော်လည်းကောင်း

တစ်ကြိမ်တည်း အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ် ထပ်မံ လေလံတင် ရောင်းချခြင်း၊ လျော့နည်းသော ခြားနားမှုကို ပျက်ကွက်သူမှ ပေးလျော်စေခြင်း၊

(ဌ) လေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ တင်ပြသည့် ငွေများကို သက်ဆိုင်ရာ ဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဍ) လေလံကြေးငွေများကို ဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) အကြောင်းတစ်စုံတစ်ရာကြောင့် လေလံကြေးငွေများကို ဘဏ်သို့ နေ့ချင်းပြီး ပေးသွင်း နိုင်ခြင်းမရှိပါက လေလံကြေးငွေများကို သေတ္တာထဲတွင် ထည့်၍ လုံခြုံစွာ သော့ခတ် ချိတ်ပိတ်ပြီး ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့၊ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုး၍ သက်ဆိုင်ရာ ဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားပြီး အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဏ) လေလံဆွဲဝယ်ရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန်အင်းလေလံတင် ရောင်းချသည့် ဈေးနှုန်းကို ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ အဖွဲ့ဝင် အားလုံးရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(တ) ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို ၅ကြိမ်အထိ ဆောင်ရွက်ခြင်း။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ ဂရန်အင်းများ လေလံတင်ရောင်းချခြင်း ပြီးသည့် အခါ ဂရန်အင်း လေလံတင်ရောင်းချခြင်းပြီးစီးကြောင်း တင်ပြစာ ပုံစံ(၅)တွင် ပြည့်စုံ စွာရေးသွင်း၍ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့၊ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းများကို၊ တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ အတည်ပြုချက်ရယူ၍ ...

(ဂ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများကို (၅)ကြိမ်ထိ လေလံတင်ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေး မမီပါက ကျိုးကြောင်းဖော်ပြလျက် ဆွဲဝယ်လိုသူ မှ တင်ပြလာသည့် အမြင့်ဆုံးပေးသည့်ဈေးကို ကြမ်းခင်းဈေးအဖြစ် ပြင်ဆင်သတ်မှတ်ရောင်းချခွင့်ပြုရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ဃ) အထက်ပိုင်းရှိ အငှားဂရန် ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် ယင်းဂရန်အင်းကို လေလံထပ်မံ မပစ်ပဲ ဂရန်အင်းဆက်စပ်လျက်ရှိသော အောက်ပိုင်းရှိ အငှားဂရန် ရရှိသူအား သတ်မှတ်ဈေးကို ပေးသွင်းစေပြီး တိုင်းဒေသကြီးဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(င) မိမိ စီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍ မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ် ပေးနိုင်ရန် ကျိုးကြောင်းဖော်ပြချက် အထောက်အထားများဖြင့် မိမိ၏ သဘောထားမှတ်ချက်တို့နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၀ အရ ဝန်ကြီး၏အတည်ပြုချက်ရရှိပါက အငှားဂရန်ပုံစံ ၆ ထုတ်ပေးရန် ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေ ၁၅(ဃ)အရ တင်ပြလာသည့် သတ်မှတ်ကြမ်းခင်းဈေး မပြည့်မီသည့် အင်းများကို ဆွဲဝယ်လိုသူက အမြင့်ဆုံးပေးထားသည့် အင်းခွန်ငွေကို နောက်ဆုံးအကြိမ် လေလံ ကြော်ငြာစာတွင် ထည့်သွင်းဖော်ပြရောင်းချရန်အတွက် ဝန်ကြီး၏အတည်ပြုချက်ရယူ၍ ညွှန်ကြားရမည်။

(ဂ) နည်းဥပဒေ ၁၅(င)အရ တင်ပြလာပါက ဝန်ကြီး၏အတည်ပြုချက်ရယူ၍ ဂရန်အင်း ပိတ်သိမ်းမိန့်ကို ခရိုင်ဦးစီးဌာနမှူးထံ ထုတ်ပေးရမည်။

အခန်း(၄)

နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ (က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည် အငှားဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘောရရှိလျှင်ဖြစ်စေ၊ အငှားဂရန် ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည်အငှားဂရန် လျှောက်ထားလာလျှင်ဖြစ်စေ၊ သက်ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီးကျိုးကြောင်းဖော်ပြလျက် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ (က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန် လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ပြီး ဝန်ကြီးထံ တင်ပြရမည် -

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း ၊

(ခ) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း၊

(ဂ) တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ဃ) အင်း၏ဂေဟ စနစ်များမပျက်စီးစေပဲ ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(င) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေခြင်း၊

၁၉။ (က) ဝန်ကြီးသည် နည်းဥပဒေ ၁၈ အရတင်ပြလာသည့် နှစ်ရှည်အငှားဂရန်ကိုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံအကြောင်းကြားရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ ၁၉ အပိုဒ်ခွဲ(က)အရ ခွင့်ပြုချက်ရရှိပါက သတ်မှတ်ချက်များနှင့်အညီ အငှားဂရန် ပုံစံ ၆ ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် လိုအပ်ပါက နှစ်ရှည်အငှားဂရန် ချထားမည်ဟု သတ်မှတ် ကြေငြာ၍ ဈေးပြိုင်စနစ်ဖြင့် နှစ်ရှည်အငှားဂရန်ချထားရန် ဝန်ကြီးထံ တင်ပြ ဆောင်ရွက်နိုင်သည်။

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်ချထားသည့်အခါ အောက်ပါအချက်များကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်-

(က) အငှားဂရန်ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ပြုပြင်ရမည့်အချိန်၊ ကာလ၊ နေရာနှင့် လုပ်ငန်း ပမာဏ ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန် ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေးရမည့် ဂရန်အင်းတန်ဖိုးငွေရာခိုင်နှုန်း၊

(ဃ) နှစ်ရှည်အငှားဂရန်အင်းများ ကြီးကြပ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း နှင့် နှစ်ရှည်အငှားဂရန်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

အခန်း(၅)

တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) တင်ဒါငါးဖမ်းကွက်များ လိုင်စင်ချထားမည့်အစီအစဉ်ကို ဝန်ကြီးသို့တင်ပြအတည်ပြုချက် ရယူရမည်။

(ခ) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ခရိုင်အလိုက် တင်ဒါလိုင်စင်ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဖွဲ့စည်း၍ တာဝန်ပေးအပ် ရမည်-

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) တင်ဒါငါးဖမ်းကွက်တည်ရှိရာ မြို့နယ်၏

မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး

(၃) တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်

ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း ၃ ဦး အဖွဲ့ဝင်

(ဂ) အပိုဒ်ခွဲ(ခ)အရဖွဲ့စည်းသော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၂။ တင်ဒါငါးဖမ်းကွက်များလိုင်စင်ချထားခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်။

(က) မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသောမြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ၁နှစ်ကာလအတွက် လိုင်စင်ချထားနိုင်ရန် ရောင်းချမည့်စာရင်း၊ ရောင်းချမည့်နေ့ရက် အချိန်နှင့်နေရာတို့ကို ခရိုင်ဦးစီးဌာနမှူးထံတင်ပြ အတည်ပြုချက်ရယူရမည်။

(ခ) အပိုဒ်ခွဲ(က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက် အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ(၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(ဂ) တင်ဒါငါးဖမ်းကွက်အသစ် တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက်ဇရိယာသတ်မှတ်ချက်ကို ကန့်ကွက်ရန်ရှိ မရှိ တင်ဒါကြော်ငြာသည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင် ကြေညာရမည်။

(ဃ) အပိုဒ်ခွဲ(ဂ)အရ ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရ၍ အဆုံးအဖြတ် ရယူရမည်။

(င) အပိုဒ်ခွဲ(ဃ)အရ ခရိုင်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ (၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(စ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တင်ဒါငါးဖမ်းကွက်ကို ထပ်မံရောင်းချရန် လိုအပ်ပါက တင်ဒါငါးဖမ်းကွက် ရောင်းချမည့်ရက်မတိုင်မီ အနည်းဆုံး ၁၀ရက်ကြိုတင်၍ ကြော်ငြာပုံစံ (၇)ဖြင့် မြို့နယ်အတွင်း ကြော်ငြာရမည်။

(၁) တင်ဒါဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း။

၂၃။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် ကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာပုံစံ (၈)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၄။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာပုံစံ(၈) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) အခွန်ငွေပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံသူ မဟုတ်ခြင်း၊

(ဂ) ဆွဲဝယ်သည့်တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်အင်းခွန်ဈေးနှုန်းကိုဘဏ်တွင် စာရင်းဖွင့်လှစ် ပေးသွင်းပြီးဖြစ်ခြင်း၊

၂၅။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို အပိုဒ် ၂၄ အရ စိစစ်ပြီး ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။ အပိုဒ် ၂၄ပါအချက်များနှင့် မညီညွတ်ပါက လျှောက်လွှာကိုငြင်းပယ်ပြီး ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များကိုသက်ဆိုင်ရာ တင်ဒါအမှုတွဲတွင် ရေးသွင်းထားရမည်။

၂၆။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၂၅ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၉) ထုတ်ပေးရန် မြို့နယ်

ဦးစီးဌာနမှူးထံအကြောင်းကြားရမည်။ မညီညွတ်သောလျှောက်လွှာများကို မြို့နယ်ဦးစီးမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၂၇။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၉)ကို တင်ဒါရောင်းချပွဲမစမီ အနည်းဆုံး ၁ ရက် ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၈။ တင်ဒါ ဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည်-

(က) မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် ဆွဲဝယ်ခွင့်ရှိသည်။

(ခ) မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် ဝင်ရောက်ဆွဲဝယ်မှု မရှိလျှင် သော်လည်းကောင်း၊ တင်ဒါငါးဖမ်းကွက်များ လိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ ဆွဲဝယ် သည့် ငွေကြေးကိုတင်ပြမှု မရှိလျှင်သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း ၃နှစ်အတွင်း တင်ဒါငါးဖမ်းကွက် ဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၂၉။ တင်ဒါငါးဖမ်းကွက်များ လိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါငါးဖမ်းကွက်များ ရောင်းချခြင်း မပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် ကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည်။

(က) တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော (၅)နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ် တင်ဒါခွန်၊

(ဂ) တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ငါးအထိအမိ အခြေအနေနှင့် ဝင်ငွေရရှိမှု၊

(ဃ) တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောမှုအခြေအနေ၊

၃၀။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် မိမိဆွဲဝယ်လို သည့် တင်ဒါငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းတို့ကို ရေးသွင်း၍ စာအိတ်အတွင်း ထည့်သွင်းပြီး

တင်ဒါလိုင်စင်ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်ခေါ်သည့် အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ထံ ကိုယ်တိုင်တင်သွင်းရမည်။

၃၁။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှတ်တွဲ ပုံစံ(၁၀)ဖြင့်လှစ်ထားခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် စည်းကမ်းသတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းကြရန်ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ထုတ်ယူထားသူဦးရေနှင့် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(င) အိတ်ဖွင့် တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်းငွေပမာဏကို တင်ဒါလိုင်စင်ချထားရေးအဖွဲ့ ရှေ့သို့ တင်ပြစေခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(စ) လုံလောက်သော အကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း၊ အကြောင်းပြချက်မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှတ်တွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဆ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းသူများအမည်နှင့် ပေးထားသည့်ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်း မမီပါက တင်ဒါဆွဲဝယ်ရရှိသူအားလုံးကို ဈေးနှုန်းထပ်မံတိုးမြှင့်ပေးရန် ယင်းနေ့တွင်ပင် အိတ်ဖွင့်တင်ဒါတင်သွင်းစေခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်းထက် ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံးပေးသူအား တင်ဒါလိုင်စင်ချထားခြင်း၊

(ည) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့်တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊

(ဋ) တင်ဒါကြေးကို ဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကို ဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါကြေးကို သေတ္တာထဲတွင် ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး တင်ဒါလိုင်စင်ချထားရေးအဖွဲ့အဖွဲ့ဝင်အားလုံးမှ လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ်သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းတွင်အပ်နှံထားပြီး၊ အစောဆုံးဘဏ်ဖွင့်ရက်တွင်ဘဏ်သို့ ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဍ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား ၃ ကြိမ်ထိ အိတ်ဖွင့်တင်ဒါတင်သွင်းစေခြင်း၊

(ဎ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ၃ ကြိမ်ထိ ထပ်မံတူညီနေပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဏ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထားသည့် တင်ဒါဈေးနှုန်းကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(တ) တင်ဒါဈေးနှုန်းမမီသည့်တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်းမမီကြောင်း ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၃၂။ (က) ခရိုင်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်း ပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်း ပြီးစီးကြောင်း တင်ပြစာပုံစံ(၁၁)တွင် ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏အတည်ပြုချက်ဖြင့် တင်ဒါလိုင်စင်ချထားသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ဒါခွန်/ငါးဖမ်းကိရိယာလိုင်စင်ခများကို သက်ဆိုင်ရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတွင် အပြေအကျေပေးသွင်းစေပြီး တင်ဒါလိုင်စင်ပုံစံ(၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၃၃။ (က) ခရိုင်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက ကျိုးကြောင်းဖော်ပြလျက် တိုင်းဒေသကြီးဦးစီး ဌာနမှူးထံတင်ပြပြီး၊ ညွှန်ကြားချက်နှင့်အညီ အဆိုပါတင်ဒါငါးဖမ်းကွက်များကို ထပ်မံ တင်ဒါခေါ်ယူ၍ တင်ဒါလိုင်စင်ချထားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များမှချမှတ်နိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အပိုဒ် ၃၃ (က)(ခ)ပါ ခရိုင်ဦးစီးဌာနမှူး၏ တင်ပြချက်များအား နည်းဥပဒေ ၁၆ ပါ အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

အခန်း(၆)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၄။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုကို

အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား နှစ်စဉ်တော်သလင်းလဆန်း(၁)ရက်နေ့ စတင်လိုင်စင် ထုတ်ပေးရမည်။

၃၅။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင် ရရှိရန် ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ ပုံစံ(၁၃) တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက် ထား ရမည်။

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူများ၏ စာရင်းကို ပုံစံ(၁၄)ဖြင့် ပြုစုရမည်။

(ခ) ပုံစံ(၁၄)တွင်ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လိုသူများပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်းအတာမှန် မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်းမရှိဘဲ လုပ်ကိုင်နေသူများ ရှိ မရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၃၇။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ပုံစံ(၁၄) စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေကောက်ခံပြီး ငါးဖမ်းကိရိယာလိုင်စင် ပုံစံ(၁၅)ကို ထုတ်ပေးရမည်။

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများအမည်စာရင်းကို ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်းပုံစံ(၁၆)ဖြင့် လစဉ်ပြုစု၍ တိုင်းဒေသကြီး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၃၈။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) အပိုဒ် ၃၇ အပိုဒ်ခွဲ (က)အရ ငါးဖမ်းကိရိယာလိုင်စင်ခ ကောက်ခံရာတွင် -

(၁) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားနှင့်အကြုံး မဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံးတူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်းအတိုင်း ကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲ အသုံးပြုနိုင်ပါက အမြင့်ဆုံးပေး ဆောင်ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) အပိုဒ်ခွဲ(က)အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာလိုင်စင်ခများကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

(ဂ) ဦးစီးဌာန၏(၁၉.၅.၂၀၀၃)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၃)ဖြင့် သတ်မှတ် ပေးထားသော အခွန်လွတ်ငါးဖမ်းကိရိယာများကို လိုင်စင်ရယူခြင်းမှ ကင်းလွတ် ခွင့်ပြုရမည်။

၃၉။ (က) ဦးစီးဌာနသည် ၁၀၀ိ/- ၊ ၂၀ိ/- ၊ ၅၀ိ/- ၊ ၁၀၀ိ/- စသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာလိုင်စင်ပုံစံ(၁၅)ကိုအသုံးပြုရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူးမှ တင်ပြတောင်းခံလာသည့် ပုံစံ (၁၅) ကိုထုတ်ပေးရမည်။

၄၀။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို အပိုဒ် ၃၉(က)တွင်ပါရှိသည့် လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခတန်ဖိုးငွေ ပြည့်မီ အောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ လိုင်စင်တန်ဖိုးကို ဖော်ပြ၍လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာအမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာ အမျိုးအစားကို အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခကို ထပ်မံကောက်ခံရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်ပုံစံ(၁၇)ဖြင့် စနစ်တကျထိန်းသိမ်းထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှု မှတ်ပုံတင်ပုံစံ(၁၈)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

(ဂ) မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်းပုံစံ(၁၉)ကို ပြုစု၍ တိုင်းဒေသကြီး၊ ခရိုင်ဦးစီးဌာနများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၄၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ယခင်လ လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့် လချုပ်စာရင်းတွင်ဖော်ပြထားသော စာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီမှန်ကန်မှု ရှိ မရှိစစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် တိုင်းဒေသကြီးရုံးများမှ ပေးပို့ထားသော လိုင်စင်ပုံစံများ ကိုက်ညီမှန်ကန်မှု ရှိ မရှိ စစ်ဆေးရမည်။

(ဂ) လိုင်စင်ခများ ဘဏ်သို့ပေးသွင်းခြင်း ရှိ မရှိ တိုင်းဒေသကြီးရုံးရှိ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြထားသည့်ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ပေး

သွင်းပြီးသည့်ငွေကိုလည်းကောင်း တိုင်းဒေသကြီးရုံးရှိ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်။

(င) အပိုဒ်ခွဲ(က)မှ အပိုဒ်ခွဲ(ဂ)ပါ စစ်ဆေးရမည့် လုပ်ငန်းတာဝန်များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန်ပေးအပ်နိုင်သည်။

အခန်း(၇)

ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရေလုပ်သားမှတ်ပုံတင်ကတ်များလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄၃။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင် လျှောက်ထားလာပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်

(၁) လျှောက်ထားသည့်လုပ်ငန်းတည်ရှိရာသို့ ကွင်းဆင်းစစ်ဆေးခြင်း

(၂) လုပ်ငန်းလုပ်ကိုင်မည့်နေရာကိုညှိနှိုင်းသတ်မှတ်ပေးခြင်း

(၃) သတ်မှတ်အခွန်အခ ပေးသွင်းစေခြင်း

(၄) လိုင်စင်ထုတ်ယူရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း

(၅) လိုင်စင်ပါစည်းကမ်းချက်များအတိုင်း လုပ်ငန်းလုပ်ကိုင်သူမှ လိုက်နာဆောင်ရွက်ရန်ကြီးကြပ်ခြင်း

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အပိုဒ် ၄၃ အပိုဒ်ခွဲ(က)အရ တင်ပြလာသော ကိစ္စရပ်များကို စိစစ်၍

(၁) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်ဖြစ်ပါကပုံစံ(၂၀)ဖြင့် ထုတ်ပေးရမည်။

(၂) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်ဖြစ်ပါက ပုံစံ(၂၁)ဖြင့် ထုတ်ပေးရမည်။

၄၄။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ရေလုပ်သားမှတ်ပုံတင်ကတ်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) သတ်မှတ်ပုံစံ(၂၂)ဖြင့် လျှောက်ထားလာသော လျှောက်လွှာများကို စိစစ်လက်ခံခြင်း၊

(၂) ရေလုပ်သားကတ်အတွက် သတ်မှတ်အခွန်အခများ ပေးသွင်းစေခြင်း၊

(၃) ရေလုပ်သားမှတ်ပုံတင်ကတ်ကို ပုံစံ(၂၃)ဖြင့်ထုတ်ပေးခြင်း၊

(၄) ရေလုပ်သားမှတ်ပုံတင်စာရင်းကို ပြုစုရေးဆွဲထားရှိပြီးလချုပ်များကို တိုင်းဒေသကြီး၊ ခရိုင်ဦးစီးဌာနမှူးထံတင်ပြခြင်း၊

အခန်း(၈)

အခွန်အခပေးဆောင်ခြင်း

၄၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) အောက်ဖော်ပြပါ ငါးလုပ်ငန်းဆိုင်ရာ အခွန်အခများကို ဝန်ကြီးအတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်နိုင်သည်

(၁)လိုင်စင်ခ

(၂)မှတ်ပုံတင်ကြေး

(၃)ဒဏ်ကြေး

(၄)ရက်လွန်ကြေး

(၅)အခြားပေးဆောင်ရန်ရှိသော အခွန်အခ

(ခ) နှစ်ရှည်အငှားဂရန်အင်း၊ သီးသန့်အင်းများအတွက် ဦးစီးဌာနက သတ်မှတ်ထားသော နေ့ရက်အတွင်း အခွန်ပေးသွင်းရန် ပျက်ကွက်ပါက (၁)ရက်ပျက်ကွက်ခြင်းအတွက် အခွန်ငွေ၏ (၁%)ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေရန် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

အခန်း(၉)

နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၆။ ဥပဒေပုဒ်မ(၁၉)အရ ဂရန်အင်း(သို့မဟုတ်) တင်ဒါငါးဖမ်းကွက်အတွင်း ငါးလုပ်ငန်းလုပ်ကိုင်လိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာပုံစံ (၂၄)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၄၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ ၄၆ အရ လျှောက်လွှာလက်ခံရရှိပါက စိစစ်ပြီးခွင့်ပြုသင့်သည်ဟုယူဆလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပေးဆောင်စေသင့်သည့် နိုင်ငံခြားငွေ အမျိုးအစားဈေးနှုန်းတို့ကို ဖော်ပြပြီး ဝန်ကြီးထံတင်ပြရမည်။

၄၈။ ဝန်ကြီးသည် နည်းဥပဒေ ၄၇ အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် လျှောက်လွှာကို စိစစ်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၉။ ဝန်ကြီးက နည်းဥပဒေ ၄၇ အရ လျှောက်ထားလာသည့် လျှောက်လွှာနှင့် စပ်လျဉ်း၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုလျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အင်းခွန် (သို့မဟုတ်) တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ပေးရမည်-

(က) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅နှစ် ပျမ်းမျှဈေးနှုန်း

(ခ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်စျေးနှုန်း

(ဂ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ငါးအထိအမိ အခြေအနေ၊ ဝင်ငွေရရှိမှု

(ဃ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ပျက်ဆီးတိမ်ကောမှု အခြေအနေ

၅၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ ၄၉ အရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အတွက် သတ်မှတ်ထားသောအင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် ပေးသွင်းစေရန် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား ညွှန်ကြားရမည်။

(ခ) ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိပါက ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူထံမှ အင်းခွန် သို့မဟုတ် လိုင်စင်ခ လက်ခံရရှိလျှင် သက်ဆိုင်ရာ အငှားဂရန် ပုံစံ(၆) သို့မဟုတ် တင်ဒါလိုင်စင်ပုံစံ (၁၂)ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးသည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

အခန်း(၁၀)

မိတ္တူလျှောက်ထားခြင်း

၅၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှရက်ပေါင်း ၃၀ တွင်း မိတ္တူရရှိရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၂။ (က) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အပိုဒ် ၅၁ အရ လျှောက်လွှာလက်ခံရရှိလျှင် စိစစ်ပြီး မှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ ၅၀၀၀ ကျပ်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ

အတွက် ဒဏ်ကြေးငွေ ၅၀၀ ကျပ်ကိုလည်းကောင်းပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကို ထုတ်ပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ(က) အရ သက်ဆိုင်ရာမိတ္တူရရှိပြီးနောက် မိမိပျောက်ဆုံးသည့်မူရင်းပြန်လည်တွေ့ရှိလျှင် မူရင်းကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။

အခန်း(၁၁)

အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၃။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငှားဂရန်ကို မသမာသောနည်းဖြင့်လည်းကောင်း၊ တရားမဝင်သောနည်းဖြင့်လည်းကောင်းလေလံဆွဲဝယ်ခြင်းမပြုရ၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက အငှားဂရန်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင်၊ ဂရန်အင်းနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ပေးလျော်ရန် တာဝန်ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့်ဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အားလုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ တာဝန်ခံခြင်း၊

(ဃ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည်၊ ဘဝန်းနှင့် ခွင့်ပြုငါးဖမ်းကိရိယာများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည်၊ ဘဝန်းနှင့် ခွင့်ပြုငါးဖမ်းကိရိယာများ တော်သလင်း လဆန်း ၁ ရက်နေ့မတိုင်မီချထားခြင်းမပြုရ။ သို့ရာတွင် ဖော်ပြပါဆည်များကို တန်ခူးလဆန်း ၁ရက်နေ့တွင် ကုန်စင်အောင်ဖယ်ရှားထားခြင်း၊

(စ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် ၊ ပုစွန်ဖောင် ဖြင့် လုပ်ကိုင်ရာတွင် ချောင်း၊ မြောင်းများ၌ လှေသွားလာနိုင်ရန် လမ်းထားရှိခြင်း၊

(ဆ) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည့် အောက်ပိုင်းရှိ ဂရန်အင်းအတွင်း စီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာဆက်စပ်နေပါက အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက မေတ္တာရပ်ခံလာလျှင် အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဆည်များ တားဆီး၍ ပိတ်ထားပေးခြင်း၊

(ဇ) အထက်ပိုင်းရှိ ဂရန်အင်းနှင့်အောက်ပိုင်းရှိဂရန်အင်း ရေစီးရေလာဆက်စပ်နေပါက အထက်ပိုင်းမှ အောက်ပိုင်းသို့လာသောငါးများဖမ်းဆီးရန် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို အသုံးပြုခွင့်မရှိစေရ၊

(ဈ) ဂရန်အင်းအတွင်းမှ ဒိုက်၊ မှော်တို့ကို ရှင်းလင်းဖယ်ရှားရာတွင်နတ်တော်လပြည့်နေ့မတိုင်မီ ရေကြောင်းလမ်းမှ မျှောချရှင်းလင်းခြင်း၊ ကြွင်းကျန်ရှိနေသည့် ဒိုက်၊ မှော်တို့ကို ပြာသိုလပြည့်နေ့မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ တပို့တွဲလပြည့်နေ့မတိုင်မီ အကုန်အစင်ဖျက်ဆီးဖယ်ရှားခြင်း၊

(ည) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် တန်ခူး လဆန်း ၁ရက်နေ့နောက်ဆုံးထား၍အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်း လင်းခြင်း၊

(ဋ) ဘုန်းကြီးကျောင်း ပရဝုဏ်မှ ကိုက် ၁၀၀ အတွင်း မည်သူမဆို ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(ဌ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်းမပြုရ-

(၁) လက်ဆည်နှင့် ကတက်တုံးများ အပါအဝင်ဖြစ်သော ဆည်တမံတာရိုးအမျိုးမျိုး၊ ဂှင်းပြင် မြင်းဝန်းဆည် သို့မဟုတ် အခြားဆည်များ၊ အောက်ခြေတွင် မြေ၊ ဖျာရိုင်များ၊ ပလပ်စတစ်မိုးကာ သို့မဟုတ် အခြားကိရိယာများနှင့်ဖြစ်စေ ပြုလုပ်ထားသော တမံများ၊

(၂) ထူးများ၊ တုတ်များဖြင့် ရေထုတ်ခြင်းမှတစ်ပါး အခြားနည်းဖြင့် ရေထုတ်ခြင်း၊

(၃) ငါးများခိုအောင်းနေစေရန် ဒိုက်၊ မှော်၊ ချုံ၊ သစ်ကိုင်း၊ ဂုတုံး၊ တောင်းကဲ့သို့ အလားတူအရာများချထားခြင်း၊

(၄) ပိုက်ကွက်ကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့် တစ်ခုအကြား ၃/၄လက်မအောက် လျော့သည့်ပိုက်များ၊

(၅) ငါးကြီးတွင်းများ

(၆) ဂုန်နီ၊ ပိတ်စ၊ ပလစ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည်စသည်တို့ဖြင့် ရေလမ်းကြောင်းပိတ်၍ ဖမ်းဆီးခြင်း၊

(၇) လျှပ်စစ်ဓါတ်ဖြင့် ငါးဖမ်းခြင်း၊ ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း

(၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းအသုံးပြု၍ ငါးဖမ်းခြင်း။

(ဍ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၄။ အငှားဂရန်ရရှိသူ၏ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်းထပ်ဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့်အမွေစား အမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက် လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခရိုင်ဦးစီးဌာနမှူးကစိစစ်ပြီး တိုင်းဒေသကြီးဦးစီးဌာန မှူး၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) တောချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်းချထားခွင့်ရှိခြင်း၊ မြင်းဝန်းဆည်ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီ ချထားခြင်း၊

(ဃ) အထက်ဆည်နှင့်အောက်ဆည် ရေစီးရေလာဆက်စပ်နေပါက အထက်ဆည်၏ အင်း နယ်နမိတ်အတွင်းရှိ အောက်ဆုံးဆည် ခြေရင်းရေပြင်ကို အောက်ဆည်အငှားဂရန် ရရှိသူက ပိုင်ဆိုင်ခွင့်ရှိခြင်း၊

(င) တောချဆည်နှင့်မြင်းဝန်းဆည်ကို အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက အပိုဒ် ၅၃ (ဆ) နှင့်အညီ ပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက ပိတ်ဆို့ ထားနိုင်ခြင်း၊

(စ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကိုအသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ ဂရန် အင်းနှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန်အင်းနှစ်ခုအကြားအမြဲတမ်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်းများချထားခွင့်မရှိခြင်း၊

(ဆ) ဂရန်အင်းများတွင် သတ်မှတ်ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာများဖြင့်သာ လုပ်ကိုင်ခွင့် ရှိခြင်း။

(ဇ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ဤလုပ်ထုံးလုပ်နည်းများတွင် သီးခြားပြဌာန်းထားခြင်းမရှိ လျှင် ဂရန်အင်းကို ဒေသဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ဈ) ဂရန်အင်းများအတွင်း အင်းစည်းကမ်းတွင် သီးခြားသတ်မှတ်ပေးထားခြင်းမရှိ သော် လည်း ၃နှစ်ဆက်တိုက်အသုံးပြုခဲ့သော ငါးဖမ်းကိရိယာသည် ကန့်ကွက်ဟန့်တား

ခဲ့ခြင်းမရှိဘဲ တရားဝင်ငါးဖမ်းကိရိယာအမျိုးအစားဖြစ်ပါက အင်းအတွင်းဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း။

(ည) ဂရန်အင်း စည်းကမ်းချက်ပါ ငါးဖမ်းရက်ထက် ကျော်လွန်ငါးဖမ်းလုပ်ကိုင်ရန် လျှောက်ထားလိုပါက ကျိုးကြောင်းခိုင်လုံစွာဖြင့် သတ်မှတ်ကာလမကုန်ဆုံးမီ (၃၀) ရက်ကြိုတင်၍ မြို့နယ်/ ခရိုင် ဦးစီးဌာနမှူးမှတဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ လျှောက်ထားလုပ်ကိုင်ခွင့်ရှိခြင်း။

(ဋ) အင်းဂရန် စည်းကမ်းချက်ပါ ဆည်၊ ငါးဖမ်းကိရိယာများ ရွှေ့ပြောင်းတည်ဆောက်လိုပါက ငါးဖမ်းခွင့်ပြုရက် မတိုင်မီ(၃၀)ရက် ကြိုတင်၍ မြို့နယ်/ခရိုင်ဦးစီးမှူးမှတဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံသို့ တင်ပြလုပ်ကိုင်ခွင့်ရှိခြင်း

(ဌ) နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း။

အခန်း(၁၂)

တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၅။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တင်ဒါလိုင်စင်ရရှိသူသည် ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူအား လုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ဆောင်ရွက်ချက်ကို မိမိကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ တာဝန်ခံရမည်။

(ခ) အခိုင်အမာ အတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားခြင်း၊

(ဂ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင်

မြင်သာသောအမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားခြင်း၊

(ဃ) ဘုန်းကြီးကျောင်း ပရဝုဏ်မှ ကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(င) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကိုလိုက်နာခြင်း၊

၁၆။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏အကျိုးငှာလိုအပ်၍ တင်ဒါလိုင်စင် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံသို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ကို ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလာလျှင် ခရိုင်ဦးစီးဌာနမှူးက စိစစ်ပြီး ၎င်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့်ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) တင်ဒါစည်းကမ်းချက်ပါ ဆည်၊ ငါးဖမ်းကိရိယာများ ရွှေ့ပြောင်းတည်ဆောက် လိုပါက ငါးဖမ်းခွင့်ပြုရက် မတိုင်မီ(၃၀)ရက် ကြိုတင်၍ မြို့နယ်၊ခရိုင်ဦးစီးဌာနမှူးမှတဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံသို့ တင်ပြလုပ်ကိုင်ခွင့်ရှိခြင်း၊

အခန်း(၁၃)

ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၇။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်သွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကိုအချက်ပြထားရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင်ခွင့်ပြုထားသည့်ကာလအတွင်း သတ်မှတ်ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

အခန်း(၁၄)

တိုင်းဒေသကြီးဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ)အရ-

(က) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပြီးပါက ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်၍ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

၃၇။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်သွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကိုအချက်ပြထားရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင်ခွင့်ပြုထားသည့်ကာလအတွင်း သတ်မှတ်ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

အခန်း(၁၄)

တိုင်းဒေသကြီးဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ)အရ-

(က) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပြီးပါက ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်၍ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားအဖြစ်မှပယ်ဖျက်ရာတွင် ပယ်ဖျက်သည့် ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၅၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ(ဂ)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာအငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့် ထပ်မံအငှားချထားနိုင်ရန် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၆၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (က)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ ပေးသွင်းစေခြင်း၊

(ဃ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထားလာပါက စိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း။

၆၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ခ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ခွင့်ပြုခြင်း။

၆၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ဂ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်အခြား သက်သေခံအတွက် ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်အခြား သက်သေခံပစ္စည်းများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဂ) ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံပေးဆောင်စေခြင်း၊

(ဃ) ဒဏ်ကြေးပေးသွင်းခြင်းမပြုသည့်အပြင် အယူခံတက်ရောက်ခြင်းလည်း မရှိပါက သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍လေလံတင်ရောင်းချခြင်း၊ လေလံတင်ရောင်းချရငွေအား ဘဏ်သို့ပေးသွင်းစေခြင်း၊

၆၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့်ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန်ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများ မပျက်စီး မပြုန်းတီးစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

၆၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤလုပ်ထုံးလုပ်နည်းများအရ မိမိအားအပ်နှင်းထားသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သတ်မှတ်သည့်လုပ်ပိုင်ခွင့်များကို-

(က) ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနရှိပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း(၁၅)

ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၆၅။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သော် လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာလျှင်ငါးထုတ်လုပ်မှု နစ်နာသည့်နေ့မှ ရက်ပေါင်း၃၀အတွင်းသော်လည်းကောင်း မိမိ ပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံလျှောက်ထားနိုင်သည်-

(က) နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့်ကိစ္စဖြစ်လျှင် ရုံးအမိန့်စာမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်းအခြေအနေတင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့်ထောက်ခံချက်များ။

၆၆။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၆၅ အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာလက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့် အချက်များ မှန်ကန်မှု ရှိ မရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးရမည်။

၆၇။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ-

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးဖမ်းကိရိယာများရေမျောပါသွားခြင်း၊

(ခ) နုံးမြေများတင်လာ၍ ဂရန်အင်းများပျက်စီးခြင်း၊

(ဂ) ဂရန်အင်းအတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓါတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း။

၆၈။ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် အမှုတွဲကို အောက်ပါအတိုင်း စီစစ်ဆောင်ရွက်ရမည်-

(က) ခရိုင်ဦးစီးဌာနမှူးသည်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်ကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးမှူးသည် မိမိသဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံတင်ပြရမည်။

၆၉။ ဝန်ကြီးသည် အပိုဒ် ၆၈ အပိုဒ်ခွဲ(ခ) အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲလက်ခံရရှိသည့်အခါ စိစစ်ပြီး ပြန်အမ်းငွေပြန်လည် ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၇၀။ (က) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ ပြန်အမ်းငွေကိစ္စနှင့်ပတ်သက်သည့် ညွှန်ကြားချက်အား ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေထုတ်ပေးရန် သဘောတူညီချက်ရရှိပါက ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ငြင်းပယ်ခြင်းဖြစ်လျှင် သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းကြားရမည်။

၇၁။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို တိုင်းဒေသကြီးဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံ တင်ပြရမည်။

၇၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့်ရှိသူများ၏ ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့် ငွေပမာဏကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

အခန်း(၁၆)

ကြွေးကျန်များကောက်ခံခြင်း

၇၃။ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာ အခွန်ကြွေးကျန်နှင့်စပ်လျဉ်း၍ အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်နှင့် ဒဏ်ကြေးငွေများကို ဥပဒေပုဒ်မ ၇၁ အရ မြေခွန် မပြေကျန်ငွေ ဖြစ်ဘိ သကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့်အချိန်ကာလအတွင်း ပေးဆောင်စေရန် အကြောင်းကြားခြင်း၊

(ခ) အပိုဒ်ခွဲ (က)အရ သတ်မှတ်သည့်အချိန်ကာလအတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ်မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) အပိုဒ်ခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက် ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့် အခွန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်းရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက် ပိုနေပါက ကျသင့်ငွေနှင့်ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊

၇၄။ ဦးစီးဌာနမှူးသည် အပိုဒ် ၇၃ အပိုဒ်ခွဲ (က)အရ ပျက်ကွက်သူထံ အကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည်-

(က) ပျက်ကွက်သူသို့ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့်အတူတကွ နေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူတစ်ဦးဦးထံသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါနည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့်ပေးအပ်၍ မရပါက ပျက်ကွက်သူ နေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာကပ်ထားခြင်း၊

၇၅။ အကြောင်းကြားစာကို အောက်ပါအချက်များကိုထည့်သွင်းဖော်ပြရမည်-

(က) ပျက်ကွက်သူမှ ငွေပေးဆောင်ရမည့်အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှ နောက်ဆုံးပေးဆောင်ရမည့်နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူထံပေးဆောင်ရမည်။

၇၆။ ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လေလံတင် ရောင်းချရာတွင်-

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး ၁၅ ရက် ကြိုတင်၍ လေလံကြော်ငြာစာဖြင့် ကြေညာရမည်။

(ခ) အပိုဒ်ခွဲ(က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့် ပစ္စည်းနှင့်စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်ဆိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည် စသည့်အချက်များနှင့် တကွ လေလံတင်ရောင်းချမည့် နေ့ရက်၊ အချိန်၊နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြ ရမည်။

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်။

(ဃ) လေလံဆွဲဝယ်မည့်သူမရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ မြေခွန်မပြေ ကျန်ငွေနှင့် ကုန်ကျစရိတ်အောက်လျော့နည်းလျှင်ဖြစ်စေ လေလံပွဲကိုရွှေ့ဆိုင်း၍ ထပ်မံ လေလံတင်ရောင်းချရမည်။

(င) ရရှိသည့်ငွေမှ ရရန်ရှိသော မြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ်ကိုနုတ်ယူ၍ ဘဏ်သို့ ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည်ပေးအပ်ရမည်။

ငါးရစ်၊ ငါးသန်ရာသီငါးမဖမ်းဆီးရန် တားမြစ်ကာလများသတ်မှတ်ခြင်း

၃၃။ တိုင်းရင်းငါးမျိုးစိတ်များထိန်းသိမ်းရန်နှင့် ငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်

(က) မြန်မာပြက္ခဒိန်လများဖြစ်သော နယုန်၊ ဝါဆို၊ ဝါခေါင်လများကို ငါးရစ်၊ ငါးသန်ငါးမဖမ်းဆီးရ တားမြစ်ကာလများအဖြစ် သတ်မှတ်သည်။ **(မြန်မာပြက္ခဒိန်ဝါထပ်သည့်နှစ်များတွင် နယုန်၊ ပထမဝါဆို၊ ဒုတိယဝါဆိုနှင့် ဝါခေါင်လများကို သတ်မှတ်သည်။)**

(ခ) ရေချိုငါးလုပ်ငန်းရေပြင်များတွင် နှစ်စဉ်တော်သလင်းလဆန်း(၁)ရက်နေ့မှစတင်၍ ငါးဖမ်းဆီးခွင့်ပြုမည်။

အခန်း(၁၈)

ရေချိုငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း

၃၈။ ရေချိုငါးလုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော အသုံးစရိတ်များကို ပုဒ်မ ၂၄ အရ ကောက်ခံသုံးစွဲရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) နှစ်စဉ် ဆောင်ရွက်မည်ဖြစ်သော သုတေသနလုပ်ငန်းများကို ဝန်ကြီးထံ ကြိုတင်တင်ပြဆောင်ရွက်ခြင်း၊

(ခ) သုတေသနလုပ်ငန်းတွင် သုံးစွဲမည့်ငွေကြေးပမာဏကို ဝန်ကြီးမှ သတ်မှတ်ခွင့်ပြုပေးခြင်း၊

(ဂ) ငွေကြေးသုံးစွဲခြင်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခြင်း၊

(ဃ) သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ တက္ကသိုလ်၊ ကောလိပ်များသို့ အကူအညီတောင်းခံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) သုတေသနလုပ်ငန်းမှရရှိသော အကျိုးရလာဒ်များမှတ်တမ်းများကို ဝန်ကြီးထံ တင်ပြအစီရင်ခံခြင်းနှင့် စနစ်တကျထိန်းသိမ်းထားရှိခြင်း၊

(စ) ရေရှည်တွင် နိုင်ငံတကာရေချိုငါးလုပ်ငန်း သုတေသနလုပ်ငန်းများနှင့်တပြေးညီ ဆောင်ရွက်နိုင်သည်အထိ ကျိုးပမ်းဆောင်ရွက်ခြင်း၊

အခန်း(၁၉)

အထွေထွေ

၇၉။ ဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်း ကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေပုဒ်မ ၆၉ အရ အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောထားမှတ်ချက်ရယူရမည်။

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၈၀။ ဦးစီးဌာနသည် ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင် ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၈၁။ ဦးစီးဌာနသည် နှစ်စဉ် ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များပါဝင်သော အစီရင်ခံစာ တစ်စောင်ကို ရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးဌာနသို့တင်ပြရမည်-

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့်ငါးဖမ်းကိရိယာလိုင်စင် အငှားချထားမှုအခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှုအခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှုအခြေအနေ၊

(ဃ) ဥပဒေအရအရေးယူဆောင်ရွက်မှုအခြေအနေ၊

(င) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှုအခြေအနေ၊

(စ) နောက်လာမည့်နှစ် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ရေးဆွဲမှုအခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှုအခြေအနေ။

၈၂။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူများ ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်းပညာစာအုပ်စာတမ်းများဖြန့်ဝေခြင်း ဆောင်ရွက်ရမည်။

၈၃။ (က) ဥပဒေပုဒ်မ ၄၀ အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်လျှင်ဖြစ်စေ၊ ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ယင်းသို့ ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာလက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကိုရပ်ဆိုင်းပြီး သက်ဆိုင်ရာဦးစီးဌာနမှူးထံ သက်ဆိုင်ရာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့်နေရာဒေသမှ (၇) ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ(က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၄၄ အရ ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၈၄။ ဦးစီးဌာနသည် ဤလုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့် အကြုံးမဝင်သော ကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီ ခွင့်ပြုခြင်း ဆောင်ရွက်နိုင်သည်။

၈၅။ ဦးစီးဌာနသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင်-

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာဖော်ပြရမည်။

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက ဥပဒေပုဒ်မ ၇၀ အရ သက်ဆိုင်ရာအစိုးရဌာနနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြရမည်။

(ဂ) အပိုဒ်ခွဲ(က) သို့မဟုတ် အပိုဒ်ခွဲ(ခ) အရ သတ်မှတ်ထားခြင်းမရှိလျှင် ယခင်ကလုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်းဖြစ်စေရမည်။

၈၆။ ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

စိုးမင်း

ဝန်ကြီး

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ပုံစံ(၁)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
-----------------မြို့။

လေလံကြော်ငြာ

(နည်းဥပဒေများ၊ နည်းဥပဒေ ၆ (ဂ))

ရက်စွဲ၊

အများသိစေရန်ကြော်ငြာလိုက်သည်။

-------------------------မြို့နယ်များအတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ( )ခုနှစ်၊ ( )ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်)နေ့နံနက်( ) နာရီအချိန်တွင် အောက်ဖော်ပြပါ လေလံစည်းကမ်းချက်များနှင့်အညီ တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

လေလံစည်းကမ်းချက်များ

ပုံစံ(၂)

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေများ၊ နည်းဥပဒေ ၇)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

--------------------------------မြို့။

ရက်စွဲ၊

အကြောင်းအရာ။ ။ <u>ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း</u>

ကျွန်တော်/ကျွန်မ ဦး/ဒေါ်--------------------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/

အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊

(ယခင်နှစ်ကအငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ လျှောက်ထားသည့်အချက်များမှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

--------------------ကျေးရွာအုပ်စု

---------------------------မြို့နယ်။

နေ့စွဲ၊

ပုံစံ(၃)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

(နည်းဥပဒေများ၊ **နည်းဥပဒေ** ၁၀)

အမှတ်စဥ် - /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ လေလံဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည်၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့၊

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-----------------------------------မြို့နယ်

နေ့စွဲ၊

ပုံစံ(၄)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
ဂရန်အင်းလေလံတင်ရောင်းချခြင်းအမှုတွဲ

(နည်းဥပဒေများ၊ နည်းဥပဒေ ၁၄ (က))

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်

-------------ခုနှစ်

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည် -

ဂရန်အင်း၏တည်ရှိနေရာ -

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ -

လေလံတင်ရောင်းချသည့်နေရာ -

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့် အင်းခွန်

နှစ်	အငှားဂရန်ရရှိသူ	အင်းခွန်

ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး လေလံဆွဲဝယ်ကြသူများ

စဉ်	လေလံဆွဲဝယ်ခွင့်ရရှိသူအမည် / မှတ်ပုံတင်အမှတ်	ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်း)ဖြင့်	(စာဖြင့်)

ယခုသတ်မှတ်သည့်အင်းခွန်-

အငှားဂရန်ရရှိသူအမည် -

မှတ်ချက်(ရှိလျှင် ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
အငှားဂရန်

(နည်းဥပဒေများ၊ နည်းဥပဒေ ၁၅ (ခ)၊ ၁၉ (ဂ))

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ အရ အငှားဂရန်ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ နေရပ်လိပ်စာ

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊

၇။ အင်းခွန်ကို အရစ်ဖြင့် သတ်မှတ်ပါက သတ်မှတ်သည့်အရစ်၊
ငွေပမာဏနှင့်ပေးဆောင်ရမည့်နေ့၊

၈။ အင်းခွန်------------------------ကို---------------------မြို့ မြန်မာ့စီးပွားရေးဘဏ်( ) နေ့စွဲပါချလံအမှတ်( )အရ ငွေပြေပေးသွင်းပြီးဖြစ်ပါသည်။

တိုင်းဒေသကြီးဦးစီးဌာနမှူး
တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန
---------------------------မြို့။

ရုံးတံဆိပ်
နေ့စွဲ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

-----------မြို့

တင်ဒါကြော်ငြာ

(နည်းဥပဒေများ၊ **နည်းဥပဒေ ၂၂ (ခ)**)

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အများသိစေရန်ကြော်ငြာလိုက်သည်။

----------------------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါငါးဖမ်းကွက်များ အား (၁၉ - ၁၉)ခုနှစ်၊ (၁၃)ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်) နေ့ နံနက်( )နာရီအချိန်တွင် အောက်ဖော်ပြပါ တင်ဒါစည်းကမ်းချက်များနှင့်အညီ တွင်ချိတ်ပိတ်တင်ဒါဈေးနှုန်း တင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>တင်ဒါစည်းကမ်းချက်များ</u>

ပုံစံ(၈)

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေများ၊ နည်းဥပဒေ ၂၃)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------------------------မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ ဦး/ဒေါ်---------------------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊
(ယခင်နှစ်ကတင်ဒါရရှိခဲ့လျှင် တင်ဒါငါးဖမ်းကွက်အမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၇။ တင်ဒါဆွဲဝယ်မည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ လျှောက်ထားသည့်အချက်များမှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

----------------------ကျေးရွာအုပ်စု

----------------------------မြို့နယ်။

နေ့စွဲ၊

ပုံစံ(၉)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

(နည်းဥပဒေများ၊ နည်းဥပဒေ ၂၅ (က))

အမှတ်စဉ် - /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး(ဂဏန်းဖြင့်)

(စာဖြင့်)

ဆွဲဝယ်သူအမည် -

ဆွဲဝယ်သူလက်မှတ် -

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ရွေးချယ်ခြင်းမပြုပါ။

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၁၀)

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်းအမှုတွဲ

(နည်းဥပဒေများ၊ နည်းဥပဒေ ၃၁ (က))

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်

------------ခုနှစ်

တင်ဒါငါးဖမ်းကွက်အမည် -

တင်ဒါငါးဖမ်းကွက်တည်ရှိနေရာ -

တင်ဒါငါးဖမ်းကွက်ချသည့်နေ့ -

ယခင်နှစ်များက တင်ဒါရရှိသူများ၏ အမည်နှင့် တင်ဒါကြေး

နှစ်	**တင်ဒါလိုင်စင်ရရှိသူ**	**ဒဏ်ကြေး**

ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး တင်ဒါသွင်းကြသူများ

စဉ်	**တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည် / မှတ်ပုံတင်အမှတ်**	**တင်ဒါကြေး** (ဂဏန်း)ဖြင့်	(စာဖြင့်)

ယခုသတ်မှတ်သည့်တင်ဒါကြေး-

တင်ဒါလိုင်စင်ရရှိသူအမည် -

မှတ်ချက်(ရှိလျှင် ဖော်ပြရန်) -

အဖွဲ့ဝင် ဥက္ကဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၁၂)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

တင်ဒါလိုင်စင်

(နည်းဥပဒေများ၊ နည်းဥပဒေ ၃၂ (ခ))

လိုင်စင်အမှတ်

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ အရ တင်ဒါလိုင်စင်ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ နေရပ်လိပ်စာ

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်တင်ဒါငါးဖမ်းကွက်အမည်နှင့်မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့်အတိုင်းအတာ၊

တင်ဒါကြေးနှင့်လိုင်စင်ခ--------------------------ကို----------------------နေ့စွဲပါချလံအမှတ်( )ဖြင့်

------------------------------ဘဏ်သို့ ပေးသွင်းပြီးဖြစ်ပါသည်။

တိုင်းဒေသကြီးဦးစီးဌာနမှူး

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

----------------------------မြို့။

ရုံးတံဆိပ်

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

(နည်းဥပဒေများ၊ နည်းဥပဒေ ၃၅)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------------------------မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊

၇။ လုပ်ကိုင်လိုသည့်ငါးဖမ်းကိရိယာများ၊

ငါးဖမ်းကိရိယာအမည်	အတိုင်းအတာ	အရေအတွက်
	(က) အလျား	
	(ခ) အနံ	
	(ဂ) စောက်	
	(ဃ) ထိပ်ဝ	
	(င) အခြား	

၈။ လုပ်ကိုင်လိုသည့်ခုနှစ်၊

လျှောက်ထားသူလက်မှတ်

ပုံစံ(၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ငါးဖမ်းကိရိယာလိုင်စင်
(နည်းဥပဒေများ၊ နည်းဥပဒေ ၃၇ (က))

(လိုင်စင်တန်ဖိုးသည်   ကျပ်ဖြစ်သည်။)

့နယ်-   ခုနှစ်၊   အမှတ်စဉ်
ိုင်စင်ရရှိသူအမည်   -
ိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ -
မျိုးသားမှတ်ပုံတင်အမှတ်၊
ရေပ်လိပ်စာ   -
ရိယာရုံးသုံးအမည်   -
ဒသအခေါ်အဝေါ်
ရိယာအတိုင်းအတာ   -
နေရာ   -
ထူးကန့်သတ်ချက်များ   -
တ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/အထက်ဖော်ပြပါ
ရိယာများလုပ်ကိုင်သည့်လှေတစ်စင်းအတွက် လိုင်စင်ဖြစ်သည်။
ဤလိုင်စင်သည်   နေ့တွင် သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ငါးဖမ်းကိရိယာလိုင်စင်
(နည်းဥပဒေများ၊ နည်းဥပဒေ ၃၇ (က))

(လိုင်စင်တန်ဖိုးသည်   ကျပ်ဖြစ်သည်။)

မြို့နယ်-   ခုနှစ်၊   အမှတ်စဉ်
လိုင်စင်ရရှိသူအမည်   -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ -
အမျိုးသားမှတ်ပုံတင်အမှတ်၊
နေရပ်လိပ်စာ   -
ကိရိယာရုံးသုံးအမည်   -
ဒေသအခေါ်အဝေါ်
ကိရိယာအတိုင်းအတာ   -
နေရာ   -
အထူးကန့်သတ်ချက်များ   -
မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/အထက်ဖော်ပြပါ
ကိရိယာများလုပ်ကိုင်သည့်လှေတစ်စင်းအတွက် လိုင်စင်ဖြစ်သည်။
ဤလိုင်စင်သည်   နေ့တွင် သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၂၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်အမှတ် - ------------------

ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ အရ ပူးတွဲပါစည်းကမ်းချက်များနှင့်အညီ ဤလိုင်စင်ကို ထုတ်ပေးလိုက်သည်။

၁။ (က) လုပ်ငန်းရှင်အမည် --

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်--

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်--

(ဂ) နေရပ်လိပ်စာ --

၂။ (က) ရောင်းဝယ်စုဆောင်းခွင့်ပြုသည့်

ဒေသ --

(ခ) ဝယ်ယူစုဆောင်းခွင့်ပြုသည့်

ရေထွက်ပစ္စည်းအမျိုးအမည်--

(ဂ) ပမာဏ --

၃။ ဤလိုင်စင်သက်တမ်းမှာ ၂၀ ခုနှစ်၊ ---------------------------------နေ့မှ စတင်၍

၂၀ ခုနှစ်၊ ---------------------------------နေ့တွင် သက်တမ်းကုန်ဆုံးမည်။

လိုင်စင်ထုတ်ပေးသည့်နေ့စွဲ--------------------- တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

ပုံစံ(၂၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်အမှတ် - -------------------

ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ခွင့်လိုင်စင်
(အငယ်စား/အလတ်စား လုပ်ငန်းလိုင်စင်)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ အရ ပူးတွဲပါစည်းကမ်းချက်များနှင့်အညီ ဤလိုင်စင်ကို ထုတ်ပေးလိုက်သည်။

၁။ (က) လုပ်ငန်းရှင်အမည် --

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်--

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်--

(ဂ) လုပ်ငန်းတည်နေရာ--

၂။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး(ကျပ်) --

၃။ အလုပ်သမားဦးရေ --

၄။ အလုပ်ရုံ၏ တစ်နှစ်အတွင်း ကုန်ချောထုတ်လုပ်မှု (မက်ထရစ်တန်) ------------------------------

ငါး------------------------------ပုစွန် ------------------------------အခြား---------------

၅။ ဤလိုင်စင်သက်တမ်းမှာ ၂၀ ခုနှစ်၊ ------------------------------နေ့မှ စတင်၍

၂၀ ခုနှစ်၊ ------------------------------နေ့တွင် သက်တမ်းကုန်ဆုံးမည်။

တိုင်းဒေသကြီးဦးစီးဌာနမှူး
တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

ထုတ်ပေးသည့်နေ့စွဲ---------------------

ပုံစံ(၂၂)

ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

ရေလုပ်သားမှတ်ပုံတင်ကတ်ပြား

လျှောက်ထားသည့်ပုံစံ

ရေလုပ်သားမှတ်ပုံတင်အမှတ် - ------------------------------------

အမည် - ------------------------------------

အဘအမည် - ------------------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် - ------------------------------------

မွေးသက္ကရာဇ် - ------------------------------------

ထင်ရှားသည့်အမှတ်အသား - ------------------------------------

နေရပ်လိပ်စာ - ------------------------------------

- ------------------------------------

လုပ်ငန်းအမျိုးအစား/တာဝန် - ------------------------------------

လုပ်ငန်းတည်နေရာ - ------------------------------------

ကမ်းနီး/ကမ်းဝေး - ------------------------------------

အချိန်ပိုင်း/အချိန်ပြည့် - ------------------------------------

မှီခိုသူဦးရေ - ------------------------------------

ပညာအရည်အချင်း - ------------------------------------

ဘွဲ့ရ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ အရေးအဖတ်) ------------------------------------

ထိုးမြဲလက်မှတ် - ------------------------------------

လက်ဝဲလက်မ

ပုံစံ(၂၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ရေလုပ်သားမှတ်ပုံတင်ကတ်

အမှတ်စဉ်---------

မည် - -----------------------------
ဘအမည် - -----------------------------
ိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - -----------------------------
ွေးသက္ကရာဇ် - -----------------------------
င်ရှာသည့်အမှတ်အသား - -----------------------------
ရပ်လိပ်စာ - -----------------------------
 - -----------------------------
ုပ်ငန်းအမျိုးအစား - -----------------------------
တ်ပုံတင်ခွင့်ပြုကာလ - -----------------------------
တ်ပေးသည့်ရက်စွဲ - -----------------------------
ထူးကန့်သတ်ချက်များ - -----------------------------

ဓါတ်ပုံ

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၂၃)

Republic of the Union of Myanmar
Ministry of Livestock, Fisheries and Rural Development
Department of Fisheries
Fisher Registration Card

Serial No.---------

Name - -----------------------------
Father's Name - -----------------------------
N.R.C Number - -----------------------------
Date of Birth - - -----------------------------
Visible Mark on Body - -----------------------------
Adress - -----------------------------
 - -----------------------------
 - -----------------------------
Type of Fishery - -----------------------------
Fisher Registration Period - -----------------------------
Issued Date - -----------------------------

Left Thumb Print

Township Fishery Officer

ပုံစံ(၂၄)

ပြည်ပနေ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့်
ပြည်ထောက်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ
ရေချိုငါးလုပ်ငန်းရေပြင်တွင်
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်လွှာ
(နည်းဥပဒေများ ၊ နည်းဥပဒေ ၄၆)

သို့

တိုင်းဒေသကြီးဦးစီးဌာနမှူး

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသူအမည်/အဖွဲ့အစည်းအမည်၊

၂။ နိုင်ငံကူးလက်မှတ်အမှတ်/ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ်၊

၃။ နေရပ်လိပ်စာ၊ အဖွဲ့အစည်းတည်နေရာ၊

၄။ လုပ်ကိုင်လိုသည့် ငါးလုပ်ငန်းအမျိုးအစား၊

(က) ဂရန်အင်း၊ (ခ)တင်ဒါငါးဖမ်းကွက်၊ (ဂ)အခြား

၅။ လုပ်ကိုင်လိုသည့်နေရာဒေသ၊ ---

၆။ လုပ်ကိုင်ရာတွင် အသုံးပြုမည့်ကိရိယာ(ရှိခဲ့လျှင်)၊

(က) အမျိုးအစား၊ (ခ) ဦးရေ၊ (ဂ) (ဃ)

၇။ နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုပမာဏ

လျှောက်ထားသူ

တာဝန်/အဆင့်

သီးသန့်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

(နည်းဥပဒေများ၊ နည်းဥပဒေ ၃)

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-------------------------------မြို့။

ရက်စွဲ၊

အကြောင်းအရာ။ ။ သီးသန့်အင်းလိုင်စင် ချထားလုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားခြင်း။

ကျွန်တော်/ကျွန်မ ဦး/ဒေါ်-------------------------သည် သီးသန့်အင်းအတွင်း ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် သီးသန့်အင်း လိုင်စင်ချထားလုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊
(ယခင်နှစ်ကအငှားဂရန်ရရှိခဲ့လျှင် သီးသန့်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် သီးသန့်အင်းအမည်၊

၇။ ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ လျှောက်ထားသည့်အချက်များ မှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

--------------------ကျေးရွာအုပ်စု

-------------------------မြို့နယ်။

နေ့စွဲ၊

ပုံစံ (၂၆)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

သီးသန့်အင်း ဆွဲဝယ်ခွင့်လက်မှတ်

(နည်းဥပဒေများ၊ နည်းဥပဒေ ၃)

အမှတ်စဉ် - /

၁။ သီးသန့်အင်း ဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ သီးသန့်အင်းဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည်၊

၇။ သီးသန့်အင်းဆွဲဝယ်ခွင့်ပြုသည့်နေ့၊

၈။ သီးသန့်အင်း ဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-----------------------------------မြို့နယ်

နေ့စွဲ၊